www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




NO.145 DECEMBER 2014

တာဝန်ခံအယ်ဒီတာ
မောင်သစ်နွယ်
အယ်ဒီတာ
စုံထောက်မောင်ရေချဲ
ထေးနေ
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်
မင်းထက်နိုင်
ဝင်းထွန်း

**စုံထောက်ကဗျာ**

ဇော်နောင်၊ ဖွေးကြည်(စလင်း)၊ မောင်နီမြင့်၊ နေသိုက်

**စုံထောက်ရှင်ခုန်သံ**

သက်နိုင်(ကြို့ပင်ကောက်)၊ စောအောင်ခ(ဘားအံ)၊
ကျော်နေနိုင်(ကျောက်ထပ်)၊
လင်းဝေမှူး(မြင်းခြံ)

**စုံထောက်ပွင့်သစ်**

အောင်ခေတ်မင်းခိုင်(မုဒုံ)

**ကာတွန်း**

မောင်မောင်ညွှက်၊ မောင်တင်ယု၊ အောင်အောင်ထွေး၊
သူရိန်၊ ရွှေကိုဦး၊ မုဒုံအိန်ဂျယ်၊ M အောင်ရှိန်၊ ကိုငယ်

**အတိုအုံးစုံထောက်ဝတ္ထု**

ရွှေကျွန်းခိုင်သစ်၊ ဝင်းယုမောင်၊ ထီလာကျော်၊ လင်းထူးဇော်(သန်လျင်)

**နိုင်ငံတကာစုံထောက်**


၂၃။ မောင်ကောင်းယဥ် — နိုင်ငံတကာစုံထောက်


**စုံထောက်သုတ**


၂၅။ လှမိုး(ပညာရေး) — နိုင်ငံတကာဂန္ဓဝင်မှုခင်းများ
၂၈။ မောင်ညာဏ်စိန် — မူးယစ်ဆေးဝါးတရားခံများနှင့်ပြစ်ချက်ဟောင်းပြဿနာ
၃၂။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ) — ဥပဒေစုံထောက်


**စုံထောက်ဟာသ**


၁၀၉။ ဝီဝေ — သက်ရှည်ကျန်းမာ ရယ်စရာ


**စုံထောက်ဘာသာပြန်**


၈၂။ လှတိုး(စိတ်ပညာ) — ဝိညာဉ်စုံထောက်များ
၁၂၅။ စိန့်ဝင်းဇော် — လရဲ့မှာ ၉၃ ရက်ကြာ


www.burmeseclassic.com

www.burmeseclassic.com

## Cover Story


| | | |
|---|---|---|
| ၃၄။ | စုံထောက်မောင်ရေခဲ | စုံထောက်စံထူးနှင့် Positive Clues |


## ရသစာစု


| | | |
|---|---|---|
| ၃၀။ | ဆွေမြင့် | ဂမ္ဘီရဆန်သော မှုခင်း |
| ၃၆။ | ကိုဦး(လှိုင်ကော်) | မဆောင်ရွက်လိုသော တာဝန်တစ်ခု |
| ၆၂။ | လေးမောင် | မှုဆိုးတဖြစ်လဲ သားကောင် |
| ၇၀။ | မြမြလှိုင် | ရမ္ဘက်၏ ကြမ္မာ |
| ၈၈။ | မြသိန်း | အတင့်ရဲလာသော ဘုရင်များ |
| ၉၃။ | ရဲနွယ်မောင်(သုံးဆယ်) | ဝိညာဉ်ကိုယ်ပွား |
| ၁၀၁။ | ကိုကိုမောင်(အင်းလေး) | ကျုပ်ကိုယ်စားလေး ပြောပေးပါ |
| ၁၁၁။ | လှိုင်းမာန်ဦး | ပျံသန်းနေသော အပူများ |
| ၁၁၇။ | မြူးရဲသန့် | ခွင့်လွှတ်ပါ မင်းကျန်စစ်နုလုံးသားပိုင်ရှင်ရယ် |
| ၁၃၄။ | စိုးဝေ | မရဏကျော့ကွင်း |
| ၁၄၃။ | ဇင်ယော်နီ | ရသေ့ကြီးဦးရွှေတောင်နှင့် လူသားကြီး |
| ၁၅၀။ | ပညာဦး(အိမ်မဲ) | အမေပေးသော ကြုတ်ဘူးလေး |
| ၁၅၅။ | ဇေယျာမင်းသွင် | ထောင့်ကျဉ်း |







www.burmeseclassic.com

www.burmeseclassic.com

2014
DECEMBER

**မျက်နှာဖုံးပန်းချီ**
မင်းထက်နိုင်

**အတွင်းပန်းချီသရုပ်ဖော်**
မင်းထက်နိုင်၊ ကျော်ဦး၊
လွင်မင်း၊ သန့်စင်၊
ရဲရင့်နိုင်၊ လင်းခန့်



**ဖြန့်ချိရေး**
ပြုးပန်းတစ်ရာစာပေ၊
အမှတ်-၁၅၆၊ ၃၇ လမ်း(လယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ပုံနှိပ်သူ**
ဦးကျင်ရင်(မြဲ-၀၅၄၁၇)၊
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ်(၁၂)၊ သရဖီလမ်း၊
စောရန်ပိုင်အနောက်ရပ်ကွက်။
ဖုန်း - ၂၂၉၅၆၁

BURMESE CLASSIC





**ထုတ်ဝေသူ**
ဦးမောင်မောင်အေး
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြဲ-၀၃၈၃၂)

**အုပ်ချုပ်ရေးမှူး**
ဒေါ်စန်းစန်းငွေး(ပြုးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။



**မဂ္ဂဇင်းတိုက်တည်နေရာ**
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၃၇၉၅၂၈

အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၁၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com




## ဝမ်းစာ

ကားရပ်နေရာ
ပြားချပ်သေရှာတဲ့ ဟစ်ကောင်ငှက်။

အကြောင်းကံ မမွေ့မွဲပုံက
ပြောင်းဆံတစ်စေ့ခဲဖို့ရာ
လဲခဲ့အသက်။

ဇော်နောင်

www.burmeseclassic.com

www.burmeseclassic.com





## လမ်း

တောင်တန်းတွေကို ကျော်ကြည့်
ဘဝတွေ လှမ်းမြင်နေရတယ်
ငါခူးဆွတ်ရမယ့် သစ်တစ်ပင်ကိုပေါ့
ယုံကြည်မှုတွေ တပ်ဆင်ထားသရွေ့
ခြေထောက်တွေ ရှင်သန်နေမှာပဲ
ကျွန်းပင်တွေတောင် တစ်နေ့တည်းနဲ့ သစ်လုံးလုံးလုံးလှခဲ့တာမှတ်လို့
ပြဇာတ်တစ်ပုဒ်ရဲ့ သန်းခေါင်မှာ

ကိုယ့်ကိုယ်ကိုယ် မမှောင်အောင်လင်းရင်း
မျဉ်းဖြောင့်သီချင်းလေး လင်းဦးမှ။

ငွေးကြည်(စလင်း)

www.burmeseclassic.com

www.burmeseclassic.com

## အရိုင်းခရီး

ညာမှ ..
သဟာသင်းပင်းရင်းနှီးတယ်။

လှိုင်းမှ ..
အသိုင်းအဝိုင်း ကိုင်းရှိုင်းတယ်။

မညာလှိုင်းဘူး
ခါတိုင်းလိုပဲ
သင်းကွဲငှက်ရိုင်း
မတွံ့ဆိုင်းခဲ့
မှန်တိုင်းထန်ပြင်း .. ပျံရင်းသေ။



မောင်နီမြင့်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# မီးလျှံထဲဝင်စားခြင်း



သက်နိုင်(ကြို့ပင်ကောက်)

ခက်တော့ အခက်သား
ကိုယ်က သနားတတ်တယ်ဆိုတဲ့
စကားလုံးတွေနဲ့
ကိုယ့်ကိုယ်ကိုယ် သနားရမှန်း
မသိတဲ့အကောင်။

တန်းဆင်းဖုန်ထဲ ရောက်နေတဲ့
အောက်ဆုံးက ဘောလုံးအသင်းကိုမှ
ရွေးချစ်မိနေသလိုမျိုး။

မြစ်ရေစီးကို မျှောမလိုက်ဘဲ
ကဲမ်းကွေ့ ကမ်းကောက်လျှောက်ရင်း
ကောက်သင်းကောက်နေတဲ့သူ။

ဘယ်တော့မှ မမှားဘူးထင်ပြီး
ဘယ်တုန်းကမှလည်း မမှန်ခဲ့ဘူး
ကိုယ်ထူလို့ ကိုယ်မထနိုင်တဲ့ဘဝမှာ
အာလာဒင်မီးခွက်ရသလိုမျိုးနဲ့
လိုတာမရနိုင်ခဲ့သူပေါ့။

မာကြောတဲ့ သင်းဝင်ပင်ဘဝနဲ့ကို
ခုတ်ပိုင်းဖြိုလှဲခံလိုက်ရ
မီးဖိုထဲ မီးသွေးဘဝရောက်ခဲ့တာတောင်
မီးသွေးဘဝနဲ့
အလျှံညီးညီး တောက်လောင်နေရမှာကို
တစိမ့်စိမ့်ခံစားရင်း ကဗျာတွေနဲ့
လှုပနေလိုက်ပုံများ။



www.burmeseclassic.com

www.burmeseclassic.com



# အသည်းကွဲသတို့သား

ဘဝမျိုးစုံကြားမှာ ငါဟာ ဉာဏ်မမီတဲ့ ကလေးတစ်ယောက်ဖြစ်သွားသလား
အနာဂတ်ကို မထင်မရှားနဲ့ ကျောင်းပို့ထားလိုက်တယ်။
အရက်ဆိုင်ထဲက ထိုင်ခုံလေးတွေမှာ ရေးထွင်းခဲ့မိတဲ့ မမနာမည်လေးတွေလည်း
ခြေရာလက်ရာပျက်ခဲ့ပေါ့
အမှိုက်တစ်စလို ကုန်ဆုံးသွားရမယ့်ဘဝ
ကြယ်ကလေးတွေဆီ ငေးကြည့်နေလိုက်တယ် ..
မျက်စိမှိတ်ပြီး ပြတင်းပေါက်တံခါးကို တွန်းဖွင့်လိုက်တော့လည်း
ငိုသံတွေပဲ ကြားနေရတဲ့မြို့
အုန်းလက်တွေ ဘဝင်မြင့် ညွတ်ကိုင်းနေတာငေးကြည့်ရင်း
မျက်လုံးတစ်ဖက်ဆာနေတဲ့ မနက်ဖြန်အကြောင်းတွေပဲ
စဉ်းစားနေမိလိမ့်မယ်။



ငါ့အတွေးဟာ သစ်ရွက်ကလေးအဖြစ်
ကမ္ဘာမြေကို အရိပ်လှမ်းပေးရင်း ကြွေခဲ့ရပြီ
နှင်းဆီအဖြစ် ဆူးခက်တွေနဲ့ လှပနေမယ့် မမ
ငါ့ခမ်းနားမှု ညထဲကို ရနံ့တွေခြွေခြွေချတာ
ကြယ်တွေပါ လိုက်ကြွေတတ်လာတယ်။
သတို့သားအဖြစ် စာအိတ်ကလေးထဲ ဝင်အိပ်ဖူးတာတောင်
ငါ့မမခြေဖဝါးကို ငါ့နှလုံးသားဖြင့် ရစ်ပတ်နွေးထွေးခွင့်မရခဲ့ဘူး
မှန်ထဲက သာနေတဲ့လကို ငါ့မမငေးကြည့်နေမလား
မှန်အချပ်ပေါင်းထောင့်ငါးရာနဲ့ လကွယ်ညတွေသာ ငါ့မှာကြုံတွေ့ခဲ့ပေါ့။

လောကကြီးရေ ..
ငါ့မမ ခြေဖဝါးလေးမနာကျင်ရအောင်
မင်းကိုယ်မင်း ဖိနပ်တစ်ရံအဖြစ် ပြုလုပ်ပေးလိုက်ပါလေ ..
မေတ္တာတရားဆိုတာ
ကိုင်းဆက်လေးလို အလွမ်းတွေသယ်ခဲ့ပြီလား
ရင်ဘတ်ကို ဘေးချိတ်ပြီး သေဆုံးရမယ့်အကောင်ပါ
လွမ်းသူမရှိအောင် ငါသေဆုံးရမှာပဲလေ။

စောအောင်ခ(ဘားအံ)



www.burmeseclassic.com

www.burmeseclassic.com



# မနင်းဆီရဲ့ ကြောင်ဝါကြီးက ရယ်စရာကောင်းတယ်

ကိုယ့်ကိုယ်ကိုယ်
လည်လိမ်သွားတဲ့ နှင်းဆီတစ်ပွင့်အကြောင်း
ကြားလိုက်မိလား ကြားမိလား
အခု အိမ်ရှေ့ရောက်နေပြီ
ထွက်ကြည့်ကြပါ ထွက်ကြည့်ပါ
တံခါးဝမှာ သူရပ်နေပြီ။

သူ့ကိုယ်သူ
ဇက်သတ်ထားတဲ့ ကြောင်ဝါကြီးကိုမြင်လား
ချောင်းကြည့်လိုက်ပါ ချောင်းကြည့်ပါ
အခု သူအော်ဟစ်နေပြီ
မကြောက်ကြပါနဲ့ မကြောက်ကြပါနဲ့
ကျောက္ကွင်းစွပ်မှာ မိနေပြီ။

ပျောက်ဆုံးသွားတဲ့ ရယ်မောသံကိုကြားလိုက်လား
ပြန်တွေးကြည့်ပါ တွေးကြည့်ပါ
အခု ကပွဲရောက်နေပြီ
ရှာဖွေကြပါ ရှာဖွေပါ
ပြက်လုံးဟာ ချွဲကပ်နေပြီ။

အချွန်အထစ်တွေကို မြည်းစမ်းကြည့်တဲ့အခါ
လူပြောများတဲ့ အရာတွေနဲ့ပဲ နေ့ရက်တွေပဲ့ကျ
ဖြစ်စဉ်ဟာ
ပါးစပ်ဖျားထဲက ပန်းခင်းတွေပါပဲ။



ကျော်နေနိုင်(ကျောက်ထပ်)



www.burmeseclassic.com

www.burmeseclassic.com



# မြို့ပြသင်းကွဲ

ဟိုးအဝေးမှာ ကျန်ရစ်ခဲ့တဲ့
တိတ်ဆိတ်ငြိမ်သက်နေတဲ့ အိမ်လေးရယ်
ဘုရားစင်အောက်က အမေနဲ့အဖေ့ဓာတ်ပုံလေးရယ်
အမေရွတ်ဖတ်နေကြ ပရိတ်ကြီး(၁၁)သုတ်စာအုပ်လေးရယ်
လွမ်းတယ်။

ဟိုးအဝေးမှာ ကျန်ရစ်ခဲ့တဲ့
စိမ်းလဲ့ညိုမှောင်းနေတဲ့ တောင်တန်းကြီးရယ်
တသွင်သွင်စီးဆင်းနေတဲ့ စမ်းချောင်းလေးရယ်
ဆည်းလည်းမြည်သံ မြည်ဟည်းနေတဲ့ စေတီလေးရယ်
လွမ်းတယ်။

ဟိုးအဝေးမှာ ကျန်ရစ်ခဲ့တဲ့
ညီမလေးနဲ့ လျှောက်နေကြ မြေနီလမ်းလေးရယ်
ညီမလေးနဲ့ ထိုင်နေကြ ကန်ဘောင်ဘေးလေးရယ်
ညီမလေးနဲ့ စားနေကြ အကြော်ဆိုင်လေးရယ်
လွမ်းတယ်။

ဟိုးအဝေးမှာ ကျန်ရစ်ခဲ့တဲ့
ညီမလေးရဲ့ နွေးထွေးယုယတဲ့ လက်ဖဝါးလေးရယ်
ညီမလေးရဲ့ ဖူးပွင့်ဝေဆာတဲ့ အပြုံးပန်းလေးရယ်
ညီမလေးရဲ့ ကြည်သာချိုမြနှစ်လိုဖွယ် စကားသံလေးရယ်
လွမ်းတယ်။



ညီမလေးရယ် ..
ကျားကန်ထားတဲ့ ယိုင်နဲ့နဲ့အိမ်လေးတည်ငြိမ်သွားစေဖို့
တစိမ့်စိမ့်ယိုစီးနေတဲ့ အိမ်ခေါင်မိုးလေး လုံခြုံသွားစေဖို့
ကျိုးတိုးကျဲတဲ ဖရိုဖရဲဖြစ်နေတဲ့ ခြံစည်းရိုးလေး လုံခြုံသွားစေဖို့
ရေခြားမြေခြား တိုင်းတစ်ပါးခြားမှာ
မျှော်လင့်ချက်တွေ လင်းပတဲ့ ခြေလှမ်းတစ်စုံနဲ့ လျှောက်လှမ်းနေဆဲပေါ့။

လင်းဝေမှူး(မြင်းခြံ)







ဓမ္မဒူတ စာပေဆုရ

## ဓမ္မဃောသက – အရှင်ဩဘာသ

ဗုဒ္ဓအလိုကျ သမ္မာအာဇီဝ

ဓမ္မဃောသက အရှင်ဩဘာသ ရေးသာသည့် ဗုဒ္ဓအလိုကျ သမ္မာအာဇီဝ စာအုပ်သည် ဓမ္မဒူတ စာပေပြိုင်ပွဲမှာ ဖိတ်ခေါ်ဆောင်းပါး စာပေဆုရရှိခဲ့သော စာမူအား စာအုပ်အဖြစ် ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဓမ္မဃောသက အရှင်ဩဘာသက သူ့စာအုပ်တွင် လောကထဲမှာ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင် အတတ်ပညာက ထောက်ပံ့နိုင်ပေမယ့် အသိပညာလောက် မထိရောက်ဘူး။ အသိပညာကသာ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင် အထိရောက်ဆုံး စွမ်းဆောင်ပေးနိုင်တယ်ဟု ဆိုထားပါသည်။

သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်တိုက်မှ ဖြန့်ချိသည်။

## ငြိမ်းငြိမ်း (ကျိုင်းတုံ)

အံ့ဖွယ်ထူးခြား အိပ်မက်များ




ဆရာငြိမ်းချမ်း (ကျိုင်းတုံ) ၏ အံ့ဖွယ်ထူးခြား အိပ်မက်များ စာအုပ်ထဲတွင် ဇာတ်နိပါတ်တော်လာ အိပ်မက်၊ ထူးထွေဆန်းပြား ပဟေဠိဆန်သော အိပ်မက်များ၊ မကောင်းသော နိမိတ်ပြသည့် အိပ်မက်ဆိုးများ၊ မကျန်းမမာ နာဖျားစေသော အိပ်မက်များ၊ မင်္ဂလာနှင့် ပြည့်စုံ၍ နိမိတ်ကောင်းသော အိပ်မက်များ စသည်တို့နှင့် ပတ်သက်သည့် ဆောင်းပါး ၁၄ ပုဒ် ပါရှိသည်။ ဤစာအုပ်ကို ဖတ်ခြင်းဖြင့် မိမိမက်သောအိပ်မက်နှင့်ပတ်သက်၍ တိကျစွာ အဓိပ္ပာယ်ကောက်နိုင်မည် ဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com




## အတ္တာဝါလှိုင်း (ရေးသားပူဇော်သည်)

### ပုပ္ပါးအဘ အောင်မင်းခေါင်၏ အတ္ထုပ္ပတ္တိနှင့် ဝိဇ္ဇာဂန္ဓာရီခရီးစဉ်

ဆရာအတ္တာဝါလှိုင်း ရေးသားပူဇော်သည့် ပုပ္ပါးအဘ အောင်မင်းခေါင်၏ အတ္ထုပ္ပတ္တိနှင့် ဝိဇ္ဇာဂန္ဓာရီ ခရီးစဉ် စာအုပ်တွင် အဘ၏ ကလေးဘဝ ဖြစ်စဉ်မှစ၍ အဘ၏ ကျင့်စဉ်အစ တောင်လုံးလုကအထိ၊ အခန်းပေါင်း ၂၁ ခန်း ပါရှိသည်။

အဘပုပ္ပါးအောင်မင်းခေါင်ကို ယုံကြည်ကိုးကွယ်ကြသော သူများနှင့် အဘအောင်မင်းခေါင်၏ ဘဝဖြစ်စဉ်ကို လေ့လာလိုသူတို့အတွက် ပြည့်စုံစွာ ပါဝင်သည်။ မြစ်ရတနာစာပေမှ ထုတ်ဝေ၍ တစ်ပြည်လုံးဖြန့်ချိသည်။

---

## ကြည်မိုးငြိမ်း

### မိတ္ထီလာကန်တော်နောက်က အချစ်ကောက်ရသည်




ဆရာကြည်မိုးငြိမ်း၏ မိတ္ထီလာကန်တော်နောက်က အချစ်ကောက်ရသည် စာအုပ်သည် ရှားရှားပါးပါး ထွက်ရှိလာသည့် အချစ်ဖွဲ့ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည်။ လူငယ်များ စာဖတ်အားနည်းနေချိန်တွင် အချစ်ဝတ္ထုသန့်သန့်ကလေးဖြင့် ဖြူစင်သည့်မေတ္တာအကြောင်း ဖွဲ့ဆိုထားခြင်း ဖြစ်သည်။ ဆရာ၏ အရေးကျွမ်းကျင်မှု၊ ဇာတ်လမ်းဖွဲ့စည်းမှုတို့မှာ စာဖတ်သူကို လက်က မချနိုင်လောက်အောင် ဆွဲဆောင်နိုင်သည့် ဝတ္ထု ဇာတ်လမ်းဖြစ်သည်။ မြစ်ရတနာစာပေမှ ထုတ်ဝေ ဖြန့်ချိသည်။


www.burmeseclassic.com

www.burmeseclassic.com


# မောင်ကောင်းယဉ်
# နိုင်ငံတကာစုံထောက်

## အကြမ်းဖက်သမားများနှင့် ရဲတပ်ဖွဲ့၏ သိမ်မွေ့စွာဖြေရှင်းမှု

ထိုင်းနိုင်ငံတွင် စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်း စစ်အုပ်ချုပ်ရေးအသွင်ဖြင့် စီမံခန့်ခွဲသည်။ သို့ရာတွင် အကြမ်းဖက်သမားအချို့က ဆူပူမှုများရှိနေသည်။ ရဲတပ်ဖွဲ့က လက်နက်အင်အားမသုံးဘဲ အနုနည်းဖြင့် ဖြေရှင်းခေါ်ဆောင်ကြခြင်းဖြစ်သည်။ ခေါင်းဆောင်နှင့် အခြားငါးဦးကို ဖမ်းဆီးလိုက်သည်။



Ref : B.P

## အီရန်လမ်းမပေါ် ကျွမ်းထိုးကျတဲ့ ခရီးသည်တင်လေယာဉ်

မကြာမီက အီရန်နိုင်ငံ၊ တီဟီရန်မြို့တော်တွင် ခရီးသည်တင်လေယာဉ်တစ်စီး လူစည်ကားသည့် လမ်းမပေါ် ပျက်ကျခဲ့သည်။ လေယာဉ်အတက်တွင် စက်ချို့ယွင်းမှုကြောင့် ပျက်ကျရခြင်းဖြစ်ပြီး မီဟရာဘတ်လေဆိပ်သို့ ဆင်းသက်ရန်ကြိုးစားခဲ့သော်လည်း ပျက်ကျခဲ့ရသည်။

ဈေးကြီးအနီး လမ်းမပေါ်တွင် ကျွမ်းထိုးမှောက်ခုံ ကျခဲ့ရကြောင်း၊ ဈေးကြီးနှင့် မီတာတစ်ရာခန့်သာ ကွာဝေးသည့်နေရာ၌ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ရဲတပ်ဖွဲ့က စောင့်ကြပ်စဉ်ဖြစ်ပြီး လေယာဉ်ပေါ်ရှိ ခရီးသည်များထဲမှ အနည်းဆုံး ၃၈ ဦး သေဆုံးခဲ့သည်ဟု သိရသည်။



Ref : T. S .T


www.burmeseclassic.com

# အမြန်လမ်းမကြီးပေါ်က မာစီဒီးကား မီးလောင်မှု



စင်ကာပူနိုင်ငံ၏ အဝေးပြေးလမ်းမကြီးတစ်ခုဖြစ်သည့် ဖရာရာဂျာလမ်းမကြီးပေါ်တွင် မကြာမီက မာစီဒီးကားတစ်စီး မီးလောင်မှုဖြစ်ပွားခဲ့သည်။ ရှုပ်ထွေးကျပ်တည်းသောနေရာဟု သိရသည်။ ကားမှာ လုံးဝပျက်စီးခဲ့သော်လည်း တစ်ဦးတစ်ယောက်မှ ဒဏ်ရာရခြင်းမရှိဟု သိရသည်။

စင်ကာပူနိုင်ငံတွင် ၁၉၉၅ ခုနှစ်နောက်ပိုင်း မော်တော်ကားမတော်တဆဖြစ်မှု ၂၀ ရာခိုင်နှုန်းအထိ တိုးလာပြီး ယခုနှစ် ပထမခြောက်လတွင် အမှု ၁၁၄ မှု ဖြစ်ခဲ့သည်ဆို၏။

Ref : T.S.T

---

# တိရစ္ဆာန်ညှဉ်းပန်းသူကို ဟောင်ကောင်ရဲတပ်ဖွဲ့က အလိုရှိ



ဟောင်ကောင်တွင် ဂျက်ကီဆိုဟု အမည်ရသည့် လူတစ်ယောက်က ၎င်းအိမ်တွင်မရှိခိုက် ခွေးငယ်လေးတွင် အဝတ်လျှော်စက်ထဲတွင် ထည့်ထားခဲ့သည်။ ယင်းဓာတ်ပုံကို Facebook ပေါ်တွင် တင်လိုက်သည်။ ဓာတ်ပုံမြင်ရသူတို့က တိရစ္ဆာန်ညှဉ်းပန်းနှိပ်စက်မှုကို မကျေနပ်ကြောင်း ပြသကြသည်။ အဆိုပါ ညှဉ်းပန်းသူသည် တရုတ်နိုင်ငံသို့ ထွက်သွားသည်။ Facebook တွင် အပြန်အလှန်ရေးသားရာ၌ ၎င်းက မလေးမစားတုံ့ပြန်သည်။ ဟောင်ကောင်ရဲတပ်ဖွဲ့က ၎င်းကို အလိုရှိကြောင်း အရေးယူရန် ကြေညာသည်။

ခွေးကလေးကို သန့်စင်အောင်ပြုလုပ်ပေးကြောင်း။ ယခု သေဆုံးသွားကြောင်း တုံ့ပြန်သည်။ ဟောင်ကောင်မှ လူနှစ်သောင်းက လက်မှတ်ရေးထိုးတိုင်ကြားသည်။ ဟောင်ကောင်ဥပဒေအရ တိရစ္ဆာန်ညှဉ်းပန်းပါက ထောင်ဒဏ်(၃)နှစ် သို့မဟုတ် ငွေဒဏ် နှစ်သိန်း သတ်မှတ်ထားသည်။ ရဲတပ်ဖွဲ့စုံစမ်းလျက်ရှိပြီး အမှုဖော်ထုတ်နိုင်ရန် ကြိုးစားလျက်ရှိသည်။

Ref : T.S.T

မောင်ကောင်းယဉ်



# ဂျီး ၊ပညာရေး၊
# နိုင်ငံတကာဂုဏ်ထူးဝင်မှုခင်းများ



ကျွန်တော်သည် ဤစုံထောက် မဂ္ဂဇင်းကြီးတွင် ခေတ်သစ် ရှားလော့ဟုမ်းများဟု ယနေ့ သတင်းမီဒီယာများက ကင်ပွန်းတပ်ထားသော မှုခင်းဆေးပညာပါရဂူများ ဖော်ထုတ်ပေးခဲ့သော သည်းထိတ်ရင်ဖိုဖွယ်ရာ မှုခင်းကြီးများအကြောင်း အခါအားလျော်စွာ ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယနေ့ အံ့မခန်း တိုးတက်နေသော သိပ္ပံပညာခေတ်တွင် မှုခင်းဆေးပညာသည် ထိပ်တန်းမှ နေရာယူလျက် ရှိနေပါသည်။ ၂၀ ရာစု၏ ပထမ ဆယ်စုနှစ်ပိုင်းကာလကမူ ယင်းမှုခင်းဆေးပညာ ပါရဂူများအား သိပ္ပံခေတ် ခွဲခန်း စုံထောက်များဟူ၍လည်းကောင်း၊ ကမ္ဘာ့စုံထောက်အဖွဲ့ကြီးများ၏ နောက်ကွယ်မှ စုံထောက်ကြီးများဟု ခေါ်ဝေါ်ခဲ့ကြပါသည်။

မှန်ပါသည်။ ယနေ့ခေတ် သစ်စုံစမ်းထောက်လှမ်းရေးလုပ်ငန်း တွင် မှုခင်းဆေးပညာနှင့် မှုခင်းဆေးပညာပါရဂူများ မရှိ၍ မပြီးတော့ ဟူသော အချက်မှာ တစ်နေ့တခြား မှန်ကန်လာသည်ဟု ဆိုရမည်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့သမိုင်းတွင် နှစ်ပေါင်းများစွာ အငြင်းအခုံဖြစ်ခဲ့ရပြီး အမေဘုတ်၏ ချည်ခင်ဟု ဆိုရမည့် ထူးခြားဖြစ်စဉ်များကို မှုခင်းဆေးပညာ ပါရဂူများက လူအများလက်ခံလာနိုင်သည့် သဘာဝကျသော အဖြေကို ထုတ်ပေးနိုင်ခဲ့သည်။ သာဓကအားဖြင့် ယနေ့ ရုရှားနိုင်ငံအဖြစ် ပြောင်းလဲလာခဲ့သော ဆိုဗီယက်သမ္မတပြည်ထောင်စုနိုင်ငံသည် ၁၉၁၇ ခုနှစ် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သော တော်လှန်ရေးကြီးအတွင်း ရုရှားနိုင်ငံ၏ ဇာဘုရင် ဒုတိယ နီကိုးလပ်စ်နှင့် မိသားစုများ၊ ရံရွေတော်နှင့် မိသားစု သမားတော်ကြီးတို့အား ရုရှားနိုင်ငံ ဆိုက်ဗေးရီးယားပြည်နယ် ယူရယ်တောင်တန်းဒေသရှိ အီကင်ထရင်ဗတ်မြို့တွင် ဖမ်းဆီးထိန်းသိမ်းထားခဲ့ကြပါသည်။

ထိုကာလကမူ ရုရှားနိုင်ငံအတွင်း ပြည်တွင်းစစ်ကြီးဖြစ်ပွားလျက်ရှိသည်။ ဘော်ရှီဗစ်အစိုးရ၏ အာဏာမှာလည်း ပြည်နယ်အချို့သို့ ပျံ့နှံ့ခြင်းမရှိသေး။ သို့ဖြစ်၍ ယူရယ်တောင်တန်းဒေသ ကော်မတီသည် မိမိတို့ ဆုံးဖြတ်ချက်နှင့် ဇာဘုရင်မိသားစုနှင့် အိမ်တော်ပါအဖွဲ့အား သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ အီကင်ထရင်ဗတ်မြို့ရှိ သတ္တုတွင်းဟောင်းအတွင်း မြှုပ်နှံထားခဲ့သည်ဟု ဆိုသည်။

သို့သော် ထိုကာလက ပါးစပ်ဂေဇက်များ၊ သူပြောကိုယ်ပြော သတင်းများအရ ဇာဘုရင်နှင့် မိသားစုအား လိုလားသော နိုင်ငံတကာမှ စွန့်စားသူများက ကယ်တင်သွားခဲ့ပြီး အနောက်တိုင်းနိုင်ငံ တစ်နိုင်ငံတွင် လျှို့ဝှက်စွာ နေထိုင်သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။ ထို့အတူ ရုရှားနိုင်ငံ နောက်ဆုံးဧကရာဇ် ဇာဘုရင် နီကိုလပ်စ်၏ သားတော်ဖြစ်သူ၊ သမီးတော်ဖြစ်သူများ ဆိုသူများလည်း ဒုနှင့်ဒေးပေါ်ပေါက်လာ၍ နိုင်ငံခြားဘဏ်ကြီးများတွင် ဇာဘုရင်မိသားစု အပ်နှံထားသော ရတနာများ၊ ရွှေချောင်းများ၊ ငွေများကို တောင်းခံသူများလည်း ပေါ်လာခဲ့ရာ သမိုင်းတွင် စိတ်ရှုပ်ထွေးစရာကောင်းသော ပြဿနာများ ဖြစ်ခဲ့ကြသည်။

၁၉၉၀ ခုနှစ်ခန့်ကမူ ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ ပြိုကွဲခဲ့ပြီးနောက် ရုရှားအစိုးရသစ် တက်လာသည့်အခါတွင်မူ ထိုအငြင်းပွားခဲ့သော ပြဿနာကို ရှင်းလင်းရန် အထက်ဖော်ပြပါ အီကင်ထရင်ဗတ်မြို့အနီးရှိ သတ္တုတွင်းဟောင်းအတွင်း မြှုပ်နှံထားသည်ဟူသော ဇာဘုရင်မိသားစုနှင့် နန်းတွင်းအစေအပါးတို့၏ သင်္ချိုင်းအား တူးဖော်စေ၍ တွေ့ရှိသော အရိုးစုများကို စစ်ဆေးစေသည်။ ဤသို့ စနစ်တကျ စစ်ဆေးရန်အတွက် မှုခင်းဆေးပညာတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော ဗြိတိသျှ အမျိုးသား မှုခင်းဆေးပညာရှင်များ၏ အကူအညီကို တောင်းခံခဲ့ရသည်။ မှုခင်းဆေးပညာဘာသာရပ်တွင် အစဉ်အလာကြီးမားခဲ့သော ဗြိတိသျှအမျိုးသား မှုခင်းဆေးပညာ ပါရဂူများသည် တွေ့ရှိထားသော အရိုးစုများကို ဒီအင်အေ နည်းစနစ်နှင့် စစ်ဆေး၍ ရုရှားနိုင်ငံ၏ နောက်ဆုံးဧကရာဇ် မိသားစုများ၏ အရိုးစုများဖြစ်သည်ဟု အခိုင်အမာ တင်ပြနိုင်ခဲ့သဖြင့် သမိုင်းအဆက်ဆက် အငြင်းပွားခဲ့ရသော ပြဿနာကို မှုခင်းဆေးပညာသည် သဘာဝကျကျ ရှင်းလင်းပေးနိုင်ခဲ့သည်။ ယခုရေးသားဖော်ပြမည့် သေနတ်ပစ်မှုမှာ ဒုတိယကမ္ဘာ့စစ်ကြို ကာလက မှုခင်းဆေးပညာလောကတွင် နေမင်းကြီးတစ်ဆူဟု လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့သော အင်္ဂလန်မှ မှုခင်းဆေးပညာ ပါရဂူ ဆာဘားနတ်စပီးလ်ဗျူရီ၏ ကိုယ်ပိုင် မှတ်တမ်းများမှ ထုတ်နုတ်ဖော်ပြထားသော အမှုတစ်ခုဖြစ်ပါသည်။

အလျဉ်းသင့်သဖြင့် ဆာဘားနတ်နှင့်ပတ်သက်သော အချက်အလက်တချို့ကို တင်ပြမည်ဖြစ်ပါသည်။ ဆာဘားနတ်စပီးလ်ဗျူရီသည် သူ့ဓာတ်ခွဲခန်းမှ ရှုပ်ထွေးဆန်းပြားသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ စုံထောက်အဖွဲ့ကြီးများ၏ ဘိုးအေဟု ကင်ပွန်းတပ်ခံရသော စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့နှင့် ကမ္ဘာကျော် လန်ဒန်ရဲတပ်ဖွဲ့တို့ မဖော်ထုတ်နိုင်သည့် အမှုအခင်းများကို ဖော်ထုတ်ပေးနိုင်ခဲ့သည်။ ဆာဘားနတ်သည် သူ့ဓာတ်ခွဲခန်းအတွင်းရှိ ဓာတုဗေဒပစ္စည်းများ၊ မှန်ဘီလူးများ၊ ဘန်ဆင်၊ ဘန်နာခေါ် ဓာတ်ဖိုဓာတ်မများဖြင့် လူသတ်သမားများ၊ ဖောက်ထွင်းဝိဇ္ဇာများကို ဖမ်းဆီးပေးခဲ့၏။

ဒုစရိုက်သမား လောကသားများသည် မှုခင်းတစ်မှုကို ကျူးလွန်တော့

www.burmeseclassic.com


မည်ဟု ဆိုသည်နှင့် အချိန်ယူ၍ ပိပိရိရိ ကြံစည်ခဲ့ကြသည်။ မှုခင်းကျူးလွန်ရာတွင်လည်း ဥပဒေဘက်တော်သားများဖြစ်သော စုံထောက်များ၊ ရဲများ၊ မှုခင်းဆေးပညာပါရဂူများ၏ မျက်ကွယ်တွင်သာ ကျူးလွန်ကြပါသည်။ မှုခင်းကျူးလွန်သူသည် ပြီးသည်နှင့် သဲလွန်စမကျန်စေရန် ပြုလုပ်ခဲ့ကြသည်။ သို့သော် မှုခင်း ဆေးပညာပါရဂူများသည် ဒုစရိုက်သမားများ ကျူးလွန်ခဲ့သည့် အခင်းဖြစ်ပွားရာ နေရာမှ ဆံပင်တစ်ချောင်း၊ ဆေးလိပ်တစ်တို၊ လက်ဗွေရာ၊ ခြေရာ၊ သေနတ်ကျည်ဆန်အခွံတို့ကို စစ်ဆေးစုံစမ်းခြင်းဖြင့် တရားခံအား ဖမ်းဆီးပေးနိုင်ခဲ့ကြပါသည်။

လူသေအလောင်းအား ကြည့်ရှုစစ်ဆေးခြင်းဖြင့် တရားခံကို ဖမ်းဆီးပေးနိုင်သဖြင့် မှုခင်းသုတေသီအများကမှ သေသောသူသည် စကားပြောနိုင်သည်ဟု ဆိုစမှတ်ပြုခဲ့ကြသည်။ ဒုတိယကမ္ဘာ့စစ်ကြီးကာလကမှ ဆာဘားနတ်မှာ အင်္ဂလန်နိုင်ငံသူ နိုင်ငံသားများ၏ သူရဲကောင်းကြီးတစ်ယောက် ဖြစ်ခဲ့သည်။ လန်ဒန်မြို့တော်ကြီးရှိ ရင်ခွဲရုံတိုင်းတွင် မှုခင်းဆေးပါရဂူ ဆာဘားနတ် ခွဲစိတ်စစ်ဆေးရန်အတွက် သီးသန့်နေရာ တစ်နေရာ စီစဉ်ထားကြရ၏။ ထိုအချိန်ကဆိုလျှင် ဆာဘားနတ် စုံစမ်းစစ်ဆေးခြင်း မပြုရသေးသော အလောင်းမှန်သမျှ မြေချခွင့်၊ မီးသင်္ဂြိုဟ်ခွင့် မရဟု သတင်းကြီးခဲ့၏။

ဆာဘားနတ်သည် လူသေအလောင်းတစ်လောင်းအား စစ်ဆေးကြည့်ရှုရုံမျှနှင့် ထိုသူသည် မည်သည့်အချိန်က သေဆုံးသည်ကို တိတိကျကျ ပြောနိုင်သည်ဟု ဆိုကြ၏။ ထို့ကြောင့်ပင် လူသတ်မှုအများတွင် ဆာဘားနတ် စုံစမ်းစစ်ဆေးနေသည်ဟု ဆိုလျှင် အင်္ဂလန်နိုင်ငံသား အများကမှု ထိုလူသတ်မှု၏ တရားခံကို မကြာမီ ဖမ်းဆီးနိုင်လိမ့်မည်ဟု ယူဆထားကြသည်။ အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာကြီးများနှင့် မှုခင်းဂျာနယ်များ၊ ဖြစ်ရပ်မှန် စုံထောက်မဂ္ဂဇင်းများ၊ မှုခင်းများတွင် ဤအမှုအား ဆာဘားနတ် အထူးစုံစမ်းနေသည်ဟု အကျယ်တဝံ့ ဖော်ပြလေ့ရှိသည်။ ဆာဘားနတ် စုံစမ်းစစ်ဆေးနေသည်ဟု ဆိုသည်နှင့် ထိုအမှု ကျူးလွန်သော တရားခံ အစစ်အမှန် သေသေချာချာ ပေါ်ပေါက်တော့မည်ဟု ပြည်သူများက ယူဆလေ့ရှိ၏။

ဆာဘားနတ်အား ဥပဒေဘက်တော်သားများဖြစ်သော စုံထောက်များနှင့် ရဲတို့၏ နောက်ကွယ်မှ ဓာတ်ခွဲခန်းစုံထောက်ကြီးဟု ဆိုရန် မသင့်ပေ။ အဘယ့်ကြောင့်ဆိုသော် သူသည် မှုခင်းဖြစ်ပွားသည့်နေရာသို့ ကိုယ်တိုင် ကွင်းဆင်းလေ့လာခြင်း၊ ပတ်ဝန်းကျင် စုံစမ်းခြင်းများကိုပါ ပြုလုပ်လေ့ရှိသော ပြိုင်စံကင်းသည့် မှုခင်းဆေးပညာရှင်လည်း ဖြစ်၏။

သူ့ဓာတ်ခွဲခန်းမှပင် ကာဗွန်မိုနော့ဆိုက် ဓာတ်ငွေ့ကို စူးစမ်းရှာဖွေတွေ့ရှိခဲ့သူလည်း ဖြစ်ပါသည်။ မှန်ပါသည်။ သူ၏ အရည်အချင်းများကား တန်းစီ နံပါတ်ထိုး၍ ရနိုင်မည်မဟုတ်ဟူ၍ပင် ဆိုရပေတော့မည်။ ယခု ရေးသားဖော်ပြမည့် မှုခင်းဖြစ်စဉ်မှာ ဤသို့ဖြစ်၏။

၁၉၂၃ ခုနှစ် မေလ ၁၀ ရက်တွင် လန်ဒန်မြို့မှ စောင်ရေအများဆုံး ထုတ်ဝေရသော ဒေးလီးတယ်လီဂရပ် သတင်းစာကြီး၏ မှုခင်းကော်လံတွင် အောက်ဖော်ပြပါ စိတ်ဝင်စားဖွယ် ခေါင်းစဉ်ဖြင့် ဖော်ပြထားသော လူသတ်မှုသတင်းတစ်ပုဒ်ကို ဖတ်ရှုကြရ၏။

"မော်တော်ကား အငှားယာဉ်မောင်းသူတစ်ဦး အသတ်ခံရခြင်း"

လန်ဒန်၊ မေ ၉ ရက်

ယမန်နေ့ ညပိုင်းက လန်ဒန်မြို့ ဆင်ခြေဖုံး ဘရစ်စတန်ရပ်ကွက်၊ ရှစ်တင်းဖျူရီရိပ်သာလမ်းမကြီးပေါ်တွင် တက္ကစီအငှားမောင်းသူ ဂျကောဒစ်ဘီ ဆိုသူအား လူဆိုးများ သို့မဟုတ် လူဆိုးတစ်ယောက်က သေနတ်ဖြင့် သတ်ဖြတ်ခဲ့သည်ဟု သတင်းရရှိကြောင်း။ သေဆုံးသူ တက္ကစီအငှားယာဉ်မောင်း ဂျကော့ဒစ်ဘီ၏ အလောင်းအား သူပိုင် မော်တော်ကားအတွင်း ထားခဲ့ပြီး လူဆိုး သို့မဟုတ် လူဆိုးများကမှု ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ကျွန်တော်များ မှုခင်းသတင်းထောက် အခင်းဖြစ်ပွားသည့် နေရာသို့ ရောက်ရှိသွားသည့်အချိန်တွင် စကော့တလန်ယာဒ် စုံထောက်အဖွဲ့ကြီးမှ အင်စပက်တော်ကြီး တစ်ဦးခေါင်းဆောင်သော စုံထောက်အဖွဲ့ဝင်များ၊ ဒေသခံ ရဲများနှင့် ပြည်သူ့အချစ်တော်


www.burmeseclassic.com

**အက်ဒီမှာ ရာဇဝင် ဖောက်ထွင်းဝိဇ္ဇာ တစ်ဦးဖြစ်ရာ မကြာခဏ အကျဉ်းထောင်များသို့ အလည်ရောက် ခဲ့ဖူးသူဖြစ်သည်။ သို့ဖြစ်၍ စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့သည်**

မှုခင်းဆေးပညာ ပါရဂူ ဆာဘားနတ် ကိုယ်တိုင် ရောက်ရှိနေသည်ကို တွေ့ရှိရကြောင်း၊ သေဆုံးသူ တက္ကစီမောင်းသမား၏ အလောင်းအနီးတွင် အမေရိကန်နိုင်ငံလုပ် ပစ္စတိုသေနတ် တစ်လက်၊ ဖောက်ထွင်းဝိဇ္ဇာများ အသုံးပြုသော သံတူးရွင်းတစ်ချောင်း၊ လက်အိတ်တစ်ဖက်၊ ရွှေကွပ်ထားသော အီသိုနီ လက်ကိုင်တုတ်တစ်ချောင်းနှင့် ပစ်ခတ်ထားသည်ဟု ယူဆရသော သေနတ်ကျည်အခွံခြောက်ခုကို တွေ့ရှိရကြောင်း။

မော်တော်ကား ရှေ့ခန်းတံခါးနှင့် နောက်ခန်းတံခါးများ ပွင့်နေသည်ကို တွေ့ရသဖြင့် ဆာဘားနတ်ကမူ ဤမှုခင်းကို ကျူးလွန်ရာတွင် လူဆိုးနှစ်ဦးဖြစ်နိုင်သည်ဟု ထင်မြင်ချက်ပေးခဲ့သည်။ သေဆုံးသူ ဂျကော့ဒစ်ဘီ၏ အလောင်းအား စစ်ဆေးမှုအရ သေဆုံးသူနှင့် လူဆိုးနှစ်ဦးတို့ အပြန်အလှန် ထိုးကြိတ်ကြသည့် လက္ခဏာ တွေ့ရှိရပြီး ဂျကော့ဒစ်ဘီ ခန္ဓာကိုယ်တွင် သေနတ်ဒဏ်ရာ လေးချက်တွေ့ရှိရသဖြင့် လူသတ်သမားသည် ဂျကော့ဒစ်ဘီအား မသေမချင်း သတ်ခဲ့ခြင်းဖြစ်သည်ဟုလည်း ဆာဘားနတ်က ကောက်ချက်ချခဲ့သည်ဟုဆိုကြောင်း။

စကော့တလန်ယာ့ဒ် စုံထောက်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦး၏ ထုတ်ဖော်ပြောဆိုချက်အရ လူသတ်မှု ကျူးလွန်ခဲ့သူ နှစ်ဦးမှာ ဖောက်ထွင်းဝိဇ္ဇာများဖြစ်နိုင်ကြောင်း။ ဂျက်ကော့ဒစ်ဘီ၏ အငှားယာဉ်အား ငှား၍ စီးနင်းခဲ့ကြပြီး သူ့ထံက ငွေကိုလုယူကြရာမှ ခုခံသဖြင့် လက်လွန်ခြေလွန်ဖြစ်ကာ လူသတ်မှုဖြစ်ခဲ့ကြောင်း။ အင်္ဂလန်နိုင်ငံ မှုခင်းသမိုင်းတွင် တက္ကစီယာဉ်မောင်းတစ်ဦး အသတ်ခံရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆိုသည်။ သဲလွန်စများ အခိုင်အမာ ရရှိထားပြီးဖြစ်၍ တရားခံများကို မကြာမီ အချိန်တွင် ခြေရာခံမိနိုင်မည်မှာ သေချာသည်ဟု သိရသည်။

ထိုသတင်းကိုပင် လန်ဒန်မြို့မှ ထုတ်ဝေသော ဒေးလီးအိတ်စ်ပရက်စ် သတင်းစာနှင့် ဒေးလီးမိုင်ရာ သတင်းစာကြီးများကလည်း သတင်းစာဖတ်ပရိသတ် စိတ်ဝင်စားမည့် ခေါင်းစဉ်များဖြင့် အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြရာ တက္ကစီအငှားယာဉ်မောင်းသမား ဂျကော့ဒစ်ဘီ အသတ်ခံရမှုမှာ လူအများ စိတ်ဝင်စားလာခဲ့သည်။ အထူးသဖြင့် မှုခင်းဆေးပညာ ပါရဂူ ဆာဘားနတ်ကိုယ်တိုင် ကွင်းဆင်း စုံစမ်းစစ်ဆေးခဲ့သည်ဟု သိရသဖြင့် လူသတ်တရားခံများအား မကြာမီအတွင်း ဖော်ထုတ်နိုင်လိမ့်မည်ဟု လူထုက ယူဆထားကြသည်။ ရဲနှင့် စုံထောက်တို့ကမူ ပိုက်စိပ်တိုက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြရာ ပတ်ဝန်းကျင်လေ့လာမှုများအရ အခင်းဖြစ်ပွားစဉ်က မလှမ်းမကမ်းတွင် ရှိနေကြသော အမျိုးသမီးများက အတိအကျ ထွက်ဆိုခဲ့ကြသည်။ မျက်မြင်သက်သေ အမျိုးသမီးနှစ်ဦးကမူ လူသတ်သမားနှစ်ဦး ဖြတ်ကျော်ထွက်ပြေးသွားသည့် နေရာများကိုပါ ပြသနိုင်ခဲ့ကြရာ ဤလူသတ်မှု ကျူးလွန်သူမှာ လူဆိုးနှစ်ဦးဖြစ်သည်ဟု ကောက်ချက်ချခဲ့ကြသည်။

စာမျက်နှာ ၁၄၉ သို့



www.burmeseclassic.com

www.burmeseclassic.com






မောင်ဉာဏ်စိန်

# မူးယစ်ဆေးဝါးတရားခံများ နှင့် ပြစ်ချက်ဟောင်းပြဿနာ

နည်းဥပဒေ ၃၇ ၏ ဥပမာတွင် မောင်ဖြူသည် ယခင်က ဥပဒေပုဒ်မ ၁၆(ဂ)အရ ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့်
ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်။ ၎င်း၏ နောက်တစ်ကြိမ် ထပ်မံ၍ ဘိန်းပင်စိုက်ပျိုးမှုဖြင့်
ဥပဒေပုဒ်မ ၁၆(က) အရ တရားစွဲဆိုသည့်အခါ
ပုဒ်မ ၂၃ ကိုပါ ပူးတွဲစွဲဆိုခြင်းမပြုနိုင်ကြောင်း ...



www.burmeseclassic.com

www.burmeseclassic.com

**မူးယစ်ဆေးဝါး တရားခံများနှင့် ပြစ်ချက်ဟောင်းပြဿနာ**

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ(၂၃)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်–

"ပုဒ်မ ၁၆ မှ ပုဒ် ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူသည် ယခင်က ယင်းဖြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထပ်မံကျူးလွန်သောပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်"

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်အရ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆(ဂ)အရ ယခင်က အလုပ်ဖြင့် ထောင်ဒဏ်(၅)နှစ်ကျခံခဲ့ရဖူးသည် ဆိုပါစို့။ ယင်းတရားခံအား နောက်တစ်ကြိမ် ပုဒ်မ ၁၆(ဂ)ဖြင့် ထပ်မံစွဲဆိုခြင်းခံရပါက အပြစ်ဒဏ်ပေးခံရလျှင် ပုဒ်မ ၁၆(ဂ)၏ အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် (၁၀)နှစ်ကို ချမှတ်ရမည်ဖြစ်သည်။ (၅)နှစ်မှ (၁၀)နှစ်အကြားပင် ချမှတ်ခွင့်မရှိပေ။

ထပ်မံ၍စွဲဆိုသောအမှုတွင် တရားစွဲဆိုသော ပုဒ်မအနေဖြင့် ပုဒ်မ ၁၆(ဂ)/၂၃ ဟု ဖော်ပြရပေမည်။

ဥပမာအားဖြင့် မောင်ဖြူသည် ယခင်က ယင်းဥပဒေပုဒ်မ ၁၆(ဂ)အရ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်။ ၎င်းအား နောက်တစ်ကြိမ်ထပ်မံ၍ မူးယစ်ဆေးဝါးလက်ဝယ်ထားမှုဖြင့် ယင်းဥပဒေပုဒ်မ ၁၆(ဂ)အရဖြစ်စေ၊ သယ်ယူပို့ဆောင်မှုဖြင့် ယင်းဥပဒေပုဒ်မ ၁၆(ဂ)အရဖြစ်စေ တရားစွဲဆိုသည့်အခါ ယင်းဥပဒေပုဒ်မ ၂၃ ကိုပါ ပူးတွဲ၍ စွဲဆိုရမည်ဖြစ်သည်။

သို့ရာတွင် မောင်ဖြူသည် ယခင်က ယင်းဥပဒေပုဒ်မ ၁၆(ဂ)အရ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသည်။ ၎င်းအား နောက်တစ်ကြိမ်ထပ်မံ၍ ဘိန်းပင်စိုက်ပျိုးမှုဖြင့် ယင်းဥပဒေပုဒ်မ ၁၆(က)အရ တရားစွဲဆိုသည့်အခါ ယင်းဥပဒေပုဒ်မ ၂၃ ကိုပါ ပူးတွဲစွဲဆိုခြင်းမပြုနိုင်ပေ။ ထိုနည်းတူပင် ပုဒ်မ ၁၆(ဂ)အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရဖူးသူအား ပုဒ်မ ၁၉(က)ဖြင့် အရေးယူရန် အမှုပေါ်ပေါက်သည့်အခါ ပုဒ်မ ၂၃ ကို ပူးတွဲခြင်းမပြုနိုင်ပေ။

သို့သော် ပုဒ်မ ၁၆(ဂ)အရ ယခင်က ပြစ်ဒဏ်ကျခံခဲ့ရဖူးသူ တရားခံအပေါ် ပုဒ်မ ၁၉(က)ဖြင့် စွဲဆိုသောအမှု၌ ပုဒ်မ ၂၃ ကို မှားယွင်းတွဲပြီး စွဲဆိုသောအမှုရှိခဲ့ဖူးပေသည်။ ယင်းပြဿနာသည် တရားရုံးချုပ်အထိ ရောက်ခဲ့ဖူးပြီး စီရင်ထုံးပြုစုပေးခဲ့ရသည်အထိ ကြုံတွေ့ခဲ့ရဖူးပေသည်။

မြိတ်ခရိုင်တရားရုံး၏ ပြစ်မှုကြီးမှုအမှတ် ၁/၂၀၀၈ အမှုတွင် တရားခံရန်နိုင်ထွန်းအား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ်(၃)နှစ်၊ ပုဒ်မ ၁၉/၂၃ အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်၊ ထောင်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်းကျခံစေရန်နှင့် တရားမြင့်ကို

www.burmeseclassic.com



အား ပုဒ်မ ၁၉ အရ အလုပ်နှင့် ထောင်ဒဏ် ၁၈ နှစ်ကျခံစေရန် ချမှတ်သည့်အမိန့်တို့ကို တရားခံများက မကျေနပ်ကြ၍ တနင်္သာရီတိုင်းတရားရုံးသို့ အယူခံတင်သွင်းရာ အောင်မြင်ခြင်းမရှိသဖြင့် ပြစ်မှုဆိုင်ရာပြင်ဆင်မှုကို တရားရုံးချုပ်သို့ တင်သွင်းလာခြင်းဖြစ်ပေသည်။

အမှုမှာ ၁-၁၂-၂၀၀၇ ရက်နေ့ နံနက် ၉ နာရီ ၄၀ မိနစ်အချိန်တွင် ခမရ(၅၅၆) တပ်ရင်းဂိတ်(၁)၌ တာဝန်ကျနေသော တပ်ကြပ်သန်းထိုက်၊ ဒုတပ်ကြပ် သန်းစိုး၊ တပ်ကြပ်ကြီး သန်းလှတို့သည် ဆိုင်ကယ်စီးလာသူ မြင့်ကိုနှင့် ရန်နိုင်ထွန်းတို့အား ရှာဖွေရာ ဆိုင်ကယ်ဖင်ထိုင်ခုံအောက်မှ ဘိန်းစာမှုန့်(၂၉)ထုပ်၊ ဆိုင်ကယ်မောင်းသူ မြင့်ကို၏ ခန္ဓာကိုယ်မှ ဘိန်းစာမှုန့်(၃၅) ထုပ်၊ ရန်နိုင်ထွန်းခန္ဓာကိုယ်မှ ဘိန်းစာမှုန့်(၅၁)ထုပ်၊ စုစုပေါင်း(၁၁၅)ထုပ်၊ အလေးချိန် ၁၁ ဒသမ ၉၂၀ ကီလိုဂရမ်တွေ့ရှိရသဖြင့် အဆိုပါတပ်ရင်းမှ ဗိုလ်ကျော်သန့်ဇင်က တနင်္သာရီရဲစခန်းသို့ လွှဲပြောင်းပေးအပ်၍ စခန်းမှူး နယ်ထိန်းတာဝန်ခံ ဒုရဲအုပ်အောင်မိုးလွင်က မြင့်ကိုနှင့် ရန်နိုင်ထွန်းတို့အား ဥပဒေအရ အရေးယူပေးပါရန် တိုင်ကြားသောအမှုဖြစ်သည်။

တရားရုံးချုပ်က ပြင်ဆင်မှုလျှောက်ထားသူများ၏ ရှေ့နေနှင့် ရှေ့နေချုပ်ရုံးအတွက် လိုက်ပါသည့် ဒုတိယညွှန်ကြားရေးမှူးတို့၏ လျှောက်လဲချက်များကို ကြားနာခဲ့သည်။ နှစ်ဖက်သက်သေထွက်ချက်များကိုလည်း အကျယ်တဝင့် သုံးသပ်ပြီးနောက် အောက်ပါအတိုင်း ဆက်လက်၍ သုံးသပ်ကာ ဆုံးဖြတ်ချက်များ ချမှတ်ခဲ့သည်။

"၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၅၇ တွင် ပြစ်ချက်ဟောင်းအတွက် တရားစွဲဆိုခြင်း၊ စစ်ဆေးစီရင်ခြင်းများနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည်"

"နည်းဥပဒေ ၅၇ ၏ ဥပမာတွင် မောင်ဖြူသည် ယခင်က ဥပဒေပုဒ်မ ၁၆(ဂ)အရ ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသည်။ ၎င်း၏ နောက်တစ်ကြိမ် ထပ်မံ၍ ဘိန်းပင်စိုက်ပျိုးမှုဖြင့် ဥပဒေပုဒ်မ ၁၆(က) အရ တရားစွဲဆိုသည့်အခါ ပုဒ်မ ၂၃ ကိုပါ ပူးတွဲစွဲဆိုခြင်းမပြုနိုင်ကြောင်း ရှင်းလင်းထားသည်။ အဆိုပါ နည်းဥပဒေ ၅၇(က)၏ ဒုတိယဥပမာအရ ဆိုလျှင် ပုဒ်မ ၁၆(ဂ)အရ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရပြီးနောက် မူးယစ်ဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားလျှင်၊ သယ်ယူပို့ဆောင်လျှင်၊ တစ်ဆင့်ပေးပို့လျှင် (သို့မဟုတ်) လွှဲပြောင်းပေးလျှင် ၎င်းအား ပုဒ်မ ၁၉(က)အရ အရေးယူရာ၌ ပုဒ်မ ၂၃ ကို ပူးတွဲခြင်းမပြုနိုင်ကြောင်း ရှင်းလင်းထားသည်။ ဆိုလိုရင်းမှာ ယင်းပြစ်ချက်ဟောင်းနှင့် ထပ်မံကျူးလွန်သောအမှုသည် ပုဒ်မလည်း တူရမည့်အပြင် ပုဒ်မခွဲလည်း တူရမည်"

"အဆိုပါ နည်းဥပဒေပြဋ္ဌာန်းချက်၊ ရှင်းလင်းချက်တို့အရ မူလခရိုင်တရားရုံးက တရားခံရန်နိုင်ထွန်းအား ပုဒ်မ ၁၉(က)အရ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် မှန်ကန်ခြင်းမရှိကြောင်း တွေ့ရှိရသည်။ xxxx သို့ဖြစ်၍ မူလခရိုင်တရားရုံးက တရားခံရန်နိုင်ထွန်းအပေါ် ချမှတ်သည့်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော တနင်္သာရီတိုင်းတရားရုံးတို့၏ အမိန့်တို့သည် မှန်ကန်ခြင်းမရှိ၍ အဆိုပါအမိန့်တို့အပေါ် ဝင်ရောက်စွက်ဖက်ရပေမည်"

အထက်ပါအတိုင်း သုံးသပ်ပြီးနောက် တရားခံရန်နိုင်ထွန်းအား အဆိုပါ ဥပဒေပုဒ်မ ၁၅ အရ အလုပ်နှင့်ထောင်ဒဏ်(၃)နှစ်ကျခံစေရန် ချမှတ်သည့်အမိန့်ကို ဆက်လက်အတည်ပြုပြီး ၎င်းအား ပုဒ်မ ၁၉(က)/၂၃ အရ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်ကျခံစေရန် ချမှတ်သည့်အမိန့်ကို ပယ်ဖျက်ပြီး ၎င်းအား ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် (၁၈)နှစ်(တစ်ဆယ့်ရှစ်နှစ်တိတိ) ကျခံစေရန်နှင့် ပြစ်ဒဏ်နှစ်ရပ်ကို သီးခြားစီကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။

ယင်းအမှုကိုလည်း ရန်နိုင်ထွန်း ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (၂၀၀၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ စာ-၅၈) အဖြစ် စီရင်ထုံးပြုခဲ့ကြောင်း ရေးသားတင်ပြအပ်ပေသည်။

**မောင်ညာဏ်စိန်**

www.burmeseclassic.com

www.burmeseclassic.com





# ဥပဒေစုံထောက်

## ဦးအာကာ
(တရားလွှတ်တော်ရှေ့နေ)

ဆရာခင်ဗျား

၁၃ - ၉ - ၂၀၁၄ ရက်ထုတ် Daily Eleven သတင်းစာရဲ့ စာမျက်နှာ(၈)ကို ဖတ်ရှုကြည့်တဲ့အခါ "ခရီးသည် ၁၄ ဦးသေဆုံးခဲ့သည့် ရာဇာမင်းခရီးသည်တင်ယာဉ် တိမ်းမှောက်မှုဖြစ်စဉ်မှ ယာဉ်မောင်းကို ထောင်ဒဏ် ၁၄ နှစ်ကျခံစေရန် အမိန့်ချမှတ်" ဆိုတဲ့ သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။ အတွင်းသတင်းကို ဖတ်ကြည့်တော့ ခရီးသည် (၁၄)ဦးသေဆုံးခဲ့ပြီး၊ အဲဒီအတွက် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က အရ အလုပ်နှင့်ထောင်ဒဏ် (၇)နှစ်ချမှတ်တယ်လို့ ဖော်ပြထားပါတယ်။ ခရီးသည် (၁၄)ယောက်အတွက် (၇)နှစ်ဆိုတော့ မနည်းဘူးလားဆရာ။ သေသူတစ်ယောက်အတွက် (၆)လပဲ ပြစ်ဒဏ်ချသလို ဖြစ်နေတာပေါ့။ ဆရာ့အမြင်ကို ဥပဒေစုံထောက်အခန်းကနေ ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

အဝေးပြေးခရီးသည်တစ်ဦး(မော်လမြိုင်မြို့နယ်)

### အဝေးပြေးခရီးသည်တစ်ဦးသို့

တူမောင်မေးလိုက်တဲ့ ပြဿနာဟာ ရုတ်တရက်ဆိုတော့လည်း ဟုတ်သလိုလိုပဲ။ လူ(၁၄)ယောက်သေတာ ထောင်ဒဏ်(၇)နှစ်ထဲဆိုတော့ နည်းသလိုလိုဖြစ်နေပါတယ်။ ဒါပေမဲ့ တူမောင်ရေ ပြစ်ဒဏ်ပေးတယ်ဆိုတာလည်း ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟနဲ့ မပေးရဘူး။ ဥပဒေနဲ့အညီပဲ ပေးရတယ်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က ဆိုတာ ပေါ့လျော့မှုကြောင့် လူသေမှုဖြစ်တဲ့အခါ အပြစ်ဒဏ်ပေးတဲ့ ပုဒ်မဖြစ်

www.burmeseclassic.com



ပါတယ်။ လူသတ်မှုလည်း မဟုတ်ဘူး။ လူသေမှုလည်း မဟုတ်ဘူး။ ပေါ့လျော့မှုကြောင့် လူသေစေမှုဖြစ်ပါတယ်။ အမြင့်ဆုံးပြစ်ဒဏ်က ခုနစ်နှစ်အထိပဲ ရှိပါတယ်။ ဒါကြောင့်မို့ ခုနစ်နှစ်အထိသာ ချခြင်းဖြစ်ပါတယ်။ သေစေတန်ရာသည်ကို သိလျက်နဲ့ ပေါ့လျော့တာမျိုးဆိုရင်တော့ ထောင်ဒဏ်ကို (၁၀)နှစ်အထိချမှတ်နိုင်ပါတယ်။

ဒါပေမဲ့ အဲဒီပြစ်မှုမှာ ပြစ်မှုကျူးလွန်သူတရားခံကို ပုဒ်မ ၃၈၈ အရ ထောင်ဒဏ်(၅)နှစ်၊ ပုဒ်မ ၃၇၇ အရ ထောင်ဒဏ်(၂)နှစ် ချမှတ်ထားတာ တွေ့ရပါတယ်။ စုစုပေါင်းပြစ်ဒဏ်ကတော့ (၁၄)နှစ်ဖြစ်သွားပါတယ်။ ယာဉ်မောင်းတွေအနေနဲ့ မမေ့မလျော့သောသတိနဲ့ မောင်းဖို့လိုပါတယ်။ မိမိတစ်ယောက်ရဲ့ ပေါ့လျော့မှုကြောင့် (၁၄)ယောက်သေပြီး (၂၉)ဦး ဒဏ်ရာရရှိမှာဖြစ်ပါတယ်။ သင်ခန်းစာယူစရာကောင်းလှပါတယ်။

---

ဆရာခင်ဗျား

သတင်းစာအချို့ကို ဖတ်ရှုလိုက်တဲ့အခါ " Bi မွန်းတည့်နေ ဂျာနယ်အမှတ်၊ ခုနစ်ကြိမ်မြောက်ရုံးချိန်းတွင် တရားလိုပြသက်သေ(၃)ဦးအား စစ်ဆေးခဲ့ပြီးပုဒ်မ ၅၀၅(ခ)ဖြင့် စွဲချက်တင် အမိန့်ချ" ဆိုပြီး ရေးသားထားတာမျိုးကို ဖတ်ရှုလိုက်ရပါတယ်။ တရားလိုပြသက်သေတွေ မကုန်သေးပဲနဲ့ စွဲချက်တင် အမိန့်ချလိုက်တယ်လို့ သိရပါတယ်။ အဲဒီလိုချခွင့်ရှိပါသလား ဆရာ။ ပုဒ်မ ၅၀၅(ခ)ရဲ့ ပြစ်မှုနဲ့ ပြစ်ဒဏ်သဘောကိုလည်း သိချင်ပါတယ်။ ဥပဒေဗဟုသုတအနေဖြင့် မေးခြင်းဖြစ်ပါတယ်။ ဥပဒေစုံထောက်အခန်းကနေ ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

စုံထောက်မဂ္ဂဇင်းပရိသတ်တစ်ဦး(ရေကျော်)

---

စုံထောက်မဂ္ဂဇင်းပရိသတ်တစ်ဦးသို့

ပြစ်မှုများကို စစ်ဆေးတဲ့အခါ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနဲ့အညီ စစ်ဆေးရပါတယ်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၅၄ မှာ သက်သေခံချက်များကို ရယူခြင်းပြုလုပ်ပြီးသည့်အခါတွင်ဖြစ်စေ အမှု၏ရှေ့ပိုင်း မည်သည့်အဆင့်၌ဖြစ်စေ "တရားသူကြီးအနေဖြင့် စွဲချက်တင်ရန်အထောက်အထားရှိပါက စွဲချက်တင်ခွင့်ရှိကြောင်း အာဏာအပ်နှင်းထားပါတယ်။ ဒါကြောင့်မို့ တရားလိုပြသက်သေအားလုံးကို မစစ်ဆေးနိုင်သေးမီ စွဲချက်တင်ခွင့်ရှိပါတယ်။ အမှုကို မှန်မှန်နဲ့ မြန်မြန်စစ်ဆေးနိုင်ရန်အတွက်ဖြစ်ပါတယ်။

ပုဒ်မ ၅၀၅(ခ)ဆိုတာကတော့ နိုင်ငံတော်အစိုးရကိုဖြစ်စေ၊ နိုင်ငံတော်ငြိမ်ဝပ်ရေးကိုဖြစ်စေ ထိခိုက်သည့်ပြစ်မှုကို တစ်ဦးတစ်ယောက်သောသူက ကျူးလွန်ချင်လာအောင် အများပြည်သူကိုသော်လည်းကောင်း၊ အများပြည်သူ၏ သီးခြားလူစုကိုသော်လည်းကောင်း၊ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တစ်ခုခုဖြစ်စေရန် အကြံရှိခဲ့ရင် ဒါမှမဟုတ် ထိုသို့ဖြစ်စေတန်ရာတဲ့အကြောင်းရှိရင် ကျူးလွန်တဲ့သူကို အရေးယူတဲ့ပုဒ်မဖြစ်ပါတယ်။

ပြစ်ဒဏ်ကတော့ အမြင့်ဆုံးအားဖြင့် နှစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခွင့်ရှိပါတယ်။ အနိမ့်ဆုံးပြစ်ဒဏ်သတ်မှတ်ချက်မရှိတော့ ငွေဒဏ်သက်သက်လည်း ထပ်ရိုက်ခွင့်ရှိပါတယ်။ အမှုတစ်ခုစီကိုလိုက်ပြီး တရားသူကြီး၏ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။

ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

## အခန်း(၁)

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ တတိယပတ်တွင် ဖြစ်ပါသည်။ နေပြည်တော်၊ မှုခင်းရဲတပ်ဖွဲ့(စီအိုင်ဒီ)မှ အမှုစစ်အရာရှိ စံထောက်စံထူးသည် အမှတ်(၂)မှုခင်းတပ်ဖွဲ့ခွဲ(ရန်ကုန်)သို့ ရောက်ရှိနေကြောင်း ကြားသိခဲ့သည်။ စံထောက်စံထူးရောက်ရှိနေခြင်း အကြောင်းမှာ ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလက တောင်ငူခရိုင်၊ ဖြူးမြို့နယ်အတွင်း ခေါင်းဖြတ်အသတ်ခံရသော မိန်းကလေး၏ အမှုမှ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိ၍ စစ်ဆေးမေးမြန်းနေခြင်းဖြစ်ကြောင်း ကြားသိရသည်။ ထိုသတင်းစကားသည် မှုခင်းရဲတပ်ဖွဲ့(စီအိုင်စီ)အတွက် ဂုဏ်ယူဖွယ်ရာဖြစ်သလို စာရေးသူအတွက်လည်း ကုန်ကြမ်းတစ်ခုဖြစ်ပါသည်။

ထို့ကြောင့် စံထောက်စံထူးရှိရာ အမှတ်(၂)မှုခင်းတပ်ဖွဲ့ခွဲ(အင်းစိန်၊ စီအိုင်ဒီ)သို့ စာရေးသူကိုယ်တိုင် သွားရောက်တွေ့ဆုံဖို့ဖြစ်သည်။ မိမိလုပ်ငန်းအတွက် သက်ဆိုင်သူတစ်ဦးတစ်ယောက်ကို သွားရောက်တွေ့ဆုံမည်ဆိုပါက ကြိုတင်အကြောင်းကြားပြီး အချိတ်အဆက်လုပ်ရပါသည်။ ဒါမှသာ နှစ်ဦးနှစ်ဖက် အနှောက်အယှက်ကင်းပြီး လုပ်ငန်းအတွက် အဆင်ပြေမှုရှိပါမည်။ မိမိလုပ်ငန်းအတွက် သက်ဆိုင်သူကို Green Light မတောင်းဘဲ အဓောတလျှင်ပြုခဲ့ပါလျှင် နှစ်ဦးနှစ်ဖက် အနှောက်အယှက်ဖြစ်ကြရပါသည်။ ဒီသဘောတရားကို ကြေညက်ပြီးသားဖြစ်သော စာရေးသူမှ စားပွဲပေါ်ရှိ တယ်လီဖုန်းဖြင့် စံထောက်စံထူး၏ လက်ကိုင်ဖုန်းသို့ ..။

"ကိုစံထူးလား"

"ဟုတ်ပါတယ် အစ်ကို၊ ကျွန်တော်လည်း အလုပ်မပြီးသေးလို့ အစ်ကို့ဆီကို မဆက်ဖြစ်တာပါ"

"ရပါတယ်ဗျာ၊ ခင်ဗျားနဲ့ ကျွန်တော်က ပြောရမယ့်သူတွေမှမဟုတ်တာ။ ဒါနဲ့ ဖြူးအမှုက အခြေအနေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ် အစ်ကို။ ဒီလကုန်လောက်ကို တရားစွဲတင်တော့မှာပါ။ အစ်ကို ဘယ်နေ့လောက်လာမှာလဲ"

"ကိုစံထူး အဆင်ပြေတဲ့နေ့ပေါ့ဗျာ"

"အဲဒါဆို လာမယ့်အင်္ဂါနေ့ မနက် ၉ နာရီကို ကျွန်တော် ရုံးက စောင့်နေပါ့မယ်။ အစ်ကို့အတွက် အဆင်ပြေတယ်မဟုတ်လား"

"အဆင်ပြေပါတယ်။ အဲဒီနေ့ မနက် ၉ နာရီကို ကျွန်တော် အရောက်လာခဲ့ပါ့မယ်"

စာရေးသူနှင့် စံထောက်စံထူးတို့၏ လုပ်ငန်းဆက်သွယ်မှုက စည်းစနစ်ကျပါသည်။ စာရေးသူမှာ စံထောက်စံထူးပေးအပ်သည့် လုပ်ငန်းကို ရယူမည့်သူဖြစ်သည်။ ရယူမည့်သူတစ်ဦးအနေဖြင့် ချိန်းဆိုသည့် နေ့ရက်နှင့်အချိန်ကို မပျက်မကွက် တိတိကျကျရောက်ရှိဖို့ လိုပါသည်။ ပေးမည့်သူက အချိန်မှန်၍ ယူမည့်သူက အချိန်နောက်ကျနေပါလျှင် ပေးသူနှင့်ယူသူ အသွင်မတူဖြစ်တတ်ပါသည်။ ဒါကြောင့် ရယူမည့်သူဖြစ်သော စာရေးသူက ချိန်းဆိုရက် မရောက်မီ လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ရပါသည်။

စာရေးသူ၏ရုံးနှင့် စံထောက်စံထူးရောက်ရှိရာနေရာသည် ခရီးအကွာအဝေးအားဖြင့် ၁၀ မိုင်ကျော်ခန့်ရှိပါသည်။ ကိုယ်ပိုင်ကားဖြင့်သွားလျှင် အချိန်အကြာဆုံး နာရီဝက်မျှသာရှိသည်။ လိုင်းကားဖြင့်သွားလျှင် အနည်းဆုံး ၄၅ မိနစ် မှ ၁ နာရီခန့် သွားရသည်။ စာရေးသူအနေဖြင့် လိုင်းကားနှင့်သွားရမည်ဖြစ်၍ ချိန်းဆိုချိန်ထက် စောစီးစွာရောက်ရှိနေဖို့လိုသည်။ ရယူမည့်သူအတွက် စောင့်၍ယူရပါသည်။ ဤသည်မှာ လုံ့လဝီရိယစိုက်ထုတ်ခြင်း၊ အချိန်ကိုလေးစားခြင်းနှင့် ပေးအပ်မည့်သူကို စာနာထားခြင်းတို့ပင် ဖြစ်သည်။

ထို့ကြောင့် ချိန်းဆိုထားသည့်



www.burmeseclassic.com

www.burmeseclassic.com



နေ့ရက် မနက် ၇ နာရီတိတိတွင် ရန်ကုန်–အင်းစိန် လိုင်းကားဖြင့် စုံထောက်စံထူးရှိရာသို့ ။ ။

အခန်း(၂)

"စောလှချည်လား အစ်ကို"

ချိန်းဆိုထားသော အင်္ဂါနေ့မနက် ၉ နာရီမထိုးမီတွင် စုံထောက်စံထူး တစ်ယောက် သူ၏ ရုံးခန်းရှိရာသို့ ရောက်လာသည်။ ရုံးခန်းအတွင်း ကြိုတင်ရောက်ရှိနေသော စာရေးသူကို မြင်တွေ့ရသဖြင့် စုံထောက်စံထူးက အထက်ပါစကားဖြင့် နှုတ်ဆက်ပါသည်။ ထို့ကြောင့် စာရေးသူက ။ ။

"မနက်စောစောဆိုတော့ ဘတ်(စ်)ကားစီးတဲ့ ခရီးသည်ကလည်း ချောင်တယ်။ လမ်းကလည်းရှင်းတော့ စောစောစီးစီးပဲရောက်လာခဲ့တယ်ဗျာ"

"နောက်ကျလည်း ရပါတယ် အစ်ကိုရယ်၊ ကျွန်တော် စောင့်ပေးမှာ ပေါ့"

"အချိန်နောက်ကျတယ်ဆိုတာ တစ်ခုပဲကောင်းတယ် ကိုစံထူးရဲ့"

"ဘာကို ဆိုလိုတာလဲအစ်ကို"

"သေခြင်းအကြောင်းတရားမှာ အချိန်နောက်ကျလေ ကောင်းလေပေါ့ ဗျာ။ အသက်ရှည်ရှည်နေရတာပေါ့"

ဟု စာရေးသူ၏အရွှမ်းအဖောက်ကို စုံထောက်စံထူးက နှစ်သက်သဘောကျစွာဖြင့် အသံထွက်ကာ ရယ်မောနေပါသည်။ ထို့ပြင် စုံထောက်စံထူးက ။ ။

"အစ်ကိုနဲ့ အစ်ကို့ဘော်ဒါ ပုလိပ်သိန်းအောင်တို့ကတော့ အတော်ကို ရွှတ်နောက်နောက်ပြောတတ်တာပဲ"

"ပျော်ပျော်နေ သေခဲဆိုသလို ပေါ့ဗျာ။ စိတ်ညစ်စရာတွေတွေးတော ပြောဆိုနေမယ့်အစား ပျော်ပျော်ရွှင်ရွှင် နေတတ်တော့ အသက်ရှည်တာပေါ့ ဗျာ"

"အဲဒါကြောင့်မို့လား မသိဘူး။ ပုလိပ်သိန်းအောင်ဆိုရင် အသက်(၅၅) နှစ်ထဲရောက်နေပြီ။ အခုထက်ထိ အရွယ်တင်တုန်းပဲ အစ်ကို"

"မှန်တာပေါ့ဗျာ၊ ပုလိပ်သိန်းအောင်က အရွယ်တင်သလို အရင် တွယ်တာဗျ။ ဆရာသမားအတွက်တောင် ဦးချတာတို့၊ ဦးစားပေးတာတို့ မရှိဘူး"

ဟု စာရေးသူ၏ ပြုံးရွှင်စွာပြောသောအသွင်ကို အကြောင်းအပေါင်း သိနေသော စုံထောက်စံထူးက ဟက်ဟက်ပက်ပက်ဖြင့် ဝါးလုံးကွဲမတတ် ရယ်မောနေပါသည်။ ပျော်ရွှင်ရယ်မောခြင်းကို နှစ်သက်သော စာရေးသူက ။ ။

"ကိုစံထူးလည်း ကြားဖူး ကြုံဖူးပါလိမ့်မယ်။ ကိုယ်တို့စစ်ဆင်ရေးဌာနခွဲမှာ တာဝန်ထမ်းစဉ်တုန်းက (ပ) ခြောက်လုံး မောင်ပြုံးဆိုတဲ့ အရာရှိငယ်လေးတစ်ယောက် ရှိခဲ့ဖူးတယ်ဗျ"

"ဟုတ်ကဲ့ ပြောပါအစ်ကို"

ဟိုးလွန်ခဲ့သော တစ်ချိန်က ယခု အင်းစိန်(စီအိုင်ဒီ)ရုံးရှိ စစ်ဆင်ရေးဌာနခွဲသို့ ဒုရဲအုပ် မောင်ပြုံးဆိုသူ လူငယ်လူလွတ်ကလေးတစ်ဦး ပြောင်းရွှေ့ ရောက်ရှိလာသည်။ အောက်သက် ကြေညက်စေရန်အတွက် အသစ်ရောက်လာသော ဒုရဲအုပ်မောင်ပြုံးကို ဌာနခွဲမှူးက တွဲဖက်ရုံးအုပ်အဖြစ် စတင်တာဝန်ချထားပေးသည်။ ရုံးအုပ်တာဝန်ဖြစ်၍ လုပ်ငန်းတာဝန်ဖြင့် တပ်ပြင်သို့ ထွက်ခွင့်မရဘဲ ရုံးကိစ္စ အဝဝကိုသာ ဆောင်ရွက်ရသည်။ လစဉ် ဌာနခွဲ ရှိ တပ်ဖွဲ့ဝင်များအတွက် လစာနှင့်ရိက္ခာငွေကို ရုံးအုပ်နှင့် ဒုရဲအုပ် မောင်ပြုံးတို့မှ ထုတ်ပေးရသည်။ ထိုစဉ်က တပ်ဖွဲ့ဝင်တစ်ဦး၏ လစာနှင့်ရိက္ခာငွေမှာ ငွေကျပ်နှင့်အတူ ပြားဂဏန်းပါ ပါရှိသည်။ လစာထုတ်ယူကြသော တပ်ဖွဲ့ဝင်များက အစွန်းထွက် ပြားငွေများကိုမယူဘဲ ရုံးအုပ်နှင့် ဒုရဲအုပ်မောင်ပြုံးတို့အတွက် စွန့်ကြဲခဲ့ကြသည်။

သို့ကြောင့် ရုံးအုပ်နှင့် ဒုရဲအုပ် မောင်ပြုံးတို့မှာ တပ်ဖွဲ့ဝင်များ၏ သဒ္ဒါ

"ပူပင်ကြောင့်ကြမှုမရှိဘဲ အရိပ်အာဝါသအောက်မှာ သဒ္ဓါတရားရှိသူတွေရဲ့ ပြားပို၊ ပြည်ပိုလေးစားရတာ ဘယ်လောက်အေးချမ်းသလဲ။
အခု မောင်ပြုံးအဖြစ်က အပူစာသွားစားတော့ ဝေဒနာခံစားရပြီး ဒုက္ခဖြစ်ခဲ့ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထက်သန်သော ငွေပြားဂဏန်းတို့ဖြင့် ရုံးခန်းအတွင်း အေးချမ်းစွာဖြင့် ပါးစပ်စိုစိုနေကြရသည်။

တစ်နေ့ စာရေးသူသည် ဒုရဲအုပ်မောင်ပြုံးရှိရာ ရုံးခန်းသို့ ရောက်ရှိသွားသည်။ ရုံးတွင်းလုပ်ငန်းနှင့်ပတ်သက်၍ အလုပ်အကိုင်အဆင်ပြေမှုရှိ/မရှိကို စာရေးသူမှမေးမြန်းကြည့်သည်။ ဒီတော့ ဒုရဲအုပ်မောင်ပြုံးက ..

''အဆင်ပြေပါတယ် ဆရာ၊ တပ်ဖွဲ့ဝင်တွေရဲ့ စေတနာကြောင့် လစဉ် ''ပြားပို''လေးတော့ စားရပါတယ်''

ဟုဆိုပါသည်။ တွဲဖက်ရုံးအုပ်လုပ်သက်တစ်နှစ်ပြည့်သောအခါ ဌာနခွဲမှူးက ဒုရဲအုပ်မောင်ပြုံးကို တပ်ဖွဲ့သ/မဆိုင်သို့ ပို့ပေးသည်။ ထိုစဉ်က တပ်ဖွဲ့သ/မဆိုင်တွင် ဒုရဲအုပ်မောင်ပြုံးက ဆန်အဝယ်လာသူများကို ပြည်တောင်းဖြင့် ချိန်တွယ်ထုတ်ပေးရသည်။ စာရေးသူလည်း ဆန်ထုတ်ရန် တပ်တွင်းသ/မဆိုင်သို့ ရောက်သွားခဲ့သည်။ ဆန်ချိန်တွယ်ပေးနေသော ဒုရဲအုပ်မောင်ပြုံးကို စာရေးသူက ..

''ဘယ်လိုတုန်း မောင်ပြုံးရဲ့၊ သ/မဆိုင်လုပ်ရတာကော အဆင်ချောရဲ့လား''

ဟူသော အမေးကို ဒုရဲအုပ်မောင်ပြုံးက ..

''မဆိုးပါဘူး ဆရာရယ်၊ သ/မဆိုင်မှာ ဆန်ထုတ်ပေးရတော့ 'ပြည်ပို' လေးတော့ စားရပါတယ်''

သ/မဆိုင်မှာ နှစ်ပြည့်သွားတော့ ဌာနခွဲမှူးက ဒုရဲအုပ်မောင်ပြုံးကို အမှုစစ်အရာရှိ(အိုင်အို)အဖြစ် တာဝန်ပေးပါသည်။ တစ်နေ့ အမှုတစ်ခုကို စုံစမ်းစစ်ဆေးဖို့ ဒုရဲအုပ်မောင်ပြုံး နယ်သို့ ခရီးထွက်ခဲ့ရသည်။ မကြာလိုက်ပါ။ အမှုစစ်အရာရှိမောင်ပြုံးအပေါ် တိုင်ကြားစာတစ်စောင် ရောက်လာပါသည်။ ထို့ကြောင့် ဌာနခွဲမှူးက မောင်ပြုံးကိုပြန်ခေါ်၊ တိုင်စာနှင့်ပတ်သက်၍ တိုင်ကြားခံရသူ မောင်ပြုံးအပေါ် ပီအီး (PE) လုပ်၊ စစ်ဆေးပေါ်ပေါက်မှုကြောင့် မောင်ပြုံးကို ဒီအီး (DE) တဆင့်တက်ကာ စစ်မေးခဲ့ရပါသည်။ ဌာနဆိုင်ရာစစ်ဆေးအရေးယူမှုကြောင့် ဒုရဲအုပ်မောင်ပြုံး အလုပ်မှ ဖြုတ်ထုတ်ခြင်းအပြစ်ကို ခံခဲ့ရပါသည်။ မနေနိုင်မထိုင်နိုင်၍ စာရေးသူက မောင်ပြုံးကို သွားရောက်တွေ့ဆုံပြီး အကျိုးအကြောင်း မေးကြည့်သည်။ ဒီတော့ မောင်ပြုံးက ..

''ပြားပို .. ပြည်ပိုလေး စားရတုန်းက ပြဿနာမရှိခဲ့ပေမယ့် အခု အထုတ်သွားပိုက်တော့ 'ပြုတ်ပြီ'ပေါ့ ဆရာရယ်''

အဲဒီကတည်းက မောင်ပြုံး၏ အမည်ရှေ့မှာ (ပ)ခြောက်လုံး မောင်ပြုံးဟု အမည်တွင်ခဲ့ပုံကို စာရေးသူမှ ဖွင့်ဆိုပြပါသည်။ စာရေးသူ၏ စကားအဆုံးတွင် စုံထောက်စံထူးက ..

''အစ်ကိုပြောတဲ့ အလင်္ကာရသစကားက မှတ်သားနာယူတတ်ရင် အိုင်အိုတွေအတွက်တော့ အကျိုးရှိတဲ့စကားပဲ''

''မှန်တာပေါ့ဗျာ။ ပူပင်ကြောင့်ကြမှုမရှိဘဲ အရိပ်အာဝါသအောက်မှာ သဒ္ဓါတရားရှိသူတွေရဲ့ ပြားပို၊ ပြည်ပိုလေးစားရတာ ဘယ်လောက်အေးချမ်းသလဲ။ အခု မောင်ပြုံးအဖြစ်က အပူစာသွားစားတော့ ဝေဒနာခံစားရပြီး ဒုက္ခဖြစ်ခဲ့ရတာပေါ့''

## အခန်း(၃)

''မှန်တာပေါ့ အစ်ကိုရယ်။ လူနဲ့လူ့ပတ်ဝန်းကျင်မှာ နိစ္စဓူဝဖြစ်ပျက်နေတဲ့ အကြောင်းတရားတွေကို သင်ခန်းစာယူပြီး သတိသံဝေဂတရား ရှိကြစေချင်ပါတယ်။ အခု ကျွန်တော်စစ်ဆေးခဲ့တဲ့ ဖြူးက ခေါင်းဖြတ်သတ်မှုဆိုရင် ပြုသူ၊ ပျက်သူတို့ရဲ့ အကုသိုလ်ဒုစရိုက်အမှုတွေ၊ အမှုစုံစမ်းဖော်ထုတ်သူရဲ့ နည်းပညာရပ်တွေကို တွေ့ရှိရမှာပါ။ သင်ခန်းစာယူစရာ၊ မှတ်သားစရာတွေကို အစ်ကို့အနေနဲ့ စာဖတ်ပရိသတ်အတွက် သုတရသစာပေအဖြစ် ဖန်တီးပေးစေချင်ပါတယ်''

ဟု စုံထောက်စံထူးက သူကိုယ်တိုင် စုံစမ်းဖော်ထုတ်ခဲ့သော မိန်းကလေးတစ်ဦး ခေါင်းဖြတ်အသတ်ခံရမှုကို ဤသို့ ဖွင့်ဆိုပြပါသည်။

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က ဖြစ်သည်။ ထိုနေ့သည် စိတ်ဝင်တစားရှိကြသူများအတွက် ချစ်သူများနေ့ (Valentine Day) ဖြစ်သည်။ (Valentine Day) ၏ အနက်အဓိပ္ပာယ်မှာ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ချစ်သူထံ အမည်မဖော်ပေးပို့သည့်စာ၊ ကတ်ပြားဟု ဆိုပါသည်။ တိုက်ဆိုင်၍ပဲလားမသိ။ အမှုမှ အသတ်ခံရသော မိန်းကလေး၏ အမည်နှင့်လိပ်စာကို တစ်နှစ်နီးပါးကြာမှ စုံစမ်းဖော်ထုတ်၍ရသည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com



အတူ ပြစ်မှုကျူးလွန်သူကိုလည်း ၂၀၁၄ ခုနှစ်၊ ချစ်သူများနေ့ (Valentine Day) မှာပင် စုံစမ်းဖော်ထုတ် ဖမ်းဆီးရမိခဲ့သည်။ သို့ကြောင့် ပြစ်မှုကျူးလွန်သူနှင့် သေဆုံးသူတို့မှာ ချစ်သူများနေ့နှင့် မည်သို့မည်ပုံ ပတ်သက်နေသည်ကို ခံစားကြည့်စေချင်ပါသည်။

ထိုနေ့ ၁၄-၂-၂၀၁၃ မနက် ၉ နာရီခန့်တွင်ဖြစ်သည်။ ရန်ကုန်-မန္တလေး မူလပုံမှန်ကားလမ်းပေါ်တွင် တောင်မှမြောက်၊ မြောက်မှတောင်သို့ အသွားအပြန်မောင်းနှင်နေသော ကားများက လှုပ်ရှားလျက်ရှိသည်။ ထို့အတူ လမ်းဘေးဝဲယာ၌ ခြေလျင်လျှောက်သူများကလည်း အသွားအလာမပျက်။ ထိုစဉ် မိုင်တိုင်အမှတ် ၁၃၉/၁ နှင့် ၁၃၉/၂ အကြားရှိ တံတားအမှတ် ၁၄၀/၁ ဇဟားချောင်းတံတား ချောင်းဘေးလမ်းအနောက်ဘက်တွင် သွေးများစွန်းပေနေသော ပီနန်အိပ်ထုပ်တစ်ထုပ်ကို တွေ့ရှိကြသည်။ ထိုနေရာသည် တောင်ငူခရိုင်၊ ဖြူးမြို့နယ် ရဲစခန်းအပိုင်နယ်မြေဖြစ်သည်။ ထို့ကြောင့် တာဝန်သိသူများမှ ဖြူးမြို့နယ် ရဲတပ်ဖွဲ့သို့ အကြောင်းကြားခဲ့ပါသည်။

ထိုသတင်းကို ကြားသိသော ဖြူးမြို့နယ် ရဲတပ်ဖွဲ့မှတာဝန်ရှိသူများသည် အထုပ်ကြီးရှိရာသို့ ရောက်ရှိခဲ့ကြသည်။ ထိုနေရာတွင် သွေးများစွန်းပေနေသော အဖြူရောင်ပီနန်အိတ်၏ ထိပ်ပိုင်းကို စိမ်းပြာရောင်နိုင်လွန်ဇာကွက်ကြိုးဖြင့် ချည်နှောင်ထားသည်။ ထိုကြိုးကိုဖြေ၍ အတွင်းသို့ဖွင့်ရာ၊ ပလတ်စတစ်အိတ်အကြီးအတွင်း၌ ဦးခေါင်းမပါသော ကိုယ်လုံးတီးဖြင့် လူသေအလောင်းကို တွေ့သည်။ ထိုလူသေအလောင်းကို ခြေထောက်နှင့်လက်များခေါက်ကွေး၍ အဝါရောင်နိုင်လွန်ကြိုးဖြင့် ချည်နှောင်ထားသည်။ ဆိုလိုရင်းမှာ သေဆုံးသူ၏ ခန္ဓာကိုယ်ကို အိတ်အတွင်းဝင်ဆန့်ရန် ချုံးခေါက်ထားခြင်းဖြစ်သည်။ ထိုအလောင်းကို ထုတ်ယူလိုက်သောအခါ ဦးခေါင်းပြတ်နေပြီး အဝတ်အထည်မပါ မိန်းကလေးတစ်ဦး ရုပ်အလောင်းဖြစ်နေပါသည်။

ရုပ်အလောင်းတွေ့ရှိရာ အနီးပတ်ဝန်းကျင်တွင် ဦးခေါင်းပြတ်ကိုရှာသည်။ မတွေ့။ သို့သော် ထိုအနီးပတ်ဝန်းကျင်တွင် နီညိုရောင်ကတ္တီပါဖိနပ်(ဝဲဘက်)တစ်ဖက်၊ ဆိုင်ကယ်ဝဲ



အမှုမှ ရန်ကုန် - မန္တလေးကားလမ်း ဇယားချောင်းအတွင်း အမျိုးသမီးခေါင်းပြတ်အား ဆာလာအိတ်ဖြင့်ထည့်ထားသည်ကို တွေ့ရှိရသည့်ပုံ



www.burmeseclassic.com

www.burmeseclassic.com





အမှုမှ ရန်ကုန် - မန္တလေးကားလမ်းဘေး ဇယားချောင်ကမ်းစပ်နပူးတွင် တွေ့ရသည့် မျှော့ကြိုးနှင့် ဆိုင်ကယ်ဝဲဘက်မှန်(ကိုင်းမပါ)ပုံ

ဘက် နောက်ကြည့်မှန်တစ်ချပ်၊ Max$_2$0 တံဆိပ် ရေသန့်ဘူးတစ်ဘူး။ အနက် အနီအစင်းပါ တရုတ်နိုင်ငံလုပ် ဓာတ် အားသွင်းဓာတ်မီးတစ်လက်နှင့် ဆိုင် ကယ်ပေါ်ပစ္စည်းများ ချည်နှောင်ရာ တွင်အသုံးပြုသည့် ချိတ်ကောက်နှစ် ဖက်ပါ မျှော့ကြိုးတစ်ချောင်းတို့ကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ပြစ်မှုတိုင်းတွင် သဲလွန်စများ ကျန်ရစ်နေမြဲ (Every Crime Leaves Clues) ဟု ဆိုရိုး စကားရှိပါသည်။ ထို့ကြောင့် သေဆုံး



အမှုမှ ရန်ကုန် - မန္တလေးကားလမ်း ဇယားချောင်းနပူး မိုင်တိုင်ဘေးတွင် တွေ့ရသည့်ဓာတ်မီးပုံ



ရုပ်အလောင်းအနီးတွင် တွေ့ရှိရသည့် နီညိုရောင် ကတ္တီပါဖိနပ်(ဝဲဘက်)

မှုနှင့် ပတ်သက်သည့် သက်သေခံ ပစ္စည်းများ၊ အနီးပတ်ဝန်းကျင်တွင် တွေ့ရှိရသော သဲလွန်စများကို စနစ် တကျသိမ်းဆည်း၍ ဦးခေါင်းမပါ လူ သေအလောင်းကို သက်ဆိုင်ရာဆေးရုံ သို့ ပို့အပ်ရသည်။

Faces can lie, fingerprints never ဟု မှန်ကန်သောဆိုစကားရှိပါ သည်။ လူတစ်ယောက်၏ မျက်နှာ အသွင်သဏ္ဍာန်ကို အမျိုးမျိုးပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



၍ရနိုင်သော်လည်း ထိုသူ၏ လက်ဗွေပုံစံများသည် မည်သို့မျှပြုပြင်ပြောင်းလဲ၍ မရနိုင်ပါ။ ထို့အတူ အသင်္ချေ အနန္တများမြောင်လှစွာသော လူများတွင် တစ်ဦးနှင့်တစ်ဦး လက်ဗွေပုံစံများ တိုင်ဆိုင်တူညီသည်ဟုလည်း မရှိခဲ့ဖူးပါ။ ထို့ကြောင့် အမျိုးအမည်မသိသေးသော လူသေအလောင်း (Unknown Dead Body) အတွက် ရုပ်အမည်အတည်ပြုခြင်း (Identification) ကို ဆောင်ရွက်ပေးမည့်အရာမှာ သေဆုံးသူ၏ လက်(၁၀)ချောင်းရှိ လက်ဗွေပုံစံများပင် ဖြစ်ပါသည်။

ထို့ကြောင့် သေဆုံးသူ၏ ရုပ်အလောင်းရှိ လက်(၁၀)ချောင်းမှ လက်ဗွေပါရှိသော အရေပြားများကို လှီးဖြတ်ခွာယူဖို့ လိုပါသည်။ ဤလုပ်ငန်းစဉ်ကို ဆေးပညာရှင်များက ကောင်းစွာတတ်ကျွမ်းကြပါသည်။ ကျွမ်းကျင်သူ ဆေးပညာရှင်၏ အကူအညီဖြင့် သေဆုံးသူ၏ လက်ဗွေပုံစံပါ အရေပြားများကို ခွာယူပါသည်။ လှီးဖြတ်ခွာယူပြီးသော အရေပြားများကို မပျက်စီးမယိုယွင်းရလေအောင်စီမံ၍ ဆေးရုံသုံး ပင်နီဆလင်ပုလင်းခွံ(၁၀) လုံးတွင် တစ်ခုချင်းစီထည့်ပါသည်။ လက်ဗွေအရေပြားပါ ပုလင်းသေး (ပင်နီဆလင်ပုလင်း) များတွင် ထည့်သွင်းထားသော လက်(၁၀)ချောင်း၏ အမျိုးအမည်ကို ပုလင်းပေါ်တွင် ထင်ရှားစွာရေးမှတ်ရပါသည်။ ဤသည်မှာ အမှုစစ်အရာရှိ၊ ဆေးပညာရှင်နှင့် လက်ဗွေပါရဂူတို့အတွက် မှုခင်းဆိုင်ရာ ဆေးပညာ (Forensic Medicine) တစ်ရပ်ပင် ဖြစ်ပါပေသည်။

## အခန်း(၄)

"ဆရာရေ.. ကားလမ်း အရှေ့ဘက် မိုင်တိုင် ၁၃၈/၁ နားမှာ သွေးစွန်းနေတဲ့ ပီနန်အိတ်တစ်လုံးတွေ့ပါတယ်။ မနက်ကအိတ်လောက်တော့ မကြီးဘူးဗျ"

ထိုနေ့ညနေ ၅ နာရီခန့်တွင် ဖြစ်ပေသည်။ ဆေးရုံသို့ ရုပ်အလောင်းပို့ပြီး အပြန်တွင် ခေါင်းဖြတ်အသတ်ခံရသော မိန်းကလေး၏ အမှုကို ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှ (ပ)၃၆/၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်သည်။ ကောက်ယူသိမ်းဆည်းခဲ့သော သက်သေခံပစ္စည်းများ၊ သဲလွန်စများကို စနစ်တကျ ထားရှိခဲ့သည်။ သေဆုံးသူ၏ လက်ဗွေများကိုလည်း စီအိုင်ဒီသို့ အမြန်ဆုံးပေးပို့နိုင်ရန် စီစဉ်ရသည်။ ထိုသို့လုပ်ဆောင်နေစဉ် အဆိုပါအမှုကို လွှဲပြောင်းလက်ခံစစ်ဆေးရန် နေပြည်တော် မှုခင်းရဲတပ်ဖွဲ့ (စီအိုင်ဒီ)မှ စုံထောက်စထူးနှင့်အဖွဲ့က လည်း ရဲစခန်းသို့ ရောက်ရှိနေသည်။ ထိုစဉ် အနီးအနားရှိသူ တစ်ဦးမှ အထက်ပါစကားဖြင့် ရဲစခန်းသို့ ဖုန်းဆက် အကြောင်းကြားလာသည်။ ဒီသတင်းကို ကြားသိလိုက်ရသော စုံထောက်စထူးက ..

"လာဗျာ.. ကျွန်တော်တို့အဖွဲ့လည်း တစ်ခါတည်းလိုက်ခဲ့မယ်"

ဟု ဆိုကာ မြို့နယ်ရဲတပ်ဖွဲ့နှင့် စုံထောက်စထူးတို့အဖွဲ့လည်း သတင်းစကားရှိရာသို့ ထွက်လာကြသည်။ ရန်ကုန်–မန္တလေး(ပုံမှန်)လမ်း၊ မိုင်တိုင်အမှတ် ၁၃၈/၁ ရှိ လမ်းအရှေ့ဘက်ခြမ်းသို့ ရောက်သည်။ ထိုနေရာသည် တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ညောင်ပင်သာရဲစခန်းအပိုင်ဖြစ်သည်။ သွေးများစွန်းပေနေသော အဖြူရောင်ပီနန်အိတ်၏ထိပ်ပိုင်းကို အလောင်းအိတ်တွင် ချည်နှောင်သည့် စိမ်းပြာရောင်နိုင်လွန်ဇာကွက်ကြိုးဖြင့် ချည်ထားသည်။ ထိုအိတ်ကို ဖွင့်ဖောက်ကြည့်ရာ အတွင်း၌ ပလတ်စတစ်အိတ်အမည်းရောင်အထုပ်ကိုတွေ့သည်။ ထိုအထုပ်အတွင်း၌ မိန်းကလေးဦးခေါင်းပြတ်နှင့်အတူ သွေးများစွန်းပေနေသော ပီနန်အိတ်အဖြူနှစ်လုံး၊ သေဆုံးသူဝတ်ဆင်သည်ဟု ထင်ရသော ထုံးနန္ဒင်း(သုံးဘီးကား)ရောင် ထဘီတစ်ထည်၊ အဖြူအပြာကွက်ရောင်ရုပ်အင်္ကျီတစ်ထည်

လက်ဗွေပုံစံများ





www.burmeseclassic.com

www.burmeseclassic.com



နှင့် ခေါင်းအုံးစွပ်အဟောင်းတစ်ခု၊ စွပ်ကျယ်စဖြင့် ရက်ထားသော အစင်းကြားခြေသုတ်ခုံတစ်ခုတို့ကို တွေ့ရသည်။ သက်သေခံအထုပ်ကို သယ်ယူ၍ ဆေးရုံသို့ သွားကြသည်။

ဖြူးမြို့နယ်၊ ပြည်သူ့ဆေးရုံရှိ ရင်ခွဲရုံသို့အရောက်တွင် သေဆုံးသူ မိန်းကလေး၏ ဦးခေါင်းနှင့်ကိုယ်တို့ကို အသားများကိုလည်း ဓာတ်ပုံပညာဖြင့် အနီးကပ်ရိုက်ကူး၏။ သေဆုံးသူ မိန်းကလေး၏ လက်ဝဲဘက်လက်ဖျံတွင် အသည်းနှလုံးအတွင်း 'ထွေး' ဟူသော စာလုံးအား ခေါ်စိုက်ထားသော ဆေးမှင်ရုပ်ရေးထိုးထားသည်။ သေဆုံးသူ၏ ခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်အောင် မွှန်းမံပြီးနောက် ဓာတ်ပုံဖြင့် မှတ်တမ်းမည့် စကားရုပ်ပင်ဖြစ်ပါသည်။ သေဆုံးသူ၏ ခန္ဓာကိုယ်ဖွဲ့စည်းမှုကို ကြည့်ရှု၍ ကျွမ်းကျင်သူဆေးပညာရှင်က ..

''အသက် ၃၅ နှစ်နဲ့ ၄၅ အတွင်းပဲဖြစ်နိုင်ချေရှိပါတယ်''

ဟု ထင်မြင်ချက် (Opinion) ပေးပါသည်။ မှုခင်းဆိုင်ရာဆေးပညာနှင့် ပတ်သက်၍ ပြုကျင့်ဖွယ်ရာတို့ကို လုပ်



ဦးခေါင်းတွေ့ရသည့်နေရာမှ သိမ်းဆည်းရမိသည့် ဆာလာအိတ်၊ ထဘီ၊ ခေါင်းအုံးစွပ်၊ ခြေသုတ်အဝတ်၊ အင်္ကျီအစရှိသည့် သက်သေခံပစ္စည်းများ

တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် ရင်ခွဲစစ်ဆေးသည့် ဆရာဝန်အား အကူအညီတောင်းခံရပါသည်။ ရင်ခွဲစစ်ဆေးမှုပြုသူဆေးပညာရှင်ကလည်း အမှုမှန်ပေါ်ပေါက်ရေးအတွက် မိမိတတ်ကျွမ်းသောပညာဖြင့် ကူညီပေး၏။ ထို့နောက် သေဆုံးသူမိန်းကလေး၏ ရုပ်ပုံကို ဓာတ်ပုံဖြင့် မှတ်တမ်းတင်၏။ ခန္ဓာကိုယ်တွင် ထူးခြားသော အမှတ်တင်သည်။ ထို့နောက် အမှုစစ်အရာရှိ စုံထောက်စံထူးက ..

''သေဆုံးသူ မိန်းကလေးရဲ့ အသက်အရွယ်အပိုင်းအခြားကို ဆရာ့အနေနဲ့ ဘယ်လိုများ ထင်မြင်ယူဆပါသလဲ ခင်ဗျ''

၎င်းမေးခွန်းကလည်း သေဆုံးသူ မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုမှုပြုရာတွင် အထောက်အကူဖြစ်စေဆောင်ပြီးနောက် စုံထောက်စံထူးနှင့် အဖွဲ့လည်း ဖြူးမြို့နယ်ရဲတပ်ဖွဲ့သို့ ထွက်လာခဲ့ကြသည်။

မြို့နယ်ရဲတပ်ဖွဲ့စခန်းတွင် အမှုနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ၊ သက်သေခံပစ္စည်းများ၊ သဲလွန်စများကို စုံထောက်စံထူးနှင့်အဖွဲ့က စနစ်တကျလွှဲပြောင်းလက်ခံရယူသည်။ သေဆုံးသူ၏ လက်(၁၀)ချောင်းပါ



www.burmeseclassic.com

www.burmeseclassic.com


လက်ဗွေနမူနာများကိုလည်း မြို့နယ်ရဲတပ်ဖွဲ့အကူအညီဖြင့် မှုခင်းရဲတပ်ဖွဲ့ (စီအိုင်ဒီ)ရှိ လက်ပုံစံကျွမ်းကျင်သူထံသို့ အဆောတလျင်ပေးပို့စေပါသည်။ ထို့နောက် အမှုစစ်အရာရှိစုံထောက်စံထူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှအရာရှိများ ပိုင်းဖွဲ့၍ အမှုအတွက် ဆွေးနွေးကြသည်။

"သေဆုံးသူရဲ့ ခန္ဓာကိုယ်စွန့်ပစ်တဲ့နေရာမှာ ကျကျန်ရစ်တဲ့ သဲလွန်စတွေအရပြောရရင် အလောင်းကို ဆိုင်ကယ်နဲ့တင်ပြီး လာစွန့်ပစ်တာ သေချာသလောက်ရှိပါတယ်"

ဟု စုံထောက်စံထူးမှ စတင်ဖွင့်ဆိုပါသည်။ ထို့နောက် ရဲစခန်းမှူးက ..

"ဖြစ်နိုင်ပါတယ်။ ဆိုင်ကယ်နဲ့ဆိုတော့ ဒီအလောင်းကြီးကို ဝေးဝေးလံလံသယ်ယူလာတာ မဖြစ်နိုင်ပါဘူး။ သတ်သူဟာ ဘယ်အရပ်ဒေသကဆိုတာ မပြောနိုင်ပေမယ့် အသက်ခံရတဲ့ မိန်းကလေးဟာ ကျွန်တော်တို့ အနီးအနားပတ်ဝန်းကျင်က ဖြစ်ဖို့များပါတယ်"

"ဟုတ်ပါတယ်၊ ဒါကြောင့်မို့လို့ မြို့နယ်ရဲတပ်ဖွဲ့အနေနဲ့ ဖြူးမြို့နယ်လက်အောက်မှာရှိတဲ့ အပိုင်ရဲစခန်းတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို အသိပေးအကြောင်းကြားပြီး သေဆုံးသူ မည်သူမည်ဝါဆိုတာကို အဖြေသိရမှ ကျွန်တော်တို့ ရှေ့ဆက်လို့ရမှာပါ။ ကျွန်တော်တို့အဖွဲ့ကတော့ တောင်ငူတပ်ဆွယ်မှာ အခြေချပြီး တောင်ငူခရိုင်အတွင်း စုံစမ်းလေ့လာပါ့မယ်"

"သေဆုံးသူရဲ့ လက်(၁၀)ချောင်းက လက်ဗွေပုံစံတွေရရင်တော့ ဆရာကိုစံထူးတို့အတွက် ထူးခြားမှုတစ်ခုရရှိမှာပါ"

"မှန်ပါတယ် ခင်ဗျ။ ဒါကြောင့် သေဆုံးသူရဲ့ လက်ပုံစံအမြန်ရဖို့နဲ့ လက်ပုံစံကျွမ်းကျင်သူတွေကိုလည်း ကျွန်တော်တို့အခြေချမယ့် တောင်ငူခရိုင်ရုံးကို ခေါ်လိုက်ပါမယ်"

အခန်း(၅)

"ကျွန်တော်တို့ ရောက်ပါပြီ။ သေဆုံးသူရဲ့ လက်ပုံစံ ၁၀ ချောင်းလုံး ကောင်းပါတယ်"

စုံထောက်စံထူးနှင့်အဖွဲ့သည် တောင်ငူမြို့ရှိ မှုခင်းရဲတပ်ဖွဲ့တပ်စိတ်(၃)တွင် အခြေချနေပါသည်။ သေဆုံးသူမိန်းကလေး၏ ရုပ်အလောင်းဓာတ်ပုံနှင့် ဝဲဘက်လက်တွင် ရေးထိုးထားသော ဆေးမှင်ကြောင်အမှတ်အသားဓာတ်ပုံတို့အား ရဲတပ်ဖွဲ့နှင့်သက်ဆိုင်သော အင်တာနက်တွင် ထုတ်လွှင့်ပါသည်။ အဆိုပါမိန်းကလေး၏ အမည်၊ နေရပ်နှင့် ဆက်နွယ်သိရှိပါက ဆက်သွယ်အကြောင်းကြားရန် တယ်လီဖုန်းနံပါတ်နှင့် လိပ်စာတို့ကိုလည်း ဖော်ပြထားပါသည်။ ထို့ပြင် ဓာတ်ပုံများကိုလည်း ရိုက်ကူးပွားများ၍ တောင်ငူခရိုင်နှင့် ပဲခူးခရိုင်အတွင်းရှိ တိုင်း၊ ခရိုင်နှင့် ရဲစခန်းများသို့ ကူညီစုံစမ်းပေးရန် လက်ကမ်းစာဖြန့်ဝေခဲ့ပါသည်။

သေဆုံးသူ၏အမည်၊ နေရပ်ရရှိရေးအတွက် စိုက်လိုက်မတ်တတ်ဆောင်ရွက်နေစဉ် ရုံးခန်းဝင်ပေါက်မှ အထက်ပါစကားသံကြောင့် အသံလာရာသို့ မော့ကြည့်မိသည်။ ရုံးခန်းအဝတွင် မှုခင်းသိပ္ပံနှင့်နည်းပညာဌာနခွဲ၊ လက်ပုံစံဌာနစုမှ လက်ဗွေပါရဂူ စုံထောက်မေစံထားနှင့်အဖွဲ့ကို တွေ့သည်။ မြင်ကွင်းကိုကြည့်၍ စုံထောက်စံထူးက ..

"ဟာ .. မေစံထားလည်း ပါလာတာကိုး။ လာ ထိုင်ကြကွာ"

စုံထောက်မေစံထားနှင့်အဖွဲ့ စုံထောက်စံထူး၏ စားပွဲရှေ့ရှိ ထိုင်ခုံများတွင် ဝင်ထိုင်ကြသည်။ ထို့နောက် စုံထောက်မေစံထားက သူမ၏ အိုင်အိုဘောက်(စ်)ထဲမှ လိုမ့်နှိပ်ထားသော လက်ပုံစံစာရွက်နှင့် ရိုက်ကူးထားသော လက်ပုံစံဓာတ်ပုံများကို ထုတ်ယူ၍ စားပွဲပေါ်သို့ တင်သည်။ ထို့နောက် လက်ဗွေပညာရှင် စုံထောက်မေစံထားက ..

"သေဆုံးသူမိန်းကလေးရဲ့ လက်ပုံစံဟာ တော်တော်ကို ထူးခြားပါတယ် ဆရာ"

"ဘယ်လိုထူးခြားတာလဲ မေစံထားရဲ့"

"လက်ပုံစံ (၁၀)ချောင်းလုံးမှာ (၉)ချောင်းဟာ လှိုင်းဗွေတွေပဲဖြစ်ပြီး ဘယ်ဘက်လက်ညှိုးတစ်ချောင်းက ခရုပတ်ဗွေဖြစ်နေလို့ပါ"

ဟု ဆိုကာ သေဆုံးသူမိန်းကလေး၏ လက်ဗွေပုံစံဖော်ထုတ်မှုကို စုံထောက်မေစံထားက အောက်ပါအတိုင်း ဖွင့်ဆိုပြပါသည်။

ရုပ်အလောင်းတွေ့ရှိပြီး နောက်တစ်နေ့တွင် သေဆုံးသူမိန်းကလေး၏ အရေခွံခွာထားသော လက်ပုံစံများ ရောက်ရှိလာသည်။ ထိုလက်ဗွေပါ အရေခွံများကို လက်ပုံစံယူ...ရေးယာ


www.burmeseclassic.com

www.burmeseclassic.com



တွင် အံဝင်ဂွင်ကျစွပ်၍ လက်ဗွေနှိပ်မှင်ဖြင့် သုတ်လိမ်းပြီး ဓာတ်ပုံပညာဖြင့် အနီးကပ်ရိုက်ကူးသည်။ ထို့နောက် မှင်သုတ်လိမ်းထားသော လက်ဗွေကို သက်ဆိုင်ရာပုံစံကွက်၌ စနစ်တကျ လှိမ့်နှိပ် လက်ဗွေအဖြစ် ရယူသည်။ ရယူပြီးသော လက်ဗွေပါ လက်ပုံစံ(၁၀) ချောင်း စလုံးကို မှုခင်းမှတ်တမ်းဌာန ခွဲရှိ မိန်းကလေးလက်ပုံစံများနှင့် တိုက်ဆိုင် စစ်ဆေးကြည့်သည်။ ပြစ်မှုဖြင့် မှတ်တမ်းရယူထားသော လက်ဗွေများ နှင့် သေဆုံးသူမိန်းကလေး၏ လက်ဗွေ တို့မှာ တူညီတိုက်ဆိုင်မှုမရှိခဲ့ပါ။ ထို့ ကြောင့် သေဆုံးသူမိန်းကလေးသည် ရာဇဝတ်ပြစ်မှုဖြင့် အရေးယူအပြစ် ပေးခံခဲ့ရသော လက်ဗွေလူဆိုးမဟုတ် ကြောင်း သိရသည်။ သို့သော် အခင်း ဖြစ်ပွားရာ အရပ်ဒေသနှင့် ပတ်ဝန်း ကျင်ရှိ လဝကရုံးများမှ မိန်းကလေး လက်ဗွေပုံစံများဖြင့် တိုက်ဆိုင်စစ်ဆေး ရန်ဖြစ်ကြောင်း ပြောဆိုပြပါသည်။ မေစံထား၏ စကားအဆုံးတွင် စုံထောက်စံထူးက ..

''ဆရာကတော့ သေဆုံးတဲ့ မိန်းကလေးဟာ တောင်ငူခရိုင်ထဲက ဖြစ်မယ်လို့ ယူဆတယ်ကွ''

''ဟုတ်ကဲ့ပါ ဆရာ''

''တောင်ငူခရိုင်ထဲမှာက တောင်ငူ မြို့၊ ရေတာရှည်၊ ထန်းတပင်၊ ကျောက်ကြီးနဲ့ အုတ်တွင်းစတဲ့ မြို့နယ် လဝကရုံး(၆)ရုံးရှိတယ်။ အဲဒီ (၆) မြို့နယ်မှာ မှတ်ပုံတင်လက်ဗွေပုံစံရယူ ထားတဲ့ မိန်းကလေးဦးရေက (၁၀) သိန်းလောက်ရှိတယ်လို့ ဆရာလေ့လာ သိရတယ်''

''ဘုရား ..ဘုရား ဆရာရယ်၊ အဲဒီမိန်းကလေး (၁၀)သိန်းရဲ့ လက်ပုံစံ တွေကိုသာ အကုန်စစ်ရမယ်ဆိုရင် ဆရာ့တပည့်မေစံထားအတွက် အိမ် ထောင်ဖက်အဖြစ် တောင်ငူသားတစ် ယောက်နဲ့ အိမ်ထောင်ပြုရမလို ဖြစ် နေပြီ''

''အဲဒီအတွက်တော့ မပူပါနဲ့ မေ စံထားရယ်၊ ဆရာကိုယ်တိုင် ရှာထား ပြီးပါပြီ''

''ဘာရှာထားတာလဲ ဆရာရဲ့၊ ကျွန်မက တင်စားပြီးပြောတာပါ''

''ဟုတ်ပါတယ်၊ ဆရာရှာထား တယ်ဆိုတာကလည်း မေစံထားတို့ လုပ်ငန်းအတွက် အဖြေရှာထားတာကို ပြောတာပါ''

စုံစမ်းစစ်မေးသူ၏ ဗိဇ္ဇာပညာ ရပ်နှင့် နည်းပညာရှင်သိပ္ပံပညာရပ်တို့ မှာ အပြန်အလှန် အကြောင်းအကျိုး ပြုပါသည်။ ယခုအမှုတွင် ဗိဇ္ဇာပညာ ရှင်က သိပ္ပံပညာရှင်အား အထောက် အကူပြုပုံကို ညွှန်းဆိုချင်ပါသည်။ အမှု စစ်အရာရှိစုံထောက်စံထူးက သေဆုံး သူမိန်းကလေး၏ အသက်အရွယ်ကို ကျွမ်းကျင်သူဆေးပညာရှင်(ဆရာဝန်) အား ထင်မြင်ချက် (Opinion) တောင်း ဆိုခဲ့ရာ အသက်(၃၅)နှစ်မှ (၄၅)နှစ် အတွင်းဖြစ်ကြောင်း ခန့်မှန်းပေးသည်။ ထို့ကြောင့် တောင်ငူခရိုင်အတွင်းရှိ လဝကရုံးများမှ ခန့်မှန်းပေးထားသော အသက်အရွယ်အတွင်းရှိ မိန်းကလေး များ၏ လက်ဗွေပုံစံကိုသာ ရယူရမည် ဖြစ်သည်။ ထိုကိစ္စကိုလည်း အမှုစစ် အရာရှိစုံထောက်စံထူးမှ ကြိုတင် မေးမြန်းစုံစမ်းထားရာ တောင်ငူခရိုင်၌ ခန့်မှန်းအသက်အရွယ်အတွင်း မိန်းက လေးလက်ဗွေပုံစံ ကိုးသောင်းကျော်ရှိ ကြောင်း သိရှိရပုံကို စုံထောက်စံထူး က နည်းပညာရှင်စုံထောက်မေစံထား အား ခင်းပြသည်။

''တော်သေးတာပေါ့ ဆရာရယ်၊ ဆရာ့ရဲ့ဗိဇ္ဇာပညာအသိကြောင့် ကျွန်မ တို့အတွက် အချိန်ကုန်လူပင်ပန်းမှု သက်သာသွားတာပေါ့''

ဤသို့ဖြင့် လက်ဗွေပညာရှင် စုံထောက်မေစံထားနှင့်အဖွဲ့သည် တောင်ငူခရိုင်အတွင်းရှိ လဝကရုံးများ မှ နိုင်(၂)ပုံစံပါ မိန်းကလေးလက်ဗွေ ပုံစံများကို သေဆုံးသူ လက်ဗွေပုံစံများ နှင့် တိုက်ဆိုင်စစ်ဆေးခဲ့ကြသည်။ ထို့အတူ စုံထောက်စံထူးနှင့်အဖွဲ့က လည်း တောင်ငူခရိုင်အတွင်း တပ်ဖြန့် ကာ ခေါင်းဖြတ်အသတ်ခံရသူမိန်းက လေး၏ အမည်နေရပ်ရဖို့အတွက် ..

## အခန်း(၆)

''အဲဒီလိုနဲ့ နှစ်လစွန်းစွန်း လောက်ရောက်လာတော့ တိုက်ဆိုင် စစ်ဆေးတဲ့ လက်ဗွေကိုးသောင်းကျော် လည်း ကုန်သွားခဲ့ပြီ။ ဒါပေမဲ့ သေဆုံး သူ မိန်းကလေးရဲ့ လက်ဗွေနဲ့တူညီ တယ်ဆိုတဲ့ အဖြေက ထွက်မလာခဲ့ဘူး။ ရှာလည်ပြီး စုံစမ်းခဲ့တဲ့ ကျွန်တော်တို့ အဖွဲ့လည်း ထီးဖြူဘိနပ်ပါးပဲ ဖြစ်ခဲ့ ရတယ် အစ်ကိုရဲ့''

ဟု စုံထောက်စံထူးက လုပ်ငန်း အောင်မြင်မှုမရှိပုံကို ဖွင့်ဆိုပြပါသည်။ ဒီတော့ စာရေးသူက ..

''ဒီလိုပဲပေါ့ ..ကိုစံထူးရယ်၊ လုပ်ငန်းတစ်ခု အောင်မြင်တိုးတက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာဟာ ကံ၊ ဉာဏ်၊ ဝီရိယ အရေး သုံးပါးစလုံးနဲ့ ပတ်သက်တယ်ဗျ။ ဉာဏ်နဲ့ဝီရိယ အားထုတ်မှုကောင်းသော်လည်း ကံက မဖက်သေးရင် ဒီလိုပဲ လွဲချော်မှုလေးတွေ ဖြစ်တတ်ပါတယ်''

''ဟုတ်ပါတယ် အစ်ကို၊ ကံဖက်လာတဲ့ တစ်နေ့မှာ အဲဒီသေဆုံးတဲ့ မိန်းကလေးရဲ့ အမည်နဲ့နေရပ်ကို လွယ်လွယ်ပဲ ဖော်ထုတ်ရရှိခဲ့ပါတယ်''

''ဆိုစမ်းပါဦးဗျ။ ခင်ဗျား အမှုက ဇာတ်ရှိန်တက်လာပြီ''

အခင်းဖြစ်ပြီး တစ်နှစ်နီးပါး ခန့်အကြာ စုံထောက်စံထူးအခြေပြုရာ မှုခင်းတပ်ဆွယ်သို့ အမျိုးသမီးတစ်ဦး ရောက်လာခဲ့သည်။ ထိုအမျိုးသမီးမှာ ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းမြို့နေ မစန်းစန်းဖြစ်သည်။ မစန်းစန်းက ညီမဖြစ်သူ မသန်းထွေးမှာ လွန်ခဲ့သော တစ်နှစ်ခန့်က ပျောက်ဆုံးသွားခဲ့ကြောင်း ဆိုသည်။ ပျောက်ဆုံးသွားသူ မသန်းထွေး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၇/ကတခ (နိုင်)၀၉၆၆၄၂ ဖြစ်ပြီး ယခု ယူဆောင်လာသော ပျောက်ဆုံးသူ၏ မှတ်ပုံတင်ကိုပါ စုံထောက်စံထူးထံသို့ အပ်ပေးသည်။

ပျောက်ဆုံးသူ မသန်းထွေး၏ မှတ်ပုံတင်ကို ကိုင်တွယ်ကြည့်ရှုကာ စုံထောက်စံထူး၏ ရင်တွင်းမှခံစားရသော သံသယများကို ဖွင့်ပြချင်ပါသည်။ တစ်ခုသောသံသယမှာ ပျောက်ဆုံးသူ မသန်းထွေးသည် ဦးခေါင်းဖြတ်အသတ်ခံရသော မိန်းကလေးအမှန်တကယ်ဖြစ်ခဲ့ပါလျှင် အမှောင်တွင်းထဲသို့ ရောက်ရှိနေသော အမှုမှာ အလင်းသို့ ရောက်ရှိတော့မည်ဖြစ်၍ မိမိလုပ်ငန်းအတွက် ဂုဏ်ယူဝင့်ကြွားသော သံသယတစ်ခု။ နောက်သံသယတစ်ခုမှာ မိန်းကလေးတစ်ဦးအတွက် ရှိသင့်ရှိထိုက်သော ရုပကာရှိပါလျက် အားနွဲ့သူအား ဤမျှ ရက်ရက်စက်စက်ပြုကျင့်သူအပေါ် မကျေနပ်မှုသံသယနှင့် အသတ်ခံရသူ မိန်းကလေး၏ ဖြစ်စဉ်ကို ကရုဏာသက်မိခြင်းပင် ဖြစ်ပါသည်။

မည်သို့ရှိစေ အဖြစ်မှန်ကို အခြေထုတ်ဖို့အတွက် ပျောက်ဆုံးသူ၏ မှတ်ပုံတင်ကို စုံထောက်စံထူးမှ ရယူခဲ့သည်။ ထို့နောက် ပဲခူးခရိုင်၊ ကျောက်တံခါးမြို့နယ် လဝကရုံးမှ ပျောက်ဆုံးသူ မသန်းထွေး၏ မှတ်ပုံတင်နံပါတ်ပါ နိုင်(၂)ပုံစံရှိ လက်ဗွေပုံစံများကို တောင်းယူခဲ့သည်။ ပျောက်ဆုံးနေသူ မသန်း ထွေး၏ မှတ်ပုံတင်၊ လဝက၏ နိုင်(၂)ပုံစံများ လက်ဝယ်ရရှိထားပြီးဖြစ်၍ အမှုစစ်အရာရှိစုံထောက်စံထူးက ..

''ဖော်လွင်ဦးရေ''

''ဟုတ်ကဲ့ဆရာ .. လာပါပြီ''

''မင်း .. ဟောဒီမှတ်ပုံတင်နဲ့ နိုင်(၂)ပုံစံတွေကိုယူပြီး တို့လက်ပုံစံဌာနက လက်ဗွေကျွမ်းကျင်သူဆီ အခုပဲသွားကွာ။ ဟိုမှာရှိနေတဲ့ ဖြူးက Unknown Dead Body လက်ဗွေနဲ့ ချက်ချင်းတိုက်စစ်ပေးဖို့ပြော။ ငါလည်း ဖုန်းဆက်ထားပေးမယ်။ စစ်ဆေးချက်အဖြေကို မင်းနဲ့တစ်ပါတည်း ပြန်ယူခဲ့ကွာ။ စစ်ဆေးပြီးလို့ ထူးခြားချက်ရှိရင် ငါ့ဆီချက်ချင်းဖုန်းဆက်ကွာ''

''ဟုတ်ကဲ့ ဆရာ''

ပျောက်ဆုံးသူ မသန်းထွေး၏ လက်ဗွေပုံစံနှင့် အမည်၊ နေရပ်မသိ သေဆုံးသူတို့၏ လက်ဗွေပုံစံတူညီမှု ရှိ/မရှိကို အဖြေထုတ်ပေးဖို့မှာ လက်ပုံစံကျွမ်းကျင်သူ၏ ပညာရပ်ပင်ဖြစ်ပါသည်။ ထိုအဖြေစကားထွက်မလာမီ ပျောက်ဆုံးသူ မသန်းထွေး၏ အကျိုးအကြောင်းကိုသိလို၍ စုံထောက်စံထူးက ..

''တစ်နှစ်နီးပါးရှိမှ ညီမဖြစ်တဲ့ မသန်းထွေးပျောက်ဆုံးနေတာကို သိတယ်ဆိုတော့ .. ဘယ်လိုဘယ်ပုံသိတယ်ဆိုတာ ပြောပြပါလား''

မသန်းထွေးသည် တောကျွဲအင်းဇာတိဖြစ်၍ အသက်(၁၆)အရွယ်တွင် အမျိုးသားတစ်ဦးနှင့် အိမ်ထောင်ကျခဲ့ပြီး သားတစ်ယောက်ရရှိခဲ့ပါသည်။ အိမ်ထောင်သက်(၇)နှစ်တွင် သဘောချင်းမတိုက်ဆိုင်၍ အိမ်ထောင်ကွဲခဲ့ကြသည်။ ၂၀၀၈ ခုနှစ်တွင် မသန်းထွေးသည် ဘားအံမြို့သို့ သွားရောက်၍ အရောင်းအဝယ်အလုပ်ကို လုပ်ကိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ဘားအံမြို့မှ တောကျွဲအင်းသို့ ပြန်ရောက်လာသည်။ သူမ၏ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို အစ်မဖြစ်သူ မစန်းစန်းထံတွင်ထားရှိပြီး အစ်ကိုဖြစ်သူ ကိုခိုင်ဝင်း၊ အဒေါ်ဝမ်းကွဲတော်သူ မစန်းထွေးနှင့် ခင်မင်ရင်းနှီးသူများ၏နေအိမ်များတွင် ညအိပ်ညနေ ရက်ရှည်စွာ လှည့်လည်နေထိုင်လေ့ရှိသည်။ တစ်ခါတစ်ရံ မည်သူ့ကိုမျှ အသိမပေးဘဲ ဘားအံမြို့သို့ဖြစ်စေ၊ တခြားမြို့ရွာသို့ဖြစ်စေ သွားလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှုမှန်
ဖော်ထုတ်ဖို့အတွက်
တံတားကြီး(၃)စင်းကို
ကျော်ဖြတ်ရပါသည်။
ပထမတံတားမှာ
အခင်းဖြစ်အရပ်ပင်
ဖြစ်သည်။
ထိုအခင်းဖြစ်အရပ်တွင်
ထင်ဟတ်ကျန်ရှိနေသော
သက်သေခံပစ္စည်း၊
သဲလွန်စခြေရာလက်ရာတို့မှာ
မကျိုးမပျက်
ပကတိအတိုင်း
တည်ရှိဖို့လိုသည်။
ထိုပထမတံတားမှာ ပျက်စီး
ကျိုးပြတ်နေပါက ရှေ့ဆက်ဖို့
အခက်အခဲရှိပါသည်။

မသန်းထွေး၏သားသည် အသက် (၂၀)ကျော် (၂၅)ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံတွင် အလုပ်လုပ်နေသည်။ မကြာမီရက်ပိုင်းက ထိုကလေးသည် တောကျွဲအင်းသို့ ရောက်ရှိလာသည်။ မိခင်ဖြစ်သူ မသန်းထွေးကို တောကျွဲအင်းတွင်မတွေ့၍ မေးမြန်းစုံစမ်းရာ မည်သူကမှ အဖြေမပေးနိုင်ဘဲ ရှိနေခဲ့သည်။ မိခင်နေထိုင်ခဲ့ဖူးသော ဘားအံမြို့သို့ ဆက်သွယ်စုံစမ်းသော်လည်း ဘားအံမြို့တွင် မရှိကြောင်း သိရသည်။ ထို့ကြောင့် ပြည်ပနိုင်ငံပြန်ထွက်ဖို့ နိုင်ငံကူးလက်မှတ်လုပ်ရန် မိခင်မသန်းထွေး၏ မှတ်ပုံတင်ကိုမေးရာ အဒေါ်ဖြစ်သူ မစန်းစန်းက ၎င်းထံတွင် မိခင်မသန်းထွေး၏ မှတ်ပုံတင်ရှိကြောင်း ပြောဆိုပြီး ထုတ်ပေးသည်။ ဒီတော့ သားဖြစ်သူက မိခင်မှာ မှတ်ပုံတင်မရှိဘဲ ဤမျှကြာကြာခရီးသွား၍ မဖြစ်နိုင်ကြောင်း။ ထို့ကြောင့် သက်ဆိုင်ရာသို့အကြောင်းကြားရန် ပြောဆိုခဲ့သည်။ ထို့ကြောင့် သက်ဆိုင်ရာနယ်မြေမှတဆင့် ယခုစုံထောက်စံထူးသို့ ရောက်ရှိခဲ့ရကြောင်း။ ပျောက်ဆုံးနေသူ မသန်းထွေး၏အစ်မ မစန်းစန်းက ပြောဆိုပြသည်။ မစန်းစန်း၏ စကားအဆုံးတွင် စုံထောက်စံထူးက ..

"ကျွန်တော်မသိလို့ မေးပါရစေဗျာ"

"ဟုတ်ကဲ့ မေးပါဆရာ"

"ခင်ဗျားတို့နေတဲ့ တောကျွဲအင်းနဲ့ဖြူးမြို့ဟာ ဘယ်လောက်ဝေးလို့လဲ"

"မဝေးပါဘူးဆရာ"

"ဖြူးရဲ့စခန်းအပိုင် ကားလမ်းဘေးမှာ မိန်းကလေးတစ်ယောက်ကို ခေါင်းဖြတ်သတ်ပြီး လာပစ်သွားတယ်ဆိုတာ မသိလိုက်ဘူးလား"

"သတင်းတော့ကြားမိပါတယ်။ ဂဃနဏတော့ မသိပါဘူး"

"အခုပျောက်ဆုံးနေတဲ့ ခင်ဗျားညီမ မသန်းထွေးဟာ လွန်ခဲ့တဲ့ တစ်နှစ်နီးပါးက ခေါင်းဖြတ်အသတ်ခံရတဲ့ မိန်းကလေးဖြစ်နေရင် .."

## အခန်း(၇)

"သေချာပါတယ် ဆရာ၊ မသန်းထွေးရဲ့ မှတ်ပုံတင်ပါ လက်ဝဲလက်မနဲ့ လဝကရဲ့ နိုင်(၂)ပါ လက်(၁၀)ချောင်း လက်ဗွေပုံစံတွေဟာ သေဆုံးသူ မိန်းကလေးရဲ့ လက်(၁၀)ချောင်းပါ လက်ဗွေပုံစံတွေနဲ့ တစ်ထပ်တည်း တူညီပါတယ်"

ဟု လက်ပုံစံကျွမ်းကျင်သူ စုံထောက်မေစံထားကိုယ်တိုင် အမှုစစ်အရာရှိ စုံထောက်စံထူးသို့ တယ်လီဖုန်းဖြင့် ကြိုတင်သတင်းပါးခဲ့ပါသည်။ ထို့ကြောင့် ဤအမှုတွင် ခေါင်းဖြတ်အသတ်ခံရသော မိန်းကလေးမှာ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်းဇာတိ၊ အောင်ဇေယျရပ်ကွက်နေ (ဖ)ဦးချစ်ဆိုင်၏သမီး အသက်(၄၁)နှစ်ရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၇/ကတန(နိုင်) ဝ၉၆၆၄၂ ကိုင်ဆောင်သူ မသန်းထွေးဖြစ်ကြောင်း၊ သေဆုံးသူ၏ ရုပ်၊ အမည် အတည်ပြုရရှိခဲ့ပုံကို စုံထောက်စံထူးမှ စာရေးသူသို့ အကျယ်တဝင့် ဖွင့်ဆိုပြသည်။

မှုခင်းများကို စုံစမ်းဖော်ထုတ်ရ



www.burmeseclassic.com

သော အမှုစစ်များမှာ အမှုမှန်ဖော်ထုတ်ဖို့အတွက် တံတားကြီး(၃)စင်းကို ကျော်ဖြတ်ရပါသည်။ ထိုတံတားကြီး(၃)စင်းစလုံးခိုင်ခန့်တောင့်တင်းပါမှ လိုရာခရီးကို ရောက်ရှိမှာဖြစ်သည်။ ပထမတံတားမှာ အခင်းဖြစ်အရပ်ပင်ဖြစ်သည်။ ထိုအခင်းဖြစ်အရပ်တွင် ထင်ဟပ်ကျန်ရှိနေသော သက်သေခံပစ္စည်း၊ သဲလွန်စခြေရာလက်ရာတို့မှာ မကျိုးမပျက် ပကတိအတိုင်း တည်ရှိဖို့လိုသည်။ ထိုပထမတံတားမှာ ပျက်စီးကျိုးပြတ်နေပါက ရှေ့ဆက်ဖို့ အခက်အခဲရှိပါသည်။ ထို့ကြောင့် ရာဇဝတ်ဖြစ်မှုတိုင်းတွင် ပထမတံတားတစ်စင်းဖြစ်သော အခင်းဖြစ်အရပ်မကျိုးပျက်ဖို့လိုပါသည်။

ဒုတိယတံတားမှာ မြင်တွေ့ကြားသိကြသော စကားပြောတတ်သည့်သက်သေ (Oral Evidence) နှင့် စကားမပြောတတ်သောသက်သေ (Mute Evidence) တို့ဖြစ်သည်။ သက်ရှိသက်သေဖြစ်သော လူပုဂ္ဂိုလ်များကလည်း တွေ့မြင်ကြားသိမှုကို မဖုံးမကွယ်ဘဲ မှန်မှန်ကန်ကန်သစ္စာရှိစွာ ပြောဆိုပြဖို့လိုသည်။ ဤသို့မဟုတ်ဘဲ ရုံးရောက်၊ ဂိတ်ရောက် အမုန်းပွားမည်စိုး၍ မျက်နှာလွှဲခဲပစ်နေခဲ့ပါလျှင် ဒုတိယတံတားကျိုးကျသကဲ့သို့ ရှိပါမည်။ ထို့အတူ သက်မဲ့သက်သေဖြစ်သော သဲလွန်စများ၊ သက်သေခံပစ္စည်းများ၊ ပြစ်မှုဖြင့် ဆက်စပ်သော အကြောင်းအရာများကိုလည်း ကျွမ်းကျင်သူပညာရှင်များ၏ မှန်ကန်သော ထင်မြင်ချက် (Opinion) သည်လည်း ဒုတိယတံတားပင်ဖြစ်သည်။ထို့ကြောင့် သက်ရှိ၊ သက်မဲ့တို့၏ တာဝန်သိမှု၊ မှန်ကန်မှုသည် ဒုတိယတံတား မကျိုးမပြတ်ခြင်းဖြစ်သည်။

တတိယတံတားမှာ ပြစ်မှုကျူးလွန်သူ တရားခံအစစ်အမှန်ကို ဖော်ထုတ်ခြင်းနှင့် အထောက်အထား အခိုင်အမာတည်ဆောက်ခြင်းဖြစ်သည်။ ထိုတံတားသည် အမှုစစ်အရာရှိ၏ အရည်အချင်းနှင့် အတွေ့အကြုံပင်ဖြစ်သည်။ ပထမတံတားကလည်း မကျိုး၊ ဒုတိယတံတားကလည်း ခိုင်မာပါလျက် တတိယတံတားကျိုးနေပါက ပြစ်မှုကျူးလွန်သူတရားခံအတွက် အခွင့်အရေးရရှိကာ အမှုပျက်ပြယ်သွားနိုင်ပါသည်။ ထို့ကြောင့် အမှုစစ်အရာရှိသည် မိမိစစ်ဆေးသော အမှုတွင် တံတားကြီး(၃)စင်း မကျိုးစေရန် အစဉ်သတိရှိဖို့ လိုအပ်ပါသည်။

ယခုအမှုတွင် ပထမတံတားတစ်စင်း၏ ကြံ့ခိုင်မှုကြောင့် သေဆုံးသူ မည်သူမည်ဝါဆိုသည်ကို အဖြေထုတ်၍ ရခဲ့ပြီဖြစ်သည်။ ထို့အတူ အခင်းဖြစ်အရပ်၌ ထင်ဟပ်ကျန်ရှိခဲ့သော စကားမပြောတတ်သည့် သက်မဲ့သဲလွန်စများ၊ သက်သေခံပစ္စည်းများကို စကားပြောတတ်လာအောင် အသက်သွင်း၍ ဒုတိယတံတားကို တက်လှမ်းရပေတော့မည်။ ထို့ကြောင့် စာရေးသူက ..

"ဒုတိယတံတားခိုင်ခန့်အောင် ကိုစံထူးက ဘယ်လိုတည်ဆောက်ခဲ့တယ်ဆိုတာလေး ဆက်ပါဦး"

"သေဆုံးသူ မသန်းထွေးဟာ သူ့အရပ်သူ့ဒေသမှာ အသတ်ခံရတယ်လို့ ယူဆပါတယ်။ မိန်းမသားတစ်ယောက်ကို အဲဒီလောက် ရက်ရက်စက်စက်သတ်ရတဲ့အကြောင်းကို စတင်လေ့လာခဲ့ပါတယ်။ ဒါကြောင့် သေဆုံးသူနဲ့ပတ်သက်ပြီး သူ့ရဲ့နောက်ကြောင်းကို လိုက်ကြည့်ပါတယ်"

သေဆုံးသူ မသန်းထွေးသည် အိမ်ထောင်ပျက်၊ တစ်ခုလပ်မိန်းကလေးတစ်ယောက်ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် တောကျွဲအင်းမှ ဘားအံမြို့သို့သွားရောက်၍ ဈေးရောင်းဈေးဝယ် အလုပ်ဖြင့် အသက်မွေးမှုပြုခဲ့သည်။ စီးပွားရေးအဆင်ပြေ၏။ စုမိဆောင်းမိရှိသည်။ သို့သော် ထိုအရပ်ဒေသရှိ အိမ်ထောင်ရှင်အမျိုးသားတစ်ဦးနှင့် ငြိစွန်းခဲ့သည်။ တစ်လခန့်ပေါင်းသင်းနေထိုင်ခဲ့ပြီး ထိုအမျိုးသား၏ဇနီးမှ သိရှိသွားသည်။ ထို့ကြောင့် အိမ်ထောင်ရှင်အမျိုးသမီးနှင့် မသန်းထွေးတို့ ပြဿနာတက်ခဲ့ကြသည်။ မသန်းထွေးလည်း အရှက်ရကာ သူမပိုင်ဆိုင်သမျှ အားလုံးကို ထုခွဲရောင်းချပြီး ရရှိသော ငွေကြေးဥစ္စာတို့ဖြင့် ၂၀၁၂ ခုနှစ်၊ မေလခန့်တွင် ဇာတိဒေသ တောကျွဲအင်းသို့ ပြန်လာခဲ့သည်။ ဤသည်မှာ သေဆုံးသူ မသန်းထွေး၏ ဖြစ်စဉ်တစ်ခု။

"နောက် .. မသန်းထွေးရဲ့ ကာရိုက်တာတစ်ခုက ဖဲရိုက်ဝါသနာပါတယ်။ နှစ်လုံးထီ အကြီးအကျယ်လောင်းတယ်။ ပြီးတော့ ဆွေမျိုးသားချင်းမဟုတ်တဲ့ သက်တူရွယ်တူ အမျိုးသားတွေနဲ့ လက်ပွန်းတတီးနေထိုင်တတ်တဲ့ အကျင့်စရိုက်လည်းရှိတယ်"

ဟု စုံထောက်စံထူးမှ သေဆုံးသူ မိန်းကလေး၏ အကျင့်စရိုက်ကိုဖွင့်



www.burmeseclassic.com

www.burmeseclassic.com




ဆိုပြပါသည်။ ထို့ပြင် မသန်းထွေးသည် ဘားအံမှ စုဆောင်းရရှိခဲ့သော လက်ဝတ်ရတနာများကို သူမထံတွင်ဆင်မြန်းထားပြီး ငွေကျပ် သိန်း(၃၀)ကိုမူ တစ်ရပ်တည်းနေ ဦးတင်စိုးနှင့်ဇနီး ဒေါ်မိမိလေးတို့ထံတွင်အပ်နှံ၍ ငွေတိုးရယူကြောင်း သိရသည်။

သေဆုံးသူ မသန်းထွေးသည် ဘားအံမှ တောကျွဲအင်းသို့အရောက်တွင် အစ်ကိုဖြစ်သူ ကိုခိုင်ဝင်းနှင့်အတူ နေထိုင်ခဲ့သည်။ သို့သော် မကြာလိုက်ပါ။ မသန်းထွေး၏ အနေအထိုင်၊ အပြုအမူ၊ အကျင့်စရိုက်ကို အမြင်မတော်၍ အစ်ကိုဖြစ်သူမှ ဆိုဆုံးမသည်။ ဒါကို မသန်းထွေးက မနာခံ။ ထို့ကြောင့် အစ်ကိုဖြစ်သူ၏ နေအိမ်တွင် မနေတော့ဘဲ တစ်ရပ်တစ်ရွာတည်းနေ ဦးတင်စိုးနှင့် ဇနီးဒေါ်မိမိလေး နေအိမ်၊ အဒေါ်ဝမ်းကွဲမစန်းထွေး၏ နေအိမ်နှင့် ခင်မင်ရင်းနှီးသူများ၏ နေအိမ်များတွင် ညအိပ်ညနေ လှည့်လည်နေထိုင်လေ့ရှိပုံကို အမှုစစ်အရာရှိ စုံထောက်စံထူးက ဂဃနဏ ဖွင့်ဆိုပြခဲ့ပါသည်။ စုံထောက်စံထူး၏ စကားအဆုံးတွင် စာရေးသူက ..

"မသန်းထွေးရဲ့အစ်ကို ကိုခိုင်ဝင်းက မသန်းထွေးအပေါ် အမြင်မတော်ဖူးဆိုတာက ဘယ်လိုအကြောင်းလဲ။ အသွားအလာအနေအထိုင် လူမှုရေး ကိစ္စလား"

"မသန်းထွေးက ကျော်မင်းနဲ့လည်း တွဲသွားတွဲလာနဲ့ ချစ်ကြိုက်တယ်။ တင်မောင်ကြည်နဲ့လည်း သွားသွားလာလာနဲ့ ဖက်လည်းတငင်းရှိနေတော့ အစ်ကိုဖြစ်သူက အမြင်မကြည်တာပါ"

## အခန်း(၈)

"မသေခင် ရက်ပိုင်းလောက်မှာ ည ၈ နာရီအချိန်လောက် မသန်းထွေးနဲ့ တင်မောင်ကြည်ကို တောကျွဲအင်းကားဂိတ်မှာ တွေ့လိုက်တယ်လို့ ကိုရှမ်းမိုင်က ပြောပါတယ်။ ဘယ်သွားမလို့လဲ မေးတော့ မသန်းထွေးက ပဲခူးသွားမယ်လို့ ပြောပါတယ်"

သေဆုံးသူ မသန်းထွေး၏အမှုကို စုံစမ်းဖော်ထုတ်ရန် စုံထောက်အရာရှိတချို့ကို တောကျွဲအင်း၊ ကညွတ်ကွင်း၊ ညောင်ပင်သာ၊ ပဲခွယ်ကုန်း စသည့်ဒေသတွေမှာ စေလွှတ်ထားခဲ့သည်။ ထိုသို့စေလွှတ်ရာတွင် စုံထောက်အရာရှိများသည် ထင်ထင်ပေါ်ပေါ် စုံစမ်းမေးမြန်းကြသလို လျှို့ဝှက်အသွင်ယူ၍ လူမသိသူမသိ စုံစမ်းလေ့လာမှုများလည်း ရှိပါသည်။ အမှုစစ်အရာရှိ စုံထောက်စံထူးကမူ တောင်ငူမြို့ရှိ မှုခင်းရဲတပ်ဖွဲ့ တပ်စိတ်(၃)တွင် အခြေပြု၍ ကြီးကြပ်ကွပ်ကဲခဲ့ပါသည်။

နယ်မြေတွင် အနီးကပ်စုံစမ်းနေသော စုံထောက်များက အခင်းမဖြစ်မီအချိန်တွင် မသန်းထွေးနှင့် တွဲသွားတွဲလာရှိခဲ့ဖူးသူများကို လေ့လာစုံစမ်းကြသည်။ ထိုသို့ စုံစမ်းစဉ် သေဆုံးသူ မသန်းထွေးသည် အခင်း

---

**သတင်းစကား ဆိုသည်မှာ မှန်တာလည်းရှိသလို၊ မှားတာလည်း ရှိတတ်ပါသည်။ စုံစမ်းစစ်မေးခြင်းသည် အမှန်တရားကို ဖော်ထုတ်ခြင်း ဖြစ်ပါ၏ ...**


www.burmeseclassic.com

www.burmeseclassic.com


မဖြစ်မီက တစ်ရပ်တည်းနေ တင်မောင်ကြည်နှင့် တွဲသွားတွဲလာရှိခဲ့သော အထက်ပါသတင်းစကားက စုံထောက်စံထူးထံသို့ ရောက်ရှိသွားခဲ့ပါသည်။ ဒီတော့ စုံထောက်စံထူးက ..

"အဲဒီသတင်းက ဘယ်သူ့ဆီက ရတာလဲ"

"တောကျွဲအင်းမှာနေတဲ့ ကိုဝေလင်းနဲ့ သူ့မိန်းမ မညိုတို့က ပြောတာပါ"

"အဲဒါဆိုလည်း သူတို့လင်မယားကို တောင်ငူကို အရောက်ပို့ပေးကွာ"

"ဟုတ်ကဲ့ပါ ခင်ဗျ"

သတင်းစကားဆိုသည်မှာ မှန်တာလည်းရှိသလို၊ မှားတာလည်း ရှိတတ်ပါသည်။ စုံစမ်းစစ်မေးခြင်းသည် အမှန်တရားကို ဖော်ထုတ်ခြင်းဖြစ်ပါ၏။ ထို့ကြောင့် ကြားသိခဲ့သော သတင်းစကားအတွက် အမှားအမှန်ခွဲခြားသိရှိဖို့ စုံထောက်စံထူးက ဝေလင်းတို့လင်မယားကို ဖိတ်ခေါ်လိုက်ခြင်းဖြစ်ပါသည်။

တောကျွဲအင်းနေ ဝေလင်းနှင့် ဇနီးမညိုတို့ ရောက်ရှိလာသည်။ သူတို့လင်မယားသည် ဦးတင်စိုးနှင့် ဒေါ်မိမိလေးတို့နေအိမ်အနီးတွင် အစားအသောက်ရောင်းချကြသူများဖြစ်သည်။ ဦးတင်စိုးနှင့် သွေးသားတော်စပ်မှုမရှိကြောင်း သိရသည်။ သို့သော် အမှန်တရားကို သိရှိဖို့အတွက် စစ်ကြောရေးနည်းပညာဖြင့် စစ်မေးရသည်။ ဒါမှသာ အဖြူ အမည်းနှင့် အမှားအမှန်ကို ကွဲကွဲခြားခြားသိရှိရသည်။ ထို့ကြောင့် ဝေလင်းတို့လင်မယားကို တစ်ယောက်တစ်နေရာစီ ခွဲခြား၍ စစ်မေးကြသည်။ ဤသို့စစ်မေးရာတွင် စစ်မေးသူဖက်မှ အကြောင်းအခြင်းအရာကို မသိသလို အနေဖြင့် ပြုမူနေထိုင်ပြီး အစစ်ခံသူ၏ တွေ့မြင်ကြားသိမှုကိုသာ မှတ်တမ်းပြုပါသည်။

ဝေလင်း၏ဇနီး မညိုက လားရှိုးတွင်နေထိုင်သော သူမ၏ မောင်လေးမှာ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆုတ် ၁၃ ရက်နေ့တွင် သေဆုံးခဲ့သည်။ ထိုမောင်လေး မကွယ်လွန်မီ ၁၀ ရက်အလို (တပို့တွဲလဆုတ် ၃ ရက်) ည ၈ နာရီကျော် ၉ နာရီခန့်တွင်ဖြစ်သည်။ တောကျွဲအင်းနေ မောင်ရှမ်းမိုင်မှာ သူမထံသို့ ရောက်လာသည်။ မောင်ရှမ်းမိုင်က ကားဂိတ်တွင် ကိုတင်မောင်ကြည်နှင့် မသန်းထွေးတို့ကို တွေ့မြင်ခဲ့ကြောင်း၊ သူတို့နှစ်ဦးစလုံးမှာ ဘောင်းဘီစက (ဒူးဖုံး)များ ဝတ်ဆင်ထားကြောင်း၊ ပဲခူးသို့သွားမည်ဟု ပြောဆိုကြားသိမှုကို မိမိအား လာရောက်ပြောဆိုခဲ့ကြောင်း မညိုက ပြောဆိုပြသည်။ မညိုကြားသိခဲ့သော မောင်ရှမ်းမိုင်နှင့် တွေ့ဆုံသည့် နေ့ရက်နှင့်အချိန်ကို အတိအကျမေးသည်။ မညိုက တပို့တွဲ လဆုတ် (၃)ရက်နေ့ညဟု တိတိပပ ဆိုသည်။

အကြောင်းအခြင်းအရာ ဖြစ်စဉ်တစ်ခုတွင် အမှန်တရားဆိုသည်မှာ တစ်ခုတည်းသာရှိ၍ တူညီမှန်ကန်ရမည်။ စုံထောက်စံထူးက မညိုပြောသော နေ့ရက်ကို ပြက္ခဒိန်ဇယားနှင့် ချိန်ထိုးကြည့်သည်။ မညိုပြောသော မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ တပို့လဆုတ် ၃ ရက်သည် ခရစ်နှစ် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ဖြစ်သည်။ မသန်းထွေးအသတ်ခံရသည်မှာ ဖေဖော်ဝါရီလ ၁၃ ရက်ဖြစ်၍ ရုပ်အလောင်းတွေ့ရှိသည်မှာ ဖေဖော်ဝါရီ ၁၄ ရက်နေ့(ချစ်သူများနေ့) မနက်ပိုင်းတွင်ဖြစ်သည်။ ဒါကိုကြည့်လျှင် မသန်းထွေးသေဆုံးပြီးနောက် နှစ်ပတ် (၁၄ ရက်/ ၁၅ ရက်) အကြာတွင် အသက်ရှင်လျက် တွေ့ခဲ့သည်ဆိုခြင်းမှာ မညို၏ လန်ကြုတ်သတင်းသာဖြစ်သည်။

မညိုကိုအသာထားလို့ သူမယောကျ်ားဝေလင်းဘက်သို့ လှည့်ကြည့်ပါသည်။ မညိုကြားသိသကဲ့သို့ ဝေလင်းကလည်း ကြားသိကြောင်း ဆိုသည်။ လင်မယားနှစ်ယောက် ကြားသိချိန်က ကွာဟနေပြန်သည်။ မညိုက ည ၈ နာရီ ၉ နာရီဟု ဆိုသည်။ ဝေလင်းက မနက်ပိုင်းဟု ပြောသည်။ နေ့နှင့်ည ကွာခြားချက်က သိသာထင်ရှားလှသည်။ ကွာဟ ကွဲလွဲနေသော သတင်းစကားအတွက် တိကျသော အဖြေကိုထုတ်ဖို့ မောင်ရှမ်းမိုင်လိုသည်။ ဒီတော့ စုံထောက်စံထူးက ..

"ရှမ်းမိုင်က တောကျွဲအင်းမှာလား"

"ဘားအံမှာ အလုပ်သွားလုပ်နေပါတယ်"

မေးပါများ စကားရ၊ ပါးစပ်ပါရွာရောက်ဆိုတာလို ဘားအံရောက်နေသော မောင်ရှမ်းမိုင်၏ နေရပ်လိပ်စာ အတိအကျရရှိခဲ့သည်။ အပြေးသွားလျှင် ဝေးပါသေးသည်။ မှုခင်းတပ်


www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့၏ တပ်ဖြန့်ဖွဲ့စည်းမှုနှင့် မြန်မာ့ဆက်သွယ်ရေး၏ လေလှိုင်းသံတို့က လုပ်ငန်းအတွက် လွန်စွာပင်အဆင်ပြေချောမွေ့ပါသည်။

ထို့ကြောင့် စုံထောက်စံထူးက ဘားအံမြို့ရှိ မှခင်း ရဲတပ်ဖွဲ့၊ တပ်စိတ်(၁) တပ်စိတ်မှူးထံ ဖုန်းဖြင့်ဆက်သွယ်ခဲ့သည်။ မောင်ရှမ်းမိုင်၏လိပ်စာနှင့် စစ်မေးရမည့်အကြောင်းအရာတို့ကို သေချာစွာပြောဆိုပြီသည်။

မကြာလိုက်ပါ။ ဘားအံမြို့ရှိ တပ်စိတ်(၁) တပ်စိတ်မှူးမှ မောင်ရှမ်းမိုင်ကို တွေ့ရှိကြောင်း။ ကိုဝေလင်းနှင့်မညို တို့ပြောဆိုသော သတင်းစကားမှာ လုံးဝမဟုတ်ကြောင်း။ မိမိကိုယ်တိုင်ကိုတင်မောင်ကြည်နှင့် မသန်းထွေးတို့ကို တွေ့ရှိခဲ့သည်မှာ မဟုတ်ပါကြောင်း။ ထိုကိစ္စနှင့်ပတ်သက်၍ မိမိအနေဖြင့် ကိုဝေလင်းတို့လင်မယားကို တွေ့ဆုံခဲ့ခြင်းမရှိဘဲ ဘာမျှပြောဆိုခဲ့ဖူးခြင်း မရှိကြောင်း။ မောင်ရှမ်းမိုင်၏ ထွက်ဆိုချက်ကို ပြန်လည်ဆက်သွယ် ပြောကြားခဲ့ပါသည်။

"ဒီသတင်းဟာ အမှုစစ်ဆေးတဲ့သူကို လမ်းကြောင်းလွဲမှားအောင်နဲ့ မသက်ဆိုင်တဲ့သူကို အတိဒုက္ခရောက်အောင် လုပ်ကြံဖန်တီးတဲ့သတင်းပဲ"

ဟု စာရေးသူ၏ ဝေဖန်စကားကို စုံထောက်စံထူးက ..

"ဟုတ်ပါတယ် အစ်ကို၊ ကျွန်တော်တောင် အဲဒီသတင်းကြားကြားချင်း ဟုတ်ပြီဟလို့ ယူဆမိသေးတယ်"

"မှန်တာပေါ့ဗျာ။ ကျွန်တော်ဆိုလည်း ဒီလိုပဲ ယူဆမှာပဲ။ ဒါဟာ အမှုစစ်တွေအတွက် သင်ခန်းစာပဲ"

"ဟုတ်ပါတယ် အစ်ကို၊ သတင်းတစ်ခုရလာတာနဲ့ မှန်၊ မမှန်အတည်မပြုတော့ဘဲ လက်ဦးမှုရအောင် သတင်းစကားရှိသူကို ထိန်းသိမ်းခဲ့ရင် မှန်လျှင် တော်သေးတာပေါ့။ အခုလို သတင်းမှားကြီးဖြစ်နေရင် ဘယ်ကောင်းပါ့မလဲ"

"တင်မောင်ကြည်ကိုကော တွေ့ဆုံကြည့်သေးလား။ သူ့ဘက်ကကော ဘာအသံထွက်လာသေးလဲ"

## အခန်း(၉)

"ကျွန်တော့်အနေနဲ့အထွေအထူး ပြောစရာမရှိပါဘူး။ မသန်းထွေးဟာ ကျော်မင်းနဲ့လည်း ငြိစွန်းခဲ့ဖူးတယ်။ ပြီးတော့ ဦးတင်စိုးနဲ့လည်း မလွတ်ကင်းဘဲ ငြိစွန်းနေတယ်လို့ သိရပါတယ်"

ကြားသိရသော သတင်းစကားက မမှန်သော်လည်း သေဆုံးသူ မသန်းထွေးနှင့် တရင်းတနှီးတွဲသွားတွဲလာရှိခဲ့ဖူးသော တင်မောင်ကြည်ကို စုံထောက်စံထူးမှ တွေ့ဆုံခဲ့သည်။ တင်မောင်ကြည်က မသန်းထွေးနှင့် ငြိစွန်းခဲ့ဖူးသလို ကျော်မင်းနှင့် ဦးတင်စိုးတို့လည်း ပါလာခဲ့သည်။ မသန်းထွေးသည် ကျော်မင်းနှင့် တွဲသွားတွဲလာများ ရှိခဲ့သလို၊ ဦးတင်စိုးနှင့်ကား တစ်အိမ်တည်း အတူနေခဲ့ဖူးသည်။ ဦးတင်စိုးနှင့် ငြိစွန်းခဲ့သော အထောက်အထားကို တင်မောင်ကြည်အား မေးစမ်းကြည့်သည်။

တစ်နေ့တွင် တင်မောင်ကြည်နှင့် မသန်းထွေးတို့ စကားများကြသည်။ စကားများသည့်အကြောင်းရင်းကလည်း မသန်းထွေးမှာ မျက်နှာများ၍ ဖြစ်သည်။ ဒီတော့ မသန်းထွေးက တင်မောင်ကြည်လို လူစားမျိုးကိုဖြတ်နိုင်သော်လည်း ဦးစိုးကြီး(ဦးတင်စိုး)ကိုမူ မဖြတ်နိုင်ကြောင်း ပေါ်ပေါ်တင်တင် ပြောသည်။ ဒီစကားကို ကြားသိထားသော တင်မောင်ကြည်က စုံထောက်စံထူးသို့ ဖွင့်ဆိုပြီသည်။

"ဟုတ်ပါတယ် .. ဦးတင်စိုးနဲ့ မသန်းထွေးတို့ရဲ့ နေပုံထိုင်ပုံဆက်ဆံပုံက တစ်မျိုးကြီးပဲ။ သူတို့နှစ်ယောက်ရဲ့ ဖောက်ပြန်မှုကို ကိုယ်တိုင်မမြင်မတွေ့ပေမယ့် ကျွန်မလည်း မိန်းမသားဆိုတော့ အတွေးတော့ ပေါက်မိပါတယ်"

ဟု အနီးပတ်ဝန်းကျင်မှ မျက်ဝန်းပိုင်ရှင်မိန်းမသားတစ်ဦးက အထက်ပါစကားဖြင့် သတင်းပါးလာပါသည်။ ထို့ပြင် မသန်းထွေးသည် ဦးတင်စိုး နေအိမ်မှပင် ပျောက်ဆုံးသွားကြောင်း လျှို့ဝှက်စောင့်ကြည့်နေသော စုံထောက်အရာရှိများက သတင်းပေးလာခဲ့သည်။ အမှုလမ်းကြောင်းလွဲအောင် တင်မောင်ကြည်ကိုမြားဦးတည့်ပေးသော ဝေလင်းနှင့်မညိုတို့သည် ဦးတင်စိုးနှင့် နီးကပ်သူများဖြစ်ကြသည်။ မမှန်သောသတင်းစကားနှင့် အနီးပတ်ဝန်းကျင်မှအကြားအမြင်တို့ကြောင့် ဦးတင်စိုးသည် စုံထောက်စံထူးအတွက် ပစ်မှတ် (Target) ဖြစ်လာခဲ့သည်။ ပစ်မှတ်ကို တည့်မတ်စွာ ပစ်နိုင်ဖို့နှင့် ထိရောက်သောနေရာကိုမှန်ဖို့အတွက် ကျွမ်းကျင်သောအရည်အချင်းရှိဖို့လိုသည်။

စာမျက်နှာ (၁၆၆) သို့



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော သောကြာည MRTV-4 မှာ ထုတ်လွှင့်ခဲ့တဲ့ MOVIE TALK ကို ကြည့်ဖြစ်ပါတယ်။ ဒါရိုက်တာ(ဦး)ကြည်စိုးထွန်းက သူ ကြိုးစားပမ်းစားရှာဖွေသုတေသနပြု စုဆောင်းထား တဲ့ မြန်မာ့ရုပ်ရှင်၊ ပြည်ပရုပ်ရှင်တွေရဲ့ ဗဟုသုတတွေကို စိတ်ဝင်စားဖွယ်မှတ်သားဖွယ် တင်ပြဆွေးနွေးဟောပြောခဲ့ပါတယ်။

အဲဒီ သောကြာ (၈-၈-၂၀၁၄) ညကိုးနာရီဝန်းကျင်တုန်းက ဟောပြောသွားတဲ့အထဲမှာ အောဝမ်းရုပ်ရှင်က ဒါရိုက်တာ မောင်တင်မောင် သရုပ်ဆောင်၊ ဒါရိုက်တာအဖြစ် ရိုက်ကူးသရုပ်ဆောင်သွားတဲ့ 'မြားနတ်မောင်' ရုပ်ရှင်ဇာတ်ကားအကြောင်းလည်း ပါတယ်။

ကျွန်တော့်အတွက် မှတ်မှတ်ရရ ရေးစရာ (ဂမ္ဘီရမှုခင်း)ဝတ္ထုနဲ့ ပတ်သက်လို့ ဖော်ပြချင်တာက အဲဒီ မြားနတ်မောင်ဇာတ်ကားရဲ့ မူရင်းဟာ (ဖြစ်ရပ်မှန်)ဇာတ်လမ်း ဖြစ်နေတဲ့ အကြောင်းပါပဲ။

မြားနတ်မောင် ရုပ်ရှင်ဇာတ်လမ်းဟာ တစ်ချိန်က မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီကာလ ကတည်းက စီအိုင်ဒီ(စုံထောက်ဌာန)မှာ စုံထောက်အရာရှိဖြစ်သူ ဦးပါကျင်(လူပျိုလူရွယ်ဘဝမှာ) အမှန်တကယ် ကြုံတွေ့ခဲ့ရတဲ့ အချစ်ဇာတ်လမ်းဖြစ်ပါတယ်။ 'အပါ'ဆိုတဲ့ မောင်လေးအရွယ်နဲ့ 'မမထား'ဆိုတဲ့ အစ်မအရွယ်တို့ တစ်အိမ်တည်းမှာ အတူနေကြရာက ကြိုးချင်းငြိကြတဲ့ ဇာတ်လမ်းပါ။

အဲဒီဇာတ်လမ်းကို ဦးပါကျင် ဆီက ကြားလိုက်ရတဲ့ အောဝမ်း(ဦး)တင်မောင်ဟာ သဘောကျနှစ်သက်သွားတဲ့အတွက် ဦးပါကျင်ကို ခွင့်တောင်းခဲ့ပါတယ်။ ကာယကံရှင်က ခွင့်ပြုတဲ့အတွက် ရုပ်ရှင်အဖြစ် ရိုက်ကူးရာမှာ အောဝမ်း(ဦး)တင်မောင်ဟာ သူ့ထက်ခြောက်နှစ်ခန့် အသက်ငယ်တဲ့ ရုပ်ရှင်မင်းသမီးမေရှင်ကို မမထားအဖြစ် သရုပ်ဆောင်စေပြီး သူကိုယ်တိုင်က 'အပါ' ဆိုတဲ့ မောင်လေးအခန်းက ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့ပါတယ်။

အဲဒီ မြားနတ်မောင်ဇာတ်ကား ရုံတင်ပြသသွားပြီး များမကြာမီအချိန်ကာလအတောအတွင်းမှာ အဲဒီခေတ်လူပျိုလူရွယ်လေးတွေဟာ ရွယ်တူတန်းတူ မိန်းမပျိုလေးတွေကို မချိန်ရှော့ဘဲ ကိုယ့်ထက် နှစ်နှစ် သုံးနှစ်ကြီးတဲ့ အစ်မအရွယ်တွေကိုသာ ချစ်သူအဖြစ် ရွေးချယ်ကြပါတယ်။ ဒါကြောင့် မြားနတ်မောင် ဇာတ်ကားရဲ့ ဂယက်ဟာ လူပျိုလူရွယ်တွေရဲ့ လောကအထိ ရူးသွပ်စွာ ရိုက်ခတ်ခဲ့ပါတယ်။ ထားပါတော့ ...။

ဦးပါကျင်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ကျွန်တော် ငယ်စဉ်ကတည်းက စိတ်ဝင်စားခဲ့တဲ့ သူတွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်နေခဲ့သူပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ငယ်ငယ်တုန်းက စုံထောက်ရူးသွပ်ခဲ့ဖူးပါတယ်။ ဦးပါကျင်က တကယ့်စုံထောက်အရာရှိတစ်ယောက်ပါ။

သူဟာ ဗြိတိန်နိုင်ငံ စကော့တလန်ယာဒ် စုံထောက်ဌာနနဲ့ ပြင်သစ်နိုင်ငံ မာဆေးရဲတပ်ဖွဲ့တွေမှာ စုံထောက်များ တတ်မြောက်အပ်တဲ့ ပညာရပ်တွေကို စနစ်တကျ လေ့လာဆည်းပူးနိုင်ခဲ့သူ ဖြစ်ပါတယ်။

သူနဲ့ စတင် ဆုံစည်းချိန်မှာ သူဟာ ဝတ္ထုကျော်ထင်ဦးပါကျင် ဖြစ်နေခဲ့ပါပြီ။ တွေ့တွေ့ချင်း အင်မတန်ခင်မင်ရင်းနှီးစရာ လူတစ်ယောက်အဖြစ်နဲ့ အပြန်အလှန် လေးလေးစားစား ဆက်ဆံခဲ့ကြပါတယ်။ တကယ်တော့ သူနဲ့ ကျွန်တော် နှစ်ယောက်စလုံးဟာ လူလတ်ပိုင်းအရွယ်ကို လွန်မြောက်စ လူကြီးပိုင်းအရွယ်ကို ရောက်နေကြသူတွေပါ။

သူ့ကလောင်အမည်က မျိုးမြင့်ရန်နောင် ဖြစ်ပါတယ်။ ကျွန်တော် လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းမှာ ရေးခဲ့တဲ့ ဝတ္ထုအချို့ကို သူဖတ်ဖူးတဲ့အကြောင်းနဲ့ သူနှစ်ခြိုက်ကြောင်း ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ သူနဲ့ ကျွန်တော်ဟာ စာပေသမားအချင်းချင်းဖြစ်တဲ့အတွက် အချိန်တိုတို အတွင်းမှာပဲ တရင်းတနှီး ဖြစ်သွားခဲ့ကြပါတယ်။

ဥပဓိရုပ် သားသားနားနား မွန်ရည်ပြီး ဆက်ဆံရေး ပြေပြစ်သူ၊ ယောကျ်ားပီသတဲ့ ခန္ဓာကိုယ် အချိုးအဆစ် ပြေပြစ်သူ ဦးပါကျင်ဟာ ခင်မင်နှစ်လိုဖွယ်ရာ လူတစ်ယောက်ပါပဲ။

တစ်နေ့သ၌ သူနဲ့ ကျွန်တော် စကားလက်ဆုံကျနေစဉ်မှာ ...

"ဦးပါကျင် ကိုယ်တိုင် (စုံစမ်းထောက်လှမ်း)ခဲ့ရတဲ့ အမှုတွဲတွေထဲမှာ အင်မတန် ထူးခြားဆန်းကြယ်တဲ့ မှုခင်းတစ်ခုလောက် မှတ်မှတ်ရရ ရှိခဲ့ရင် ပြောပြနိုင်မလားဗျာ"

လို့ ကျွန်တော်က ကောက်ကာငင်ကာ မေးလိုက်တယ်။

သူ ချက်ချင်း မဖြေဘူး။ ခဏလောက် တွေးနေတယ်။ သုံးမိနစ်လောက် ကြာတော့မှ တစ်စုံတစ်ရာကို စဉ်းစားမိတဲ့ အသွင်သဏ္ဍာန်မျိုး ဖြစ်သွားတယ်။

"ဒါဆိုရင် မျက်နှာဖြူ အစိုးရ လက်ထက်တုန်းက ကျွန်တော် ကြုံတွေ့ခဲ့ရတဲ့ ထူးခြားဆန်းကြယ် ဖြစ်ရပ်တွေထဲက တစ်ခုကို ပြောပြပါ့မယ်"

ဦးပါကျင်က နိဒါန်းပျိုးလိုက်ပါတော့တယ်။

သူ ဆက်လက်ပြောပြခဲ့သည့် ဖြစ်စဉ်တစ်ခုကို ဝတ္ထုတို တစ်ပုဒ်သဖွယ် ရေးသားဖော်ပြပါမည်။ ယင်းသို့ဖော်ပြရာတွင် ထိုဖြစ်ရပ်သည် လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်မျှ ကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် ကျွန်တော် မှတ်မိသမျှကို ပြန်လည်ရေးသားခြင်းဖြစ်ကြောင်း ကြိုတင် ဝန်ခံအပ်ပါသည်။

+++

စုံထောက်အရာရှိ(ဂျူနီယာ)တစ်ယောက်ဖြစ်သော ကိုပါကျင်သည် မင်းကြီး၏ ရုံးခန်းထဲက ပြန်ထွက်လာပြီးကတည်းက မိမိစားပွဲတွင် ပြန်ထိုင်ကာ လူဆိုးစာရင်းဝင် မှတ်တမ်းဖိုင်တွဲတစ်ထပ်နှင့် အလုပ်ရှုပ်နေသည်။

ဖိုင်တွဲထဲမှ စာရင်းဝင် လူဆိုး၊ ဓားပြအချို့၏ တစ်ယောက်ချင်း ကိုယ်ရေးမှတ်တမ်းများကို ဖတ်ရှုခြင်း၊ ထိုသူတို့၏ ဓာတ်ပုံ၊ တည့်တည့် မှတ်ပုံတင် ဓာတ်ပုံများကိုပါ အလွတ်ရမတတ် ကြည့်ရှုမှတ်သားခြင်း စသည်တို့ကို ထိုင်ရာမထ ဆောင်ရွက်နေသည်။

သူ့မိတ်ဆွေ၊ အပေါင်းအသင်း၊ လုပ်ဖော်ကိုင်ဖက်တို့က လက်ဖက်ရည်သောက်ရန်အတွက် ခေါ်သည်ကိုပင် 'မအားသေးလို့ပါ . . .'ဟူ၍ ယဉ်ကျေးစွာ ငြင်းပယ်ခဲ့ရသည်။ နေ့လယ်စာ စားချိန်ရောက်သောအခါ ကျမှပင် စားပွဲမှထသည်။

"တစ်ယောက်တည်း တကုပ်ကုပ်နဲ့ ဘာတွေများ အလုပ်ရှုပ်နေတာလဲ ကိုပါကျင်"

သူနှင့် ရင်းနှီးသူ ရောင်းရင်းတစ်ယောက်က စပ်စုသည်။

"...ဒေသမှာ ခိုးဆိုးတိုက်ခိုက်နေတဲ့ ဓားပြအဖွဲ့ထဲမှာ ပါဝင်တဲ့သူတွေကို မှတ်မိအောင် ကြည့်နေတာပါ"

"အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ အခုဆိုရင် . . . သူတို့ကိုးယောက်စလုံးရဲ့ ကိုယ်ရေးမှတ်တမ်းတွေနဲ့ မျက်နှာတွေကိုပါ အလွတ်ရနေပါပြီ"

"ခင်ဗျားရဲ့ မှတ်ဉာဏ်ကိုတော့ အရမ်းလေးစားသွားပြီ ကိုပါကျင်။ အခုလောက် နာရီပိုင်းအတွင်းမှာ မှတ်တမ်းဝင် လူဆိုးကိုးယောက်စလုံး အလွတ်ရဖို့ဆိုတာ မလွယ်ဘူး။ ကျွန်တော်တို့ဆိုရင် အနည်းဆုံး ရက်သတ္တတစ်ပတ်လောက် ကြည့်မှ မှတ်မိမှာ။ ဒါကြောင့်လည်း မင်းကြီးက ခင်ဗျားကို အားကိုးတာ"

"ဟုတ်ပါ့ . . . ဟုတ်ပါ့။ အဲဒီလို အားကိုးလွန်းအားကြီးတော့ ကျုပ်မှာလည်း မအားမလပ်ဖြစ်နေတာပေါ့ဗျား။ စနေ၊ တနင်္ဂနွေတောင် ခင်ဗျားတို့လို မနားရတော့ဘူး။ မနက်ဖြန် ခရီးထွက်ရတော့မယ်။

ကိုပါကျင်က ဦးခေါင်းကုတ်လျက် ခြူသံပါအောင် ညည်းတွားလိုက်လေသည်။

+++

ထိုဒေသသည် ရေမြေကောင်း မွန်၍ ရာသီဥတု မိုးလေဝသလည်း မှန်သောကြောင့် စိုက်ပျိုးရေးသမားများ စီးပွားဖြစ်ထွန်းကြသည်။ မြန်မာလူမျိုးတို့၏ ရိုးရာ ထုံးတမ်းစဉ်လာအတိုင်း ငွေကြေးချောင်ချောင်လည်လည်ဖြစ်လာကြသောအခါ ဗျော၊ စည်သံ တညံညံဖြင့် အလှူအတန်းများနှင့် ဒါနကုသိုလ်များ ပြုကြသည်။ ထမင်းရည်ချောင်းစီး မောင်းတီး၍ ကျွေးမွေးကြသည်။

ယင်းသို့ စေတနာကောင်းရှိသူများက ကုသိုလ်ကောင်းမှုပြုကြသည့် အချိန်တွင် ခိုးဆိုးတိုက်ခိုက်ကြ[illegible]



www.burmeseclassic.com

www.burmeseclassic.com





ဓားပြအဖွဲ့၏
ခေါင်းဆောင်မှာ
သူ့ကိုယ်သူ
ဗိုလ်မိုက်ခဲဟူ၍
အမည်မှည့်ထားသည်။
ထိုဓားပြအဖွဲ့တွင်
ဗိုလ်မိုက်ခဲအပါအဝင်
စုစုပေါင်း
ကိုးယောက်ဖြစ်သည်။
တြင်းကြေ
နဝင်းကြေ
ဖွဲ့ခြင်းဖြစ်သည်ဟု
အဆိုရှိသည်
. . .

ဓားပြအဖွဲ့ တစ်ဖွဲ့သည် ထိုနယ်မြေဒေသတွင် ပေါ်ပေါက်လာတော့သည်။

ဓားပြအဖွဲ့၏ခေါင်းဆောင်မှာ သူ့ကိုယ်သူ ဗိုလ်မိုက်ခဲဟူ၍ အမည်မှည့်ထားသည်။ ထိုဓားပြအဖွဲ့တွင် ဗိုလ်မိုက်ခဲအပါအဝင် စုစုပေါင်း ကိုးယောက်ဖြစ်သည်။ တြင်းကြေ နဝင်းကြေဖွဲ့ခြင်းဖြစ်သည်ဟု အဆိုရှိသည်။ ထိုကိုးယောက်စလုံး ခိုးဆိုး တိုက်ခိုက်လုယက် စသော ပြစ်မှုအမျိုးအစားများကို ထောင်ဒဏ်ကျသည်အထိ ကျူးလွန်ဖူးသူများဖြစ်သည်။ သို့ရာတွင် လူသတ်မှု၊ မုဒိမ်းမှု စသော အမှုကြီးများကို ကျူးလွန်ခြင်း မရှိကြသေး။ သူတို့၏ အမည်များသည် မူလအမည်ရင်း မဟုတ်ကြတော့ပါချေ။ ဗိုလ်မိုက်ခဲ၏ အဖွဲ့ကိုရောက်မှ မှည့်သော နာမည်များပင် ဖြစ်တန်ရာသည်။

အောင်ကြီး၊ ကြီးစိန်၊ စိန်ရွှေ၊ ရွှေဘ၊ ဘသိုက်၊ သိုက်ထူး၊ ထူးရစ်၊ ရစ်အောင် . . . စသည်တို့ ဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေ ထိုဓားပြအုပ်စုကို ရှာဖွေဖမ်းဆီးရန် သစ်ကနက်ရွာကြီးသို့ ရောက်ရှိသွားကြသော အခါ စုံထောက်အရာရှိ ကိုပါကျင်တို့အဖွဲ့သည် သူကြီးအိမ်တွင် မတည်းဘဲ ရွာ၏ အစွန်အဖျားရှိ ဘုန်းတော်ကြီး ဦးတေဇဝန္တ၏ ခွင့်ပြုမိန့်ဖြင့် ကျောင်းဝင်းထဲတွင် တည်းကြသည်။

ကျေးလက်တောရွာသဘာဝအတိုင်း ကျောင်းဝင်းမှာ အလွန်တရာ ကျယ်ဝန်းသည်။ လေးဧကကျော် ရှိသည်။ ဝါးပိုးပင်များက အလိုအလျောက်ကာရံထားသည့်ပမာပေါက် ရောက်နေ ကြသည်။

ကျောင်းဝင်းထဲတွင် မန်ကျည်း၊ သရက်၊ ပိန္နဲ၊ မရမ်း၊ မာလကာ၊ ကနစိုး၊ ဇောင်းလျား စသော နှစ်ရှည်ပင်များ အနှံ့အပြား တည်ရှိသည်။

ဦးပါကျင်နှင့် အဖွဲ့သည် ထိုဒေ



www.burmeseclassic.com

www.burmeseclassic.com



သနယ်မြေသို့ ရောက်သည့်နေ့မှစ၍ တစ်ရက်မှ မနားဘဲ လူခွဲ၍ သတင်းစုံစမ်းသည်။ လူဆိုးဓားပြများ ကျက်စားရာ နေရာတစ်ဝိုက်တွင် ညစဉ်ကင်းပုန်းချ၍ စောင့်ဆိုင်းသည်။ သူတို့ရောက်နေချိန်တွင် ဓားပြတိုက်ခြင်းမရှိ။ ထို့နည်းတူ ဓားပြကိုးယောက်အဖွဲ့မှ တစ်ယောက်တလေ၏ အရိပ်အယောင်ကိုမျှ မတွေ့ရ။ ခြေရာခံ သဲလွန်စ တစ်စုံတစ်ရာမှ မရရှိ။ ထို့ကြောင့် ..

အပွဲပွဲနွှဲလာခဲ့သမျှ စုံထောက်ကိုပါကျင်တို့အဖွဲ့သည်(အခြားအမှုတိုင်း နာမည်ကောင်း ရလေ့ရှိသော်လည်း) သည်တစ်ပွဲတွင် ဦးခေါင်း မဖော်နိုင်ပါတော့ချေ။

"ကျွန်တော် ထပ်ပြီး ကြိုးစားပါ့မယ် မင်းကြီး"



ဟူသော စကားလုံးဖြင့် သစ်ကနက်ရွာ ဝန်းကျင်သို့ သုံးကြိမ်ထက်မနည်း ရောက်ခဲ့သည်။ သူတို့ ထားခဲ့သော ကြေးစား သတင်းပေးသူထံမှ တိတိကျကျ ရရှိထားသော သတင်းများအရ အချိန်မီ အုပ်မိအောင် အရောက်သွားသော်လည်း ဗိုလ်မိုက်ခဲတို့အဖွဲ့သည် ကြက်ပျောက် ငှက်ပျောက်ပျောက်ခြင်းမလှ ပျောက်သွားကြသည်။ ကိုပါကျင်တို့အဖွဲ့ ထိုဒေသသို့ ရောက်ပြီဆိုသည်နှင့် ဗိုလ်မိုက်ခဲတို့က ဓားပြမတိုက်တော့ဘဲ ရှောင်ထွက်သွားသည့်ပမာ လုံးဝအစအန မတွေ့ရတော့။ လက်လျှော့လိုက်ရသည်။

သို့ဖြင့် စုံထောက်အရာရှိ ကိုပါကျင်သည် မြန်မာပြည်သို့ ဒုတိယကမ္ဘာစစ်ကြီး နီးလာသောအခါ ဗြိတိသျှ မျက်နှာဖြူများ မြန်မာပြည်မှ ထွက်ခွာသွားပြီးနောက် ဂျပန်ခေတ်တွင် စုံထောက်ဘဝမှ ခေတ္တအနားယူလိုက်လေသည်။

+++

ကိုပါကျင်သည် ဂျပန်ခေတ်တွင် သိမ်ကြီးဈေး အနီးတစ်ဝိုက်သို့ ဈေးဝယ်ရန်ရောက်ရှိသွားစဉ် သူ၏ မျက်နှာမူရာ မြင်ကွင်းထဲမှ တစ်စုံတစ်ယောက်က သူ့ကို ဖျတ်ခနဲ မြင်လိုက်သည်နှင့် တစ်ပြိုင်နက် သုတ်သီးသုတ်ပျာ သုတ်ခြေတင်သွားသည်ကို (အလေ့အကျင့်ရခဲ့သည့်) မျက်လုံးများက လျှပ်တစ်ပြက် သတိပြုလိုက်မိသည်။

ထိုအခါ ကိုပါကျင်သည် ထိုသူ မည်သူမည်ဝါဟူ၍ သဲသဲကွဲကွဲ မမှတ်မိသော်လည်း အမီလိုက်ခဲ့သည်။ ကိုပါကျင်သည် သိမ်ကြီးဈေးလူအုပ်ထဲသို့ ရောနှောဝင်ရောက် ခြေရာဖျောက်တော့မည့် လူစိမ်း၏ အနီးသို့ လျှင်မြန်သွက်လက်စွာ ရောက်ရှိသွားသည်။

တစ်ချိန်တည်းမှာပင် ကိုပါကျင်၏ လက်ချောင်းများက ထိုသူ၏ လက်မောင်းကို ပြုတ်တူပမာ တင်းကျပ်စွာ ဆုပ်ကိုင်မိလျက်သား ဖြစ်သွားသည်။ ထိုသူက ရုန်းကြည့်သော်လည်း မလွတ်ပါချေ။ ကိုပါကျင်ကို တစ်ချက်မော့ကြည့်စဉ် မျက်လုံးခြင်း ဆုံမိသွားသည်။ ထိုသူ ချက်ချင်း ဦးခေါင်းငုံ့လိုက်သေးသည်။ သို့ရာတွင် ကိုပါကျင်က မှတ်မိသွားသည်။

"မကြိုးစားနဲ့တော့ ကိုယ့်လူ။ လက်ဖက်ရည်ဆိုင်သွားကြမယ်။ အေးအေးဆေးဆေး လိုက်ခဲ့ပေတော့"

ကိုပါကျင်က သတိပေးသည်။ သူဆွဲခေါ်ရာသို့ ထိုသူလိုက်ပါလာသည်။ လက်ဖက်ရည်ဆိုင်ထဲတွင် နှစ်ယောက်သား ဘေးချင်းယှဉ်လျက်သား နေရာယူပြီးနောက် ကိုပါကျင်က လက်ဖက်ရည်နှစ်ခွက်မှာလိုက်သည်။

"မင်းနာမည် ငရစ် (ခေါ်) ရစ်အောင် မဟုတ်လား"

ကိုပါကျင်၏ အမေးကို ထိုသူ ခေါင်းညိတ်ပြသည်။

"ကျွန် . . . ကျွန်တော် ဗိုလ်မိုက်ခဲနဲ့ လမ်းခွဲလိုက်တာ ကြာပါပြီ။ အခု ကောင်းရှောင်း ကောင်းဝယ် လုပ်စားနေပါတယ် ဆရာ။ ဘာပြစ်မှုမှလည်း မကျူးလွန်တော့ပါဘူး"

ငရစ်က ငိုတော့မည့်အလား ကတုန်ကယင်အသံဖြင့် အသနားခံနေသည်။

"အေးပါ . . . ငါသိပါတယ်။

www.burmeseclassic.com



မင်း လည်း ဓားပြမဟုတ်တော့ဘူး။ ငါ လည်း စုံထောက်မဟုတ်တော့ဘူး။ ဒါ ပေမဲ့ ငါ့ဦးနှောက်ထဲမှာ မရှင်းတာ၊ သိချင်တာ တစ်ခုရှိလို့ကွ။ မင်း အ မှန်အတိုင်း ဖြေမလား”

“ဟုတ် ... ဟုတ်ကဲ့ ဆရာ၊ ဆရာသိချင်တာရှိရင် မေးပါ။ ကျွန် တော်ဖြေပါ့မယ်”

ဇရစ်က ဦးခေါင်း တဆတ် ဆတ် ညိတ်ပြသည်။

“ဒီလိုကွ ... မင်းတို့ ကျက်စား နေတဲ့ သစ်ကနက်ရွာကြီးမှာ ငါတို့ အတွက် သတင်းပေးနေကြတဲ့ ကောင် တွေရှိတယ်။ မင်းတို့ ဘယ်နေရာမှာ စခန်းချတယ်၊ ဘယ်မှာ စုဝေးကြ တယ်၊ ဘယ်လို အစီအစဉ်တွေလုပ် ပြီး ဓားပြတိုက်ဖို့ တိုင်ပင်ကြတယ်၊ ဆိုတဲ့ သတင်းတွေကို ငါတို့ စုံ ထောက်ဌာနအထိ အမှန်အကန် ရ တယ်။ ဒါပေမဲ့ ငါတို့ ရောက်သွားတာ နဲ့ တစ်ပြိုင်နက် မင်းတို့ တစ်ယောက် ကျန် ခြေရာပျောက်သွားကြတယ်။ အဲဒီတော့ ငါတို့ ရောက်လာမယ် ဆို တာ မင်းတို့ ကြိုတင်သိနေသလား။ အဲဆိုရင် ငါတို့ လာမယ့်အကြောင်း သတင်းပေါက်ကြားခဲ့လို့လား။ ဘယ် သူဆီက သတင်းရသလဲ။ မင်းတို့ကို ဘယ်သူက သတင်းပေးသလဲ။ ငါတို့ ဌာနမှာ မင်းတို့ ဒလန်ရှိနေသလား။ အဲဒါ သိချင်နေတယ်”

“မရှိဘူး ဆရာ။ ဆရာတို့လို ဌာနကြီးတစ်ခုမှာ ဘယ်လိုလုပ်ပြီး ကျွန်တော်တို့ သူလျှိုရှိပါ့မလဲ။ သစ် ကနက်ရွာ ပတ်ဝန်းကျင်မှာ ဆရာတို့ လာတာ၊ သွားတာ၊ လှုပ်ရှားတာတွေ အားလုံး ကျွန်တော်တို့ မြင်နေ တွေ့ နေရတာပဲ”

“ဘာကွ ... ဘယ်လို ဘယ်လို ငါတို့ကို မင်းတို့က တွေ့နေရက်နဲ့ မင်းတို့ကို ငါတို့က မတွေ့ဘူး၊ ဟုတ် လား။ ရှင်းရှင်းပြောစမ်းကွာ”

ကိုပါကျင်က စိတ်မရှည်သံဖြင့် ခပ်ဆတ်ဆတ်မေးလိုက်သည်။

“ရွာရှေ့က ညောင်ကျတ်ပင် ကြီးကို ဆရာ မှတ်မိမှာပေါ့နော်”

“အေး ... မှတ်မိတယ်။ အဲဒီ ညောင်ပင်ကြီးရဲ့ သက်တမ်းက နှစ်ကိုး ဆယ်ကျော်နေပြီလို့ သူကြီးပြောတာ မှတ်မိတယ်”

“ကျွန်တော်တို့ ခေါင်းဆောင် ဗိုလ်မိုက်ခဲက မနက်အရုဏ်တက်လို့ ရောင်နီထွက်ပြီဆိုရင် အဲဒီညောင်ပင် ကြီးအောက်မှာ ကျွန်တော်တို့ အားလုံး နေရာယူကြရတယ်။ နေထွက်မယ့် ဘက်ကို မျက်နှာမူပြီး မတ်တပ်ရပ် ကြတယ်။ သူက ကျွန်တော်တို့ရှေ့မှာ ရပ်ပြီး ပရိတ်ရွတ်ကြရတယ်။ အဲဒီ ပရိတ်ကို အစတုန်းကတော့ ကျွန် တော်တို့ အလွတ်မရကြခင်မှာ ဗိုလ် မိုက်ခဲက တစ်ပုဒ်ချင်း ချပေးတယ်။ ကျွန်တော်တို့က လိုက်ဆိုကြတယ်။ ကြာတော့ ကျွန်တော်တို့လည်း အလွတ်ရကြပြီး သူနဲ့အတူ ပြိုင်တူ ဆိုကြတယ်။ ပြီးတော့ အရပ်ဆယ် မျက်နှာကို မေတ္တာပို့ကြတယ်။ ဒါ ကြောင့် ဆရာတို့ အဲဒီညောင်ပင်ကြီး အနားကို ရောက်လာကြတဲ့ အခါမှာ ကျွန်တော်တို့ ကိုးယောက်စလုံးရှိနေ ကြတာပဲ။ ဆရာတို့ကို မြင်နေကြတာ ပဲ။ ဆရာတို့ ပြောနေတာတွေလည်း ကြားနေကြတယ်။ ဒါပေမဲ့ ဆရာတို့ ကသာ ကျွန်တော်တို့ကို မတွေ့တာပါ”

“ဒါဖြင့် အဲဒီပရိတ်တရားတော် က မင်းတို့ကို အန္တရာယ်ဖြစ်မယ့်ဘေး က အကာအကွယ်ပြုနေတယ်လို့ ပြော တာလား”

“အဲဒီလို ပြောရင်လည်း ရပါ တယ်ဆရာ။ ကျွန်တော်တို့ ဓားပြ တိုက်ကာနီးအချိန်မှာ အဲဒီညောင်ပင် ကြီးအောက်မှာ သစ္စာဆိုကြရသေး တယ်။ ငွေရှင်ကြေးရှင် လူချမ်းသာ တွေဆီက ရွှေငွေတွေကို ထက်ဝက် ပဲ ယူပါ့မယ်။ လူမသတ်ပါဘူး။ သူ့ တစ်ပါး အသားကို နာကျင်အောင် မပြုပါဘူး။ သူများ သမီးပျိုတွေကိုလည်း အနိုင် အထက် မပြုပါဘူးဆိုတဲ့ သစ္စာအတိုင်း မပျက်မကွက် မဖောက်မယွင်း လိုက်နာ ခဲ့ကြပါတယ် ဆရာ”

ဇရစ်က တည်တည်ကြည်ကြည် နှင့် ရှင်းပြလိုက်လေတော့သည်။

+++

ထိုဖြစ်ရပ်ဆန်းကို ပြောပြအပြီး တွင် ဦးပါကျင်က နိဂုံးချုပ်အနေ ဖြင့် ..

“အဲဒါပဲ ကြည့်တော့ဆရာဆွေ မြင့်ရေ။ အဲဒီပရိတ်တော်ဟာ ‘ပရိမေတ္တ ဖာလပရိတ်တော်’ တဲ့။ ဒါကြောင့် ပရိတ် တော်ရဲ့ အစွမ်းဟာ လူဆိုး ဓားပြ ကိုတောင်မှ သစ္စာရှိစေပြီး အန္တရာယ် က အကာအကွယ်ပြုတယ်ဆိုရင် ခင်ဗျားတို့ ကျွန်တော်တို့လို လူကောင်း တွေအဖို့ဆိုရင် ပိုပြီး ကောင်းကျိုးရရှိ စေမယ်လို့ ယုံကြည်ပါတယ်” လို့ ပြော လိုက်ပါတော့သည်။

ပြီး။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



□

"တာဝန်"ဆိုသည်မှာ မဖြစ်မနေ ဆောင်ရွက်ရမည့် အလုပ်တစ်ခုဖြစ်ပြီး "ဝတ္တရား"မှာမိမိ၏ အသိတရားဖြင့် ဆောင်ရွက်သင့်သော၊ မဆောင်ရွက် လျှင်လည်းရသော အလုပ်တစ်ခုဟု ကျွန်တော်သိရှိ နားလည်ထားပါသည်။

တာဝန်တစ်ခုတော့ ရှိနိသော် လည်း အကျဉ်းဦးစီးဌာန ဝန်ထမ်းများ မဆောင်ရွက်လိုသော တာဝန်တစ်ခုမှာ သေဒဏ်အပြစ်ပေးခံရသော အကျဉ်း သားကို ကြိုးပေးကွပ်မျက်ရသော အလုပ်ပင်ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် အကျဉ်းဦးဌာနအရာထမ်း/ အမှုထမ်းများသည်လည်း လူသားများ ဖြစ်၍ လူသားချင်း စာနာသနားစိတ်ရှိ ခြင်း၊ ဘာသာတရားအရ သူတစ်ပါး အသက်ကို မသတ်လိုခြင်းများကြောင့် ဖြစ်ပါသည်။ သို့သော်လည်း တာဝန် တစ်ရပ်အဖြစ် မလွဲမသွေ ပေးအပ်လာ ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေ ဘောင်အတွင်းမှ တိကျစွာဆောင်ရွက် ကြရမည်ဖြစ်ပါသည်။ ထိုတာဝန်နှင့် ပတ်သက်၍ ကြုံကြိုက်သည့်အခိုက် လက်တွေ့သင်ကြား ပြသပေးခဲ့သော ဖြစ်ရပ်မှန်တစ်ခု ရှိခဲ့ပါသည်။

ဆရာကြီးရန်အောင်မောင်မောင် ကို တစ်ခေတ်တစ်ခါက နာမည်ကြီး စာရေးဆရာတစ်ယောက် အနေနှင့် လူသိများသလို၊ အကျဉ်းဦးစီးဌာနမှ အရာရှိတစ်ဦးအနေနှင့်လည်း သိရှိကြ မည်ဖြစ်ပါသည်။ ဆရာရန်အောင်မောင် မောင်သည် ၁၉၆၆–ခုနှစ်တွင် "ကြိုး စင်ပေါ်မှမှတ်စုများ"ဝတ္ထုတိုပေါင်းချုပ် ဖြင့် အမျိုးသားစာပေ(တတိယ)ဆု ရရှိ ခဲ့ပါသည်။ ဆရာရေးသားခဲ့သော ဝတ္ထု များမှ အေဝမ်းရုပ်ရှင် ကုမ္ပဏီမှ ရိုက် ကူးသော "မေတ္တာမွှန်" ရုပ်ရှင်ဇာတ် လမ်း၊ ဒါရိုက်တာ ဦးသုခ ရိုက်ကူး သော"သိကြားစေ- သက်သေညွှန်း" ရုပ်ရှင်ဇာတ်လမ်း၊ အခြားဇာတ်လမ်း များအဖြစ် "သည်လမ်းနှင့်သည်စခန်း" "စောရအိုင်စိမ်း""ချစ်စရာမို့ချစ်ပါ သည်"စသော ရုပ်ရှင်ဇာတ်လမ်း(၆) ကားတို့မှာ ဆရာရန်အောင်မောင်မောင် ရေးသော ဝတ္ထုများဖြစ်ပါသည်။ ကျွန် တော်လည်း အကျဉ်းဦးစီးဌာနမှ ဝန် ထမ်းတစ်ဦးဖြစ်သဖြင့် ဆရာရန်အောင် မောင်မောင် တာဝန်ထမ်း ဆောင်ခဲ့စဉ် ကာလကို အနည်းငယ်မီ လိုက်ပြီး ကြုံ ဆုံခဲ့သမျှကို ပြန်လည်ရေး သားရခြင်း ဖြစ်ပါသည်။

၁၉၈၄–ခုနှစ်၊ မေလမှ ဩဂုတ် လထိ ထောင်မှူးလောင်း သင်တန်း အမှတ်စဉ်(၃)ကို ယခင်မန္တလေးနန်း တွင်း၌ တည်ရှိသော မန္တလေး ဗဟို အကျဉ်းထောင်ရှိ ဝန်ထမ်းလေ့ကျင့်ရေး သင်တန်းကျောင်းတွင် ကျွန်တော်တက် ရောက်သင်ကြားခဲ့ရပါသည်။အကျဉ်း ထောင်ဥပဒေ ဘာသာရပ်၊ ငွေစာရင်း ဆိုင်ရာ ဘာသာရပ်များကို ဝါရင့် အတွေ့ကြုံရင့် ထောင်ပိုင်ကြီးများမှ အ ချိန်ပိုင်းဖြင့် လာရောက်ပို့ချသင်ကြားခဲ့ ပါသည်။ ထိုစဉ်က မန္တလေးဗဟိုအ ကျဉ်းထောင်မှ ထောင်ပိုင်ကြီးဦးစိန်ဌေး (အငြိမ်းစားထောင်အရာရှိတစ်ဦး)က အကျဉ်းထောင် ဥပဒေဘာသာရပ်များ ကို သင်ကြားပို့ချခဲ့ပါသည်။ ထောင် ပိုင်ကြီး ရန်အောင်မောင်မောင်က ငွေ စာရင်းဆိုင်ရာ ဘာသာရပ်ကို လာ ရောက်ပို့ချပါသည်။ ဆရာရန်အောင် မောင်မောင်မှာ စာအရေးအသား ကောင်းသကဲ့သို့ ဟောပြောပို့ချရာတွင် လည်း ဘာသာရပ်ထဲတွင် ငြီးငွေ့မသွား စေဘဲ၊ အတွေ့အကြုံများ၊ ဟာသလေး များနှင့် ရောနှောပို့ချသွားရာ 'ကျွန် တော်တို့သင်တန်းသားများ လွန်စွာသ ဘောကျခဲ့ပါသည်။ ဆရာဦးစိန်ဌေးက အကျဉ်းထောင်ဥပဒေ ဘာသာရပ်ကို သင်ကြားပို့ချရာတွင် မန္တလေးဗဟိုအ ကျဉ်းထောင်တာဝန်ခံ ထောင်ပိုင်ဖြစ် သည်နှင့်အညီ လက်တွေ့သင်ခန်းစာ များကို မန္တလေးထောင်တွင်း၌ သင်ကြားပြသပေးခဲ့ပါသည်။ ထိုစဉ်က မန္တလေးထောင်တွင် မူးယစ်ဆေးဝါးမှု များ ရှုပ်ထွေးလျက်ရှိရာ ဆရာဦးစိန် ဌေး ကိုယ်တိုင် သင်တန်းသားများ ရှေ့တွင် ရှာဖွေရေးကို တံခါးကြီးအ တွင်း၌ လက်တွေ့ရှာဖွေပြသခဲ့ပါသည်။

ကျွန်တော်တို့သင်တန်းများပြီးဆုံး ၍ ၁၉၈၅ ခုနှစ်၊ ဧပြီလ(၅)ရက်တွင် အကျဉ်းဦးစီးဌာန၏ အရာရှိဝင်ပေါက် ဖြစ်သော ထောင်မှူးများအဖြစ် စတင် ခန့်အပ်ခြင်းခံခဲ့ရပါသည်။ ကျွန်တော် ထောင်မှူးအဖြစ် စတင်တာဝန်ချထား



www.burmeseclassic.com

www.burmeseclassic.com



ခြင်းခံရသည့်နေရာမှာ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်အတွင်းရှိ တောင်လေးလုံး ကြံစိုက်ပျိုးရေးအလုပ်စခန်း (ယခုတောင်ကြီးအကျဉ်းထောင်)ဖြစ်ပါသည်။ ထိုစဉ်က စခန်းတာဝန်ခံထောင်ပိုင်မှာ ဒုတိယထောင်ပိုင် ဦးဝင်းမြင့် (အငြိမ်းစားညွှန်ကြားရေးမှူး)ဖြစ်ပြီး ဒုတိယစခန်းတာဝန်ခံမှာ ထောင်မှူးကြီး ဦးသိန်းမြင့်(ကွယ်လွန်)တို့ဖြစ်ပါသည်။ ၁၉၈၅–ခုနှစ်အတွင်းမှာပင် ဒုတိယထောင်ပိုင်ဦးဝင်းမြင့်မှာ ထောင်ပိုင်အဆင့် (၁)ရာထူးသို့တက်၍ ဒိုက်ဦးမြို့နယ်ရှိ ကျိုက်စကောစခန်းကို ပြောင်းသွားခဲ့ပါသည်။ ထောင်မှူးကြီး ဦးသိန်းမြင့်မှာလည်း ဒုတိယထောင်ပိုင်ရာထူးသို့တက်၍ တောင်လေးလုံးစခန်းမှာပင် တာဝန်ခံ(ထောင်ပိုင်)ဖြစ်လာပါသည်။

ကြိုးပေးရမည့် အကျဉ်းသား(၂)ဦးမှာ သန်းမြင့်နှင့်မြအေးဆိုသော အကျဉ်းသား(၂)ဦးဖြစ်ပြီး ခင်မာရီဆိုသော မိန်းကလေးအား မုဒိမ်းကျင့်ခြင်း၊ ဓါးဖြင့်အချက်ပေါင်းများစွာ ထိုးသတ်ခြင်း၊ ရင်သားကို လှီး၍ မီးကင်ပြီး အရက်နှင့်မြည်းခဲ့ခြင်း စသည့် ပြစ်မှုများကြောင့် သေဒဏ်ချမှတ်ခြင်းခံရသူ များဖြစ်ပါသည်

၁၉၈၆–ခုနှစ် မေလအတွင်း အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဗိုလ်မှူးကြီးတင်ဦး တောင်လေးလုံးစခန်းသို့ လာရောက်စစ်ဆေးပါသည်။ တောင်လေးလုံးစခန်းတွင်(၂)ရက် စစ်ဆေးပြီး မန္တလေးဗဟိုထောင်သို့ ဆက်လက်သွားရာ ထောင်ပိုင်ဦးသိန်းမြင့်မှာ မန္တလေးထောင်သို့ ညွှန်ကြားရေးမှူးချုပ်ကားနှင့် အတူလိုက်ပါခဲ့ပြီး ကျွန်တော်ကဝန်ထမ်း(၁၀)ဦးကို ဦးဆောင်ကာ တောင်လေးလုံးစခန်းမှ (ကေအမ်–ရိမ်းဂျား)ကားဖြင့် ညွှန်ကြားရေးမှူးချုပ်အား မန္တလေးသို့လိုက်ပါပို့ဆောင်ခဲ့ရပါသည်။

မန္တလေးရောက်မှပင် ဒုတိယထောင်ပိုင်ဦးသိန်းမြင့် တာဝန်တစ်ခုဖြင့် လိုက်ပါလာခြင်းကို သိရှိရပါသည်။ မြင်းခြံထောင်ပိုင်ဦးသန်းက အဖွဲ့ဝင်၊ ကျွန်တော်၏ ထောင်ပိုင်ဦးသိန်းမြင့်လည်း အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရန် လိုက်ပါလာခြင်းဖြစ်ပါသည်။

မန္တလေးရောက်ပြီး နောက်တစ်နေ့နံနက်တွင် မြင်းခြံသို့ တောင်လေးလုံးစခန်းမှယူလာသော (ကေအမ်–ရိမ်းဂျား)ကားဖြင့် ဆရာရန်အောင်မောင်မောင်ကို ခေါ်၍ထွက်ခွာ ခဲ့ကြပါသည်။ မြင်းခြံသို့မွန်းလွဲ(၂)နာရီခန့်တွင် ရောက်ရှိပြီး ဆရာရန်အောင်မောင်မောင်နှင့် ကျွန်တော်၏ ထောင်ပိုင်ဦးသိန်းမြင့်တို့က မြင်းခြံထောင်ဧည့်ရိပ်သာတွင်တည်းခိုပါသည်။ ကျွန်တော်နှင့် ဝန်ထမ်း(၁၀)ယောက်က မြင်းခြံထောင်ရှေ့ရှိ ဓမ္မာရုံတွင်တည်းခိုရပ်နားပါသည်။ မြင်းခြံထောင်ပိုင်ဖြစ်သူ ဒုတိယထောင်ပိုင်ဦးသန်းမှာ ကျန်းမာရေးမကောင်းသဖြင့် အိပ်ရာထဲမှ မထနိုင်ခဲ့ပါ။ နောက်တစ်လခန့်ကြာသော အခါ အသည်းကင်ဆာရောဂါဖြင့် သေဆုံးသွားခဲ့ပါသည်။

မြင်းခြံထောင်တွင်ကြိုးပေးရမည့် အကျဉ်းသား(၂)ဦးမှာ သန်းမြင့်နှင့်မြအေးဆိုသော အကျဉ်းသား(၂)ဦးဖြစ်ပြီး ခင်မာရီဆိုသော မိန်းကလေးအားမုဒိမ်းကျင့်ခြင်း၊ ဓါးဖြင့်အချက်ပေါင်းများစွာ ထိုးသတ်ခြင်း၊ ရင်သားကို လှီး၍မီးကင်ပြီး အရက်နှင့်မြည်းခဲ့ခြင်း စသည့်ပြစ်မှုများကြောင့် သေဒဏ်ချမှတ်ခြင်းခံရသူများဖြစ်ပါသည်။ ကျွန်တော်တို့ရောက်ရှိသည့်နေ့ မွန်းလွဲ(၂)နာရီခန့်တွင် ကြိုးတိုက်တွင်ထားရှိသော သန်းမြင့်နှင့်မြအေးတို့အား နိုင်ငံတော်သမ္မတတင်



www.burmeseclassic.com

www.burmeseclassic.com



သွင်းခဲ့သော အသနားခံစာပယ်ချခြင်းခံရကြောင်းနှင့် နောက်တစ်နေ့နံနက်တွင် ကြိုးပေးမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသည်။ ကျွန်တော်ကိုယ်တိုင် ကျွန်တော့်ဆရာဦးသိန်းမြင့်နှင့်အတူ ထောင်တွင်းသို့လိုက်ပါ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် သံဃာတော် (၁) ပါးနှင့် သရဏံဂုဏ်တင် တရားနာကြားစေပါသည်။ ကျွန်တော်တွေ့ခဲ့ဖူးသမျှတွင် သေဆုံးပြီးသောသူများကိုသာ သံဃာတော်များဖြင့် သုသာန်ဇရပ်တွင် အခေါင်းအဖုံးဖွင့်ကာ သရဏံဂုံတင် တရားနာကြပါသည်။ ယခုမူ မသေသေးသော အရှင်လတ်လတ် လူသား(၂)ဦးအား သရဏံဂုံ တရားနာကြားခြင်း ဖြစ်ရာ ထူးဆန်းမှုတစ်ခုပင်ဖြစ်၍ နေပါသည်။ သို့ရာတွင် သေပြီးသောသူ တရားနာနိုင်၊ မနာနိုင်တော့ ကျွန်တော် မသိပါ။ ပျှင်လျက်နှင့် သရဏံဂုံ နာကြားရသည်မှာတော့ လက်တွေ့ကျကျ အထင်အရှား နာယူနိုင်ပါသည်။ သို့သော် မြအေးဆိုသူမှာ တည်ငြိမ်စွာ တရားနာကြား နိုင်သော်လည်း သန်းမြင့် ဆိုသူမှာ ငိုယိုလျက် ကြောက်ရွံ့တုန်လှုပ်နေကြောင်း တွေ့ရှိခဲ့ရပါသည်။

ထိုနေ့က သေဒဏ်အကျဉ်းသား (၂)ဦးအား သရဏဂုံတင်ပြီးနောက် ဆရာဝန်ဖြင့် ကျန်းမာရေးစစ်ဆေးပါသည်။ နောက်တစ်နေ့နံနက်တွင် ကြိုးပေးတော့မည့်အကျဉ်းသားကို ကျန်းမာရေးစစ်ဆေး၍ နေထိုင်မကောင်းဖြစ်နေခြင်း(သို့မဟုတ်)ဖျားနာခြင်းဖြစ်နေပါက ကြိုးပေးတော့မည့် အကျဉ်းသားကို ကျန်းမာရေးစစ်ဆေး၍ နေထိုင်မကောင်းဖြစ်နေခြင်း(သို့မဟုတ်)ဖျားနာခြင်းဖြစ်နေပါက ကြိုးပေးမည့်ရက်ကို ရွှေ့ဆိုင်းရမည်ဖြစ်ကြောင်း ကြားသိခဲ့ရပါသည်။ သေဒဏ်အကျဉ်းသား (၂)ဦး အား ထိုနေ့ညနေစာကို ၎င်းတို့နှစ်ဦး ကြိုက်ရာဟင်းနှင့် ကြိုက်ရာအစား အစာမှာယူခိုင်းခဲ့ရာ နှစ်ဦးစလုံးက ခေါက်ဆွဲကြော်စားချင်သည်ဟု ဆန္ဒပြုသဖြင့် ခေါက်ဆွဲကြော် ဝယ်ကျွေးခဲ့ရပါသည်။ ထိုညက ကြိုးတိုက်အတွင်း၌ ကြာနီကန်ဆရာတော် တရားခွေကို ကက်ဆက်ဖြင့်ဖွင့်၍ နာကြားစေခဲ့ပါသည်။ နောင် (၃/၄)နှစ်ကြာသည်အထိ ကြာနီကန် တရားသံကြားတိုင်း ကျွန်တော့်စိတ်တွင် စိတ်မချမ်းမြေ့စွာဖြင့် မြအေးနှင့်သန်းမြင့်တို့၏ နောက်ဆုံးည ကို သတိရနေမိပါသည်။



ထိုနေ့ညတွင် မြင်းခြံထောင်ညွှန်ရိပ်သာတွင် ဆရာရန်အောင်မောင်မောင်နှင့် ဆရာဦးသိန်းမောင်တို့အား ညစာကျွေးမွေးညှော်ခံပါသည်။ ဆရာရန်အောင်မောင်မောင်က ကျွန်တော့်အားတွေ့ရှိပြီး ဆရာဦးသိန်းမြင့်အား မေးမြန်းရာ တောင်လေးလုံးစခန်းမှ ခေါ်လာသော ထောင်မှူးဖြစ်ကြောင်း၊ ညွှန်ချုပ်အား မန္တလေးသို့ လိုက်ပါပို့ဆောင်ရင်းပါလာကြောင်း ဆရာမှ ပြောပြခဲ့ပါသည်။ ဆရာရန်အောင်မောင်မောင်က ကျွန်တော့်အား "မနက်ဖြန်မနက် သေဒဏ်အကျဉ်းသား နှစ်ဦးကြိုးပေးမည်ဖြစ်ကြောင်း၊ မင်းတို့လည်း တစ်နေ့မှာထောင်ပိုင်ဖြစ်လာကြဦးမှာ ဖြစ်တဲ့အတွက် အတွေ့အကြုံ ဗဟုသုတရရန် အတူတကွ လိုက်ပါလေ့လာကြည့်ရှုရန် ပြောပါသည်။ ကျွန်တော် အလွန်ဝမ်းသာမိပါသည်။ တစ်သက်မှာ တစ်ခါမကြုံဖူးသော မြင်ကွင်းကို တွေ့ကြုံရမည့်အပြင် မိမိတာဝန်ထမ်းဆောင်နေသောဌာန၏ တာဝန်အစိတ်အပိုင်းတစ်ခုဖြစ်နေ၍ လက်တွေ့ကြည့်ချင်မိခဲ့ပါသည်။

နောက်တစ်နေ့နံနက် အရုဏ်မတက်မီ(၅)နာရီတွင် သေဒဏ်အကျဉ်းသား သန်းမြင့်နှင့် မြအေးကို ကြိုးစင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ခေါင်းစွပ်အနက်များ စွပ်၍ တစ်ပြိုင်တည်း ကြိုးပေးကွပ်မျက်ခဲ့ပါသည်။ ကြိုးစင်ပေါ်တွင် မြအေးအား ကြိုးကွင်းစွပ်ပေးသူမှာ ထောင်မှူး ဦးထွန်းရီဖြစ်ပြီး သန်းမြင့်အား ကြိုးကွင်းစွပ်ပေးသူမှာ ထောင်မှူးဦးဝင်းသိန်းဖြစ်ပါသည်။ ဒေါက်ဖြုတ်ရန် အမိန့်ပေးအချက်ပြသူမှာ ထောင်မှူးကြီး ဦးရဲမြင့်ဖြစ်ပြီး ဒေါက်ဖြုတ်သူမှာ မြင်းခြံထောင်မှ အမည်မမှတ်မိသော ဒုတပ်ကြပ်တစ်ဦးဖြစ်ပါသည်။ သန်းမြင့်ဆိုသူမှာ ဒေါက်ဖြုတ်ပြီးပြီးချင်း ခြေနင်းအံဖုံးပွင့်၍ တစ်ချက်တည်းနှင့် ကိစ္စပြတ်ခဲ့သော်လည်း၊ မြအေးဆိုသူမှာ ဒေါက်ဖြုတ်ပြီးပြီးချင်း ကိစ္စမပြတ်ဘဲ ကြိုးတန်းလန်းနှင့် စက္ကန့်အနည်းငယ်ခန့် ဆန့်ငင်ဆန့်ငင် ဖြစ်ပြီးနောက်မှ ငြိမ်ကျသွားခဲ့ပါသည်။ မည်သို့ပင်ဆိုစေ သေဒဏ်ကြိုးပေးသည့်ကိစ္စ တစ်ချက်တည်းနှင့် ကိစ္စပြတ်ခြင်းသည် ကြိုးပေးခြင်းတာဝန်ထမ်းဆောင်ရသူအတွက်ကောင်းသလို ကြိုးပေးခံရသူအတွက်လည်း ဝေဒနာမခံစားရဘဲ စိတ်အာရုံမများဘဲ အသက်ထွက်သွားခြင်းဖြစ်သဖြင့် ပို၍ကောင်းမည်ထင်ပါသည်။

ကြိုးပေးခြင်းကိစ္စများ လုပ်ထုံးလုပ်နည်းနှင့်အညီ အားလုံးပြီးစီးသွားခဲ့ပြီး နံနက်(၀၇း၀၀)နာရီတွင် ညှိရိပ်သာ၌ နံနက်စာစား စားနေစဉ် ဆရာရန်အောင်မောင်မောင်က ကျွန်တော့်အား "ကောင်လေး မင်းဘာမေးစရာရှိလဲ"ဟုမေးရာ ကျွန်တော်က ထောင်မှူးကြီး ဦးရဲမြင့်က ဒေါက်ဖြုတ်မည့် ဒုတပ်ကြပ်အားအချက်ပြ အမိန့်ပေးရာတွင် "မင်းတို့ကောင်းရာ သုဂတိလားပါစေ(မင်းတို့ လိုရာ ဆုကိုတောင်းကြပါ)"ဟု နှစ်ကြိမ်ပြောပြီး သူဆောင်းထားသော ပီကက် ဦးထုပ်ကို ချွတ်ပြလိုက်သည်နှင့် ဒေါက်ဖြုတ်မည့် ဒုတပ်ကြပ်ကလည်း ဖြုတ်ချလိုက်ကြောင်း မြင်ခဲ့ရပါသည်။ အဘယ်ကြောင့် "ဒေါက်ဖြုတ်"ဟု နှုတ်မှမပြောခဲ့ပါသလဲဟု ကျွန်တော်မေးမြန်းကြည့်ခဲ့ရာ ဆရာက "လိုရာဆုတောင်းပြီး ဘဝကူး ကောင်းအောင်၊ စိတ်အေးအေးနဲ့ တည်ငြိမ်စေချင်လို့ဖြစ်ကြောင်း၊ "ဒေါက်ဖြုတ်"ဟု အော်လိုက်ပါက"ငါ သေရတော့မှာပါ လား"ဟူသော ထိတ်လန့်တဲ့အာရုံ အနှောင့်အယှက်ဖြစ်မ သွားအောင် ပေါ့ကွာ"ဟု ပြောကြားခဲ့ပါသည်။

နောက်တစ်ခု ကျွန်တော်မေးမြန်းခဲ့သည်မှာ နှစ်ယောက်တစ်ပြိုင်တည်း ကြိုးပေးလို့ရတဲ့ ကြိုးစင်မှာ ဒေါက်တစ်ချက်တည်းဖြုတ်ပါလျက်နှင့် သန်းမြင့်ဆိုသူမှာ တစ်ချက်တည်းကိစ္စပြတ်ပြီး၊ မြအေးမှာတော့ စက္ကန့်အနည်းငယ် ဆန့်ငင်ဆန့်ငင်ဖြစ်ရခြင်းမှာ ဘာကြောင့်ပါလဲဆရာဟု မေးမြန်းခဲ့ရာ သန်းမြင့်နှင့် မြအေးတို့အမှုဖြစ်စဉ်အရ သန်းမြင့်ဆိုသူမှာ အဓိကဆရာကြီးဖြစ်ပြီး၊ သူ၏ဦးဆောင်တိုက်တွန်းမှု ခြိမ်းခြောက်မှုများကြောင့် မြအေးက ကျူးလွန်ခဲ့ရခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ သန်းမြင့်ကို ကြိုးကွင်းစွပ်ပေးရာတွင် ထောင်မှူး ဦးထွန်းရီအနေနှင့် အပေါင်း အသင်းမကောင်း၍ဖြစ်ခဲ့ရသော မြအေးကို သနားစိတ်ဝင်ပြီး တင်းတင်းရင်းရင်းမလုပ်ရက်လို့ ကြိုးကွင်းအနေအထားမမှန်ခဲ့၍ တစ်ချက်တည်းနှင့်

မလွဲရှောင်သာ တာဝန်အရ
လုပ်ကိုင်ဆောင်ရွက်ရသော်လည်း လူသားချင်းစာနာသနားစိတ်၊
ဘာသာရေးအရ ငါးပါးသီလအနက်မှ
တစ်ပါးပါဝင်နေခြင်းများကြောင့်
စိတ်မသက်သာစွာဖြင့် လုပ်ကိုင်ကြရခြင်းသာ
ဖြစ်ပါသည် . . .





www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမပြတ်ဘဲ စက္ကန့်အနည်းငယ်ကြာခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ (ဆရာရန်အောင်မောင်မောင်၏ ထောင်တစ်သက်အတွေ့အကြုံ၊ အခန်း-၅၇)

ထိုနေ့ နံနက်(၈)နာရီခန့်တွင် ဆရာကြီးရန်အောင်မောင်မောင်နှင့်အတူ ကျွန်တော်တို့(ကေအမ်-ရိမ်းဂျား) ကားဖြင့်ပင် တောင်သာမှတစ်ဆင့် ပုပ္ပားတောင်သို့သွားရန်ဖြစ်ပါသည်။ ထမင်းဟင်းများ တစ်ပါးတည်းဝယ်ယူသယ်ဆောင်ခဲ့ပြီး ပုပ္ပားတောင်မကြီးတွင် အနားယူစားသုံးရန်ဖြစ်ပါသည်။ ပုပ္ပားတောင်မကြီးရှိ ကားလမ်းဘေးတွင် ဌာနဆိုင်ရာ ရိပ်သာများ (၄/၅) လုံး တွေ့ရှိရာ ကျွန်တော်ဆင်း၍ ထောင်ပိုင်ကြီး ဦးမောင်မောင် ကားပေါ်ပါပါတယ်။ ရိပ်သာမှာ ခဏနားခွင့်ပြုဖို့ပြောရာ ပထမရိပ်သာနှစ်လုံးက အကြောင်းအမျိုးမျိုးဖြင့် လက်မခံခဲ့ပါ။ နောက်ထပ် ရိပ်သာတစ်လုံးကိုတော့ အကျဉ်းဦးစီးဌာနက ထောင်ပိုင်အဆင့်(၂)၊ စာရေးဆရာကြီး ရန်အောင်မောင်မောင် ဒီကားနှင့်ပါလာပါတယ်၊ ဒီရိပ်သာမှာ ခဏလောက်နားခိုခွင့်ပြုဖို့ ပြောဆိုရာ စာရေးဆရာရန်အောင်မောင်မောင်လားဟု ပြန်မေးသဖြင့် ဟုတ်မှန်ကြောင်းပြောဆိုရာ၊ ရိပ်သာတံခါးချက်ချင်းဖွင့်ပြီး နားခိုခွင့်ပြုကြောင်း၊ လိုအပ်တာရှိလည်း ပြောပါဟုပျူငှာစွာကြိုဆိုခဲ့ပါသည်။ ထောင်ပိုင်ရန်အောင်မောင်မောင်ကို လက်ခံတာမဟုတ်ဘဲ၊ စာရေးဆရာကြီး ရန်အောင်မောင်မောင်ကို လက်ခံတာပါလားဟု မှတ်ယူလိုက်ရပါသည်။

ဆရာကြီးသည် နံနက်စောစောက မြင်းခြံထောင်ကြီးစင်တွင် အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြုလုပ်ခဲ့ရသော တာဝန်တစ်ရပ်အတွက် ပုပ္ပားတောင်မကြီးရှိ ရိပ်သာ၌ပင် အေးဆေးစွာပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ တာဝန်အရကြိုးပေးခြင်းကို ဆောင်ရွက်ရသော်လည်း မည်သည့် အကျဉ်းဦးစီးဌာနဝန်ထမ်းမျှ ထိုအလုပ်ကို လုပ်ချင်ကြမည် မဟုတ်ပါ။ မလွှဲရှောင်သာ တာဝန်အရ လုပ်ကိုင်ဆောင်ရွက်ရသော်လည်း လူသားချင်းစာနာသနားစိတ်၊ ဘာသာရေးအရ ငါးပါးသီလအနက်မှ တစ်ပါးပါဝင်နေခြင်းများကြောင့် စိတ်မသက်သာစွာဖြင့် လုပ်ကိုင်ကြရခြင်းသာ ဖြစ်ပါသည်။

၁၉၈၈-ခုနှစ်နောက်ပိုင်း ယနေ့အထိ တည်ဆဲဥပဒေမှာလည်း သေဒဏ်အပြစ်ပေးခြင်းရှိနေပါသည်။ တရားရုံးများမှလည်း တည်ဆဲဥပဒေအရ သေဒဏ်အပြစ်ပေးလျက်ပင်ရှိနေပါသည်။ အကျဉ်းထောင်များမှလည်း သေဒဏ်ကျ အကျဉ်းသားများကို လက်ခံ ထိန်းသိမ်းလျက် ရှိနေပါသည်။ အကျဉ်းထောင်များမှလည်း လုပ်ထုံးလုပ်နည်းအတိုင်း အယူခံအဆင့်ဆင့်ကိုလည်း တင်ပြပေးလျက် ရှိနေပါသည်။ အကျဉ်းထောင်များမှလည်း လုပ်ထုံးလုပ်နည်းအတိုင်း အယူခံအဆင့်ဆင့်ကိုလည်း တင်ပြပေးလျက် ရှိနေပါသည်။ သို့သော် မည်သည့် သေဒဏ်အကျဉ်းသားကိုမျှ ကြိုးစင်တွင် ကြိုးပေး ကွပ်မျက်ခြင်းကိုတော့ မပြုလုပ်တော့ပါ။ အများအားဖြင့် ကြိုးတိုက်ခန်းအတွင်း ထားရှိရင်း နိုင်ငံတော်လွတ်ငြိမ်းချမ်း သာခွင့်များနှင့် လျော့ပေါ့ခွင့်များအရ သေဒဏ်မှ တစ်သက်တစ်ကျွန်းသို့ ပြောင်းလဲသွားသူများသာရှိပါသည်။

အရာရှိကြီးတစ်ဦးက အရာရှိပေါက်စလေးတစ်ဦးအား နောင်တစ်ချိန်မလွှဲရှောင်သာ တာဝန်ပေးအပ်လာလျှင် သိရှိနားလည်စေရန် စေတနာဖြင့် လက်တွေ့သင်ခန်းစာတစ်ခုလေ့လာခိုင်းခဲ့သည်ကို ယနေ့တိုင် ကျွန်တော် မေ့နိုင်မည်မဟုတ်ပါ။ ယခုဆိုလျှင် ဆရာကြီးလည်း ကွယ်လွန် သွားခဲ့ပါပြီ။ ကျွန်တော်လည်း ဆရာကြီးပြောခဲ့သလို ထောင်ပိုင်တာဝန်ကို ထောင်/စခန်းအသီးသီးမှာ (၁၀)နှစ်ကျော် ထမ်းဆောင်ခဲ့ပြီးဖြစ်ပါသည်။ သို့သော် တာဝန်ပေး၍ ကြုံကြိုက်လာပါက လုပ်တတ်ကိုင်တတ်စေရန် စေတနာဖြင့် ဆရာကြီး သင်ယူလေ့လာခိုင်းတဲ့ တာဝန်တစ်ရပ်ကို တစ်ကြိမ်မျှတာဝန် မယူခဲ့ရပါ။ ဒီဘက်ခေတ်မှာ အဆိုပါ ကြိုးပေးခြင်းတာဝန် ထမ်းဆောင်ရခြင်းမရှိသည့်အတွက် ကိုယ့်ကိုယ်ကို ကျေနပ်မိပါသည်။ သူတစ်ပါးအသက်ကို မည်သူသတ်ချင်ပါမည်နည်း။ ဆရာကြီးရဲ့ တပည့်ဖြစ်သူ ကျွန်တော်လည်း ကြိုးပေးသည့် တာဝန်တစ်ရပ်ကို ထမ်းဆောင်ပြီးတိုင်း ဆရာကြီးကဲ့သို့ မလွှဲမရှောင်သာ တာဝန်တစ်ခုအတွက် ပုပ္ပားတောင်ဘုရားသွားရင်း ပုတီးစိပ်ခြင်း၊ မေတ္တာပို့ခြင်းများကိုလည်း မလုပ်ရတော့ပါ ခင်ဗျား။ ဆရာကြီး ကောင်းရာသုဂတိရောက်ပါစေ ...။

ကိုဦး(လွိုင်ကော်)



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



(၁)

တစ်နေ့ . . .

အဲဒီတစ်နေ့ကိုတော့ ရိုးမမုဆိုးကြီး ကိုဦးတစ်ယောက် ဘယ်လိုမှ မေ့လို့မရသောနေ့။ တဲရှေ့ ကွပ်ပစ်တွင် အဖန်ရည်သောက်ရင်း တောင်မကြီးဘက်ဆီ လှမ်းမျှော်ကြည့်လိုက်တော့ မိုးသားမည်းမည်းတို့အကြား လျှပ်ပန်းလျှပ်နွယ်တို့က ပြိုးပြိုးပြက်ပြက်၊ မိုးခြိမ်းသံတို့ကိုလည်း ကြားနေရသည်။ မိုးကား ရွာမယောင်ဟန်ပြင်လျက်။ သို့အတွက် တောပုန်းခြောင်း မထွက်သေးဘဲ အဖန်ရည်သောက်ရင်း မိုးအခြေအနေကို စောင့်နေလိုက်သည်။

အတန်ကြာကြာ စောင့်နေလိုက်တော့ ရာသီဥတုက သူ့ဘက်အလေးသာသွားသည်မို့ ခေါင်းရင်းတွင် ချိတ်ဆွဲထားသည့် နှစ်လုံးပြူးသေနတ်ကို ပခုံးတွင်ထမ်းကာ အမဲလည်ရန်(တောပုန်းခြောင်း) ပစ်ခတ်ဖို့ ထွက်ရန်ဟန်ပြင်လိုက်စဉ် –

"ဝုတ် ဝုတ် . . ဝုတ် . . အူး"

တဲခြေရင်းတွင် ခွေခွေကလေးတွေ အိပ်နေကြသော ခွေးသုံးကောင်က ခေါင်းထောင်ထရင်း ထိန်းမရတော့။ ယခင်အခါက မုဆိုးကြီးနှင့် အတူ အမဲလည်နေကြမို့ ယခုလည်း သူတို့ပါ သခင်ဖြစ်သူနှင့် လိုက်ပါရန် တောင်းဆိုနေကြသည့်အသွင်။ သို့သော်လည်း မုဆိုးကြီးက ယခုတောပုန်းခြောင်းပစ်ခတ်ရန်ထွက်မည့် ခရီးတွင် ခွေးများကို ခေါ်ဆောင်မသွားလိုသည်က အမှန်။

အဘယ့်ကြောင့်ဆိုသော် ယခုအချိန်က ဝါဆို ဝါခေါင် ရေဖောင်ဖောင် အချိန်ကာလမို့ ပဲခူးရိုးမကြီး ရင်ခွင်တစ်လျှောက် ဝေါခနဲ မိုးက ပြိုဆင်းလာပြီဆိုလျှင် အထက်ပိုင်းမှ ဆင်းလာသော တောင်ကျရေတို့က အပြိုးတကြီး စီးဆင်းကြသည့် တောင်ကျချောင်းများကို ဖြတ်သန်းကျော်လွှား သွားရမည့် ခရီးဖြစ်သည်မို့ မိမိလို လူသားရင့်မကြီး တစ်ယောက်အဖို့ မထောင်းသာသော်လည်း မွေးထားသော ခွေးသုံးကောင်မှာ ခွေးပုအမျိုးအစား(ချင်းခွေး) ကလေးများ ဖြစ်ကြတဲ့အတွက် အထက်ပိုင်းမှ အပြိုးတကြီး စီးဆင်းလာကြတဲ့ တောင်ကျချောင်းရေကို ဘယ်လိုနည်းနှင့်မှ ဖြတ်သန်းကျော်လွှားနိုင်မှာ မဟုတ်သည့်အတွက် ထိုခရီးကို ခေါ်မသွားလိုသည်က အမှန်။

ပခုံးပေါ် ထမ်းထားသည့် သေနတ်ကို ပြန်ချ၊ ငါးဖယ်ခုတ်ဓားပါသည့် ကျည်ခါးပတ်ကို ပြန်ချိတ်ထားလိုက်ရင်း ထန်းလျက်ခဲများကျွေးကာ ခွေးသုံးကောင်ကို ချော့နေပေမဲ့ သခင့်အထာကို နောကျေပြီးသား ခွေးများမို့ မည်သို့မျှ ချော့လို့ကလည်းမရ၊ ခြောက်လို့ကလည်းမရမို့ ကိုဦးအရှုံးရ ခက်ချေပြီ။

နောက်ဆုံးအဆင့် ခွေးတွေကို ရိုက်နှက် ထိန်းသိမ်းရန်သာ ရှိတော့သည်။ ဒါပေမဲ့လည်း သူတို့မိသားစု ဘဝ စားဝတ်နေရေး အဆင်ပြေ တိုးတက်လာအောင် အစစအရာရာ ပံ့ပိုးကူညီခဲ့ကြသည့် ခွေးများဖြစ်သည်မို့ မရိုက်ရက်။

တောပုန်းခြောင်းထွက်မည့် ခရီးကို ယခုလို ခွေးများ ဟန့်တား နှောင့်ယှက်ခံနေရမှုမှာ မုဆိုးအခေါ် (လမိုင်းမကပ်)၊ စိတ်အနှောင့်အယှက်ဖြစ်အောင်လုပ်နေသည့် ခွေးများကို ထိန်းသိမ်း ဟန့်တားပေးရန်အတွက် အနီးစပ်ဆုံး မာန်မဲရန်မှာ ဇနီးသည် စမ်းမြသာ ရှိနေသည်မို့ –

"တယ် . . . ဒီမိန်းမ အလိုက်ကမ်းဆိုးကို မသိဘူး။ နင့်ဟာတွေ ထိန်းထားပါတော့လားဟဲ့"

မိန်းမကို လှမ်းမာန်လိုက်ပြီး စွေကြည့်လိုက်သည်။ မစမ်းမြက ပျာပျာသလဲနှင့် ရေတံလျှောက်တွင် ချိတ်ဆွဲထားသော ကြိုးသုံးချောင်းကို ယူ၍ ခွေးများ၏ လည်ပတ်နှင့် ညာဘက်လက်ကြားများတွင် သိုင်း၍ ချည်နှောင်လိုက်ကာ ကျန်တစ်ဖက် ကြိုးစများကို တဲ၏မျက်နှာစာရှိ ဖိနပ်ချွတ်တိုင်များတွင် ချည်နှောင်လိုက်ပြီးတော့မှ သေနတ်နှင့် ခါးပတ်တို့ကို ပြန်ပြီးပတ်ကာ ဝါးရုံတောကြီးရှိရာဘက်ဆီသို့ ထွက်ခွာလာခဲ့ပေတော့သည်။ ခွေးသုံးကောင်ကား သခင့်နောက်မလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရ၍ အိမ်တွင် ဝှန်းဒိုင်းကြဲကျန်ရစ်ခဲ့ပေတော့သည်။

(၂)

ယခုလို ရာသီနဲ့ အချိန်မျိုးမှာ မုဆိုးကြီး ကိုဦးတစ်ယောက် ဝါးရုံတောကြီးများရှိရာဘက်ဆီ တောပုန်းခြောင်း ပစ်ခတ်ရန် ရွေးချယ်လိုက်ရခြင်းမှာ ဝါးရုံတောကြီးများ၏ ခြေရင်းတို့တွင် ဌားငွားစွင့်စွင့် ထွက်ပေါ်နေကြသော မျှစ်စို့ပင်ပေါက်ကြီးများကြောင့်ပင် ဖြစ်ပေတော့သည်။

ယခုလို အချိန်များနှင့် ရာသီမျိုးတွင် မျှစ်စို့ပင်ပေါက်ကြီးများကို ချေ၊ ဒရယ်၊ ဆတ်၊ တောဝက်၊ စိုင်နှင့် ပြောင်တို့က လာရောက်စားသောက်တတ်ကြသည်။ ထိုတိရစ္ဆာန်တို့ရဲ့ အသားများကို သားစားသတ္တဝါများဖြစ်ကြသည့် ကျား၊ ကျားသစ်၊ ခွေးဆွဲကျားသစ်၊ ကျားမင်းတို့က စားကြပြန်သည်။ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်နိုင်ရေးမို့ မုဆိုးတို့ ကံကောင်းခဲ့ပါလျှင် ...။

လူသွားလမ်းကျဉ်းကလေးအတိုင်း လျှောက်လှမ်းရင်း သေနတ်ကို အရေးရှိက ပစ်ခတ်နိုင်ရန် အသင့်မောင်းတင်၍ ဝါးရုံတောကြီးအတွင်းသို့ ဝင်ခဲ့ရင်း မျက်စိရှင်ရှင် နားပါးပါးထားကာ လျှောက်လှမ်းနေမိသည်။

"ဟော ... တွေ့ပြီ၊ တွေ့ရပေပြီ"

ဆက်သွားရမည့် လျှောက်လမ်းပေါ်တွင် လက်ျာဘက် ဝါးရုံတောကြီးအတွင်းဆီမှ မကြာခင်ကလေးအတွင်းမှ မျှစ်စို့ပေါက်ကြီးများကို ချိုးဖဲ့ကိုက်ဝါးစားနေရင်းက ဖြတ်သွားထားခဲ့ပြီဖြစ်သော သားကောင်တစ်ကောင်၏ သစ်လွင်သော ခြေရာနက်များ၊ မြေပြင်တွင် ဝါးစူးချွန်နှင့် ထိုးစိုက်ထားသလိုအပြင် အောက်ခြေတွင် ခွာရာပြိသည့်အတွက် ခြေရာရှင်မှာ ဝက်ကြီးတစ်ကောင်ဖြစ်ဖို့များသည်။ လူနံ့ရသွားသည့်အတွက် ရှောင်ထွက်သွားဟန်ပင်။ ခြေရာအတိုင်းအတာအရ ယခုလူနံ့ရသဖြင့် ရှောင်ထွက်သွားသော တောဝက်ကြီးမှာ အလေးချိန်အားဖြင့် ပိဿာချိန် ၄၀ ထက် မအောက်သော ဝက်တောင်းတစ်ကောင်ဟု စိတ်ကလည်း ခန့်မှန်းလိုက်မိသည်။

ရှောင်ထွက်သွားရာ ဝက်တောင်းကြီးနောက်ဆီသို့ မြေစိုက်ခြေရာကို ကြည့်ရင်း သေနတ်ကို ဆုပ်ကိုင်ကာ လိုက်သွားသည်။ တစ်နေရာအရောက် ရပ်တန့်ကာ ရှိနိုင်မည့်နေရာဆီသို့ မျက်လုံးအစုံကို ဝေ့ဝိုက်ကစားလိုက်စဉ် ..

"ဗျော ... ဝေါ ဝေါ"

လက်ဝဲဘက် ဝါးရုံတောကြီးအတွင်းမှ ဗီးစပ်ချုံတောဘက်ကို ပြေးလွှားထိုးဝင်လျက် ကုန်းစောင်းအောက်ခြေ လျှို၏ အောက်ပိုင်းဆီသို့ တစ်ရှိန်ထိုး ပြေးဆင်းသွားသည်ကြောင့် လက်တွင်းရှိ သေနတ်ဖြင့် တန်းထိုးပစ်ခတ်ရန် လှမ်းချိန်လိုက်သော်လည်း မမီလိုက်တော့။ လျှင်လိုက်သည့် သားကောင်၊ ဖင်ပိုင်းကို ရိပ်ခနဲ တစ်ချက်သာ မြင်လိုက်ရသည်။

"ရှောင်ထွက်သွားတဲ့ ..ဝက်တောင်းကြီးပါလား"

ဟူ၍ စိတ်တွင်းက တွေးလိုက်ရင်း လွတ်ကင်းရာကို ဖြတ်သန်းပြေးလွှားရှောင်ထွက်သွားသော သားကောင်၏ အခြေအနေကို မြင်လိုက်တာနဲ့ မုဆိုး ကိုဦး သိပြီးသား။

သားကောင်ပြေးဆင်းသွားရာ လျှိုစောင်းမှ လှမ်းမျှော်ကြည့်လိုက်တော့ လျှိုအောက်ပိုင်း ရေအိုင် မြက်ပြင်လမ်းကြောင်း တစ်ဖက် ဂုံမင်းချုံတောကြီးဆီ ဦးတည်နေသည်ကို တွေ့

**လူနံ့ရသွားသည့်အတွက် ရေပြင်တွင် သူ့ထံပြေးလွှားကာ လိုက်လာနေကြသော**
**သိန်းချီသည့် ကျွဲမျှော့ကြီးများကို အသည်းယားဖွယ်ရာ တွေ့လိုက်ရပေသည်။**
**ကျွဲမျှော့ဆိုသည်က သာမန်မျှော့မျိုးမဟုတ်။**
**ကျွဲတစ်ကောင်၏ လည်ပင်းကို**
**ဆုံးခန်းတိုင် ရစ်ပတ်သွေးစုပ်သည့် မျှော့မျိုး ..**



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ညီညာပြန့်ပြူးသော ဂုံမင်းတောအတွင်း လှမ်းကြည့်လိုက်တော့ အလယ်ကျောတွင် သားကောင်တစ်ကောင် တိုးဝှေ့သွားလာနေမှုကြောင့် အပင်ထက် ကိုင်းဖျားကိုင်းနားများ ယမ်းခါလှုပ်ယိမ်းနေသည်ကို မြင်တွေ့လိုက်ရသည့်အတွက် တောဝက်ကြီးမှာ ဂုံမင်းတောအတွင်း အမှန်ပင် ရှိနေသေးကြောင်း အထင်အရှားသိလိုက်ရပေသည်။

ထိုဝက်ကြီးကို ပစ်ခတ်နိုင်ရန်မှာ လှျိုထက်က အောက်ကိုဆင်း၊ ရေအိုင်ကိုဖြတ်၊ ဟိုမှာဘက်တွင်ရှိသော ကန်သင်းရိုးပေါ်မှ ပစ်ခတ်လျှင် ပိုင်နိုင်သော ပစ်ချက်ဖြစ်မည်ကို မုဆိုးကြီးက တွက်ချက်ခန့်မှန်းပြီးဖြစ်သည်။ ထိုအတိုင်း လုပ်ရန်ကိုလည်း ဆုံးဖြတ်ချက်ချပြီးလည်း ဖြစ်ပေသည်။

ဆုံးဖြတ်ချက်အတိုင်း လှျိုစောင်းမှ အပင်ငယ်များကို ဆုပ်ကိုင်ကာ နောက်ပြန်ဆင်းလာခဲ့သည်။ အောက်ခြေကို ရောက်တော့ ရေအိုင်ကိုဖြတ်ကူးရန် ပုဆိုးကို ခါးတောင်းကျိုက်လိုက်ပြီး ရေသံမကြားအောင် သေနတ်ကို အသင့်ကိုင်ရင်း ဖြည်းညင်းစွာတစ်လှမ်းခြင်း လျှောက်လှမ်းလာခဲ့ပေသည်။

ရေမှာ ပေါင်ရင်းခန့်နက်သည်။ ဂုံမင်းတောအတွင်း ငြိမ်နေသည့် တောဝက်ကြီး၏ လှုပ်ရှားမှုကို အာရုံမပြတ်၊ မျက်စိရှင်ရှင်ထားကာ သေနတ်ကို အသင့်အနေအထားကိုင်ဆောင်ရင်း ရှေ့ကို လှမ်းခဲ့ပေသည်။

ထိုသို့ လျှောက်လှမ်းနေစဉ် ခြေသလုံးနှင့် ပေါင်တို့တွင် စစ်ခနဲ စစ်ခနဲ နာကျင်ခံစားရမှုကြောင့် ဖြတ်သန်းနေသည့် ရေပြင်ကို ကြည့်လိုက်တော့ . .

"ဟိုက် . . . ကျွဲမျှော့ကြီးတွေပါလား။ များပြားလိုက်တာ လွန်ပါရော"

လူနှံ့ရသွားသည့်အတွက် ရေပြင်တွင် သူ့ထံပြေးလွှားကာ လိုက်လာနေကြသော သိန်းချီသည့် ကျွဲမျှော့ကြီးများကို အသည်းယားဖွယ်ရာတွေ့လိုက်ရပေသည်။ ကျွဲမျှော့ဆိုသည်က သာမန်မျှော့မျိုးမဟုတ်။ ကျွဲတစ်ကောင်၏ လည်ပင်းကို ဆုံးခန်းတိုင်ရစ်ပတ်သွေးစုပ်သည့် မျှော့မျိုး။ သာမန်ကြည့်လျှင်တောင် တစ်ထွာနှင့် လက်လေးသစ်ခန့်ရှည်သည်။

လတ်တလော မုဆိုးကြီး စဉ်းစားမိလိုက်သည်ကတော့ –

"ငါဟာ ရိုးမမုဆိုးကြီးအမည်ခံပြီး သားကောင်ပေါင်းစုံကို နေရာမရွေး အချိန်မရွေး ပစ်ခတ်သတ်ဖြတ်နေသူဖြစ်ပေမယ့် လတ်တလော ကြုံတွေ့ရင်ဆိုင်နေရသည့် အန္တရာယ်သည်ကိုယ်ခံရတော့မည့်ကိစ္စသက်သက်ပါကလား။ သေနတ်ပါလျက်နဲ့ ပစ်ခတ်ကာကွယ်လို့ကလည်း မရ၊ ပါလာသည့် ဓားကို ထုတ်ပြီး ခုတ်ပိုင်းလို့ကလည်း မရ။

ကိုက်ခဲခံရသည့် ဒဏ်ရာကြောင့် ရေထဲမြုပ်နေသည့် ခြေအစုံကို အသာဖော်ကြည့်တော့ ညာဘက်ခြေထောက်တစ်ခုတည်းတွင် ကတ္တရာလမ်းပမာ မည်းမည်းလှုပ်နေပေပြီ။ နေရာလပ်မရှိမြင်လို့ပင် မကောင်း။ ယခုကြည့်လိုက်သည်က ညာခြေတစ်ဖက်တည်းရယ်သာ။ ဘယ်ခြေတွင်လည်း နည်းမည် မထင်။ အကိုက်ခံနေရသည့်မိမိသာ အသိဆုံး မဟုတ်ပါလား။

အရေးမကြီး။ မျှော့သွေးစုပ်ခံလိုက်ရတာကြောင့် ချက်ချင်း လူသေမသွားနိုင်။ အရေးကြီးတာက တောဝက်တောင်းကြီးကို အပိုင်ပစ်ခတ်ဖို့အရေး။

လျှောက်လှမ်းနေရင်း ကန်သင်းရိုးနား အရောက်၊ အပေါ်တက်လိုက်ပြီး မုဆိုးထိုင်(ဆောင့်ကြောင့်ထိုင်) အနေအထားနဲ့ ချုံတောအတွင်း တောဝက်ကြီး၏ လှုပ်ရှားမှုကို ဂုံမင်းတောအတွင်းရှိ သစ်ရွက်များအတွင်းမှ ထိုးဖောက်လှေ့လာစူးစမ်းနေလိုက်မိသည်။ သို့သော်လည်း မထူး။ တောဝက်ကြီးက ငြိမ်နေသည်။ မလှုပ်။ ရန်သူလိုက်လာမှန်းသိသဖြင့် ဝက်ကြီးက မလှုပ်။ ငြိမ်ကပ်နေသည်။ သို့မဟုတ်ပါကလည်း သူ၏ကိုယ်သက်နံ့ကြောင့် ရှောင်ထွက်သွားပေပြီလား။

"အို . . . ဒီအခြေအနေမှာခဏ စောင့်ကြည့်လိုက်တာပေါ့"

တစစ်စစ် သွေးစုပ်ခြင်းခံနေရသည့် စိတ်ထဲမှ တင်းခံလိုက်ရင်း သားကောင်လှုပ်ရှားမှု အခြေအနေကို ငံ့လင့်စောင့်စားကြည့်နေလိုက်မိသည်။ တဖြည်းဖြည်း ခြေထောက်နှစ်ဖက်စလုံး တစစ်စစ် သွေးစုပ်ခြင်းခံနေရသည့် နေရာမှ ပိုမို နာကျင်လာသည်မို့ မျက်လွှာချကာ ငုံ့ကြည့်လိုက်တော့ –

"အားပါးပါး . . . နည်းတဲ့ မျှော့ကြီးတွေ မဟုတ်ပါလား။ ခဲနေတာပဲ"

တော်ရုံတန်ရုံ သာမန်လူတစ်ယောက်ဆိုပါက တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် သွေးပျက်ကာ ချောက်ချား



www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်သည်။ အတွေ့အကြုံရင့်ကျက်တဲ့ မုဆိုးတစ်ဦးဖြစ်နေသည်မို့ ရှူးသွပ်မသွားအောင် စိတ်ထိန်းထားနိုင်ခြင်းပင်။ ခြေထောက်နှစ်ဖက်စလုံး ပေါင်ရင်းထိတိုင် နေရာမလပ် သွေးစုပ်ယူနေကြသော ကျွဲမျှော့ကြီးများမှာ ပေါင်ရင်းရောက်သည့်တိုင် ခြေအိတ်အမည်းကြီးကို စွပ်ထားသည့်နှယ်ပင်။ သို့သော်လည်း သွေးစုပ်ယူနေကြသော မျှော့ကြီးတို့ကို ဂရုထားမနေနိုင်။ လတ်တလော အရေးကြီးနေတာက ဂုံမင်းအရှုပ်တောကြီးအတွင်း ငြိမ်နေသည့် တောဝက်ကြီး၏ လှုပ်ရှားမှု။

အခြေအနေသည် မိမိက ငြိမ်သက် အကဲခပ်ရင်း လှုပ်ရှားမှုမပြသောအခါ သားကောင်ထံမှ လှုပ်ရှားမှုက စတင်လိုက်သည်။

(၃)

သိမ့်ခနဲ ဂုံမင်းအရှုပ်တောရဲ့ လှုပ်ရှားမှုကြောင့် ကိုင်ဆောင်ထားသည့် သေနတ်ကို လျှပ်တစ်ပြက် လှုပ်ရှားရာဆီသို့ ပြောင်းရွှေ့လိုက်ချိန် ..

"ရှီး . .. . ရှီး . . . ဖျီး ဖျီး ဖျီး ဟော ဟော"

ပြင်းထန်စွာ မာန်ထသည့်အသံကြီးတစ်သံက မုဆိုးကြီး နောက်ကျောအထက်ပိုင်းဆီမှ ပေါ်ထွက်လာသည်ကို ကြားလိုက်ရသည်။ သဘာရင့်မုဆိုးကြီးတစ်ဦးမို့ ယခုကြားလိုက်ရသော အသံမှာ မြွေကြီးတစ်ကောင်ဒေါပွသံမှလွဲ၍ အခြားဘာအကောင်အသံမျိုးမှ မဖြစ်နိုင်ဆိုတာကိုလည်း သဘောပေါက်လိုက်သည်။

ဟိုယခင်အချိန်များဆီက တောလည်သွားရင်း အချိန်လင့်၍ တဲဆီပြန်ချိန်မရသည့်အခါမျိုးတွင် တောတွင်းရှိ အထိုင်ကောင်းသော သစ်ပင်ထက် ခွကြားဆီသို့ တက်ရောက်ပြီး အချိန်ကုန်လွန်စေခဲ့ရသော ညများတွင် အပင်အောက်မြေပြင်ထက် တွားသွားသတ္တဝါများဖြစ်သည့် မြွေကြီးများ၏ အစာရှာရင်း တွန်သံမှာ "ပျို ပျို ပျို" ဟူ၍သာ။ မိမိကို အန္တရာယ်ပေးမည့် သတ္တဝါများနှင့် ရင်ဆိုင်ကြရတော့မည့် အခါတွင်သာ ယခုလို အသံမျိုးကို ကြားရတတ်သည်။ ယခု နောက်ဆက်တွဲ ကြားလိုက်ရသည့် "ဟော ဟော ဟော"ဆိုသည့်အသံမျိုးထွက်သည့် မြွေမျိုးမှာ ငန်းမြွေကြီးတို့သာ အော်ဟစ်တတ်ကြသည့် မြွေမျိုးမို့ ယခု မိမိနောက်ကျောအထက်ပိုင်းဆီ မှ နားနှင့်ဆတ်ဆတ် ကြားလိုက်ရ သော အသံမှာ လူကို အန္တရာယ်ပေးတော့မည့် ငန်းမြွေကြီးတစ်ကောင်၏ အသံဖြစ်သည့်အပြင် ရန်လိုနေသည့် အသံဖြစ်မှန်းကို မုဆိုးသက်ရင့်လှုပြီဖြစ်သော သူ့အဖို့ သိလိုက်ပြီလည်း ဖြစ်သည်။

လက်ရှိအနေအထားအရ မုဆိုးဒူးထောက်ပုံစံမျိုးနှင့် တောဝက်ကြီးကို ပစ်ခတ်ရန် အသင့်အနေအထားနဲ့ ချိန်ရွယ်ထားရင်းမှ နောက်ကျောဘက်အထက်ပိုင်းဆီမှ အန္တရာယ်ပေးတော့မည့် အငွေ့အသက်က မဖိတ်ခေါ်ဘဲ အလိုလို ရောက်နေပြီမို့ လှုပ်ရှားမှုကိုလည်း မပြုရဲ၊ လျှပ်တစ်ပြက် နောက်ကျောဆီလှည့်ကာ ပစ်ခတ်ဖို့ကလည်း မဖြစ်နိုင်မို့ အကျပ်ရိုက်နေသည်။ မိမိလှုပ်ရှားလိုက်လျှင် သူ့အစာဖြစ်သွားမည် မဟုတ်ပါလား။

အတွေးဝင်လာသည်မို့ ကိုယ်ကိုငြိမ်အောင်ထားပြီး ဟန်ချက်မပျက်ခေါင်းကို ဖြည်းဖြည်းချင်း မော့ကာနောက်ကျောဘက် အန္တရာယ်ပေးတော့မည့် သားကောင်ကြီးကို မျက်လုံးလှန်ကြည့်လိုက်တော့ –

"အာလာလာ ... နည်းတဲ့အကောင်ကြီး မဟုတ်ပါလား။ ဘုရား ဘုရား"

မုဆိုးအလုပ်နှင့် ရှင်တော်ဘုရား ဘယ်လိုမှ မသက်ဆိုင်သည်ကိုတော့ သူ သိသည်။ သို့သော် နှုတ်ထွက်စကားကတော့ သည်အတိုင်း။ စိတ်တွင်းကသာမို့ ယောင်ယမ်း အသံမထွက်သွားသည်ကိုပင် ကိုယ့်ကိုယ်ကို ကျေးဇူးတင်နေမိလိုက်သေးသည်။ မှန်ပေသည်။ တွေ့လိုက်ရသော မြင်ကွင်းက နောက်ကျောဘက် အထက်ပိုင်းဆယ်ပေအမြင့်ခန့်တွင် ဆန်ကောပိုင်းလောက်ရှိ ရှည်မျောမျော ပါးပျဉ်းခွက်ကြီးကို ခွက်လျက် ဘေးကိုကားထွက်နေသည့် သွားစွယ်နီကျင်ကျင်များကို ထုတ်ကာ တဟဲဟဲ မာန်သွင်း၍ ပေါက်ချတော့မည့် မြွေကြီးတစ်ကောင် ..။ လုံးပတ်မှာ ဟောလစ်ပုလင်းလုံးခန့်၊ ရှည်လျား မည်းနက်သော လျှာနှစ်ခွက ပြူတစ်ပြူတစ်၊ ဖန်ဂေါ်လီလုံးခန့်ရှိ တောက်ပြောင်နေသည့် မျက်လုံးအစုံက ရက်စက်စွာပေါက်ချတော့မည့် အသွင်မျိုးနှင့် တရွေ့ရွေ့ ရှေ့ကိုတိုးနေသည့် ငန်းလင်းကြီးတစ်ကောင်၏ အသွင်။

မုဆိုးကြီး ကိုဦးမှာ နောက်ကျောဘက်ဆီတွင် တွေ့မြင်လိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com





မြင်ကွင်းကြောင့် ဇောချွေးများပြန်နေသလို သည်လိုနေရာမျိုးတွင် ယခုကဲ့သို့ သည်လိုမြွေကြီးမျိုးကို ဘာကြောင့် လမ်းတွင် မတွေ့ခဲ့ရသလဲ။ မုဆိုးလုပ်စားနေပြီး သည်လောက်အသုံးမကျ တဲ့ မိမိအဖြစ်ကို ပြန်အပြစ်တင်ရင်း မိမိအားနည်းချက်ကို ပြန်အပြစ်တင်နေမိသည်။

“ဒီလောက် ..အသုံးမကျတဲ့ အကောင်၊ နင် သေတာပဲ ကောင်းတယ်”

ဟု စိတ်တွင်းက မိမိကိုယ်ကို ကျိန်ဆဲရေရွတ်နေလိုက်မိသည်။ ယခုသို့ ဝါးရုံတောကြီးအတွင်း မိမိလို မုဆိုးရင့်မာကြီးတစ်ယောက်က သားကောင်ပေါင်းစုံကို ခြေရာကောက် လိုက်လံရှာဖွေပစ်ခတ်အနိုင်ယူခဲ့တဲ့ ပွဲပေါင်း မနည်းတော့..။ ဘာမှဟုတ်တဲ့ သည်လို ဝါးရုံတောအတွင်း ကျပါမှသားကောင် နောက်လိုက်ရင်း ကိုယ်က သားကောင်ဘဝပြန် ရောက်ရသည့် အဖြစ်။

နှစ်ဖက်သော ခြေထောက်နှင့် ပေါင်တို့မှ ကျွဲမျှော့ကြီးများရဲ့ တွယ်ကပ်သွေးစုပ်ခံနေရမှုကလည်း တဖြည်းဖြည်းနဲ့ မခံမရပ်နိုင်လောက်အောင် နာကျင်ကာ အခံရခက်နေပေပြီ။ နောက်ကျောဘက်ဆီမှ “တခွီးခွီး တဖျီးဖျီး”နှင့် လက်ငင်းအန္တရာယ်ပေးတော့မည့် မြွေကြီးတစ်ကောင်၏ မာန်ဖီသံ၊ အကျပ်အတည်းနှင့် ရင်ဆိုင်တွေ့ကြုံနေရသော လတ်တလောအခြေအနေမှာ မိမိအသက်ကို သူ့အတွက် ဝကွက်အပ်ရုံမှတစ်ပါး အခြားမရှိတော့။

“အို ...ငါက လူသား၊ ငါ့ကို အန္တရာယ်ပေးမယ့် သားကောင်က အဟိတ်တိရစ္ဆာန်ပဲ၊ ဉာဏ်ရည်သာတဲ့ သူက အနိုင်ယူကြေးပေါ့ ..၊ ကိုဦး မကြောက်နဲ့”

အသိစိတ်က ကြောက်စိတ်ပြေအောင် တွန်းအားပေးတဲ့ အတွေးများက မုဆိုးကြီးရဲ့ ဦးနှောက်အတွင်းသို့ ဝင်ရောက်လာခဲ့သည်။ မုဆိုးဒူးထောက်ထိုင်နေရင်း ရှေ့ဂုံမင်းတောထဲမှ ထွက်လာမည့် တောဝက်ကြီးကို ပစ်ခတ်နိုင်ရန် ချိန်ရွယ်ထားသော သေနတ်၏ ပြောင်းဖျားကို မသိမသာ အပေါ်သို့ ပင့်တင်ရင်း မိမိကို ပေါက်သတ်ရန် မာန်ဖီနေသော မြွေကြီးရဲ့ ဦးခေါင်းပိုင်း ပါးပျဉ်းခွက်ကို မှန်းဆကာ ပခုံးထက် မှေးကပ် ချိန်ရွယ်လိုက်သည်။ ခက်နေတာက သေနတ်ပြောင်းကို ပခုံးထက် မှေးကပ်လျက် ပြောင်းပြန်အထိုင်ချကာ မှန်းဆချိန်ရွယ်ထားသော်လည်း သေနတ်ရဲ့မောင်းခလုပ်ကို ဘယ်လို ဆွဲဖြုတ်ရလဲဟူသော အတွေးက ဝင်လာပြန်သည်။ လက်မနှင့် အောက်ကို ဖိချမှ ရမည်ဟူသော အတွေးကိုလည်း ရလိုက်သည်။ နဖူးမှ ထွက်ပေါ်လာသည့် ဇောချွေးများကလည်း ထိန်းလို့ မရတော့။ ကြောက်ရွံ့ထိတ်လန့်မှုတို့က စိတ်ကို အနိုင်ယူ လွှမ်းမိုးနေပေသည်။ သို့အတွက် စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင်လည်း ထိန်းနေရပေသည်။

ကိုယ်က မုဆိုးတစ်ယောက်ဆိုပေမယ့် ဟိုယခင်အတွေ့အကြုံများအရ မိမိက အနိုင်ယူခဲ့သည့်ပွဲများ။ ယခုပွဲမှာတော့ ကိုယ်က သားကောင်ဘဝ ရောက်နေသည့်ပွဲ။

သည်ခရီးကို အိမ်ကမထွက်ခင် ခွေးသုံးကောင် ဟန့်တားနှောင့်ယှက်မှုနဲ့မို့ မထွက်ခဲ့မိရင်လည်း အကောင်းသားဟူ၍လည်း မဆီမဆိုင် တွေးမိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြန်သေးသည်။

"ရှီး ... ဖျီး ဖျီး ဖျီး ဟော"

အမှတ်မထင် သေနတ်ပြောင်းပြန် ပုံစံနှင့် ပခုံးထက် မှေးကပ်ထောင်လိုက်သည့် လှုပ်ရှားမှုကြောင့် နောက်ကျောတွင် ခေါင်းထောင်ထားသည့် ငန်းမြွေကြီး မာန်ဖီလိုက်သံက ပိုမိုနီးကပ်ပြင်းထန်လာသည်ကို အနီးကပ်ကြားလိုက်ရပြန်သည်။ ထိုစဉ် အရှေ့ဂုံမင်းတောကြီးအတွင်းဆီမှ ငြိမ်နေသည့် တောဝက်ကြီး တဖြည်းဖြည်းချင်း ယိုင်နဲ့စွာ ရှေ့ကွက်သာဘက်ဆီသို့ ထိုးထွက်လာနေသည်။

"ရှီး ဖျီး ဖျီး"

ဒေါ်ပွနေသည့် မြွေကြီးက မုဆိုးကိုဦးကို ပေါက်ရန် ပါးပျဉ်းခွက်ကို နောက်လှန်ကာ အားယူလိုက်သည့် အချိန် မထင်မှတ်ဘဲ မြွေကြီးက တောဝက်ကြီးကိုပါ တွေ့မြင်သွားသည်နှင့် အတူ သူ၏ ဦးခေါင်းကလည်း တောဝက်ကြီးရှိရာဘက်ဆီသို့ ဦးတည် သွားခဲ့ပြန်သည်။

ငန်းလင်းမြွေကြီးမှာ လတ်တလော လှုပ်ရှားနေသော တောဝက်ကြီးထံ အာရုံပြောင်းသွားသည်နှင့်အတူ မုဆိုး ကိုဦးကလည်း ယခုမှပင် အခြေအနေမှန်ကို ရိပ်စားမိတော့သည်။ အဖြစ်မှန်ကို သဘောလည်းပေါက်သွားသည်။

အစာရှာနေသော မြွေကြီးမှာ လူနံ့ရသဖြင့် အစာကို လွှတ်ကာ ရှောင်ထွက်သွားသည့် တောဝက်ကို မိမိအရင် မြင်တွေ့သွားပြီး မိမိအစာအဖြစ် သတ်မှတ်ကာ ရစ်ပတ်ဆွဲဆန့်စားသောက်ရန် နောက်က ဖြည်းညှင်းစွာ လိုက်လံချောင်းမြောင်းနေခဲ့ဟန်ရှိသည်။ ထိုသို့ရှိစဉ် တောဝက်ကြီးပြေးဆင်းသွားသည့်နောက်သို့ ပစ်ခတ်ရန် အာရုံစိုက်၍ လိုက်လံချောင်းမြောင်းနေသည့် မိမိအပြစ်၊ အမှားဆိုသည်ကို သိလိုက်ရခြင်းပင်။

အန္တရာယ်အငွေ့အသက်ကို ရရှိသွားသော တောဝက်ကြီးက လျှိုစောင်းလျှိုအောက်ကို ပြေးအဆင်း၊ ရေအိုင်ကိုဖြတ်၊ ဂုံမင်းတောချုံအတွင်း ဝင်ရောက်ခိုအောင်းကာ ရန်သူအခြေအနေကို စောင့်ကြည့်နေစဉ် ထိုအခြေအနေကို ရိပ်စားတွက်ဆထားဟန်တူသော မြွေကြီးက လူမုဆိုးထက်အရင် ခေါင်းထောင်ကာ ချောင်းမြောင်းစောင့်ကြည့်နေစဉ် အထူအပါးကို နားမလည်၊ ငါးစာကိုသာ မြင်ပြီး ဒံကို မမြင်၊ သတိလည်း မမူမိသော မုဆိုးကြီးက တောဝက်နှင့် မြွေတို့အကြား တောဝက်ကိုသာ အာရုံစိုက်၍ လိုက်လံမိခဲ့သဖြင့် မိမိမှာ မြွေကြီး၏ သားကောင်အဖြစ်သို့ ကြားခံရောက်ရှိသွားတော့သည်ကို ယခုမှပင် သဘောပေါက်လိုက်မိပေတော့သည်။

**သူ့အစာအဖြစ်**
**အပိုင်တွက်ထားသော**
**သားကောင်ကို**
**ယခုလို**
**ထွက်သွားနိုင်အောင်**
**လုပ်လိုက်သူ**
**ဒီလူသားတွင်**
**အဓိက တာဝန်ရှိနေသည်။**
**သို့အတွက်**
**ယနေ့ ငါ့အစာသည်**
**မျက်စိအောက်တွင်**
**ရှိနေသည့်**
**လူသားသာ**
**ဖြစ်ရမည်ဟူသော**
**သဘောဖြင့်**
**...**

(၄)

ခြေထောက်နှစ်ဖက်နဲ့ ပေါင်လုံးအထိနေရာမလပ် ပိန်းထနေအောင် တစ်ကောင်အပေါ် တစ်ကောင်ထပ်လျက် တွယ်ကပ်ပြီး သွေးစုပ်နေကြသော ကျွဲမျှော့ကြီးများကလည်း စောစောက လာကပ်စဉ်ကကဲ့သို့ မဟုတ်၊ သွေးဝနေကြပြီမို့ ခြေမလုံးသာသာ ဖောင်းကားနေကြပေပြီ။ အချို့အကောင်တို့မှာ သွေးစုပ်လို့ ဝနေပြီမို့ အောက်ကိုပင် ခွာချထားသည့် မြေပြင်ထက်ကအကောင်က သုံးလေးကောင်။

မဝသေးသည့် အကောင်တို့ကလည်း မနည်းမနော။ သို့သော်လည်း မျှော့များကို ဂရုမထားနိုင်သေး။ အခြေအနေကလည်း အဆိုးဘက်က မယောင်မလည် ကိုယ့်ဘက်ဆီသို့ အလေးသာလာသည်ကို သတိပြုမိလိုက်သည်။

www.burmeseclassic.com



ငန်းမြွေကြီးမှာ မူလက သူ့အစာအဖြစ် သတ်မှတ်ထားသည်က တစ်ကောင်တည်း၊ အမှတ်မထင် မိမိက တောဝက်နဲ့ မြွေကြီးတို့အကြားကို ဝင်လိုက်မိတော့ သူစားမည့်အစာကို ကြားဖြတ်ဝင်လုမည့် ရန်သူဟူ၍လည်း ထင်မြင်သွားဟန် ရှိပေသည်။ သို့သော်လည်း ယခုအချိန်မှ ထွက်လာခဲ့သော တောဝက်ကို ဒေါမာန်ထနေဟန်လည်း ရှိသည်။ ယခုတော့ ဂုံမင်းတောအတွင်းမှ အေးဆေးယိုင်နဲ့စွာ 'တာ့တာ'လုပ်ပြီး ထွက်သွားသော၊ သူ့အစာအဖြစ် အပိုင်တွက်ထားသော သားကောင်ကို ယခုလို ထွက်သွားနိုင်အောင် လုပ်လိုက်သူမှာ ဒီလူသားတွင် အဓိက တာဝန်ရှိနေသည်။ သို့အတွက် ယနေ့ ငါ့အစာသည် မျက်စိအောက်တွင်ရှိနေသည့် လူသားသာ ဖြစ်ရမည်ဟူသော သဘောဖြင့် လူသားမုဆိုးဘက်ဆီ ပြန်လည် ဦးတည်လိုက်သည်။

ထိုအချိန် မဆီမဆိုင် ကိုဦးက ခွေးသုံးကောင်ကို ခေါ်မလာမိသည့် အပြစ်ကိုလည်း အမှားအဖြစ်ခံယူကာ ကိုယ့်ကိုယ်ကို ကျိန်ဆဲနေမိသည်။

လက်ဦးမှုကို လျှင်မြန်စွာအသုံးချရန် လိုအပ်သည်ဆိုသော ဆုံးဖြတ်ချက်ကို ချလိုက်သည်နှင့် တစ်ပြိုင်နက် ခုံးပေါ် မှေးတင်ထားသော သေနတ်၏ မောင်းခလုပ်ကို လက်မနှင့်ဖိချကာ မောင်းခလုပ် ဖြုတ်လိုက်ပေတော့သည်။

"ဒိုင်း"

သေနတ်၏ မြည်ဟိန်းပေါက်ကွဲသံကြီးက ဝါးတောကြီးအတွင်း ဖုံးလွှမ်းသွားသလို လူကလည်း သေနတ်ကို ချိုင်းဘတ်ကြားညှပ်လျက် ရှေ့ဘက် တောဝက်ကြီး ထွက်သွားသော ဂုံမင်းတောအတွင်းသို့ ကျွမ်းထိုးကာ လိမ့်ဆင်းပစ်လိုက်ပေတော့သည်။ လေးငါးပတ်လောက်တော့ လည်သွားပေမည်။ စိတ်ကို စုစည်းကာ ကုန်းထလိုက်တော့ သေနတ်တခြား လူကတခြား။ အသိထဲတွင် သေနတ်က အရေးကြီးမှန်းသိနေသည့်အတွက် အမြန်ဆုံး ကောက်ယူကာ လွတ်မည်ထင်သော ရှေ့တူရူဘက်ဆီသို့ အားကုန်ပြေးထွက်လိုက်ပေတော့သည်။

ရှေ့ကို ပြေးနေရသော်လည်း နောက်ကျောဘက်ဆီမှ 'ဘုန်း'ဟူသော ကိုယ်လုံးကြီးက ရေစပ်စပ်မြေပြင်ထက်ဆီသို့ အရုပ်ကြိုးပြတ် ပုံကျသွားပြီး ရေအိုင်အတွင်းမှ လူးလိမ့်သံ တဗွမ်းဗွမ်းကို ကြားနေရပေသည်။

သေနတ်ကိုပိုက်ကာ လွတ်လမ်းကို ပြေးမယ့်သာ ပြေးနေရပေမယ့်လည်း ဘယ်ဘက်ဆီကို ဦးတည်နေမှန်းတော့မသိ။ သူသိလိုက်တာကတော့ လျှိုတစ်ခုကို ဖြတ်လိုက်မိ သည်။ နောက်ပြီး တောင်ကုန်းတစ်ကုန်းကို တက်ပြန်သည်။ နောက်ပြန်ဆင်း၊ နောက်ပြန်တက်၊ ပြေးလမ်း ခရီးကို ဆန့်လိုက်ပါက တစ်မိုင်သာသာ နှစ်မိုင်လောက်တော့ ရှိနိုင်သည်။

ဟောဟဲလိုက်ကာ ပြေးနေရင်း ဟပ်ထိုးမောကာ လဲကျတော့မှ ထိုနေရာတွင် ခေတ္တအမောဖြေကာ နောက်ကျောဘက်ဆီ ပြန်လည် နားစွင့်လိုက်တော့ လှုပ်ရှားမှုကို မတွေ့ရပေမယ့် ရေအိုင်အတွင်း အရုပ်ကြိုးပြတ် ပစ်ကျသွားသော ငန်းမြွေကြီး၏ 'လူးလိမ့်သံ၊ သစ်ပင်ငယ်များကို ရစ်ပတ်လိမ်ညှစ်သဖြင့် တဖျောင်းဖျောင်း ကျိုးကျေသံများကို အတိုင်းသား ကြားနေရတုန်းပင်။

ပုဆိုးကို ချွတ်ကာ ဆိုးရွားစွာ ထွက်ပေါ်နေသည့် တစ်ကိုယ်လုံးရှိဖော ချွေးများကို ပုဆိုးနှင့်သုတ်လိုက်ရင်း သေနတ်ကိုဖက်ချိုးကာ ကျည်သစ်တစ်တောင့်အစားထည့်ကာ အသင့်ပစ်ခတ်ရန် စီစဥ်ထားလိုက်သည်။

သေနတ်ကို မြေပြင်တွင် အသာချထားလိုက်ပြီး ကျည်ခါးပတ်တွင် တန်းလန်းဖြစ်နေသည့် ငါးဖယ်ခုတ်ဓားကို ဆွဲထုတ်လိုက်သည်။ ခြေထောက်နှစ်ဖက် ပေါင်ရင်းထိတိုင် သွေးတို့ကို တစ်ဝ စုပ်ယူနေကြသော ကျွဲမျှော့ကြီးများကို ဓားသွားနှင့် ခြစ်ထုတ်ဖယ်ရှားလိုက်ရင်း မြေပြင်ထက်ဆီသို့ ကွာကျသွားသော မျှော့ကြီးများကို အညိုးတကြီးနဲ့ လိုက်လံ ခုတ်ပိုင်းသတ်ဖြတ်နေလိုက်သူကတော့ မုဆိုးကိုဦးတစ်ယောက်သာပင် ဖြစ်ပေတော့သည်။

လေးမောင်





www.burmeseclassic.com

www.burmeseclassic.com



# မြနိုင်

ရမ္မက်ဇာ

ကြမ္မာ





www.burmeseclassic.com

www.burmeseclassic.com



မိသန်းခင်သည်
ကလေးနှစ်ယောက်
အမေဖြစ်သည်
အိမ်ထောင်သည်
ဖြစ်သော်လည်း
လင်သားမရှိ။
အဟောင်းကိုပစ်ကာ
အချစ်သစ်ရှာသွားသူ
လင်သားအား
တောင်းပန်စကားဖြင့်
အသနားမခံတော့ဘဲ
. . .

□

"ဒုတ် . . ဒုတ် . . ဒုတ်"

ပိဿလေးနှင့် အားရပါးရထုချလိုက်သည်။ အစိပ်သားနီးပါးရှိသည့် ငါးရံ့ကောင်အား နောက်ထပ်ခေါင်းကို အလေးနှင့် ထပ်ထုလိုက်သည်။ ငါး၏ ဦးခေါင်းမှ ခေါင်းခွံမှာ ကြေသွားသည်။ တောင်းထဲမှာ ငါးတွေကိုတစ်ကောင်ခြင်း ထုတ်ကာ ထုသတ်နေသည်။ ငါးအရှင်တွေမှာ တောင်းထဲမှ မိမိတို့ အသက်ရှင်လွတ်မြောက်ရေးအတွက် ဖြတ်ဖြတ်လွန့်လူးကာ လှုပ်ရှားနေသည်။ မိသန်းခင်သည် ပိတ်စအပြာကွက်ကို ချုပ်ထားသော ဒူးခေါင်းအောက်ထိရှည်သည့် ဘောင်းဘီကို ဝတ်ထားသည်။ အပေါ်အင်္ကျီမှာ ယောကျ်ားရှပ်အင်္ကျီဟောင်းလက်ရှည်ကို ပင်တင်ထားသည်။ ခေါင်းထက်ရှိ ဆံပင်မှာ နီကျင်ကျင်နှင့် ဖွာသန်နေသည်။ နဂိုကောက်လား၊ ဆိုင်မှာကောက်ထားသည့် ဆံပင်လားမသိ၊ တစ်ခေါင်းလုံး ကောက်ပြီးပွနေသည်။ မျက်နှာတွင် လူးထားသည့် သနပ်ခါးပျစ်ပျစ်မှာပါးနှစ်ဖက်တွင် ပါးကွက်ထူထူဖြစ်လျက် ငါးအရှင်တွေကို ထုရနှက်ရ၊ သတ်ရသဖြင့် ခန္ဓာကိုယ်ပေါ်တွင် သွေးစက်တို့က ပြန့်နေသည်။

"ကဲ အမေရေ . . . ဟောဒီမှာ မွေးမြူရေး ငါးရှုသန့်သန့်လတ်လတ်လေး . . . လတ်လတ်ဆတ်ဆတ်နော်၊ ငါးရံ့တွေလည်း ဆိုက်စုံရှိတယ်၊ မိသန်းခင်တို့က ပစ္စည်းကောင်းလေးကိုမှ ရွေးကိုင်တာနော်"

ဈေးဝယ်သူတွေကို အသံချဲ့ကာ အော်ခေါ်လိုက်သည်။ သုံးလေးဦးငါးဝယ်ဖို့ရောက်လာကြသည်။ ချိန်ခွင်ဖြင့် အလေးတင်ကာ ငါးကိုအကောင်လိုက်ချိန်သည်။

"ခြောက်ဆယ့်ငါးကျပ်သားရှိတယ်၊ သုံးထောင့်ကိုးရာဖိုးထဲ ဘယ်လိုလုပ်ပေးရမလဲ၊ ချက်တုံးလား ကြော်မယ့်အတုံးလား"

"ငါးကို အဲသားလွှာပေးပါ၊ ငါးရှုစဉ်းကော ချက်မလို့"



www.burmeseclassic.com

“ဟာ ကောင်းတယ်၊ ကောင်းတယ်၊ ငါးခူအသားကို စဉ်းကောလုပ် အရိုးကို ကင်မွှန်းချဉ်ရွက်နဲ့ အရည်သောက်ချက် ငါးပိတို့စရာနဲ့ဆို ဖဲရီး . . . ဖဲရီးဂွတ်ပဲ”

ဝယ်သူစိတ်ကြိုက်ကို မိသန်းခင်က ခုတ်ထစ်ဖြတ်တောက်ပေးသည်။ မိသန်းခင်၏ အသက်မှာ သုံးဆယ်ဝန်းကျင်သာ ရှိသေးသည်။ အသက်ထက် ခန္ဓာကိုယ်က ပိုမိုဖွံ့ထွားသည်။ ရွက်ကြမ်းရည်ကျိုအလုတော့ရှိသည်။ ဆိုင်အနီးနားတွင်လည်း ပျံကျဈေးသည်လေးများရှိကြသည်။ မိသန်းခင်လို ကုန်ပစ္စည်းကို များများမကိုင်နိုင်ကြ။ မိသန်းခင်တို့လိုလည်း နေရာအတည်တကျမရှိ။ တချို့တလေအတွက် အားလပ်သောနေရာများတွင် ဦးရာလူရောင်းကြသည်။ ထို့ကြောင့် အနားရှိ ဆိုင်ရှင်သမားကြီးတွေကို အချိုဆုံးမျက်နှာနှင့် ပြုံးပြကြရရှာသည်။

“ဟဲ့ . . . ဟိုကတုံးမ ညည်းကဏန်းဗန်းကို နောက်ကို နည်းနည်းဆုတ်ရောင်း . . ၊ ငါ့ဆိုင်ရှေ့က ကွယ်မရောင်းနဲ့ ”

မိသန်းခင်၏ အသံက တစ်ဈေးလုံးတွင် ခပ်ကျယ်ကျယ်၊ ခပ်စွာစွာဖြစ်သည်။ သူ့စီးပွားရေးနယ်ပယ်က နေရာကျယ်သည်။ ငါးတွေက စုံသည်၊ ပုစွန်ဆိတ်၊ ငါးခူ၊ ပင်လယ်ငါး စသည်တို့မှာ အပုံလိုက်ထားသည်။ သွက်လက်ဖြတ်လတ် လျှင်မြန်သော လက်နှစ်ဖက်က အငြိမ်မနေ၊ အုပ်ခဲနှစ်လုံးထပ်ပေါ်ထိုင်ရင်း ဒူးနှစ်ဖက်ကို ထောင်ကာ ဝယ်သူအကြိုက်ကို လက်မနေး၊ ပါးစပ်မနေး ထုတ်ပိုး ပိုင်းဖြတ် ရောင်းနေသည်။ လူမမှားစေရအောင် ဝယ်သူ၏ မျက်နှာကို တစ်ချက်လှမ်းကြည့်ကာ ပစ္စည်းလည်းပေး ပိုက်ဆံလည်းယူ နှုတ်ကလည်း ချိုလိုက်သည်။ ဈေးက မိသန်းခင်၏ ငွေကြေးရှာရသောဈေးကွက်ဖြစ်သည်။ ငါးစိမ်းသည်ဘဝနှင့် သမုဒ္ဒရာဝမ်းလေးထွာအတွက် ရှာဖွေရသူဖြစ်သည်။ မိသန်းခင်သည် ကလေးနှစ်ယောက် အမေဖြစ်သည်။ အိမ်ထောင်သည်ဖြစ်သော်လည်း လင်သားမရှိ။ အပေါင်းကိုပစ်ကာ အချစ်သစ်ရှာသွားသူ လင်သားအား တောင်းပန်စကားဖြင့် အသနားမခံတော့ဘဲ ငါးနှစ်ရွယ်သားကြီးနှင့် သုံးနှစ်ရွယ်သားနှင့်အတူ အသက်ခုနစ်ဆယ်ကျော် မိခင်အိုကြီးတို့ကို ဘဝဝမ်းကျောင်း ငါးရောင်း၍ အသက်ဆက်ရသည်။ မိသန်းခင်သည် ငါးစိမ်းသည်မဟုတ်ခဲ့။ အိမ်နီးနားချင်းက အကြံပေး၍ ဖြစ်ခဲ့ရသူပင်။

မိသန်းခင်တို့ မိသားစုနေထိုင်ရာ ရပ်ကွက်မှာ မြို့သစ်ချထားသော ရပ်ကွက် အစွန်အဖျားဖြစ်သည်။ ကိုယ်ပိုင်အိမ်မဟုတ်၊ လူမနေဘဲ မြေငှားထားသော ပေနှစ်ဆယ်ခြောက်ဆယ်မြေကွက်တွင် တတ်နိုင်သောတဲလေးတစ်လုံးထိုးလိုက်သည်။ ဝါးတိုင်၊ ဝါးခင်း၊ ဓနိမိုးနှင့် နေသော အိမ်လေးဖြစ်သည်။ အိမ်အကာအရံကို ထရံကာသည်။ သည်တဲ တစ်လုံးရဖို့ပင် မိသန်းခင် အနိုင်နိုင်ကြိုးစားရသည်။ လင်သားက ပစ်ခွာသွားသည့်အချိန်တွင် သည်တဲအိမ်လေးမှာပင် ဆက်လက်ရှင်သန်နေထိုင်ဖို့အတွက် မိသန်းခင် လှုပ်ရှားရသည်။ ပထမဆုံး အရင်းမစိုက်ရသည့် အဝတ်လျှော်ခဝါသည်မဘဝကို တစ်အိမ်တက်ဆင်း အလုပ်တကာရသမျှ အချိန်ကိုမှ မနား၊ အိပ်ချိန်ကလွဲပြီး အလုပ်ချိန်များများ ယူကာလုပ်ခဲ့သည်။ ထို့ကြောင့် အိမ်တချို့တလေက ကူညီသော ဝါး၊ ဓနိစသည်တို့နှင့် လက်သမားအခ အနိုင်နိုင်ရှာကာ အိမ်အဖြစ်သည့်တဲအိမ်လေးကိုဆောက်ရသည်။

အမေနှင့်ကလေးနှစ်ယောက်အတွက် အစားအသောက်ကို လုပ်ပေးခဲ့ပြီးမှ မိသန်းခင် အဝတ်လျှော်ထွက်သည်။ ရသည့်ပိုက်ဆံကို ခွဲဝေစုပြီးမှ ဈေးရောင်းဖို့ အရင်းတည်ရသည်။

“မိသန်းခင်ရယ် . . ဟိုဘက်ကန်သာလမ်းထဲက အစွန်မှာနေတဲ့၊ ကိုကြွယ်ဝကြီးဆီမှာ နေ့သွင်းယူပါလား။ ငါတို့လည်း အစကအရင်းနှီးမရှိတဲ့ အချိန်မှာ သူ့ဆီကယူရတာပဲ။ နောက်တော့မှ ကိုယ့်ဘာသာကိုယ်စုပြီး အရောင်းအဝယ်လုပ်ရတာ”

မိသန်းခင် အဝတ်လျှော်ရင်းက သိကျွမ်းလာသော မိတ်ဆွေတစ်ဦးက လမ်းညွှန်ကာပြသည်။ မိသန်းခင်အကူအညီတောင်း၍ မိတ်ဆွေမကလိုက်ပို့သည်။

“ဦးကြွယ်ဝ . . . ဒါ ကျွန်မရဲ့ မိတ်ဆွေပဲ၊ မိသန်းခင်တဲ့ သူကအရောင်းအဝယ်လုပ်ချင်လို့ ဦးကြွယ်ဝဆီမှာ အကူအညီတောင်းတာပါ။ သူက နေ့စဉ်ဈေးရောင်းပြီးတာနဲ့ နေ့သွင်းလာပေးပါ့မယ်တဲ့၊ ကျွန်မ အာမခံပါတယ်”

အသက်ကလေးဆယ်ကျော်၊ ငါးဆယ်ဝန်းကျင် အသားညိုညို၊ ရုပ်ရည်ကကြမ်းသည် မျက်နှာမှာ အဝေးကပဲ ကြည့်ကြည့် . . အနီးကပဲ ကြည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးလူကောင်းပုံသဏ္ဍာန် အသွင်တူဖမ်းကာ မျက်နှာတွင် အမြဲတမ်းအပြုံးတုကို တွေ့ရသည်။ ယခုလည်း မိသန်းခင်တို့နှစ်ဦးအား ရယ်ဟဟ၊ အပြုံးမြမြနှင့် ကြိုဆိုညှော်ဝတ်ပြုလိုက်သည်။

"ညည်းမိတ်ဆွေဆိုတော့လည်း ငါက ကူညီရမှာပေါ့"

ထိုသို့စကားပြောစဉ် မိသန်းခင်က ပတ်ဝန်းကျင်ကို မျက်စိဝေ့ကာဝဲကာ ကြည့်သည်။ ပျဉ်ထောင်အိမ်ခိုင်ခိုင်ခန့်ခန့် ခြေတံရှည်အိမ်ဖြစ်သည်။ ခြံဝင်းခတ်ထားသည်မှာ လုံလုံခြုံခြုံ အနားတွင် မြေကွက်တွေ ကျန်နေသေးသည်။ အိမ်တွေမဆောက်ကြသေးလျှင် ဦးကြွယ်ဝအိမ်က ထီးထီးကြီးရှိနေသည်။ လူသွားလူလာကင်းသည့် အိမ်၏အတွင်းခန်းတွင် အခန်းတစ်ခန်းသာ ဖွဲ့ထားသည်။ မိသန်းခင်လိုအပ်သည့် ငွေကိုချေးလိုက်သည်၊

"ဦးကြွယ်ဝ ..ဟိုအိမ်နောက်က ရေအိမ်တွင်းတူးထားတာလား"

"ဟုတ်တယ်...တွင်းသစ်ပြန်တူးထားတာ၊ အဲဒီအပေါ်မှာ ရေအိမ်ဆောက်ပြီး အဖုံးအကာအရံနဲ့ လုပ်ရမှာ ခွေမချရသေးဘူး"

မိသန်းခင်တို့နှစ်ယောက်သား ပြန်လာခဲ့ကြသည်။ မိတ်ဆွေအမျိုးသမီးကိုလွန်စွာမှ ကျေးဇူးတင်ပါသည်။ သို့နှင့်ပင် ထိုမိတ်ဆွေမ၏ နောက်ထပ်အကူအညီဖြင့် ငါးရောင်းဖို့ဖန်လာသည်။ ရောင်းကာစက နေရာမရှိ၍ အလုပ်လုပ်ရသည်မှာ အဆင်မပြေလှ။ နောက်မှ ကွမ်းယာဆိုင်ရှေ့တွင် တစ်နေ့ကို နေရာဖိုးအတွက် သုံးရာပေးပြီး ဈေးရောင်းစရာ နေရာရတော့သည်။ ယခုမိသန်းခင် ဈေးရောင်းသည့် ဈေးလေးမှာ အားလုံးပျံကျသည့်တွေချည်း ရောင်းကြသော ဈေးဖြစ်သည်။ သို့သော် ဈေးကစည်သည်။

ကုန်စုံဆိုင်၊ ကုန်မျိုးစုံဆိုင် အလှအပပစ္စည်းအစုံရောင်းသော စတိုးဆိုင် အဝတ်အထည်ရောင်းသော အိမ်ဆိုင် ဆေးဆိုင်စသည်တို့နှင့် စည်စည်ကားကားရှိသည်။ ဟင်းသီးဟင်းရွက် သားငါးအမယ်လည်းစုံသည်။ မုန့်မျိုးစုံအသည်လည်း လေးငါးဦးမကရှိသည်။ ထိုဈေးတွင် ရောင်းသည်အတွက် မိသန်းခင် အဆင်ပြေသည်။ ယခုလို ဈေးရောင်းခဲ့သည်မှာ လေးငါးလပင် ရှိပြီ။ ဦးကြွယ်ဝကိုလည်း ငွေလိုအပ်သမျှယူပြီး နေ့စဉ်မှန်မှန် နေ့သွင်းပြန်သွင်းသည်။ တဖြည်းဖြည်းကိုယ်ပိုင် အရင်းအနှီးရအောင်စုလာ၍ ယခုဆိုလျှင်ငွေ တော်တော်လေး စုမိပြီ။

"ဟော...အစ်မသန်းခင်...ကုန်ပြီလား..."

"ကုန်ပြီ ..ကုန်ပြီ ..ကတုံးညီမရေ ..ညည်းကဏန်းတွေလည်း ကုန်သားဘဲ"

"စောစောစီးစီးကုန်သွားတော့ အိမ်စောစောပြန်နားရတာပေါ့၊ အစ်မရယ်"

ကဏန်းသည် ကတုံးမလေးကလည်း ဈေးဗန်းနှစ်ဗန်းကို ထပ်လိုက်ပြီး အိမ်ပြန်ရန် ပြင်ဆင်လိုက်သည်။ မိသန်းခင်လည်း ငါးဗန်း၊ အခင်းပလတ်စတစ်အပိုင်းနှင့် ရေခွက်၊ ချိန်ခွင်အလေးတို့ကို တောင်းကြီးတစ်ခုထဲတွင် စုပေါင်းထည့်ကာ မိမိနေသည့်ရပ်ကွက်သို့ပြန်ရန် ပြင်ဆင်ရသည်။ ယနေ့ရောင်းရငွေကို ပိုက်ဆံအိတ်ပျော့ထဲတွင် စုထည့်ကာ ဘရာစီယာဝတ်ထားသည့် ရှေ့ရင်ဘတ်ထဲသို့ ထိုးထည့်လိုက်သည်။ ဘတ်စ်ကားစီးရမည်ဖြစ်၍ ယခုလို ပိုက်ဆံသိမ်းရသည်ကပိုပြီး လုံခြုံစိတ်ချရသည်။ ဦးကြွယ်ဝအတွက် ပေးရမည့်နေ့သွင်းကိုတော့ တောင်းရဲ့အောက်ဆုံးတွင် ချိန်ခွင်အလေးတို့နှင့်ဖိထားလိုက်သည်။ ဘတ်စ်ကားမှတ်တိုင်က လမ်း၏တစ်ဖက်တွင်ရှိသည်။ ဈေးသိမ်းချိန်ဆိုလျှင် ခရီးသည်ပါးသည်။ ထိုင်စရာ နေရာရေ၊ ငါးတောင်းပါချထားလို့ရသည်။ သို့သော် ကားကအလာကျဲသည်။ စိတ်ရှည်ရှည်ထားပြီး စောင့်ရသည်။ ယနေ့တော့ မိသန်းခင် ကံကောင်းသည်ဟု ဆိုရမည်။ ဆယ့်ငါးမိနစ်လောက်ဘဲ စောင့်ရသည်။ ဘတ်စ်ကားတစ်စီး ဆိုက်လာသည်။ ခရီးသည်လည်း နည်းသည်။ ငါးတောင်းကို အရင်တင်ပြီးမှ လူပါဘတ်စ်ကား ပေါ်တက်လိုက်သည်။

"ဟဲ့...ဒီနေ့စောသားပဲ"

"ဟုတ်တယ် အဘရေ၊ စောစောကုန်တယ်၊ အဲဒါအိမ်စောစောပြန် ကလေးတွေနဲ့ အမေ့အတွက် ခေါက်ဆွဲကြော်ကျွေးမလို့။ အသီးအရွက်နဲ့ ခေါက်ဆွဲဖတ်ဝယ်လာခဲ့တာ၊ ကဲ ရော့ ကားခ၊ တောင်းကိုတော့ ဟိုချောင်နားကပ်ထားလိုက်တယ်"

မကြာခဏ စီးပြန်နေကြ သွားနေကြဖြစ်၍ မိသန်းခင်နှင့် မျက်မှန်းတမ်းမိနေသည့် ကားစပယ်ယာကမေးလိုက်သည်။ မိသန်းခင်၏ ငါးတောင်းထဲတွင် ခေါက်ဆွဲဖတ်အထုပ်နှင့် အသီး



www.burmeseclassic.com

www.burmeseclassic.com



အရွက်တို့ပါသည်။ ဈေးမှနေ ကျောက်လမ်းစုံအထိ ခြောက်မှတ်တိုင်လောက်စီးရသည်။ ထိုင်စရာနေရာကလည်း ဘေးခုံရသည်။ လေပူလေကလည်း ပြတင်းပေါက်မှ တိုက်နေသည်။ နံနက်စောစောထပြီး ငါးဒိုင်ဆင်းရသည့်အတွက် အိပ်ရေးကပျက်နေသဖြင့် ကားစီးလာရင်းက ပုခက်လွှဲကာအိပ်ပြီးလိုက်ပါရသည်။ မျက်လုံးအစုံက မှေးစင်းပြီး တဖြည်းဖြည်းအိပ်ငိုက်လာသည်။ မိသန်းခင်ဆင်းရမည့် မှတ်တိုင်ကလည်း ကားဂိတ်မဆုံးခင်တစ်မှတ်တိုင်အလိုဖြစ်၍လိုသေးသည်။

''ဟဲ့ ...ကြီးဒေါ်မရေ ..ရှေ့မှတ်တိုင်ဆို ညည်းဆင်းရတော့မယ်။ မျက်လုံးလေးဘာလေးဖွင့်ကြည့်ပါဦး''

''ဟား ..ဟုတ်ပါရဲ့အဘရယ် မနက်၊ မနက်နှစ်ချက်ထိုးလောက်ထပြီး ဒိုင်ဆင်းရတာ ဈေးထဲပြန်ရောက်တော့ ငါးနာရီလောက်ရှိပြီ ဆိုင်ခင်းဘာခင်းနဲ့ ဈေးရောင်းတဲ့အထိ အိပ်ငိုက်သွားတာကဲ... ကျေးဇူးပဲ အဘရေ၊ မှတ်တိုင်အဆင်းမှာ ငါးတောင်းကို ကူညီချပေးပါဦး''

ကားပေါ်ကဆင်း၊ ငါးတောင်းကို တစောင်းသယ်ကာ လျှောက်လာခဲ့သည်။ အိမ်ကိုတန်းမပြန်နိုင်သေး ဦးကြွယ်ဝဆီ အရင်းနှင့်အတိုးကို နေ့သွင်း ပေးချေရဦးမည်။ သည်တစ်ခါပေးပြီးလျှင်တော့ ဦးကြွယ်ဝနှင့်ဆက်ဆံစရာမလိုတော့ပေ။ သည်နေ့ဆပ်လိုက်လျှင် အတိုးကောအရင်းပါကျေပြီ။ ရှိသည့်ငွေအင်အားနှင့် အရင်းပြုကာ ရောင်းမည်ဟု မိသန်းခင်ဆုံးဖြတ်လိုက်သည်။ ဝေးဝေးလံလံ သွားမရောင်း တော့ဘဲ မိမိနေသည့် ရပ်ကွက်ပုံကျ ဈေးမှာပင် ရောင်းဖို့စဉ်းစားလိုက်သည်။ ကားမှတ်တိုင်မှနေ ဦးကြွယ်ဝနေသည့် ရပ်ကွက် ထိုမှဦးကြွယ်ဝအိမ်သို့ ခရီးတော်တော်လေးလျှောက်ရသည်။ ရပ်ကွက်က လူနေအိမ်ကျဲသေးသည်။ မိုးရွာလျှင် ရွှံ့ပေသည်။ မိုးမရွာလျှင် မြေက ပတ်ကျားအက်ကာနေသည်။

''ဦကြွယ်ဝ ..ဦးလေးဦးကြွယ်ဝ''

အိမ်ရှေ့ရောက်သည်နှင့် ခြံတံခါးကိုဖွင့်ကာ ခေါ်လိုက်သည်။ အိမ်တံခါးတော့ ပွင့်နေသည်။ အိမ်နီးခြင်းအိမ်တွေက မရှိလှ။ ခပ်လှမ်းလှမ်းတွင် တဲအိမ်သုံးလေးအိမ်၊ ခြံစောင့်တွေသာ ရှိကြသည်။အိမ်ပေါ်သို့တက်ကာ တံခါးကိုဖွင့်လိုက်သည်။ တံခါးကစေ့ထားရုံသာ ဖြစ်သည်။

''ဦးလေး ဦးကြွယ်ဝ''

ငါးခေါင်းကို
ထု၍သတ်ပြီး
ဘဝရှင်သန်ခဲ့သည့်
မိသန်းခင်ခမျာ
သူ့ကိုလည်း
လူမသမာက
ခေါင်းကိုတူနှင့်ထု
သတ်ခြင်းခံသွားရသည့်
သံဝေဂအတွေးကိုတွေးရင်း
မအေးကြည်မျက်ဝန်းမှ
မျက်ရည်တွေ
စီးကျသွားခဲ့ပါပြီလေ
...





www.burmeseclassic.com

www.burmeseclassic.com



"ဟေ ခင်သန်းလား၊ ငါ နောက်ဖက်မှာရှိတယ်။ လာ . . လာ ဝင်လာခဲ့၊ ငါလည်း ဒီမှာ ဟင်းစားကိုင်နေတယ်"

အိမ်နောက်ဖေး ရေကပျဉ်တွင် ဟင်းစားအတွက် အသားကိုခုတ်ထစ်နေသည်ကိုတွေ့ရသည်။

"ဒီနေ့တော့ ဦးလေးနဲ့ ကျွန်မ စာရင်းရှင်းရမယ်"

"ဘာလဲ . . အတိုးကော အရင်းကော အပြတ်ရှင်းမှာလား"

ဦးကြွယ်ဝက သားလှီးဓားကို ချထားပြီး မိသန်းခင်နားသို့လာထိုင်သည်။

"ဟုတ်တယ်ဦးလေးရဲ့၊ ဦးလေး ကူညီခဲ့တာကို ကျေးဇူးတင်ပါတယ်။ ကျွန်မလည်း စုထားတာလေးနဲ့ပဲရင်းတော့မယ်။ ဝေးဝေးလံလံလည်း သွားမရောင်းတော့ဘဲ နီးနီးနားနားဈေးမှာပဲ ရောင်းမလားလို့ အဲဒီမှာ ဦးလေးကို ပေးဖို့"

မိသန်းခင်က ညာဘက်လက်ဖြင့် မိမိ၏ရှေ့ရင်ဘတ်အတွင်းသို့ လက်လျှိုကာ ပိုက်ဆံအထပ်လိုက်ကို နှိုက်လိုက်သည်။ မိသန်းခင်ငါးရောင်းပြီး ပိုက်ဆံကို ထိုသို့ထည့်လာသည်ကို ဦးကြွယ်ဝ သိသည်။ ယနေ့တော့ သူ့အမြင်တွင် ထူးခြားနေသည်။ အနားကပ်ထိုင်လိုက်သည့်အတွက် မိသန်းခင်ကိုယ်မှ ချွေးနံ့ကို ရှူရှိုက်ရသည်။ အသားညိုစိမ့်စိမ့်တွင် မျက်နှာပေါ်မှ သနပ်ခါးထူထူ ကျားကျားတို့မှာ ချွေးစက်ချွေးပေါက်တွေက ကွက်ကျားချယ်သပေးထားသည်။ ခေါင်းပေါ်ရှိ ဆံပင်တွေပေါ်တွင် ငါးအကြေးခွံ တစ်လေးငါးဖတ်က ပန်းပန်ထားသလို ပင် –

"ကဲရော့ . . ဦးလေး . . ဟော ဒါကယူထားတဲ့ ကျွန်တော့်အရင်း၊ ဒါက အတိုး။ ဟူး . . ပူလိုက်တာဦးလေး ရယ် ရေတစ်ခွက်လောက်"

"နင်ဘာသာနင် သွားခပ်သောက်တော့၊ ငါအလုပ်ဆက်လုပ်လိုက်ဦးမယ်၊ နင်ပြန်ရင် အိမ်တံခါးကော ခြံတံခါး ပါစေ့ပြီး ပိတ်ခဲ့"

"ဩော် . . ဟုတ်ကဲ့ဦးလေး"

မိသန်းခင်ထပြီး ရေသောက်ရန် သွားသည်။

+++

"ဟင့် . . ဟင့် . . ဟင့်"

"အမေကြီးက ငိုနေတော့ ကျွန်တော်တို့မေးတာကို သေသေချာချာ ဘယ်ပြောနိုင်တော့မှာလဲ"

"သမီးအတွက် စိုးရိမ်လို့ပါ၊ သူ ပြန်မလာတာ နှစ်ရက်ကျော်နေပြီ"

"အမေကြီးသမီးက ဘယ်သွားတာလဲ"

"ဒီလိုပါ . . ၊အကျိုးအကြောင်းကို ကျွန်တော်ပြောပါရစေ၊ ကျွန်တော်က ဟိုနားကတဲမှာ နေတာပါ၊ အမေကြီးက သူ့သမီး မိသန်းခင်ငါးရောင်း ထွက်သွားတာ ပြန်မလာလို့တဲ့၊ ဟိုး မနက်စောစောထဲက ထွက်သွားတာ ခုဆို နှစ်ရက်ကျော်နေပြီလို့ ငိုပြီးလာ ပြောတာနဲ့ အခု ရပ်ကွက်အုပ်ချုပ်ရေး မှူးဆီလာပြီး တိုင်တာပါ"

ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ သက်ဆိုင်ရာတာဝန်ရှိ သူတွေထံအကြောင်းကြားသည်။

"သူဘယ်မှာ ဈေးသွားရောင်း သလဲဆိုတာတော့ အမေကြီးမသိပါဘူး ကွယ်၊ သူဈေးသွားရောင်းတော့ မနက် အစောကြီး လမ်းထိပ်ကနေ ငါးကြိုကားနဲ့ လိုက်တယ်လို့ပဲသိရတယ်"

တာဝန်ရှိသူတွေ စဉ်းစားကြသည်။ အသက်ငယ်ငယ်ရွယ်ရွယ် မဟုတ်သည့်အတွက် အချစ်ရေးနှင့် ပတ်သက်စရာလည်း အကြောင်းမရှိ။ တဖြည်းဖြည်းကွင်းဆက်ယူကာ စုံစမ်းရသည်။

"သူဒီဈေးမှာတော့ နေ့တိုင်းလာရောင်းတယ်၊ အခုမလာတာ လေးငါးခြောက်ရက်လောက်ရှိတော့မယ်၊ ဈေးသည်အားလုံးနဲ့သူ အဆင်ပြေပါတယ်"

ပျောက်သောသူရှာရင်တွေ့ဆိုသော်လည်း မိသန်းခင်ကိုရှာ၍မတွေ့သေး။

"မိသန်းခင်ကို ကျွန်မပဲ ငါးရောင်းဖို့အကြံပေးတာပါ၊ ခုလို သူ ပျောက်နေတော့ စိတ်တောင်မကောင်းဘူး"

မိသန်းခင်၏ သတင်းကို၊ ဦးကြွယ်ဝနှင့် ဆက်သွယ်မိတ်ဆက်ပေးသော မိတ်ဆွေအမျိုးသမီး မအေးကြည်က စိတ်မကောင်းစွာပြောလိုက်သည်။ လိုက်လံစုံစမ်းသူတွေကလည်း မအေးကြည်ထံမှကြားရသော သတင်းစကားအရ . .။

+++

အမှုစစ်အဖွဲ့သည် သတင်းပေးသူမအေးကြည်ကိုခေါ်၍ ဦးကြွယ်ဝ အိမ်သို့လာခဲ့ကြသည်။ အသိသက်သေအဖြစ် ရပ်ကွက်လူကြီးများကိုလည်း အမှုစစ်အဖွဲ့ခေါင်းဆောင် စခန်းမှူးက ခေါ်လာခဲ့သည်။

ဦးကြွယ်ဝအိမ်မှာ အနီးဝန်းကျင်တွင် အိမ်များမရှိ၊ ရပ်ကွက်လူကြီးများ



www.burmeseclassic.com

www.burmeseclassic.com





က ဦးကြွယ်ဝ အိမ်ရှေ့ခြံတံခါးအနီးမှာ ရပ်လျက်–

"ဗျို့ ဦးကြွယ်ဝ"

"ဗျာ .."

အိမ်ထဲမှ ထူးသံနှင့်အတူ ဦးကြွယ်ဝအိမ်ထဲမှ ထွက်လာသည်။ ရဲတပ်ဖွဲ့ဝင်များ၊ အရပ်လူကြီးများနှင့် မအေးကြည်ကိုပါတွေ့ရသဖြင့် မျက်နှာပျက်သွားသည်ကို ချက်ချင်းမြင်လိုက်၏။ စခန်းမှူးက ..

"ဦးကြွယ်ဝ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ဗျာ .. ကျုပ် ဦးကြွယ်ဝပါ"

"ငါးရောင်းတဲ့ မိသန်းခင်လာသလားလို့မေးရအောင်လာတာပါ"

"ဗျာ .. မိသန်းခင် ဟုတ်လား၊ အဲဒီမိန်းမ ကျုပ်ဆီမလာတာ လေးငါးရက်လောက်ရှိပြီဗျ"

ဦးကြွယ်ဝက ခပ်တည်တည်ပင်။

စခန်းမှူးက မေးခွန်းတစ်ခုမေးပြန်၏။

"ဘယ်နေ့က ဦးကြွယ်ဝဆီကို မိသန်းခင်နောက်ဆုံးလာသလဲ"

"အင်း .. သူမလာတာကြာပြီဆိုတော့ သိပ်မမှတ်မိဘူး၊ ကျုပ်ကလည်း သတိမမှတ်တယ်လေ"

စခန်းမှူးက ခေါင်းညိတ်ရင်း ..

"အင်း ... ဟုတ်ပါပြီလေ၊ ဦးကြွယ်ဝက ဒီအိမ်မှာတစ်ယောက်တည်းနေတာလား"

"ဟုတ်တယ်၊ ကျုပ်က အိမ်ထောင်မရှိဘူး၊ အလုပ်ကတော့ အတိုးရင်းပွားလေးပေးပြီး စားသောက်နေထိုင်တယ်ဆိုပါတော့ဗျာ"

"ကျွန်တော်တို့ ဦးကြွယ်ဝအိမ်ကို ရှာကြည့်ချင်ပါတယ်၊ ဒီမှာရပ်ကွက်လူကြီးတွေလည်း သက်သေအဖြစ်ပါတယ် ခွင့်ပြုပါ။ .."

"ဟာ ရှာပေါ့ဗျာ.. ကြိုက်သလို ရှာနိုင်ပါတယ်"

ဦးကြွယ်ဝက ဟန်မပျက်ပြောသည်။

စခန်းမှူးနှင့်အတူ သက်သေလူကြီးများနှင့် သတင်းပေးသူ မအေးကြည်ပါ အိမ်ထဲဝင်လိုက်ခဲ့သည်။ အိမ်ပေါ်ရောက်သောအခါ မအေးကြည်နှင့် ရပ်ကွက်သက်သေလူကြီးများက ထိုင်စောင့်နေကြ၏။ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက စေ့စေ့စပ်စပ် ရှာဖွေကြသည်။ သို့သော် မသင်္ကာစရာ မည်သည့် သဲလွန်စမျှမတွေ့။ စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ လက်လျှော့ကြတော့မည်ဆဲဆဲ ...။

မအေးကြည်က ရင်ပူလာသည်၊ ရေငတ်သလိုလည်း ဖြစ်လာ၏။

"ရေအိုးစင်ကိုသွားလေ"

တစ်ယောက်ယောက်က နားနားကပ်၍ပြောလိုက်သံကို ကြားလိုက်ရသဖြင့် မအေးကြည်ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်သွားရင်း ...

"ကျွန်မရေ တစ်ခွက်လောက်သောက်မယ်နော် "

"သောက်လေ ဟိုမှာရေအိုးစင်"

မအေးကြည်က ဦးကြွယ်ဝပြသည့် ရေအိုးစင်ဆီသို့ သွားသည်။ ရေအိုးစင်က အိမ်ထရံနားကပ်ထား၏။ မအေးကြည်က ရေသောက်ရန်သောက်ရေခွက်ကိုလှမ်းကိုင်မည်အပြုထရံကြားမှာ ညှပ်ထားသော စာအုပ်ကလေးတစ်အုပ်ကိုသတိထားမိလိုက်သည်။

သည်စာအုပ်ကလေးကို သူကောင်းကောင်းမှတ်မိ၏။ သည်စာအုပ်မှာ မိသန်းခင် စာရင်းမှတ်သည့်စာအုပ် ဦးကြွယ်ဝဆီမှ နေ့သွင်းနှင့်ငွေချေးပေးစဉ်က ချေးငွေကို မိသန်းခင်က ဤစာအုပ်ကလေးထဲမှာ မှတ်သည်။ နေ့စဉ်ပြန်သွင်းငွေကိုလည်း မိသန်းခင်က ဤ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကလေးထဲမှာပင် မှတ်လေ့ရှိသည်။ ယခု သည်စာအုပ်ကလေးရှိရာသို့ မိသန်းခင်ကပင် ညွှန်ပြသည်လားမသိတော့၊ ထို့ကြောင့်..

"ဒီမှာ လာကြည့်ကြပါဦး၊ ဒီစာရင်းစာအုပ်ကလေးကို ကျွန်မ ကောင်းကောင်းမှတ်မိတယ်၊ ဒါ..ဒါ..မိသန်းခင်ရဲ့ စာရင်းစာအုပ်ပါ"

အားလုံးတအံ့တသြဖြင့် မအေးကြည်ပြသည့် စာရင်းစာအုပ်ဆိုသည်ကို လာကြည့်ကြသည်။ စခန်းမှူးက–

"ကဲ ဘယ်သူမှမ ကိုင်ကြနဲ့ဦး"

စခန်းမှူးက စာရင်းစာအုပ်ကလေးရှိနေသည့် နေရာကိုဓာတ်ပုံရိုက်၍ မှတ်တမ်းတင်လိုက်သည်။ ထို့နောက် သက်သေလူကြီးများရှေ့တွင် ကိုယ်တိုင်သိမ်းယူလိုက်ပြီးနောက် ရာဇဝတ်ဖွေ့ပုံစံတွင် အတိအကျရေးသွင်းလိုက်ပြီးမှ စာအုပ်ကို သက်သေများရှေ့တွင် ဖွင့်ကြည့်သည်။

စာအုပ်ထဲတွင် မိသန်းခင်၏ လက်ရေးနှင့်အတူ ရေးထားသော စာမှာ

"ဦးကြွယ်ဝအား စနေနေ့တွင် ကျန်ငွေ သုံးထောင်နှင့်ခြောက်ရာပေးပြီး"

ဟူ၍ ဖြစ်၏။ စခန်းမှူးက ဦးကြွယ်ဝကို တည့်တည့်ကြည့်လိုက်၏။ နှုတ်မှလည်း အသံမာမာဖြင့်မေးသည်။

"ခင်ဗျားက ..မိသန်းခင် ခင်ဗျားဆီမလာတာ လေးငါးရက်ရှိပြီဆို၊ အခု မိသန်းခင်က သူ့စာအုပ်ထဲမှာ ရေးထားတဲ့အတိုင်းဆို လွန်ခဲ့တဲ့နှစ်ရက်က ခင်ဗျားဆီလာတယ်ဆိုတာပေါ်နေပြီ၊ ကဲ ..ခင်ဗျား ဘာငြင်းချင်သေးလဲ"

ဦးကြွယ်ဝ ဘာစကားမှမပြောနိုင်တော့၊ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်။ စခန်းမှူးက–

"ခင်ဗျား ..အမှန်အတိုင်းပြောပါ ဦးကြွယ်ဝ။ အမှန်အတိုင်းပြောရင် ဥပဒေဘောင်အတွင်းက ကူညီနိုင်တာကျုပ် ကူညီပေးလို့ရတယ်။ အေး ..ခင်ဗျားဆက်ပြီး လိမ်နေဦးမယ်ဆိုရင်တော့ ခင်ဗျားထိုက်နဲ့ခင်ဗျားကံပဲ၊ ကဲ ဘယ်လိုလဲ"

ဦးကြွယ်ဝထံမှ သက်မောရှိုက်သံကြီးထွက်ပေါ်လာ၏။ ရာဇဝတ်ဘေးမှ ပြေးလို့မလွတ်တော့ပြီမှန်း သဘောပေါက်သွားဟန်တူ၏။ နှုတ်မှ အထစ်ထစ်အငေါ့ငေါ့ စကားသံတွေထွက်ပေါ်လာသည်။

"ကျ ..ကျွန်တော် ..အမှတ်အတိုင်းပြောပါတော့မယ် ခင်ဗျား"

"ကဲ ...ဒါဆိုရင် ပြောတော့၊ မိသန်းခင်ကို ခင်ဗျားသတ်သလား"

"ဟုတ်ပါတယ်၊ မိသန်းခင် စနေနေ့ကလာပြီး ကျွန်တော်ဆီကချေးထားတဲ့ ငွေသူပြန်ဆပ်ပါတယ်၊ ပြီးတော့ အဲဒီသောက်ရေအိုးစင်မှာ ရေသွားသောက်နေတုန်း၊ ကျွန်တော်စိတ်ကို မထိန်းနိုင်တော့ဘဲ သူ့ကိုသားမယားအဖြစ်ပြုကျင့်ဖို့နောက်က အတင်းဖက်ပြီး လှဲချလိုက်တယ်။ သူက အတင်းရုန်းကန်ပြီး အော်ဟစ် အကူအညီတောင်းတာနဲ့ အနီးမှာရှိနေတဲ့ သံရိုက်တဲ့တူနဲ့ သူ့ခေါင်းကို ထုလိုက်မိတယ်။ သေစေလိုလို့မဟုတ်ပါဘူးဗျာ။ မူးမေ့သွားရုံလောက်ပဲ ရည်ရွယ်ခဲ့တာပါ။ ဒါပေမဲ့ သူ ..သူ အဲဒီဒဏ်ရာနဲ့ပဲ သေရှာတာပါဗျာ"

ဦးကြွယ်ဝက ပြောလက်စစကားကို အဆုံးသတ်ပြီးနောက် ခေါင်းငိုက်စိုက်ကျသွားသည်။

"ခင်ဗျား ...ကျူးလွန်ခဲ့တဲ့ အကြောင်း တရားသူကြီးရှေ့မှာဖြောင့်ချက်ပေးမလား"

"ဟုတ် ..ဟုတ်ကဲ့ ..ကျ ကျွန်တော်ဖြောင့်ချက်ပေးပါ့မယ်။ ကျွန်တော်မှားသွားပါတယ်ဗျာ"

ဦးကြွယ်ဝ၏ ဝန်ခံစကားကိုကြားလိုက်ရသော မအေးကြည်တစ်ယောက် ယူကျုံးမရစွာဖြင့် ငိုချလိုက်သည်။ မိသန်းခင်သည့်ဘာသူ သမ္မာအာဇီဝဖြစ်သော အိမ်တကာလှည့်၍ အဝတ်လျှော်ပြီး ဘဝရပ်တည်နေပါလျက် သူက ငွေအရင်းအနှီးရအောင် ဦးကြွယ်ဝဆီခေါ်လာခဲ့သည့်အတွက် ငါးရောင်းစားသည့် ငါးစိမ်းသည်မဘဝ ရောက်ရသည့်အပြင် ဦးကြွယ်ဝကပင် အဓမ္မပြု၍ တူနှင့်ထုသတ်ခြင်းခံရရှာသည်။

ငါးခေါင်းကိုထု၍သတ်ပြီး ဘဝရှင်သန်ခဲ့သည့် မိသန်းခင်ခမျာ သူ့ကိုလည်း လူမသမာက ခေါင်းကိုတူနှင့်ထုသတ်ခြင်းခံသွားရသည့် သံဝေဂအတွေးကိုတွေးရင်း မအေးကြည်မျက်ဝန်းမှ မျက်ရည်တွေစီးကျသွားခဲ့ပါပြီလေ။

ထို့ပြင် လူသတ်သမားကို မိသန်းခင် သူကိုယ်တိုင်ဖော်ပေး၍ ကလဲ့စားချေလိုက်တာလားဟူ၍လည်း ...။

မြမြလှိုင်



www.burmeseclassic.com

www.burmeseclassic.com



# စုံထောက်အတိုဆုံး ဝတ္ထု

ကျွန်တော့်စိတ်ထဲ မခံရပ်နိုင်လွန်းလို့ ရင်ဖွင့်မိ၏။

''ငါတို့ကျောင်းက ကျောင်းအုပ်ကွာ ... အရင်ကျောင်းအုပ်ဆိုရင် အလှူလည်းခံ ပြုပြင်ပြောင်းလဲမှု၊ တိုးတက်မှုလည်းရှိအောင် လုပ်တယ်။ ဘက်စုံတိုးတက်အောင်လည်း လုပ်တယ်။ အခုကျောင်းအုပ်ကတော့ ပျက်လို့ ပြင်တာတောင် မကြိုက်ချင်ဘူး''

''ဒီတော့ မင်းက ဘာတွေ လုပ်လို့လဲ''

''သံချက်လိုရင် တူနဲ့ရိုက်သင့်တာရိုက်။ ဖာသင့်တာဖာ လုပ်မိတာပါ''

သူ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်သည်။

''ဟိုအပျက် .. ဒီအပျက်၊ ဟိုအမှိုက် ဒီချုပုတ်ဆိုတာ တဖြည်းဖြည်းချင်း လုပ်ရင်ရပါတယ်။ ဒါကိုပြုပြီး အလှူခံခဲ့တယ်။ ငွေရှိတဲ့သူတွေလာရင် ဟိုအစုတ် ဒီအစုတ်တွေ ပြုပြင်ဖို့ လိုကြောင်း ညည်းပြီး လှူတဲ့လူတွေ လှူသွားတာ နှစ်နဲ့ချီပြီးတွက် ရင်ဒီကျောင်းဆောင် သုံးထပ်ဆောက်လို့ ရတယ်''

ကျွန်တော့်စကားကို သူဘာမှ မပြောဘဲ နားစိုက်လျက်ရှိ၏။

''ပြင်ပြန်တော့လည်း ဈေးအပေါဆုံး သစ်အတိုအထွာနဲ့ အသက်သာဆုံး လက်သမားငှားပြီး ဈေးအနည်းဆုံး ထုံးသုတ်တယ်လေ။ ချက်ချင်း အမြင်တော့ ဟုတ်သလိုလိုပေါ့။ နောက်နှစ် ကျောင်းမဖွင့်ခင် ကျောင်းက အရင်အတိုင်း စုတ်စုတ်ပြတ်ပြတ်ပဲ။ မနေတတ် မထိုင်တတ်လို့ ပြင်တဲ့ ငါ့ကို ဆူလား ငေါက်လားနဲ့''

''အဲဒီ ကျောင်းအုပ်ရှိသေးလား'' လို့ မေးမိသည်။

''ရှိတာပေါ့။ ပင်စင်ယူဖို့ ရှေ့လဆို ကျပြီ''

''ငါ သွားကန်တော့ချင်တယ်ကွာ''

ဒီကောင့်မျက်နှာကြည့်တော့ ခပ်တည်တည်ပင်။

''ဘာစကား ပြောတာလဲကွ''

''မင်းတို့ စာသင်ကျောင်းရဲ့ အဖြစ်နဲ့ တို့ရွာက ဘုန်းကြီးကျောင်းရဲ့အဖြစ် တူလွန်းလို့ပါ''

ရွှေကျွန်းခိုင်သစ်

## ရွှေကျွန်းခိုင်သစ်
## တူညီမှု



www.burmeseclassic.com



# ဝင်းယုမောင်
## လူဝင်စားများ



ကျွ

ဝန်ထမ်းဘဝတုန်းက သမဝါယမလူကြီးဖြစ်ခဲ့ဖူးတယ်ဗျ။ အဲဒီတုန်းက သမဝါယမတစ်ခေတ်ကိုးဗျ။ ဘာပစ္စည်း ညာပစ္စည်းဆိုတာက ခွဲတမ်းနဲ့ပေးတာ။ ကျွပ်တို့ဌာနကို ခွဲတမ်းရလာလို့ အဲဒီထဲမှာ "ဘာလေးတော့ပါတယ် ကိုကိုရေ"လို့ ဇနီးသည်ကပြောရင် နောက်နေ့ ကျွပ်ဇနီး ကိုယ်ပေါ်မှာ "ဘာလေးက"နေရာယူပြီးသား။ ဒါကြောင့်လည်း အဲဒီကာလတုန်းက သမဝါယမကနေ "သားဝယားဝ"ဆိုတဲ့ စကားတွေ ပလူပျံခဲ့တာပေါ့။

ဒီလိုနဲ့ အမှိုက်တွေ၊ ဒိုက်တွေနဲ့ ဆင်းလာတဲ့ ခေတ်ရေစီးကြောင်းထဲမှာ ကျွပ်ရင်နာစရာတစ်ခုဖြစ်ခဲ့ရတယ် နှစ်ဆယ်ရာစုလောက်ကပေါ့။ နိုင်ငံတော်အစိုးရက ဝန်ထမ်းတွေကို လက်ကိုင်ဖုန်းချပေးတယ်လေ။ ကျွပ်လည်း အများနည်းတူ ရတာပေါ့ဗျာ။ ဒါပေမဲ့

ကျွပ်မိသားစု စားဝတ်နေရေးကို ဦးစားပေးပြီး ပါမစ်နဲ့ ငွေနဲ့ နေရာချင်း လဲလိုက်ရပြန်ကောလေဗျာ။ ရာထူး၊ ဂုဏ်တွေ တန်ခိုးကြီးထွားချိန်မှာ လက်ကိုင်ဖုန်းကလည်း နေရာရတာများ ပြောမပြောချင်ဘူး။ ကျွပ်တို့ အထက်လူကြီးများ ဖုန်းတစ်လုံးက အကျိုးပြုသွားတာမျိုး တိုက်တွေ၊ မြေကွက်တွေတောင် ရသွားသဗျ။ လမ်းပေါ်မှာ လမ်းလျှောက်ရင်း၊ ကားပေါ်မှာ ကားစီးရင်း နားနားကပ်ပြီး ဖုန်းပြောရတာတယ်ဂုဏ်ရှိသကိုးဗျ။ ကျွပ်ဖြင့် အဲဒီလူတွေ ကြည့်ကြည့်ပြီး မုဒိတာရဲ့ အခြားတစ်ဖက်ကို ရောက်ရောက်သွားတာကလား။

ဟော ‥ အခု ဒီမိုကရေစီ သက်တမ်းနုကာလမှာပဲ သမ္မတကြီးက အိုင်တီခေတ်နဲ့ အမီလိုက်နိုင်အောင် ဖုန်းတွေကို ၁၅၀၀ ကျပ်နဲ့ ရောင်းပေးတာဗျ။ ကိုယ့်နားကိုယ် မယုံနိုင်လောက်အောင်ပဲ။ ကျွပ်တို့ရပ်ကွက်ထဲမှာလည်း ပထမဦးဆုံး မဲနှိုက်ပေးတုန်းက ပွင့်လင်းမြင်သာ ရိုးသားရှာကြပါတယ်။ ရတဲ့ ဖုန်းအလုံးရေက ဘယ်လောက်၊ လျှောက်လွှာက ဘယ်ရွေ့ ကြေညာပြီး လူပုံအလယ်မှာ မဲပုံးကြီးထောင်ပြီး နှိုက်ပေးတာ။ ရပ်ကွက်က ရပ်မိရပ်ဖဆိုလား အသက်လေးငါးဆယ်လောက်ရှိမယ့် ပုဂ္ဂိုလ်တွေက မဲတွေကို ဖွင့်ဖောက်ကြေညာပေးတာများ သာဓုခေါ်စရာဗျာ။ ဒါပေမဲ့ ကျွပ်က သာဓုတစ်ကြိမ်ပဲခေါ်ခဲ့တာ။ ကျွပ်မှ မပေါက်တာကိုး။ နေဦးပေါ့ကွာ။ ဒီတစ်ခါ မပေါက်လည်း နောက်လပေါက်မှာပေါ့ဆိုပြီး ကြိမ်းထားတာ။ နောက်လကျတော့လည်း နာမည်တောင် မခေါ်ဘူး။ ဟဲ ဟဲ ဘယ်ရမလဲ။ ဒီလသုံးကြိမ်မြောက်ဆိုတော့ ကိုယ့်အလှည့်ပေါ့ဆိုပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို အစောကြီးကတည်းက သွားနေလိုက်တာ ညနေစောင်းလို့ မဲလက်မှတ်များ ကုန်သွားပါပြီခင်ဗျာလို့ ကြေညာတော့မှ ထပြန်ခဲ့တာ။ မဲ ဘယ်နှစ်စောင်ဆိုတာတော့ မကြားလိုက်ဘူးဗျ။

ကျွပ်ဖြင့် ထိုင်သာ ထိုင်နေရတာ၊ ပထမအကြိမ်တုန်းကလည်း ကျွပ်နာမည်ခေါ်သံ မကြားပေါင်။ ဒုတိယအကြိမ်မှာလည်း နာမည်တူတောင်မခေါ်၊ အင်း ‥ အခုတတိယအကြိမ်မှာတော့ နာမည်ခေါ်တော့ ခေါ်ပါရဲ့။ "ဗလာပါ"ဆိုတာနဲ့ ပူးတွဲခံလိုက်ရပြန်ရော။ အင်း ‥ ကျွပ် အိမ်ကို နေ့ကွေးဖင့်နွဲ့စွာနဲ့ ပြန်လာရင်း စဉ်းစားနေမိတယ်။

"ဒီလူတွေ သမဝါယမလူကြီးတွေ သေလို့ ဝင်စားကြတာများလားလို့"

ဝင်းယုမောင်



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်လတော့ ဂျာအေးအကြောင်းကို တင်ပြလိုက်ပါရစေ။ ဂျာအေးဆိုတာ ချာလည်လိုက်နေတဲ့ ကဗျာထဲက ဂျာအေး မဟုတ်ပါ။ သူ့အဖေအမေတို့ပေးတဲ့ နာမည်လည်း မဟုတ်ပြန်ဘူး။ ပတ်ဝန်းကျင်ကို ချာလည်လိုက်အောင် လုပ်တတ်လွန်းလို့ သူငယ်ချင်းတွေ ပေးထားတဲ့ နာမည်ပါ။ ယခုတော့ အမည်ရင်းပင် ပျောက်နေပါပြီ။ အားလုံးက ဂျာအေးဆိုမှတော့ သူ့ကိုယ်သူလည်း ဂျာအေးလို့ပင် ခံယူထားပါတော့သည်။ တင်စိုးဆိုသည့် နာမည်ရင်းဟာ မှတ်ပုံတင်ကတ်ထဲမှာသာ ရှိပါတော့သည်။

လူကောင်က သေးဖျောက်ဖျောက်လေးပါ။ အသက် ၃၀ ကျော်ပြီဖြစ်ပေမယ့် လူပျိုကြီးဘဝနှင့် ပျော်ပျော်ကြီး ဘဝကို ဖြတ်သန်းနေသူပါ။ တွင်ခုံတစ်ခုရဲ့ ဦးစီးဦးဆောင်ပြုနေသူပါ။ သူရှာသမျှ ပိုက်ဆံဟာ သူ သုံးဖို့ချည်းပါပဲ။ မိုက်ကြေးခွဲ အပိုင်သိမ်းမည့် မိန်းမကလည်း မရှိ၊ မိခင်ဖခင်တို့ကလည်း အစ်မဖြစ်သူက တာဝန်ယူသည်မို့ ပူစရာမလို။ ထမင်းစားဖို့လည်း မပူပင်ရ။ မနက်ပိုင်းမှာတော့ လက်ဖက်ရည်တွင် ထမင်းကြော်ဖြစ်ဖြစ်၊ လက်ဖက်ရည်နှင့် အီကြာကွေး (ပလာတာ၊ ပေါက်စီ၊ စမူဆာ)တို့ဖြင့် ဖြည့်ဆည်းလိုက်သည်။ ညနေပိုင်းလား မမေးနဲ့လေ။ စားချင်မှ စားတာ။ မစားတာက ခပ်များများဆိုတော့ ဝမှာကြောက်လို့လို့ မထင်လိုက်ပါနှင့်။ ဝချင်သလောက် ဝလို့ရတယ်။ ဂျာအေးခန္ဓာကိုယ်က ပေါင်ချိန် ၁၀၀ တောင်မှ မရှိတာ။

ဂျာအေးကို မိန်းမယူဖို့ ပြောကြည့်ပါလား။ တီ ဆားနဲ့တို့သလိုကိုကြောက်တာ။ ကိုရီးယားကလို အောင်သွယ်တော်လုပ်စားရင်တော့ ဂျာအေးလို လူတွေကြောင့် ဒေဝါလီခံရမှာ အသေအချာပါပဲ။ လောင်းကစားလား၊ စိတ်မဝင်စား။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးတွေအကြောင်း သူ့နား သွားပြောရင် ပုံပြင်လားလို့ ဆီးပြီးမေးလိမ့်မယ်။ ဒါဆို အသောက်အစားလိုင်းလားလို့ မေးရင်တော့ ကေန်အမှန်ပါပဲလို့ ဆိုရမှာပါ။ ဘာကြောင့်လဲဆိုရင် သူဟာ တစ်နေ့ကို အရက်တစ်တောင့် (နှစ်ပြား) သောက်နေကြပါ။ တစ်တောင့်ထက်တော့ မပိုပါဘူး။ ဘော်ဒါတွေကို တိုက်လိုက်ရတဲ့အခါမှာတော့ သူလျှော့သောက်သည်။ တစ်ခါတစ်ရံတော့ ဘီယာဆိုင်သွားသည်။ ဘီယာဆိုင်သွားသည့်အခါ မည်သည့် ဘော်ဒါကိုမှ ခေါ်လေ့မရှိ။

# ထီလာကျော် ကျော့ပြီ



ယနေ့ မိုးကလည်း တဖြောက်ဖြောက် ရွာနေသည်။ အလုပ်ကလည်း မကောင်းလို့ စောစောသိမ်းလိုက်သည်။ သူဟာ တစ်ကိုယ်တော် ဘီယာဆိုင်ကို ချီတက်လာသည်။ ဘီယာတစ်ဂျားမှာပြီး သောက်နေသည်။ အမြည်းလည်း ပါသည်ပေါ့။ မိန်းကလေး တစ်ယောက် ဘီယာကောင်တာသို့ သွားကာ လက်ကြိတ်ထိုး တစ်ခုခု ပေးလိုက်သည်။ ချက်ချင်း သူ့ရဲ့ စားပွဲထိုးဖြစ်သွားသည်။ အထူးစားပွဲထိုးရာထူးရသွားသည်။ သူလိုသမျှ အားလုံးကို ဆောင်ရွက်ပေးသည်။ ဂျာအေးဟာ ထပ်မှာ ထပ်မှာနဲ့ အတော်လေးကို ရေချိန်လွန်သွားတော့သည်။

မိန်းကလေးကတော့ ဂျာအေးရဲ့ လက်စွပ်ကိုသာ စိတ်ဝင်စားနေသည်။ ဂျာအေးအကျင့်ကိုလည်း သိနေသည်။ ကြိုပြီး လေ့လာထားပုံရသည်။ ဂျာအေးအမူးလွန်လာပြီဆိုရင် သူ့ဆီက ဘာတောင်းတောင်း ပေးသည်။ တန်ဖိုးရှိတာတွေ သူနားမလည်တော့။ တစ်ခါကလည်း နှစ်သိန်းကျော်တန်သည့် နာရီကို ပေးလိုက်သည်။ နောက်နေ့ ဘီယာဆိုင်ကို သွားလေ့လာတော့ ကောင်မလေး အလုပ်ထွက်သွားပြီ။ ဒီလောက်က သူ့အတွက် ပြဿနာမရှိ။ ခဏနေ ပြန်ဝယ်လို့ ရတာပဲ။ ဒါက အရင်က ဖြစ်ခဲ့တာတွေလေ။

အထူးစားပွဲထိုး ကောင်မလေးသည် ဂျာအေးကို ထိန်း၍ အပြင်သို့ လိုက်ပို့သည်။ ဂျာအေးထံမှ လက်စွပ်တောင်းယူလိုက်တာ ဘယ်သူမှ မသိ။ ဂျာအေးကလည်း အမှတ်ရဲ မရှိဘူး။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခါတောင် ပြောလိုက်ရတယ် မထင်ဘူး။ ဂျာအေးလည်း ယိုင်ထိုးထိုးနဲ့ အိမ်ပြန်ရောက်ခဲ့တယ်။ ကောင်မလေးလည်း ဆိုင်ထဲမပြန်ဘဲ အိမ်ပြန်သွားတော့သည်။

နောက်နေ့ရောက်တော့ ဂျာအေး အလုပ်မပျက်။ အလုပ်လုပ်လျက် ရှိသည်။ ဆိုင်ရှေ့လမ်းတွင် အနီရောင်ဝမ်းဆက်နဲ့ ကောင်မလေး တစ်ယောက် ဖြတ်သွားရင်း ဆဲဆိုသွားသည်။ အလုပ်သမားတွေကတော့ ငုံ့စောင်းကြည့်နေကြသည်။

"မသာကြီး ‥ သေချင်းဆိုး ကြီး သူ့လက်စွပ်က အတုကြီး။ လက်ကြိတ်ထိုးခတောင် မကျေဘူး"

ဂျာအေးကတော့ သူနဲ့ မဆိုင်သလိုနေနေသည်။ စိတ်ထဲကတော့ ပြောနေလေသည်။

"ကျေပြီပေါ့ ‥ အခြောက်မကြီးရဲ့" တဲ့။

ထီလာကျော်

---

# မတူညီသော တောင်းတခြင်း

လင်းထူးဇော်
(သန်လျင်)



ရန်ကုန်မြို့ပေါ်ရှိ (  )တန်ခိုးကြီးဘုရားတွင် အုန်းသီးကိုင်၍ လာလှူသော သူ မကြာခဏ ရောက်ရှိလာတတ်သည်။ လှူသည့်နေရာကလည်း တနင်္ဂနွေဂြိုဟ်တိုင်ရှိတဲ့ ဘုရားလေးမှာဖြစ်သည်။ လှူပုံကလည်း နည်းနည်းလေးတော့ ဆန်းကျယ်သည်။

အုန်းသီးမှာ ရွှေချ၍သော်လည်းကောင်း၊ ငွေမင်သုတ်၍သော်လည်းကောင်း ပြုလုပ်ပြီး "အိုးပိုင်အိမ်ပိုင်ဖြစ်ရပါလို၏"ဟု စာတန်းရေးထိုးထားသည်။ တချို့က ဆင်းရဲလွန်းလို့လား မသိပါ။ ရွှေမချနိုင်ပါ။ ရိုးရိုးအုန်းသီးပေါ်မှာပဲ မြေဖြူနဲ့ စာတန်းရေးသားထားကြသည်။

ဒီနေ့လည်း တနင်္ဂနွေနေ့ဖြစ်သည်။

အသက်(၆၀) အရွယ်ခန့်ရှိ အလွန်ပိန်သော အမျိုးသမီး တစ်ဦး အုန်းသီးပိုက်ပြီး မြောက်ဘက်မုခ်ဦးမှ ဘုရားဝင်းသို့ ဝင်လာသည်။ အုန်းသီးက ရွှေမချထားပါ။ ရိုးရိုးရှင်းရှင်း မြေဖြူနဲ့ ရေးထားသည်။ တနင်္ဂနွေဂြိုဟ်တိုင်ရှေ့မှာ အုန်းသီးကို တင်၍ ဘုရားကိုရှိခိုးပြီး အောက်ပါအတိုင်း ဆုတောင်းနေသည်။

"အရှင်ဘုရား ‥‥ တပည့်တော်မသည် အလွန်ဆင်းရဲနွမ်းပါးလှပါသည်။ နေထိုင်စရာနေအိမ်မရှိပါ။ သူများအိမ်မှာ ငှားရမ်းနေထိုင်ရပါသည်။ အိမ်ပိုင်ရှင်တွေရဲ့ ငြူစူမှုကိုလည်း အမြဲလိုလို ခံရပါသည်။ ထို့ကြောင့် တပည့်တော်မအား အိုးပိုင်အိမ်ပိုင်အဖြစ် ဆင်းရဲတွင်းမှ ကယ်တင်ပေးတော်မူပါဘုရား။ အုန်းသီးလှူပါတယ်"

ဟု ဆုတောင်းပြီး ပြန်အထ ရင်ပြင်ပေါ်မှာ နှေးကွေးစွာလျှောက်ကာ မြောက်ဘက်မုခ်ဦးမှ ထွက်ခွာသွားပါသည်။

မိနစ် ၂၀ ခန့်ကြာသော် တောင်ဘက်မုခ်ဦးမှ အင်္ကျီဟပြဲ ဟောင်းနွမ်းသော ဘောင်းဘီတိုကို ဝတ်လာသော ကိုးနှစ်အရွယ် ကလေးငယ်နှစ်ဦး ဘုရားဝင်းအတွင်းသို့ ဝင်လာသည်။ သူတို့နှစ်ဦးစလုံး အုန်းသီးလှူထားသည်ကိုတွေ့သွားပြီး ဝမ်းသာအားရ ဂြိုဟ်တိုင်အနားသို့ လျှောက်လာကြသည်။

တစ်ဦးက ရပ်နေ၍ ကျန်တစ်ဦးက ဘုရားရှေ့မှာ ကန်တော့ပြီး အောက်ပါအတိုင်း ပြောလိုက်သည်။

"သားတို့ မွန်းလွဲပိုင်းအချိန်အထိ ထမင်းမစားရသေးပါ။ ဒါကြောင့် အုန်းသီးကို စွန့်တော်မူပါ ဘုရား"

ဟု ဆုတောင်း၍ အုန်းသီးကို စွန့်မှူပြီး တောင်ဘက်မုခ်ဦးမှ အုန်းသီးရောင်းသောဆိုင်သို့ ဦးတည်သွားလေတော့သည်။

လင်းထူးဇော်(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်သတ်နေတဲ့ လူသတ်သမား တစ်ယောက် ကျွန်တော်တို့ဆီမှာရှိတယ်။ သက်သေအထောက်အထား မလုံလောက်လို့ သံသယရှိတဲ့လူကို မဖော်ထုတ်နိုင်ဘူး။ ကျွန်တော်တို့ဆီမှာ မျက်မြင်သက်သေလည်း မရှိဘူး။ စိတ်တန်ခိုးရှင် ဂျင်းနီဘော်ဂင် (Jeanne Boegen)ကို ကျွန်တော်တို့ ဆက်သွယ်တယ်။ သူ ဖော်ထုတ်ပေးလို့ သူ့ဦးဆောင်မှုနဲ့ ကျွန်တော်တို့ လူသတ်သမားကို ဖမ်းပြီး ထောင်ချနိုင်တယ်။ ကျွန်တော်က စိတ်စွမ်းအင်ကို သုံးပြီး လူသတ်သမားကို ဖမ်းနိုင်တယ်ဆိုတဲ့ အယူအဆကို ယုံကြည်သူ မဟုတ်ဘူး။ ဒီတော့ ဘယ်လိုပြောရမလဲ မသိဘူးခင်ဗျ"

လာရီဟတ်မင်း Larry Hardmen
စုံထောက်ဘတ်တင်ရော့ရဲတပ်ဖွဲ့
Decetive Baton Rouge Police Department.

ယခုအခါ ကမ္ဘာ့လူသန်းပေါင်းများစွာတို့သည် လူကြိုက်များပြီး အောင်မြင်ကျော်ကြားသော ရုပ်သံဇာတ်လမ်းတွဲဖြစ်သည့် "ဝိညာဉ်စုံထောက်နှင့် စိတ်တန်ခိုးဖြင့် စစ်ဆေးသူများ" (Psychic Detectives and Psychic Investigators) ဇာတ်လမ်းကို ကြည့်လျက်ရှိသည်။ ဤဇာတ်လမ်းတွဲသည် စိတ်စွမ်းအင်ကို ကြားခံပစ္စည်းအဖြစ် အသုံးပြု၍ တရားခံဖော်ထုတ်သော ဇာတ်လမ်းဖြစ်သည်။ ဤအတွေ့အကြုံကို လူသားတို့ ပထမဆုံးအကြိမ် မြင်တွေ့ရခြင်းဖြစ်သည်။ ဤအခန်းတွင် မှုခင်းဆိုင်ရာ စိတ်ပညာ (Forensis Psychics) အကြောင်းကို ကျွန်တော်တို့ ပြောဆိုကြပါမည်။ ဤအကြောင်းအရာများသည် ထိပ်တန်းအဆင့် စိတ်တန်ခိုးရှိသူများ၊ နာမည်ကြီး နတ်ဝင်သည် (၁)ရာခိုင်နှုန်းက မှုခင်းနှင့် ပတ်သက်သော အထောက်အထားအသေးစိတ်ကို ရှာဖွေဖော်ထုတ်သည့် အဖြစ်အပျက်များ ဖြစ်သည်။

**ရဲတပ်ဖွဲ့ဝင် သက်သေများ**

ရဲတပ်ဖွဲ့ဝင်များသည် အလွန်စိတ်ချရသော ကျွမ်းကျင်သက်သေများ ဖြစ်ကြ၏။ ရဲတပ်ဖွဲ့တွင် စိတ်စွမ်းအင်ဖြင့် တရားခံဖော်ထုတ်နိုင်သည်ဆိုသော အယူအဆကို လက်မခံသူ ရဲတပ်ဖွဲ့ အကြီးအကဲ သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များရှိနေပါက ထိုသူတို့က စိတ်တန်ခိုးရှင်များ၊ စိတ်တန်ခိုးအသုံးပြုမည့် နတ်ဝင်သည်များသည် သိပ္ပံနည်းဖြင့် အဖြေထုတ်၍ မရသော သဘာဝလွန် လက်ဆောင်များကို ရရှိပိုင်ဆိုင်ထားကြသူများ ဖြစ်သည်ဟု ဆိုကြပါမည်။ စူပါဖိုင်းရုပ်ရှင်မှ ထုတ်လုပ်သော ဝိညာဉ်စုံထောက်များ ဇာတ်လမ်းတွဲ၊ စီနီဖလစ်ရုပ်ရှင်ထုတ်လုပ်ရေးမှ စိတ်တန်ခိုးဖြင့် စစ်ဆေးသူများ ဇာတ်လမ်းတွဲများတွင် ပါဝင်သော အကြောင်းအရာများကို ဤစာအုပ်တွင် ပြန်လည်ထည့်သွင်းထားပါသည်။ ဤသို့ ထည့်သွင်းထားရခြင်းမှာ စရိုက်ကြမ်းသော ရဲတပ်ဖွဲ့ဝင်များ၏ ဗွီဒီယိုသက်သေထွက်ချက်များကို ကမ္ဘာတစ်ဝန်းလုံးရှိ ကြည့်ရှုသူများ သိရှိစေရန်နှင့် ရဲတပ်ဖွဲ့ဝင်များ လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဆောင်ရှက်နေသည့် မှုခင်းဆိုင်ရာ စိတ်ပညာရပ်သည် အမှန်တကယ် အစွမ်းအစရှိသည်ကို သိရှိစေရန်ဖြစ်သည်။

ရဲအရေးပိုင်သော အမှုတွဲ ၆၀ ရှိ ရဲတပ်ဖွဲ့ဝင် ၈၀ ကျော်၏ ထွက်ဆိုချက်များကို ကူးယူကာ ကျွန်တော်တို့၏ ဝက်ဆိုက်စာမျက်နှာ လွှင့်တင်ထားသည်။ ဤထွက်ဆိုချက်များမှာ အငြိမ်းစားရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ထမ်းဆောင်ဆဲ ရဲတပ်ဖွဲ့ဝင်များ၏ ထွက်ဆိုချက်များဖြစ်သည်။ ဤအမှုများမှာ စိတ်တန်ခိုးရှင် တစ်ဦး သို့မဟုတ် နတ်ဝင်သည်တစ်ဦးက အရေးကြီးသော သတင်းအချက်အလက် ဖော်ထုတ်ပေးနိုင်ခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာ သက်သေအထောက်အထားများ ရရှိပြီး ပိတ်သိမ်းလိုက်ရသော အမှုများဖြစ်သည်။ အစွမ်းရှိသော ဤမှုခင်းစိတ်ပညာရပ်သည် သံသယရှိ တရားခံအမည်ကို ဖော်ထုတ်ပေးနိုင်သည်။ ပျောက်ဆုံးနေသည့် လူပုဂ္ဂိုလ် အလောင်းကောင်ကို ရှာပေးနိုင်သည်။ အသတ်ခံရသူအား မည်ကဲ့သို့ သတ်ဖြတ်သည်ဟူသော အထောက်အထားများကို ပြည်သူများအတွက် သတင်းမထုတ်ဘဲ အတည်ပြုပေးနိုင်သည်။

ဤအထောက်အထားများသည် တရားဝင်လက်ခံနိုင်သော အထောက်အထားများဖြစ်၏။ ဤသက်သေထွက်ဆိုချက်များသည် စိတ်ချရသည်ဟု အသိအမှတ်ပြုထားသော ကျွမ်းကျင်သက်သေများ၏ ထွက်ဆိုချက်များဖြစ်ပြီး တရားရုံးက လက်ခံနိုင်သည့် တိကျသော ထွက်ဆိုချက်များဖြစ်သည်။

**စိတ်တန်ခိုးရှင်က ကျွန်တော်တို့ကို အဲဒီ လူသတ်မှုဖြစ်တဲ့ နေရာက အစတွေ၊ အခြားနေရာက အစတွေကို ကောက်ခိုင်း တော့တာပါပဲ။ အဲဒီအစတွေကို ကျွန်တော်တို့ စုပြီးထားလိုက်တယ်လေ။ အဲဒီအစတွေကို ကြည့်ပြီး ...**

အဆိုတစ်ရပ်ကို လက်မခံသူ၊ အသိအမြင်မများသူ၊ အသစ်အသစ်သော စိတ်ကူးစိတ်သန်းများကို လက်မခံလိုသူများက မည်သို့ပြောဆိုမည်နည်း။ ထွက်ဆိုချက်ပေးကြသည့် ရဲတပ်ဖွဲ့ဝင်များ အားလုံး လိမ်နေသလား။ မမှန်မကန်ပြောနေကြသလား။ သူတို့အားလုံး အမှားလုပ်နေကြတာလား။ သူတို့အားလုံး သိပ်ပြီးအယုံလွယ်သလား။ သို့တည်းမဟုတ် သူတို့ရဲ့ ခံယူချက်တွေ ဝေဝါးနေတာလား။ စိတ်တန်ခိုးရှင်များအားလုံး အမှားများကို ပြောဆိုသည်ဆိုပါက ဤအမှားများကို ရဲတပ်ဖွဲ့ဝင်များက အဘယ်ကြောင့် အသုံးပြုကြသနည်း။ မှတ်တမ်းအဖြစ် မှတ်တမ်းတင်ကြသနည်း။ အောက်တွင် ရဲတပ်ဖွဲ့ဝင်များ ပြောဆိုခဲ့သည့် ထွက်ဆိုချက် ၁၀ ချက်ကို ဖော်ပြပါမည်။ ဤထွက်ဆိုချက်များသည် အထုံပါရမီရှိသော စိတ်တန်ခိုးရှင်များ၏ ကူညီမှုကြောင့် အမှုမှန်ပေါ်ပေါက်သွားပြီး ပိတ်လိုက်ရသည့် အမှုတွဲများမှ ထွက်ဆိုချက်များဖြစ်သည်။

**လူသတ်သမားများ၏အမည်ကို ဖော်ထုတ်ပေးသည့် ဂျိုက်မော်ဂန်** (Jouce Morgan)

မစ်ဇူရီပြည်နယ် ပိုလိုမြို့၌ ဖြစ်ပွားသော အိန်ဂျယ်လာဒေဗီ Angela Davies အသတ်ခံရမှုအား စုံစမ်းနေသည့် ရဲတပ်ဖွဲ့ဝင်များ လက်လျှော့လိုက်ပြီး စိတ်တန်ခိုးရှင် ဂျိုက်မော်ဂန်၏ အကူအညီကို ရယူသည်။ ဂျိုက် ဖော်ထုတ်ပေးသည့် တန်ဖိုးရှိသော သတင်းများအနက် လူသတ်ရသည့် အကြောင်းရင်းမှာ ငွေကြောင့်ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဟု သိရသည်။ လူသတ်သမား နှစ်ဦးမှာ ဂျင်မီ Jimmy နှင့် ဒယ်မာ Delmar ဖြစ်သည်ဟု ဖော်ထုတ်ပေးနိုင်ခဲ့ပြီး ဓာတ်ပုံအယ်ဘမ်ကို ကြည့်၍ လူသတ်သမားတစ်ဦးကို ရွေးထုတ်ပေးနိုင်ခဲ့သည်။

ရဲတပ်ဖွဲ့ အကြီးအကဲ ဂျွန်ရော့ဒရီဂတ်ဇ်(John Rodriguez) က –

"ဂျိုက်မော်ဂန်ကို မသုံးဘူးဆိုရင် ခင်ဗျားတို့ ရှုံးလို့ပဲ။ သူ့ကို သုံးလို့ ရှိရင် ခင်ဗျားတို့ ဘာမှ မဆုံးရှုံးပါဘူး။ အရာရာ အောင်မြင်ဖို့ပဲရှိတယ်။ ဂျိုက်မော်ဂန်က ပါရမီရှိတယ်ဗျ။ နောက်ပြီးတော့ သူများတွေကို ကူညီတယ်။ လူသတ်မှုတစ်ခုကို သူ စုံစမ်းတာ အခြား စုံစမ်းမှုတွေနဲ့ အတူတူပါပဲ။ ဘာမှ မထူးပါဘူး။ သဲလွန်စရနိုင်မယ့် အစတစ်စကို ခင်ဗျားတို့ ကောက်ယူလိုက်တဲ့အချိန်မှာ စိတ်တန်ခိုးရှင်က ကျွန်တော်တို့ကို အဲဒီ လူသတ်မှုဖြစ်တဲ့ နေရာက အစတွေ၊ အခြားနေရာက အစတွေကို ကောက်ခိုင်းတော့တာပါပဲ။ အဲဒီအစတွေကို ကျွန်တော်တို့ စုပြီးထားလိုက်တယ်လေ။ အဲဒီအစတွေကို ကြည့်ပြီး ကျွန်တော်တို့ကို သူ အကြံကောင်းတွေ ပေးတော့တာပဲ။ သူပြောတဲ့အတိုင်း ကျွန်တော်တို့ ဆက်လုပ်ပြီး လူသတ်မှုကို ဖြေရှင်းရတာပေါ့ဗျာ"ဟု ပြောဆိုသည်။

ကော်ဒဲလ် Caldwell စီရင်စု အုပ်ချုပ်ရေးရုံးမှ ဒုတိယရဲတပ်ဖွဲ့မှူး ရော်ဂျာပေါ်တာ Roger Porter က –

"ခင်ဗျားတို့ စုံစမ်းစစ်ဆေးလို့ မရတော့ဘူး။ ရွေးစရာ မရှိတော့ဘူးဆိုရင် ဂျိုက်မော်ဂန်က ခင်ဗျားတို့ ဝန်းကျင်မှာ ရှိနေတဲ့ စစ်ဆေးရေးကိရိယာ တစ်ခုပဲ။ သူ့မှာ ပါရမီထူးရှိတယ်။ သူများတွေကို ကူညီတယ်။ နောက်ပြီးတော့ ကောင်းတာတွေကို လုပ်တယ်။ ဂျိုက်မော်ဂန် ကျွန်တော်တို့ကို ပြောတဲ့ အမှုနဲ့ ဆိုင်သမျှတွေဟာ စုံထောက်တွေ ကျင့်သားရပြီးသားကိစ္စတွေပါ။ သူ့ အကူအညီနဲ့ လမ်းပေါ်က ရှင်းပစ်ဖို့လိုတဲ့ လူနှစ်ယောက်ကို ကျွန်တော်တို့ ရှင်းပစ်လိုက်တယ်"ဟု ပြောဆိုသည်။



(၂၂-၂-၂၀၀၆) ရက်နေ့တွင် ထုတ်လွှင့်ပြသသည့် ကောင့်တီဗွီ (Count TV) ၏ ဝိညာဉ်စုံထောက်များ ဇာတ်လမ်းတွဲ "မိသားစု နှောင်ကြိုး" (၄)ရာသီဇာတ်လမ်း

**လေးလောင်းပြိုင်လူသတ်မှုကို ကူညီဖြေရှင်းပေးသည့် ဖီးလ်ဂျော်ဒန်**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ အိုနီဒါရပ်ကွက်ရှိ ပန်းပျိုးဥယျာဉ် တစ်ခုတွင် ဖြစ်ပွားသော လူသတ်မှုကို စစ်ဆေးရန် ရဲများ ရောက်ရှိလာသည်။ သေဒဏ်အပြစ်ပေးခံရသလို သေဆုံးနေကြသော လူလေးဦးကို ရဲများ မြင်တွေ့သောအခါ ရဲများ ချောက်ချားသွားကြသည်။ ရဲများက သမားရိုးကျ နည်းလမ်းများဖြင့် စစ်ဆေးဖော်ထုတ်သော်လည်း မအောင်မြင်သဖြင့် စိတ်တန်ခိုးရှင် ဖီးလ်ဂျော်ဒန်ကို အခင်းဖြစ်ပွားရာနေရာသို့ ခေါ်ယူလိုက်သည်။ ဖီးလ်ဂျော်ဒန်က အခင်းဖြစ်နေရာအား အာရုံခံကြည့်သောအခါ လုယက်မှုကြောင့် လူသတ်မှုဖြစ်ပွားရကြောင်း သိလာရသည်။ အခြားမည်သည့်ပစ္စည်းမျှ မယူဘဲ တန်ဖိုးရှိသည့် ဒင်္ဂါးပြားများကိုသာ ယူသွားသည်ကို တွေ့ရ၏။ အဖြစ်အပျက် ဖြစ်ပွားသည့်နေရာ ထောင့်တစ်ထောင့်တွင် ငွေဒင်္ဂါးသုံးသည့် ဆိုင်တစ်ဆိုင်ကို တွေ့လိုက်ရသည့်အခါ ရဲများ အံ့သြသွားသည်။ လူသတ်မှုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သော အချက် ၁၀ ချက်ကို ဗီးလ်ဂျော်ဒန်ဖော်ထုတ်ပေးခဲ့သဖြင့် လူသတ်သမား သုံးဦးအား ဖမ်းဆီး၍ သုံးဦးစလုံးအား ထောင် အနှစ် ၁၀၀ စီ အပြစ်ပေးနိုင်ခဲ့သည်။

အိုနီဒါ စီရင်စု အုပ်ချုပ်ရေးရုံးမှ အရာရှိ ဘီလ်ဟာဆင်နော်ရာ(Bill Hasenaurer) က –

"လူသတ်မှုတွေမှာ စိတ်တန်ခိုးရှင်တွေ ကူညီတဲ့ ကဏ္ဍကို ကျွန် တော်လက်ခံပါတယ်။ သူတို့ကို ကျွန် တော်ထပ်ပြီး အကူအညီတောင်းရ ပြန်ပြီဗျ။ ဘာဖြစ်လို့လဲဆိုတော့ အမှု ပေါ်အောင် အဖြေထုတ်ပေးနိုင်လို့ပဲ ခင်ဗျ။ ရဲတွေကို ကူညီနေတဲ့ စိတ်တန်ခိုးရှင်တွေကို လုံးဝ ယုံကြည်တဲ့ သူတစ်ယောက် ကျွန်တော် အခုဖြစ်သွားပြီဗျ"

ကျွန်တော်က
စိတ်စွမ်းအင်ကိုသုံးပြီး
လူသတ်သမားကို
ဖမ်းနိုင်တယ်ဆိုတဲ့
အယူအဆကို
ယုံကြည်တဲ့သူ
မဟုတ်ဘူး။
ဒီတော့
ဘယ်လိုပြောရမလဲ
မသိဘူး
...



အိုနီဒါ အုပ်ချုပ်ရေးရုံးမှ တပ်ကြပ်ကြီး လင်တန်ကလတ် Lynton Clark က လူသတ်မှုများကို ဖော်ထုတ်ရာ၌ စိတ်တန်ခိုးရှင်များကို အသုံးပြုခြင်းအား လုံးဝ လက်ခံသည်ဟု ဆိုသည်။ အိုနီဒါ စီရင်စု အုပ်ချုပ်ရေးရုံးမှ လက်ထောက်ခရိုင် ဥပဒေ အရာရှိ ကတ်ဟာမယ်လင်း Kurt Hameline က လူသတ်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် စိတ်တန်ခိုးရှင်များကို အသုံးပြုခြင်းသည် အရေးပါသည်ဟု ပြောဆိုသည်။

**တစ်ယောက်ပြီးတစ်ယောက်**
**လိုက်သတ်နေတဲ့**
**လူသတ်သမားအား**
**ဂျင်နီဘော်ဂင် ဖော်ထုတ်ပေးနိုင်**

လူဝီစီရာနာပြည်နယ် ဇာချာရီတွင် ဖြစ်ပွားခဲ့သော မုဒိမ်းမှုနှင့် အမျိုးသမီး ၅၁ ဦးအား သတ်ခဲ့သည့်အမှုကို စုံစမ်းဖော်ထုတ်ရန် စိတ်တန်ခိုးရှင် ဂျင်နီဘော်ဂင်က ရဲများကို အကူအညီပေးခဲ့သည်။ ဘော်ဂင်က ရဲများ သံသယရှိနေသူသည် တရားခံမဟုတ်ဘဲ မှားယွင်းစွာသံသယရှိခံနေရသူ ဖြစ်သည်ဟု ဆိုသည်။ အဓိက သက်သေတစ်ဦးက ဤလူသတ်မှု တရားခံပေါ်လာအောင်ကူညီမည်ဟု ဂျင်နီက ရဲများအား ပြောပြသည်။ ထို့နောက် ဂျင်နီက သံသယရှိနေသူ ကို ဖော်ထုတ်ပေးပြီး ထိုသူ၏ နောက်ကြောင်းရာဇဝင် အသေးစိတ်ကို ရဲများအား ပြောပြသည်။ အဓိကသက်သေကို တွေ့ရှိပြီးနောက် လူသတ်သမားအား စွဲချက်တင် အပြစ်ပေးနိုင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရဲအရာရှိ ဒေးဗစ်မက်ဒေးဗစ် David Mc David က –

"နေ့စဉ်လုပ်ငန်းဆောင်တာတွေမှာ စိတ်တန်ခိုးရှင်တွေနဲ့ ကျွန်တော် ဘယ်တော့မှ ဆက်ဆံလေ့မရှိပါဘူး။ ကျွန်တော့်အမြင်ကတော့ ဘုရားသခင်က လူတွေကို စိတ်စွမ်းအင်တွေ ပေးထားမယ်ဆိုရင် အဲဒီစိတ်စွမ်းအင်တွေနဲ့ ဥပဒေဘက်တော်သားတွေအတွက် အကူအညီပေးရမှာပဲဗျ"

ဟု ၎င်း၏အမြင်ကို ပြောပြသည်။

ရဲမှုခင်းဆိုင်ရာ ကျွမ်းကျင်သူ အကြံပေးပုဂ္ဂိုလ် အန်းဝီလျမ်(Ann Williams) က –

"စိတ်တန်ခိုးရှင် ဂျင်နီဘော်ဂင် မပါဘဲနဲ့ ကျွန်မတို့ တရားခံတွေကို ဘယ်လိုမှ နောက်ယောင်ခံနိုင်မှာ မဟုတ်ဘူး။ သက်သေတွေကိုလည်း တွေ့မှာ မဟုတ်ဘူး"

ဟု ထုတ်ဖော်ပြောဆိုသည်။

အက်တင်ရော့ ရဲတပ်ဖွဲ့မှ စုံထောက် လာရီဟတ်မင်းက –

"တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်သတ်နေတဲ့ လူသတ်သမား တစ်ယောက် ကျွန်တော်တို့ဆီမှာ ရှိတယ်။ သက်သေအထောက်အထား မလုံလောက်လို့ သံသယရှိတဲ့သူကို ဖော်ထုတ်နိုင်ဘူး။ ကျွန်တော်တို့ဆီမှာ မျက်မြင်သက်သေလည်း မရှိဘူး။ စိတ်တန်ခိုးရှင် ဂျင်နီဘော်ဂင်ကို ကျွန်တော်တို့ ဆက်သွယ်တယ်။ သူဖော်ထုတ်ပေးလို့ သူ့ဦးဆောင်မှုနဲ့ ကျွန်တော်တို့ လူသတ်သမားကို ဖမ်းပြီး ဆောင်ချနိုင်တယ်။ ကျွန်တော်က စိတ်စွမ်းအင်ကိုသုံးပြီး လူသတ်သမားကို ဖမ်းနိုင်တယ်ဆိုတဲ့ အယူအဆကို ယုံကြည်တဲ့သူ မဟုတ်ဘူး။ ဒီတော့ ဘယ်လိုပြောရမလဲ မသိဘူးခင်ဗျ"

ဟု ပြောပါသည်။

(၂၆–၉–၂၀၀၇)ရက်တွင် ထုတ်လွှင့်သော ကောင့်တီဗွီ၏ ဝိညာဉ်စုံထောက်များ ဇာတ်လမ်းတွဲ။ သူစိမ်းတစ်ဦး၏ မျက်လုံးများ ဇာတ်လမ်းမှ)

**လူသတ်သမား၏အမည်ကို ဖော်ထုတ်ပေးပြီး သေဆုံးသူအား ရှာဖွေပေးသည့် ဂျော်ဂျီယာရူးဒေါ့ (Georgia Rudolph)**

အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ် ဘဲလ်ပရီ Belpre မြို့၌ ဂျနီဖာမတ်ရယ်ဒီဆိုသူ အမျိုးသမီးတစ်ဦးအား ဦးခေါင်းကို သေနတ်ဖြင့် ရက်ရက်စက်စက် ပစ်ကာ အလောင်းကို မြေမြှုပ်ဖျောက်ဖျက်ပစ်ခဲ့သည့် လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ အမှုကို ကိုင်တွယ်နေသူ စုံထောက်တပ်ကြပ်ကြီး ဒေ့ဂါဗီ Dave Garvey က ပါရမီရှင် နတ်ဝင်သည် ဂျော်ဂျီယာ ရူးဒေါ့ကို ခေါ်ယူပြီး အကူအညီတောင်းခံသည်။ နတ်ဝင်သည်က ပျောက်ဆုံးနေသည့် အမျိုးသမီးမှာ သေနေပြီဖြစ်ကြောင်း၊ မည်သူက သတ်လိုက်ကြောင်း၊ အလောင်းကို မည်သည့်နေရာ၌ ရှာရမည်ဖြစ်ကြောင်း စသည်တို့ကို စုံထောက် ဂါဗီအား တိတိကျကျပြောပြသည်။

လက်ထောက်ခရိုင်ဥပဒေအရာရှိ ကီဗင်ရင်း Kevin Rings က –

"ဂျနီဖာရဲ့အလောင်းကို ကျွန်တော်တို့ ရှာမတွေ့ဘူးဆိုရင် မစ္စတာမက်ရယ်ဒီက ကျွန်တော်တို့ကို တရားစွဲမလားမသိဘူး။ အမှုကလည်း ဖော်ထုတ်လို့မရတဲ့ လူပျောက်မှုဖြစ်သွားမယ်"ဟု မှတ်ချက်ချသည်။ စုံထောက် ဒေ့ဗ်ဂါဗီက –

"ဂျော်ဂျီယာရဲ့ အတွေးတွေ၊ လမ်းညွှန်မှုတွေဟာ ကျွန်တော်တို့ တွေးထားတာတွေ၊ လုပ်ချင်တာတွေပါ။ ဂျနီဖာ့ကို ရှာလို့တွေ့အောင် အရင်ဆုံးလုပ်ပေးတယ်။ နောက်ပြီးတော့ အခု ထောင်ထဲရောက်နေပြီ ဖြစ်တဲ့ လူဆိုးကို ဖမ်းလို့ရအောင် လုပ်ပေးတယ်။ အခုတော့ သေသူရဲ့ မိသားစုလည်း စိတ်ကျေနပ်နေပါပြီ"

ဟု ပြောဆိုသည်။

ဘဲလ်ပရီ ရဲတပ်ဖွဲ့မှ အလုပ်သမားဟောင်းဖြစ်သူ မော်နီကာတန်နာက –

"ဂျော်ဂျီယာက မတူညီတဲ့ ကွဲပြားခြားနားတဲ့ ကမ္ဘာကို ဖန်တီးပြတယ်။ အမှုတွေကို ဖြေရှင်းပေးတယ်"

ဟု ဆိုသည်။

(၂၀၀၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ထုတ်လွှင့်ပြသသည့် စိတ်တန်ခိုးဖြင့် စစ်ဆေးသူများ ဇာတ်လမ်းတွဲ Till Death Do Us Part Season 3 episode 25)

**လုတိုး(စိတ်ပညာ)**



www.burmeseclassic.com

www.burmeseclassic.com



# ကြိုး

## အတင့်ရဲလာသော တောဘုရင်များ



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ညက
သူတို့တည်းခိုခဲ့သော
ရွာကြီးမှာ
မကောင်းဆိုးရွားများ
ဖန်ဆင်းထားသည့်
ရွာကြီးဖြစ်ကြောင်းနှင့်
တကယ့်ရွာအစစ်
မဟုတ်ကြောင်း
သိရသည်။
ရွာလူကြီးနှင့်
ရွာသားများမှာလည်း
လူစင်စစ်များ
မဟုတ်ကြဘဲ
. . .

□

သစ်လုံးများကို တိုင်းတာခြင်း၊ စစ်ဆေးခြင်း စသည့် အလုပ်များ ပြီးဆုံးသောအခါ ညနေခင်းအချိန်သို့ ရောက်လာပြီဖြစ်သောကြောင့် ကျွန်ုပ် ဦးအောင်သန်းသည် စခန်းသို့ပြန်လာသည်။

အပြန်ခရီး၌ မိုးများသည်းထန်စွာ ရွာသောကြောင့် ခရီးမတွင်ပါ။ အမှောင် သူအားကောင်းခါစအချိန်တွင် ကျွန်ုပ်နှင့် တပည့်များသည် စခန်းသို့ ပြန်ရောက် လာကြသည်။ လူတစ်ကိုယ်လုံး မိုးရေများနှင့် ရွဲရွဲစိုလျက် . . .။

ကျွန်ုပ်၏ တပည့်သည် ကျွန်ုပ် အတွက် အစစအရာရာ လိုလေသေး မရှိအောင် ပြင်ဆင်ထားသည်။ ရေချိုး ရန် ရေနွေး၊ ညစာအစားမီသောက်ရန် ဆေးအရက်နှင့် အမြည်းများ၊ ကျွန်ုပ် ဝတ်ရန် အနွေးထည် . . စသည်ဖြင့်။

ညစာမစားမီ ရမ်သောက်ခါစတွင် တဲ၏ အပြင်ဘက်၌ လေမိုးထန်နေဆဲ ပင်။

ရမ်တစ်ပက်ပင် မကုန်သေး။ ကျွန်ုပ်၏ တပည့်တစ်ယောက်က တောင်ငူဆေးရုံသို့ လူနာသွားပို့သော အဖွဲ့ ပြန်ရောက်လာပြီဟု ပြောပါ သည်။ ငှက်ဖျားရောဂါမသက်သာ၍ ယမန်နေ့၌ တောင်ငူဆေးရုံသို့ သွားပို့ လိုက်ရသော လူနာ မောင်ချစ်ဖေမှာ ကျွန်ုပ်၏လက်ထောက် အရာရှိငယ်ဖြစ် သည်။ သူသည် ပေပေ တေတေနေသူ ဖြစ်ရာ ငှက်ဖျားခြင်ကိုက်ခံရပြီး လွန်ခဲ့ သောတစ်နှစ်ခန့်ကတည်းက ငှက်ဖျား ရောဂါရထားသူ ဖြစ်သည်။

ကျွန်ုပ်တို့၏ စခန်းမှာ တောင်ငူ အနောက်ဘက် မိုင်အစိတ်ခန့်ရှိ ပဲခူး ရိုးမအရှေ့ခြမ်း စခန်းဖြစ်သည်။

"ကျွန်တော်တို့ ပြန်ရောက်လာ ပြီ ဆရာ"

မောင်ချစ်ဖေကို လိုက်ပို့သော တောခေါင်း ဦးမြင့်က ပြောသည်။

"မိုးထဲ လေထဲဗျာ၊ မိုင်အစိတ် ခရီးကို နေ့ခြင်းအရောက် ပြန်လာရ



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့။ ကြားစခန်းမှာ တစ်ညအိပ်လိုက်ရောပေါ့''

ကျွန်ုပ်က ဝင်ပြောလိုက်သည်။

''ကြားစခန်းကလည်း ပြောပါတယ်။ နောက်နေ့မှ သွားပါလို့'' ဦးမြင့်က ပြောသည်။

''အေးဗျာ ..ခင်ဗျားတို့လည်း ပင်ပန်းနေပြီ။ နားတော့လေ။ လူနာ အခြေအနေကရော ..''

''ဆရာဝန်ကြီးကတော့ သူအစွမ်းကုန် ကုပေးမယ်လို့ ပြောပါတယ်''

ဟု ဦးမြင့်က ဖြေသည်။

''ကောင်းပြီလေ ...နားပါဦး ဦးမြင့်''

BURMESE CLASSIC

ကျွန်ုပ် ဦးအောင်သန်းသည် သစ်တောကျောင်းမှ ဘွဲ့ရပြီးနောက် သစ်တောများ ကြားထဲ၌ အလုပ်လုပ်လာသည်မှာ ဆယ်နှစ်ခန့် ရှိလာလေပြီ။ ကျန်းမာရေးကို ဂရုစိုက်သောကြောင့် တောထဲ၌ ကြုံရသော ငှက်ဖျားရောဂါ မရပါ။ ငှက်ဖျားကာကွယ်ဆေး မှန်မှန်သောက်ခြင်း၊ ခြင်လုံးဝ အကိုက်မခံရအောင် မိမိကိုယ်ကို ဂရုစိုက်ခြင်း၊ ညဘက်၌ ခြင်ထောင်လုံလုံဖြင့် အိပ်ခြင်းကို ပြုလုပ်၏။

တောကြီးမျက်မည်းထဲ၌ ဝါသနာပါ၍သာ ဒီအလုပ်ကို လုပ်သည်။ အန္တရာယ်တော့ များ၏။

ညစာစားပြီးသောအခါ ကျွန်ုပ်သည် အိပ်ရာဝင်ပါတော့သည်။

ကျွန်ုပ် အိပ်ရာဝင်ကာစရှိသေး ဆင်ထိန်းအကြီးအကဲက ကျွန်ုပ်ထံလာ၍ ဆင်များ ဂနာမငြိမ်ဖြစ်နေကြောင်းလာပြောရာ ကျွန်ုပ်သည် ဆင်များကိုစိတ်ပူသွားသည်။ ကျွန်ုပ်က –

''ဆင်တွေ ဘာဖြစ်လို့ ဂနာမငြိမ်ဖြစ်နေတယ်လို့ ထင်သလဲ ဆင်ထိန်းကြီး''

''ကျွန်တော်လည်း သေချာတော့ မပြောနိုင်ဘူး ဆရာ၊ အမှောင်ထဲကို ကြည့်ကြည့်ပြီး အထိတ်တလန့်ဖြစ်နေတာပဲ၊ ထူးဆန်းတယ် ဆရာ''

ကျွန်ုပ် စဉ်းစားရတော့သည်။ ယခု ကျွန်ုပ်တို့ ရောက်နေသော စခန်းသည် လွန်စွာ တောကြမ်းသောစခန်းဟူ၍ နာမည်ကြီးသည်။ လွန်ခဲ့သော သုံးနှစ်ကျော်က ဆင်တစ်ကောင် စခန်းသို့ပြန်မလာသဖြင့် ရှာကြရာ မိုးချုပ်မှန်း မသိ ချုပ်သွားခဲ့သည်။ ထိုစဉ် –

ပဲခူးရိုးမ တောကြီးမျက်မည်း အလယ်တွင် ဆင်ရှာထွက်သော ဆင်ဦးစီး သုံးယောက်သည် ရွာတစ်ရွာ တွေ့သည် ဆို၏။ ရွာကြီးမှာ အတော်ကြီးသည်။ အိမ်ခြေ ၁၀၀ ဝန်းကျင်ခန့် ရှိသည်။ တစ်ရွာလုံး မီးတွေ ထိန်နေ၏။ ဆင်ဦးစီးသုံးယောက်သည် ညဥ့်နက်စ ပြုနေပြီဖြစ်၍ ခရီးမဆက်တော့ဘဲ ရွာထဲမှာပင် တစ်ညတာ တည်းခိုခွင့်တောင်းသည်။

ရွာသူကြီးက ကြည်ကြည်ဖြူဖြူ ဖြင့်ပင် ခွင့်ပြုသဖြင့် ရွာသူကြီး အိမ်မှာပင် တည်းခိုကြသည်။ ဆင်ဦးစီး သုံးယောက်သည် ပါလာသည့် ရိက္ခာထုပ်များကို စားကြသည်။ ရွာသူကြီးက ဧည့်သည်များအတွက် စားရန် ချက်ပြုတ်နေကြောင်း ပြော၏ အားနာသဖြင့် ရေကိုပင် မသောက်ဘဲ အိပ်ရာဝင်ကြသည်။ မအိပ်ခင် သုံးယောက်စလုံး ဘုရားရှိခိုး အမျှအတန်းပေးဝေ၏။ မေတ္တာပို့ပြီးမှ အိပ်ကြသည်။

တစ်ညလုံး နှစ်ခြိုက်စွာ အိပ်ပျော်သွားကြ၏။ သူတို့ အိပ်ရာမှ နိုးသောအခါ မိုးစင်စင်လင်းနေပြီ။ သူတို့ သုံးယောက်သည် ရောမ ကညင်ပင်ကြီးအောက်တွင် ခေါင်းချင်းဆိုင် အိပ်မိနေကြောင်း သိရတော့၏။ ညက တွေ့ခဲ့သော ရွာကြီးသည် ဘယ်ရောက်သွားမှန်း မသိ။ ရွာသူကြီးနှင့် ရွာသားများလည်း တစ်ယောက်မျှ မတွေ့ရ။ အိမ်ခြေ ၁၀၀ ရှိသည့် တဲတန်းများလည်း မရှိတော့။ ပတ်ဝန်းကျင် တစ်ခုလုံး ပကတိ တောအတိဖြစ်နေသည်။

သည်တော့မှ ညက သူတို့ တည်းခိုခဲ့သော ရွာကြီးမှာ မကောင်းဆိုးရွားများ ဖန်ဆင်းထားသည့် ရွာကြီးဖြစ်ကြောင်းနှင့် တကယ့်ရွာအစစ် မဟုတ်ကြောင်း သိရသည်။ ရွာလူကြီးနှင့် ရွာသားများမှာလည်း လူစင်စစ်များ မဟုတ်ကြဘဲ ကျတ်များသာ ဖြစ်လိမ့်မည်ဟု သဘောပေါက်ကြသည်။ သူတို့ ကံကောင်းသွားသည်မှာ ထိုကျတ်ရွာမှ ကျွေးမွေးဧည့်ခံသည့် အစားအစာများကို မစားမိခြင်း၊ အိပ်ရာဝင် ဘုရားရှိခိုး အမျှအတန်းဝေခြင်း၊ မေတ္တာပို့ခြင်းများ စသည့် ကောင်းမှုတို့ကြောင့် နာနာဘာဝများက အန္တရာယ် မပေးနိုင်ခြင်းဖြစ်လိမ့်မည်ဟု ယူဆကြသည်။

ထိုသို့ ကျွန်ုပ်အတွေးဝင်နေစဉ်မှာပင် ခပ်လှမ်းလှမ်းမှ ကျားဟိန်းသံကြီးကို ကြားလိုက်ရ၏။

သည်တော့မှပင် ဆင်များ ဂနာမငြိမ်ဖြစ်နေခြင်းမှာ နာနာဘာဝများကြောင့် မဟုတ်ဘဲ ကျားနံ့ရသဖြင့် ကြောက်လန့်ခြင်းကြောင့် ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်လျက် ကျွန်ုပ် ကြာကြာ မဆိုင်းတော့ဘဲ လိုင်စင်နှင့် ကိုင်ဆောင်ထားသော တောလိုက်သေနတ်နှင့် ကျည်ဆန်များကို ယူ၍ ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီး၊ မိုးကာအင်္ကျီဖြင့် ဆင်စခန်းသို့ ထွက်လာပါသည်။

"မိုးရွာနေတော့ မီးတုတ်တွေ ထွန်းလို့မရဘူးဆရာ" ဆင်ထိန်းကြီးက ပြောသည်။

"သိတယ် ‥ တောဘုရင်တွေကလည်း မိုးရွာတာကို အခွင့်ကောင်းယူပြီး လာလေ့ရှိတယ်လေ။ လင့်စင်ရော ခိုင်ရဲ့လား။ ကျုပ် လင့်စင်ပေါ်ကနေ ဒီကောင်တွေနဲ့ ရင်ဆိုင်မယ်"

ဆင်များထားရာ အနီးရှိ သစ်ပင်ပေါ်၌ လင့်စင်ရှိရာ ကျွန်ုပ်သည် ထိုလင့်စင်ပေါ်မှနေ၍ ဆင်များကို ဒုက္ခပေးမည့် တောဘုရင်ကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။

လင့်စင်ပေါ်သို့ ကြိုးလှေကားအကူအညီဖြင့် တက်ရ၏။ ကျွန်ုပ်သည် သေနတ်ကို လွယ်၍ လင့်စင်ပေါ်သို့ တက်ခါနီး၌ ဆင်ထိန်းကြီးအား -

"ခင်ဗျားတို့လည်း သတိ ဝီရိယနဲ့ နေကြပါ။ အလှည့်ကျ အိပ်ကြပေါ့။ ဆင်တွေကို အဆုံးမခံနိုင်ဘူး"

ဟု ကျွန်ုပ်က ပြောလိုက်သည်။

ကျွန်ုပ်၏စခန်းတွင် ဆင်သုံးကောင်ရှိ၏။ သူတို့သည် အလွန်အားကိုးရသော ဆင်များဖြစ်သည်။ ဆင်တစ်ခုခုဖြစ်လျှင် အထက်လူကြီးများက ဆုချေလွှာတောင်းလေ့ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သစ်လုပ်ငန်း သစ်ထုတ်လုပ်ရေးလုပ်ငန်း၌ အလွန်အသုံးဝင်သော ဆင်ကို ဂရုစိုက်ရ၏။

ကျွန်ုပ်၏မျက်လုံးများမှာ ညအမှောင်ထုတွင် ပတ်ဝန်းကျင်ကို အထိုက်အလျောက်မြင်နိုင်စွမ်းရှိ၏။ မိုးသဲသဲမဲမဲ မရွာတော့သော်လည်း တဖျောက်ဖျောက် ရွာနေသေး၏။

ကျွန်ုပ်လင့်စင်ပေါ်ရောက်ပြီး နာရီဝက်ခန့်အကြာ၌ ကျားဟိန်းသံကို ကြားရသည်။ ဆင်စခန်းနှင့် ပိုနီးလာသော အသံ။ ဆင်များ လှုပ်လှုပ်ရွရွ ဖြစ်လာ၏။

ကျွန်ုပ်သည် သေနတ်ကို ပစ်ရန် အသင့်ပြင်ထား၏။

အချိန်သည် တဖြည်းဖြည်း ကုန်လာသည်။



တစ်ဆောင်း ရောက်ပြီး တစ်ဆောင်း ကုန်သောအခါ ကျွန်ုပ်တို့သည် အခြားတစ်နေရာသို့ စခန်းရွှေ့ရ၏။ ထိုသို့ ရွှေ့သည်အထိ တောဘုရင်များသည် ကျွန်ုပ်တို့ကို လာရောက် မနှောင့်ယှက်တော့ပါ ...

www.burmeseclassic.com



ကျွန်ုပ်ရင်ခုန်သံမှာလည်း မြန်လာ၏။

ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို သာဂရုတစိုက်ကြည့်နေရာ ညအမှောင် ထဲ၌ အရောင်တောက်နေသော မျက်လုံးစိမ်း ခြောက်ခုကို တွေ့လိုက်ရ၏။ နှစ်ခုမှာ အနည်းငယ် ပိုသေး၏။

ကျွန်ုပ် ချက်ချင်း နားလည်လိုက်လေပြီ။ ကျား သားအမိအဖ သုံးကောင်။ အရွယ်ရောက်လာသော ကျားငယ်ကို ကျားထီးနှင့် ကျားမက ဆင်ကို မည်သို့ ဖမ်းဆီးသတ်ဖြတ်ရမည်ကို လက်တွေ့လာသင်ပေးခြင်း ဖြစ်သည်။

ကျားသုံးကောင်သည် လှုပ်လှုပ်ရှားရှားနှင့် ဟိုဘက်လှည့်ချောင်း၊ ဒီဘက်လှည့်ချောင်း ချောင်းနေကြ၏။ ကျွန်ုပ်သည် သေနတ်ကိုပစ်ရန် အသင့်ပြင်ထားရင်း ကျွန်ုပ်လိုချင်သည့် ပစ်ကွင်း အကွာအဝေးထဲ ဝင်လာသော ကျားကို ချက်ကောင်းထိရန် ပစ်ဖို့ ချိန်ထားစဉ် ကျားတစ်ကောင်သည် ကျွန်ုပ်ပစ်ကွင်းထဲ ရောက်လာသည်နှင့် သေနတ်မောင်းခလုပ်ကို ဖြုတ်ချလိုက်သည်။

"ဒိုင်း"

သေနတ်သံသည် ဟိန်းထွက်သွားသည်။ ကျားသည် ကျွမ်းတစ်ပတ်ပစ်ပြီး မြေကြီးပေါ် ပြန်ကျကာ ငြိမ်သွားသည်။

ဤတွင် ကျွန်ုပ်သည် နောက်ထပ်ပစ်ရန် သားကောင်ကို ရှာ၏။ သားကောင်များ မရှိတော့။ သူတို့သည် သူတို့၏ အန္တရာယ်ကို သိသည်။

လေးငါးမိနစ်ခန့်စောင့်ပြီးနောက် ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ရာ လင့်စင်အောင်ဘက် ပေငါးဆယ်ခန့် အကွာရှိ ကုန်းမြင့်ပေါ်၌ ကျားတစ်ကောင် မလှုပ်မယှက် ငြိမ်သက်နေသည်ကို တွေ့လိုက်ရသည်။

ဆင်စခန်းဘက်ဆီမှ ဆင်များမှာလည်း ငြိမ်သွားကြလေပြီ။

"ဆရာ ‥ ဆရာဦးအောင်သန်း၊ ကျွန်တော်တို့လာပြီ"

လင့်စင်အောက်နားမှ ဆင်ထိန်းအကြီးအကဲ၏အသံကို ကြားရသည်။

"တောဘုရင်တစ်ကောင်တော့ ဟိုနားမှာ အနားယူသွားလေရဲ့၊ ကျန်နှစ်ကောင်တော့ ထွက်ပြေးသွားပြီ" ကျွန်ုပ်က လှမ်းပြောလိုက်သည်။

"သုံးကောင်တောင်"

"ဒါပေါ့။ သားကို သင်တန်းလာပေးတယ်လေ။ ဆင်ဖမ်းနည်း ‥။ တစ်ကောင်တော့ ကျုပ်ရဲ့ ကျည်ဆန်နဲ့တွေ့လို့ မလှုပ်တော့ဘူး။ မနက်ကျတော့မှပဲ ကြည့်ကြတာပေါ့။"

ကျွန်ုပ်သည် ထိုသို့ပြောရင်း လင့်စင်ပေါ်မှ ဆင်းလာပါသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

ဆင်ထိန်းအကြီးအကဲက ဝမ်းသာစွာပြောသည်။

"ကဲ နားကြပေတော့။ ဒီကောင်တွေ နောက်ထပ်မလာတော့ပါဘူး။ သင်ခန်းစာရသွားပြီ"

ထို့နောက် ကျွန်ုပ်သည် ကျွန်ုပ်၏ တဲသို့ပြန်လာပြီး အနားယူလိုက်ပါတော့သည်။

မနက် ခုနစ်နာရီခန့်မှ ကျွန်ုပ် နိုးလာသည်။



ဆင်ထိန်းအကြီးအကဲသည် သူ့လူများနှင့် ကျားသေကို အခန်းထဲ သယ်ထားပြီးလေပြီ။ ကျွန်ုပ်လက်ချက်ဖြင့် သေသွားသော ကျားမှာ ကျားထီးဖြစ်သည်။

"ကဲ ‥‥ကဲ ဆင်ထိန်းကြီး ဒီကောင်ကို ခင်ဗျားတို့ပဲ ယူလိုက်ပြီး လုပ်ချင်သလို လုပ်ပေတော့"

ဟု ကျွန်ုပ်က ပြောလိုက်သည်။

ထိုတစ်မိုးကုန်၍ တစ်ဆောင်းရောက်ပြီး တစ်ဆောင်းကုန်သောအခါ ကျွန်ုပ်တို့သည် အခြားတစ်နေရာသို့ စခန်းရွှေ့ရ၏။ ထိုသို့ ရွှေ့သည်အထိ တောဘုရင်များသည်။ ကျွန်ုပ်တို့ကို လာရောက် မနှောင့်ယှက်တော့ပါ။

မြသိန်း

www.burmeseclassic.com








www.burmeseclassic.com

'ဒိုင်း'

မိုးက သဲသဲမဲမဲ ရွာနေသည်။ မိုးထစ်ချုန်းသံနှင့်အတူ တစ်ချက်လင်းလက်လိုက်သည့် လျှပ်စီးရောင်တို့က ညအမှောင်ထုကို ဖောက်ထွင်းနေ၏။ မိုးသက်လေနှင့်အတူ လျှပ်ရောင်အောက်တွင် မကောင်းဆိုးဝါးကောင်ကြီးများလို သစ်ပင်ကြီးငယ်တို့ ယိမ်းထိုးလှုပ်ရှားနေကြသည်။ သေနတ်သံက မိုးသံကိုကျော်ဖြတ်ရသဖြင့် ကျယ်ကျယ်လောင်လောင်တော့မဟုတ်။ သို့သော် ရဲဌာနဝင်းတစ်ခုလုံးပွက်လောရိုက်သွားသည်။ ဌာနပိုင်ကြီးနှင့်အတူ ညပိုင်းတာဝန်မှူးများ ရဲတန်းလျားများရှိ ပုလိပ်များ ကင်းတဲဂိတ်ရှိရာအပြေးရောက်လာကြ၏။

''ဟော့ဘာဖြစ်တာလဲ''

ဌာနပိုင်ကြီးအမေးကို ကင်းဂိတ်စောင့်ပုလိပ်လေး မှူဆာမိ ချက်ချင်းမဖြေနိုင်။ ရဲဌာနရှေ့ရှိတောအုပ်ဘက်သို့ လက်ညှိုးထိုးလိုက်ပြီး ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ဖြေသည်။

''တောအုပ်ထဲက သရဲလိုလို အကောင်တစ်ကောင် ထွက်လာပြီး ရဲဝင်း စည်းရိုးကို ကျော်တက်လို့ လှမ်းပစ်လိုက်တာဆရာ။ ဟို ဟို ညောင်ပင်အောက်မှာ''

ရဲဌာနဝင်းရှေ့ရှိ ညောင်ပင်ကြီးအကိုင်းများက ခြံဝင်းကိုကျော်ပြီး အုပ်မိုးနေသည်။ ညောင်ကိုင်းကို တွဲလောင်းခို၍ ကျော်ဝင်နိုင်သည့်အနေအထားဖြစ်၏။ လက်နက်ကိုင်အဖွဲ့အစည်းတို့အတွက် စခန်းလုံခြုံရေးသည် အရေးကြီးဆုံး မဟုတ်ပါလား။ ဌာနပိုင်ကြီး ဦးတောက်ထွန်း ဦးဆောင်၍ ချက်ချင်းရှာဖွေရတော့၏။ ရဲဌာနဝင်းတစ်ခုလုံး မီးရောင်ဖျော့ဖျော့သာ လင်းသည်။ ဒုတိယကမ္ဘာစစ်မတိုင်မီကာလမို့ မီးလုံးဘတ်သီးများသာ သုံးနိုင်သေးသဖြင့် ညပိုင်းဆိုလျှင် အမှောင်ထုက ဝန်းရံစမြဲ။ လက်နက်အသင့်ပြင်ပြီး ညောင်ပင်ပတ်လည် ခြံဝင်းအတွင်း အနှံ့လိုက်ရှာကြသည်။ ဘာတစ်ခုမှ ထူးထူးခြားခြား မတွေ့၊ မိုးရေနှင့် ပျော့အိနေသည့် မြေကြီးပေါ်တွင် ခြေရာတောင် မကျန်ရစ်ခဲ့သည်က အတွေးရခက်နေသည်။

''မှူဆာမိ မင်း မူးမူးရူးရူးနဲ့ မြင်ချင်ရာမြင်ပြီး ပစ်လိုက်တာလား၊ ဘာသဲလွန်စမှ မတွေ့ဘူး တာဝန်ချိန်မှာ အရက်မသောက်နဲ့လို့ ပြောထားတာကို မနာခံဘူး။ မင်းတော့ သေတော့မှာပဲ''

''ကျွန်တော် မမူးပါဘူးဆရာ၊ မိုးအေးလို့ နည်းနည်းလေးသောက်မိတာပါ။ ကျွန်တော်ကိုယ်တိုင် အဲဒီအကောင်ကို မြင်လိုက်တာပါ''

''တော်စမ်းမှူဆာမိ၊ ခွင့်ပြုမိန့်မရဘဲ သေနတ်ပစ်တဲ့အတွက် ထိုက်သင့်တဲ့ အပြစ်တော့ခံပေါ့ကွာ''

ပြောပြောဆိုဆို ဌာနပိုင်ကြီး ထွက်သွားသည်။ ထိုညက အားလုံး ပုံမှန်နေမြဲ တာဝန်ထမ်းဆောင်ရင်း မိုးလင်းခဲ့ရသည်။ ဌာနအချုပ်ခန်းအတွင်း ရမန်ကြီးယူထားရသည့် အချုပ်သား ငါးဦး ရှိနေသည်။ အချုပ်


www.burmeseclassic.com

www.burmeseclassic.com



သားတစ်ဦးက အခြေအနေကို စပ်စုသည်။

“ဘာဖြစ်တာလဲဆရာ၊ ကျွန်တော်တို့တောင် လန့်သွားတယ်”

“သရဲခြောက်လို့ဟော့၊ သရဲဝင်လာတာကွ”

ဘာရယ်မဟုတ်ပြီးပြီးရောသဘောနှင့် အချုပ်ခန်းဆောင်က တုံ့ပြန်သည်။

သည်ဌာနကို ပြန်ကပြေးရဲဌာနဟုခေါ်သည်။ ပြန်ကပြေးရွာနှင့် တစ်မိုင်ခန့်သာ ဝေးသည့်နေရာတွင် အထိုင်ချထား၏။ မြို့ရဲဌာနခွဲအဖြစ် တာဝန်ယူရသည်။ ရွာချင်းဆက် မြေသား တာလမ်းလေးက ရဲဌာနရှေ့မျက်နှာစာမှ ဖြတ်သန်းသွား၏။ ဤလမ်းလေးမှလွဲ၍ ဘေးပတ်လည်တွင် ညို့မှိုင်းအုပ်ဆိုင်းနေသည့် တောအုပ်တောတန်းနှင့် ကုန်းမြင့် တောင်ကုန်းလေးများ ဝန်းရံနေသည်။ အမှန်ဆိုလျှင် တကယ့်ကို ချောင်ကျလှသည့် တောတွင်းစခန်းလေးတစ်ခု အဖြစ်သာ။

ဤဖြစ်စဉ်၏ နောက်သုံးရက်မြောက်ည။ မိုးကမသဲသော်လည်းတဖွဲဖွဲရွာနေသည်။ လရောင်မရှိ၊ မှောင်မိုက်နေသည့် သန်းကောင်ကျော်ညဉ့်နက်ပိုင်းအချိန်။

“ကယ်ကြပါဦးဗျို့ ကျွန်တော့်ကို မည်းမည်းကောင်ကြီးလာဆွဲနေတယ်”

အချုပ်ခန်းဆီမှ ငယ်သံပါအောင်

မည်းမည်း
ကောင်ကြီး
ဆရာ၊ ကျွန်တော့်
ခြေထောက်ကို
လာဆွဲတာ
တကယ့်
ကြောက်စရာကြီး
တစ်ကိုယ်လုံး
အမွေးတွေနဲ့
...





www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်သံကြောင့် ဌာနတစ်ခုလုံး ထိတ်လန့်ကုန်သည်။ အချုပ်ခန်းက ဌာနပိုင်ကြီးရုံး ပင်မအဆောက်အအုံနှင့် မလှမ်းမကမ်းတွင် ရှိသည်။ အချုပ်ခန်းစောင့် သာခင်နှင့် မောင်ကြီးတို့ပင် ကြောင်တောင်တောင်ဖြစ်သွား၏။ အော်သံက တုန်လှုပ်ချောက်ချားနေသည့် အသံ၊ ဌာနပိုင်ကြီးရောက်လာသည်။ အော်လိုက်သူမှာ အချုပ်သား ဖိုးစိန်။

"ဖိုးစိန် . . မင်း ဘာကိုမြင်လိုက်တာလဲ"

"မည်းမည်းကောင်ကြီး ဆရာ၊ ကျွန်တော့်ခြေထောက်ကို လာဆွဲတာ တကယ့်ကြောက်စရာကြီး တစ်ကိုယ်လုံး အမွေးတွေနဲ့ . . လျှာကြီးတွဲလောင်း"

"ဟေ့ကောင် တော်စမ်း၊ အိပ်ချင်မူးတူးနဲ့ ပေါက်ကရတွေ ပြောမနေနဲ့။ မင်းတို့ထဲက ဘယ်သူမြင်လိုက်သေးလဲ"

"ကျွန်တော်တို့ အိပ်ပျော်နေကြတာပါ ဆရာ။ ဖိုးစိန်အော်သံကြောင့် လန့်နိုးလာတာ"

အချုပ်သားထဲမှ တစ်ယောက်က ပြန်ဖြေသည်။ သာခင်တို့ကလည်း သူတို့လည်း မမြင်တွေ့ရကြောင်း သတင်းပို့သည်။ ဦးတောက်ထွန်း မကျေနပ်ချင်တော့။ လွန်ခဲ့သည့်ရက်ပိုင်းကလည်း မူဆာမိ မူးကြောင်ရူးကြောင်ဖြင့် သေနတ်ပစ်ခဲ့ရသည်အထိ ဖြစ်ခဲ့ပြီ။ ခုတစ်ခါ အချုပ်သား လန့်အော်လောက်အောင် ဖြစ်လာသည်။ သရဲတစ္ဆေကို မယုံကြည်တတ်သူမို့ အတွေးရခက်နေသည်။ ဦးနှောက်ထဲ ရှုပ်ထွေးလာသဖြင့် ခေါင်းကို ခါယမ်းလိုက်မိ၏။

ဤကဲ့သို့သော သရဲလိုလို တစ္ဆေလိုလိုအဖြစ်တွေကို သူမကြုံဖူးပါ။ ယခုတလောမှသာ ထူးထူးဆန်းဆန်းတွေ ဖြစ်နေခြင်းပင်။ အချုပ်ထဲမှာ ရှိနေသည့် အချုပ်သားများမှာလည်း သည်ရက်ပိုင်းအတွင်း လူသတ်မှုမသင်္ကာဖြင့် ဖမ်းဆီးစစ်ဆေးနေသော အမှုမှ မသင်္ကာတရားခံများ ဖြစ်၏။ စစ်ဆေးနေစဉ် မည်သူကမျှ မဝန်ခံ၊ ဖြောင့်ချက်လည်းမပေး။ ဖြစ်ပုံက သည်လို။

X X X

"ဟေ့ကောင်တွေ မြန်မြန်တူးကြကွ၊ အသုဘချချိန် နီးနေပြီ"

တာတီးက သူ့လူတွေကို လောဆော်လိုက်သည်။ တာတီးတို့လူသိုက်က သူအပါအဝင် ငါးယောက်၊ ဖိုးစိန်၊ သံခဲ၊ သာကျော်တို့ သုံးဦးက တစ်လှည့်စီ မြေကျင်းတူးကြသည်။ တာတီးနှင့် တုတ်ကြီးတို့က တူးပြီးသား မြေစိုင်ခဲများကို အပေါ်သို့သယ်ယူကြ၏။ သူတို့ငါးဦးလုံး သပြေတန်း ရွာသားများ ဖြစ်သည်။ သည်နေ့ ရွာထဲမှ နာရေးတစ်ခုအတွက် မြေမြှုပ်သင်္ဂြိုဟ်ရန် ရွာသင်္ချိုင်းမြေတွင် လုပ်အားပေးနေကြခြင်းဖြစ်သည်။ ရွာဓလေ့အရ လူငယ်ကာလသားများက လိုလိုချင်ချင် တာဝန်ယူကြသည်။ အဖိုးအခ မရှိ၊ စေတနာ့ဝန်ထမ်း ကူညီကြ၏။ သို့သော် နာရေးရှင်က တောအရက်နှင့် အမြည်းလေးတော့ ဧည့်ခံပေးရသည်။ တာတီးတို့အားလုံး မူးမူးရူးရူးနှင့် မြေကျင်းတူးနေကြသည်။

"ဒူ ဝေ ဝေ ဝေ"

ကြေးစည်သံ တဖြည်းဖြည်းကြားလာရပြီ။ ရွာနှင့်သင်္ချိုင်းမြေကား နာရီဝက်ခန့်သာ သွားရသည်။ ရှေ့ဆုံးမှ ကြေးစည်ထမ်းသူ နှစ်ဦး၊ ဘုန်းတော်ကြီးသုံးပါးနှင့် ကန်တော့ပွဲ ရွက်သူ အမျိုးသမီးတစ်ဦး၊ နောက်ဘက်ဆီတွင် သေသူ၏ ရုပ်ကလာပ်အခေါင်းတင်ထားသည့် အသုဘစင်ကိုထမ်းလာကြလေ၏။ နံဘေးပတ်လည်နှင့် နောက်ဘက်တကြောလုံး အသုဘပို့ဆောင်ကြသည့် ပရိသတ်များ၊ အားလုံးညှိုးငယ် ဝမ်းနည်းကြေကွဲနေသည့် မျက်နှာသွင်ပြင်တို့ဖြင့် လိုက်ပါလာကြသည်။ ခွဲခွာသွားလေသူအတွက် ကျန်ရစ်သူတို့၏ ဟစ်အော်ငိုကြွေးသံတို့နှင့်အတူ သုသာန်ကုန်းနား ရောက်လာသည်။ အလောင်းစင် ထမ်းလာသူများက မြေကျင်းရှိရာ သယ်လာကြ၏။ တာတီးတို့လူသိုက်ဆီမှ မြေစာခဲများ ပလူပျံလွင့်လာသည်။

"မလာနဲ့ မလာနဲ့"

မြေကျင်းတူးသူတို့က ဒေသထုံးစံအတိုင်း အသုဘသယ်ဆောင်လာသူများဆီသို့ မြေကြီးခဲများ ပစ်ပေါက်ရင်း အော်ဟစ်ကြ၏။ မြေစိုင်ခဲများက အကြီးရော အသေးပါ လေထဲတွင်ဝဲပျံနေသည်။ မြေကျင်းအနီး ရောက်သည်အထိ ခဲပေါက်၍ မဆုံးသေး။ အသုဘပို့သူတချို့တရားနာရန် သုသာန်ဇရပ်သို့ သွားနေကြပြီ။ သေသူ၏ဆွေမျိုးသားချင်းအချို့နှင့် ရင်းနှီးကျွမ်းဝင်သူတို့ တစ်အုံတစ်ခဲကြီး အလောင်းစင်

www.burmeseclassic.com





နားတွင် ကျန်ရစ်ကြ၏။ မြေစာခဲများ ပစ်ပေါက်နေချိန်၊ အလှေ့ာင်းစင်ကို သုံးပတ်လှည့်ပြီး မြေချရန် ပြင်ဆင်နေချိန်၊ အားလုံးက အလောင်းမြေကျရန် အာရုံစိုက်နေချိန်၊ တစ်ပြိုင်တည်းမှာ ပင် ရုတ်တရက် အော်သံကြောင့် အသုဘ ပို့ဆောင်သူအားလုံး ကြောင်သွားကြ၏။

"အမလေး သေပါပြီဗျာ"

အသုဘစင်ဘေးမှ လူငယ်တစ်ယောက်သူ့ခေါင်းကိုလက်နှင့် အုပ်ရင်း ခွေလဲကျသွားသည်။ သုသာန်ကုန်းတွင် မထင်မှတ်ဘဲ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ အလောင်းထမ်းသူတို့က ချက်ချင်းအခေါင်းကိုချပြီး လဲကျနေသူကိုဝိုင်းထူကြ၏။ နာရေးရှင်များကိုယ်တိုင် အပြေးအလွှားရောက်လာသည်။ သရဏဂုံတင်ရန် မြေမြှုပ်သင်္ဂြိုဟ်ရန် မလုပ်နိုင်ကြသေး။ ဘုန်းတော်ကြီးများ ပါ ဝိုင်းလာကြသည်။

"ဟယ် မောင်ရှိန့်လေးတော့၊ ခေါင်းကို အုတ်ခဲမှန်ပြီး လဲကျသွားတယ်"

"တာတီးတို့ လုပ်လိုက်ရင်သောက်ရမ်းချည်းပဲ။ ဒီလောက်ကြီးတဲ့ အုတ်ခဲပိုင်းနဲ့ပစ်ရသလား"

တာတီးတိုလူသိုက်လည်း မောင်ရှိန်လေးဆီ ပြေးလာကြသည်။ သူတို့တစ်တွေ မူးမူးရူးရူးနဲ့ မြေစာခဲ ပစ်ကြတာပါ။ မြေစာမှန်း မသိ၊ အုတ်ခဲမှန်း မသိရောရာနှောနှော ပစ်ပေါက်ရင်း မောင်ရှိန်လေး ခေါင်းကို ထိမှန်လိုက်ခြင်းပင်။ သူကြီး ဦးရွှေစံအောင် အစီအမံနှင့် မောင်ရှိန်လေးကို မြို့ပေါ်ဆေးရုံ ပို့ရန်ပြင်ကြသည်။ နာရေးကိစ္စပြီးအောင်တစ်ဖက်က လုပ်ကြရပြန်သည်။ ထိုနေ့က သပြေတန်းရွာအတွက် အမင်္ဂလာနေ့အဖြစ် ပြောဆိုစမှတ်ဖြစ်ခဲ့ရပေသည်။

"သူကြီးခင်ဗျားဘယ်သူလို့ထင်လဲ"

"ကျွန်တော်လည်း မပြောတတ်တော့ဘူး ဌာနပိုင်ကြီးရေ။ အားလုံး မူးရူးနေကြတော့ သူတို့ကိုယ်တိုင် ဘာလုပ်မိမှန်းတောင် မသိကြဘူးထင်ပါရဲ့"

ရဲဌာနအုပ်ရုံးခန်းအတွင်း သူကြီးဦးရွှေဇံအောင်နှင့် ဦးတောက်ထွန်းတို့နှစ်ဦးသား မောင်ရှိန်လေး ခဲပေါက်ခံရကိစ္စ ဆွေးနွေးနေကြသည်။ သူတို့ဒေသထုံးစံက သေသူနောက်တစ်ကြိမ် သုသာန်မလာအောင် ခဲနှင့်ပေါက်ရ၏။ မျက်စိလည်အောင် သေသူခေါင်းကြီးကို သုံးပတ်လှည့်ပေးရသည်။ ခေါင်းတလားကိုဓားမနှင့် သုံးချက်တိုက်ရ၏။ အစဉ်အလာအရ လုပ်ကြသည်ဟုသည်ဟု ဆိုသည်။ အနှစ်သာရရှိမရှိ မစူးစမ်းကြချေ။ ခုတော့ သည်ဓလေ့ထုံးစံကြီးကြောင့် လူတစ်ယောက်အသက်ဆုံးရှုံးခဲ့ရပြီ။ မြို့ဆေးရုံတွင် မောင်ရှိန်လေး သုံးရက်သာကုသခံ၏။ ဦးနှောက်ပေါက်သွားသဖြင့် ကုသမရတော့ပါ။ တစ်ရွာလုံး ယူကျုံးမရဖြစ်နေကြသည်။ မောင်ရှိန်လေး မိဘများက မြေကျင်းတူး တာတီးတို့အဖွဲ့ကို အမှုဖွင့်သည်။ မတော်တဆဖြစ်စဉ်မှ လူသေမှုဖြစ်ခဲ့ရ၏။

အမှုဖြစ်စဉ်မှာ ဤမျှသာဖြစ်၏။ ကျင်းတူးအဖွဲ့ထဲမှ တစ်ယောက်ယောက်၏ လက်ချက်ဖြစ်သော်လည်း မည်သူကမျှ ဝန်မခံ၊ အချုပ်သားများကိုရမန်ယူ၍ စစ်ဆေးနေဆဲကာလ။

"ဒါထက် ကျင်းတူးအဖွဲ့ထဲက တစ်ယောက်ယောက်နဲ့ သေသူ မောင်ရှိန်လေး ရန်ညှိုးများရှိနေသလားလို့



www.burmeseclassic.com

www.burmeseclassic.com



ထင်နေမိတာဗျာ။ အခွင့်သာတုန်းခုလို လုပ်လိုက်တာများလား''

ဌာနပိုင်ကြီးသံသယကို သူကြီး ချက်ချင်းမဖြေနိုင်ပါ။ ပြီးမှ ရုတ်တရက် စဉ်းစားမိဟန်ဖြင့် –

''နေစမ်းပါဦး၊ ရွာထဲမှာ ပန်းမှုံဆိုတဲ့ကလေးမကို မောင်ရှိန်လေးနဲ့ သာကျော်တို့ အပြိုင်ပိုးနေကြတယ်လို့တော့ ကြားမိတယ်''

သူကြီး ပြန်ထွက်သွားတော့ ဦးတောက်ထွန်းတစ်ယောက်တည်း ဦးနှောက်စား ကျန်ရစ်ခဲ့သည်။ လွန်ခဲ့သည့်တစ်ပတ်အတွင်းက သရဲလိုလို၊ တစ္ဆေလိုလို အကောင် လာနှောင့်ယှက်ခံရသည်။ သေသူမောင်ရှိန်ကိုယ်တိုင် ပြိတ္တာဘဝနှင့် လာခြောက်နေတာလား။ အခြားသူတွေ မမြင်ရဘဲ မူဆာမိနှင့် ဖိုးစိန်သာ မြင်ရသည်ဆိုခြင်းက ထူးဆန်းနေပြန်၏။ စစ်ဆေးချက်အရ တာတီးတို့ငါးဦးလုံးက ဘာမျှမသိပါ။ မမှတ်မိပါဟူ၍သာ ထွက်ဆိုကြသည်။ သေချာသည်က သူတို့အထဲက တစ်ဦးဦး လက်ချက်၊ မျက်မြင်သက်သေမရှိ၊ အခြေအနေရှုပ်ထွေးနေတုန်း ဖြစ်လိုက်သည့်အမှုဆိုတော့ တရားခံရှာရ ခက်နေသည်။ သပြေတန်းရွာသား အချင်းချင်း ဖြစ်သည့် ကိစ္စ။ ဖြစ်စဉ်ပါ ပုဂ္ဂိုလ်များ၏ နောက်ခံအချက်အလက်များ သေချာအောင် စုံစမ်းရတော့မည်။ ပြန်ကပြေးဌာနသို့ ဦးထွန်းတောက် တစ်ဖွဲ့လုံးပြောင်းရွှေ့လာသည်မှာမကြာသေးပါ။ တစ်လကျော်မျှသာ ရှိသေး၏။

''အရင်ပန်ချာပီဌာနပိုင်ကြီးတို့ ရှိတုန်းကလည်း သည်လိုဖြစ်ဖူးတယ်ဗျ။ သည်နေရာမှာ ဌာနဖွင့်ခင်ငါးနှစ်လောက်က ညီအစ်ကိုနှစ်ယောက် ဓားပြတွေသတ်လို့ ဌာနရှေ့က တောအုပ်ထဲမှာ သေဆုံးခဲ့တယ်။ ဒီအရပ်ကလူတွေက ညဘက်ဆို ဒီတောအုပ်နားကို မဖြတ်ရဲကြဘူး''

သူကြီး ပြောခဲ့သည့်ဇာတ်လမ်း၊ သရဲညီနောင်ကလည်း ခုချိန်ထိပြိတ္တာဘဝက ကျွတ်ပုံမရ၊ စဉ်းစားရင်း ဘယ်လို အတွေးပေါက်သည်မသိ။ အချုပ်သား ဖိုးစိန်ကို ခေါ်ခိုင်းလိုက်သည်။

''ဖိုးစိန် ‥ငါ မေးမယ်။ ငါ့ကို မှန်မှန်ဖြေ။ လိမ်မယ်တော့ မကြံနဲ့။ မောင်ရှိန်လေးကိုအုတ်နီခဲပိုင်းနဲ့ ပေါက်လိုက်တာ မင်းမို့လား''

'ကျွန်တော်ပေါက်တာမဟုတ်ဘူး ဆရာ၊ ကျမ်းကျိန်ပြောရဲပါတယ်''

''ဟုတ်ပြီ ဒါဖြင့်ဘယ်သူပေါက်လိုက်တာလဲ''

''ကျွန်တော်အရက်မူးနေလို့ဘာမှ မသိလိုက်ဘူး ဆရာ''

ဦးတောက်ထွန်းက ဖိုးစိန်ကို စူးစူး ကြည့်လိုက်ပြီး မျက်လုံးချင်းရင်မဆိုင်ရဲသည့် ဖိုးစိန်ကို ခပ်တင်းတင်းလေသံနှင့် အမိန့်ပေးလိုက်၏။

''ဖိုးစိန်ငါ့မျက်လုံးကိုတည့်တည့်ကြည့်လိုက်စမ်း''

ဖိုးစိန်ကြောက်ကြောက်လန့်လန့်ဖြင့် ဦးတောက်ထွန်းကို မျက်လုံးချင်းမရဲတရဲကြည့်နေရ၏။ ဦးတောက်ထွန်းဆီမှ လေးလေးပင်ပင် စကားတစ်လုံးချင်း ပြောသံကိုကြားလိုက်ရသည်။

''မင်းဆီကို မောင်ရှိန်လေးလာလိမ့်မယ်''

''ဗျာ''

ဖိုးစိန်အချုပ်ခန်းထဲသို့ တုန်တုန်ယင်ယင်နှင့် ပါသွားသည်ကို ကြည့်ရင်း မျက်မှောင်ကြုတ်လိုက်၊ စားပွဲကို လက်နှင့် ခေါက်လိုက်လုပ်နေမိ၏။ ခဏအကြာ နှုတ်ခမ်းတစ်ဖက် တွန့်သယောင် ပြုံးလာသည်။

''ဟေ့ဆာဂျင်ကြီး ‥ရဲဒွေးကို ခေါ်ပေးစမ်းကွာ''

ညအမှောင်က မဟူရာရောင် လွှမ်းနေပေပြီ။ တစ်မိုးလုံး မည်းနက်လျက် ကြယ်ပွင့်လေးများ ပုန်းခိုနေကြ၏။ ပုစဉ်းရင်ကွဲ အော်သံလေးများမှ တစ်ပါး ပြန်ကပြေးဌာနဝင်း တစ်ခုလုံး ငြိမ်သက်နေသည်။ လေနှင့်အတူ မိုးစက်က လေတိုးတစ်ခါ ထပ်ခါထပ်ခါ ပါလာတတ်၏။ အချုပ်ခန်းအတွင်း ဖိုးစိန် တစ်ယောက်တည်း။ မလှမ်းမကမ်းရှိ ပိတောက်ပင် အောက်မှာတော့ အချုပ်ခန်းစောင့် ပုလိပ်တစ်ဦး ထိုင်နေသည်။

''ဟီး ဟီး ဟီး ဟီး''

အချုပ်ခန်းနံရံ ပတ်လည်ဆီမှ ညည်းတွားသံကြီးတစ်ခု ဖိုးစိန်ကြားလိုက်ရသည်။ မြေစိုက်အချုပ်ခန်း နံရံသုံးဖက်တွင် အုတ်နံရံလွှာချင်း ကာရံထား၏။ အပေါ်ဘက် တစ်ပေခန့်လေးလက်မပတ်လည်အပေါက်လေးများ ရှိသည်။ အသံကား ယင်းအပေါက်များ



www.burmeseclassic.com

www.burmeseclassic.com





သူ့မျက်စိ
တည့်တည့်ရှိ
မည်းမည်းကောင်ကြီး၊
မျောက်ဝံလိုလို
တစ်ကိုယ်လုံး
အမွေးအမှင်ဖုံးပြီး
မျက်နှာပေါ်
အမွေးရှည်ကြီးများ
ဖုံးကွယ်လျက်၊
အချုပ်ခန်းမီးရောင်
မှိန်မှိန်အောက်တွင်
မြင်လိုက်ရသည်
...

ဆီမှဝင်လာခြင်းဖြစ်၏။ ရှေ့မျက်နှာစာတွင် သုံးနှစ်သစ်သားချောင်းများလေးကွက်ကြားစိတ်စိတ် ပိတ်ထိုးထား၏။ ခဏအကြာ တက်ခေါက်သံထွက်ပေါ်လာသည်။

ဖိုးစိန် အသံကြားရာဘက်ကို မျက်ပြူးဆံပျာ လိုက်ကြည့်သည်။ ဆယ်ပေပတ်လည် အခန်းကျဉ်းလေးထဲ ပိတ်လှောင်ခံထားရသဖြင့် ပြေးပေါက် မရှိ။ ညည်းတွားသံကြီးနှင့် တက် ခေါက်သံတို့က သူ့အနား နီးလာသလိုထင်ရ၏။ ဖိုးစိန် တစ်ကိုယ်လုံး ချွေးစေးများ ထွက်လာသည်။

"မင်းဆီကို မောင်ရှိန်လေး လာပြီမှယ်"

ဒွန်ပိုင်ကြီးစကားကိုကြားယောင်လာသည်။ သူ့အပေါင်းအသင်းများကို စစ်ဆေးစရာရှိသည်ဆိုပြီး ခေါ်ထုတ်သွားပြီ။ နဂိုကပင် သရဲကြောက်တတ်သူ၊ ခါတိုင်းလို အစောင့်ပုလိပ်က အနားမှာ မရှိ။ ထိုအခိုက် အချုပ်ခန်းမီးပိတ်သွား၏။

"ဟော့ကောင်ဖိုးစိန် ငါလာပြီကွ"

မီးမှောင်ထဲ ဘယ်ကပေါ်လာမှန်းမသိသည့် ကြောက်စရာ့အသံကြီး တစ်ချိန်တည်းမှာပင် လူသေအပုပ်နံ့ကြီးက စူးစူးဝါးဝါးဝင်လာသည်။ ဖိုးစိန်ဆောက်တည်ရာမရတော့။ ကြောက်လန့်တကြား အော်လိုက်သည်။

"ငါ့ဆီမလာနဲ့၊ မလာနဲ့"

"ဟော့ကောင် အိပ်စမ်း၊ ဘာတွေကြောင်နေတာလဲ"

အချုပ်ခန်းစောင့်ကြိမ်းမောင်းသံကြောင့် ဖိုးစိန်အသံတိတ်သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အနီးဆုံးအပေါ်ကအချုပ်ခန်းစောင့် အားကိုးတကြီး လှမ်းကြည့်ရှာသည်။ မှောင်နေသဖြင့် ဘာမျှမမြင်ရ၊ မီးက ဖျပ်ခနဲ ပြန်လင်းလာသည်။ ဖိုးစိန်ဝမ်းသာသွား၏။ အလင်းရောင်ရှိနေလျှင် သရဲ မလာနိုင်တော့။ ကြောက်စိတ်ကို တင်းလိုက်ပြီး အချုပ်ခန်းသစ်သားတန်းထိ တိုးကပ်ပြီးအပြင်ဘက်ကို အကဲခတ်သည်။ အစောင့်ပုလိပ်ကို မတွေ့ရ။

"ဟာဒီလူ ဘယ်ရောက်သွားပါလိမ့်"

သူ့အတွေးမဆုံးလိုက်ပါ။ သစ်သားတန်းကိုင်ထားသည့် သူ့လက်နှစ်ဖက်ကို အေးစက်စက်လက်ကြီးများက ချုပ်ကိုင်ထားခြင်း ခံရလိုက်၏။ သူ့မျက်စိ တည့်တည့်ရှိ မည်းမည်းကောင်ကြီး၊ မျောက်ဝံလိုလို တစ်ကိုယ်လုံး အမွှေးအမှင်ဖုံးပြီး မျက်နှာပေါ်အမွှေးရှည်ကြီးများ ဖုံးကွယ်လျက်၊ အချုပ်ခန်းမီးရောင် မှိန်မှိန်အောက်တွင် မြင်လိုက်ရသည်။

"အမလေးဗျ သရဲ သရဲ"

အသံကထွက်မလာ၊ လည်ချောင်းထိပ်တွင် နစ်ဝင်သွား၏။ မျက်လုံးမမှိတ်မိ။ ကြောင်ပြီးအငေးသားကြည့်နေမိပြီး မျောက်ဝံလို အကောင်ကြီးက ခေါင်းကိုခါယမ်း၍ မျက်နှာပေါ်ရှိ အမွှေးရှည်ကြီးများကို ဖွင့်ပြလိုက်ရင်း–

"ဖိုးစိန် ငါဘယ်သူလဲကြည့်စမ်း"

ဖိုးစိန်မြင်လိုက်ရသည်က ရှုံ့တွသွေးဆုတ်နေသည့်လူသေမျက်နှာကြီး။

"ဟာ မောင်ရှိန်လေး၊ ကြောက်ပါပြီကွာ၊ မင်းကို ငါသတ်တာမဟုတ်ပါဘူး။ မင်းကို ခဲနဲ့ပေါက်သတ်တဲ့ ကောင်က . . ."

I I I

"ကဲ . . . တာတီး မင်းဘာဖြစ်ချင်သေးလဲ။ ဝန်ခံပြီမို့လား"

ဌာနပိုင်ကြီးအမေးကို တာတီးခေါင်းညိတ်ဖြေလိုက်သည်။ ငြင်းဆန်နေလည်း ဘာမျှ ထူးလာမှာမဟုတ်၊ ဖိုးစိန်ကိုယ်တိုင်က သူခဲနဲ့ပေါက်ခဲ့ကြောင်း သက်သေခံခဲ့ပြီးပြီလေ။ အမှန်တော့ မောင်ရှိန်လေးကို ကြောက်ရုံလောက် ခြောက်လှန့်လိုက်ခြင်းသာ။ ကံဆိုးချင်တော့ လူသေမှုတရားခံဖြစ်ခဲ့ရ၏။ ထုံးစံအတိုင်း တရားရုံးသို့ အမှုတွဲတင်ပို့ရန်သာ ရှိတော့သည်။

"ကျွန်တော်က သာကျော်လုပ်တယ်ထင်နေတာ။ ဘယ်နှယ့်တာတီးဖြစ်သွားတာလဲ"

"ဒါကတော့ ကျွန်တော်နဲ့ ဆာဂျင်ကြီး ရဲဒွေးတို့ စုံစမ်းလေ့လာချက်ပေါ့ဗျာ။ ဒီလို သူကြီးရဲ့ . . ."

I I I

ပန်းမှုံမေတ္တာကို ကံကောင်းသူ မောင်ရှိန်လေး ပိုင်ဆိုင်ခွင့်ရခဲ့သည်။ ဒါကို သာကျော် မကျေနပ်တာအမှန်။ မောင်ရှိန်လေးက ဖြူဖြူချောချော အရပ်ရှည်ရှည် မိန်းမကြိုက်ရုပ်မျိုး။ တစ်ရွာတစ်ယောက် ရည်းစားတွေ မှိုလိုပေါက်အောင် မြှာပွေသူ၊ ဘာမျှမသိရှာသည့် ပန်းမှုံကို သနားစိတ်နှင့် ယူကျုံးမရခြင်းလည်း ပါသည်။ တာတီးက ကာလသားခေါင်း သာကျော်နှင့် ပုလင်းတူ ဘူးဆို့။

"ရှိန်လေးကို ငါဆုံးမပြမယ်၊ မင်းစောင့်ကြည့်နေ"

မြေကျင်းတူးသည့်နေ့က သာကျော်နှင့် တာတီးတို့ ပြောသံကို ဖိုးစိန်ကြားလိုက်၏။ သိချင်စိတ်နှင့် အရက်မူးဟန်ဆောင်ပြီး စောင့်ကြည့်မိသည်။ တာတီးလက်သံနှင့် ရှိန်လေးဦးခေါင်း အုတ်ခဲမှန်တော့သည်။ ကျန်နှစ်ယောက်က အမူးလွန်နေသဖြင့် ဘာမျှမသိလိုက်ကြ။ ဖိုးစိန်က ငယ်စဉ်ကတည်းက သရဲကြောက်တတ်သူ၊ သူတို့အထဲမှာ အသက်အငယ်ဆုံး၊ အေးအေးချမ်းချမ်း နေတတ်သူ၊ အမှန်ကို မပြောရဲ၊ တာတီးရန်ကိုကြောက်နေ၏။

"ဒီတော့ဖိုးစိန်အားနည်းချက်ကို အခွင့်ကောင်းယူပြီး ရှိန်လေးနေရာမှာ အမြွှာညီအစ်ကို စိန်ထွေးကို ဇာတ်လိုက်လုပ်ခိုင်းရတာ သူကြီးရေ"

"စိန်ထွေးက ရွာမှာမရှိတာကြာပြီလေ။ မန္တလေးမှာ ဆိုလား"

"ဟုတ်တယ်လေ၊ သူ့ကိုပြန်ခေါ်ပြီး သူကြီးပြောခဲ့တဲ့ သရဲညီနောင်နေရာမှာ ရောင်တော်ပြန်လွှတ်လိုက်ရတာပေါ့ဗျာ၊ ဟဲ ဟဲ ဟဲ"

ရဲနွယ်မောင်(သုံးဆယ်)

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နာမည်လား၊ သံချောင်းတဲ့ အခုတော့ ဦးသံချောင်း ဆိုပါတော့။ အော် ... ကျုပ်သားဟုတ်လား၊ ကျုပ်သား နာမည်က ကံကောင်းလေ၊ သံချောင်းနဲ့ ကံကောင်း ဘယ်လောက်တောင် အတွဲအဖက်ညီတဲ့ နာမည်လည်းဆိုတာ စဉ်းစားသာကြည့်တော့၊ ဘာ ကျုပ်သားနဲ့ ကျုပ် ရုပ်ချင်းမတူလို့ ဟုတ်လား၊ ဘယ်တူလိမ့်မလဲဗျာ၊ ကံကောင်းက ကျုပ်ရဲ့ သားအရင်းမှ မဟုတ်တာ၊ အမှန်က ကံကောင်းဟာ ကျုပ်အချစ်ဆုံး သူငယ်ချင်း ဖိုးထိန်ရဲ့ သားဗျ၊ အခုတော့ ကျုပ်သား ဆိုပါတော့ ...။

ဟာ ... ဘယ်နှယ့်မေးပါလိမ့်၊ ချစ်တာပေါ့။ ဘယ်မချစ်ဘဲနေလိမ့်မလဲ ကျုပ်ဘဝမှာ သားလေးမောင်ကံကောင်းဟာ ကျုပ်ရဲ့ဘဝ ကျုပ်ရဲ့အသက်ဗျ၊ ကျုပ်ရဲ့သွေးသားမဟုတ်ပေမယ့် လေးငါးနှစ်အရွယ် လူမမယ်ဘဝက စပြီး ကျွေးမွေးပြုစု ထိန်းကျောင်းလာရတာဆိုတော့ ကျုပ်ရဲ့သားအရင်းလိုပါပဲ၊ ကျုပ်ဘဝမှာ ကျုပ်ကလည်းတစ်ကောင်ကြွက်၊ သားလေးမောင်ကံကောင်းကလည်း တစ်ကောင်ကြွက်၊ နှစ်ယောက်ပေါင်းပြီး နှစ်ကောင်ကြွက်အဖြစ် ဘဝမှာ ရှင်သန်ရပ်လာခဲ့တာ၊ သားလေးမောင်ကံကောင်းတစ်သက်နီးပါးပါပဲ။ ကျုပ်ဘဝ မှာ မောင်ကံကောင်းမရှိရင် မဖြစ်သလို မောင်ကံကောင်းရဲ့ဘဝမှာလည်း ကျုပ်မရှိရင်မဖြစ်တဲ့ အနေအထားပါ၊ ဒီသားလေး လူတစ်လုံး သူတစ်လုံးဖြစ်ဖို့ ကျုပ်တတ်နိုင်သလောက်ကြိုးပမ်းနေတာလေ။ တစ်နည်းအားဖြင့်တော့ ကျုပ်ရဲ့ မိုက်ကြေး၊ မိုက်ပြစ်တွေကို ပေးဆပ်နေတယ်လို့လည်း ပြောလို့ရပါတယ်။ ဒီသားလေးကပဲ ကျုပ်ရဲ့ဘဝကို တစ်ဆစ်ချိုး အပြောင်းအလဲဖြစ်အောင် လုပ်ပေးခဲ့တာပါ။

ဟား .. ကျုပ်ငယ်ငယ်ကအဖြစ်က ခင်ဗျားတို့ခုမြင်တွေ့နေရတဲ့ ကျုပ်သားလေး မောင်ကံကောင်းနဲ့ တခြားစီပါပဲ။ ဘာဆို ဘာမှကိုမဆိုင်တာ။ ပွေလွန်းရှုပ်လွန်း၊ ဆိုးပေလွန်းလို့ ကျုပ်တို့အဖွဲ့ကို တစ်ရွာလုံးက အောကြောလန်ကြတယ်။ ကျုပ်တို့ဆိုတာက ကျုပ်နဲ့ ဆိုးဖော်ဆိုးဖက်၊ မိုက်ဖော်မိုက်ဖက် ပွေဖော်ပွေဖက်တွေဖြစ်ကြတဲ့ ဖိုးဆိန်၊ ဖိုးခွေး၊ စံလှနဲ့ ထွန်းလူဆိုတဲ့ သူငယ်ချင်း တစ်စုကို ပြောတာ ...။

ဗျာ.. ကျုပ်တို့ရွာနာမည် ... ဟုတ်လား။ အေးဗျာ ကျုပ်ကလည်း မေ့တတ်လိုက်တာလွန်ပါရော။ ကျုပ် အကြောင်းပြောပါတယ်ဆိုမှ ကျုပ်ရွာရဲ့ အကြောင်းပါမှ ပြည့်ပြည့်စုံစုံဖြစ်တော့

**အမေရိတုန်းက ကျုပ်ကို မကြာခဏ ပြောဆိုဆုံးမလေ့ရှိတဲ့ အပျော်ကြူးရင် အရှုံးဖြစ်တတ်တယ် ဆိုတဲ့စကား၊ ဒီအဖြစ်ဆိုးကြီးနဲ့ ကြုံမှပဲ ကျုပ် သဘောပေါက်တော့တယ်၊ ခလုတ်ထိမှ အမိတတယ်ဆိုတာ ဒါမျိုးထင်ပါရဲ့ဗျာ ...**

www.burmeseclassic.com





မှာပေါ့။ ကျုပ်တို့ရွာနာမည်က ဘိုကုန်းရွာတဲ့။ ဘာဖြစ်လို့ ဘိုကုန်းရွာခေါ်လဲ ကျုပ်ကို မမေးနဲ့၊ ကျုပ်မသိဘူး။ ဒါပေမဲ့ ဘိုကုန်းရွာက သံချောင်းဟော့ဆိုရင် တော့ ကလေးအစ ခွေးအဆုံး တစ်ရွာလုံး သိကြတယ်။

ကျုပ်တို့ရွာသားတွေလား၊ ရွာသားတွေရဲ့အဓိက လုပ်ငန်းက မိရိုးဖလာဖြစ်တဲ့ ထန်းတက်၊ ထန်းလှီးပဲပေါ့၊ ရွာက ယောကျ်ားလေးမှန်သမျှ အရွယ်ရောက်တာနဲ့ ထန်းတက်တတ်တယ်။ ထန်းလှီး တတ်တယ်၊ ထန်းလှီးတာနဲ့ ခါးကိုမြဲနေအောင် သွေးတတ်တယ်၊ သင်စရာမလိုဘူး၊ ဒီလိုပဲ မြင်ဆရာ၊ ကြားဆရာပေါ့။

ကျုပ်တို့အရပ်က ထန်းတတ်တဲ့ သူတွေဟာ တစ်မျိုးတော့ထူးတယ်ဗျ၊ ထန်းရည်ခံတဲ့နေရာမှာ အညာကထန်းသမားတွေလို မြေနဲ့လုပ်ထားတဲ့ မြေအိုးကိုမသုံးကြဘူး၊ ကြသောင်းဝါးအဆစ်ရှည်ကြီးတွေနဲ့လုပ်ထားတဲ့ ဝါးကျည်တောက်ကိုပဲသုံးကြတယ်။ ပဲခူးရိုးမနဲ့ အလှမ်းသိပ်မဝေးတဲ့ ရွာဆိုတော့ဝါးက ပေါမှပေါလေ။ ဒါကြောင့်လဲ သူ့အရပ်နဲ့သူ့ဇာတ်ဆိုသလိုထွင်ပြီးသုံးကြတာဖြစ်မှာပါ။ ဝါးကျည်တောက်ဆိုတော့ ပိုပြီး ဝင်ဆန့်တဲ့အပြင် ကြကွဲမှာကို မပူရတော့ဘူးပေါ့၊

[illegible]ဟာ၊ ကျုပ်ကိုများ ထန်းရည်ကြိုက်သလားမေးရတယ်လို့ ဘယ်နှယ့်ပြောပါလိမ့်ဗျာ၊ ထန်းပင်အောက်မှာမွေးပြီး ထန်းပင်အောက်မှာပဲကြီးခဲ့ရတာ ဘယ်ကလာထန်းရည် မသောက်တတ်ပဲရှိပါ့မလဲ ကလေး သဘာဝ ကစားကြတာတောင် ထန်းပင်တက်တမ်း ထန်းလှီးတမ်းကစားခဲ့ကြတာဗျ၊ အရွယ်ရောက်တာနဲ့ ထန်းရည်သောက်တတ်တော့တာပဲ၊ မိန်းကလေးတွေတောင် ထန်းရည်အချိုဆိုရင် ဆေးဖက်ဝင်တယ်ဆိုပြီး သောက်ကြတာဗျ။

ကျုပ်က တစ်ကိုယ်ရေ တစ်ကာယသမားလေ။ ထန်းတတ်ထန်းလှီးစရာရှိရင် တက်တယ်၊ လှီးတယ်၊ အဲ ညနေဘက် အလုပ်သိမ်းလို့အားသွားပြီဆိုရင် တော့ အပေါင်းအသင်းတွေနဲ့ ထန်းရည်သောက် တစ်ခါတလေ၊ အဖွဲ့ကောင်းရင် ကောင်းသလို ညဘက်တွေမှာ တစ်အိမ်အိမ်မှာစုပြီး ပျော်ကြပါးကြ၊ စားကြ၊ သောက်ကြပေါ့ဗျာ။

ဒီလို ပျော်ကြ ပါးကြ၊ စားကြ၊ သောက်ကြနဲ့ နေလာရင်းက တစ်နေ့ပေါ့ဗျာ၊ ကျုပ်တို့တစ်ဖွဲ့လုံး အသက်ရှင်နေသမျှ ဘယ်တော့မှမမေ့ပျောက်လို့မရမယ့် အဖြစ်ဆိုးကြီးနဲ့ ကြုံရတော့တာပါပဲ။ အမေရှိတုန်းက ကျုပ်ကို မကြာခဏပြောဆိုဆုံးမလေ့ရှိတဲ့ အပျော်ကြူးရင် အရူးဖြစ်တတ်တယ်ဆိုတဲ့စကား၊ ဒီအဖြစ်ဆိုးကြီးနဲ့ကြုံမှပဲ ကျုပ် သဘောပေါက်တော့တယ်၊ ခလုတ်ထိမှ အမိတတယ်ဆိုတာ ဒါမျိုးထင်ပါရဲ့ဗျာ။

အဖြစ်ကကြာတော့ ကြာခဲ့ပါပြီ၊ ကြာဆို ကျုပ်သားတစ်သက်လေ၊ ကျုပ်သားပဲ အခု(၁၅)နှစ်ထဲရောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်သား အခါလယ်သားလေးက ဖြစ်ခဲ့တာဆိုတော့ အခုဆို(၁၄)နှစ်ရှိသွားပြီပေါ့၊ သေတဲ့လူတွေလည်း သေကုန်ကြပြီ၊ အဖမ်းခံရတဲ့သူတွေလည်း ထိုက်သင့်တဲ့ အပြစ်ဒဏ်တွေကို ကိုယ်စီခံပြီးသွားကြပြီ၊ ဒါပေမဲ့ မသေလို့ကျန်ခဲ့တဲ့ ကျုပ်စိတ်ထဲမှာတော့ မနေ့တစ်နေ့က တင်ဖြစ်ခဲ့ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေလိုပါပဲ။ ဘာဖြစ်ခဲ့တာလဲ ဟုတ်လား၊ ပြောမယ်လေ၊ ကျုပ်က စာရေးဆရာကို ဒီအကြောင်းတွေ ပြောပြချင်လွန်းလို့ ဒီလောက်အထိ ကျုပ်နှိဒါန်းတွေပျိုးနေတာဗျ၊ ဒါမှ စာရေးဆရာပြန်ရေးပြတဲ့ ဒီအကြောင်းတွေဖတ်ပြီး လူငယ်တွေ ကျုပ်တို့လို အဖြစ်ဆိုးမျိုးနဲ့ မကြုံရမှာလေ၊ အဖြစ်က ဒီလိုဗျ . . ဒီလို . .။

တစ်ညပေါ့ဗျ၊ ကျုပ်နဲ့ ကျုပ်သူငယ်ချင်း ဖိုးခွေးတို့ ရွာအစွန်က ကျုပ်တို့သူငယ်ချင်း ဖိုးထိန်တို့အိမ်ကိုရောက်သွားကြတယ်။ ဖိုးခွေးက ကျုပ်လိုပဲ၊ လူလွတ် တစ်ကိုယ်ရေတကာယသမားဗျာ၊ ဖိုးထိန်လား၊ ဖိုးထိန်က သားနဲ့မယားနဲ့ အိုးနဲ့အိမ်နဲ့ဗျ၊ သူ့မှာ ထွေးစိန်ဆိုတဲ့ ဇနီးလည်းရှိတယ်။ ပိုင်းစိန်ဆိုတဲ့ ၁၂ နှစ်၊ ၁၃ နှစ်အရွယ် သမီးလေးလည်းရှိတယ်။ ပြီးတော့ငပြူးဆိုတဲ့ အခါလယ်အရွယ် သားငယ်လေးတစ်ယောက်တစ်ယောက်လည်း ရှိသေးတယ်။ သူတို့လည်း ထန်းသမားတွေပါပဲ၊ အသက်(၇၀)အရွယ် ဖိုးထိန်ရဲ့မိခင် အိုကြီးနဲ့ အတူနေကြတယ်လေ။

ဖိုးထိန်အိမ်ဆိုတာက ကျုပ်တို့တစ်ဖွဲ့လုံးရဲ့ စားအိမ်သောက်အိမ်ဗျ၊ စားစရာမရှိလည်း ဖိုးထိန်ဆီပဲ သွားစားကြတယ်။ ပျော်စရာရှိလည်း ဖိုးထိန်တို့အိမ်ပဲ သွားပြီး ပျော်ကြပါးကြ၊ စားကြသောက်ကြတယ်။ ဗျာ သူ့မိန်းမနဲ့ သူ့အမေလား၊ သူတို့က သဘောကောင်းကြတယ်။ ဖိုးထိန် သဘောတစ်ခုပါပဲ။

ကျုပ်နဲ့ ဖိုးခွေး၊ ဖိုးထိန် အိမ်ကိုရောက်ပြီး သိပ်မကြာပါဘူး၊ ကျန်တဲ့သူငယ်ချင်းတွေဖြစ်တဲ့ စံလှနဲ့ ထွန်းလူတို့လဲ ရောက်လာကြတယ်။ အဖွဲ့စုံတာနဲ့ ဖိုးခွေးက –

"ဟေ့ သံချောင်း၊ ဒီညဘာအစီအစဉ်ရှိလဲ၊ အဖွဲ့ကတော့ စုံနေပြီနော်"

ဖိုးခွေးစကားအဆုံးမှာ ကျုပ်ဘာမှ တောင်ပြန်မပြောရသေးဘူး စံလှက –

"ဖိုးခွေး၊ ဒီအချိန်ကြောင်တွေဆူဖြိုးတဲ့အချိန်ကွ၊ ကြောင်သားဟင်းနဲ့ ထန်းရည်ဆိုရင် ဘယ်လိုနေမလဲ"

"ကြောင်က ဘယ်ကရမှာမို့လဲ"

"ဟာ . . . သံချောင်းကလဲ၊ မင်းအတော်ညံ့သေးတာပဲ"

"အေး . . မင်းညံ့တယ်ပြောလည်းခံရမှာပဲ၊ ဒါတော့ ငါမကျွမ်းဘူးကွ"

"ဒီလိုလုပ်ကွာစံလှ၊ မင်းနဲ့ထွန်းလူက ကြောင်ရအောင်ရှာခဲ့၊ ငါနဲ့ဖိုးခွေးက ထန်းရည်အတွက်တာဝန်ယူမယ်"

"စိန်လိုက်ကွာ . ."

အဲဒီမှာပဲ စဉ်းစားဆုံးဖြတ်ကြပြီး ကျုပ်တို့ ကိုယ့်တာဝန်ကိုယ်ထမ်းဖို့ လမ်းခွဲထွက်ခဲ့ကြတယ်။ ကျုပ်နဲ့ဖိုးခွေးက ကျုပ်တို့ရွာနဲ့ကပ်ရက်ဖြစ်တဲ့ ထန်းတောကွင်းရွာအစွန်ဘက်ကို ခြေဦးလှည့်ခဲ့ကြတယ်။ အဲဒီမှာ ဦးသောင်းစိန်ရဲ့ထန်းတောရှိတယ်လေ၊ ဦးသောင်းစိန်ရဲ့ ခြံကရွာနဲ့လဲ အလှမ်းဝေးတယ်။ ခြံလဲကျယ်တယ်၊ ထန်းပင်လဲပေါတယ်။ စိတ်အေးလက်အေးနဲ့ ထန်းရည်ခိုးလို့ကောင်းတဲ့နေရာဆိုပါတော့။

ဟား . . ကျုပ်တို့က စီးပွားဖြစ်လုပ်တာမှ မဟုတ်တာ၊ တစ်ခါတစ်လေလေးအပျော်သဘောလောက်လုပ်တာပဲ၊ ဒါပေမဲ့ ဒီလိုပိုင်ရှင်မသိအောင် ခိုးပြီးသောက်ရတဲ့ ထန်းရည်ကမှ ပိုပြီး အရ

**ဒီနေ့ခေတ် လူငယ်တွေအားလုံးကိုလည်း ဒီအကြောင်းတွေ ပြောပြချင်တယ်။ ဟုတ်ပါတယ်၊ ကျုပ်တို့ရဲ့ အဖြစ်ကို သင်ခန်းစာရယူပြီး လိမ္မာကြစေချင်လို့ပါ . . .**



www.burmeseclassic.com

www.burmeseclassic.com



သာရှိသလိုပဲ၊ စိတ်လှုပ်ရှားရတဲ့ အရသာကလဲ ပျော်စရာလို့ခံစားရတယ်။ ဒါကြောင့် ကျုပ်နဲ့ဖိုးခွေး ဦးသောင်းစိန်ကို အသိပေးမနေတော့ဘဲ သူ့ခြံဘက်ကို တိတ်တဆိတ်ခြေဦးလှည့်ခဲ့ကြတာပါ။

နှစ်ပင်၊ သုံးပင်လောက် တက်လိုက်တာနဲ့ တစ်ညစာ၊ တစ်ပိုင်းစာမှုလုံသွားတယ်။ ကျုပ်က ထန်းပင်ပေါ်ရောက်တာနဲ့ အရင်မြည်းစမ်းကြည့်သေးတာဗျ။ မြည်းကြည့်ပြီး ကြိုက်မှယူတာ မကြိုက်ရင်တော့ နောက်တစ်ပင်ပေါ့၊ ကျုပ်တို့အတွက် ထန်းပင်တက်ရတာ အပန်းမကြီးပါဘူး၊ ထန်းရည်ကောင်းကောင်းလေးရဖို့ကသာ အဓိကပါ။ ဗျာ... အော်ဟုတ်တယ်၊ ထန်းပင်ချင်းတူပေမဲ့ အနုအရင့်၊ နေအပြင်းအပျော့၊ မြူအိုးထဲမှာ ထည့်ထားတဲ့ ထန်းရည် အပင်ကိုလိုက်ပြီး တစ်ပင်နဲ့တစ်ပင် အရသာကမတူကြဘူး။ ဒါကြောင့် မြည်းကြည့်ပြီးမှယူတာ၊ ဆရာရယ် ဆိုင်မှာဝယ်သောက်တဲ့ ထန်းအရည်အရသာနဲ့ ဒီလိုကိုယ်တိုင်တက်ပြီး စိတ်ကြိုက်ရွေးပြီးမှ အပင်ပေါ်ကချယူလာတဲ့ ထန်းရည် ဘယ်တူပါ့မလဲ ဆရာရဲ့ ဆိုင်မှာက ရွေးလို့မရတဲ့အပြင် အရောအနှောတွေကလဲ ပါလိုက်သေးတော့ ကျုပ်တို့လိုကိုယ်တိုင် ထန်းတက်နေကြတဲ့ ထန်းရေသမားတွေကတော့ ဆိုင်က ထန်းရည်ဆို အလကားတိုက်တာတောင် ဘယ်သူမှမသောက်ကြဘူး။

"ဟာ ဒီအပင် မဆိုးဘူးဟ၊ တကယ်လာတယ်၊ ဒါပေမဲ့ အနံ့လေးကတော့ တစ်မျိုးလေးလိုပဲ..."



ကျုပ်ထန်းပင်ပေါ်မှာ မြည်းစမ်းရင်းနဲ့ တစ်ကျည်တောက်လောက်ကုန်သွားတယ်။

ကျုပ်နဲ့ဖိုးခွေး၊ ဖိုးထိန်အိမ်ပြန်ရောက်တော့ စံလှနဲ့ ထွန်းလှက ရောက် နှင့်နေကြပြီ။ ရောက်နှင့်ပြီးလို့ ကြောင်သားတောင် ခုတ်ထစ်ပြီး ချက်ပြုတ်ဖို့ ပြင်ဆင်နေပြီလေ။ ဖိုးထိန်က ကြောင်သားတွေခုတ်ထစ် ပေးနေတယ်။ ဖိုးထိန်မိန်းမ ဇထွေးစိန်နဲ့ သမီးကြီး ပိုင်းစိန်က ငရုတ် ကြက်သွန်တွေထောင်းထုပြီး ကြောင်သားဟင်းချက်ဖို့ ပြင်ဆင်နေကြတယ်။

အိမ်ရှေ့မှာတော့၊ ကျုပ်ရယ် ဖိုးခွေးရယ်၊ စံလှရယ်၊ ထွန်းလှရယ် ရယ်စရာမောစရာတွေပြောပြီး တဝါးဝါးနဲ့ ဖွဲ့ကျနေကြတယ်။ ဖိုးထိန်ရဲ့သားငယ်လေး ပြေနဲ့ သူ့ရဲ့မိခင်အိုကြီးကတော့ အိပ်ခန်းထဲမှာ အိပ်နေကြပြီ။ ခဏကြာတော့ မွှေးကြိုင်တဲ့ ကြောင်သားဟင်းနံ့က ကျုပ်တို့လေးယောက်ရဲ့နှာခေါင်းကိုလာပြီး ကလိနေသလိုပဲ။ ကျုပ်က ဗိုက်ကိုလက်နဲ့တစ်ချက်ပွတ်လိုက်ပြီး –

"ဟာ... ဟင်းနံ့ကလည်း မွှေးလိုက်တာ ဖိုးထိန်ရာ၊ ဗိုက်ထဲကတောင် တဂွီဂွီနဲ့ အော်ကုန်ကြပြီ"

"စားရတော့မှာပါ၊ ဖိုးသံချောင်းရ၊ မင်းတို့ရဲ့ ထန်းရည်သာ အဆင်သင့်ဖြစ်ပါစေ"

"ထန်းရည်ကတော့ အဆင်သင့်ပဲ သူငယ်ချင်း၊ တကယ့်ရှယ်တွေပဲ ရွေးပြီးမှ သယ်ချလာတာ ..."

"ဒါဆို ရှယ်ကြောင်သားဟင်းနဲ့ ရှယ်ထန်းရည် တွေ့ကြပြီပေါ့ကွာ..."

ခဏကြာတော့၊ ကျုပ်တို့အဖွဲ့ ဖိုး



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှူးကြီးရဲ့
စကားအဆုံးမှာ
ကျုပ်လည်း
ငယ်ထိပ်ကို
မြွေပေါက်
ခံလိုက်ရသလို
တစ်ခါတည်း
ခေါင်းငိုက်စိုက်ကျ
သွားမိပါတော့တယ်။
အမှန်က
အပြစ်မဲ့တဲ့ ဖိုးထိန်တို့
မိသားစုအစား
အပြစ်ကျူးလွန်ခဲ့တဲ့
ကျုပ်နဲ့ ဖိုးခွေးတို့
သေသင့်တာပါ
...

ထိန်တို့ အိမ်ရှေ့ခန်းက မှန်အိမ်အလင်းရောင်အောက်မှာ ဆုံမိကြတယ်။ ကျုပ်ရယ်၊ ဖိုးခွေးရယ်၊ စံလှရယ်၊ ထွန်းလူရယ်၊ ဖိုးထိန်ရယ်ပေါ့၊ ဖိုးခွေးက –

"ဟဲ့... ထွေးစိန်နဲ့ ဝိုင်းစိန်လည်း လာကြလေ၊ ဒီမှာ နင်တို့အတွက် ထန်းရည်ချိုတွေ ယူလာခဲ့တယ် "

"ဟင်း... အစ်ကိုကြီး သံချောင်းတို့များ ထွေးစိန်တို့ သားအမိ အတွက်တောင် သတိမရဘူး။ ဒီမှာဖြင့် သားအမိ နှစ်ယောက် သူတို့စားဖို့ ချက်လိုက်၊ ပြုတ်လိုက်ရတာ ချွေးတစ်လုံးလုံးနဲ့ အစ်ကို ဖိုးခွေးကမှ သတိရဖော်ရသေးတယ်"

"ဆောရီးပဲ ထွေးစိန်ရယ် ...၊ နင်တို့သားအမိ အပြစ်တင်လည်း ငါခံရတော့မှာပဲ ငါက ထန်းရည်ကောင်းကောင်း ရဖို့ရွေးနေရတာနဲ့ နင်တို့သားအမိဖို့ ထန်းရည်ချိုယူလာခဲ့ဖို့မေ့သွားတယ်။ ဒီပွဲမှာတော့ ဖိုးခွေးက အမှတ်အသာရသွားပြီပေါ့ကွာ"

"ဟုတ်တယ်၊ ဟုတ်တယ် ...၊ ဦးလေး ကိုဖိုးခွေးကမှ ချစ်ဖို့ကောင်းလတာ၊ ရော့ ... စား ဦးလေး ကိုဖိုးခွေး"

ဖိုးထိန်ရဲ့သမီးကြီး ဝိုင်းစိန်ကပါ ကျုပ်ကို နှုတ်ခမ်းတလန် ပန်းတလန်နဲ့ ရန်တွေ့လိုက်ပြီး ဖိုးခွေး၏ ပန်းကန်ထဲသို့ အသားဖတ်တွေ ခပ်ထည့်ပေးနေတယ်။ ကျုပ်က တဟဲဟဲနဲ့ရယ်နေလိုက်တယ်။

စားလိုက်၊ သောက်လိုက်၊ ရယ်စရာတွေပြောလိုက် ဖွဲ့ကြလိုက်နဲ့ ကြောင်သားဟင်းရော ထန်းရည်ပါ တစ်ခဏအတွင်းမှာ ပြောင်တလင်းခါ သွားရော။ စားသောက်ပြီးသွားတော့ ဖိုးစိန်က ကျုပ်ကို ပြောတယ် –

"ဖိုးသံချောင်း၊ ဒီည မင်းသောက်တာ နည်းသလိုပဲ၊ ဘာလဲ လျှော့ထားတာလား"

"လျှော့သောက်စရာအကြောင်း မရှိပါဘူး ဖိုးစိန်ရာ ... ငါနဲ့ ဖိုးခွေးက ထန်းပင်ပေါ်မှာတင်မြည်းရင်း စမ်းရင်းနဲ့ ဗိုက်ပြည့်သွားလို့ကွ၊ ပြီးတော့ ညက အိပ်ရေးပျက်ထားလို့လား မသိဘူး။ ငါ့ခေါင်းထဲ ဝေတေတေနဲ့ သိပ်မကြည်လင်ဘူးကွ"

အဲဒီညက သန်းခေါင်းကျော်လောက်မှ လူစုခွဲလိုက်ကြတယ်။ နောက်တစ်နေ့ နံနက်ရောက်တော့ –

"သံချောင်းရေ ...၊ ဟေ့ သံချောင်း တံခါးဖွင့်ပေးစမ်းပါဦးကွ"

အိမ်ရှေ့တံခါးမကြီးကို ထုထုပြီး အော်ခေါ်နေသံကြောင့် ကျုပ်မျက်လုံးကိုအားယူဖွင့်ကြည့်လိုက်ပြီး အိပ်ချင်မူးတူး အသံဖြင့် –

"ဘယ်သူတွေလဲကွာ၊ အိပ်လို့ကောင်းတုန်းရှိသေးတယ်။ အတင်းထုရိုက်နှိုးနေတာပဲ"

"ဟေ့ကောင် ... ငါပါကွ၊ ဒီမှာ ရွာလူကြီးတွေလည်း ပါလာတယ်။ တံခါးဖွင့်မှာသာ မြန်မြန်ဖွင့်စမ်းကွာ၊ ဒီမှာ ပြဿနာတွေ အကြီးအကျယ် တက်နေလို့"

ကျုပ် သူငယ်ချင်း ထွန်းလူရဲ့ အသံမှန်းသိလိုက်တယ်၊ ရွာလူကြီးတွေလည်းပါလာတယ်။ ပြဿနာအကြီးအကျယ် တက်နေတယ်ဆိုလို့ ကျုပ်ရဲ့ အိပ်ချင်နေတဲ့ မျက်လုံးတွေလဲ ကျယ်ကန်တယ်။ မျက်နှာကို ပုဆိုးနဲ့ ဖြည်သုတ်လိုက်ပြီးမှ အိမ်ရှေ့ကိုကမန်းကတန်း ထွက်လိုက်တယ်။ တံခါးကို ပြေးဖွင့်လိုက်တော့ ရွာလူကြီးဦးထွန်းလှက–

"ကဲ.. သံချောင်း။ မျက်နှာသစ်စရာရှိတာသစ်၊ ပြီးရင်ငါတို့နဲ့ ရဲစခန်းလိုက်ခဲ့ဦး"

"ဘာ.. ဘာဖြစ်လို့လဲ ဦးလေးထွန်းလှ"

"ဘာဖြစ်ရမှာလဲ၊ မင်းတို့အဲဒီညက ဘာတွေလုပ်ခဲ့ကြလဲ၊ ခုသေတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



ကသေ၊ ဆေးရုံရောက်တဲ့ လူကရောက် အဖမ်းခံရတဲ့လူက အဖမ်းခံရနဲ့''

''ဟာ. . ဘာတွေ. . ဘယ်လို ဖြစ်ကုန်ကြပြီလဲဗျာ''

''ဟုတ်တယ် သံချောင်း၊ ဖိုးခွေးနဲ့ ငါလည်း ဆေးရုံရောက်သွားသေးတယ်။ ငါ့အခြေအနေက သိပ်မဆိုးလို့ ပြန်လွှတ်လိုက်တာ၊ ဖိုးခွေးဆို အခုချိန်ထိ ဆေးရုံမှာပဲရှိသေးတယ်''

''ဘယ်လိုဖြစ်တာလဲဗျာ၊ ဘယ်သူတွေ သေလို့ ဘယ်သူတွေက အချုပ်ထဲ ရောက်နေတာလဲ၊ ဘာဖြစ်လို့လဲ''

''ကဲ. . သံချောင်း၊ လုပ်စရာရှိတာ သွားလုပ်၊ မင်းကို ရှင်းပြနေဖို့ တို့မှာ အချိန်ကရှိတာ မဟုတ်ဘူး၊ ဟိုကျတော့ မင်းသိရမှာပေါ့''

ကျုပ်လည်း အိမ်နောက်ဖေးထွက်၊ သက်ညှိုးနဲ့ သွားတိုက်၊ မျက်နှာကိုဖြစ်သလို သစ်လိုက်ပြီး ထုံးစံအတိုင်းပုဆိုးနဲ့ မျက်နှာကုန်းသုတ်လို့ အိမ်ရှေ့ကို ထွက်ဖို့ ဟန်ပြင်လိုက်တယ်။ အရေးထဲမှာ၊ ဗိုက်ထဲက ရစ်ရစ်ပြီး နာလာလို့ အိမ်သာပြေးတက်လိုက်ရသေးတယ်။ ပြန်ထွက်လာတော့ ရွာလူကြီးဦးထွန်းလှက စိတ်မရှည်သံဖြင့် –

''သံချောင်း၊ မင်းကလည်း ကြာလိုက်တာကွာ၊ မြန်မြန်လုပ်ပါဆိုနေမှ''

''ကျုပ်လည်း အမြန်တော့ လုပ်တာပဲ ဦးလေးထွန်းရဲ့၊ အရေးထဲကျမှ ဗိုက်ကရစ်ပြီးနာလာလို့ အိမ်သာပြေးတက်နေရသေးတယ်''

ကျုပ်စကားအဆုံးမှာ ထွန်းလှက –

''မင်း အန်ကော မအန်ဘူးလား၊ သံချောင်း''

''ဟင့်အင်း၊ ဒါပေမဲ့ ညကဗိုက်နာပြီး အိမ်သာကို ခဏခဏ ထထပြေးနေရတာနဲ့ အိပ်ရေးမဝဘူးကွ၊ ဒါကြောင့် ငါ ဒီအချိန်ထိမနိုးတာ''

''တော် သေးတာပေါ့''

''ကဲ ကဲ . . . အချိန်မရှိဘူး၊ သွားကြမယ်''

ရွာလူကြီး ဦးထွန်းလှက စကားကိုဖြတ်ပြောလိုက်တော့ ကျုပ်လည်း ထွန်းလှကို ဘာမှပြန်မေးမနေတော့ဘဲ သူတို့နဲ့ အတူလိုက်သွားလိုက်တယ်။ ကျုပ်တို့ရဲ့စခန်းကိုရောက်လို့ စခန်းမှူးရှေ့မှာ ဝင်ထိုင်ပြီး ခဏအကြာမှာ ရဲတပ်ကြပ် တစ်ဦးက လူတစ်ယောက်ကိုဆွဲခေါ်လာလို့ ကြည့်လိုက်တော့ ထန်းတောကွင်းရွာသား ဦးသောင်းစိန် ဖြစ်နေတယ်။ သူ့လက်နှစ်ဖက်မှာလည်း လက်ထိပ်တန်းလန်းနဲ့ ကျုပ် တအံ့တဩ ဖြစ်နေချိန်မှာ စခန်းမှူးကြီးက –

''မောင်သံချောင်းဆိုတာ. .''

''ဟုတ်ကဲ့၊ ကျုပ်ပါ စခန်းမှူးကြီး''

''မင်းတို့ ညကဘယ်သွားပြီး ဘာတွေ လုပ်ခဲ့ကြတယ်ဆိုတာ ငါ့ကို အမှန်အတိုင်း ပြောပြစမ်း၊ ဖြီးမယ်တော့ မကြံနဲ့။ ငါသိပြီးသားတွေ . . . မင်းနှုတ်မထွက်တဲ့ စကားကိုလိုချင်လို့ တမင်မေးနေတာ''

ကျုပ် ထွန်းလှကို တစ်ချက် ငဲ့ကြည့်လိုက်တယ်။ ဘယ်လိုလဲဆိုတဲ့ သဘောနဲ့ပါ။ ထွန်းလှက ပြောသာပြောလိုက်တော့ဆိုတဲ့ သဘောနဲ့ မသိမသာ ခေါင်းညိတ်ပြလိုက်တယ်။

''ဒီလိုပါ စခန်းမှူးကြီး''

ကျုပ်ကညက ပြုခဲ့သမျှကို စခန်းမှူးကြီးကို အမှန်အတိုင်းပြောပြလိုက်တယ်၊ ကျုပ်ရဲ့စကားအဆုံးမှာ စခန်းမှူးကြီးက –

''မင်းတို့လုပ်တုန်းက အပျော်ဆိုပြီး လုပ်ကြတာပဲ၊ ခုတော့ အပျော်ကနေ အပျက်ဖြစ်ခဲ့ကြရပြီ၊ သေတဲ့လူကသေ၊ အဖမ်းခံရတဲ့လူက အဖမ်းခံရ၊ ဒီကြားထဲ ဆေးရုံက မဆင်းရသေးတဲ့လူကလည်းရှိသေးတယ်။ အခါလည် အရွယ် ကလေးလေးတစ်ယောက်နဲ့ ကျန်ခဲ့တဲ့ ဖိုးထိန်ရဲ့ အမေအိုကြီးအတွက်ကလည်း ရှေ့ရေးက ရင်မအေးစရာ၊ ဉမမယ်စာမမြောက် လူမမယ် ကလေးငယ်လေးနဲ့ အိုမင်းမစွမ်းတော့တဲ့ အဘွားအိုကြီး ရှေ့ဆက်ဘယ်လို စခန်းသွားကြရပါမလဲ''

''ဘယ်လိုဖြစ်တာလဲ စခန်းမှူးကြီးရယ်. . ဖိုးထိန်တို့ဘာဖြစ်လို့လဲ''

''ဘယ်လိုဖြစ်ရမှာလဲ၊ မင်းတို့က ပျော်ချင်ပါးချင်လို့ ကြောင်ရိုက်ပြီး ကြောင်သားဟင်းနဲ့ မြည်းဖို့ ထန်းတောကွင်းရွာ ဦးသောင်းစိန်ခြံထဲက ထန်းပင်တွေကို ညဘက်မှာသွားတက်ပြီး ထန်းရည်ခိုးကြတယ်။ ဦးသောင်းစိန်ကလည်း သူ့ထန်းရည်တွေ ခဏခဏ ပျောက်လွန်းလို့ ညကတော့ သည်းမခံနိုင်တော့တာနဲ့ ဖြစ်ချင်ရာဖြစ်ဆိုပြီး ညနေထန်းအလှီးမှာ ထန်းရည်ခံတဲ့ ဝါးကျည်တောက်ထဲကို ပိုးသတ်ဆေးရည်တွေ ထည့်ထားလိုက်တယ်။ အဲဒီပိုးသတ်ဆေးပါတဲ့ ကျည်တောက်ကိုမှ မင်းတို့က ကြမ္မာငင်ပြီး ခိုးသောက်မိကြတော့ ဟော . . . ခုဆို ဦးသောင်းစိန်ကြီးလည်း လူသေမှုနဲ့ အမှုဖွင့်ပြီး အဖမ်းခံရလို့ အချုပ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီ၊ မင်းတို့ သူငယ်ချင်း စံလှ၊ ဖိုးထိန်လင်မယားနဲ့ သမီးကြီး ပိုင်းစိန်တို့လည်း သေကုန်ကြပြီ၊ ကျန်ခဲ့တာက အဲဒီညက အိပ်ပျော်နေလို့ စားတဲ့ သောက်တဲ့အထဲမပါတဲ့ ဖိုးစိန်ရဲ့ မိခင်အိုကြီးနဲ့ သူ့ရဲ့ သားငယ်လေး ပြူး ...၊ ဖိုးခွေးကလည်း မသက်သာလို့ ခုချိန်ထိ ဆေးရုံက မဆင်းရသေးဘူး။ ဒီတော့ ဒီလူမမယ် မြေးငယ်လေးနဲ့ အသက်(၇၀) ကျော်အရွယ် အဘွားတို့ရဲ့ နေရေး၊ ထိုင်ရေး စားရေး သောက်ရေး မမာမကျန်းတဲ့အခါ ပြုစုစောင့်ရှောက်ဖို့ အရေး ရှေ့ဆက်ပြီး ဘယ်လို စခန်းသွားကြမှာလဲ"

စခန်းမှူးကြီးရဲ့ စကားအဆုံးမှာ ကျုပ်လည်း ငယ်ထိပ်ကိုမြွေပေါက်ခံလိုက်ရသလို တစ်ခါတည်း ခေါင်းငိုက်စိုက်ကျသွားမိပါတော့တယ်။ အမှန်က အပြစ်မဲ့တဲ့ ဖိုးထိန်တို့ မိသားစုအစား အပြစ်ကျူးလွန်ခဲ့တဲ့ ကျုပ်နဲ့ ဖိုးခွေးတို့ သေသင့်တာပါ၊ ကျုပ်နဲ့ဖိုးခွေးက အပင်ပေါ်မှာ မြည်းရင်းစမ်းရင်းနဲ့ ဗိုက်ပြည့်ပြီး ဝိုင်းထဲကျတော့ သိပ်မသောက်နိုင်ကြတော့လို့ အန်ရုံ၊ ဝမ်းသွားရုံလောက်ပြီးသွားတာဖြစ်လိမ့်မယ်။ ကံဆိုးချင်တော့ ပိုးသတ်ဆေးက အိမ်မှာ ဝိုင်းပြီးသောက်ကြတဲ့ ကျည်တောက်ထဲက ထန်းရည်မှာ ပါသွားတာဖြစ်မယ်။ ကျုပ်နဲ့ ဖိုးခွေး ထန်းပင်ပေါ်မှာ မြည်းစမ်းသောက်ခဲ့ကြတုန်းကတော့ ပါတဲ့ကျည်တောက်ပါ ရောမပါတဲ့ ကျည်တောက်ပါ ရောနေတာကြောင့် သိပ်အထိမနာခဲ့တာ ဖြစ်လိမ့်မယ်။ ကြောင်သားဟင်းနဲ့ ထမင်းနဲ့ရောပြီး စားကြ၊ သောက်ကြတာဆိုတော့ ဆေးနံ့နံလို့ နံမှန်းမသိ ...။ ပိုးသတ်ဆေးကြောင့် မူးမှန်း ... ထန်းရည်ကြောင့် မူးမှန်းလည်း မသိနဲ့ အလွန်အကျွံတွေ သောက်မိပြီး ဒုက္ခရောက်ခဲ့ကြရတာပေါ့ ...။

ခုတော့ ကျုပ်တို့ အသက်အရွယ်တွေလည်း မငယ်တော့ပါဘူး။ ဖိုးထိန်ရဲ့ ကျန်ခဲ့တဲ့ သားလေး ပြူးတောင် မောင်ကံကောင်းဆိုတဲ့ အမည်နဲ့ ဆယ်တန်းကျောင်းသားဘဝရောက်နေပြီ၊ သူ့အဘွားလည်း ဆုံးရှာပြီ။ သူ့အဘွားဆုံးတော့ ပြူးလေးက ငါးနှစ်သားလောက်ပဲ ရှိသေးတယ်။ အဘွားဆုံးလို့ ခိုကိုးရာမဲ့ ဖြစ်နေတဲ့ ဖိုးထိန်ရဲ့ သားလေးကို ကျုပ်ကပဲ သားအဖြစ် မွေးစားထားလိုက်တယ်။ ပြူးကလည်း သူ့အဘွားနဲ့ နေကတည်းက ကျုပ်နဲ့ ဖိုးခွေး အမြဲလိုလို ဝင်ထွက်သွားလာနေတော့ ကျုပ်တို့ကို ဆွေလိုမျိုးလို ခင်မင်နေတာဆိုတော့ သူ့ကို မွေးစားရာမှာ အခက်အခဲမရှိခဲ့ဘူး။ ခုတော့လည်း သားအဖ အရင်းအချာလိုပါပဲ။

ကျုပ်နဲ့ဖိုးခွေးလည်း အဲဒီပြဿနာတွေဖြစ်ပြီး ကတည်းက အသိတရားတွေရပြီး မကောင်းတာဆို ဘာမှကို မလုပ်ကြတော့ဘူး၊ ထန်းရည်လည်း လုံးဝကို ပြတ်သွားတယ်၊ ရပ်အကျိုးရွာအကျိုးတွေ တတ်နိုင်သလောက် ဝိုင်းဝန်းလုပ် ဆောင်ရင်းနဲ့ ကျုပ်တို့ရဲ့ မိုက်ကြေး မိုက်ပြစ်တွေကို ပေးဆပ်တဲ့အနေနဲ့ ကျုပ်တို့သူငယ်ချင်း ဖိုးထိန်ရဲ့ သားလေးကို ကျုပ်တို့လို ပညာမတတ် ဘာမတတ်နဲ့ ထန်းတက် ထန်းလှီးရင်း ထန်းရည်သမားဘဝ မရောက်ရအောင် ပညာတတ်တစ်ယောက်အဖြစ် တစ်နေ့မှာ ရပ်အကျိုး၊ ရွာအကျိုး သယ်ပိုးနိုင်တဲ့ တန်ဖိုးရှိတဲ့ လူတစ်ယောက် ဖြစ်လာအောင် ရွာဦးကျောင်းဆရာတော်ဘုရားနဲ့ ရပ်ရွာလူကြီးတွေရဲ့ သွန်သင်ညွှန်ပြမှုကိုခံယူပြီး မျက်ပြူးဆိုတဲ့ သားလေး မောင်ကံကောင်းကို ဖိုးခွေးနဲ့ ကျုပ် ပြုစုပျိုးထောင်ပေးနေတာပါ။

ဒီအဖြစ်ကို တမလွန်ဘဝက ကျုပ် သူငယ်ချင်း ဖိုးထိန်နဲ့ ထွေးစိန်တို့ကို မြင်စေချင်သိစေချင်လှတယ်။ သူတို့ရဲ့ သားလေး မောင်ကံကောင်း လူလိမ္မာလေး၊ ပညာတတ်လေးအဖြစ်ကြီးပြင်းလာတာမြင်သိခွင့်ရရင် သူတို့စိတ်အေးကြရမှာပါ။ ပြီးတော့ ဒီနေ့ခေတ် လူငယ်တွေ အားလုံးကိုလည်း ဒီအကြောင်းတွေ ပြောပြချင်တယ်။ ဟုတ်ပါတယ်၊ ကျုပ်တို့ရဲ့ အဖြစ်ကို သင်ခန်းစာရယူပြီး လိမ္မာကြစေချင်လို့ပါ။ ဒီတော့ ကျုပ်ကိုယ်စား စာရေးဆရာကပဲ တစ်လောကလုံးမှာရှိကြတဲ့ လူငယ်လေးတွေ သိအောင်ပြောပြပေးဖို့ ကျုပ် တောင်းဆိုပါရစေ စာရေးဆရာရယ် ...။

ကိုကိုမောင်(အင်းလေး)

(လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်ခန့်က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်မှန်အား အမည်နာမပြောင်းလဲ၍ ရေးသားတင်ပြထားခြင်း ဖြစ်ပါသည်)



www.burmeseclassic.com

www.burmeseclassic.com





# ဝိဓေ သက်ရှည်ကျန်းမာ ရယ်စရာ

မြိုင်မလား

ခက်ခြည် တာဝတီံသာမှ သိကြားမင်းနှင့် ငရဲပြည်မှ ယမမင်းကြီးတို့ တွေ့ဆုံကြရာတွင် ဘယ်သူပိုချမ်းသာကြောင်း ငြင်းခုံကြသောအခါ ..

သိကြားမင်း – ကျုပ်တို့ တာဝတီံသာမှာ ဘုရားအကား ကျောင်းအကာ သူဌေးတွေချည်းပဲနော် .. ခင်များ ပြိုင်ရင် ရှုံးသွားလိမ့်မယ်။

ယမမင်း – အပြောမကြီးပါနဲ့ လူကြီးမင်းရယ် .. ခင်များတို့ဆီမှာ ဓရိုနီတွေရှိလို့လား။

## မလိမ်တတ်ဘူး

အိမ်တစ်အိမ်ရှေ့သို့ အလှူခံအဖွဲ့ လာရောက်အလှူခံပြီး ..

"ဒီအိမ်က အိမ်ရှင်များလည်း ရပ်ကွက် သာရေးနာရေးအတွက် သဒ္ဓါတက်အား နည်းများမဆို ပါဝင်ကုသိုလ်ယူကြပါဦး"

ဟု ပြောလိုက်သောအခါ အိမ်ထဲမှ ပြန်ပြောလိုက်သော စကားကြောင့် လွန်စွာစိတ်ဆိုး၍ ပြန်ထွက်သွားကြ၏။

အိမ်ထဲမှ ပြန်ပြောလိုက်သောစကားမှာ ..

"အိမ်ရှင်တွေမရှိဘူးဗျို့။ ကျုပ်တို့က ဌားနေတာ" ဟူသတတ်။

## အခွင့်မရှိမဝင်ရ

ရှေ့နေကြီးသည် သူ့တပည့်အား အရေးတကြီးခေါ်၍ လှမ်းမိုင်းနေ၏။

ရှေ့နေကြီး – ရုံးရှေ့မှာ အခွင့်မသာဘဲမဝင်ရတဲ့ ဆိုင်းဘုတ်အစား အမြန်ယာဉ်မဝင်ရလို့ပြောင်းရေးလိုက်ကွာ။

တပည့် – ဘာဖြစ်လို့လဲ ဆရာ။

ရှေ့နေကြီး – မင်း မမှတ်မိသေးဘူးလား။ မနေ့က အဝေးအမြန်လိုင်းကားအရှိန်လွန်ပြီး ရုံးတခန်းထဲ ရောက်လာတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



## များတာရှိရင် တောင်းပန်ပါတယ်

စာစောင်တစ်စောင်အား အသင်း အဖွဲ့အစည်းတစ်ခုက တရားစွဲထား၏။ အကြောင်းမှာ ၎င်းတို့အဖွဲ့အစည်းရဲ့ လူတော်တော်များများကို ကိုယ်ကျိုးရှာသူများဟု စွပ်စွဲရေးသားထားသော ကြောင့်ဖြစ်၏။ ထို့ကြောင့် ထိုစာစောင်က ပြန်လည်တောင်းပန်သောအနေဖြင့် စာသားများ ပြုပြင်၍ ပြန်ထည့်ပေးလိုက်သည်။

"ထိုအဖွဲ့အစည်း၏ လူနည်းစုသည် ကိုယ်ကျိုးစွန့်သူများဖြစ်၏"

## ပညာ

အမျိုးသမီးတစ်ယောက်သည် ကားမောင်းနေရင်းက ရုတ်တရက် ကားရပ်သွားသဖြင့် စက်ပြင်ဆရာကို ဖုန်းဆက်ခေါ်၍ ပြင်ခိုင်းရာ စက်ပြင်ဆရာက စက်ဖုံးဖွင့်၍ ဘတ္တရီခေါင်းလွတ်နေတာ ပြန်တပ်လိုက်သဖြင့် ကောင်းသွားလေသည်။ ထို့နောက် ..

| | |
|---|---|
| အမျိုးသမီး – | ဘယ်လောက်ပေးရမလဲ။ |
| စက်ပြင်ဆရာ– | ငါးထောင်ပဲပေးပါ။ |
| အမျိုးသမီး – | ဟယ် .. များတာပေါ့၊ ဘတ္တရီခေါင်းလေးပြန်တပ်ပေးရတဲ့ဟာကို။ |
| စက်ပြင်ဆရာ– | ဘတ္တရီခေါင်းတပ်တာကတော့ ဒီလောက်မကျပါဘူး။ ဒါပေမဲ့ ဘတ္တရီခေါင်းပြုတ်နေတာကို သိတဲ့ပညာအတွက်သာ ဒီလောက်ကျတာပါ ခင်ဗျာ။ |

## လေကောင်းလေသန့်ရအောင်လို့

သားဖြစ်သူ ဆယ်တန်းအောင်သဖြင့် အမေက ဘယ်လိုင်းယူရင်ကောင်းမလဲဟု အားကြိုးမာန်တက်ဖြင့် ယောက်ျားကို မေးလိုက်သောအခါ ..

"ဘယ်လိုင်းယူယူ မြို့ပြင်ပဲ ရောက်မှာပါကွာ"

## ကိုယ်ချင်းစာပြီးတွေးပေးပါ

မိန်းမကြောက်ရသော သူဌေးကြီးသည် သူ၏ ကားဒရိုင်ဘာကို ကားထဲက ဆီခိုးရောင်းနေသည်ဟု သံသယဖြစ်နေသောကြောင့် ..

| | |
|---|---|
| သူဌေးကြီး – | မင်းကို အလုပ်မခန့်ခင်ကတည်းက ဆီခိုးရောင်းတာ လုံးဝမကြိုက်ဘူးလို့ ပြောထားတာတောင် ကားထဲကဆီက မောင်းရတာထက် ဘာလို့ ပိုကုန်နေရတာလဲ။ |
| ဒရိုင်ဘာ – | သူဌေးထင်သလို ကားထဲကဆီကို လုံးဝခိုးမရောင်းပါဘူး။ ကျွန်တော့်မိန်းမက ညဘက်တီဗွီကလာတဲ့ ကိုရီးယားကားမကြည့်ရတာနဲ့ ဂုန်းဒိုင်းကြဲတော့တာပဲ ဆရာ။ ဒါကြောင့် ကိုရီးယားကားလာတဲ့အချိန် မီးပျက်နေရင် မီးစက်မောင်းဖို့ ကားထဲကဆီကို ယူသုံးရပါ ဆရာရယ်။ |


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





□

နွေဦးသည် နံနက်လင်းစောပိုင်းလေးမျှသာ စိတ်ကို လန်းဆန်းစေ၊ ကြည်နူးစေသည်။ နေ့လယ်ခင်းအပူရှိန်တို့သည်ကား ညည်းညူဖွယ်ရာအထိပင်၊ ပင်ပန်းမောဟိုက်ရ၏။ မြို့အစွန်ဖျားတောင်ကုန်းလေးထက်ရှိဘုန်းကြီးကျောင်းအိုပျက်ကြီးထဲတွင် သူတစ်ယောက်တည်း စာအုပ်တွေဖတ်ရင်း အပူဒဏ်သက်သာအောင်အချိန်ဖြုန်းနေရချိန်ဖြစ်သည်။

သစ်ရွက်ခြောက်တွေက တဖြောက်ဖြောက် တချောက်ချောက် အသံပေးရင်း ကြွေကျနေသည်။ လေပြည်လေညင်းတို့သည်ပင် အသက်ပျောက်ရှနေသလားဟု ထင်မှတ်ရ၏။ ထိုအနိုက် ကျွီခနဲ တံခါးကို တွန်းဖွင့်လိုက်သံကြားရ၍ လှည့်ကြည့်မိလိုက်ချိန်အသက် ၅၀ ကျော်ခန့် လူကြီးတစ်ယောက် မျက်နှာရှုံ့မဲ့ပြီး ဟူးခနဲ အသံပြုရင်း ကြမ်းပြင်ပေါ် ဝင်ထိုင်ချလိုက်သည်။

"ဩော် ... ငါ တစ်ယောက်တည်းပဲရှိမယ်မှတ်တယ်။ ကောင်ကလေး မင်းကလည်း လာဖိမ်ကျနေတာကိုး"

သူ ပြုံးလိုက်သည်။ ထိုလူကြီးကို ကြည့်ပြီး လှဲအိပ်နေရာမှ လူးလဲထထိုင်လိုက်သည်။

"ဘာလဲ ... မင်းက ဒီမှာ ရည်းစားစာတွေ လာရေးနေတာလား။ ဟဲဟဲ .. ဒီလောက် ပူလောင်နေတဲ့ အချိန်မှာ ရည်းစားလေးကို သတိရတယ်ဆိုရင်တော့ ချီးကျူးစရာပဲကွာ"

ထိုလူကြီးစကားကြောင့် သူ့ရင်ထဲ မျက်ခနဲ ဖြစ်သွားသည်။

"မိန်းမတွေအကြောင်း မကြားချင်ဘူးဗျာ၊ ဘာရည်းစားမှလည်း မထားချင်တော့ဘူး"

ဟု ဖျတ်ခနဲပြောချလိုက်တော့ ..

"ဟင် ဟုတ်လား"

ဟု ထိုလူကြီးက အံ့သြပြုံးရိပ်နှင့်ပြောရင်း ကွမ်းတံတွေးတွေကို ဗျစ်ခနဲထွေးထုတ်ရင်း ရယ်မောလိုက်သည်။

"မိန်းမတွေကို မင်းက ဘာများစိတ်နာစရာရှိလို့လဲကွ"

ဝတ်ထားသော စွပ်ကျယ်ကိုရင်ပတ်ပေါ်ဆွဲတင်ရင်း လွယ်အိတ်အတွင်းက ရေဘူးလေးကို ထုတ်ရင်းမော့သောက်လိုက်သည်။ သူလည်းအခုမှ ရေဆာသလိုလို ဖြစ်လာ၏။

"ရော့ ...သောက်ချင်ရင်သောက်ကွာ၊ ရေသန့်ဘူးတော့ မဟုတ်ဘူး။ အိမ်က ထည့်လာတဲ့ ရေသန့်ပဲကွ" ဟုပြောပြီး သူ့ကိုလှမ်းပေးသည်။ သူလည်း ဟန်မဆောင်နိုင်ဘဲ တဂွပ်ဂွပ်နဲ့ ရေတွေကို မော့သောက်လိုက်သည်။

"ဒါနဲ့ ဦးနာမည်က .."

သူ့အမေးကြောင့် ပွင့်လင်းဖော်ရွေသော မျက်နှာနှင့် ကွမ်းစား၍ နီရဲနေသော သွားများပေါ်အောင်ရယ်ရင်း –

"ဟဲ ဟဲ ငါ့နာမည်ကဦးဘိတ်တဲ့ ထိပ်မှာ မနေရတော့ဘိတ်ပေါ့။ ဒါနဲ့မင်းနံမည်ကကော။ ပြီးတော့ ဝေဒနာလေးလည်း ရင်ဖွင့်ပါဦး။ အပူဒဏ်တွေသက်သာအောင်လို့ပေါ့ကွာ ဟဲ ဟဲ'

"ကျွန်တော့နာမည်က အောင်ထူးပါ"

"ဩော် အောင်ထူး အောင်ထူးဆိုတော့ ဦးထောင်။ အင်း မင်းကဦးထောင် ငါက ဘိတ် ဟဲ ဟဲ၊ မင်းကကြီးပွားတိုးတက်မယ့်လူငယ် ပဲကွာ။ ကဲပြောပါဦးဇာတ်လမ်းလေး"

"သစ္စာမဲ့တဲ့ မိန်းမတစ်ယောက်အကြောင်းပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အလဲ့ တယ်ဟုတ်ပါလား၊ နားထောင်လို့တော့ ကောင်းမယ်ထင်တယ်"

"ဟုတ်ကဲ့ ကောင်းချင်လည်း ကောင်းမှာပေါ့ဗျာ။ ကျွန်တော်ကျောင်းပြီးတော့ ကျွန်တော့်ကောင်မလေးက ဌာနတစ်ခုမှာ အလုပ်ဝင်နေပြီဗျ။ ကျွန်တော်လည်း သူရှိတဲ့ဌာနမှာ အလုပ်ရအောင် ကြိုးစားနေချိန်ပေါ့။ အဲ့ဒီဌာနက ဆရာသမားကလည်း တော်တော် သဘောကောင်းတာ။ ကျွန်တော့်ကို အလုပ်ရအောင် ဖန်တီးပေးနိုင်တဲ့ အခြေအနေမျိုးဆိုတော့ ကြည်ညို လေးစားရတာပေါ့ဗျာ"

"ဩော် ‥ အလုပ် အလုပ် ‥ အင်း"

ဦးဘိတ်မျက်နှာကို ဖျတ်ခနဲ ကြည့်ရင်း အဝေးကိုငေးလိုက်မိသည်။

"တစ်နေ့တော့ နေ့လယ်ထမင်းစားချိန်မှာ ကျွန်တော် အဲဒီဌာနကို ရောက်သွားတယ်။ အဲဒီမှာ ကျွန်တော် ကြည်ညိုလေးစားတဲ့ ဆရာသမားနဲ့ ကျွန်တော့် ကောင်မလေး ရယ်ရယ်မောမော ထမင်းအတူတူ စားနေကြတာ တွေ့လိုက်ရတယ်"

"ဒါများ ဘာဆန်းလို့လဲကွာ"

"ဟုတ်ပါတယ် ကျွန်တော် နားလည်ပါတယ်၊ ဆရာသမားကအသက်လောက်ဆယ်နီးပါးလူကြီးတစ်ယောက်၊ မိန်းနဲ့ သားကြီးသမီးကြီးတွေနဲ့၊ နိုင်ငံခြားပြန် ပုဂ္ဂိုလ်တစ်ယောက်။ ကျွန်တော်ဘာမှ မခံစားရပါဘူး။ ဒါကြောင့် ကျွန်တော် ဘာမှမခံစားရပေမဲ့ အနှောင့်အယှက်ဖြစ်မှာ ဆိုးလို့ အားနာပြီး လှည့်ပြန်ခဲ့တယ်"

"ဩော် မင်းက အားနာတတ်တာပဲကိုး။ အေးလေ ငါလည်း ဘာထူးလဲ ဟဲ ဟဲ။ ကဲ ဆက်ပါဦးကွာ"

"ဒါပေမဲ့ တစ်နေ့တော့ နေ့လယ်ခင်း ၁ နာရီလောက် ပူလောင်အိုက်စပ်တဲ့ ဒီလိုအချိန်မျိုးမှာပေါ့။ ကျွန်တော့်ကောင်မလေးကို သွားတွေ့ဖို့ အဲဒီဌာနကို ရောက်သွားတယ်။ အဲဒီမှာ ကျွန်တော့်ကောင်မလေးကို ဆရာသမားက သူ့ရင်ခွင်ထဲထည့်ပြီး ကွန်ပျူတာရိုက် သင်ပေးနေတယ်ဗျာ။ နှစ်ယောက်စလုံး ပြုံးလို့၊ ရွှန်းလဲ့တဲ့ မျက်လုံးတွေနဲ့ ပီတိတွေဖောင်းလို့ပေါ့။ တံခါးဝက ဖျတ်ခနဲ ကြည့်လိုက်တဲ့ ကျွန်တော့်ကိုတောင် သူတို့မမြင်ကြဘူး။ အံ့သြတယ်ဗျာ။ ကျွန်တော်လည်း သွေးတွေ ဆူပွက်ပြီး နံရံကိုလက်သီးနဲ့ ထိုးပစ်လိုက်မလို့။ အဲ ဒါပေမဲ့ ဒေါသကို တဖြည်းဖြည်းလျှော့ချပြီး လှည့်ပြန်ခဲ့တယ်။ အဲဒီအချိန်ကစပြီး အဲဒီအရပ်ကို ကျွန်တော် ကျောခိုင်းခဲ့တာပါ"

"ဩော် မင်းအဖြစ်က မှိုမတွေ့ဘဲ မြွေတွေ့ခဲ့ရတာကိုး။ အင်း ‥ ဘဝဆိုတာ ဒီလိုပါပဲကွာ။ နားလည်လိုက်၊ စိတ်လျှော့လိုက်၊ ခွင့်လွှတ်လိုက်ပေါ့ကွာ။ အဲဒါ ကိုယ်ပိုင်ဆိုင်တဲ့ စိတ်စွမ်းအင်အတတ်ကွ"

ကွင်းပြင်အဝေးဆီက လေပူ တွေတိုးဝှေ့ရောက်လာသည်။ သစ်ရွက်ခြောက်တွေ သွပ်မိုးပေါ်တဖြောက်ဖြောက်ကြွေကျသံများက အရှိန်ပြင်းထန်လှသည်ဟု သူထင်နေမိသည်။

"အေး လောကမှာ လူတိုင်းလူ

ဖောက်ပြန်တာပဲ
လွန်လွန်းနေပြီဆိုတာ
နောင်တတွေရပြီး
စိတ်ကို
ခိုင်ခိုင်ထားပြီး
ယုံစားလို့မရနိုင်တဲ့
လူတစ်ယောက်ကို
တောင်အစွန်းဖျားနားမှာ
အပေါ့သွားနေတုန်း
အနောက်ကနေ
တွန်းချပစ်လိုက်တယ်
‥‥



www.burmeseclassic.com

www.burmeseclassic.com


တိုင်းဟာ ကိုယ်ဖြစ်ချင်သလို ဘယ်တော့မှ မဖြစ်ဘူးကွ။ ဖြစ်အောင်ကြိုးဆောင်တတ်တယ်ဆိုရင်လည်း အခက်အခဲတွေ ဒုက္ခတွေနဲ့ ကြုံရတာပါပဲ။ အဲဒါ လောကဓံပေါ့ကွာ။ အဓိက ကတော့ ဘဝနာရင် နာပါစေ၊ ဘဝတော့ အပျက်မခံနဲ့ကွ''

ဦးဘိတ်ရဲ့ အင်အားပြည့်သော အသံလှိုင်းတွေက သူ့ရင်ထဲ တုန်ခါနေသည်။ လက်ကနာရီကို ကြည့်လိုက်တော့ ၈နေ့လယ် နှစ်နာရီကျော်စပြုနေပြီ။

''ပူပါသေးတယ်ကွာ၊ ငါလည်း မင်းကို ဇာတ်လမ်းလေးတစ်ပုဒ် ပြောပြဦးမယ်။ ကြုံတုန်း နားထောင်ချင်ရင် ပေါ့ကွာ''

''ကောင်းတာပေါ့ ဦးဘိတ်ရာ'' ဟုပြောရင်း ကျောင်းအိုဘက်ရှေ့ရှိ မရမ်းပင်ကြီးက ခူးထားသော မရမ်းသီးနုနုလေး တစ်လုံးကို စိတ်ရှိလက်ရှိ ကိုက်ဝါးစားပစ်လိုက်သည်။

''လွန်ခဲ့တဲ့ ၂၅ နှစ်လောက်က ပေါ့ကွာ။ ငွေကြေးအတော်အတန် ပြည့်စုံပေမယ့် အရမ်းချမ်းသာချင်တဲ့ လူတစ်ယောက်ရှိခဲ့တယ်။ ဒီလူက အလွန် ချောမောလှပတဲ့ အမျိုးသမီးတစ်ဦးနဲ့ လက်ထပ်ပြီး အလုပ်တွေ တော်တော် ကြိုးစားခဲ့တာကွာ။ သူ့ခေါင်းထဲမှာ ပိုက်ဆံရဖို့ပဲ အမြဲ တွေးတောနေတယ်။ ဒီလိုနဲ့ အိမ်ထောင်ကျပြီး တစ်နှစ်လောက်မှာ ကိုယ်ပိုင်တိုက်၊ ကိုယ်ပိုင်ကားနဲ့ စီးပွားတွေ ဖြစ်လာတယ်''

''သူ့ကလေးတွေရဲ့ ကံကြောင့်ဖြစ်မှာပေါ့ဗျာ''

''ဘယ်က သူ့ကလေးတွေ ရှိရမှာလဲ။ ကလေးမရဘူးကွ။ ယောကျ်ားတစ်ယောက်ရဲ့ စွမ်းဆောင်အား သူ့မှာ မရှိခဲ့ဘူး''

''ဟာ စိတ်မကောင်းစရာပဲ''

''အေးဟုတ်တယ်၊ သူ့ကို မွေးတုန်းက သူ့မိဘတွေက ပေါင်မပြည့်လို့ ဖန်ပေါင်းချောင်ထဲထည့်ပြီး အသက်ရှင်အောက်လုပ်ခဲ့ရတာ။ သူ့ဘွဲ့ရပြီးတော့မှ မိဘတွေက အတင်းပေးစားလို့ အိမ်ထောင်ကျခဲ့တာ။ သူ့အမျိုးသမီးကိုတော့ အိမ်ထောင်ကျပြီးမှ ပြောပြခဲ့တာ။ ဆေးကောင်းဝါးကောင်းနဲ့ ကုပေမဲ့ ထူးမလာဘူး။ အဲဒါကတော့ လူ့ဘဝရဲ့ ပြည့်ပြည့်စုံစုံမရှိတဲ့ အကြောင်းတစ်ခုပဲကွ''

''တစ်နေ့တော့ ဒီလူဟာ စီးပွားရှာရင်း လူတစ်ယောက်နဲ့ သိကျွမ်းခဲ့တယ်။ အဲဒီလူက ပေါက်ပေါက်ရောက်ရောက်လည်းရှိတော့ အားကိုးအားထား ပြုခဲ့တာပေါ့။ အဲဒီလူ သူ့အိမ်ကို ရောက်လာရာကစပြီး ဂြိုဟ်မွှေတော့တာပဲ''

ဦးဘိတ်ကပြောရင်းပင် လွယ်အိတ်ထဲက ထုံးဘူးကိုဖွင့်ပြီး ကွမ်းရွက်ကို ဆွဲယူ ထုံးသုတ်၊ ပြီးတော့ ကွမ်းသီးစိတ်နဲ့ ဗမာဆေးမည်းတွေ စုပြုံထည့်ရင်း ပါးစောင်ထဲ ထိုးထည့်ငုံထားလိုက်သည်။

''အဲဒီလူက အသက်ငယ်ငယ် ကိုယ်ကာယခံ့ညားပြီး ကျန်းမာသန်စွမ်းလို့ ရုပ်ဖြောင့်တဲ့ မင်းသားစတိုင်ကွ။ သူတို့အိမ်ကို ဝင်လိုက်ထွက်လိုက်လုပ်ရင်း သူ့မိန်းမနဲ့ ရင်းနှီးကျွမ်းဝင်သွားတယ်။ တစ်နေ့တော့ သူက မြဝတီမြို့လေးဆီ သွားနေတုန်းပေါ့ကွာ''

+++

တိတ်ဆိတ်ငြိမ်သက်နေသော ခြံဝင်းလေးတစ်ခုထဲရှိ တိုက်အိမ်လေးထဲတွင် စကားပြောသံတွေ တီးတိုးညင်သာထွက်ပေါ်နေသည်။

''ကျွန်တော် မနှင်းယုမွန်ကို တကယ် ချစ်မြတ်နိုးမိတာပါ။ တစ်သက်လုံး အတူတူနေဖို့ဆုံးဖြတ်ပြီးပြီပဲ''

မင်းလွင်စိုး စကားကြောင့် နှင်းယုမွန် တသိမ့်သိမ့် ရယ်မောလိုက်မိသည်။ သူ့ရင်ထဲ တရှိန်းရှိန်း တဖိုဖို တုန်လှိုက်နေသည်။

''အင်း မဖြစ်နိုင်တာကိုပြောတာလား မင်းလွင်စိုးရယ်။ နှင်းယုမှာ အိမ်ထောင်သည် ကိုခန့်မော်ရှိနေတယ်လေ''

မင်းလွင်စိုးက သူ့ရဲ့လက်ဖဝါးလေးနဲ့ နှင်းယုမွန်နှုတ်ဖျားကို လှမ်းပိတ်လိုက်သည်။

''မနှင်းယုမွန်မှာ ဘာမှအိမ်ထောင်ရေး သုခမရှိဘဲ ဘဝကိုဖြတ်သန်းနေရတာ ကျွန်တော် သိထားပြီပဲ။ မနှင်းယုမွန် စွန်စားနိုင်မယ်ဆိုတာ ကျွန်တော် သိတယ်။ ကျွန်တော့်မှာအကြံကောင်းတွေ ရှိပါတယ်''ဟုပြောရင်း နှင်းယုမွန် နားဝသို့ကပ်ပြီး တီးတိုးပြောလိုက်သည်။

''အဟင်း ဟင်း၊ အကြံကောင်းလှချည်လား မင်းလွင်စိုးရယ်''


www.burmeseclassic.com

www.burmeseclassic.com



မိုးတွေတဝေါဝေါရွာချလာသည်။ ချောင်းရိုးလေးထဲ ရေစီးသံတွေတဝုန်းဝုန်းဆူညံနေတော့သည်။

+++

"ဒါနဲ့ မင်းလွင်စိုးက ဘာအကြံတွေပေးလိုက်တာလဲ ဦးဘိတ်ရ"

"သူ့ယောက်ျားကို လုပ်ကြံဖို့ပေါ့ကွ"ဟု ပြောလိုက်တော့ –

"ဟာ ဒီလိုဆိုရင် အဲဒီမိန်းမက လေ့ကြီးပေါ် လေ့ငယ်တင်ပြီး သူ့ယောက်ျားကို လုပ်ကြံဖို့ သဘောတူလိုက်တာပေါ့၊ ဟုတ်လား ဦးဘိတ်"

"အေးကွ တစ်ခါတလေတော့ ပုံစံခွက်ကြီးလို့ ထင်ရတဲ့ဇာတ်လမ်းတွေက ပြောင်းပြန်ဖြစ်သွားတတ်တာတွေ ရှိတယ်လေ"

"ဟာဗျာ .. ကျွန်တော်နားမရှင်းဘူး"

ဦးဘိတ်က ကွမ်းဝါးရင်း တဟားဟား ရယ်မောလိုက်သည်။

"အေး .. သူ့ယောက်ျား ကိုခန့်မောင်က မသေဘဲ မင်းလွင်စိုးက သေသွားတာပဲကွ"

"ဗျာ ဘယ်လိုလုပ်"

"အေး ... ငါဆက်ပြောရဦးမှာပေါ့ကွာ"

+++

ရွာလက်စမိုးက တိတ်သွားသည်။ င်းလွင်စိုး တစ်ယောက် ကေရီနွယ် အလှပြင်ဆိုင်ကနေ နှင်းယုမွန်ကို စောင့်နေသည်။ နှင်းယုမွန် ထွက်လာတော့ သူနှင့် ရင်းနှီးကျွမ်းဝင်နေသော အလှပြင်ဆိုင်လေးထဲ ဝင်ထိုင်နေသည်။ နှင်းယုမွန် ဆံပင်အလှပြင်ပြီး တစ်ထွာခန့်ရှိသော ဆံပင်ဖြတ်ညှပ်စများကို ကြွပ်ကြွပ်အိတ်ထဲ ထည့်ပြီး မင်းလွင်စိုးက သူ့အခွေး ထည့် အိတ်လေးထဲ ထည့်ထားလိုက်သည်။ ပြီးတော့ အလှပြင်ဆိုင်လေးကို နှုတ်ဆက်ပြီး စားသောက်ဆိုင်တစ်ခုသို့ ထွက်လာခဲ့သည်။ နှင်းယုမွန် ဆိုင်ကယ်ကို မင်းလွင်စိုးက မောင်းပြီး နှင်းယုမွန်က နောက်က ထိုင်လိုက်ရင်း ရင်တွေတသိမ့်သိမ့် ခုန်နေခဲ့သည်။

"မြို့ထဲမှာ စားသောက်ပြီးနောက် မြို့အပြင်ဘက် တောင်ပေါ်လမ်းကလေး



တစ်နေရာကို သူတို့ဆက်ထွက်ခဲ့တယ်။ လေညင်းခံအပန်းဖြေရင်းပေါ့ကွာ။ အဲဒီမှာ မင်းလွင်စိုးက ကိုခန့်မောင် မြဝတီက ပြန်လာရင် မိုင်းရှူးမှာ ကျောက်အရောင်းအဝယ်ကိစ္စကို ပြောပြီးခေါ်သွားမယ်။ ပြီးတော့ ကိုခန့်မောင်ကို အပြတ်ရှင်းလိုက်မယ်လို့ ပြောတာပေါ့"

"ဒီတော့ နှင်းယုမွန်က လုံးဝလက်ခံလိုက်တာလား"

"အင်း .. အဲဒီအခါမှာ နှင်းယုံမွန်က သူ့ကြောင့် အပြစ်မဲ့တဲ့ ကိုခန့်မောင် သေရမယ်၊ သူ့ကြောင့် သူ့ကိုလုပ်ကျွေးတဲ့ ကိုခန့်မောင်သေရမယ်ဆိုရင် သူဘယ်လိုမှဖြေဆည်လို့ ရမှာမဟုတ်ဘူး။ သူ ဖောက်ပြန်တာပဲ လွန်လွန်းနေပြီဆိုတာ နောင်တတွေရပြီး စိတ်ကိုခိုင်ခိုင်ထားပြီး ယုံစားလို့မရနိုင်တဲ့ လူတစ်ယောက်ကို တောင်အစွန်းဖျားနားမှာ အပေါ့သွားနေတုန်း အနောက်ကနေ တွန်းချပစ်လိုက်တယ်"

"ဟ ဒီလိုဆိုတော့လည်း မိန်းမတစ်ယောက်ရဲ့သတ္တိက မနည်းပါလားဗျာ"

"အေး အဲဒီသတ္တိနဲ့ နှင်းယုမွန် ထောင်ကျသွားတာပေါ့"

"ဒါဆိုတရားခံကို ဘယ်လိုမိသွားတာလဲဗျ"

"အံ့သြစရာပဲပြောကွာ၊ နောက်တစ်နေ့ နံနက်မှာ မျှစ်ချိုးမှိုရှာနေတဲ့ လူတွေက မင်းလွင်စိုးရဲ့ အလောင်းကို တွေ့သွားပြီး ရဲတွေကို အကြောင်းကြား



www.burmeseclassic.com

www.burmeseclassic.com





လိုက်တယ်။ ရဲတွေက အထူးသေချာ စုံစမ်းရင်း နှင်းယုမွန်ဆီ ရောက်သွားတာပေ့ါ။ မင်းလွင်စိုးမှာ အခြားဒဏ်ရာတွေ မရှိဘူး။ ပြုတ်ကျတဲ့ တောင်ပေါ်လမ်း အမြင့်နေရာလေးမှာ ဆိုင်ကယ်ဘီးရာရယ် အမျိုးသမီးဖိနပ်ခြေရာရယ် အမျိုးသားရဲ့ ဖိနပ်ခြေရာတွေရယ်၊ လမ်းဘေးမြေသားမှာရှိနေတုန်းပဲ။ ပိုပြီးသေချာတာက မင်းလွင်စိုးရဲ့ ဂျင်းဂျက်ကက် အိတ်ထောင်ထဲက ဆံပင်ဖြုတ်ညှပ်စ်တွေ ထည့်ထားတဲ့ ကြွပ်ကြွပ်အိတ်ကလေးပဲ။ အဲဒီသဲလွန်စနဲ့ နာမည်ကြီးအလှပြင်ဆိုင်တွေကို လိုက်စုံစမ်းတော့ နှင်းယုမွန်နဲ့ မင်းလွင်စိုးတို့ လာသွားတာကို သိရတယ်။ အလှပြင်ဆိုင်ကလည်း နှင်းယုမွန်ကို သိတော့ ပိုပြီး ရှင်းရှင်းလင်းလင်း သိသွားတာပေ့ါကွာ''

''ကိုခန့်မော် ပြန်ရောက်တော့ အဖြစ်အပျက်တွေအားလုံးဟာ သူ့ကြောင့် ဖြစ်ရတာ။ မင်းလွင်စိုးကို သူခေါ်လာမိတဲ့ တရားခံဟာသူပဲဆိုပြီး နှင်းယုမွန်ကို ခွင့်လွှတ်နားလည်ပေးခဲ့တယ်''

''ဒါပေမဲ့ နှင်းယုမွန် ကံကောင်းတယ်။ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ထောင်က ပြန်ထွက်လာတော့ သူ့ခင်ပွန်းကိုခန့်မော်ကို တောင်းပန်ပြီး သီလရှင်ဝတ်သွားတယ်။ ဘာခံစားခွင့်မှ မတောင်းဘဲ တရားအားထုတ်တော့မယ်ဆိုပြီး မြန်မာပြည်ရဲ့ တစ်နေရာရာကိုထွက်ခွာသွားတယ်။ ကိုခန့်မော်လည်း သားမယားမရှိတော့ နယ်မြို့လေးတစ်မြို့က သူ့ညီနဲ့ဇနီးရှိရာကို သူပိုင်ပစ္စည်းတွေရောင်းချပြီး အပြီးသွားနေလိုက်တယ်။ သူ့ညီနဲ့ဇနီးကို သူ့ရဲ့ငွေကြေးတွေပေးအပ်ပြီး သူက ပျဉ်ထောင်အိမ်လေးတစ်လုံးနဲ့ သီးသန့်ခြံဝင်းလေးထဲနေပြီး တရားဘာဝနာနဲ့ပဲ အချိန်ကုန်တော့တာပဲ''

''လောကကြီးက တယ်လည်း ထူးဆန်းတာပဲဗျ''

''အေး အဲဒါပဲကွ လူတွေက လောဘ၊ ဒေါသ၊ မောဟတွေနဲ့ လုံးထွေးရစ်ပတ်ပြီး အမှန်တရားကို မမြင်နိုင်တာ။ တကယ်တော့ ဘဝမှာ အနှစ်သာရရှိတာဆိုလို့ ဗုဒ္ဓရဲ့ တရားတော်ပဲကွ။ အချိန်တန်ရင် အားလုံးဟာ ခွဲခွာနှုတ်ဆက်ကြရတာပဲ။ ကြေကွဲဝမ်းနည်းနေရင် ပိုပြီးမှောင်မိုက်နေမှာပေ့ါ။ တံလျှပ်ကို ရေထင်နေကြတာ ချမ်းသာချင်လွန်းလို့၊ ကာမဂုဏ်ခံစားချင်လို့၊ မော်ကြွားချင်လို့၊ ပိုင်ဆိုင်ချင်လို့နဲ့ ဒုက္ခတွေ ရောက်နေကြတာ။ တဏှာရဲ့ ကျော့ကွင်းထဲမှာ ပိတ်မိနေကြတာကွ။ လူတချို့က ခန့်မော်ကို သနားကြတယ်။ ခန့်မော်ကလည်း လူတွေကို ပြန်သနားတယ်။ အဝိဇ္ဇာတွေ ပိတ်နေကြတာကိုး။ မင်းလည်း လောကီအာရုံ ကာမဂုဏ်တွေကို တစ်နေ့ ငြီးငွေ့လာမှာပါ။ ခုတော့ ဘယ်လို လုပ်ထိုးထွင်းသိနိုင်မလဲ။ အချစ်စိတ် တွေနဲ့ ရှင်သန်ရဦးမှာပဲ မဟုတ်လား ဟဲ ဟဲ''

''ကျွန်တော်နားလည်သလောက်တော့ နားလည်သွားပါပြီဦးအိတ်ရာ''

''အေး ‥ အချိန်က စကားပြောမှာကွ။ မြင်အောင်ကြည့်၊ တွေ့အောင်ရှာပေ့ါကွာ။ ကဲ ကဲ အပူတွေလျော့သွားပြီ ဦးဘိတ် ပြန်တော့မယ်''

''ဒါနဲ့ ဦးဘိတ်က ဘယ်ကိုပြန်မှာလဲ''

''ငါ့ရဲ့အိမ်ကလေး အဲ အဲ ငါ့ညီရဲ့ ခြံထဲက အေးရိပ်ငြိမ်လေးဆီကို ပေ့ါကွာ''

''ဗျာ''

ဦးဘိတ်ရဲ့ နောက်ကျောပြင်ကို ကြည့်ပြီး ရင်ထဲ ဟာခနဲ ဖြစ်သွားသည်။ ပြီးတော့ သက်ပြင်းချလိုက်ရင်း အပူတွေ လျော့သွားပြီတဲ့ ဟူသော စကားတစ်ခွန်းကို ကြားယောင်ရင်း အပြင်ကို ငေးကြည့်လိုက်သည်။ အပူတွေလျော့သွားချိန် လူသံသူသံ ဆူညံသံတို့ ပွက်လောရိုက်နေချိန် ရောက်လာခဲ့ပြီပဲ။

လှိုင်းမှာ်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ဝေနမြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေနုအေးအေးလေး၏ ထွေးပွေ့မှုက နှစ်သက်ဖွယ်ရာပင်။ စီးဆင်းမှုတာဝန်ကို အချိန်ပြည့် ထမ်းဆောင်နေသည့် ဝေနမြစ်ရေပြင် ငေးကြည့်နေရသည့်အရသာကို 'တပ်ကြပ်အိုက်လျံ' အလွန်နှစ်သက်သည်။ တာဝန်အားလပ်သည့် အချိန်ကလေးများတွင် သည်လက်ဖက်ရည်ဆိုင်၏ သည်စားပွဲလေးမှာ လာပြီးထိုင်ဖြစ်၏။ ခလရ(၁၁)ကို ရဲဘော်သစ်ဘဝဖြင့် ရောက်စကတည်းက ဝါးယားချောင်းဈေးလေးမှာဆင်းပြီး လက်ဖက်ရည်သောက်တိုင်း သည်ဆိုင်လေးမှာပဲ သောက်ဖြစ်ခဲ့သည်။

အရင်ကတော့ သူငယ်ချင်းဖြစ်သူနှင့် ထိုင်ဖြစ်ခဲ့သည်။ ခုအချိန်မှာတော့ တစ်ယောက်တည်းသာ ထိုင်ဖြစ်တော့၏။ ဆိုင်ကလေး တည်ဆောက်ထားပုံမှာ နှစ်သက်ဖွယ်ရာပင်။ မြစ်ဘက်အခြမ်းကို လသာခန်းလေးလို ထုတ်ထားသည်။ လက်ဖက်ရည် စားပွဲများကို လသာခန်းလေးဘက်မှာ ပြင်ထား၏။ လက်ဖက်ရည်သောက်ရင်း လေညင်းခံနိုင်သည်။ မြစ်ရေပြင်နှင့် တစ်ဖက်ကမ်းရှုခင်းများ၊ သွားလာနေသော လှေကြီးလှေငယ်များကိုလည်း ငေးမောကြည့်ရှုနိုင်၏။

"ဩော် . . သူငယ်ချင်းဝင်းနိုင်ဦးရယ် . . မင်းမပါဘဲ ငါတစ်ယောက်တည်း ဒီထောင့်စားပွဲလေးမှာ လာလာထိုင်ဖြစ်ခဲ့တာ . . တစ်နှစ်ကျော်တောင်ရှိခဲ့ပြီပဲလေ။ ခုငါခံစားနေရတာတွေ မင်းများကြားရင် အပြစ်များ တင်မလား . . . ငါ့ကိုခွင့်လွှတ်ပါကွာ"

'တပ်ကြပ်အိုက်လျံ' ရင်တွင်းစကားကို တစ်ယောက်တည်း ပြောနေမိသည်။ တပ်မတော် လက်ဖက်ရည်ဆန်ဆန် ဖျော်ခိုင်းထားသော လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်၏။ အချိုတွဲတွဲကလည်ချောင်းမှတစ်ဆင့် ရင်ဘတ်ထဲသို့ တောက်လျှောက် စီးဝင်သွားသည်။ သို့သော်လည်း ရင်ဘတ်ထဲမှ ခံစားချက်ကို ယုတ်လျော့သွားအောင် တိုက်စားမသွားနိုင်ခဲ့ပေ။

"ဟူး"

သက်ပြင်းတစ်ချက်ကို အသာအယာမှုတ်ထုတ်ရင်း ဝေနမြစ်ပြင်ကို ငေးကြည့်မိပြန်သည်။ မြစ်ရေအလျဉ်ကတော့ သူ့ကို ဂရုမထားသလို ဆက်လက်ပြီး စီးဆင်းနေ၏။ မြစ်ရေစီးကြောင်းနှင့်အတူ 'တပ်ကြပ်အိုက်လျံ' ၏ စိတ်အစဉ်တို့သည်လည်း လိုက်ပါစီးဆင်းသွားတော့သည်။

"ဟေ့ ရှမ်းကြီး . . . မင်းနဲ့ငါ ရဲဘော်သစ်ဘဝတည်းက ဒီဆိုင်လေးမှာ သောက်လာတာ ဒီနေ့ လက်ဖက်ရည်က အရသာအရှိဆုံးပဲဟေ့။ လေ ကလေးကလည်း တဖြူးဖြူးနဲ့ တောက် . . ပတ်ဝန်းကျင်ရှုခင်းက လည်း ဒီနေ့မှ သာယာလိုက်တာ လက်ဘက်ရည် နောက်တစ်ခွက်ပေး ပါဦးဗျို့"

"ဟကောင် ဝင်းနိုင်ဦး . . မင်း အစာအိမ်များ ပေါက်နေတာလား ပလာတာ(၃)ချပ်၊ လက်ဖက်ရည်(၂) ခွက်ဆိုတော့ ငါ့တစ်ဖက် (ဒုတပ်ကြပ် တစ်ရစ်ကို ဆိုလိုသည်)ကလေးကပ် တာနဲ့ မညီမျှဘူးကွ"

ဝင်းနိုင်ဦးက နင်နေသော ပလာတာကို လက်ဖက်ရည်ဖြင့် အတင်း မျှောချရင်း လက်သုတ်ပဝါဖြင့် ပါးစပ်ကို သုတ်လိုက်၏။ ပြီးလျှင် စီးကရက်တစ်လိပ်ကို ဟန်ပါပါ မီးညှိဖွာရှိုက် ရင်း စကားဆက်လေသည်။

"ဒီမှာရှမ်းကြီး . . . မင်းဆိုတဲ့ 'အိုက်လျံ'နဲ့ ငါဆိုတဲ့ 'ဝင်းနိုင်ဦး' ရဲဘော်သစ် ဘဝတည်းက တစ်ပတ်စဉ် တည်း သေတူရှင်ဘက်တွေပါကွ။ မင်း ခုလို တိုက်ပွဲထူးချွန်နဲ့ တစ်ရစ်ရတာ ဂုဏ်ယူစရာ မကောင်းဘူးလား။ မင်း အတွက် ငါ ဝမ်းသာလွန်းပြီး ဝမ်းပါ ဟာသွားလို့ပါကွာ။ ပြီးတော့ ငါ့အတွက် လည်း ဒီနေ့ဟာ ကံထူးတဲ့နေ့ ဖြစ်နေ လို့ပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော ‥ ထားပါတော့၊ ငါ့အတွက်ဝမ်းသာလို့ စားတာသောက်တာကတော့ ဟုတ်ပါပြီ။ မင်းအတွက်ကံထူးတာက ဘာလဲ၊ ရှင်းပြပါဦးကွ"

'ဝင်းနိုင်ဦး'က စီးကရက်တိုကို မြစ်ပြင်ပေါ်သို့ တောက်ထုတ်ပစ်လိုက်၏။ ပြီးလျှင် ဘယ်ဘက်ရင်အုံကို လက်နှင့်ပုတ်ပြရင်း –

"ဟောဒီက ငါ့နှလုံးသားမှာ တိုင်းရင်းသူလေးတစ်ယောက်နဲ့ လက်ထပ်ဖို့ ဒီကနေ့ တံဆိပ်ရိုက်ခဲ့ပြီလေ။ ထူးခြားတာက ဒီနေ့ မင်းကလည်း တစ်ရစ်ကပ်တယ်။ ငါကလည်း ခုချိန်ထိ ဘာမှ မစားရသေးဘူး။ အဲဒီတော့ ငါ့ထက်ကံထူးတဲ့သူတောင် ငါ့လောက်ကံထူးမှာ မဟုတ်ဘူး၊ မဟုတ်ဘူးလား ရှမ်းကြီးရ"

သူပြောလိုက်သည့် တိုင်းရင်းသူလေးဆိုသော စကားက 'ဒုတပ်ကြပ်အိုက်လျံ'၏နှလုံးသားကို သွေးခုန်နှုန်းမြန်သွားစေသည်။ သူတို့နှစ်ဦးဈေးဝယ်နေကျ 'ဝါးယားချောင်းဈေး'ကုန်စိမ်းဆိုင်မှ 'နော်အဲထူး'များလားဟု ရင်မောစွာ တွေးမိသည်။ ကွမ်းယာရောင်းသည့် ရခိုင်မလေး 'မေချို'၏ဆိုင်ကိုလည်း ဒီကောင်သွားတတ်၏။ စစ်သားပဲ၊ ပွင့်ပွင့်လင်းလင်း မေးတာကောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

"ကဲသူငယ်ချင်း၊ မင်းလက်ထပ်ခွင့်တောင်းတာ ဘယ်သူလဲ။ သွက်လှချည်လား။ မင်းနဲ့ငါ့ကြားမှာ ဘာမှ (လ ‥ ဝ)လုပ်စရာမလိုဘူး"

ဝင်းနိုင်ဦးဆိုသည့်ကောင်က နည်းနည်းတော့ ကြီးကျယ်သည်။ စောစောကလို နောက်တောက်တောက် အမူအရာမျိုး မလုပ်တော့ဘဲ လေးနက်တည်ငြိမ်သည့်သည့် ပုံစံဖြင့် –

"ဒီလိုကွ . . . ငါ့အချစ်က တိုင်းရင်းသားစည်းလုံးမှုကို အရင်းခံပြီး ဖြစ်တည်လာတာဆိုရင် မှန်လိမ့်မယ်။ ငါတို့ပုဂံရာဇဝင်မှာ ကျန်စစ်သားမင်းကြီးက မွန်မင်းသမီး 'ခင်ဦး'ကို လက်ဆက်ခဲ့တာဟာ ပေါင်းစည်းမှုအတွက် အရင်းခံပဲ။ ငါက ကျန်စစ်သား မဟုတ်ပါဘူး။ ဒါပေမဲ့ စစ်သားချင်းတော့ တူတယ်နော်။ ပြီးတော့ ပြည်သူလူထုအပေါ်ထားခဲ့တဲ့ သူရဲ့စိတ်ဓာတ်ကို ငါအကြိုက်ဆုံးပဲ။ ခုလည်း မင်းဆိုရင် ငါနဲ့အခင်ဆုံးသူငယ်ချင်း ရှမ်းတိုင်းရင်းသား မဟုတ်လား။ ငါ အခုလက်ထပ်ခွင့်တောင်းခဲ့တာက 'ခင်ဦး'လို မင်းသမီး မဟုတ်ဘူး။ ဈေးသည်မလေး 'နော်အဲထူး'ပါ ရှမ်းကြီးရာ"

"ဩော် ‥ နော်အဲထူးကိုး"

'ဒုတပ်ကြပ်အိုက်လျံ'ထင်ထားသည့်အတိုင်း 'နော်အဲထူး'ဖြစ်နေသည်။ မဲနိူက်ဖို့ ရည်ရွယ်ခဲ့သော်လည်းကား ဗလာမဲက ဆီးကြိုနေသလို ခံစားလိုက်မိသည်။ ဒုတပ်ကြပ်ရာထူးအတွက် ဝမ်းသာခဲ့သော်လည်း နှလုံးလမ်းကြောင်း





www.burmeseclassic.com

www.burmeseclassic.com





ကား ကျွန်းခံခဲ့လေပြီ။ ယနေ့ လက်ဖက်ရည်ဆိုင်မှ အပြန်တွင် 'နော်အဲထူး' ထံသို့ဝင်ပြီး ချစ်ခွင့်ပန်မည်ဟု ဆုံးဖြတ်ထားခဲ့ပြီးသားဖြစ်၏။ ယခုတော့ သူမ၏ နှလုံးသားကို ပစ်ခတ်မည့် အချစ်ကျည်ဆန်များကား 'ကျည်အ'များသာ ဖြစ်ကုန်တော့သည်။ 'ဝင်းနိုင်ဦး'ကတော့ နှလုံးသားအလယ်ဗဟိုကို ဘယ်အချိန်ကများ ထိထိမိမိ ပစ်ခတ်ခဲ့သည်ကို မသိတော့ပြီ။ မြစ်ပြင်ဆီမှ တိုက်ခတ်လာသော လေနုအေးသည်လည်း သူ့ရင်ကို မအေးနိုင်တော့ပေ။ 'နော်အဲထူး'အတွက် ရည်ရွယ်ခဲ့သော အချစ်မေတ္တာတို့ကို နှလုံးသားဘဏ်တိုက်မှာ သော့ခတ်သိမ်းဆည်းရင်း မြစ်ပြင်ဆီသို့သာ အဓိပ္ပာယ်မဲ့ ကြည့်နေမိသည်။ 'ဝင်းနိုင်ဦး'၏ အားရဝမ်းသာပြောနေသော စကားများကား မကြားတစ်ချက် ကြားတစ်ချက်နှင့် ပျော်ရွှင်မှုကို မလန်းဆန်းနိုင်တော့ပြီ။ သို့သော်လည်း ဝန်တိုမှုကင်းစွာဖြင့် သူငယ်ချင်းဖြစ်သူနှင့် တိတ်တခိုး ချစ်သူတို့၏ ချစ်သူတို့လျှောက်သော လမ်းကလေး ဖြောင့်တန်းသာယာပါစေဟုသာ ဆုတောင်းမိတော့၏။

'ဝင်းနိုင်ဦး'နှင့်'နော်အဲထူး'တို့၏ မင်္ဂလာပွဲကား ကြီးကျယ်မှုမရှိခဲ့သော်လည်း သန့်ရှင်းစင်ကြယ်သော မေတ္တာတရားတို့ဖြင့် ထုံမွမ်းခဲ့သည်။ ငွေကြေးဖြင့်လက်ဖွဲ့ရန် မတတ်နိုင်သော ရဲဘော်ရဲဘက်များက ထောက်(၂၅)ပစ္စည်းများမှ ငလောလောဆယ် အသုံးဝင်သည့် ဟန်းကော၊ မတ်ခွက်၊ စောင်ကြား၊ ခြင်ထောင်၊ သဘက် စသည်ဖြင့် လက်ဖွဲ့ကြသည်။ အားလုံး ပကာ့သန မပါသော ပျော်ရွှင်မှုများဖြင့် သီချင်းဆိုသူကဆို၊ ကျွေးမွေးရေး တာဝန်ယူသူကယူ၊ သတိုးသား သတို့သမီးနှင့် တွဲဖက်၍ ဓာတ်ပုံရိုက်သူက ရိုက်၊ မူးသူက မူးနှင့် တပ်မိသားစုလေး၏ စည်းလုံးညီညွတ်မှုပြယုဂ် တစ်ခုဖြစ်ခဲ့သည်။

ဒုတပ်ကြပ်အိုက်လျံ'ပင် အချစ်ဝေဒနာများ မေ့ပျောက်ပြီး 'ရိုးသားလှတဲ့ရှမ်းကလေး၊ စားတဲ့ထမင်းဟာ ကောက်ညင်း'ဆိုသည့် စိုင်းဆိုင်မောဝ် သီချင်းကို ပျော်ရွှင်စွာ သီဆိုလိုက်သေး၏။ သူ့လစာ တစ်လစာကိုလည်း လက်ဖွဲ့ခဲ့၏။ မင်္ဂလာပွဲကလေးကား ပျော်ရွှင်စွာဖြင့် ပြီးဆုံးသွားခဲ့သည်။ ဝင်းနိုင်ဦးတို့ ခွဲ(၄)မှ ရဲဘော်များက မင်္ဂလာလက်ဖွဲ့များကို ဝိုင်းဝန်းသယ်ပိုးပြီး လိုင်းခန်းပေါ်အရောက် ပို့ပေးခဲ့ကြသည်။

'ဝင်းနိုင်ဦး'မှာ အိမ်ထောင်ကျပြီးကတည်းက လက်ဖက်ရည်ဆိုင်မထိုင်ဖြစ်ခဲ့သည်က များသည်။ 'ဒုတပ်ကြပ်အိုက်လျံ'တစ်ယောက်တည်းသာ ထိုင်နေကျ စားပွဲလေးမှာ လာလာပြီးထိုင်ဖြစ်သည်။ ဝေန်မြစ်ပြင်ကို ငေးကြည့်ရင်းဝေဒနာတွေကို ရေမှာမျှောနေမိ၏။

ရက်ကိုလစား၍ အချိန်တွေလည်း တရွေ့ရွေ့ကုန်ဆုံးလေပြီ။ 'ဝင်းနိုင်ဦး'တို့ ဇနီးမောင်နှံအိမ်ထောင်သက်(၆)လလောက်၌ ခ ◦ လ ◦ ရ(၁၁)တပ်ရင်းမှာ ကရင်ပြည်နယ်၊ မာနယ်ပလောဒေသသို့ သံလျက်စစ်ဆင်ရေးအဖြစ်ရွေ့တန်းထွက်ခဲ့ရသည်။ အိမ်ထောင်သက် နုနုမှာ ခွဲခွာရသည့် ဇနီးမောင်နှံကား အလွမ်းသယ်၍ မဆုံးနိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြသည်။ ကားတန်းထွက်ခါနီး အထိ မှာတမ်းခြွေစကားများ မကုန်ခန်းနိုင်အောင် ဖြစ်နေကြတော့၏။

'ဒုတပ်ကြပ်အိုက်လျံ'မှာ သူငယ်ချင်းဇနီးမောင်နှံနှစ်ဦး၏ ကြင်နာနေမှုကို အားလည်းကျပြီး အိမ်ထောင်သက်နုနု ခွဲခွာရမှုအတွက်လည်း စိတ်မကောင်းဖြစ်ရသေးသည်။ သို့သော် နိုင်ငံတော်နှင့် ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးဖို့ရာမှာ တပ်မတော်သားတိုင်း၏တာဝန်ပင်။ 'ငါ့နိုင်ငံတော်၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏'ဟူသော သစ္စာစကားအတိုင်း အထက်က စေညွှန်သမျှ တာဝန်ကို အသက်တစ်မျှ ကျေပွန်ကြရန် ရှေ့တန်းစစ်မြေဆီသို့ သွားကြရပေဦးတော့မည်။

တစ်ချိန်တစ်ခါက 'ငါကကျန်စစ်သားမဟုတ်ပေမဲ့ စစ်သားချင်းတော့ တူတယ်'ဆိုသည့် သူငယ်ချင်း'ဝင်းနိုင်ဦး'၏စိတ်ဓာတ်စကားကို လေးစားမိသည်။ ယခုလည်း သူ့ပုံစံကတက်ကြွပြီးတကယ့်စစ်သားကောင်းကြီးပုံပေါက်နေ၏။ ယခုတစ်ပတ် ရှေ့တန်းပြန်ဝင်လျှင်(ပရိုမိုရှင်း)မှာ သူပါမှာ သေချာသလောက် ဖြစ်နေလေပြီ။ သူတို့ဇနီးမောင်နှံ ပျော်ရွှင်ကြဦးမှာ အမှန်ပင်ဖြစ်သည်။

မာနယ်ပလောဒေသ၏ကြမ်းတမ်းခက်ထန်မှုများနှင့် ဆီး၍ ကြုံခြင်းကို သူတို့မကြာခဏကြုံကြရသည်။ တိုက်ပွဲ၊ မိုင်း၊ ငှက်ဖျား၊ ရိက္ခာရှားပါးမှု နှင့် ရောပြွမ်းနေသော သည်ဒေသမှာ အရိုင်းအယဉ်ကို ယှဉ်တွဲထားသလို ဖြစ်နေ၏။ ယွန်းစလင်းမြစ်၊ သံလွင်မြစ် တောတောင်ရှုခင်းတို့၏ သဘာဝ အလှတရားများဖြင့် ခြယ်မှုန်းထားသော သည်ဒေသမှာ အကျည်းတန်သော မငြိမ်းချမ်းမှုများနှင့် ယှဉ်တွဲလျက်ရှိနေသည်ကား စိတ်မကောင်းစရာပင်။

ခွေးအိပ်တောင်(သို့) ထွီထားဝီးကျိုး(သို့) ဖိုးဖီးရိုး ဖိုးဖိုးကို သိမ်းပိုက်ပြီးချိန်၌ တောင်ပေါ်တွင်တည်ထားသော စေတီတော်ကို 'ဒုတပ်ကြပ်အိုက်လျံ' ဖူးမြော်ခဲ့ပါသေးသည်။ အလောင်းမင်းတရား အယုဒ္ဓယသို့ချီတက်စဉ် တည်ခဲ့သော စေတီဟုသိရ၏။ စေတီတော်ကို ဖူးမြော်ခိုက် စစ်ရေးပြည့်ဝသော အလောင်းမင်းတရားကို မှန်းဆ၍ လွမ်းမိသေးသည်။

သည်မြေသည်ဒေသကို ငြိမ်းချမ်း စေချင်သည့် ဆန္ဒများလည်း 'ဒုတပ် ကြပ်အိုက်လျံ'၏ရင်တွင်းမှာ ဖြစ်ပေါ် မိသည်။

ခွေးအိပ်တောင်မှ ပြန်ဆင်းခဲ့သည့်နေ့သည် 'ဒုတပ်ကြပ်အိုက်လျံ'၏ နှလုံးသားတဆိတ် ဒေသကို ဖွဲ့ထုတ်လိုက်ရသောနေ့ ဖြစ်လာမည်ကို ကြိုတင်မသိခဲ့ပေ။ ခရီးကြမ်းကို မနားတမ်းဖြတ်သန်းနေခိုက် နေ့လယ်ပိုင်းတွင် ပွိုင့်မှ မိုင်းကွဲသံ ကြားလိုက်ရ၏။ သတင်းက ချက်ချင်း ရောက်လာသည်။

"ပွိုင့်မှာဝင်းနိုင်ဦး(မာလာ)နဲ့ငြိလို့တဲ့။ (အခြေအနေ)မကောင်းဘူး"

'ဒုတပ်ကြပ်အိုက်လျံ' နားထင်ကို သွေးစောင့်တိုးသွားသည်။ တစ်ခဏအတွင်းပင် ပွိုင့်သို့အပြေးတက်ဖြင့် ရောက်သွား၏။ 'ဝင်းနိုင်ဦး'အနားမှာ ဆေးတပ်သားက အလုပ်ရှုပ်နေသည်။

ကျန်စစ်သား မဟုတ်ပေမဲ့ စစ်သားချင်းတော့ တူပါတယ်ဆိုတဲ့ မင်းဟာ တိုင်းပြည်နဲ့ လူမျိုးအပေါ် သစ္စာရှိစွာ ကာကွယ်ရင်း ကျဆုံးခဲ့ပေမယ့် ကျန်စစ်သားလို စိတ်ဓာတ်တွေ မင်းရဲ့နှလုံးသားမှာ ကိန်းအောင်းနေမှာပါလို့ ငါယုံကြည်ပါတယ်

. . .



www.burmeseclassic.com

www.burmeseclassic.com





ညာဘက်ဒူးအောက် တစ်ညှိုလောက်မှာ မိုင်းဒဏ်ကြောင့် ဖွာထွက်သွား၏။ သွေးများကလည်း မြင်မကောင်းအောင်ပင်။ ဝင်းနိုင်ဦးမှာ ဖြူဖျော့ဖျော့နှင့် ညည်းညူနေရှာသည်။ ဆေးတပ်သားက သုံးမရအောင်ဖြစ်သွားသောနေရာကို ဖြတ်ထုတ်လိုက်ပြီး သွေးကြောချုပ်ခြင်း၊ ဆေးပတ်တီး စည်းခြင်းများ ပြုလုပ်နေသော်လည်း အခြေအနေမကောင်းသည်ကို မြင်ရုံနှင့် သိနိုင်သည်။

ဝင်းနိုင်ဦးမှာ အာဟာရမပြည့်ဝရတဲ့အထဲ ငှက်ဖျားဒဏ်ကလည်း ဖိနှိပ်ထားသေးသည်။ ဒဏ်ရာက သွေးအထွက်များသဖြင့် ခံနိုင်မှုစွမ်းအား မရှိမှာ သေချာ၏။ 'အိုက်လျံ'ကိုမြင်တော့ လက်ဟန်ဖြင့်ခေါ်၏။ သူ့အနားရောက်တော့ 'အိုက်လျံ'၏လက်ကို ဆုပ်ကိုင်ထားရင်း တစ်ခုခုပြောချင်နေပုံရသည်။ 'ဒုတပ်ကြပ်အိုက်လျံ'က လက်ကိုကာပြရင်း –

''သူငယ်ချင်းမင်းစကားမပြောနဲ့ဦး။ မောနေမယ် 'တပ်မ'ဆေးရုံကို ငါတို့ ထမ်းသွားမှာ။ အရာရှိတွေ စီစဉ်နေတယ်။ ဟိုရောက်ရင် မင်း ကောင်းသွားမှာပါ။ ပြီးတော့ ဒူးအောက်ဆိုတော့ ခြေတုနဲ့ဆိုတော့ အဆင်ပြေပါတယ်။ ခုတော့ နည်းနည်း နာတာပေ့ါ။ အားတင်းထားပါကွာ။ စစ်သားဆိုတာ သံမဏိ စိတ်ဓာတ်ပိုင်ရှင်တွေပါ။ မင်းဘာမှမဖြစ်စေရဘူး သူငယ်ချင်း''

'ဒုတပ်ကြပ်အိုက်လျံ'၏အားပေးစကားကို ညည်းညူနေသည့်ကြားမှ ခပ်ယဲ့ယဲ့ ပြုံးပြသေးသည်။ ဘယ်ဘက်အကျႌအိတ်ကို လက်ညှိုးထိုးပြနေသဖြင့် ဖွင့်ပြီး နှိုက်ယူလိုက်ရာ ဓာတ်ပုံတစ်ပုံ သာတွေ့ရ၏။ ဓာတ်ပုံကိုကြည့်လိုက်တော့ သူတို့မင်္ဂလာပွဲတုန်းကပုံ ဖြစ်သည်။ သူတို့ဇနီးမောင်နှံက မင်္ဂလာဝတ်စုံနှင့်ဖြစ်ပြီး 'ဝင်းနိုင်ဦး'က သူ့ဘေးမှ 'ဒုတပ်ကြပ်အိုက်လျံ'၏ ပခုံး ဖက်၍ ရိုက်ထားသော (၃)ယောက်တွဲပုံ ဖြစ်နေသည်။ ရုပ်ပုံတစ်ခုစီတွင်လည်း စာရေးထားသေးသည်။

'ဒုတပ်ကြပ်အိုက်လျံ'စာလုံးများကို ဖတ်ကြည့်လိုက်သည်။ 'ဝင်းနိုင်ဦး' ပေါ်တွင် ကျန်စစ်သား(သို့)ဝင်းနိုင်ဦး နော်အဲထူး ပုံပေါ်တွင်ခင်ဦး(သို့)နော်အဲထူးဟု ရေးသားသည်။ အိုက်လျံပေါ် တွင် အလွမ်းဘုရင် နတ်သျှင်နောင် (သို့)ရှမ်းပုပ်ဟု နောက်ပြောင်ပြီး ရေး ထား၏။

အမှန်တော့ တစ်ချိန်မှာ ရယ်စရာ လုပ်ဖို့ ရေးထားခြင်း ဖြစ်သည်။ ယခု တော့'အိုက်လျံ'မှာ မပြုံးမရယ်နိုင်ပါ။ သူငယ်ချင်းအဖြစ်အပျက်ကို ကြည့်၍ မျက်ရည်စက်တို့ကို ထိန်းချုပ်ထား သည်။

''လူနာထမ်းဖို့ ပခက်အ သင့်ဖြစ်ပြီ ဆရာ''



www.burmeseclassic.com

www.burmeseclassic.com



ရဲဘော်လေးနှစ်ယောက် ပုခက်ဖြင့်အနားရောက်လာပြီး ပြောလိုက်သည်။ 'အိုက်လျံ'က ဝင်းနိုင်ဦးနားနားကပ်ပြီး –

''သူငယ်ချင်းပုခက်ထဲ ပွေ့ထည့်မလို့နော် သတိထား''

'ဒုတပ်ကြပ်အိုက်လျံ' ပွေ့ချီရန်ပြင်လိုက်စဉ် ဝင်းနိုင်ဦးမှာ မျက်လုံးတစ်ချက်လှန်ကြည့်လိုက်၏။ မေးကြောကြီးများ ထောင်ထလာအောင် အံကိုကြိတ်လိုက်ရင်း ဦးခေါင်းမှာ တစ်ဖက်သို့ လည်ကျသွားတော့သည်။ နိုင်ငံနှင့်ပြည်သူအတွက် သားကောင်းစစ်သည်တစ်ယောက်(သို့)ကြယ်တစ်ပွင့်ကြွေလွင့်သွားခဲ့ရလေပြီ။

'ဒုတပ်ကြပ်အိုက်လျံ'မှာ ထိန်းချုပ်ထားသော မျက်ရည်တာရိုးကို ချိုးလိုက်တော့သည်။ ဤမြေ ဤဒေသများတွင် မငြိမ်းချမ်းသေးသ၍ သည်လိုသွေးမြေကျရသည့် အဖြစ်မျိုး ကြုံတွေ့နေကြရပါဦးမည်။ မျက်ရည်များဖြင့် ဝါးတားတား အကြည့်က ခတ်ပုံပေါ်သို့ ရောက်ခဲ့ပြန်၏။

''သူငယ်ချင်းရယ် ကျန်စစ်သားမဟုတ်ပေမဲ့ စစ်သားချင်းတော့ တူပါတယ်ဆိုတဲ့ မင်းဟာ တိုင်းပြည်နဲ့လူမျိုးအပေါ် သစ္စာရှိစွာ ကာကွယ်ရင်းကျဆုံးခဲ့ပေမယ့် ကျန်စစ်သားလို စိတ်ဓာတ်တွေ မင်းရဲ့နှလုံးသားမှာ ကိန်းအောင်းနေမှာပါလို့ ငါယုံကြည်ပါတယ်ကွာ''

''ဆရာအိုက်လျံ တပ်ခွဲမှူးကဆရာ့ကို ဗိုလ်သင်တန်းကိစ္စအတွက်နေ့လယ် ရုံးပြန်တက်ချိန်ကျရင် ယူနီဖောင်းအပြည့်အစုံနဲ့လာသတင်းပို့ပါတဲ့''

တပ်ခွဲရုံးအကူရဲဘော်လေးအသံက 'ဒုတပ်ကြပ်အိုက်လျံ'၏ အတွေးစကို ရုပ်သိမ်းပေးလိုက်သည်။

''ဩော် အေးအေး .. ကျေးဇူးပဲ ညီလေး၊ လက်ဖက်ရည်သောက်ဦးလေကွာ''

''မသောက်တော့ဘူး ဆရာ၊ ခွင့်ပြုပါဦး ခင်ဗျ''

ရဲဘော်လေးပြန်ထွက်သွားတော့မှ လက်ဖက်ရည်ဖိုးရှင်းပြီး တပ်ကုန်းပေါ် ပြန်တက်ရန် ပြင်လိုက်သည်။ ရင်တွင်းမှ ခံစားနေရသည့် ဝေဒနာကိုလည်း ယခုအပြန်တွင် ဖွင့်ပြရန် စိတ်ကူးပြီးသားဖြစ်၏။

''သူငယ်ချင်းရယ် ငါ့ကိုခွင့်လွှတ်ပါကွာ။ မင်လေ ငါ့ကိုနောက်ပြီး အလွမ်းဘုရင်'နတ်သျှင်နောင်'လို့ရေးတယ် မဟုတ်လား။ မင်းရေးသလိုငါဟာ 'နတ်သျှင်နောင်' မဟုတ်ပေမဲ့ လွမ်းတတ်တာနဲ့ စစ်တိုက်တာချင်းတော့ တူပါတယ်ကွာ။ ငါ့မှာလွမ်းစရာ 'ဓာတုကလျာ'ဆိုတာ မရှိပါဘူး။ 'ဓာတုကလျာ'ရှိခဲ့ရင်တောင် ငါ့ရဲ့အလွမ်းတွေက သူ့အတွက်မဟုတ်ဘူးဆိုတာ ကျိန်ပြောရဲပါတယ်။ ငါ့ရဲ့အလွမ်းတွေက ပထမဆုံးမင်းဆိုတဲ့'ဝင်းနိုင်ဦး' အတွက်ပဲဆိုတာ ဝေန်မြစ်ကြီးနဲ့ သည်လက်ဖက်ရည်စားပွဲလေး သိလောက်ပါတယ်ကွာ။ နောက်ပြီး ဟိုးအရင်ကတည်းက ချစ်လည်းချစ်၊ လွမ်းလည်းလွမ်းခဲ့ရတာကတော့ မင်းရဲ့ ခင်ဦး(သို့)နော်အဲထူးကိုပါ။ ခွင့်လွှတ်ပါ ကျန်စစ်သား နှလုံးသားပိုင်ရှင်ရယ်။

ငါဘာလို့ ဒီလိုဆုံးဖြတ်ရတာလဲဆိုတာ မင်းက သိမှာမဟုတ်ပါဘူး။ မင်းကတော့ မာနယ်ပလောဒေသရဲ့ တစ်နေရာမှာ ကြွေခဲ့ရရှာပြီပဲလေ။ 'နော်အဲထူး'ကတော့ မင်းမရှိတဲ့နောက်ပိုင်း ဘဝကြမ်းကို ဖြတ်သန်းနေရတာ ငါ မကြည့်ရက်ပေမဲ့ ဖွင့်ဟဖို့ ဆွံ့အနေခဲ့တယ်။ ဒီနေ့တော့ ငါ့ဘဝမှာ စိန်ခေါ်မှုအသစ်တစ်ခုတိုးခဲ့ပြီသူငယ်ချင်း။ ငါတပ်ကြပ်ရာထူးတိုးခဲ့ပြီး ဗိုလ်သင်တန်းဝင်ခွင့်ဖြေဖို့ အခွင့်အရေးရလာခဲ့တယ်။ အောင်မြင်အောင်လည်း ငါကြိုးစားမယ် သူငယ်ချင်းရယ်။

မင်းရဲ့မပြီးဆုံးသေးတဲ့ တာဝန်တစ်ခုကို ငါ ဆက်လက်ထမ်းဆောင်ရင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဦးတည်ချင်တယ်ကွာ။ ငါဒီဆိုင်လေးက အပြန်မှာ 'နော်အဲထူး'ရဲ့ကုန်စိမ်းဆိုင်လေးကိုဝင်ပြီး လက်ထပ်ခွင့် တောင်းတော့မယ် သူငယ်ချင်း။ မင်းလေ(၃၁)ဘုံရဲ့ တစ်နေရာရာကနေ ငါ့ရဲ့ဆုံးဖြတ်ချက်ကို သိနေမယ်ဆိုရင် 'ခွင့်လွှတ်ပါကျန်စစ်သားနှလုံးသားပိုင်ရှင်ရယ်'လို့သာ တောင်းပန်ပါရစေတော့ သူငယ်ချင်းရယ်''

'တပ်ကြပ်အိုက်လျံ'တစ်ယောက် ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် လက်ဖက်ရည်ဆိုင်လေးအတွင်းမှထွက်ခွာသွားလေတော့သည်။ ဝေန်မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးလေးများက ဝါးယားချောင်းကမ်းပေါ်သို့ ညင်သာစွာ တိုက်ခတ်လာသည်မှာ အေးချမ်းကြည်နူးဖွယ်ရာပင် ဖြစ်တော့သည်။

**ခြူးရဲသန့်**



www.burmeseclassic.com

www.burmeseclassic.com



## တဲကလေးနဲ့ အမေအို

လေအတိမ်းမှာ
ယိမ်းကနေတဲ့ တဲကလေး
တိုင်ငယ်သေးသေးလေး ယိုင်နဲ့နဲ့
အကာအဆွေးပေါက်ပြ
ကျိုးတိကျဲတဲ ခေါင်မိုးစုတ်နဲ့
မိုးသည်းလေထဲ
အိမ်ငယ်လေးထဲက အမေအို
ဘယ်လိုနေရှာမလဲ သီချင်းရဲ့
အို ‥ မုဆိုးမနေတဲ့ တဲကလေးတဲ့။

အောင်ခေတ်မင်းခိုင်(မှုံ)



---

အမှတ်စဉ်(၁၄၆) ဇန်နဝါရီလအတွက်

**ရွေးကဗျာစာရင်း**

| | | |
|---|---|---|
| ၁။ | တိုးဝေ | ပေါ်မန္တနဲ့တူတူပုန်းတမ်း |
| ၂။ | ရဲမြင့်နောင် | ငါတို့ရဲ့ လျှောက်လှမ်း |
| ၃။ | လမင်းသစ္စာ | သေမှာမကြောက်သူများ |
| ၄။ | လဝင်း | ဟောဒီမိုးရေစက်တွေက အမေ့ရွာချလိုက်တာပေါ့ |
| ၅။ | မောင်ခင်မှိုင်း(ချောက်) | အပြာ |
| ၆။ | နွေဦးမိုးချမ်း(အနန်းပင်မြေ) | လရောင်မဲ့ပန်း |
| ၇။ | ကြယ်လင်းအိမ် | ပြောမနာဆိုမနာ ဆံပင်ကောက် |
| ၈။ | ခေတ်ဆန်းကို | ကြယ်ကလေးတွေကို လင်းစေချင် |



www.burmeseclassic.com

www.burmeseclassic.com



# စိန်ဝင်းမော်

## ငရဲမှာ ၉၃ ရက်ကြာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ခင်ပွန်း "အဲရစ်"က "ငါတော့ မကြိုက်ဘူးကွာ"ဟု ကြိမ်ဖန်များစွာ ပြောသည်။

"ကျွန်မ ရွေးစရာလမ်းမရှိဘူး။ အရင်တစ်ခါတုန်းကလည်း ပယ်ဖျက်ခဲ့ပြီးပြီ။ ကျွန်မက ဖျားနာနေတာမှမဟုတ်တာ သူတို့ကိုဘာပြောရမလဲ"

ကျွန်မတို့နေထိုင်ရာ ဆိုမာလီနိုင်ငံ "ဟာဂေးဆာ"မြို့မှ ထွက်ခွာ၍ တောင် ပိုင်းရှိ "ဂယ်(လ်)ကာယို"သို့ ခရီးသွားရန်မှာ အချိန်ကောင်းမဟုတ်။ ကျွန်မ၏ NGO(အစိုးရမဟုတ်သော အဖွဲ့အစည်း)က ထိုနေရာနားတွင် ရုံးတစ်ရုံး ဖွင့်ထားသည်။ ထိုနေရာကား အန္တရာယ်များသော Green Line ခေါ် အစိုးရထိန်းချုပ်နယ်မြေနှင့် အစွန်းလမ်းစဉ်အဖွဲ့များ သောင်းကျန်းကြီးစိုးရာ နယ်မြေကို ပိုင်းခြားထားသော မျဉ်းအလွန်တွင်ရှိသည်။

ကျွန်မက မည်သည့်အခါကမျှ ကြေးစား စစ်သားမဆန်ခဲ့။ ၂၀၀၆ ခုနှစ်၌ ကျွန်မ၏ဘဝကို အာဖရိကနိုင်ငံ "ကင်ညာ"တွင် ကျောင်းဆရာမအဖြစ် စတင်ခဲ့သည်။ ထိုမှာတွင် ဆွီဒင်မှ အာဖရိကသို့ အရဲစွန့် ရောက်လာခဲ့သည့် "အဲရစ်"နှင့်တွေ့ခဲ့သည်။

ကျွန်မတို့ ၂၀၀၉ ခုနှစ်တွင် လက်ထပ်ခဲ့ကြကာ "ဆိုမာလီ"နိုင်ငံတွင် နေထိုင်ခဲ့ကြသည်။ ကျွန်မက ဒိန်းမတ် NGO တစ်ခုတွင် အလုပ်လုပ်ကာ ပြည်သူများအား စစ်အတွင်း လက်နက်ခဲယမ်းမီးကျောက်များနှင့် ခြေပြတ်လက်ပြတ်ဖြစ်စေသော မြေမြှုပ်မိုင်းများအား ရှောင်ရှားပုံကို ညွှန်ကြားပြသရသည်။

သို့သော် ကုသိုလ်ဖြစ် လုပ်ငန်းက အကြမ်းဖက်ရက်စက်ကြမ်းကြုတ်မှုမှ အကာအကွယ်မရှိပါ။ စိုးရိမ်စရာတစ်ခုမှာ ဆူဒန်နိုင်ငံတောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသော လူမျိုးစုတိုက်ပွဲများကြားတွင် ပိတ်မိနေမည့်အရေးပင်။ ခြောက်လကြာအပြီးတွင် ကျွန်မတို့ သွားမည့်လမ်း၌ ဘတ်(စ်)ကားတစ်စီး ဗုံးခွဲတိုက်ခိုက်ခြင်း ခံခဲ့ရသည်။ အခြား ပူပန်မှုမှာ ဓားပြများဖြစ်သည်။ အနောက်တိုင်းသားများက ငွေမြန်မြန်ရမည့် အခွင့်အလမ်းပင်။ ကျွန်မတို့က ဒေသကိုအကြောင်းကိစ္စ မရှိဘဲ ခရီးမထွက်။ သွားလျှင်လည်း အမြဲလုံခြုံရေးပါရသည်။

ကျွန်မ၏ NGO အဖွဲ့က အစည်းအဝေးမှာ အရေးကြီးသည်ဟု ထင်သည်။ အဖွဲ့၏လုံခြုံရေး အကြံပေးကလည်း ဒေသတွင်း ခရီးသွားရန် လုံခြုံကြောင်းအတည်ပြုပေးသည်။ ၎င်းတို့၏ သတင်းအချက်အလက်ကို အားမကိုးရလျှင် အလုပ်မဖြစ်နိုင်ပေ။ သို့နှင့် ကျွန်မအတွက် အစီအစဉ်က "ဟာဂေးဆာ"မှ "ဂယ်(လ်)ကာယို"သို့ လေယာဉ်ဖြင့် သွားကာ ထိုမှတစ်ဆင့် လုံခြုံရေးအဖွဲ့နှင့်အတူ တောင်ပိုင်းသို့ သွားရန်ဖြစ်သည်။

ကျွန်မ၏ အဖွဲ့သား ဒိန်းမတ်နိုင်ငံမှ "ပိုး(လ်)သစ်(စ်)တက်"က သွားနှင့်ပြီ။ သို့နှင့် ကျွန်မက ကုလသမဂ္ဂလေယာဉ်ဖြင့် "ဂယ်(လ်)ကာယို"သို့ လိုက်ခဲ့သည်။ ကျွန်မတို့က အဖွဲ့၏ ဧည့်ဂေဟာတွင် တစ်ညနားသည်။ မျဉ်းစိမ်း၏ မြောက်ဘက်တွင်ဖြစ်၏။ "အဲရစ်"က ဖုန်းစကားပါးသည်။ "ချစ်တယ်၊ ဘေးအန္တရာယ်ကင်းပါစေ"

ကျွန်မတို့ရုံးသို့ရောက်သောအခါ ခပ်လှမ်းလှမ်းမှ သေနတ်သံများကြားရကာ အန္တရာယ်ကို သတိထားရန်ပြောသည်။ အပြင်ဝရန်တာတွင် ထွက်မထိုင်ကြ။ ကျွံလာသော ကျည်ဆန်ထိမည်စိုးသောကြောင့်ပင်။

ကျွန်မတို့မြောက်ပိုင်းညှဲ့ဂေဟာသို့ပြန်ရန် မိနစ်(၂၀)သာကြာမည်။ လင်ကရူဇာကား၏ နောက်ခန်းသို့ ကျွန်မက တက်ကာ"ပိုး(လ်)"က ရှေ့ခန်းတွင် နေရာယူလိုက်သည်။ ကျွန်မတို့၏ ဒေသခံလုံခြုံရေး မန်နေဂျာက နောက်ခန်းတွင် ကျွန်မနှင့်အတူ ထိုင်သည်။ ယာဉ်မောင်းက အသစ်ဖြစ်ကြောင်း သတိပြုမိသည်။ သာမန်အားဖြင့် အကျိုးအကြောင်းမေးမိမည်။ သို့သော်"ပိုး(လ်)"က ဂရုစိုက်ဟန်မပြ။ သို့နှင့် ကျွန်မကလည်း ငြိမ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သွားနေကျ ခရီးပါ။ (၁၀)မိနစ်ခန့်သာကြာမည်။

ဒိုင်လူကြီးခရာမှုတ်လိုက်သည့်ပမာ တိုက်ခိုက်မှုကစတင်တော့သည်။ ကားကြီးတစ်စီးက ကျွန်မတို့ကားဘေးသို့ ထိုးတက်လာကာ ရပ်လိုက်သည်။ ရွံ့များက ကျွန်မတို့၏ ကားမှန်ကိုပေကျံကုန်သည်။ အေကေ(၄၇)သေနတ်များ ကိုင်ဆောင်ထားသောလူများက ကားကိုဝိုင်းထားကာ အော်ဟစ်လျက် တံခါးများကို ထုရိုက်နေကြသည်။

ဆိုမာလီနှစ်ယောက်က ကားတံခါးကို ဆွဲဖွင့်ကာ အထဲသို့ခုန်ဝင်သည်။ တစ်ဦးက လုံခြုံရေး မန်နေဂျာကို ဆုပ်ကိုင်လိုက်သည်။ ထိုသူမှာ(၁၈၀)စင်တီမီတာခန့်မြင့်ကာ(၆ ပေနီးပါး)ပုံမှန် ဆိုမာလီတစ်ဦးထက် ထွားသည်။ သူက နောက်ပိုင်းတွင် သူ့နာမည်''အလီ''ဖြစ်ကြောင်းပြောသည်။ သူ့မျက်နှာက ဝက်ခြံအမာရွတ်များနှင့် ကတ္တရာလမ်းပမာ မျက်လုံးများက''ခက်''(Khat)ခေါ်ဆေးခြောက်တစ်မျိုး ဝါးထားသောကြောင့် ကြောင်နေသည်။ ထိုဆေးရွက်''ခက်''ကနည်းငယ်ဆိုလျှင် စိတ်ကြွစေပြီးများများသုံးစွဲက စိတ်ကိုပြောင်းလဲစေနိုင်သည်။

ဆေးကြောင်နေသော မျက်လုံးများနှင့် ''အလီ''က ကျွန်မဘေးသို့ ခုန်ဝင်ကာ အေကေ(၄၇)ဖြင့် ကျွန်မခေါင်းကို ချိန်ရွယ်ထားသည်။ ထိုအခိုက်ကျွန်မတို့၏ ယာဉ်မောင်းသစ်ကညီသူ့လူဆိုသည်မှာ ပေါ်လွင်လာသည်။ သူက အမူးသမားလို ကားကိုအမြန်မောင်းတော့သည်။ ကျွန်မတို့မှာ နောက်ခန်းတွင် ယိမ်းယိုင်ပြိုလဲကုန်၏။



စာရေးသူ ဂျက်စီကာဘူချနင် (ဆိုမာလီဓားပြများလက်တွင်း ကန္တာရမှတာကြီးမျက်မည်းတွင်း၌ (၉၃)ရက်ကြာနေခဲ့ရသူ)

''အလီ''နှင့်အဖော်က ကျွန်မတို့၏ မျက်နှာများကို သေနတ်နှင့်ထွေယမ်းကာ အင်္ဂလိပ်လိုအော်သည် ''မိုဘိုင်း''။

ကားက တောနက်ထဲလမ်းကြမ်းများဆီသို့ ဝင်သွားသည်။ ''အလီ''က ကျွန်မတို့၏ ဖုန်းများကိုယူပြီးနောက် ''ပိုးလ်''ကို နောက်ခန်းသို့ပြောင်းစေကာ သူက ယာဉ်မောင်းနှင့်အတူယှဉ်၍ ထိုင်သည်။

ကျွန်မက ခေါင်းမော့၍''ပိုး(လ်)''နှင့် မျက်လုံးချင်းဆိုင်ကာ တိုးတိုးမေးလိုက်သည်။ ''ဘာတွေဖြစ်နေတာလဲ''

သူကလေသံပျော့ဖြင့် စိတ်ပျက်ဖွယ်ဖြေသည်။ ''တို့ပြန်ပေးဆွဲခံရတာ''

ဆိုမာလီများက''ပိုး(လ်)''ကို ပါးစပ်ပိတ်ထားရန် အော်ငေါက်သည်။ သူတို့က တယ်လီဖုန်းများကို ဆွဲထုတ်ကာ အမည်မသိ အဖော်များနှင့် အသံကုန်ဟစ်၍ပြောဆိုနေကြသည်။ —

တစ်ဦးတည်းသော မိန်းမသားဖြစ်သည့် ကျွန်မမှာ အများဝိုင်း၍ မတရားပြုကျင့်ကြမည်ကို ကြောက်ရွံ့မိသည်။ လူဆိုးများ ဖမ်းဆီးခြင်းခံရသော အခြားအမျိုးသမီးအများအပြား(ဆိုမာလီ(သို့မဟုတ်)နိုင်ငံခြားသူ)မှာ ထိုသို့ပြုကျင့်ခြင်းခံကြရသည်။

''ပိုက်ဆံ''ဟု''အလီ''က အော်သည်။ ''ပိုး(လ်)''က မရှိကြောင်းပြောသည်။ ကံအားလျော်စွာ သူတို့ကစမ်းသပ်ရှာဖွေခြင်းမပြု။

''အလီ''က ကျွန်မတို့၏ လက်ဝတ်ရတနာများကို ညွှန်ပြ၍ ဆိုမာလီလိုအော်သည်။ ကျွန်မ၏ တချွင်ချွင်မြည်သော လည်ဆွဲကိုဖြုတ်ရာ သူကမဲ့ရွဲ့၍ခေါင်းခါသည်။ သူတို့ကပစ္စည်းကောင်းသာလိုချင်သည်။

ကျွန်မက စားစခံအကြောင်း လေ့ကျင့်ခန်းလေးကိုပြန်သတိရမိသည်။ သင်ကြားသူများက ဒေါသကိုထိန်းရန် အရေးကြီးကြောင်းနှင့် မလိုအပ်ဘဲ ပဋိပက္ခမဖြစ်ရန် အရေးကြီးကြောင်း အလေးအနက်မှာကြားသည်။

လူဆိုးများက စိတ်လှုပ်ရှားနေကြပေမည်။ မရည်ရွယ်ဘဲသော်လည်း နှိုးဆွသလိုဖြစ်ကာ ကျွန်မတို့ကိုသတ်ကြပေလိမ့်မည်။ သင်တန်းဆရာများက အသက်ရှင်လျက်ရှိကြောင်း ပြောကြားရန် တယ်လီဖုန်းနံပါတ်ကို မှတ်ထားရန် တိုက်တွန်းခဲ့သည်။

ပြန်ပေးအဆွဲခံရစဉ် အသက်ရှင်ရန် အထောက်အကူပြုမည့် တစ်ခုတည်းသော နည်းလမ်းမှာငွေပေး၍ပြန်ရွေးနိုင်မည့် အရင်းအမြစ်ပင်။ ကျွန်မက''အဲရစ်''၏ ဖုန်းနံပါတ်ကို မမေ့



www.burmeseclassic.com

www.burmeseclassic.com



သို့တစေ အသက်ရှင်လျက်ရှိကြောင်း အထောက်အထားပေးရန်မှာ ငွေကြေးရလိုမှုကြောင့် ပြန်ပေးဆွဲခြင်းအတွက်သာ အရေးပါသည်။ နိုင်ငံရေးအရ၊ ဘာသာရေးအရ ကျွန်မတို့ကိုပြန်ပေးဆွဲခဲ့သော် ဘာမျှမတတ်နိုင်။ လူပုံအလယ်တွင် ရက်စက်စွာ အသတ်ခံရရုံရှိမည်။

သူတို့၏ ရည်ရွယ်ချက် စကားသံကို မကြားရသေး။ သူတို့မည်သူတွေနှင့် ဘယ်သို့ခေါ်သွားနေသည်ကိုမသိရ။ "ပိုး(လ်)"နှင့် ကျွန်မတို့က စိုးထိတ်စွာ ငဲ့စောင်းကြည့်ကြရုံမျှသာ တတ်နိုင်သည်။

ကျွန်မတို့က ကားပြောင်းစီးကြရသည်။ ယာဉ်မောင်းလည်း လဲသည်။ လက်နက်ကိုင်လူတစ်စု ခုန်တက်လာကြသည်။ ကျည်ဆန်ကတ်များကို ပခုံးတွင်သိုင်းထားကြသည်။ ညအထိမညီမညာ လမ်းအ[illegible]ကားကို မောင်းကြသည်။ နောက်ဆုံးတွင် ကားကိုရပ်လိုက်သည်။ "အလီ"က ကျွန်မတို့ကို ကားပေါ်မှဆင်းရန် [illegible]ပေးသည်။ ထိုအချိန်တွင် ကျွန်မအလွန် အိပ်ချင်နေပါပြီ။ ကြောက်စိတ် အေးဂက်စက်က လွှမ်းခြုံလာသည်။

"လမ်းလျှောက်"ဟုကွင်းပြင် ချုံတောဆီသို့ ညွှန်၍"အလီ"ကအော်သည်။

ထိုသို့ပြောပြီး သူကဆောင့်ထွက်သွားသည်။ သူက ကျွန်မတို့နှင့် အတူမသွား။ လမ်းလျှောက်ရန် ခပ်ကြမ်းကြမ်း အော်သံများ ထပ်ထွက်လာသည်။ ကျွန်မ ငြိမ်မနေနိုင်တော့။

"ဘာပြုလို့လဲ"ဟုထိုသူများကိုကြည့်ကာ ကျွန်မက အော်သည်။

ကျွန်မအတွက်တော့ ကွပ်မျက်ရန် သဘောဆောင်နေသည်။ ကျွန်မ၏ ဝမ်းဗိုက်မှာ ရေခဲတုံးကြီးပမာအေးစက်နေသည်။ ကျွန်မက နေရာမှမရွေ့ပဲ ငြင်းဆန်နေသည်။ လူဆိုးများကလည်း အော်ဟစ်အမိန့်ပေးနေသည်။ လူတိုင်းက ဆေးရွက်များစားသုံးထားကြသည်။ မျက်ထောင့်များနီနေကာ သွေးရူးသွေးတန်း နီးပါးဖြစ်နေကြသည်။

ကျွန်မက အိတ်ငယ်ကိုညွှန်ပြကာ ဝိုယိုပြောသည်။ "ကျွန်မရဲ့ဆေးတွေယူခဲ့ဖို့လိုအပ်ပါတယ်"ကျွန်မ၏ သိုင်းရွိုက်အကျိတ်များကိုဆေးနှင့်ထိန်းရပါမည်။ သို့မဟုတ်က မောပန်းမည်၊ ကိုယ်လက်ရောင်ရမ်းကာ ပြဿနာတက်မည်။

မျက်တောင်မခတ်ကြည့်နေကြသူများကို စိုက်ကြည့်လျက်"ကျွန်မရဲ့ဆေးတွေလိုအပ်ပါတယ်"ဟုပြောလိုက်သည်။

နောက်ဆုံးတွင် တစ်ဦးက သဘောပေါက်သွားကာ အိတ်ငယ်လေးကို ယူခွင့်ပြုသည်။ အကယ်၍သာ ကျွန်မတို့ကို သတ်မည်ဆိုက ဘာမျှမလိုအပ်တော့ပါ။ သို့တစေ ကျွန်မကတော့ တတ်နိုင်သမျှ အချိန်ဆွဲပါမည်။

ကျွန်မကဒ္ဒ ကြောက်စိတ်များမွှန်ထူပြီး သူတို့၏အမိန့်အတိုင်းမလုပ်မိ။ ထိုစဉ် "ပိုး(လ်)"က ကပ်လာကာ ကျွန်မလက်မောင်းကို အသာအယာကိုင်လျက် "ဘာမှမဖြစ်ပါဘူး ဂျက်စီကာ" ဟု တိုးညင်းစွာဆိုသည်။ "သူတို့ပြောတဲ့အတိုင်းလုပ်ရမှာပဲ""မဟုတ်ဘူး"ပိုး(လ်)" ဟု ကျွန်မကလေသံဖြင့် "သူတို့ကျွန်မတို့ကို သတ်လိမ့်မယ်"

"ဂျက်စီကာ–တို့မလိုက်လျှောရင် ဒီနေရာမှာတွင် သေပွဲဝင်ရလိမ့်မယ်"

ကျွန်မက လူဆိုးများကိုလှည့်ကြည့်လိုက်သည်။ အချို့က သေနတ်များနှင့် ချိန်ရွယ်ထားကြသည်။ ဘာမျှမတတ်နိုင်တော့ပြီ။ မိနစ်အနည်းငယ် အသက်ဆက်နိုင်ရေးအတွက် လုပ်ရတော့မည်။ လုံခြုံသော မော်တော်ကားဆီသို့ နောက်ဆုံးအကြိမ်ငဲ့စောင်းကြည့်ကာ လက်လျှော့လိုက်သည်။ တောနက်ထဲသို့ လျှောက်လှမ်းဝင်ခဲ့သည်။ "ကျွန်မသေရမှာ ငယ်ပါသေးတယ်"ဟု "ပိုး(လ်)"ကို တိုးတိုးရေရွတ်မိသည်။ သူက မျက်နှာသေဖြင့် ကျွန်မကို တစ်ချက်ကြည့်ကာ ဆက်လျှောက်သွားသည်။

လူဆိုးများက နောက်မှလိုက်လာကြသည်။ အချို့ကလက်နက်ကြီးများ သယ်ဆောင်လျက် အချို့ကကျည်ကတ်များကို စလွယ်သိုင်းထားကြသည်။ ကျွန်မ စဉ်းစားရမည်။ စိတ်ကိုကြည်လင်စွာထားရမည်။ လက်နက်ကြီးများ ဘယ့်အတွက်လိုသလဲ၊ အကာအကွယ်အတွက်ပဲလား၊ ကျွန်မတို့ ထွက်မပြေးအောင်လား။ ဒါမှမဟုတ် ကျွန်မတို့ကို လုယူမသွားနိုင်အောင်လား။

ကျွန်မတို့ကိုချုံပုတ်ထဲသို့ဆက်ခေါ် သွားသည်။ ညလေက အေးလာကာ ကျွန်မ တုန်လာသည်။ "ပိုး(လ်)" အနီးတွင်ရှိသည်။ သို့သော် စကားပြော ခွင့်မပေး။ ကျွန်မ၏ခြေညှပ်ဖိနပ်ထဲ မြေလမ်းကိုခံနိုင်သည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ပင်များက ခြေဖမိုးကိုခြစ်သည်။

ကျွန်မ မငိုဘဲမနေနိုင်။ သို့သော် တတ်နိုင်သမျှ မျိုသိပ်ထားသည်။ နောက်ဆုံးတွင် အခြားနေရာများနှင့် မထူးခြားသော တစ်နေရာကိုရောက်ရှိလာခဲ့သည်။ ဒီအတိုင်းသေရတော့မှာလား။ ကျွန်မက ဘုရားသခင်ကိုစိတ်ထဲမှအော်ပြောမိသည်။ "သေဖို့ကျွန်မငယ်လွန်းပါသေးတယ်" ကိုယ့်ကိုယ်ကိုလည်း အထပ်ထပ်အခါခါ ပြောမိသည်။

"သေဖို့ ငယ်လွန်းပါသေးတယ်"

လူဆိုးများက ကျွန်မတို့ကိုဒူးထောက်ခိုင်းကာ ပက်လက်လှန်စေသည်။ ကျွန်မကျောမှ ကြွက်သားများ တွန့်လာသည်။ အကူအညီနှင့်ခွန်အားအတွက် ဆုတောင်းမိသည်။ ထိုစဉ်လူဆိုးတစ်ဦးက အော်သည်။ "အိပ်"သူတို့က ကျွန်မတို့ကို မြေပေါ်သို့တွန်းချကာ "အိပ်"။

အိပ်ရမည်၊ ဒီအတိုင်းအိပ်ရမည်။ ကျေးဇူးတင်မိသည့်အတွက် ကျွန်မကိုယ်ကျွန်မ မုန်းမိသည်။ သို့သော် "အိပ်"ဆိုသော စကားက ချိုမြိန်လှသည်။ ပြစ်ဒဏ်မှလျှော့ပေါ့မှု တစ်ခု။ ကရုဏာနှင့် နီးနီးစပ်စပ်။

သို့တိုင် ထိုညကအိပ်မရ။ ခဏတဖြုတ်မှေးရုံသာ။ နေရောက်လာသောအခါ ကျွန်မ အသက်ရှင်နေတုန်း။ ပင်ပန်းနွမ်းနယ်နေသည့်ကြားမှ စိတ်ပေါ့ပါးလာသည်။

နေရောက်သည်နှင့် သူတို့က ကျွန်မတို့ကို နေရာသစ်ဆီသို့ ချီတက်စေပြန်သည်။ ကျွန်မက ထွက်ပြေးရန် စဉ်းစားသည်။ သတင်းအချက်အလက် စုဆောင်းသည်။"ပိုး(လ်)"ကအသုံးတည့်မည့် အရာမှန်သမျှ စိတ်ဖြင့်မှတ်သားထားကြောင်း အရိပ်အမြွက်ပြောသည်။ အစီအစဉ် တစ်ခုတော့ မဟုတ်။ အစိတ်အပိုင်းတစ်ခုတော့ ဖြစ်ဖွယ်ရာရှိသည်။

ကျွန်မတို့က ကပြားစကား လက်ဟန်ခြေဟန်တို့ဖြင့် အဖွဲ့သို့ ဖုန်းဆက်ခွင့်တောင်းသည်။ သို့သော်မရ။ သူတို့၏ "ချယ်ယာမင်"၏ ခွင့်ပြုချက်စောင့်နေသည့် သဘောမျိုးပြောသည်။ တော်သေးတာပေါ့။

ကျွန်မက အပေါ့သွားရန် ခွင့်တောင်းရာ ခွင့်ပြုသည်။ ချောင်ကျကျ ချုံပုတ်တစ်ခုကို ရွေးကာနောက်မှလူလိုက်ခြင်းရှိမရှိ ကြည့်သည်။ အပြင်သို့ကြည့်လိုက်ရာ လမ်းလေး တစ်ခုကို မြင်ရသည်။ ထွက်ပြေးမည်ဟုကြံမိသည်။ ဒါပေမဲ့ ဘယ်ကိုလဲ။ ဘယ်ရောက်နေမှန်းမသိ၊ ငွေမရှိ၊ အထောက်အထားစာရွက်စာတမ်းမရှိနှင့် အောင်မြင်ဖွယ်မရှိ။ ပြီးတော့ "ပိုး(လ်)"ကို သူတို့ကလဲ့စားချေကြမည်။

ထို့နောက်"အဗဒီ"ဆိုသူက သူ့ကိုယ်သူမိတ်ဆက်လာသည်။ အင်္ဂလိပ်စကားအတန် ပြောတတ်ကာ ကျွန်မတို့ကို သတ်မည်မဟုတ်ကြောင်း ကတိပြုသည်။ သို့သော် သူတို့ငွေလိုသည်။ ငွေကြေး အမြောက်အမြား၊ ချုံပုတ်ထဲအခင်းသွားလိုက်၊ ကြွက်အိပ်ကြွက်နိုးအိပ်လိုက်နှင့် ကိုယ်လက်စော်ကားမှုမရှိဘဲ ကျွန်မ၏စိတ်များပြေလျော့လာသည်။ "အဗဒီ"ပြောသည်များ မှန်ကန်ပေမည်၊ အခိုက်အတန့်တွင်ပေါ့။

ရက်အတန်ကြာမှ လူဆိုးများက နေ့ခင်းဘက်တွင် ခြအုံများဝန်းရံထားသော အကေးရှားပင်(ထနောင်းမျိုး) များ အောက်တွင်နေစေသည်။

ညအချိန်တွင် ကွင်းပြင်ထွက်ကာ ဖျာများခင်းစေသည်။ လူဆိုးများက ညအချိန်တွင် မြင်တွေ့သွားမည်ကို ကြောက်ဟန်မတူ။

လူဆိုးများက ကျွန်မတို့ကိုခြေကျင်ရွှေ့ပြောင်းစေကာ တိတ်တိတ်နေစေသည်။ တစ်နေရာတွင် ရက်အတန်




ကျန်းမာအသက်ရှင်လက်ရှိကြောင်း မိုဘိုင်းဖုန်းဖြင့် သတင်းစကားပါးခဲ့ရသည်



www.burmeseclassic.com

www.burmeseclassic.com



ကြာနေသည်။ ဝါးတိုင်ရှည်များနှင့် သက်ငယ်မိုးတဲကြီးတစ်လုံးရှိသည်။

''အဗဒီ''က စခန်းတာဝန်ခံဖြစ်ပုံရသည်။ လုပ်စရာရှိလျှင် သူကဦးဆောင်သည်။ သူကစကားပြောရန် လိုလားသည်။ အထူးသဖြင့် ဆေးရွက်များများဝါးနေရလျှင် ဖြစ်၏။ တစ်ချိန်တွင် အေးအေးဆေးဆေးရှိကာ အတွေးအခေါ်များ ဆွေးနွေးနေတတ်သည်။ ထို့နောက် ဖုန်းဖြင့် ဆေးခြောက်ရွက်များနှင့် စီးကရက်များ ထပ်ပို့ရန် အော်ဟစ် တောင်းဆိုနေတတ်သည်။

ကျွန်မ ရေငတ်လာသည်။ နေ့စဉ်သေးသော ရေပုလင်းငယ်က နည်းလွန်းသည်။ ''ပိုး(လ်)''က လူတတ်ကြီးလုပ်ကာ အစောင့်တစ်ယောက်ကို ရေလိုအပ်ကြောင်း ဟန်ပန်အမူအရာဖြင့် ထပ်တလဲလဲ ပြောနေသည်။ အစောင့်က အော်ဟစ်ကာ သူ့ကို ပါးစပ်ပိတ်ထားစေသည်။ ဖြစ်ရပ်က မြန်ဆန်လွန်းသည် သူကအေကေ(၄၇) သေနတ်မောင်းကိုတင်ကာ ခလုတ်ကိုဆွဲဖြုတ်လိုက်သည်။ ''ချက်''ခနဲမြည်သော်လည်း ကျည်ဆန်က မထွက်။ ကျွန်မကတော့ ''ပိုး(လ်)''၏ အလောင်းကို မြင်ရတော့မည်ဟု တွေးလိုက်သည်။ သို့သော် နောက်ပြောင်မှုတစ်ရပ်သာပါ။ ဩဇာအာဏာပြ၍ ''ပိုး(လ်)''ကို မြေပေါ် ပြားပြားဝပ်စေခဲ့သည်။

အင်္ဂလိပ်စကားပြောတတ်သော အသက်ကြီးကြီး လူတစ်ယောက် ရောက်လာကာ ''ဂျာဘရီး''ဖြစ်ကြောင်း ပြောသည်။ ''မိုဂါဒစ်ရှူး''မှ ကြားခံ စကားပြန်ဖြစ်ကြောင်း၊ ဤလူများ ရှုးသွပ်နေကြောင်း ကျွန်မတို့ကို ရွေးရန် ဒေါ်လာ (၄၅)သန်း လိုချင်ကြောင်း ပြောသည်။

''ဘာ''

ဟု ကျွန်မကအော်သည်။

''အထောက်အကူပြု လုပ်သားနှစ်ယောက်အတွက် ဒီလောက်များတဲ့ ငွေ ဘယ်သူမှမပေးဘူး''

''ဟုတ်ပြီ၊ ကျုပ်သူတို့ကိုပြောလိုက်ပါမယ်။ မတန်ရင်ကာ တောင်းရင် ဘာမှရမှာမဟုတ်ဘူးလို့''

''အိုကေ 'ဂျာဘရီး' ရှင်ပိုက်ဆံလိုချင်ရင် ...''

''ကျုပ်အတွက် မဟုတ်ပါဘူး။ ကျွန်တော်က ပြန်ပေးဆွဲတဲ့ လူမဟုတ်ပါဘူး။ အများဆုံးဒေါ်လာ ကိုးသိန်းပဲရမယ်လို့ သူတို့ကို ပြောလိုက်မယ်''

ထိုနေ့ အမှောင်ကျလာသောအခါ ''ချာယာမင်''ရောက်ရှိလာသည်။ အသက်(၄၀)ခန့်ထင်ရသည်။ သူ့လူများကို စကားပြောပြီး ''ဂျာဘရီး''ကို တစ်စုံတစ်ခု တိုးတိုးပြောသည်။ ''ဂျာဘရီး'' က ဖုန်းခေါ်ပါ ဟု ကျွန်မတို့ကို ပြောသည်။

နောက်ဆုံးတွင် ပြန်ပေးဆွဲငွေတောင်းခြင်း၏ အခြေခံဖြစ်သော''အသက်ရှင်လျက်ရှိကြောင်း''ပြောရန်အချိန်ကျလာသည်။ ''ဂျာဘရီး''ကဖုန်းနံပါတ်တစ်ခုကို ဆက်သည်။ နိုင်ငံသင်္ကေတအရ''ကင်ညာ''သို့ခေါ်နေကြောင်းသိရသည်။ လူတစ်ဦးက ပြန်ဖြေကာ သူ့နာမည် ''မိုဟာမက်''ဖြစ်ကြောင်း ပြောသံကို ကြားရသည်။

''ဂျာဘရီး''က ကျွန်မကို ဖုန်းပေးကာ ထိုလူက ကျွန်မတို့၏ လုံခြုံရေးမန်နေဂျာရဲ့ လက်ထောက် ဖြစ်ကြောင်း ပြောသည်။ သူက လုံခြုံရေးဆိုင်ရာ မေးခွန်း အချို့မေးသည်။ ကျွန်မ၏ ခွေးအမည်က စသည်။ ထို့နောက် ''ဂျာဘရီး''က ကျွန်မလက်မှ ဖုန်းကိုလုယူကာ လူမှုရေးအဖွဲ့အစည်းမှ ဟုတ်မှန်ကြောင်း အတည်ပြုရန်စ ကားပြောသည်။ ထိုထက်မပို။

ကျွန်မကအသက်ရှင်လျက်ရှိကြောင်း သတင်းပေးလိုက်ရသည့်အတွက် ဝမ်းသာမိသည်။ သို့သော် ''အဲရစ်''နှင့် မဆက်သွယ်နိုင်မှုအတွက် စိတ်ပျက်ရသည်။ သူစိမ်းတစ်ဦး၏ အသံမှတစ်ပါး မှီတွယ်ရာ မရှိပါ။

ထို့နောက် ချယ်ယာမင်က အော်၍ အမိန့်ပေးသည်။ ကျွန်မတို့စခန်းသို့ ပြန်မောင်းသွင်းခြင်းခံရသည်။ ထို့နောက်ကွင်းပြင်ဆီသို့ပို့သည်။ သေနတ်ပြောင်းများထွေယမ်းကာ 'အိပ်'ဟူသော အမိန့်တစ်ခုဖြင့် တစ်နေ့တာကုန်ဆုံးရပြန်သည်။

''ဂျာဘရီး''က လူဆိုးများအနေဖြင့် ထောက်လှမ်းရေး ဂြိုဟ်တုများ၊ ကင်းထောက်လေယာဉ်များနှင့် ပတ်သက်၍ ပူပန်ကြောင်း ကျွန်မကိုပြောသည်။ သို့သော်ကျွန်မက''ကျွန်မတို့က လူမှုကူညီရေး လုပ်သားများသာဖြစ်ကြောင်း၊ အဲဒါတွေနဲ့ ဘယ်သူကမှရှာမှာမဟုတ်ဘူး''ဟု ပြောလိုက်သည်။ ကျွန်မတို့ကို ဖမ်းထားသူများကလည်း ညအချိန်တွင် လေယာဉ်ပျံများက အလုပ်မလုပ်နိုင်ဟုယူဆထားကြပုံရသည်။ ကျွန်မတို့ကို ညတိုင်း ကွင်းပြင်ထဲသို့ ပို့သည့်ပုံစံက နေ့စဉ်လိုပင်။

နေ့များက တစ်နေ့ကုန် နောက်တစ်နေ့ရောက်လျက် သစ်ပင်ရိပ်တွင်အ



www.burmeseclassic.com

www.burmeseclassic.com





တောင်သူဒန်တွင် (၉၃)ရက်ကြာ ပြန်ပေးဆွဲခံထားရာမှ ပြန်လည်လွတ်မြောက်လာပြီးနောက်
ဂျက်စီကာကို ခင်ပွန်း အဲရစ်၊ သား ဩဂုတ်စ်တို့နှင့်အတူ ပျော်ရွှင်စွာတွေ့ရစဉ်

ကာကွယ်ယူထားစဉ် နာရီများကရွေ့လျားနေသည်။ ထို့နောက် အိပ်တစ်ဝက် နိုးတစ်ဝက် ညများကို ကန္တာရပေါင်းသင်းပြင်တွင် ကုန်ဆုံးရပြန်သည်။

ကျွန်မမှာ ဆီးနှင့်ဝမ်းပျက်ရောဂါရလာသည်။ လူတိုင်းက ခွက်ကြီးတစ်ခွက်တည်းမှ အစားအစာကို လက်ဖြင့်ယူငင်စားကြရသည်။ ရောဂါမရဘဲ နေနိုင်ရိုးလား။

ကျွန်မ၏ ဗိုက်ရောဂါက ပိုဆိုးလာသည်။ ချုံပုတ်ဆီ မကြာခဏပြေးရသည်။ မကြာခဏ အန်သည်။ ကျွန်မ ငိုလျက် ဆရာဝန်ခေါ်ပေးရန်ပြောသည်။ သူတို့က ကျွန်မ ငိုသည်ကို ကြိုက်။ ဒေါသဖြစ်ကာ မငိုရန်အမိန့်ပေးသည်။ နောက်ဆုံးတွင် ဆရာဝန်တစ်ဦးရောက်လာကာ သာမန်ကာလျှံစစ်ဆေးလျက် ဆေးလုံးအနည်းငယ်ကိုပစ်ပေးလျက် "ဂျာဘရီး"နှင့် ဆေးခြောက်သွားဝါးသည်။

တစ်နေ့နံနက်တွင်"အဗ္ဗဒီ"ကဖုန်းအော်ပြောနေရာမှ ပြန်လာကာ တုတ်တစ်ချောင်းဖြင့်"ပိုး(လ်)"ကို လဲကျသည်ထိ ရိုက်ပါတော့သည်။ ကျွန်မ ကြောက်လိုက်သည် ဖြစ်ခြင်း။

"ငွေတွေဘယ်မှာလဲ" "အဗ္ဗဒီ"က တုတ်ကို လွှဲရင်းအော်သည်။

"ငွေတွေ ဘယ်မှာလဲ"

"ကျုပ်တို့အပြစ်မဟုတ်ဘူးလေ" ဟု

"ပိုး(လ်)"က ဖြေသည်။

မရိုက်ရန်ငို၍ ပြောသည်။ ကျွန်မက ငိုရှိုက်မိသည်။ သို့သော် ကျွန်မ၏ မျက်ရည်များက သနားညှာတာမှုမရခဲ့ပါ။ ကျွန်မထံ လျှောက်လာကာ တုတ်ကိုလွှဲ၍ အပြင်သို့ ထွက်ခိုင်းသည်။

ကျွန်မနောက်မှ သူက စစ်ရေးပြအမိန့်ပေးနေသော တပ်ကြပ်ကြီးအလား ကျွန်မ၏မျက်နှာနှင့်ကပ်၍ အော်သည်။

"ဘယ်မှာလဲ ပိုက်ဆံတွေ"

ကျွန်မက အသံကို တည်ငြိမ်အောင်ကြိုးစားရင်း"ကျွန်မ မသိဘူး၊ ပိုး(လ်)လည်း မသိဘူး၊ ရှင်ရိုက်လည်း ကျွန်မတို့ မသိဘူး"

သူက ကျွန်မကိုမြေပေါ်သို့ တွန်းလှဲကာ ရှေ့တွင် ဆောင့်ကြောင့်ထိုင်းရင်း သဲပေါ်တွင် (၁၈)ဂဏန်းကိုရေးလိုက်သည်။

"ငါ(၁၈)သန်းကို ခုနစ်ရက်အတွင်းရ ရမယ်။ မဟုတ်ရင်တော့ နင့်ခေါင်းကို ဖြတ်ပစ်မယ်"

ကျွန်မလည်း"အဗ္ဗဒီ"ကဲ့သို့ပင် ဘာတွေ ပြောကြသည်ကို မသိ။ မေး၍လည်း မရ။

တစ်နေ့တွင် ကျွန်မတို့ကို သဲကန္တာရသို့ ခေါ်ထုတ်လာကာ ဗီဒီယိုရိုက်သည်။ ကျွန်မတို့နောက်တွင် အစောင့်နှစ်ယောက်က တိုက်ခိုက်ရေးရိုင်ဖယ်များကိုင်လျက်ရပ်နေကြသည်။ သူတို့က ပိုး(လ်)ကို ကျွန်မတို့နေကောင်းကြောင်း၊ မည်သည့်စစ်ရေးတိုက်ခိုက်မှုမှ မပြုလုပ်ရန် အလေးအနက်ပြောစေသည်။ ထို့နောက် ပိုး(လ်)က ကျွန်မတို့မိသားစုများကို တတ်နိုင်သမျှ ငွေစုဆောင်းရှာဖွေကာ ရွေးယူရေးကူညီရန် ပြောသည်။ ကျွန်မကတော့ ငွေကြေးမပြည့်စုံကြောင်းသိသည်။"အဗ္ဗဒီ"က လည်း ကျွန်မတို့ကို သတ်လိုက်ပါက ငွေကြေးရရန် လမ်းပိတ်သွားမည်ဆိုသည်ကို ရိပ်စားမိလာသည်။

ထိုအချိန်မှာပင်"ဂျာဘရီး"က



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ ခင်ပွန်းနှင့် ဆက်သွယ်သည့် ဖုန်းကို ကျွန်မထံပေးသည်။ ကျွန်မက အသက်ရှူရပ်လျက် "ကျွန်မ ဂျက်စီကာပါ"ဟုပြောလိုက်သည်။

"ဟေး ‥ အာ ‥ ဂျက်(စ်)၊ နေကောင်းရဲ့လား" သူက ပူပန်မှုများကို ထိုစကားလုံးများဖြင့်သာ ပုံဖော်ဆက်သွယ်သည်။

"အိုကေ ‥ အမ် ‥ ကျွန်မတို့ အိုကေပါတယ်"

ကျွန်မက ‥

အဲရစ်ကို မိုဟာမက်မှာ တရားဝင် ကြားဝင်စေ့စပ်သူဖြစ်ကြောင်း "အဗ္ဗဒီ"ကို ငွေများ တတ်နိုင်သမျှ ရှာဖွေနေကြောင်း ပြောခိုင်းသည်။ ထို့နောက် ဂျာဘရီးအား ‥

"အဗ္ဗဒီကို ခေါ်လိုက်ပါ"

ဟု ကျွန်မက ပြောလိုက်သည်။

"အဲရစ်"အား "ခေါင်းဆောင်လာနေပြီ။ သူ့ကိုပြောပါ။ ဒါပေမဲ့ သူမလာခင် ကျွန်မ ရှင့်ကိုချစ် ကြောင်း သိစေချင်တယ်။

သူ့ ဆက်ပြင်းရှူရှိုက်သံကြားရသည်။ "ငါလည်း မင်းကိုချစ်တယ်"

"ကျွန်မ ဒီကနေ လွတ်လာမှာပါ"

"ကောင်းတယ် ဂျက်(စ်)" သူ့အသံဂ တုံးတိတိ။ သူက လူတွေ အများကြီး ရှိနေသော အခန်းတွင် ဖြစ်မည်။

"အဗ္ဗဒီ"ကယိုင်တိုင်တိုင်ဖြင့်ရောက်လာသည်။ မျက်လုံးများက ဆေးခြောက်ဝါးထားသဖြင့် မှိုဖောင်းဖောင်း။ သူ့ကို "အဲရစ်"က ငွေအများကြီးရှာနေကြောင်း ပြောပြသည်။ ထို့နောက်အော်လိုက်သည်။ "ဂျက်စီကာ တို့မင်းအတွက် ဆုတောင်းနေကြတယ်၊ မင်းနဲ့"ပိုး(လ်)"တို့ကိုပြန်ရဖို့ နည်းလမ်းစုံလုပ်နေတယ်"

"ဂျာဘရီး"က ဖုန်းကိုပိတ်လိုက်သည်။



ဂျက်စီကာ(ယာ)အား လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့်အတူ ဒေသခံတစ်ဦးကို နှုတ်ဆက်နေပုံ

ဖုန်းပြောအပြီးတွင်လူဆိုးများက ကျွန်မနှင့်"ပိုး(လ်)"တို့ကိုလူချင်းခွဲလိုက်သည်။ "ဂျာဘရီး"က ကျွန်မနားကပ်လာကာ ထိကပါးရိကပါး လုပ်လာသည်။ "မလုပ်နဲ့ ဂျာဘရီး"ဟု ကျွန်မက ပြောသည်။ "ကျွန်မက အိမ်ထောင်နဲ့၊ ရှင်လည်း အတူတူပဲ"

စကားပြန်ကို ကျွန်မက ရှောင်သွေခြင်းမပြုနိုင်။ သူကလည်း သိသည်။ ဒါကို အခွင့်ကောင်းယူသည်။ နေ့စဉ်မလိုလားအပ်သော အပြုအမူများလုပ်လာသည်။ တစ်ချိန်တွင် ကျွန်မအိပ်ရာမှနိုးလာစဉ်သူက ဘေး၌ထိုင်နေသည်ကိုတွေ့ရသည်။ သူ့လက်က စောင်အောက်သို့ရောက်နေကာ ကျွန်မ၏ခြေထောက်များကိုထိနေသည်။ ကျွန်မက ရုန်းထွက်လိုက်ရသည်။ အမြဲမပြတ်ရှိနေသော အန္တရာယ်ကြောင့် အခြားအရာများကို မစဉ်းစားနိုင်။ ကျွန်မတို့ တိုက်ခန်းသို့ ပြန်ရောက်နေပုံကို စိတ်ကူးပုံဖော်မိသသည်။ "အဲရစ်"ကစောင့်ကြိုနေဟန်။ ကျွန်မကထွက်ပြေးလွတ်မြောက်ကာ အကူအညီရှာနေပုံ နေ့လယ်အိပ်မက် မက်မိသည်။ သို့သော် အကူအညီကား မရှိပါပေ။

တစ်နေ့တွင် တဝီဝီအသံကိုကြားရသည်။ တိုးသော်လည်းသိသာသည်။ အထက်ဝေဟင်မှ လာသည်။ သို့သော် ဘာမျှမမြင်ရ။ လူဆိုးများက ကျွန်မတို့ကို သစ်ပင်သစ်ကိုင်းများဖြင့် ကာကွယ်ထားစေသည်။

ငွေများရောက်မလာသည့်အတွက် "ပိုး(လ်)"နှင့် ကျွန်မတို့ကို ခွဲလိုက်သည်။ တစ်ကိုယ်တည်း တိုက်



www.burmeseclassic.com

www.burmeseclassic.com



လို ဒဏ်ခတ်သည်။ ကျွေးသမျှအစာ ကြိတ်မှိတ်၍စားရသည်။ မည်မျှပင် ရွံရှာဖွယ် ဖြစ်ဖြစ်။ ကျွန်မက ကိုယ်အလေးချိန် ခုနစ်(သို့မဟုတ်) ရှစ်ကီလို ခန့်ကျသွားပြီ။

တစ်ညတွင် ကျွန်မမျက်လုံးများ ဖွင့်လိုက်စဉ် ကောင်းကင်က မှောင်မည်းနေသည်။ လကမရှိ။ မြူများက ကြယ်များကို ဖုံးကွယ်ထားသည်။ နံနက်(၂)နာရီခန့်ရှိမည် ထင်သည်။ ဆီးသွားရဦးမည်။ အနီးဆုံးချုံပုတ်သို့ သွားသည်။ အရာရာ ဆိတ်ငြိမ် ငြိမ်ချမ်းနေသည်။ လေအတိုက်တွင် သစ်ရွက်ကြွေများ လွင့်မျောသံမှအပ ဘာမျှမကြားရ။

ကျွန်မ ဖျာရှိရာသို့ ပြန်လာကာ ကွေး၍အိပ်လိုက်သည်။ ရွှံလုံးကြီးပမာ။

ကျွန်မ၏အသိတွင် အသံများ ဝင်ရောက်လာသည်။ တိရစ္ဆာန်များအသံလား။ သစ်ခက်လေး ကျိုးသံလား၊ ချုံပုတ်များ တိုးတိုက်သံလား။ အပြင်မှာ ဘာတွေပါလိမ့်၊ ကျွန်မမဲ့ စိတ်အာရုံ တွေချောက်ချားလာပြီလား။

ကျွန်မအိပ်ပျော်မည်ဖြစ်လိုက် အသံလေးတစ်သံကြားလိုက်ဖြစ်နေသည်။ သူတောင်မာများ အသိုက်က ထွက်လာသလိုမကြားပါချေ၊ ကျွန်မ ဖျာနားမှ အသံများကြားလာရသည်။

ထိုအခိုက် ဆိုမာလီတစ်ဦးက မြေအစုံပေါ်ခုန်ထလိုက်သည်။ တိုးတိုးသတိပေးလိုက်ကာ သေနတ်ကိုမောင်းတင်လိုက်သည်။ သူ့အသံက ကြောက်လန့်မှုနေသည်။

ခေတ္တမျှတိတ်ဆိတ်သွားသည်။ ထို့နောက် အခန်းတစ်ပိုက်တွင် ရုတ်တရက် လှုပ်ရှားသံများ ထွက်ပေါ်လာသည်။ လူဆိုးများခုန်ထလိုက်ကြကာ သေနတ်မောင်းများ တင်လိုက်ကြသည်။

ထို့နောက် အရာရာပေါက်ကွဲကုန်သည်။ အရပ်စုံမှ သေနတ်ပစ်သံများ ထွက်ပေါ်လာသည်။ ကျွန်မ အော်လိုက်သည်မှာ သေချာသည်။ သို့သော်စီစီညံညံအသံများကြောင့် ကျွန်မအသံ ကျွန်မ မကြားရ။ အခြားတစ်ဖွဲ့ကများ ကျွန်မတို့ကို လာလုလေသလား၊ သို့မဟုတ် သတ်မလို့လား၊ ကျွန်မက "အဲရစ်"ထံ တိတ်ဆိတ်စွာ ကျွန်မ၏အချစ်ကို စေသည်။ ထပ်တလဲလဲ ရေရွတ်မိသည်။ "အို၊ ဘုရား ဘုရား"

ဆိုမာလီများအော်ဟစ်အမိန့်ပေးသံများကိုကြားရသည်။ ကျည်ထိမှန်၍ အော်သံ၊ သေခါနီးဆဲဆဲ ညည်းသံများ။

သန်မာသော လက်များက ကျွန်မ၏စောင်ကို လာဆွဲသည်။ ကျွန်မက ပြန်လည်ဆွဲသည်။ စောင်က ကျွန်မ၏လုံခြုံမှုပါပင်။

"ဂျက်စီကာ"ဟု ယောကျာ်းသံတစ်သံက ခေါ်သည်။

ကျွန်မမျက်နှာကို ဖြတ်ရိုက်ခံရဘိသို့ မှင်တက်မိသွားသည်။ အသံက အမေရိကန်လေသံ။

မှောင်နေသောညက ရှေ့မှ မျက်နှာကို ဖုံးကွယ်ထားသည်။ ဘေစေနိုင်သည့် လက်နက်များ ကိုင်ဆောင်ထားသည့်သရဲများပမာ။

ဤလူများက ကျွန်မကိုကူညီနေသည်ဆိုသော အသိဝင်မလာနိုင်။ ကျွန်မက ရှုန်းကန်အော်ဟစ်သည်။ အသတ်ခံရမည်ဟု မျှော်လင့်ထားသည့်အတိုင် အလိုအလျောက် တုံ့ပြန်မှုဖြင့် ကျွန်မက ပြန်လည်တွန်းလှန်သည်။ ထို့နောက် ကြားရသည်က –

"ဂျက်စီကာ၊ ဒါအမေရိကန် စစ်တပ်ပါ။ ခင်ဗျားကို အိမ်ပြန်ဖို့လာခေါ်တာ။ ခင်ဗျားဘေးအန္တရာယ်ကင်းပြီ"

(စာကြွင်း။ ။ ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်တွင် သမ္မတ အိုဘားမား၏ အမိန့်အရ အမေရိကန် ရေတပ် အထူးတပ်ဖွဲ့(Navy SEALS) ဝင် (၂၄)ဦးတို့သည် "ဂျက်စီကာဘူချနင်"နှင့် "ပိုး(လ်)"တို့ကို ဆိုမာလီနိုင်ငံမှ ရဟတ်ယာဉ်ဖြင့် ကယ်ထုတ်ခဲ့ကြသည်။ ယခုအခါ "ဂျက်စီကာ"က အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင် သူ၏ခင်ပွန်း"အဲရစ်"နှင့် သြဂတ်(စ်)"တို့နှင့်အတူ နေထိုင်လျက်ရှိသည်။ "ပိုး(လ်)"က သူ့မိသားစုနှင့်အတူ ယူဂန္ဒာတွင် နေထိုင်လျက်ရှိသည်။ ဆိုမာလီ ပြန်ပေးဆွဲသူ (၉)ဦး သေဆုံးပြီး(၅)ဦးကို ဖမ်းဆီးမိခဲ့သည်။ (၇/၂၀၁၄ ထုတ် Reader's Digest မဂ္ဂဇင်းပါ Kidnapped ဆောင်းပါးကို အနည်းငယ်ချုံ၍ ဘာသာပြန်ပါသည်)

စိန်ဝင်းမော်



www.burmeseclassic.com

www.burmeseclassic.com



စိုးဝေ

# မရှက်ကျော့ကွင်း





www.burmeseclassic.com

www.burmeseclassic.com



'ဝုန်း'

ကျယ်လောင်စွာပေါက်ကွဲထွက်သော မိုင်းခွဲသံကြီးသည် ကျွန်ုပ်အကျဉ်းသားများ မိုင်းရှောင်နေသာတစ်မိုင်ပတ်ဝန်းကျင်အထိ မြေကို သိမ့်သိမ့်ခါသွားသည်။

ယင်းပေါက်ကွဲသံကြီးနှင့်အတူ ာင်းကမ်းယံပေါ်ဝယ် မှိုပွင့်သဏ္ဍာန် လုံးကြီး ထွက်ပေါ်လာသည်။ ၎င်းအတူ ကျောက်တုံးကျောက်ခဲ အစား အမျိုးမျိုးသည် မိုးရွာချသည့် မိုးပေါက်မိုးသီးများသဖွယ် က်ကွင်း မြေပြင်ပေါ်လွင့်စဉ်ကျနေသည်။

အားလုံးတိတ်ဆိတ်ငြိမ်သက်သောအခါ ကျောက်တွင်းထဲတွင် က်တုံးကြီးများ၊ ကျောက်တုံးများ စုပြုံပြန့်ကျဲနေသည်။ ညနေ သိမ်းချိန်မှာ ကျောက်ဆောင် မိုင်းခွဲချလိုက်ခြင်းဖြစ်ပါသည်။

ယင်းသို့မိုင်းခွဲချပြီးနောက်ဂျဗလီထိုးသည့်အဖွဲ့များ ဂျဗလီထိုးချရန် ကျောက်ဆောင် နံရံပေါ်တက်၍ ကျောက်ဆောင်ကြီးအပေါ်မှာ မြေသားကို သံချောင်းငုတ်ရိုက်ပြီး မနီလာကြိုးကျပ်လုံးအရွယ်ခန့်ကို ခါးမှာချည်နှောင်လိုက်ကာ ဂျဗလီထိုးမည့်အဖွဲ့သည် ကျောက်ဆောင်အပေါ်မှ ကျောက်ဆောင်ရှေ့မျက်နှာပြင်ဆီ ခါးကြိုးချည်ပြီး ဆင်းလာကြသည်။

ဂျဗလီထိုးသည်ဆိုသည်မှာ ကျောက်ဆောင်နံရံပေါ်ဝယ် မိုင်းခွဲလိုက်ပြီး ပြုတ်မကျနိုင်သော ကျောက်တုံးကျောက်စိုင်ကြီးများကို နံရံပေါ်မှ ပြုတ်ကျလာအောင် ဂျဗလီခေါ် သံချောင်းရှည်ဖြင့် ကော်ထုတ်ထိုး ချပစ်ခြင်းကို ဂျဗလီထိုးသည်ဟုခေါ်သည်။

ဒါ့ကြောင့် ဂျဗလီထိုးမည့်အဖွဲ့မှာ ဘုတ်သားငါးယောက်တုတ်ကိုင်အပါအဝင်ရှိသည်။ တာဝန်ကျဝန်ထမ်းမှ ယင်းဂျဗလီအဖွဲ့ အကျဉ်းသားငါးဦးကို ဘုတ်ထုတ်ယူရသည်။ ယင်းသို့ဂျဗလီအဖွဲ့ဝင် ငါးဦးထဲမှ ဘုတ်ကိုင်မှာဝန်ထမ်းနှင့်အတူလုံခြုံရေး ကြီးကြပ်ရသူဖြစ်ပြီး ကျန်ဘုတ်သားလေးဦးမှာ တစ်ဆိုင်းလျှင် နှစ်ယောက်တစ်တွဲစီ ဂျဗလီထိုးချကြရသည်။

ဤကဲ့သို့ဂျဗလီထိုးသည့်အဖွဲ့မှာ ဘုတ်ကိုင်မြဝင်းနှင့်အတူ ဘုတ်သားလေးယောက်မှာ စိုးအောင်၊ ဖိုးဌေး၊ ကျီးကန်းခေါ်မောင်တင့်နှင့် လှဝင်းအောင်တို့ဖြစ်သည်။ ၎င်းတို့လေးယောက်မှာ ထောင်နေသက်ကြာပြီး လွတ်မြောက်ရန် ခြောက်လခန့်သာကျန်ရှိသူများဖြစ်ပါသည်။

ကျောက်ဆောင်နံရံအမြင့်မှာ နှစ်ဆယ့်ငါးပေကျော်ခန့်မြင့်ပြီး ခန္ဓာကိုယ်မှာ ခါးတွင်ကြိုးချည်ထားသည်။ ယင်းကြိုးကို တွဲလွဲခိုကာကျောက်ဆောင်နံရံပေါ်မှတွယ်ဆင်းလာပြီး လေထဲမှာဝဲကာကျောက်ဆောင်နံရံမှ ကျောက်တုံးကြီးများကို ဂျဗလီသံချောင်းအရှည်အချွန်ဖြင့် ကလော်ထိုးချရလေသည်။

ယခုလိုအလုပ်သိမ်းချိန်ကျောက်တွင်းထဲမှာ ကျောက်ထုခွဲနေကြသည့် အကျဉ်းသားများရှင်းလင်းနေချိန်မှ မိုင်းခွဲခြင်း၊ ဂျဗလီထိုးခြင်းကို ဆောင်ရွက်ကြရလေသည်။

ထိုသို့နှစ်ယောက်တစ်တွဲစီ ဂျဗလီထိုးနေသည့်အချိန်ဝယ် ဖိုးဌေးနှင့် လှဝင်းအောင်တို့မှာ နှစ်ယောက်တွဲဖြစ်သည်။ ဖိုးဌေးကလုယက်မှုဖြင့် ထောင်ငါးနှစ်ကျနေသလို လှဝင်းအောင်မှာ လူသတ်မှုဖြင့် ထောင်ခုနစ်နှစ်ကျခံနေရသူများ ဖြစ်သည်။

သို့သော်လည်း ထောင်ကျနေခဲ့သည့် ကာလရှည်ကြာလာသောအခါ ကျောက်ထုတ်ရေး အလုပ်စခန်းမှာ ရဲဘက်အကျဉ်းသားများအဖြစ် နေလာခဲ့ကြပြီး လွတ်မြောက်ရန် တစ်လခန့်သာ ကျန်တော့သည်။

အထူးသဖြင့် ဂျဗလီထိုးသည့်အဖွဲ့အကျဉ်းသားများမှာ စခန်းနေသက်ကြာပြီး စိတ်ချယုံကြည်ရသည်ဟု ယူဆရသူများကို တာဝန်ပေးခဲ့သည်။ ယခုလည်း ဘုတ်သားငါးဦးစလုံးမှာ မိမိတို့ ဂျဗလီထိုးသည့်လုပ်ငန်းအပေါ်တွင် ကျွမ်းကျွမ်းကျင်ကျင် လုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ဆောင်ရွက်နိုင်သူများ ဖြစ်သဖြင့် လူရွေးခေါ်ထားခြင်း ဖြစ်သည်။

'ဝုန်း . . . ဝုန်း'

ညနေခင်းတိတ်ဆိတ်ငြိမ်သက်နေသော တောတောင်ကြီးအတွင်း ဝယ်ဂျဗလီထိုးချနေသည့် ကျောက်တုံးကြီးများ ကျောက်ဆောင်နံရံအမြင့်မှနေ၍ ကျောက်တွင်းကြီးထဲကို ကြောက်မက်ဖွယ်ရာ ပြုတ်ကျလာနေသော အသံများကြောင့် တောထဲဝယ် ဟိန်းဟိန်းထနေသည်။

ယင်းကဲ့သို့ မိုင်းခွဲပြီးသည်နှင့် ဂျဗလီအဖွဲ့များသည် ကျောက်တုံးကြီးများကို မိုင်းရှင်းလင်းထားပေးမှသာ အန္တရာယ်ဖြစ်ပေါ်နိုင်သော ချိတ်တွယ်နေသည့် ကျောက်တုံးကြီးများမှာ မိုင်းတွင်းထဲတွင် အလုပ်လုပ်နေကြသော အကျဉ်းသားများအပေါ်ပြုတ်ကျလာသည့် အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်မည် ဖြစ်ပါသည်။

ထိုသို့မိုင်းကွင်းကို သေသေချာချာ စေ့စေ့စပ်စပ် ရှင်းလင်းထားပြီးမှသာ နောက်တစ်နေ့နံနက်လုပ်ငန်းခွင်ထဲတွင် အကျဉ်းသားဘုတ်များ ကျောက်ထုခွဲနေသည့်အချိန်မှာ အန္တရာယ်မဖြစ်ပေါ်နိုင်မှာဖြစ်သည်။

သို့မဟုတ်ပါက ကျောက်တုံးပြုကျပြီး ပိ၍သေသည့် အကျဉ်းသားများ၊ ကျောက်တုံးဖြင့် ထိခိုက်မိ၍ ဒဏ်ရာရသည့်အကျဉ်းသားများ ရှိခဲ့ဖူးလေသည်။ ယင်းသို့အန္တရာယ်များပြားလွန်းသောကြောင့် ကျောက်ဆောင်နံရံများအပေါ်မှ အောက်သို့ပြုတ်ကျလာနိုင်သည့် ကျောက်တုံးကြီးများကို ဂျဗလီအဖွဲ့မှ စွန့်စွန့်စားစားဖြင့် ကျောက်ဆောင် နံရံပေါ်မှာ တွဲလွဲခိုကာလေမှာဝဲလျက် ဂျဗလီထိုးချ ရှင်းလင်းပေးရသည်။

ယခုလိုဂျဗလီထိုးသည့်အဖွဲ့မှာလည်း အန္တရာယ်လွန်စွာများသည်။ မြင့်မားလှသော ကျောက်ဆောင်နံရံကြီးပေါ်ဝယ် ခါးကြိုးချည်ထားသဖြင့် လူက ကျောက်ဆောင်နံရံကို ခြေဖြင့် ကန်ကာ အရှိန်ယူပြီး ဂျဗလီထိုးချနေကြသည်။

''လှဝင်းအောင် မင်းလွတ်ဖို့ ဘယ်လောက် ကျန်သေးလဲကွ''

''ရှေ့အပတ်လောက်လွတ်မယ်လို့ ဘုတ်တိုက်ကြည့်တုန်း ပြောတာပဲ''

''အေးကွာ မင်းကငါ့ထက်အရင် ထောင်ကျနေခဲ့တာဆိုတော့ စောလွတ်သွားတာပေါ့ကွာ။ မင်းလွတ်သွားရင် အဖော်မဲ့သွားပြီကွာ''

''ဒီလိုပဲပေါ့ ဖိုးဌေးရာ၊ ငါလည်း မင်းနဲ့အတူတူ ဂျဗလီဘုတ်ထဲမှာ အတူတူ တွဲလုပ်လာကြတော့ သံယောဇဉ်ခင်တွယ်မိပါတယ်ကွာ။ ဒါပေမဲ့ ငါ့မိန်းမနဲ့ ငါ့သားလေးကိုလည်း အရမ်းလွမ်းနေပြီကွာ။ ငါထောင်ကမြန်မြန်လွတ်မှ ငါ့သားလေးကို ရှင်ပြုပေးနိုင်မှာ။ ခုပဲ ဆယ်နှစ်ရှိနေပြီကွ။ အသက်မငယ်တော့ဘူး''

''ဟား ဟား . . လှဝင်းအောင်ရာ၊ မင်းက အိမ်ထောင်နဲ့သားနဲ့ဆိုတော့ ဒီလောက်နှစ်တွေ ကြာကြာခွဲနေရတော့ လွမ်းမယ်ဆိုလည်း လွမ်းလောက်တယ်။ ငါကတော့ လူပျိုလူလွတ် တစ်ကိုယ်တည်းသမားဆိုတော့ လွမ်းစရာ မရှိသေးပါဘူးကွာ''

''ဟုတ်တယ် ဖိုးဌေးရေ . . . ငါလူသတ်မှုနဲ့ ထောင်ကျနေခဲ့တာ နေသား ငါးနှစ်ရှိတော့မယ်''

''မင်းက ထောင်ဘယ်လော ကျခဲ့တာလဲ''

''လူသတ်မှုနဲ့ ထောင်ခုနစ်နှစ် ခဲ့တာလေ''

''လျှော့ရက်နဲ့ဘာနဲ့ဆို မင်းလွ လောက်ပြီပဲ''

''ဟုတ်တယ်လေ . . ရှေ့အ လောက် လွတ်မယ်လို့ပြောတာပဲ''

ကောင်းကင်ယံဝယ် ကျော ဆောင်ကြီးပေါ် တွဲလွဲခိုရင်း ဂျ သံချောင်းရှည်ဖြင့် ကျောက်တုံး များကို ကလန့်ထိုးချနေရင်း အေး ကပ်လျက် စကားပြောဆိုနေကြ ဖြစ်ပါသည်။

လှဝင်းအောင် လက်တစ်ဖ မနီလာကြိုးကို ကိုင်ထားလျက် ဘက် လက်ထဲမှ ဂျဗလီသံချောင်း ကျောက်တုံးကြီးများကို ထိုးက ချလျက် စကားပြောရင်း အလုပ် နေကြခြင်းဖြစ်သည်။

ကျောက်တုံးကြီးများမှာ မိုင်း ချလိုက်သည့်ပေါက်ကွဲမှုအားကြော နံရံမှ ပဲ့စင်ထွက်မလာဘဲ ချိတ် တာ တန်းလန်းဖြစ်နေသည်။ မ နာထားသည့်အရှိန်ကြောင့် ကျော တုံးကြီးများမှာ မခိုင်တော့ဘဲ ပြု ကျလုနီးနီးသော အခြေအနေဖြစ် နေသည်။

ယခုကဲ့သို့ ဂျဗလီထိုးနေကြ အကျဉ်းသားများသည် မိုင်းကွင်း ကျောက်တုံးကြီးများ တဝုန်းဝု နေအောင် ထိုးချနေသည်မှ မိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲဝယ် မရဏာအော်မြည်သံအလား ထင်မှတ်နေရသည်။ ကျောက်တုံးကြီး များ၏ အရွယ်အစားမှာ ဗျက်သုံးပေ ပတ်လည်ခန့်ရှိနေသော တိုစီတုံးခေါ် ကျောက်တုံးအရွယ်ကြီးများဖြစ်သော ကြောင့်အမြင့်မှ မြေပြင်ပေါ်သို့ပြုတ် ကျသွားသည့် အလေးချိန်အားကြောင့် တဂုန်းဂုန်းဆူညံစွာ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။

ယင်းကဲ့သို့ဂျဗလီထိုးခြင်းလုပ်ငန်း ပြီးစီးသွားသောအခါ ဂျဗလီထိုးသည့် နေရာမှ ကျောက်ဆောင်ကြီးပေါ် မနီ လာကြိုးမှတစ်ဆင့် ခိုတွယ်ကာတက် လာကြသည်။ လက်ထဲမှကိုင်စွဲလာ သော ဂျဗလီထိုးသည့် စလွန်ချောင်း သံချောင်းအရှည်နှင့် ခါးမှာချည်ထား သော မနီလာကြိုးများကို ဖြုတ်ကာ သိမ်းဆည်းပြီး ကျောက်ဆောင်ပေါ်မှ ဆင်းလာကြသည်။

ဂျဗလီအဖွဲ့သားများသည် စခန်း ဝင်းအထဲရှိ မိုင်းကွင်းရှေ့နားနေတဲ ဆေးတွင် ဘုတ်ကိုင် မြဝင်းတည်ပေး ထားသော ရေနွေးကြမ်းကို သောက် ရင်း အမောအပမ်းပြေနေကြလေသည်။

စခန်းရှိရာ ဆူးကြိုးကာရံထား သော ထောင်ဝင်းအတွင်းသို့ ရောက် သောအခါ –

"လှဝင်းအောင် ... မင်းအိမ် က ထောင်ဝင်စာ လာတွေ့တယ်"

"ဟုတ်လား ဆရာ"

တံခါးတာဝန်ကျဝန်ထမ်းတပ်ကြပ် အောင်မှပြောသဖြင့် လှဝင်းအောင် သည် တံခါးထဲမှစောင့်နေသည်။ ဇနီး ဖြစ်သူခင်ဝင်းမေနှင့် သားဖြစ်သူချစ်

**မင်းက**

**လွတ်ရက်စေ့လို့**

**လွတ်သွား**

**ပေမယ့်**

**မလွတ်**

**မြောက်နိုင်**

**သေးတဲ့**

**ငါကတော့**

**ဆက်ဝင့်ခံ**

**နေရဦးမှာပဲ**

**...**

လွမ်းအောင်တို့သည် နောက်တန်းစ ခန်းရုံးမှ မှတ်ပုံတင်ထားပြီး ထောင်ဝင် စာတွေ့ဖို့ပြန်အလာကို စောင့်ဆိုင်းနေ ကြသည်။

'အဝင်း .. ကိုယ်ရှေ့အပတ်ထဲ မှာ လွတ်မယ်တယ်ကွ"

"ဟုတ်လားကိုအောင် .. ဒါဆို ဝမ်းသာစရာပေါ့တော်။ ရှင်လွတ်လာ ရင် သားလေးကို ရှင်ပြုပေးပြီး ကိုရင် ဝတ်ပေးချင်တယ်"

"ကောင်းတာပေါ့ အဝင်းရယ်၊ သားလေး အသက်လည်း မငယ်တော့ ဘူးလေကွာ"

"ဒါဆိုရှင်လွတ်လာတာနဲ့ အဆင် သင့်ဖြစ်အောင် သင်္ကန်းပရိက္ခရာတွေ ဝယ်ထားလိုက်မယ်နော်"

"ကောင်းတယ် အဝင်း၊ ကိုယ် လည်း .. အတူတူ ရဟန်းဝတ်မယ် လေကွာ"

"အကောင်းဆုံးပေါ့ ကိုအောင် ရယ်"

အထက်ပါအတိုင်း အကျဉ်းသား လှဝင်းအောင်နှင့် ဇနီးဖြစ်သူ ခင်ဝင်းမေ တို့ ထောင်ဝင်စာတွေ့ဆုံကြစဉ် ပြော ဆိုနေကြခြင်း ဖြစ်ပါသည်။ တကယ် တော့ မိမိလူသတ်မှုဖြစ်ပြီး ထောင်ကျ နေစဉ် ရွာမှာကျန်ခဲ့သော လယ်မြေ လေးကို လူငှားခေါ်လုပ်ခိုင်းပြီး ဝမ်း စာရေးကို ရှာဖွေစားနေကြရသည်။

ယခုမိမိထောင်ကလွတ်လာမှသာ မိသားစု တစ်လုံးတစ်စည်းတည်းဖြစ် ကာယခင်ကလို လယ်ယာမြေကို ထွန် ယက်စိုက်ပျိုးလုပ်ကိုင်ပေးနိုင်မည်။ မိမိ ထောင်ကျနေစဉ် ကုန်လွန်ခဲ့သော အချိန်



www.burmeseclassic.com

ကာလများအတွက် ဆထက်တိုးပြီး လုပ်ကိုင်ကျွေးမွေးသွားမည်ဟု နှစ်သိမ့်ပေးနေသည်။

ခင်ဝင်းမေတို့ သားအမိနှစ်ဦးမှာ လည်းလင်ဖြစ်သူက ရှေ့အပတ်ထဲမှာ ထောင်မှ လွတ်မြောက်တော့မည်ဟု အကြောင်းစုံသိရသောအခါ လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြလေသည်။

ဤကဲ့သို့ထောင်ဝင်စာ တွေ့ဆုံခဲ့ကြပြီး တစ်ပတ်ခန့်အကြာမှာ မိုင်းကွင်းထဲတွင် လုဝင်းအောင်တို့ ဂျဗလီထိုးသည့်အဖွဲ့သည် ယမန်နေ့ညနေစောင်းမှာ မိုင်းခွဲထားပြီးသောကြောင့် ဂျဗလီတက်ထိုးရန် ပြင်ဆင်နေကြသည်။

ကျောက်ဆောင်အမြင့်ပေါ်ရှိ အပေါ်ယံမြေသားပေါ်တွင် သံချောင်းဖြင့်ငုတ်ရိုက်ပြီး မနီလာကြိုးကိုနှစ်ပတ် သုံးပတ်ခိုင်ခံ့အောင် ချည်နှောင်လိုက်သည်။ လက်ဖြင့် သေချာအောင် ဆွဲဆောင့်ကြည့်သည်။ သေချာလောက်ပြီဆိုမှ ခါးတွင် ယင်းမနီလာကြိုးစကို ရစ်ပတ်ချည်နှောင်ခဲ့သည်။

ဖိုးငွေးက တစ်ဖက်နေရာမှာ မိမိနှင့်ဘေးချင်းယှဉ်လျက် ငါးပေခန့်အကွာမှကျောက်ဆောင်နံရံပေါ်လျှောဆင်းရန် ပြင်ဆင်နေသည်။ အားလုံးအဆင်သင့်ဖြစ်သွားသောအခါ နှစ်ယောက်သား ကြိုးစကိုယ်စီကိုင်လျက်ကျောက်ဆောင်ကြီးရှေ့ဘက် မျက်နှာပြင်ဆီ တဖြည်းဖြည်းလျှောဆင်းလာကြသည်။

မိမိတို့ခြေနှစ်ချောင်းကို လေထဲမှာဝဲလျက် ကျောက်ဆောင်နံရံကြီးကို ခြေဖြင့်ကန်ကာ ဆင်းလာခဲ့ကြသည်။ နောက်လက်ထဲမှာ ကိုင်စွဲထားသော စလွန်ချောင်းအရှည်ကို ကျောက်ဆောင်နံရံပေါ်ထောက်ကာ မိုင်းနာထားသော ကျောက်တုံးကျောက်ဆိုင်ကြီးများကို စလွန်ချောင်း သံချွန်ဖြင့် ကော်ထုတ်ကာ ဂျဗလီထိုးချနေလေသည်။

"လုဝင်းအောင် မင်းမနက်ဖြန် လွတ်တော့မယ်ဆို"

"ဟုတ်တယ်လေကွာ ‥ ဒီနေ့ လွတ်နားတောင် ခေါ်ထားပြီးပြီ"

"ဟင် လွတ်နားခေါ်ထားလျက်နဲ့ ဘာလို့စခန်းထဲမှာ မနားတာလဲ"

"မင်းတို့နဲ့မနက်ဖြန်ဆို ခွဲရတော့မယ်မဟုတ်လား။ သူငယ်ချင်းတွေနဲ့ အပြီးအပိုင်မခွဲခင် ရသမျှအချိန်လေးမှာ အလုပ်တူတူလုပ်နေချင်သေးလို့"

"ဟေ့ကောင် နိမိတ်မရှိ နမာမရှိ ကွာ ဘာဖြစ်လို့ အပြီးအပိုင်ခွဲရမှာလဲ ငါတို့လည်း လွတ်လာရင် အပြင်မှာ ပြန်ဆုံနိုင်ကြတာပဲ မဟုတ်ဘူးလားကွ"

"ဟဲ ဟဲ ငါ့ရွာမှာရှိနေတဲ့ ဇနီးနဲ့ သားလေးဆီ အပြီးပြန်သွားပြီး ဒိုးတူဘောင်ဖက် လုပ်ကိုင်စားရမှာဆိုတော့ မင်းတို့နဲ့ငါ ဘယ်လိုလုပ်ပြန်တွေ့နိုင်မှာလဲ"

"ဟာကွာ မင်းရွာကိုလိုက်လည်ရင် တွေ့နိုင်တာပေါ့ကွ။ မပူနဲ့ ငါမင်းဆီရောက်အောင် လာလည်မယ် စိတ်ချစောင့်နေ"

"ငါလည်း ငါ့သားလေးကို ငါကိုယ်တိုင် ရှင်ပြုပေးပြီး သင်္ကန်းစီးပေးမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ စိတ်ကိုအားတင်းပြီး ကြံ့ကြံ့ခံနေလာရတာကွ"

"အေးပေါ့ကွာ ‥ မင်းကလွတ် ရက်စေ့လို့ လွတ်သွားပေမဲ့ မလွ မြောက်နိုင်သေးတဲ့ ငါကတော့ ဆ ဝဋ်ခံနေရဦးမှာပဲ"

"ဟား ဟား အဲဒါကြောင့် ငါ့ လွတ်နားခေါ်ထားတာတောင် စခ မှာမင်းတို့နဲ့မခွဲချင်သေးလို့ ဒီနေ့နော ဆုံးလိုက်လာပြီး ဂျဗလီထိုးနေခဲ့တာ ပေါ့ကွာ"

ဤကဲ့သို့ကျောက်ဆောင်နံရံကြီး ပေါ်တွင် ဂျဗလီထိုးနေကြရင်းသူငယ် ချင်းနှစ်ယောက် စကားပြောဆိုနေခြ ဖြစ်သည်။ ယမန်နေ့က ဖောက်ခွဲထား သောမိုင်းမှာ လွန်ပေတစ်ရာကျော် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ လွန်ကိုင် ယမ်းကိုင်အဖွဲ့မှ အကျဉ်းသားမျာ သည်ဂျဗလီအဖွဲ့ကဲ့သို့ မိုင်းခွဲနိုင် စလွန်ချောင်းဖြင့် လွန်ဖောက်ခဲ့ကြသည်

ကျောက်ဆောင် နံရံပေါ်ထ စလွန်သံချောင်းအချွန်ကို ထောက်လျ ဂါန်းစက်ခေါ် လွန်ဖောက်စက်မှာ တ ဆင်ပြီး လ ၄၀ ခေါ် အင်ဂျင်စက် ဂျိုင်းကာ လေပိုက်အားဖြင့် မောင်း ရသည်။ မည်မျှ မာကြောနေသော ကျောက်သားနံရံဖြစ်စေ စလွန်ချော အတိုအရှည်ကို အသုံးပြုပြီး ဂန်းစ မှာတပ်ဆင်ကာ လေပိုက်ဖြင့်ဂျိုင်း မောင်းနှင် လွန်ဖောက်ကြရသည်။

ထိုသို့ဖောက်ထားသောလွန်ပေါ ကလေးများမှာ နှစ်ပေမှငါးပေ ဖောက်ကြသည်။ လွန်ကိုင်ယမ်းကိ အဖွဲ့မှာ လွန်ဖောက်ခြင်းမိုင်းခွဲခြ တာဝန်ကိုယူကြရသည်။

မိမိတို့ဖောက်ထားသောလွန်ပေါ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ယမ်းထုပ်ကို သိပ်ကာ ဝါးချောင်း သေးသေးဖြင့် ကျပ်နေအောင် ဆောင့် ပေးရသည်။ ပထမဆုံး လွန်ပေါက်ထဲ ကိုယမ်းမှုန့်သိပ်နေစဉ်တော့ ဒက်ယမ်း ကြိုးကိုဖောက်ထားသော ကျင်းပေအ လိုက်ထည့်ပြီးနောက် ဘာဂျယ်ခေါ် ပေါက်ကွဲအားကောင်းမည့် ထုံးမှုန့်လို အမှုန့်မျိုးကို ပလတ်စတစ်အိတ်ထဲမှာ ထည့်ပြီး(ရေခဲချောင်းအိပ်ပုံစံမျိုး) ယမ်း ကြိုးကို ကျပ်နေအောင် ဝါးကျူရိုးတံ ဖြင့်ဆောင့်သိပ်ပေးရသည်။

အားလုံးထည့်ပြီးမှ တွင်းပေါက် အပေါ်မှာ တစ်ထွာခန့်ကြိုးစလေးကို ဓားဖြင့်ဖြတ်ထားရသည်။ ပေအရှည် လိုက် လွန်ဖောက်ထားပြီးသော တွင်း ပေါက်အားလုံးလိုလို အထက်ပါနည်း အတိုင်းပြုလုပ်ထားရသည်။

ပြီးမှဆော့ဖတီးဖြူးစ်မှာတွင်းပေါက် အသီးသီးမှာ ကော့ဒက်ယမ်းကြိုးအ ရှည်ကို ဖြတ်စလေးများမှာ တွဲချိတ် ချည်နှောင်ပြီးမှ ချည်ရသည်။ ဆော့ဖတီး ဖြူးစ်မှာ ကြိုးစ၏အရှည်ကို ၁၈ လက်မခန့် အရှည်ထားရသည်။

အားလုံးအဆင်သင့်ဖြစ်သောအခါ မိုင်းခွဲချနိုင်ရန်အတွက် ဆော့ဖတီဖြူးစ် ကြိုးစကို ဆေးပေါ့လိပ်မီးဖြင့် မီးကူး အောင်ပြုလုပ်ပြီး မီးကူးစက်လောင် နေစဉ် မိုင်းခွဲမည့်သူသည် ဘေးလွတ် ရာကျောက်ဆောင်နံရံပေါ် ထွက်ပြေး ပုန်းရှောင်နေရသည်။

စောစောက မီးရှို့ပေးလိုက်သော ဆော့ဖတီးဖြူးစ်သည် ကော့ဒက်ကြိုး များကို မီးပွားများ တဖွားဖွားဖြင့် လောင်ကျွမ်းသွားကာ ဒီကိုနေတာကို တပ်ဆင်ထားသည့် နေရာအရောက် မှာ ဝုန်းခနဲမိုင်းထပေါက်ကွဲလေသည်။

အထက်ပါအတိုင်း စလွန်ကိုင် ယမ်းကိုင်အဖွဲ့မှ အကျဉ်းသားများ သည် မိုင်းခွဲနိုင်ရန် လွန်ပေကျအောင် စလွန်ချောင်းဂန်းစက်ဖြင့် လွန်ဖောက် ပေးရခြင်း၊ မိုင်းခွဲရန်မိုင်းခွဲသည့် ဆက် စပ်ပစ္စည်းများကို တပ်ဆင်ပြီး မိုင်းခွဲ ပေးရခြင်း တာဝန်ကိုယူရလေသည်။ လွန်ပေ ၁၀၀ ဖောက်ထားသည့် မိုင်းမှာ အနည်းဆုံး ကျောက် ၁၆ ကျင်း ရရန် စံနှုန်းသတ်မှတ်ထားသည်။

ဒါကြောင့် ဂျဗလီထိုးရသည့်အဖွဲ့ မှာလည်း ကျောက်အမျိုးအစားများ ထွက်ရှိနိုင်အောင် ကျောက်ဆောင်နံရံ မှာ မိုင်းခွဲထားသည့်အရှိန်ကြောင့် မိုင်း နာကျန်ခဲ့သော ကျောက်တုံးကြီးများ ကိုဂျဗလီစလွန်ချောင်းဖြင့် ထိုးကော်ချ ပေးရလေသည်။

ယခုလိုဂျဗလီထိုးချသည့်ကျောက် တုံးကြီးများနှင့် နဂိုမိုင်းခွဲချထားသော ကျောက်တုံး အကြီးအသေးများကို ကျောက်ထုခွဲကြသည့်အကျဉ်းသားဘုတ် များမှ ကျောက်အမျိုးအစားအလိုက် ရရှိအောင် ၁၆ ပေါင်တူကြီးဖြင့် ရိုက်ခွဲ ကြရသည်။

သတ်မှတ်ထားသော ကျောက် အရွယ်အစားများမှာ(၆လက်မ×၉လက်မ) အရွယ်အစား၊(၂လက်မ×၄လက်မ)၊ (၁လက်မ×၁/၂လက်မ)အရွယ်အစားနှင့် ချိပင်ခေါ် ကျောက်သေးလေးများကို ထုခွဲထုတ်လုပ်ပေးရသည်။ ယင်း ကျောက်အရွယ်အစား အမျိုးမျိုးကို နိုင်ငံတော်စီမံကိန်းဝင်လုပ်ငန်းကြီးများ ဖြစ်သော လမ်းဖောက်ခြင်း၊ ဆည် ရေကာတာဆောက်ခြင်း၊ မီးရထားသံ လမ်းခင်းခြင်းလုပ်ငန်းအသီးသီးဌာန ဆိုင်ရာအသီးသီးမှနေ သယ်ယူကြ လေသည်။

ယခုကဲ့သို့ကျောက်အရွယ်အစား အမျိုးမျိုးကို လွန်ပေ ၁၀၀ အား လွန်

**ဂျဗလီထိုးနေသည့်နေရာပေါ်တည့်တည့် ပြိုဆင်းကျလာနေသဖြင့် မနီလာကြိုးကိုခိုဆွဲပြီး ကျောက်ဆောင်နံရံဆီ ခြေဖြင့် လွှဲကန်ကာ အားယူလွှဲနေစဉ်ပဲ ကျောက်တုံးကြီးကျလာသည့်အရှိန်မှ လွတ်မြောက်သွားခဲ့သော်လည်း ခါးကြိုးချည်ထားသော မနီလာကြိုးစပေါ် အရှိန်နှင့်ဖြတ်ချသွားလေသည်. . .**



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ထားသဖြင့် ၁၆ ကျင်းထွက်ရှိနိုင်ရန် ကျောက်ထုခွဲသည့်အဖွဲ့မှ ထုခွဲပေးရလေသည်။

ဒါကြောင့်ဂျဗလီအဖွဲ့မှာကျောက်ထုတ်လုပ်မှုစံချိန်စံညွှန်း ပြည့်မီစေရန် ရနိုင်သမျှ ကျောက်တုံးကျောက်ခဲကြီးများကို နံရံပေါ်မှ ကုတ်ကပ်ခွာချကာဖြင့် ဂျဗလီထိုးခြင်းကို ခက်ခက်ခဲခဲ လုပ်ဆောင်ကြရသည်။

ထိုသို့ဆောင်ရွက်နေစဉ်မထင်မှတ်သော ကံကြမ္မာတစ်ရပ်က မရဏမိုင်းကွင်းထဲမှာ ပေါ်ပေါက်လာလေသည်။ ယင်းမှာ ကျောက်ဆောင်နံရံကြီးပေါ်မှာ မနီလာခါးကြိုးချည်ပြီး ဂျဗလီထိုးနေကြသည့် အကျဉ်းသား လှဝင်းအောင်နှင့်ဖိုးငွေးတို့နှစ်ဦးသည် စကားပြောဆိုနေကြရင်း ဂျဗလီထိုးနေကြသည်။

အကျဉ်းသားလှဝင်းအောင်သည် နက်ဖြန် ကျောက်ထုတ်အလုပ်စခန်းမှ လွတ်ရက်စေ့ရောက်၍ လွတ်တော့မည့်လူဖြစ်ပါလျက် သူငယ်ချင်းဖိုးငွေးအပေါ် ခင်မင်မှုသံယောဇဉ်ဖြင့် လွတ်နားပေးထားသော်လည်း ကျောက်ကွင်းနယ်မြေထဲမှာ ဂျဗလီထိုးနေဆဲဖြစ်သည်။

ယင်းကဲ့သို့ ဂျဗလီထိုးနေခိုက် ကျောက်ဆောင်နံရံကြီးပေါ်ဝယ် မိုင်းနာပြီး အက်ကွဲကျန်နေသော တိုစီတုံးအရွယ် ကျောက်တုံးကြီးတစ်တုံးကို အားစိုက်ကာ စလွန်ချောင်းသံချွန်ဖြင့် ထိုးကော်ချနေသည်။

အကျဉ်းသားဖိုးငွေးမှာလည်း မိမိနှင့် ရင်ဘောင်တန်းနေလျက် ဂျဗလီအတူတူထိုးနေကြသည်။ နှစ်ဦးစလုံးမှာ ခါးကြိုးချည်ထားသော မနီလာကြိုးအားကိုးဖြင့် ကျောက်ဆောင်နံရံပေါ်မှာ လေထဲဝဲလျက် ထိုးနေကြခြင်းဖြစ်သည်။

ထိုသို့ဂျဗလီထိုးချလိုက်သဖြင့် အောက်ခြေကျောက်ကွင်းထဲကို ကျောက်တုံးကြီးများ တဝုန်းဝုန်းဖြင့်ပြိုကျကာ မြေပြင်ဝယ်ကျောက်တုံးကျောက်ခဲကြီးများ စုပြုံနေသည်။

"ဟာ ‥ လှဝင်းအောင် မင်းခေါင်းပေါ်တည့်တည့်က ကျောက်တုံးကြီးက သူ့အလိုလို ပြုတ်ကျလာနေတယ် အမြန်ရှောင်လိုက်"

ဘေးတစ်ဖက်မှ ဂျဗလီထိုးနေသော ကျောက်ဆောင်ကြီးနံရံပေါ်မှ ကျောက်တုံးကြီးပဲ့စင်ကျလာနေသည်ကို စကားပြောနေရင်း လှမ်းမြင်နေသဖြင့် အချိန်မီသတိပေးလိုက်သည်။

ထိုအချိန်တွင် လှဝင်းအောင်သည် သူ့ဘေးနားရှိကျောက်တုံးကြီးကို စလွန်ချောင်းဖြင့် ခဲရာခဲဆစ်ထိုးကော်အာရုံစိုက်နေသဖြင့် သတိမထားမိလိုက်ပေ။ ယင်းကဲ့သို့ ကျောက်တုံးကြီးမှာ မိုင်းနာထားသည့်အရှိန်ကြောင့် သူ့အလိုလို အောက်ဘက်သို့ပြုတ်ကျလာနေသည်။

လှဝင်းအောင်လည်း သူငယ်ချင်းဖိုးငွေး လှမ်းသတိပေးလိုက်ချိန်ဝယ် ခေါင်းပေါ် မော့ကြည့်လိုက်ပြီး မိမိဂျဗလီထိုးနေသည့်နေရာပေါ်တည့်တည့် ပြိုဆင်းကျလာနေသဖြင့် မနီလာကြိုးကိုခိုဆွဲပြီး ကျောက်ဆောင်နံရံဆီခြေဖြင့် လွှဲကန်ကာ အားယူလွှဲနေစဉ်ပဲ ကျောက်တုံးကြီးကျလာသည့်အရှိန်မှ လွတ်မြောက်သွားခဲ့သော်လည်း ခါးကြိုးချည်ထားသော မနီလာကြိုးစပေါ် အရှိန်နှင့်ပြတ်ချသွားလေသည်။

"ဟာ ‥ ဂျဗလီကြိုးစပေါ်ပြတ်ကျပြီး ကြိုးပြတ်သွားပြီလှဝင်းအောင်"

"ထောက်"

"အား"

အကျဉ်းသားဖိုးငွေး၏ ထိတ်လန့်တကြား အော်ပြောနေစဉ် ကျောက်တုံးကြီးကမနီလာကြိုးပေါ်ပြုတ်ကျသွားကာ ကြိုးပြတ်သွားသံနှင့်အတူ လှဝင်းအောင်၏ကြောက်မက်ဖွယ် အသံကြီးမှာ ကျောက်ကွင်းနယ်မြေထဲဝယ် ဆူညံမြည်ဟီးသွားလေသည်။

အကျဉ်းသား လှဝင်းအောင်မှာ ကျောက်ဆောင်နံရံအမြင့်ပေါ်မှနေ အောက်သို့ ဇောက်ထိုးမိုးမျှော်ပြုတ်ကျသွားကာ ကျောက်ပုံကြီးများကြားသို့ ခေါင်းစိုက်ကျသွားသည်။ အကျဉ်းသားဖိုးငွေးမှာ မနီလာကြိုးကိုဆွဲပြီး ကျောက်ဆောင်နံရံပေါ်အလျင်အမြန်တက်လာသည်။ ကျောက်ပုံတွေကြားထဲလိမ့်ကျသွားခဲ့သော သူငယ်ချင်းလှဝင်းအောင်ထံအပြေးအလွှားသွားကြည့်သောအခါ ကျောက်ပုံကြားဝယ် မရှုမလှသေဆုံးနေပြီဖြစ်သော လှဝင်းအောင် အလောင်းကိုသာ တွေ့မြင်ခဲ့ရလေတော့သည်။

ထိုအချိန်ဝယ် ရွာတွင် နေထိုင်လျက်ရှိသော ခင်ဝင်းမေမှာ ညနေစာအတွက်ဟင်းချက်ပြုတ်နေစဉ်ဖြစ်သည်။ သူမသည် လင်တော်မောင် လှဝင်းအောင် တစ်ယောက်နက်ဖြန်သဘက်ခါ လွတ်မြောက်လာတော့မည်မို့ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားကာ နေ့စဉ်စောင့်မျှော်နေရှာသည်။

"ဒေါင် တောင်"



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်နား ပန်းကန်စင်ပေါ်မှာ ရေစစ်ထောင်ထားသော ဒန်အိုးလေးသည် သူ့အလိုလိုပန်းကန်စင်ပေါ်မှ ပြုတ်ကျသွားကာ ကြမ်းပြင်ပေါ် ဝယ်လဲကျမသွားဘဲ ထောင်လျက်အတိုင်းဖြစ်နေသည်။ အပေါ်မှအောက်သို့ လိမ့်ကျလာသော ဒန်အိုးလေးသည် ကြမ်းပြင်ပေါ်ဝယ် အသံမြည်ပြီး အိုးပုံစံအတိုင်းအပြားလိုက် ကျမနေဘဲ ထူးဆန်းဖွယ်ရာ ထောင်ထားသည့်ပုံစံအတိုင်းတည်ရှိနေသည်။

"အမေ့ရေ အဖေကြီးပြန်လာပြီ"

အိမ်နောက်ဖေးခန်းဝယ် ချက်ပြုတ်ပြီးစီမံနေစဉ် ပန်းကန်စင်ပေါ်မှ ဒန်အိုးလေး လိမ့်ကျနေပုံကိုကြည့်ပြီး အံ့အားသင့်နေခိုက် အိမ်ရှေ့ဆီမှ သားဖြစ်သူ ချစ်လွမ်းအောင်၏ ဝမ်းသာအားရ အော်ဟစ်ပြောဆို ပြေးဝင်လာနေစဉ် –

"ဟဲ့ ဘယ်မှာလဲ၊ ကိုအောင်လွတ်လို့ ပြန်လာပြီထင်တယ်'

ဟိုးတစ်ပတ် ထောင်ဝင်စာတွေ့ဆုံစဉ်ကတည်းက ရှေ့အပတ်ထောင်မှလွတ်တော့မည်ဟု မှာလိုက်သဖြင့် နေ့စဉ်ချက်ပြုတ်ပြီး စောင့်မျှော်နေရှာသည်။ ယခုသားဖြစ်သူမှ သူ့အဖေထောင်က လွတ်လာပြီကို တွေ့မြင်သဖြင့် အမေဖြစ်သူထံ ဝမ်းသာအားရပြေးဝင်လာပြီးပြောနေသောကြောင့် အမောတကော မေးလိုက်သည်။

"ဝုတ် ဝုတ် ဝုတ်"

အိမ်ရှေ့ဝင်ပေါက်ခြံစည်းရိုးစပ်နားဆီမှ ခွေးတစ်ကောင်၏အော်ဟစ်သံကိုသာ ဆူညံစွာကြားနေရသည်။

"ဟဲ့သား ဘယ်မှာလဲ နင့်အဖေပြန်လာပြီဆို"

"ဟုတ်တယ်အမေရေ၊ ကျွန်တော် အိမ်ရှေ့မှာ တစ်ယောက်တည်း ထိုင်ဆော့နေတုန်း ဖေကြီးက ခြံထဲကိုဝင်လာနေတာမြင်လို့ အမေ့ဆီ ဝမ်းသာအားရပြေးလာပြောတာ"

"ဟုတ်ရဲ့လားသားရယ်၊ သားဖေဖေကို တကယ်မြင်ခဲ့တာလား"

"ဟုတ်ပါတယ်ဆို မေမေရယ်။ သားညာပြောတာ မဟုတ်ပါဘူး။ သားမျက်စိနဲ့ကို သေချာမြင်လိုက်တာ။ ဖေကြီးက ထောင်မှာဝတ်တဲ့ ထောင်ဝတ်စုံကြီးကို ဝတ်ထားပြီး ဟောဟိုခြံပေါက်ဝမှာ မျက်နှာညှိုးညှိုးငယ်ငယ်နဲ့ ရပ်နေတာ အကြာကြီးပဲ"

ခင်ဝင်းမေမှာ သားဖြစ်သူ၏ ပြောစကားများကို ကြားလိုက်ရသောအခါ စိတ်ထဲဝယ် ချီတုံချတုံဖြင့် ဇဝေဇဝါဖြစ်ကာ သားကို ငေးကြည့်နေသည်။ သားဖြစ်သူကလည်း ခြံပေါက်ဝမှာ ရပ်နေသည်ကို မြင်တွေ့ခဲ့ရကြောင်း အပ်ချမတ်ချ ခိုင်ခိုင်မာမာပြောဆိုနေသည်။

ယခု မိမိကိုယ်တိုင် အိမ်ထဲမှ ထွက်လာပြီး ခြံပေါက်ဝဆီလှမ်းကြည့်သော်လည်း ကိုအောင်၏ အရိပ်အယောင် လုံးဝမတွေ့မြင်ရဘဲဖြစ်နေသည်။ ဟိုဘက်အိမ်တွေဆီကိုများ ထောင်မှ လွတ်မြောက်လာသဖြင့် ဝမ်းသာအားရ လိုက်လံနှုတ်ဆက်နေသလား ဟူသော အတွေးဖြင့် ခြံရှေ့ထွက်ရှာကြည့်နေသည်။

"ဘကြီးထွန်း ‥ စောစော

သားမျက်စိနဲ့ကို
သေချာ
မြင်လိုက်တာ။
ဖေကြီးက
ထောင်မှာဝတ်တဲ့
ထောင်ဝတ်စုံကြီးကို
ဝတ်ထားပြီး
ဟောဟို
ခြံပေါက်ဝမှာ
မျက်နှာ
ညှိုးညှိုးငယ်ငယ်နဲ့
ရပ်နေတာ
အကြာကြီးပဲ
...



www.burmeseclassic.com

www.burmeseclassic.com



ကိုလှဝင်းအောင်ကို မြင်မိသလား''

''ဟဲ့ လှဝင်းအောင်က ထောင်ကျနေတာ မဟုတ်ဘူးလား။ အင်း .. လွတ်လာလို့ ပြန်လာတယ်ဆိုရင်လည်း ငါဒီခြံဝမှာ ထိုင်နေတာကြာလှပြီ မတွေ့မိပါဘူး''

''ဟင် ... ဒါဆို ကိုအောင် တစ်ခုခုများ ဖြစ်ပြီလား။ ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ''

ခင်ဝင်းမေ၏ စိတ်ထဲဝယ် ထင့်သွားလေသည်။ လှဝင်းအောင် တစ်ယောက်ထောင်မှလွတ်ခါနီးမှာမှ တစ်စုံတစ်ရာပြဿနာ ဖြစ်ပွားပြီလားဟု စိုးရိမ်သောစိတ်ကို ရင်မှာထွေးပိုက်လျက် သားလေး လက်ကိုဆွဲကာ အိမ်ပေါ် ခေါ်သွားသည်။ သားအမိနှစ်ယောက် အဝတ်အစား ကပျာကသီ လဲလှယ်ဝတ်ဆင်ကာ လှဝင်းအောင်ရှိရာ ကျောက်စခန်းသို့ အပြေးသွား ရောက်စုံစမ်းခဲ့ကြရသည်။

ခင်ဝင်းမေတို့ သားအမိနှစ်ဦးသည် ရထားတစ်တန်ကားတစ်တန်ဖြင့် ကျောက်ထုတ်လုပ်ရေးစခန်းဆီ ရောက်ရှိလာသည်။ အချိန်မှာလည်း မှောင်ရီဖျိုးဖျအချိန်မှာ ရောက်ရှိလာခြင်းဖြစ်သည်။ စခန်းဝင်းဂိတ်မှ စခန်းရုံးအထိ တစ်မိုင်ခန့်ခြေကျင်လျှောက်ပြီး လမ်းလျှောက်လာခဲ့ကြသည်။

''ရှပ် ရှပ် ရှပ်''

နောက်မှခြေသံတရှပ်ရှပ်အသံကြားရသဖြင့် နောက်လှည့်ကြည့်သောအခါဘာမှမတွေ့မမြင်ရဘဲဖြစ်နေသည်။ ပတ်ဝန်းကျင်မှာလည်း မှောင်ရီမည်းစပြုနေပြီမို့ လူတစ်စုံတစ်ဦးမှမတွေ့ရ ပဲ သားအမိနှစ်ဦးတည်းသာ စခန်းကုန်းပေါ်ဆီ တက်လာနေလေသည်။

စခန်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်များကို ကျော်လွန်လာသောအခါမှ ကုန်းထိပ်တွင်စခန်းရုံးကိုတွေ့မြင်ရသည်။ စခန်းရုံးထဲတွင် ရုံးအလုပ်များကိုလုပ်ဆောင်နေသည့် ထောင်မှူးတစ်ဦးကို တွေ့၍ ဝင်စုံစမ်းလေသည်။

''ဆရာ .. ကျွန်မအကျဉ်းသားကိုလှဝင်းအောင်ရဲ့ဇနီးပါ၊ သူ ထောင်ကနေ ဒီရက်ပိုင်းလွတ်မယ်ဆိုလို့ လာကြိုခဲ့တာပါ''

''ဩော် ကိုလှဝင်းအောင်ရဲ့ဇနီးလား။ အေးဗျာ ပြောပြရမှာတော့ စိတ်မကောင်းစရာပဲ။ သူနေ့လယ်ပိုင်း ကျောက်ကွင်းထဲမှာ ဂျဗလီထိုးရင်း ကျောက်ဆောင်ပေါ်က လိမ့်ကျသေဆုံးသွားတယ်ဗျာ''

'အမယ်လေး ဟီး အီး ရှင် နက်ဖြန်သဘက် လွတ်မယ်ဆိုလို့ မျှော်လိုက်ရတာ၊ ခုတော့ ရှင်လိမ့်ကျသေဆုံးသွားပြီပေါ့။ ဒါကြောင့်အိမ်မှာ သူ့ဝိညာဉ်က ထူးထူးခြားခြား လာအရိပ်အယောင်ပြနေလို့ စိတ်ထဲမှာထင့်နေတာကြောင့် စခန်းကိုလာကြည့်မှပဲ ရှင်တကယ် သေသွားပြီပေါ့။ ကိုအောင်ရယ် ဟီး''

ခင်ဝင်းမေမှာ အကျဉ်းသား လှဝင်းအောင်၏ သတင်းဆိုးကို ကြားလိုက်ရပြီး သူမကြုံတွေ့ခဲ့ရသည့် အဖြစ်သနပ်များကို ပြောပြကာ ချုံးပွဲချ ငိုကြွေးနေရှာသည်။

''ငါ့တူမတို့ ခုလို စခန်းကိုလူကိုယ်တိုင် ရောက်လာတာ အတော်ဖြစ်သွားတယ်။ ဦးတို့လည်း သူ့အိမ်ကို အကြောင်းကြားစာ ပို့မလို့လုပ်နေတာ။ ကဲ ဘာပဲဖြစ်ဖြစ်ပေါ့ ပြီးတာလည်းပြီးသွားပြီ၊ တရားနဲ့သာဖြေပါ တူမရယ်။ ဒီည စခန်းမှာပဲအိပ်ပါ။ ဦးစီစဉ်ပေးပါ့မယ်။ နက်ဖြန်ဆေးရုံကြီးကနေ သူ့ကို သဂြိုဟ်မှာဆိုတော့ တူမကိုယ်တိုင် လိုက်သွားကြည့်လို့ရတာပေါ့''

ကျွန်ုပ်လည်း လှဝင်းအောင်ဇနီးနှင့်သားလေးကို သူ့ဘုတ်ကိုင်ဆရာ ဝန်ထမ်းအိမ်မှာပဲ ညအိပ်ရန်စီစဉ်ပေးခဲ့ရသည်။

နောက်တစ်နေ့ နံနက်ပိုင်းမှာ အကျဉ်းထောင်မှ ရိန်းဂျားကားဖြင့် လှဝင်းအောင်အသုဘကို သဂြိုဟ်ရန် ဘုတ်ကိုင်ဆရာ တပ်ကြပ်ကြည်ရွှင်နှင့် အကျဉ်းသားလေးဦးကို တစ်ပါတည်း ခေါ်ဆောင်သွားရန် ထည့်ပေးလိုက်သည်။ အကျဉ်းသား လှဝင်းအောင်၏ သေဆုံးသွားကြောင်း အမိန့်ပြန်တမ်းစာရွက်လေးကို တစ်ပါတည်းထည့်ပေးလိုက်ရန် ကျွန်ုပ်ပေးအပ်ခဲ့သည်။

စိုးဝေ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**တစ်** ညသ၌ ကျွန်ုပ်သည် မြန်အောင်မြို့ ဆန်းသစ်ဦးရုပ်ရှင်ရုံ၌ ရုပ်ရှင်ကြည့်ပြီးနောက် အိမ်သို့ပြန်လာခဲ့လေ၏။ မိုးမှာ ဖွဲဖွဲကလေးကျသည် ဆိုရုံလေးမျှ ရွာနေ၏။ ကျွန်ုပ်သည် ထိုမိုးဖွဲဖွဲလေးကြားမှပင် အေးအေးလူလူလမ်းလျှောက်၍ ပြန်လာခဲ့လေ၏။ ကျွန်ုပ်၏အိမ်မှာ ရွှေဘုံသာရပ်ကွက်အတွင်း၌ရှိ၏။ ဤသို့ဖြင့် ကျွန်ုပ်သည် တရွေ့ရွေ့ လျှောက်လာခဲ့ရာမှ မြန်အောင်မြို့ ပညာရေးမှူးရုံးအကျော်သို့ ရောက်လာခဲ့လေ၏။ ကျွန်ုပ်သည် သီချင်းကလေး တအေးအေးဖြင့် လျှောက်နေရာမှ အော်သံဟစ်သံတချို့ကို ကြားလိုက်ရသဖြင့် နားစွင့်လိုက်၏။ မရှေးမနှောင်းမှာပင် လမ်းအချိုးတစ်ခုမှ လူ ၁၀ ယောက်ခန့်သည် ပြေးထွက်လာကြလေ၏။

၎င်းတို့သည် ကျွန်ုပ်ရှိရာသို့ ဦးတည်၍ ပြေးလာနေကြလေ၏။ ပါးစပ်မှလည်း "သူခိုး သူခိုး"ဟုအော်နေကြ၏။ ကျွန်ုပ်သည် ဘေးဘီဝဲယာကို လှည့်ပတ်ကြည့်ရှုလိုက်မိ၏။ လမ်းမကြီးပေါ်တွင် ကျွန်ုပ်မှအပ ခွေးတစ်ကောင်ကြောင်တစ်မြီးမှပင် ရှိမနေပါချေ။ ကျွန်ုပ်သည် ရုတ်တရက်ကြံရာမရဖြစ်သွားမိ၏။

"ကျွန်တော်လူကောင်းပါ"ဟုလှမ်း၍ အော်လိုက်စဉ်မှာပင် အုတ်ခဲကျိုးတစ်လုံးသည် ကျွန်ုပ်၏ရင်ဘတ်ကို လာ၍ထိလေတော့၏။

ကျွန်ုပ်သည် ထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာဖြင့် လက်လှမ်း၍ကာလိုက်သည့်အချိန်မှာပင် ဒုတိယမြောက် ခဲတစ်လုံးသည် ကျွန်ုပ်၏ မေးရိုးဆီသို့ လာ၍ထိပြန်ရာ မျက်လုံးထဲ၌ မီးဝင်းဝင်းတောက်သွား၏။ အော်သံဟစ်သံအချို့ကိုကြားနေရပြီးနောက် အသံများသည် တဖြည်းဖြည်း ဝေး၍ဝေး၍သွားကာ ကျွန်ုပ်လည်း သတိလစ်လဲကျသွားလေ၏။

ကျွန်ုပ်သတိရလာ၍ မျက်စိကို ဖွင့်ကြည့်လိုက်သောအခါ ရဲစခန်းသို့ ရောက်ရှိနေကြောင်း သတိပြုမိလေ၏။ ကျွန်ုပ်အား ခေါ်ဆောင်လာသော ရပ်ကွက်လူကြီးအချို့နှင့် ရဲအရာရှိတို့သည် ကျွန်ုပ်အား မေးခွန်းအထောင်အသောင်း မေးမြန်း၍ စစ်ဆေးကြကုန်၏။

ကျွန်ုပ် တစ်ကိုယ်လုံးမှာ ဒဏ်ရာဒဏ်ချက်များစွာရရှိနေပြီး နာကျင်ခြင်းဝေဒနာကိုပြင်းပြစွာ ခံစားနေရသောကြောင့်လည်းကောင်း၊ ကျွန်ုပ်သည် သူခိုးမဟုတ်ပါဘဲလျက် သူခိုးဟု[...] ကာ ရိုက်နှက်ညှဉ်းပန်းခေါ်ဆောင်[...] ပြီး အစစ်အဆေးခံနေရသောကြော[...] လည်းကောင်း ကျွန်ုပ်သည် ၎င်း[...] အားဒေါသတကြီး တုံ့ပြန်ပြောဆို[...] ခဲ့၏။ တစ်ဖန် မိမိ၏ဆိုးဝါးလှသော[...] ကံကြမ္မာအခြေအနေကို စဉ်းစားမိ[...] စိတ်ဓာတ်အကြီးအကျယ်ကျသွား[...] ပြန်၏။

ကျွန်ုပ်သည် မေးသမျှမြန်းသ[...] ကို ဘာတစ်ခွန်းမှပြန်မပြောဘဲ ကြ[...] နာကြီး လည်လိမ်ထားသကဲ့သို့ [...] နေလေတော့၏။ ထိုအခိုက်မှာပ[...] သဘောကျစွာဖြင့် အားရပါးရ အော်[...] ဟစ်ရယ်မောလိုက်သော အသံ[...] ကျွန်ုပ်နားတွင် ကြားယောင်မိလိုက်[...] လေ၏။ ကျွန်ုပ်သည် ထိုရယ်မောသံ[...] ကောင်းစွာမှတ်မိနေလေ၏။ ထို့အ[...] ကျွန်ုပ်၏ရင်တွင်း၌လည်း ထူးဆ[...] သော အင်အားတစ်ခုကို ရုတ်ချည်း[...] ပေါက်ဖွားလာလေ၏။ ထို့နော[...] သဘောကျစွာဖြင့် အားရပါးရရယ်မော[...] လိုက်လေတော့၏။

"ဟား ဟား ဟား"

ရဲအရာရှိနှင့် ရပ်ကွက်လူကြီး[...] များသည် ကျွန်ုပ်အား ရူးသွပ်သွား[...] လောဟူသော မျက်လုံးမျိုးဖြင့် ဝိုင်း[...] ကြည့်နေလေ၏။ ထိုအချိန်၌မှာပ[...] စက်ဘီးတစ်စီးဖြင့် ပတ္တရောင်လှည့်[...] ရာမှ ပြန်လာသော နယ်ထိန်းထွ[...] ဝင်းဆိုသူ စခန်းသို့ရောက်ရှိလာ[...] ကျွန်ုပ်ကို မြင်တွေ့သွားလျှင် –

"ဟာ ဦးကျော်ဆောင်[...] ပါလား၊ ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တအံ့တသြ မေးပြီးလျှင် ကျွန်ုပ်၏အနီးသို့ လျှောက်လာလေ၏။ ၎င်းနယ်ထိန်း ထွန်းဝင်းဆိုသူမှာ ကျွန်ုပ်နှင့် တစ်လမ်းတည်းနေသူဖြစ်၏။ ကျွန်ုပ်နှင့် ကောင်းစွာရင်းနှီး၏။

ထိုအခါကျမှပင် ကျွန်ုပ်လည်း အဖြစ်အပျက်အားလုံးကို လိပ်ပတ်လည်အောင် ရှင်းပြနိုင်လေတော့၏။

နောက်ဆုံးတွင်ကား ရဲအရာရှိနှင့်ရပ်ကွက်လူကြီးတို့သည် ကျွန်ုပ်အားတောင်းပန်စကားပြောကြားပြီးနောက် ဆိုက်ကားတစ်စီးဖြင့် အိမ်သို့ ပြန်ပို့ပေးလေ၏။ နယ်ထိန်း ထွန်းဝင်းကလည်း ...က်ဘီးတစ်စီးဖြင့် လိုက်လာခဲ့၏။

အချိန်မှာ ညသန်းခေါင်ကျော် ...ပြီဖြစ်၏။ လမ်းမကြီးပေါ်တွင် ကျွန်ုပ် ...သာလျှင် ရှိနေလေ၏။ မြန်အောင်မြို့ ...လေးသည် အိပ်မောကျ၊ ဘိတ်ဆိတ် ...ပြီ ဖြစ်သည်။ ကျွန်ုပ်စီးလာသော ...တ်ကားမှ တကျီကျီ မြည်နေသော ...သံမှ တစ်ပါး အရာအားလုံးသည် ...တ်ဆိတ်လျက် ရှိနေလေတော့၏။ ထို ...ကျီကျီအသံသည် စည်းချက်ဝါးချက် ...ား ပုံမှန်ထွက် ပေါ်နေခြင်းဖြစ်ရာ ...ကား ငိုက်မြည်းလာလေတော့ ... ထိုအချိန်၌မှာပင် ကျွန်ုပ်၏ အာရုံ ... သဘောကျစွာဖြင့် တဟားဟား ...တစ် ရယ်မောလိုက်သောအသံကို ...ောင်မိပြန်လေ၏။ ကျွန်ုပ်၏နှလုံး ...တ်တွင် ထိုရယ်မောသံသည် ...က် မမေ့နိုင်အောင်ပင် စွဲထင် ... ရှိနေလေ၏။ ကျွန်ုပ်၏ရင်တွင်း ... အမျိုးအမည်မသိသော ဝေ ...ချပ်ကိုခံ စားလိုက်ရလေ၏။

ထို့နောက် ကျွန်ုပ်သည် လက်အစုံကို ရင်အုံဆီသို့ စွဲကပ်ရင်း ထိုအသံရှင်ရှိရာဆီသို့ မှန်းဆလျက် လက်အုပ်ချီလိုက်မိပါတော့သတည်း။

လွန်ခဲ့သော ဆယ်နှစ်ကျော်က ဖြစ်လေ၏။ ကျွန်ုပ်သည်မြန်အောင်မြို့ ရွှေဘုံသာရပ်ကွက်ထဲ၌ စားသောက်ဆိုင်ကလေးတစ်ဆိုင် ဖွင့်လှစ်ထားခဲ့၏။ စားသောက်ဆိုင်ဟုဆိုသော်လည်း မည်ကာမတ္တဆိုင်လေးမျှသာဖြစ်လေတော့၏။ ဆိုင်မှာ တိုးတက်မှုမရှိသည့်အပြင် တစ်နေ့ထက်တစ်နေ့ တစ်စထက်တစ်စ ဆုတ်ယုတ်လာနေလေ၏။

ကျွန်ုပ်တို့လင်မယားနှစ်ဦး၊ သားနှစ်ယောက်၊ သမီးနှစ်ယောက်၊ ကျွန်ုပ်၏မိခင်ကြီး၊ မိန်းမဖြစ်သူ၏မိခင်နှင့်ဖခင် စုစုပေါင်းလိုက်လျှင် ကျွန်ုပ်၏ စားသောက်ဆိုင်ကလေးကို မှီခိုနေသူ ကိုးယောက်တိတိရှိလေ၏။ ထို့အပြင် ရန်ကုန်၌ တက္ကသိုလ်တက်နေသော မိန်းမဖြစ်သူ၏ မောင်တစ်ယောက်အတွက်ကိုလည်း ကျွန်ုပ်ကပင် တာဝန်ယူထားရ၏။ ထို့ကြောင့်ထို မဖြစ်ညစ်ကျယ် စားသောက်ဆိုင်ကလေးသည် လူဆယ်ဦး၏ဝန်ကို မနိုင်မနင်း ထမ်းရွက်ထားရရှာသည်ဟု ဆိုရပေလိမ့်မည်။

ဤသို့ဖြင့် ကျွန်ုပ်တွင်အကြွေးပေါ် အကြွေးဆင့်ပြီးသကာလ လူစင်စစ်မှ ကြွေးရုပ်ပေါ်လာလေတော့၏။ စားသောက်ဆိုင်ကလေးမှာလည်း အရမ်းထပ်၍မပြည့်နိုင်တော့သည့်အပြင် အရင်းထဲမှပင် တဖြည်းဖြည်းပဲ့၍ပါနေပြီဖြစ်၏။

တစ်နေ့သ၌လမ်းလျှောက်၍ ဗေဒင်ဟောသော ပုဏ္ဏားကလေးတစ်ယောက်သည် ကျွန်ုပ်၏စားသောက်ဆိုင်ရှေ့မှ ဖြတ်၍လျှောက်သွား၏။ ကျွန်ုပ်လည်း ဗေဒင်မေးကြည့်ဦးမှပဲ လေဟူ၍ စိတ်ကူးပေါက်သောကြောင့် ထိုပုဏ္ဏားလေးအား ဆိုင်ထဲသို့ခေါ်ကာ ဗေဒင်မေးကြည့်မိ၏။ ပုဏ္ဏားလေးသည် ကျွန်ုပ်၏ မွေးသက္ကရာဇ်များကို တောင်းယူပြီးနောက် ''ကဲ ‥ နားထောင်''ဟု ဆိုကာ ကဗျာလိုလို လင်္ကာလိုလို စာသားများကို ရွတ်ပြလေ၏။ ကျွန်ုပ်က သိလိုသောအရာများကို ထပ်မံ၍ မေးသောအခါတွင်လည်း ၎င်းလင်္ကာကိုသာ ပြန်၍ရွတ်ပြန်၏။ ''ဘာကိုဆိုလိုတာလဲ၊ သေသေချာချာ သဲသဲကွဲကွဲ ဖြစ်အောင် ပြောစမ်းပါ''ဟု ပြောသောအခါ၌လည်း အထက်ပါလင်္ကာကိုသာ တစ်ကျော့ပြန်၍ ရွတ်ပြပြန်လေ၏။ ကျွန်ုပ်အနေဖြင့် မှတ်မိလိုက်သည်မှာကား ''စနေပေါ် စနေစီးနေတယ်''ဟူသောအချက်နှင့် ''ဘုမ္မိကြီးနှစ်ထပ်ကျနေတယ်''ဆိုသော စကားလုံးနှစ်လုံးသာလျှင် ဖြစ်လေတော့၏။ စနေပေါ်စနေစီးလျှင် သို့တည်းမဟုတ် ဘုမ္မိကြီး ဘုမ္မိလေး နှစ်ထပ်ကျလျှင် ဘာတွေဘယ်လိုဖြစ် မည်ကို ကျွန်ုပ်အနေနှင့်နားမလည်ပါ။ သို့သော် ထိုအချက်များသည် ကျွန်ုပ်၏ ကံအခြေအနေ ဆိုးရွားမှုကို ဖော်ပြနေကြောင်းကိုမူ ကျွန်ုပ် သိနေပါ၏။ ကျွန်ုပ်၏ မိန်းမက –

''ဘုရားလေး ဘာလေးသွားပြီး ပုတီးလေးဘာလေးစိပ်ပေါ့တော်''ဟု



www.burmeseclassic.com

# လူ့ရဲ့ခန္ဓာကိုယ်က စွမ်းဆောင်နိုင်တဲ့ ခွန်အားနဲ့ လူ့ရဲ့ဦးနှောက်က တီထွင်ကြံဆနိုင်တဲ့ ဉာဏ်အားနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ လူသားဟာ တစ်လောကလုံးကို လွှမ်းမိုးထားနိုင်တော့တာပဲ . . .

တိုက်တွန်း၏။ ဤသို့ဖြင့် ကျွန်ုပ်သည် ကျွန်ုပ်တို့၏ ဆိုင်နှင့်များစွာမဝေးလှသော ရွှေဘုံသာဘုရားသို့သွား၍ ပုတီးစိပ်ဖြစ်ခဲ့လေတော့၏။ အမှန်စင်စစ်အားဖြင့် ပုတီးစိပ်သည်ဟုဆိုသော စကားလုံးသည် ကျွန်ုပ်နှင့် မတန်မရာကြီးလွန်းလှနေပြီဖြစ်၏။ အမှန်တကယ်ဆိုလျှင် ပုတီးစိပ်ချင်ယောင်ဆောင်သည်ဟု ပြောမှသာလျှင် မှန်နိုင်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည်တစ်သက်နှင့် တစ်ကိုယ် ပုတီးတစ်ပတ်ပြည့်အောင်ပင် ပုတီးလုံးကို ရေတွက်ကြည့်ခဲ့ဖူးသည်မရှိရာ မည်သို့မည်ပုံ ပုတီးစိပ်ရမည်ကို သို့တည်းမဟုတ်မည်သည့်ဂါထာမန္တန်အား ပုတီးစိပ်ရမည်ကို သို့တည်းမဟုတ်မည်သည့်ဂါထာမန္တန်အား ပုတီးစိပ်ရမည်ကို မသိရိုးအမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ''ဗုဒ္ဓေါ ဗုဒ္ဓေါ''ဟူသော ကြားဖူးနားဝရှိသည့် စကားလုံးကိုသာလျှင်တစ်ဖန် တလဲလဲ ပုတီးစိပ်နေခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကျွန်ုပ်သည် ညခုနစ်နာရီကျော်သည်နှင့် ရွှေဘုံသာဘုရားသို့ရောက်သွား၏။ ဗုဒ္ဓေါဟူသော ဂုဏ်တော်ကို တစ်နာရီခွဲခန့်ကြာသည်အထိအားရပါးရ စိပ်လေတော့၏။ ညဆယ့်တစ်နာရီထိုးခါနီးလောက်ကျမှ အိမ်သို့ပြန်လေ၏။

ပုတီးစိပ်ချိန်မှာ တစ်နာရီခွဲခန့်သာဖြစ်ပါလျက် အဘယ်ကြောင့် ထိုမျှကြာရသနည်းဟု မေးစရာအကြောင်းရှိလာပေသည်။ ကျန်သောတစ်နာရီခွဲခန့်မှာ ကျွန်ုပ်ဖြစ်ချင်သော အရာများကို ဆုတောင်းနေသည့်အချိန်ပင် ဖြစ်လေတော့သတည်း။

ကျွန်ုပ်သည် ညစဉ်ရွှေဘုံသာဘုရားသို့သွား၍ ပုတီးစိပ်ခဲ့သည်မှာ သို့မဟုတ် ပုတီးစိပ်ချင်ယောင်ဆောင်နေခဲ့သည်မှာ တစ်လနီးပါး ခန့်ပင်ရှိလာပြီဖြစ်၏။ ထိုသို့ ရွှေဘုံသာဘုရားကိုရောက်သွားတိုင်း ကျွန်ုပ်အနီးတွင် ပုတီးလာ၍စိပ်သော ရသေ့ကြီးတစ်ပါးကိုလည်း ညစဉ်ပင် တွေ့နေရ၏။ ဤသို့ဖြင့် ထိုရသေ့ကြီးနှင့် ကျွန်ုပ်သည် ရင်းနှီးကျွမ်းဝင်သောအဆင့်သို့ ရောက်လာလေတော့၏။

ထိုရသေ့ကြီး၏ အမည်မှာ ဦးရွှေတောင် ဟူ၍ဖြစ်ကြောင်းသိရ၏။ ရသေ့ကြီး ဦးရွှေတောင်သည် မြန်မာပြည်အနှံ့ လှည့်လည်၍ အဓိဋ္ဌာန်ဝင်နေသူဖြစ်၏။ ဒုက္ခပင်လယ်ဝေနေသူတို့သည် နီးရာလူ၏လက်ကိုဖမ်းဆွဲ၍ မိမိ၏ဒုက္ခများကို ရင်ဖွင့်တတ်ကြစမြဲဖြစ်ရာ ကျွန်ုပ်သည်လည်း ရသေ့ကြီးဦးရွှေတောင်အား ကျွန်ုပ်၏ဒုက္ခများကိုမပြီးနိုင် မစီးနိုင်တတွတ်တွတ်ညည်းလေ၏။ ကျွန်ုပ်က မည်သို့ပင်ညည်းသော်လည်း ရသေ့ကြီးဦးရွှေတောင်က မူပြုံးလျက်သားပင်။

တစ်ညသ၌ ကျွန်ုပ်သည် ပုတီးကိုသာ စိပ်နေသော်လည်း ပုတီးထဲ၌ ရာခိုင်နှုန်းကျော်မျှ စိတ်မပါပေ။ ကျွန်ုပ်၏ သမီးကလေးသည် အပြင်းအထန်ဖျား၍ပြီး အိပ်ရာထဲလဲနေ၏။ ဆရာဝန်က အထူးဂရုစိုက်ဖို့လိုကြောင်း ဆေးရုံတင်လိုက်လျှင် အကောင်းဆုံးဖြစ်ကြောင်းပြော၏။ ကျွန်ုပ်တို့၏အခြေအနေမှာ မနက်ဖြန် ညစာအတွက်ပင် လျှင် မမျှော်မှန်းရဲသေးသော အခြေအနေဖြစ်နေ၏။ သမီးလေးအား ဆေးကောင်းဝါးကောင်းဖြင့် ကုသရေးမှာ လွန်စွာရင်လေးဖွယ် ဖြစ်နေလေ၏။

ဝတ်ကျေတန်းကျေ ပုတီးစိပ်ပြီးသွားသည့်နောက် ကျွန်ုပ်သည် ဆေးပေါ့လိပ်တစ်လိပ်ကို စွတ်ကယ် စွတ်ကယ်ဖွာရင်း ငူငူကြီးထိုင်နေမိ၏။ ခဏအကြာတွင် ရသေ့ကြီးဦးရွှေတောင်လည်း ပုတီးစိပ်ပြီးသွားပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



၍ ကျွန်ုပ်အနီးသို့ လျှောက်လာလေ၏။ ကျွန်ုပ်သည် ရသေ့ကြီး၏လက်ကို အားကိုးကြီးစွာ ဖမ်းကိုင်လိုက်ရင်း –

"ရသေ့ကြီးရယ်၊ ကျုပ်သမီးလေးရဲ့ကျန်းမာရေးအခြေအနေဟာ အတော်ကိုစိုးရိမ်ရတဲ့အခြေအနေကို ရောက်နေတယ်ဗျာ၊ ကျုပ်မှာဆေးဖိုးဝါးခဆိုတာကလည်း ပရုတ်ဆီတစ်ဘူးတောင်အကြွေးဝယ်ရမယ့် အခြေအနေမျိုးဖြစ်နေတယ်၊ ကျုပ် ဘယ်လိုလုပ်ရပါ့မတုံးဗျာ"ဟုတုန်ယင်သောအသံဖြင့် ပြောင်း မျက်ရည်များပင် ရစ်ဝဲလာမိ၏။ ရသေ့ကြီး ဦးရွှေတောင်သည် ကျွန်ုပ်၏မျက်နှာကို စေ့စေ့စပ်စပ်ကြည့်လိုက်၏။ ထို့နောက် အားရပါးရ အော်ဟစ်ရယ်မောလိုက်လေတော့၏။

"ဟား ဟား ဟား ဟား"

ကျွန်ုပ်သည် ဦးရသေ့၏အမူအရာကြောင့် အူကြောင်ကြောင်ဖြစ်သွားရ၏။ ဒေါသလည်း ထွက်သွားမိ

"ဒီမှာ ဒီမှာ ဦးရသေ့၊ ခင်ဗျားတော်ရိုင်းတဲ့ ရသေ့ပဲဗျာ၊ ဒီမှာ ရောက်နေလို့ သမီးအတွက်ရင်ထဲ လွန်းလို့ ရင်ဖွင့်ပြတဲ့ကိစ္စကို မို့လို့ ပြက်ရယ်ပြုရက်တယ်ဗျာ"

ဟု ကျွန်ုပ်ကရသေ့ကြီးအား ညှိုးငေါက်ငေါက်ထိုး၍ ပြော ရသေ့ကြီးကမူ ပြုံးပြုံးကြီး ၍နေလေ၏။ ထို့နောက်တွင်

"ဒီလိုရှိတယ် မောင်ကျော်ဆောင် လူတစ်ယောက်ပါကွ၊ သေ စဉ်းစားကြည့်ရင် လူတစ်ယောက်ရဲ့ စွမ်းရည်ဟာမသေးဘူးနော်၊ လူတစ်ယောက်လုပ်နိုင်တဲ့၊ လူတစ်ယောက် မလုပ်နိုင်တဲ့အလုပ်တွေဟာလည်း မနည်းဘူးနော်၊

"လူရဲ့ခန္ဓာကိုယ်က စွမ်းဆောင်နိုင်တဲ့ ခွန်အားနဲ့ လူရဲ့ဦးနှောက်က တီထွင်ကြံဆနိုင်တဲ့ ဉာဏ်အားနဲ့ ပေါင်းစပ်လိုက်တဲ့အခါမှာ လူသားဟာ တစ်လောကလုံးကို လွှမ်းမိုးထားနိုင်တော့တာပဲ မောင်ကျော်ဆောင်ရေ၊ ဒီတော့ တစ်ခုမှတ်ထားလိုက်စမ်းပါ"

မင်းမှာ ဒီ့ထက်အရေးကြီးတဲ့ တာဝန်ကြီးတွေရှိလာဦးမှာ၊ ဒီ့ထက်ကြီးမားတဲ့ အခက်အခဲကြီးတွေကိုလည်းရှင်းရဦးမှာ၊ ဒီ့ထက်အဆမတန်ဆိုးတဲ့ ဒုက္ခကြီးတွေကိုလည်း ကျော်လွှားရဦးမှာ၊ ဘာလို့လဲဆိုတော့ကိုရင်ဟာ လူသားကြီးတစ်ယောက်ဖြစ်နေလို့ပဲ၊ အင်မတန်စွမ်းရည်သတ္တိကြီးမားတဲ့ လူသားကြီးတစ်ယောက်အနေနဲ့ ကလေးမလေးတစ်ယောက်ရဲ့ ကျန်းမာရေးကို ဖြေရှင်းပေးဖို့ကိစ္စ ညည်းနေရတယ်ဆိုတာဟာ၊ အရပ်ရပ် နေပြည်တော်ကြားလို့မှ မတော်ပါဘူးကွယ်၊ ရှက်စရာ ကောင်းပါတယ်၊ မညည်းပါနဲ့ မညည်းပါနဲ့၊ အဲဒီမဖြစ်စလောက် ပြဿနာလေးလောက်ကို စာဖွဲ့မနေနဲ့၊ အေးအေးဆေးဆေးရှင်းလိုက်စမ်းပါ"ဟု တစ်လုံးချင်းပြောပြလေ၏။

ကျွန်ုပ်သည် ဦးရသေ့ပြောသော စကားများကို ကြားရသောအခါ ပထမတစ်မျိုးကြီး ခံစားလိုက်ရ၏။ ထို့နောက် အမျိုးအမည်မသိသော အင်အားတစ်ခုသည်ရင်ထဲ၌ နိုးထလာလေ၏။ ထို့ကြောင့် လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်လိုက်ပြီးလျှင် –

"ဟုတ်တာပေါ့ ဦးရသေ့ရယ်၊ ကျုပ်ဟာ လူသားကြီးပဲဗျ၊ ဒီမဖြစ်စလောက် အပရိကကိစ္စလေးကို ဘာများ ရေးကြီးခွင်ကျယ်လုပ်နေရမှာလဲဗျာ"

ဟု ရင်ခေါင်းသံကြီးဖြင့်ပြောလိုက်ပြီးနောက် အားရပါးရ ရယ်မောလိုက်လေတော့သတည်း။

တစ်ညတွင်လည်း ကျွန်ုပ်သည် ပုတီးစိပ်မည်ဟူ၍ အားခဲကာဘုရားသို့ လာခဲ့ရသော်လည်း ရင်ထဲ၌မူတအုံနွေးနွေးကြီး ဖြစ်နေလေ၏။ အမှန်စင်စစ်အားဖြင့် ကျွန်ုပ်စားသောက်ဆိုင်ဖွင့်ထားသော နေရာကလေးသည် ကျွန်ုပ်အပိုင် မဟုတ်ပေ။ ဆွေမျိုးနီးစပ်တစ်ဦး၏ နေရာကိုငှားရမ်း၍ ဖွင့်ထားခြင်းသာဖြစ်၏။ ကျူရှင်ဆရာတစ်ဦးသည် ဤနေရာကလေးကို မျက်စောင်းထိုးနေ၏။ လခကောင်းကောင်းပေးမည်ဟု ပြောသည်။ ထို့ကြောင့် လခညှံ့ညှံ့ကိုပင်လျှင် မပေးနိုင်ခဲ့သည်မှာ ကြာပြီဖြစ်သော ကျွန်ုပ်အား ထိုနေရာမှ မောင်း၍ထုတ်နေပြီဖြစ်၏။ တစ်ပတ်အတွင်း ထိုနေရာမှ ဖယ်ပေးရတော့မည်။

ကျွန်ုပ်သည် ထိုကိစ္စကြီးခေါင်းထဲရောက်နေသဖြင့် ပုတီးစိပ်ရန်ကိုပင် တာမစုနိုင်တော့ဘဲ ငူငူကြီးထိုင်နေမိလေ၏။ ထိုအချိန်၌မှာပင် ရသေ့ကြီး ဦးရွှေတောင်ရောက်လာလေ၏။

"ဘယ်လိုလဲ ဆရာကြီးရဲ့၊ ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းနဲ့ ပြည့်စုံတော်မူပါစ" ဟူ၍ ကျွန်ုပ်အား နှုတ်ဆက်လိုက်လျှင် –

"မနောက်ပါနဲ့ ဦးရသေ့ရယ်၊ အခု ကျုပ်ခေါင်းကို ဆင်နင်းနေပြီဗျ၊ မြေပိုင်ရှင်က ကျုပ်ဆိုင်ကလေးရွှေ့ပေးဖို့ ဝမ်နင်ပေးနေပြီ၊ ဒုက္ခပါပဲဗျာ၊ သေသာသေလိုက်ချင်တော့တာပါပဲ"

ဟု ကျွန်ုပ်က ညည်းညည်းညူညူ ပြန်၍ပြောလိုက်လေ၏။

"ဟား ‥ ဟား ‥ ဟား"

ရသေ့ကြီးသည် အားရပါးရဟားတိုက်၍ ရယ်မောလိုက်၏။ ကိုယ်ကိုလှုပ်ခါ၍ပင် ရယ်မောလေ၏။ ထို့နောက် –

"ဩော် မောင်ကျော်ဆောင် ‥ မောင်ကျော်ဆောင်၊ ကိုယ့်ကိုယ်ကိုလည်း မှန်လေးဘာလေးထဲ ပြန်ကြည့်ဦးလေ၊ မောင်ရင်ဟာ လူသားရင့်မာကြီးပါ၊ အင်မတန်စွမ်းရည်ကြီးမားတဲ့ လူသားကြီးတစ်ယောက်က ဒီမဖြစ်စလောက် ကိစ္စလေးကို ညည်းနေရတယ်လို့ပဲကွာ၊ ဒီမှာ မောင်ကျော်ဆောင် မင်းလူဖြစ်လာတာဟာ အဲဒါလောက်ကလေးကို ညည်းဖို့မဟုတ်ဘူးကွ၊ မင်းမှာ အဲဒီထက် ကြီးလေးတဲ့ကိစ္စကြီးတွေ ရှိသေးတယ်ဆိုတာ မြဲမြဲမှတ်ထားလိုက်စမ်းပါကွာ"ဟု ဦးရသေ့က တစ်လုံးချင်း ပြောလိုက်ပြန်လေ၏။

ဦးရသေ့၏ စကားလုံးများသည် ကျွန်ုပ်၏ ရင်တွင်းသို့ ၌ပျော့ပျော့ထဲတွင် ပစ်သွင်းလိုက်သော လောက်စာလုံးများကဲ့သို့ တစ်လုံးချင်းတစ်လုံးချင်း စူးနစ်ဝင်ရောက်သွားခဲ့၏။ ကျွန်ုပ်၏ခေါင်းသည် ဆတ်ခနဲ ထောင်သွား၏။

– "ဟုတ်တယ်ဦးရသေ့၊ သိပ်ဟုတ်တယ်၊ ကျုပ်ဟာလူသားကြီးပဲဗျ၊ ကျုပ်မှာဒီ့ထက်ပိုပြီးအများကြီးအရေးကြီးတဲ့ ကိစ္စတွေရှိသေးတယ်၊ အများကြီးအရေးကြီးတဲ့ ကိစ္စတွေရှိသေးတယ်'ဟု ကျွန်ုပ်သည် ကြုံးဝါးလိုက်ပြီးနောက် အားရပါးရ ရယ်မောလိုက်မိလေတော့သတည်း။

"ဟား ‥ ဟား ‥ ဟား ‥ ဟား"

ထို့နောက်တွင်လည်း ကျွန်ုပ်တွင် လွန်စွာ ဖြေရှင်းရခက်သည်ဟု ရတ်တရက်တွေးထင်မိသော၊ စိတ်ပူမိသော၊ ခေါင်းရှုပ်မိသော၊ ရင်လေးမိသော ကိစ္စများသည် တစ်ခုပြီးတစ်ခု ကြုံခဲ့ရ၏။ ထိုသို့သောဒုက္ခများ၊ အဖြစ်အပျက်များနှင့် ရင်ဆိုင်လိုက်ရသည့်အခါ လူတစ်ကိုယ်လုံး ထူပူသွားပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရစမြဲဖြစ်၏။

သို့သော် ဦးရသေ့ကမူ ဟားတိုက်၍ ရယ်မောပြီးနောက် –

"မင်းမှာ ဒီထက်ကြီးမားတဲ့ ကိစ္စကြီးတွေရှိသေးတယ်၊ အကြီးကြီးတွေ လုပ်ရဦးမှာ၊ အကြီးကြီးတွေကို ဖြေရှင်းရဦးမှာ"ဟူသော စကားကို ပြောတတ်စမြဲဖြစ်လေတော့၏။

ဤသို့ဖြင့် ကျွန်ုပ်သည် မည်သည့် အခက်အခဲပြဿနာနှင့် ကြုံသည်ဖြစ်စေ ဦးရသေ့၏ စကားကို ကြားယောင်နေမိလေ၏။

"ငါ့မှာဒီကိစ္စထက်ကြီးမားတဲ့ ကိစ္စကြီးတွေရှိသေးတယ်။ ငါဟာလူသားကြီးတစ်ယောက်ဖြစ်ပါလျှက်... ဘာလို့ ဒီကိစ္စလောက်ကလေးကို ခေါ... ရှုပ်ခံနေရမှာတဲ့တုန်း၊ ဒီထက်ကြီး... တွေ ရှိသေးတယ်"

ဟူ၍ ရေရွတ်မိစမြဲ ဖြစ်... တော့၏။

ထိုအချိန်၌မှာပင် ဆိုက်ကား... သည် ကျွန်ုပ်၏အိမ်ရှေ့သို့ရောက်လာ... လေ၏။ ကျွန်ုပ်၏မိန်းမနှင့် ကလေး... များသည် ကျွန်ုပ်ကို စောင့်မျှော်နေကြ... ၏။ နယ်ထိန်းထွန်းဝင်းနှင့် ဆိုက်ကား... ဆရာသည် ကျွန်ုပ်တို့အား နှုတ်ဆက်၍ လှည့်ပြန်ကြလေ၏။ နယ်ထိန်းထွန်းဝင်းက နောက်သို့လှည့်ကြည့်ရင်း –

"ဗျို့ ဦးကျော်ဆောင်၊ မနက်ကျရင် ဆေးခန်းလေးဘာလေးလည်း ပြလိုက်ဦးပေါ့၊ လိုတာရှိရင်လည်း ကျွန်တော့်ကို ပြောပါ"

ဟု လှမ်း၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်သည် တစ်ချက်မျှပြုံးလိုက်ပြီးနောက် –

"ကျုပ်မှာ ဒီ့ထက်ကြီးတဲ့ကိစ္စတွေ ရှိသေးတယ်၊ ကျုပ်ဟာလူသားကြီးတစ်ယောက်လေဗျာ၊ ဒီ့ထက်ကြီးတာတွေကိုလုပ်ရဦးမှာဗျို့'

ဟု ပြန်၍အော် ပြောလိုက်ပြီးလျှင် အားရပါးရရယ်မောလိုက်ပါလေတော့သတည်း။

'ဟား ‥ ဟား ‥ ဟား ‥ ဟား

ဇင်ယော်...



www.burmeseclassic.com

www.burmeseclassic.com



**စာမျက်နှာ ၂၈ လုမိုး(ပညာရေး) မှ စာဆက်**

စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့ကြီးသည် အချင်းဖြစ်ပွားရာ နေရာမှာ တွေ့ရှိရသည့် ရွှေကွပ်ထားသော အီဘိုနီ လက်ကိုင်တုတ်ခေါင်းပုံအား သတင်းစာများတွင် ထည့်သွင်းဖော်ပြ၍ ထိုလက်ကိုင်တုတ်ပိုင်ရှင်ကို သိရှိပါက နီးရာရဲစခန်းသို့ သတင်းပေးကြရန် မေတ္တာရပ်ခံခဲ့သည်။ ဤသို့ ကြော်ငြာချက် သတင်းစာများတွင် ပါခဲ့ပြီး နှစ်ရက်အကြာခန့်တွင် အထက်ဖော်ပြပါ ရွှေကွပ်ထားသော အီဘိုနီ လက်ကိုင်တုတ်ပိုင်ရှင်ဖြစ်သူအား ရဲနှင့် စုံထောက်တို့က ခြေရာခံနိုင်ခဲ့ကြ၏။ ယင်းတုတ်ကောက်ပိုင်ရှင်ဖြစ်သူမှာ လန်ဒန်မြို့ ပင်မီကိုအိမ်ရာတွင် နေထိုင်သော အက်ဒီ ဗီဗီယံဆိုသူဖြစ်သည်။ အက်ဒီမှာ ရာဇဝင် ဖောက်ထွင်းဝိဇ္ဇာတစ်ဦးဖြစ်ရာ မကြာခဏ အကျဉ်းထောင်များသို့ အလည်ရောက်ခဲ့ဖူးသူဖြစ်သည်။ သို့ဖြစ်၍ စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့သည် အက်ဒီ ဗီဗီယံအား ဖမ်းဆီး၍ စုံစမ်းစစ်ဆေးကြသည်။

အက်ဒီ ဗီဗီယံကမူ ရွှေကွပ်ထားသော အီဘိုနီသား တုတ်ကောက်မှာ သူပိုင်တုတ်ကောက်ဖြစ်ပါကြောင်း။ ယင်းတုတ်ကောက်အား သူ့မိတ်ဆွေ ဖောက်ထွင်းဝိဇ္ဇာ အလက်ဇန္ဒား ကင်းဘယ် မေဆင့် ဆိုသူက ငှားရမ်းသွားခြင်းဖြစ်သည်ဟု ထွက်ဆိုခဲ့သည်။ သို့သော် အက်ဒီ ဗီဗီယံမှာလည်း လန်ဒန်မြေအောက်လောကတွင် အတော်အသင့်နာမည်ဆိုးဖြင့် လူသိများခဲ့သူဖြစ်သည်သာမက ဖောက်ထွင်းမှုဖြင့် အပြစ်ဒဏ်ခံရဖူးသူ ဖြစ်၏။

အက်ဒီ ဗီဗီယံကမူ ထိုလူသတ်မှုဖြစ်ပွားစဉ်က သူသည် ဇနီးဖြစ်သူနှင့် သူ့နေအိမ်တွင် ရှိနေပါသည်ဟု အလီဘိုင်(ဆင်သက်သေ)ပြထား၏။ လူသတ်မှု ကျူးလွန်သူ ဖောက်ထွင်း ဝိဇ္ဇာ အလက်ဇန္ဒား ကင်းဘယ် မေဆင် မှာ ကနေဒါနိုင်ငံသားတစ်ဦးဖြစ်သည်။ ပထမကမ္ဘာ့စစ်ကြီး(၁၉၁၄–၁၈)ဖြစ်ပွားခဲ့စဉ်က ဗြိတိသျှ ကြည်းတပ်မတော်တွင် အမှုထမ်းခဲ့သည်။ သို့သော် တပ်မတော် တပ်ပြေးအဖြစ် အရေးယူခံရသူဖြစ်၏။ ပထမကမ္ဘာ့စစ်ကြီးပြီးဆုံးခဲ့ပြီးနောက် သူ့ဇာတိ ကနေဒါနိုင်ငံသို့ ပြန်သွားခြင်းမပြုဘဲ လန်ဒန်တွင် သောင်တင်နေခဲ့ရာမှ ဒုစရိုက်လောကသို့ ရောက်ရှိသွားပြီး ဖောက်ထွင်းမှု ကျူးလွန်မှုဖြင့် အပြစ်ဒဏ်ကျခံရသူဖြစ်သည်။

ဤလူသတ်မှုကို သူတို့နှစ်ယောက် ကျူးလွန်ခဲ့သည်ဟု စုံထောက်နှင့် ရဲတို့က ကောက်ချက်ချထားသည်။ မှုခင်းဆေးပညာ ပါရဂူ ဆာဘားနတ်၏ အစီရင်ခံစာအရ ဤအမှုတွင် ကျူးလွန်သူနှစ်ဦးဖြစ်နိုင်သည်ဟု ဆိုထား၏။ မော်တော်ကား တံခါးများတွင် လူသတ်မှုကျူးလွန်သူများဟု စွပ်စွဲခံရသူများ၏ လက်ဗွေရာများ၊ မေဆင်နှင့် ဗီဗီယံတို့၏ ခြေရာများဖြစ်နေသည်။ ပတ်ဝန်းကျင်မျက်မြင်သက်သေဖြစ်သူ အမျိုးသမီးနှစ်ယောက်၏ ထွက်ဆိုချက်များတွင်လည်း လူနှစ်ယောက် အချင်းဖြစ်ပွားရာ နေရာမှ ထွက်ပြေးသွားသည်ကို မြင်ရသည်ဟု အခိုင်အမာ ထွက်ဆိုထားခဲ့သည်။ အမှန်အားဖြင့် တရားခံဟု စွပ်စွဲခြင်းခံရသူနှစ်ဦး၏ မူလရည်ရွယ်ချက်မှာ တက္ကစီမော်တော်ကားမောင်းသူအား သတ်ရန် ရည်ရွယ်ခြင်းမရှိခဲ့။ မော်တော်ကားမောင်းသူ ဂျဲကော့ဒစ်ဘီထံမှ ငွေများကို လုယူခြင်းသာဖြစ်၏။ သို့သော် ဂျကော့ဒစ်ဘီသည် ကျားကုတ်ကျားခဲ ခုခံခဲ့သဖြင့် မူလရည်ရွယ်ချက်ပျောက်ခဲ့ပြီး လူသတ်မှုဖြစ်ခဲ့ခြင်းသာဖြစ်၏။

စုံထောက်နှင့် ရဲတို့သည် ထိုလူသတ်မှုကို ခိုင်မာစွာတည်ဆောက်ခဲ့ကြပြီး ၁၉၂၃ ခုနှစ်၊ ဇူလိုင်လတွင် လန်ဒန်မြို့ အိုးဘိုင်လေ ရာဇဝတ်တရားရုံးတွင် တရားဆိုခဲ့သည်။ ဤအမှုတွင် ပါဝင်ခဲ့သူ အက်ဒီ ဗီဗီယံသည် ဖော်ကောင်ဖြစ်ခဲ့သဖြင့် တရားခွင်တွင် အဓိက အစိုးရသက်သေဖြစ်ခဲ့သည်။ တရားခွင်တွင် အလက်ဇန္ဒား ကင်းဘယ် မေဆင်က သူ အမှန်တကယ် လူသတ်မှုကို ကျူးလွန်ခဲ့ပါကြောင်း ထွက်ဆိုခဲ့ရာ ရုံးတော်က သူ့အားသေဒဏ်ချမှတ်ခဲ့သည်။ သို့သော် သက်ဆိုင်ရာသို့ အယူခံဝင်ခဲ့ရာ သေဒဏ်မှ တစ်သက်တစ်ကျွန်းဒဏ်သို့ ပြောင်းလဲပေးခဲ့သည်။

လုမိုး(ပညာရေး)

ကျမ်းကိုး

The inside story of Scotland Yard. By S.Firmin



www.burmeseclassic.com

www.burmeseclassic.com



# အမေပေးသောကြွတ်ဘူးလေး





www.burmeseclassic.com

www.burmeseclassic.com





"သားရေ ... ထတော့လေ၊ ငါးနာရီထိုးတော့မယ်"

အမေကနိုးမှ ကျွန်ုပ်သည် အိပ်ရာမှ လူးလဲထလိုက်သည်။ ကျွန်ုပ်သည် ညကစာအုပ်တစ်အုပ်ကို ဖတ်နေမိသည်မှာ ညဉ့်နက်သွားခဲ့သည်။ သည်မနက် ကျွန်ုပ်ခရီးထွက်ရမည်။

ခရီးက ဝါးခယ်မမြို့သို့ သွားရန်ဖြစ်သလို သွားရမည့်အကြောင်းမှာ အိမ်ကမုန့်လုပ်ငန်းအတွက် မုန့်များကို ဝါးခယ်မမြို့သို့ ပို့ထားသည်။ ပို့ထားသော မုန့်ဖိုးငွေများကိုသွားရောက်တောင်းယူရန် ဖြစ်၏။

အိမ်မဲမှ ဝါးခယ်မမြို့ကို သင်္ဘောထွက်ချိန်သည် နံနက်(၅)နာရီခွဲဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် သွားတိုက် ခပ်သုတ်သုတ်လေး တိုက်နေလိုက်သည်။

"သားကလည်းကွယ်... ခရီးသွားမှာစောစောထပေါ့၊ အချိန်ကို လေးစားစမ်းပါ သားရယ်"

အမေက အိမ်ပေါ်တွင် တဖြည်းဖြည်း လမ်းလျှောက်ရင်း လှမ်းပြောသည်။ အမေသည် အသက်(၇၀)ကျော်အရောက်လာသော်လည်း နံနက်စောစောအိပ်ရာထပြီး အိမ်ပေါ်တွင် လမ်းလျှောက်နေတတ်သည်။

ကျွန်ုပ်သည် သွားတိုက်၊ မျက်နှာသစ်ပြီး အိမ်ဦးခန်း၌ရှိသော ဘုရားစင်ရှေ့တွင်ထိုင်ပြီး ဘုရားရှင်ကို ပူဇော်ကန်တော့လိုက်သည်။ ပြီးမှ အမေ့ထံလျှောက်သွားသည်။

"အမေ ... သားခရီးသွားဦးမယ်နော်"

"အေး ... အေး ..."

ကျွန်ုပ်သည် အမေရှေ့တွင် ကျိုးနွံစွာထိုင်လျက်ကန်တော့လိုက်သည်။ ထိုအခါ အမေသည် ကျွန်ုပ်ဦးခေါင်းပေါ်က ဆံနွယ်စများကို ပွတ်သပ်ရင်း –

"ငါ့သား ... သွားလေရာ-လမ်းခရီးမှာ ဘေးမသီရန်မခပါစေနဲ့၊ သူတော်ကောင်းတွေနဲ့ တွေ့ပါစေ၊ အိမ်ကိုလည်း ချောချောမွေ့မွေ့ပြန်ရောက်ပါစေ"

အမေ့နှုတ်ဖျားမှ မေတ္တာပို့သသစ္စာစကားများ သွန်းဖြိုးစီးဆင်းနေလျက်။ အမေ၏ ဆုတောင်းပေးနေသော အသံသည်တည်ငြိမ်အေးမြနေ၏။ ချမ်းမြေ့ကြည်လင်နေ၏။

"ငါ့သား ရတနာသုံးပါးကိုအမြဲနှလုံးသွင်း ပူဇော်ထားပါသား၊ သွားလေရာခရီးမှာ ဘယ်တော့မှ ဒုက္ခမတွေ့ပါစေနဲ့၊ ကဲ ... သား လည်ပင်းမှာ ဒီဆွဲကြိုးလေးကို ဆွဲသွားပါ"

အမေသည် အဝါရောင်ချည်ကြိုးတစ်ကွင်း ကျွန်ုပ်လည်ပင်းတွင် ဆွဲပေးလိုက်သည်။ ကြိုးကွင်းတွင်ကြုတ်ဘူးလေးပါရှိသည်။

"ဟုတ်ကဲ့ပါ အမေ"

အမေသည် ကျွန်ုပ်ကို တစိမ့်စိမ့်ကြည့်နေသည်။ အမေ့မျက်လုံးအိမ်သည် ကြည်လင်တောက်ပဆဲ မေတ္တာရည်ကြည်များက စိမ့်စိမ့်ယိုဖိတ်နေလျက် ...။

"အမေ ... သား သွားလိုက်ဦးမယ်နော်"

"အေး ... အေး ..."

ကျွန်ုပ်သည် အမေ့ကို ဦးညွှတ်ကန်တော့ပြီး အိမ်ပေါ်မှလှမ်းဆင်းလာခဲ့သည်။ သင်္ဘောဆိပ်ကိုရောက်ပြီး မကြာမီ သင်္ဘောသည် အိမ်မဲဆိပ်ကမ်းမှ ထွက်ခွာမောင်းနှင်လာခဲ့သည်။

သင်္ဘောသည် မြစ်ချောင်းကွေ့ကွေ့ကောက်ကောက်ပေါ်တွင် ဖြတ်သန်းမောင်းနှင်ရင်း ဝါးခယ်မမြို့သို့ ဦးတည်နေသည်။

ဝါးခယ်မမြို့ကို ညနေစောင်းတွင် ရောက်သည်။

တည်းခိုခန်းတွင် တည်းခိုလိုက်သည်။ ဝါးခယ်မမြို့ ညနေခင်းသည် လှပနေ၏။ ကျွန်ုပ်သည် ဝါးခယ်မမြို့ ညနေခင်း၏ အလှထဲတွင်တစ်ညတာကုန်ဆုံးသွားခဲ့သည်။

မနက်အိပ်ရာထပြီး တည်းခိုခန်းဘက်မှ ဈေးဘက်သို့လျှောက်လာမိသည်။ ဝါးခယ်မဈေးသည် နံနက်ခင်းတွင် ကြက်ပျံမကျစည်ကားနေ၏။

ကျွန်ုပ်သည် ဈေးဆိုင်များသို့ ဝင်ရောက်ပြီး ငွေရှင်းယူရသည်။ ဈေးဆိုင်များ တစ်ဆိုင်ပြီးတစ်ဆိုင်။ တချို့ဆိုင်များက ချက်ချင်းငွေရှင်းပေးသည်။ တချို့ဆိုင်ကြတော့လည်း စောင့်ရပြန်သည်။

ဆိုင်များစုံ သွားသောအခါ ဈေးအနီးရှိ ထမင်းဆိုင်တစ်ဆိုင်တွင် ထမင်းဝင်စားလိုက်သည်။ ထမင်းစားပြီးသွားသောအခါ ဈေးဆိပ်ကမ်းဘက်ရှိ ကူးတို့ဆိပ်သို့ ဆင်းခဲ့သည်။

ကျွန်ုပ်သည် ရွှေလောင်းရှိဈေးဆိုင်များတွင် ငွေရှင်းရန်ရှိသေးသောကြောင့် ရွှေလောင်းကိုသွားရမည်ဖြစ်သည်။ ရွှေလောင်းကိုထွက်သော ကားဂိတ်သည် ဝါးခယ်မမြို့ဈေးတစ်ဖက်ကမ်းမှာ တည်ရှိသည်။ ကားထွက်ချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာ နေ့လယ်(၁၂)နာရီ ...။

ကျွန်ုပ်သည် ဝါးခယ်မဈေးဆိပ်ကမ်းမှ ကူးတို့ဈေးတစ်ဖက်ကမ်းကို ကူးခဲ့ရ၏။

(ထိုစဉ်က ဝါးခယ်မမြို့ဈေးတံတားကြီးဆောက်လုပ်ထားခြင်း မရှိသေးပါ။)

ကားဂိတ်တွင် ခရီးသည်များကို ဟိုတစ်စ၊ သည်တစ်စနှင့်တွေ့လိုက်ရသည်။ ကားပေါ်တွင် ခရီးသည်များထိုင်နေသည်ကို မတွေ့ရ။

ကားဒရိုင်ဘာနှင့် ကားစပယ်ယာလည်း ကားနောက်ပိုင်းတွင်ဝင်ရောက်ကာ အလုပ်များနေသည်ကို မြင်ရပြန်၏။ ကားဂိတ်တွင် ထိုင်နေသည့် ခရီးသည်တစ်ဦးကို မေးလိုက်၏။

"ကား ဘာဖြစ်လို့လဲ ဦးလေး"

"ကား စက်ပျက်နေလို့ကွ၊ ခရီးသွားတာလည်း မလွယ်ပါဘူးကွာ ..."

ခရီးသည် လူကြီးသည် ကျွန်ုပ်ကိုကြည့်ရင်း စိတ်ပျက်စွာပြောနေသည်။ မျက်ဝန်းပေါ်တွင်လည်း နွမ်းလျမောဟိုက်နေသည်။ ကျွန်ုပ် ရင်ထဲကို ကားစက်ပျက်ပြီး ကားမထွက်နိုင်သည့် သောကလှိုင်းများက ရုတ်တရက်ဝင်ရောက်ခဲ့သည်။

မနက်ဖြန် အိမ်မဲမှ ခရီးပြန်ထွက်ရမည်။ သည့်နေ့အိမ်ပြန်ရောက်မှ ဖြစ်လိမ့်မည်။ ကျွန်ုပ် စိတ်တွေ ဟိုယိမ်းသည်ယိမ်း တည်ငြိမ်မှုမရှိ။

"ကားစပယ်ယာ ... ကားထွက်နိုင်ဦးမလား"

"ဒီမှာပြင်နေတာ ခင်ဗျားတို့ အမြင်ပဲ မဟုတ်လား၊ ထွက်နိုင်မယ်၊ မထွက်နိုင်ဘူးဆိုတာ ကျွန်တော်တို့ သေချာမပြောနိုင်သေးဘူး"

ခရီးသည် တစ်ဦးနှင့် ကားစပယ်ယာတို့ အသံများသည် ကျွန်ုပ်ထံလွင့်ပျံလာသည်။ ကျွန်ုပ်သည် စိတ်ပျက်စွာ ကားဂိတ်အနီးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်။ ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ပြီး လက်ဖက်ရည်တစ်ခွက်မှာသောက်နေ လိုက်သည်။ ခရီးသည်တစ်ဦး လှမ်းဝင်လာသည်ကိုတွေ့ရပြီး ထိုခရီးသည်ကိုလှမ်းမေးလိုက်သည်။

"ကားထွက်ဖြစ်သလား"

"ကားမထွက်ဖြစ်တော့ဘူး၊ ကားစက်ကိုပြင်လို့မရဘူး"

ခရီးသည်၏ သောကနွယ်ယှက်စကားသံသည် ကျွန်ုပ် ရင်ကိုလှုပ်ရှားသွား၏။ ကျွန်ုပ်သည် ခေါင်းကုတ်ရင်း လက်ဖက်ရည်ဆိုင် ကောင်တာဘက်သို့ လျှောက်သွားလိုက်သည်။ ထို့နောက် ကောင်တာတွင် ထိုင်နေသည့် ဆိုင်ပိုင်ရှင်ကို ကျွန်ုပ် မေးလိုက်သည်။

"ဦးလေး ... ဝါးခယ်မနဲ့ရွှေလောင်းခရီး ဘယ်နှမိုင်လောက်ဝေးလဲ"

"အင်း ... ဆယ့်ငါးမိုင်၊ ဆယ့်ခြောက်မိုင်ကျော်ကျော်ဝေးလိမ့်မယ်၊ ဒီကမောင်ရင်က ဘယ်သွားမလို့တုံး"

"ကျွန်တော်က ရွှေလောင်းကို သွားမလို့ပါ။ ကားစက်ပျက်နေလို့ အခက်ကြုံနေရတာ ဦးလေး"

"မနက်ဖြန်ကားနဲ့ သွားပေါ့ကွာ"

"မဖြစ်ဘူးဦးလေး ... ဒီနေ့ အိမ်ပြန်ရောက်မှဖြစ်မယ်၊ ဒါကြောင့် ကျွန်တော် ခြေကျင်လျှောက်မလို့ စဉ်းစားနေတာ"

ဆိုင်ပိုင်ရှင်သည် ကျွန်ုပ်ကိုသေချာစူးစိုက်ကြည့်နေသည်။ ပြီးမှ "ကိစ္စသိပ်အရေးမကြီးရင် မနက်ဖြန်မှ အေးအေးဆေးဆေးပြန်ပေါ့။ ဩော် ... ဒီကမောင်ရင်က ရွှေလောင်းကို ခြေကျင်လျှောက်ဖူးလို့လား"

"မလျှောက်ဖူးပါဘူး ဦးလေး"

ဆိုင်ပိုင်ရှင်သည် လက်ဖက်ရည်ဖိုးကရှင်းပေးနေသော စားပွဲထိုး ချာတိတ်ထံမှ ငွေလှမ်းယူရင်း ...

"လမ်းကလည်း သိပ်မကောင်းဘူး၊ နေကလည်း သိပ်ပူတာ၊ နောက်ပြီးတော့လည်း ဒီဒေသနဲ့မောင်ရင်က စိမ်းနေတယ် မဟုတ်လား"

"ဦးလေး ပြောတာလည်း ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်တော်က ဒီနေ့အိမ်ပြန်ရောက်မှ ဖြစ်မယ်ဦးလေး"

"အေးပေါ့ကွာ၊ ဒါတော့မောင်ရင်ကိစ္စ မောင်ရင်ပဲ ဆုံးဖြတ်ပါ"

ကျွန်ုပ်သည် ဆိုင်ပိုင်ရှင်ကို လက်ဖက်ရည်ဖိုးလှမ်းပေးပြီး စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်နေလိုက်သည်။ ကျွန်ုပ် တွေဝေငေးငိုင်နေလျက်။

ကျွန်ုပ် အိမ်ပြန်ရောက်ချင်စော အဟုန်ဇော ရိုက်ပုတ်နှိုးနေသည်။ ဒီနေ့အိမ်ပြန်ရေး၊ အိမ်မပြန်ရေး လွန်ဆွဲအားပြိုင်နေမိသည်။ နောက်ဆုံးတော့ ကျွန်ုပ်စိတ်ကို ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်မိသည်။ သည်နေ့အိမ်ရောက်အောင်ပြန်မည်။ ကျွန်ုပ်သည် ဆိုင်ပိုင်ရှင်ထံ ပြန်လျှောက်သွားပြီး မေးလိုက်သည်။

"ဝါးခယ်မနဲ့ ရွှေလောင်းလမ်းမှာ လမ်းခွဲတွေရှိလားဦးလေး"

ဆိုင်ပိုင်ရှင်သည် ကျွန်ုပ်ကိုစူးစိုက်ကြည့်နေပြန်သည်။ ပြီးမှကျွန်ုပ် ကို လှမ်းပြောသည်။

"မောင်ရင်က ခြေကျင်လျှောက်ဖို့ စိတ်ဆုံးဖြတ်လိုက်လို့လား"

"ဟုတ်တယ်ဦးလေး ...၊ ကျွန်တော် ဒီနေ့ အိမ်ပြန်ရောက်မှဖြစ်မယ်၊ ဒါကြောင့် ကျွန်တော်ခြေကျင်လျှောက်မယ်"

"လမ်းမှာတော့ လမ်းခွဲသွမရှိပါ

www.burmeseclassic.com



ဘူး၊ ကားလမ်းအတိုင်း လျှောက်သွားရင် ရွှေလောင်းကိုရောက်မှာပါ''

''ဟုတ်ကဲ့ ဦးလေး ‥ ကျေးဇူးပဲ၊ ကျွန်တော် သွားလိုက်ပါဦးမယ်''

ဆိုင်ပိုင်ရှင်သည် ခေါင်းညိတ်ပြီး ကျွန်ုပ်ကိုလှမ်းကြည့်နေသည်။ ကျွန်ုပ်လည်း ခရီးသွားလွယ်အိတ်ကိုပခုံးပေါ် တင်လိုက်ပြီး လက်ဖက်ရည်ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ကားလမ်းမအတိုင်း ရွှေလောင်းဘက်သို့ ဦးတည်လျှောက်လာမိသည်။

တဖြည်းဖြည်းနှင့် ဝါးခယ်မကားဂိတ်သည် ဝေး၍ဝေး၍ကျန်ရစ်ခဲ့ သည်မှာ မှုန်မှုန်ဝါးဝါး မှိုင်းမှိုင်းပျပျ ...။

တပေါင်းနွေ၏ နေမင်းကလည်း အစွမ်းကုန်အားမာန်ဝင့်လျက် ပူလောင်နေသည်။

ကျွန်ုပ်၏ ဦးခေါင်းပေါ်မှာလောင်မြိုက်နေသော အပူရှိန်ကို အန်တုရန် ဦးထုပ် အဆောင်းကင်းမဲ့နေလျက်။ ထို့ကြောင့် ကျွန်ုပ်၏ ကိုယ်ခန္ဓာပေါ်ကို စီးကျလာသည်မှာ ချွေးသီးချွေးပေါက်များ လေပူများလည်း ရှေ့တူရူမှ တိုက်ခတ်လာပြန်သည်။ မျက်နှာပေါ်ကို အပူရှိန်များ ဟပ်နေလျက်။

လျှောက်လှမ်းလာခဲ့မိသော လမ်းခရီးသည် ကျွန်ုပ်နှင့် စိမ်းနေသည်။ ပထမဆုံးအကြိမ် ခြေကျင်လျှောက်ခြင်းသာ။ ကားလမ်းမှာ ကွေ့ကွေ့ကောက်ကောက်၊ လမ်းမှာ ဖုန်တထောင်းထောင်း။

လမ်းဘေးဝဲယာမှာ ရွာတန်းရှည်များစီစီရီရီ။ အချို့နေရာမှာ ရွာတန်းများပြတ်နေသည်လည်း ရှိ၏။ လူသူများလည်း ပြတ်နေ၏။ အချို့နေရာများတွင် လယ်ကွင်းပြင်များ၊ အချို့နေရာမှာ တောင်တန်းသွယ်များ၊ အချို့နေရာမှာ တန်းရှည်များ။ အချို့နေရာမှာသစ်ပင်ကြီးများ မှိုင်းမှိုင်းအုပ်အုပ်။

ပခုံးပေါ်မှ လေးအိတ်ပွဲခိုနေသော ခရီးသွားလွယ်အိတ်ကို မ,တင်လိုက်ရပြန်သည်။ လမ်း၌တွေ့ရသော လူတိုင်းသည် ကျွန်ုပ်ကို စိုက်ကြည့်ကြ၏။ ကျွန်ုပ်သည် သူတို့နှင့်စိမ်းနေ၏။

ထို့ကြောင့် သူတို့မျက်နှာပြင်ပေါ်တွင် အမြင်အမျိုးမျိုး၊ အထင်အမျိုးမျိုး ပေါ်လွင်နေသည်။ လွယ်အိတ်ကို တင်းတင်းဆုပ်ကာ လွယ်ထားရင်းလျှောက်လှမ်းသည်။

ကျွန်ုပ်သည် ဘေးဘီဝန်းကျင်ကို မျက်လုံးကစားလိုက်သည်။ ပြီးမှ လျှောက်လာမိသည်မှာ ခြေလှမ်းသွက်သွက်လက်လက်၊ လေပူများတိုက်ခတ်လာသော လေဆန်ကိုလည်း မာန်တင်းကာဖြတ်သန်းခဲ့သည်။ ဖုဖုထစ်ထစ်လမ်းပေါ်တွင် လျှောက်လှမ်းခဲ့ရသော ကျွန်ုပ်၏ ခြေလှမ်းများမှာ ပူထူနေလျက်။

''သား‥‥သား‥‥သား အနောက်မှာ ကျွဲရိုင်းကြီးတစ်ကောင် ပြေးလာနေတယ်''

လမ်းလျှောက်လာရင်း အမေ့အသံကို ကြားလိုက်ရသည်။

ထို့ကြောင့်အနောက်ဘက်ကိုလှည့်ကြည့်လိုက်ရာ ကျွဲရိုင်းမည်းမည်းကြီး တစ်ကောင်သည် မာန်ဟုန်ပြင်းပြင်း ပြေးလာသည်ကို တွေ့လိုက်ရ၏။

ကျွန်ုပ်သည် ကားလမ်းနံဘေးကို ပြေးဆင်းလိုက်သည်။ ကျွဲရိုင်းမည်းမည်းကြီးသည် ကားလမ်းမအတိုင်း ပြေးဆင်းသွားသည်။

''ဟူး ...တော်ပါသေးရဲ့''

သက်ပြင်းမှုတ်ထုတ်လိုက်ပြီး ရင်ထဲစိုးရိမ်လှိုင်းများ ပြယ်သွားလေသည်။ စောစောပိုင်းက ကျွန်ုပ်ကို ကျွဲရိုင်းကြီး ပြေးလာသည်ဟု အော်ပြောလိုက်သော အသံက အမေ့အသံ။

အမေက အိမ်မှာပဲ။ အမေ့အသံ ဘယ်ကလာသည်ကို ကျွန်ုပ်စဉ်းစားနေမိသည်။

ကျွန်ုပ်လည်း လည်ပင်းက အမေပေးလိုက်သော ကြုတ်ဘူးလေးကိုငုံ့ကြည့်လိုက်သည်။ အမေ့အသံသည် ကြုတ်ဘူးလေးထဲက ထွက်ပေါ်လာသည်လား ...။

လေသည် နေလုံးကြီးကိုဖြတ်ရင်း တိုးဝှေ့တိုက်ခတ်လာမှုကြောင့် ကျွန်ုပ် မျက်နှာပေါ်တွင် ချွေးများ စို့စို့သီသီ။ ရင်ထဲတွင်လည်း စိုးရိမ်လှိုင်းများရိုက်ခတ်နေလျက်။

မလျှောက်ဘူးသောလမ်း၊ စိမ်းနေသော ဒေသ အငွေ့အသက်ကြောင့် ကျွန်ုပ်၏ မျက်လုံးအကြည့်များသည် တည်ငြိမ်မှုမရှိ။ ကားလမ်းနံဘေးကို ကြည့်ရင်း လျှောက်လာမိသောကျွန်ုပ်၏ ခြေလှမ်းများသည် သွက်သွက်လက်လက်ရှိလာသည်။

''သား ...ရှေ့က သစ်ပင်ပေါ်က မြွေကြီးတစ်ကောင် ကျလာလိမ့်မယ်။ သားရပ်နေလိုက်ပါ။ ဆက်မလျှောက်နဲ့ဦး''

ကျွန်ုပ်လည်ပင်းမှ ဆွဲထားသော ကြုတ်ဘူးလေးထဲကဟု ထင်မိ၏။ အမေ့အသံထွက်ပေါ်လာသည်။ လှမ်းနေသော ခြေလှမ်းကိုရပ်တန့်သည်။ ရှေ့ကို ကြည့်လိုက်သည့်အခါ သစ်ပင်ပေါ်က မြွေကြီးတစ်ကောင် ပြုတ်ကျလာသည်ကို တွေ့လိုက်ရ၏။

မြွေသည်ပါး ပျဉ်းထောင်နေလျက် မြွေဆိုးဖြစ်ပါလိမ့်မည်။ မြွေကို ကျွန်ုပ် ငေးကြည့်နေမိသည်။

''ဘုရား‥‥ဘုရား‥‥ဘုရား တော်သေးတာပေါ့၊ အမေသတိပေးလိုက်လို့''



www.burmeseclassic.com

www.burmeseclassic.com



"သား . . . မြွေကိုမေတ္တာပို့လိုက်ပါ"

အမေ့အသံ ပေါ်လာပြန်သည်။

"ဟုတ်ကဲ့ အမေ. . . သား မေတ္တာပို့လိုက်ပါ့မယ်။ သင်လိုရာခရီး သင်ချောချော မွေ့မွေ့သွားနိုင်ပါစေ"

ကျွန်ုပ်သည် မြွေဆိုးကို မေတ္တာပို့လိုက်သည်။ ထိုမြွေဆိုးသည် ကားလမ်းနံဘေး ချုံနွယ်ကြားထဲသို့ တိုးလျှိုဝင်ရောက်ပျောက်ကွယ်သွားလေသည်။

ထိုအခါ ကျွန်ုပ်သည် ခရီးလမ်းကို ဆက်လျှောက်လာမိသည်။ နေ၏အပူရှိန်သည် လျော့ကျသွားသည်။ နေလုံးကြီးသည် အနောက်တောင်ဘက်တောင်တန်းတွင် မေးတင်နေသည်။ ညနေစောင်းသို့ ဝင်ရောက်လာတော့သည်။ ကျွန်ုပ်သည် လမ်းဆက်လျှောက်ဆဲ။

ရှေ့တွင် အလှမ်းကွာဝေးသော သစ်ပင်ကြီးတစ်ပင်ကို လှမ်းတွေ့လိုက်ရ၏။ သစ်ပင်ကြီးအောက်မှာ မိန်းကလေး တစ်ယောက် ထိုင်နေသည်ကို ဝေးဝေးမှုန်ပျပျ လှမ်းမြင်နေရ၏။

သစ်ပင်ကြီးအနီးကို ရောက်တော့ သစ်ပင်ကြီးဝန်းကျင်ကို လိုက်လံကြည့်နေမိသည်။ မိန်းကလေးကို လုံးဝမတွေ့။ မိန်းကလေး၏ အရိပ်ကိုလုံးဝမတွေ့။ ကျွန်ုပ်ရင်ထိတ်သွားမိသည်။

"သား. . . ဘာမှမကြောက်နဲ့၊ တောရိပ်တောင်ရိပ်ဆိုတာ ဒီလိုဖြစ်တာ ကြုံတွေ့ရတတ်ပါတယ်။ သား မေတ္တာပို့ပြီး ဆက်လျှောက်ပါ"

"ဟုတ်ကဲ့ အမေ"

ကျွန်ုပ်သည် ကြုတ်ဘူးလေးကို ငုံ့ပြီးပြောကာ မေတ္တာပို့လိုက်သည်။ ပြီးမှ ခရီးလမ်းကို ဆက်လျှောက်လာမိတော့သည်။ကားလမ်းမှာ အလင်းရောင် နုနယ် ယဲ့ယဲ့သာ ဖြာနေလျက်။ မကြာမီ နေလုံးကြီးသည် အနောက်ဘက်တောအုပ်ကြားထဲ ပျောက်ကွယ်သွားလေတော့သည်။

မှောင်ရီဖျိုးဖျ အချိန်မှာ ရွှေလောင်းကို ရောက်သည်။

ကျွန်ုပ်ကိုယ်ပေါ်မှာ ချွေးဒီးဒီး။ ရင်ထဲမှာ မောဟိုက်နေလျက် . . .။

ရွှေလောင်းဆိပ်ကမ်းရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ဝင်ထိုင်လိုက်ပြီး အနားယူလိုက်သည်။ မကြာမီ ရန်ကုန်မှ ခုတ်မောင်းလာသော ရောဝတီသင်္ဘောသည် ရွှေလောင်းဆိပ်ကမ်းကို ဆိုက်ကပ်လာသည်။

ရွှေလောင်းဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာလာခဲ့သော ရောဝတီသင်္ဘောဖြင့် စီးနင်းလိုက်ပါလာခဲ့ရင်း ည(၁၀)နာရီကျော်ကျော် အိမ်မဲဆိပ်ကမ်းကို ဆိုက်ကပ်ခဲ့သည်။

"သား. . . ပြန်လာပြီလား"

ခရီးမှပြန်ရောက်ပြီး အိမ်ပေါ်သို့ လှမ်းတက်လိုက်သောအခါ အမေ၏ အေးမြမြအသံကြောင့် ခရီးပင်ပန်းနွမ်းဟိုက်စိတ်များ လွင့်စဉ်ပျောက်ကွယ်သွားပြီး လန်းလန်းဆန်းဆန်း ရှိလာခဲ့၏။

မေတ္တာရေကြည် ယိုဖိတ်ရွှန်းလဲ့နေသော အမေ့မျက်ဝန်းကို မြင်လိုက်သည်။

"အမေ . . . အမေ . . . မအိပ်သေးဘူးလား"

"မအိပ်သေးပါဘူးကွယ်. . . သား ပြန်လာတာကို အမေစောင့်နေတာ"

"ဟာ. . . အမေကလည်း ဘာလို့ စောင့်နေရတာလဲ အမေရယ်"

"သားရယ်. . . သားခရီးထွက်တိုင်း သားပြန်လာမယ့် အချိန်ကို အမေအမြဲတမ်းစောင့်ကြိုနေတာ။ သားခရီးထွက်တိုင်း အမေစိတ်ပူခဲ့တယ်။ ဒါကြောင့် သား ခရီးထွက်သွားပြီဆိုရင် အမေ[illegible] အိမ်ကနေ သားသွားလေရာ ခရီးလမ်း မှာ ဘေးမသီရန်မခပါစေနဲ့လို့ အမေ ဆုတောင်း မေတ္တာပို့သပေးနေပါတယ်"

အမေ့နှုတ်ဖျားက သွန်ကျလာသော စကားသံကြောင့် ကျွန်ုပ်ရင်ထဲမှာ အေးမြချမ်းမြေ့သွားမိသည်။ကြည်လင်ရွှန်းလဲ့အေးမြ တောက်ပနေသော အမေ့ရုပ်သွင်ကိုကြည့်ရင်း. . .။

"ဟုတ်လိမ့်မယ်အမေ. . . ဒီတစ်ခေါက် ခရီးထွက်တာလမ်းမှာ အဆင် မပြေဘူး အမေ။ ဒါပေမဲ့ သားလည်ပင်းမှာ အမေဆွဲပေးလိုက်တဲ့ ကြုတ်ဘူးလေးက သားကိုစောင့်ရှောက်ပေးနေတဲ့ အမေ့အသံကို ကြားနေရတယ်။ အမေ့ရဲ့ အသံကြောင့်သား အိမ်ကိုချောချော မွေ့မွေ့ ပြန်ရောက်ခဲ့ရတာ အမေ"

"အဲဒါ၊ အမေ့ရဲ့ သစ္စာစကား မေတ္တာတရားပဲသား။ ကဲ. . . ကဲ. . . သား သွားအိပ်တော့နော်"

"ဟုတ်ကဲ့ပါ အမေ"

ကျွန်ုပ်သည် အမေ့ကို ထိုင်ကန်တော့ပြီး အိမ်ခန်းထဲကို လှမ်းဝင်လိုက်သည်။ အိမ်ခန်းထဲကို ရောက်တော့ အိပ်မပျော်နိုင်သေးချေ။

ကျွန်ုပ်၏ မနောအာရုံထဲတွင် လည်ပင်းမှ ကြုတ်ဘူးလေးဆီသို့ ရောက်နေသည်။ ကြုတ်ဘူးလေးကို ငုံ့ကြည့်ပြီး ကြုတ်ဘူးလေးကို ဖွင့်ကြည့်လိုက်မိသည်။ ကြုတ်ဘူးလေးထဲကို စူးစိုက်ကြည့်လိုက်၏။

ကြုတ်ဘူးလေးထဲမှာ မြင်လိုက်ရသော အရာမှာအမေ့ ဓာတ်ပုံလေးသာ ဖြစ်နေတော့သည်။

ပညာဦး(အိမ်မဲ)



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



(၁)

အမှတ်ထင်ထင် သတိရလိုက်မိသည့် ထိုအဖြစ်အပျက်သည် ဟိုးလွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။

(၂)

ဒူးအောက်တစ်ပိုင်းလုံး ရေသေအိုင်ထဲက ညှိညစ်ညစ်ရေဆိုးတွေ၊ ဒိုက်သရောတွေ၊ ရေညှိရေမှော်တွေ၊ ညွှံဗွက်တွေချည်း။ ခြေတစ်လှမ်းလှမ်းဖြစ်ဖို့သည်ရွှံ့ညွှံဗွက်အိုင်ထဲက ကိုယ့်ခြေထောက်ကိုပင် မနည်းကြီးရုန်း၍ ဆွဲဆွဲနှုတ်နေကြရပြီး ဘယ်ပြီးညာ ညာပြီးဘယ်တစ်လှည့်စီ ကျွဲရုန်းသလို ရုန်းနေရသဖြင့်လည်း ခရီးကမတွင်။ ဆင်တစ်ကောင်ပင်လျှင် သာသာကလေးကျွံမြုပ်နစ်ဝင်သွားနိုင်လောက်သည့် ကိုင်းတောကြီးတွေက ဟောတစ်ခုဟောတစ်ခု ထပ်ကာထပ်ကာတိုးနေတွေ့နေရ၏။ မိုးကသည်းသည်း၊ မိုးဆော်လေကြမ်းက တဟူးဟူး။ မိုးရေတွေဖြင့် တစ်ကိုယ်လုံး ရွှဲနစ်နေပြီး မေးချင်းတဂတ်ဂတ်ရိုက်ကာ ချမ်းတုန်နေပြီ။

မြန်မာပြည်မြောက်ဖျားဒေသ ကချင်မိုးက အငြိုးတကြီးရွာဆဲ။ တဝေါဝေါ တဝုန်းဝုန်း အသံဟိန်းဟိန်းတွေပေးနေသည့် တောင်ကျချောင်းမှာ အသွယ်သွယ်ဆီက ရေတိုးသံများနှင့် ခပ်လှမ်းလှမ်း ဒဘတ်ချောင်းမကြီးမှ ဟုန်းရေကျသံ တဟဲဟဲသည် မိုးနှင့်အပြိုင်။

ပို၍ပို၍ ထန်လာနေသည့် မိုးနှင့်လေပြင်းကြောင့်နီးရာအင်ကြင်းပင်ကြီးတစ်ပင်အောက်သို့ ပြေးဝင်ကပ်လိုက်မိရတော့၏။ ကိုယ်ပေါ်က ယူနီဖောင်းတွေပင် မူလအရောင်အဆင်းအတိုင်းမရှိကြတော့ဘဲ ရွှံ့ရေဗွက်ရေ မည်းညစ်ညစ်တွေဖြင့် အိုင်လူးကျွဲတွေလိုဖြစ်နေကြသည့် ကျွန်တော့်တပည့်ကျော် ထောင်ဝန်ထမ်းတစ်သိုက်လည်း နီးရာစပ်ရာ သစ်ပင်ဝါးပင်များဆီတွင် အပြေးတပိုင်းဝင်လျက် မိုးကိုအံတုဖို့ကြိုးစားနေကြသည်ကိုမြင်ရသည်။

တမျှော်တခေါ် တိုး၍ဝှေ့၍ မဆုံးနိုင်တော့သည့် သည်ဂဂျီကွင်းအင်းရေပြင်ကျယ်ကြီးနှင့် အင်ကြင်းတော၊ ကိုင်းတောကြီးကို လွန်လေမှသာ ဒဘတ်ချောင်းမကြီး၏ ကမ်းနံဘေးကိုရောက်မည်။ ဒေသခံ လီဆူးနှင့် မရူတိုင်းရင်းသားများ၏ ဟိုနားတစ်တဲ ဒီနားတစ်တဲ တောင်ယာတဲ ကလေးတွေကို ဖြိုးဖြိုးဖျောက်ဖျောက်တွေ့မည်။ ဝါးရုံတောနှင့် ဇျိုက်တောဝါးတောများအကြား၌ ပြောက်တိပြောက်ကျား တွေ့တတ်မြဲ တောင်ယာစူးထိုး စပါးခင်းကလေးတွေ၊ ပိန်း၊ ကန်စွန်း၊ ငရုတ်၊ ဖရုံနှင့် ဟင်းရွက်ဟင်းသီးစားပင်ကလေးများ တစ်အုပ်တစ်မ စိုက်ပျိုးထားတတ်ကြသည့် သီးနှံစိုက်ခင်းကလေးတွေကို တွေ့မည်။ သီးနှံစိုက်ခင်းကလေး ပတ်ခြားပိုင်းခြနေသည့် ကချင် တောင်ယာသမားများ၏ သက်ငယ်မိုး တောင်ယာတဲကုပ်ကုပ်မည်းမည်းကြီးတွေကို မြင်[...]မည်။ ဝါးပိုးဝါး သန်သန်ရင့်ရင့် [...]လုံးကို ခြေထစ်တွေထစ်၍ ထောင်[...]တတ်သည့် ဝါးလှေကားကလေး[...] ဝါးပိုးလုံးတွေချည်း ဖြန့်စီခင်းထား[...] ဝါးကြမ်းခင်းပေါ်မှာ မီးခိုးတလူ[...] ဖန်ခါးရည်အိုးကို အလယ်တွင်ထား[...] ဝိုင်းထိုင်နေတတ်ကြသည့် ကချ[...] တောင်သူမိသားစုတွေကို တွေ့[...]လိမ့်မည်။ သည်တော့မှသာ –

"ဝေး. . ဝေ. . ဝေး. .

"ဝူး. . ဝူး. . ဝူး. ."

မိုးသံလေသံထဲမှာ အချင်းချင်း[...] လူစုမကွဲအောင်အသံပေးနေကြရသ[...] တပ်ကြပ်ဆရာမျိုးတင့်တို့၊ ဒုတပ်ကြ[...] သန်းရွှေတို့စသည့် ကိုယ့်တပည့်များ[...] အော်သံတွေက ခပ်လေးလေး လွှ[...] လာနေ၏။ ဟိုလှမ်းလှမ်းဝေးဝေး[...] အင်းတိုင်တောထဲမှာ တချို့၊ တ[...] မိုးလုံးမှိုင်းညို့ရီမှောင်နေသည့် ကော[...] ကင်မည်းမည်းကြီးအောက်မှာ အထ[...] တည်း စုံ့စုံ့ပုံ့ပုံ့ တည်နေသည့် မြေ[...] တောင် တောင်ကြောအခြေဘက်ဆီ[...] တချို့ တိုးလာချင် တိုးလာလိုက်၊ ကျ[...] ချင်ကျယ်သွားလိုက်။

မနက်လင်းအားကြီးကတည်း[...] ဒဘတ်ချောင်းကိုဖြတ်၍ ကူးနိုင်သ[...] လှေဆိပ်ရှိရာ တောင်ယာတော အစ[...] သို့ ဦးတည်လျက် သုံးစုခွဲကာ ပိုက်[...] တိုက်နေကြခြင်းဖြစ်သည့်တိုင် ကြ[...] လွန်းသည်းလွန်းသည့် မိုးနှင့်လေ[...] ကြောင့် ထင်တိုင်းမပေါက်၊ ခရီးမတွ[...]

လှေဆိပ်က အိမ်စုဆီ ကိုယ်[...] ဦး၍ ရောက်မှဖြစ်မည်။ သစ်အ[...] လိုက်ကို ထွင်း၍ထားသည့် သစ်[...] လုံးလှေကလေးတစ်စင်းက သည်[...] ဆိပ်မှာပဲရှိသည်။ မိုးအခါ ရေကြီး[...] လျှံ ရေစီးသန်ရေလာကြမ်းသည့် တော[...]

www.burmeseclassic.com



သည် ဒဘတ်ချောင်းကြီးကို ဖြတ်ကူးဖို့ သည်လှေတစ်စင်းပဲ တိုရေရှားရေရှိ၏။ မရှူအဘိုးကြီး ဦးလွမ်းခေါင်တို့ လင်ကိုယ်မယားပိုင်သည့် တစ်စင်းတည်းသောလှေ။ ထိုလှေရှိရာဆီ ကိုယ်ကအရင်ရောက်ပြီး လှေကို ပိုင်ပိုင်နိုင်နိုင် လက်ရထိန်းချုပ်ထားနိုင်ခဲ့မည် ဆိုလျှင်. . . ။

အတွေးတွေကို လက်တွေ့လုပ်မဖြစ်နိုင်ဖွအောင် ဖွတ်ချည်းဆီးဆို့ဟန့်တားထားသည့်မိုးကြောင့် မချင့်မရဲဖြစ်ရပြန်သည်။

မိုးက မစဲနိုင်သေး။ သဲကြီးမဲကြီး တရဟောသွန်၍ ရွာဆဲ။ ပို၍ပင် သည်းလာချင်လိုက်သေးသည်။ သည်မိုးတိတ်အောင် ပေပြီးရပ်စောင့်နေ၍ကားမဖြစ်။ လှေဆိပ်ကို အလျင်ဦးအောင် မရောက်ခဲ့လျှင် လာရင်းကိစ္စ ပွဲသိမ်းပြီ။ နောက်ကြောင်းသို့ တပ်ခေါက်ပြန်ကြဖို့မှ တစ်ပါး အခြားမရှိ။

"ခရီးဆက်မယ်ဟေ့ . . ."

ကချင်မိုးကြောင့် ခိုက်ခိုက်တုန်အေးခဲနေသည့် ကိုယ့်အသံကို ကိုယ်ပြန်မမှတ်မိ။ မိုးသံလေသံနှင့်ရော၍ မပီမသ ဗလုံးဗထွေးဖြစ်နေသည်။ အင်ကြင်းပင်အောက်မှ မိုးထဲထွက်ရပ်ကာ လူရိပ်လူရောင်ပေးလျက် ကိုယ့်လူတွေကို ခရီးဆက်ဖို့ ဟန်ရေးပြ။ မဆုံးနိုင်တော့သည့် ဂရိုအင်းရေ နောက်ကျိကျိ ပုပ်စပ်စပ်နှင့် ရွံ့ညွှံအိုင်ကြီးကို ခြေကန်ရုန်း၍ တလှုပ်လှုပ် ထွက်ခဲ့ကြရပြန်၏။

ခြေရာစွပ်ကြောင်းကြီးက တဖြည်းဖြည်း နောက်မှာ။

ကိုယ့်လူတွေ၏ခြေသံ တဗွက်ဗွက်တွေကလည်း သည်မှဟိုမှ ပတ်ပတ်လည်ဝန်းရံ၍။

မိုးက ထန်ဆဲ။

(၃)

မနေ့က ယောနသန်ထွက်ပြေးသွားခဲ့သည်။ ဘယ်အချိန်က ထွက်ပြေးသွားသလဲ၊ ဘာကြောင့်ထွက်ပြေးရသလဲ မည်သူမျှ တိတိကျကျမသိ။ မိုးပါးပြီဆိုလျှင် ဧကာ၁၀၀ စပါးစိုက်ကွင်းအတွက် ပျိုးကြဲဖို့သမန်းပျိုးဘောင်ဆွဲနေရာက ထွက်ပြေးသွားခြင်းဖြစ်သည်တဲ့။ သူ့ဘုတ်ဆရာ တပ်သားခင်ဝင်းက မျက်စိမျက်နှာပျက်ပျက်နှင့် လာသတင်းပို့တော့မှ သိကြရခြင်းဖြစ်၏။

ယောနသန်ဆိုသည့် လီဆူးကောင်ကလေးက လွတ်ရက်ပဲ နီးလုပြီ။ ပိုင်းမော်နှင့် တာလောကြီးနယ်အစပ်က ဟောသည် ဂရိုကွင်းကြီးထဲရှိ ဧက ၅၀၀ စပါးစိုက်ကွင်း ရှေ့တန်းရဲဘက်စခန်းခွဲကလေးဆီသို့ သူ့ကိုပို့စဉ်တုန်းကပင်ကျခံရန် ကျန်ကာလ ခြောက်လအောက်ရှိနေခဲ့ပြီး ဖြစ်သည်။ ပြီးတော့ လူကလူရိုးလူအေး။ အရပ်ခပ်တန်တန် ကိုယ်နေပါးပါး အသားညိုမှောင်မှောင် သည်လီဆူးကလေးကို ဘယ်တော့ကြည့်ကြည့် အမြဲပြုံးနေတတ်စမြဲ။ တောအလုပ် တောင်အလုပ်တွေမှာလည်း လက်မြဲခြေမြဲ ဘာကြိုးစားလေသလဲ မပြောနှင့်။ မန်ခိန်အနောက်ဘက်က လီဆူးရွာစုကလေးမှာ တောင်ယာသမားအဖြစ် ကြီးပြင်းလာသူမို့ စိုက်ပျိုးရေးအလုပ်တွေမှာ စိတ်ချလက်ချ မျက်နှာလွှဲ၍ရသူ။ မြစ်ဆုံဘက်က ရွှေဖောင်တွေမှာ အလုပ်လုပ်ရင်း သူ့လောပန် တရုတ်တွေနှင့်အတူ တရားမဝင် ရွှေတူးဖော်မှု၊ လူဝင်မှုကြီး ကြပ်ရေးဥပဒေပုဒ်မတွေ တစ်သီကြီးဖြင့် ထောင်သုံးနှစ် ကျလာရှာခဲ့သည့် လူကောင်းကလေး။ သည့်အတွက်ကြောင့်ပင် သူ့ကို စပါးစိုက်ကွင်းသို့ စိတ်ချလက်ချ ကျွန်တော် ကိုယ်တိုင် ရွေးချယ်ခေါ်ထားခဲ့ခြင်းဖြစ်သည်။ ယခုမှ သင်းကလေးထွက်ပြေးပြီ . . တဲ့။ ဘာကြောင့်လဲ . . . ဘာကြောင့်လဲ၊ တိတိကျကျ မသိရသေး။

"ကျန်ခဲ့တဲ့ နှစ်ရက်လောက်ကတော့ သူ့ရွာက လူတွေနဲ့ ဒဘတ်ယန်မှာ ဖုံးခေါ်တို့ တွေ့ခဲ့ကြတယ်ပြောတာပဲ။ ဖုံးခေါ်နဲ့ ဇော်ဒိန်တို့က ပျိုးခင်းစောင့်တဲကိုလာပြောသွားကြတယ်တဲ့၊ သူ့မိန်းမလည်း ကိုယ်ဝန် နေ့စေ့လစေ့ကြီးနဲ့ သိပ်ပြီးမမာရှာဘူးတဲ့။ သူတို့သမီးကလေးကလည်း ဖျားနေရှာတာ။ အတော်လေး ဖြစ်နေတယ်လို့ပြောတယ်။ ကောင်မလေးဘက်က ပါလာတဲ့လယ်ကွက် ကလေးတွေတောင် အပေါင်ချထားရင်းကနေ ဆုံးရှာပတဲ့။ ဒီကောင် အဲဒီကတည်းက တမှိုင်မှိုင်နဲ့၊ သူ့မိန်းမနဲ့ သမီးကလေးဓါတ်ပုံကိုပဲ အားတိုင်းကြည့်နေတော့တာ။ လွတ်ရက်ကလည်း နီးနေပြီဆိုတော့ မပြေးလောက်ပါဘူး လေဆိုပြီး ထောင်မှူးကြီးကို သတင်းမပို့ခဲ့တာ။ မိသားစုသောကနဲ့ စိတ်တိမ်းတိမ်းပွေပွေဖြစ်ပြီး ပြေးတယ်ထင်တာပါပဲ"

ဆရာခင်ဝင်းက ရတတ်သမျှ သတင်းအဆက်အစပ်ကလေးတွေကို ကရွတ်ကင်းလျှောက် ပြောပြနေသေးသည်။ နားထဲဝင်တစ်ချက် မဝင်တစ်ချက်။ ယောနသန် ကောင်ကလေးကိုပဲ မြင်ယောင်ရင်း သံယောဇဉ်တင်းနေမိ၏။

ဘာကြောင့်ပဲပြေးပြေး ရဲဘက်ပြေး၊ ထောင်ပြေးဆိုသည့်မျိုးက ရာဇဝတ်မှု ကျူးလွန်ခြင်းပဲဖြစ်သည်။ ဥပဒေမှာ နှလုံးသားမရှိ။ လူမှုရေးမသိ။ လူ့သောက၊ ဒုက္ခ၊ ပရိဒေဝတွေနှင့် ခပ်ကင်းကင်းနေတတ်သည်မှာ ဓမ္မတာ



www.burmeseclassic.com

www.burmeseclassic.com



သူရှိနေရမည့် နယ်မြေအကန့်အသတ်နှင့် အချိန်အပိုင်းအခြားကိုလွန်လျှင် ရာဇဝတ်မှုဖြစ်တော့မည်။ တစ်ပူပေါ် နှစ်ပူထပ်၊ဘူးလေးရာဖရုံဆင့်ဖြစ်တော့မည်။ ရာကြီး-၂၂၄၊ ရဲဘက်ပြေးမှုဖွင့်ရတော့မည်။ သည်ထောင်သံသရာဝဋ်ဆင်းရဲကြီးထဲမှာပဲ သင်းကလေးဆက်ပြီး ကူးခတ်နေရရှာဦးတော့မည်။ သူချစ်သည့် သူတွယ်တာသည့် သူ့မိသားစု၊ သူ့သမီးကလေးနှင့် သူကြင်သူဇနီး အားလုံးတွေနှင့် ထပ်ပြီး ဝေးကြရဦးတော့မည်။ ဘာပဲဖြစ်ဖြစ် အကျိုးဆက်က ဘယ်လိုမှ မကောင်းနိုင်။

၂၄ နာရီအတွင်းသည်ကောင်ကလေးကို မိမှဖြစ်မည်။ သို့မှသာ သင်းကလေးကိုလည်း ကယ်နိုင်မည်။ ထွက်ပြေးမှုနှင့် ဆက်စပ်၍ တာဝန်ရှိသူ ဝန်ထမ်း အဆင့်ဆင့်ကိုလည်း စောင့်ရှောက်နိုင်လိမ့်မည်။

သည်လိုနှင့်မနက်လင်းအားကြီးကတည်းက သည်နေ့အဖို့ အားလပ်သည့် ကိုယ့်ဝန်ထမ်းတွေ၊ ယုံကြည်စိတ်ချရသည့် လူဟောင်းရဲဘက်ကြီးတွေ ၁၄-၅ ယောက်ကို ခေါ်ဆောင်လျက် မိုးကြီးလေကြီးထဲ ရဲဘက်ပြေးလိုက်ဖို့ ထွက်လာခဲ့ကြခြင်းဖြစ်သည်။

နေရောင်ပျပျမျှ မမြင်ရသည့်တိုင် နာရီလက်တံများက ၁၁ နာရီထိုးတော့မည်ဟု အလောတကြီးညွှန်ပြနေကြပြီ။

ရဲဘက်ပြေး ယောနသန်၏ အနံ့အသက်ကလေးမျှကို ပင် ခြေရာကောက်၍ မရနိုင်ကြသေး။ သည်မိုးသည်လေထဲမှာ သင်းလည်းတွင်တွင်ကျယ်ကျယ်ပြေးသွားနိုင်ဖို့အကြောင်းမမြင်။ တောင်ယာတဲဟောင်းတစ်ခုမှာ ဝင်ခိုနေဖို့ကများသည်။ လူဆက်ပြတ်လူနေကျဲပါးလွန်းသည့် သည်တောကြီးခေါင်ခေါင်ထဲမှာ လူမနေတော့သော တောင်ယာစပါးခင်းစောင့် တဲအိုကုပ်ကုပ်ကလေးတွေ ဟိုနားသည်နားမှာ မကြာခဏတွေ့ရတတ်၏။ မိုးကြီးခိုဖို့ ကိုယ်ရောက်ဖျောက်ဖို့ အကောင်းဆုံး ဝပ်ကျင်းကလေးတွေပင်။ ရဲဘက်ပြေးကောင်ကလေး ယောနသန်သည် သည်လိုတောင်ယာတဲဟောင်းကလေး တစ်လုံးထဲမှာပဲ ပုန်းခိုနေခဲ့လိမ့်မည်။ သည်မနက်မိုးကြီး လင်းကာမှ ခရီးဆက်ပါလိမ့်မည်။ ဒေသကျွမ်းသူမို့ တောလမ်းတောင်လမ်းတွေကို ဖြူးဖြူးဖြောင့်ဖြောင့် ဖွေရှာသွားလာနိုင်လိမ့်မည်။ ကိုယ့်အဖွဲ့တွေထက် ခြေသွက်ဖို့သဖြင့် သေချာလွန်းလှ၏။

အဘိုးကြီး ဦးလွမ်းခေါင်တို့ လုံးထွင်လှေကလေးကိုသာ သူကလက်ဦး၍ ရသွားခဲ့လျှင်...။

"ဒဘတ်ချောင်းဘေးက လှေဆိပ်ဆီကိုပဲ တန်းသွားကြမယ့်ဟော့"

အသံက မိုးကြီးထဲမှာစိုးစိုးနစ်မြုပ်ဝင်ပျောက်ကွယ်သွားခဲ့သော်လည်း ကိုယ့်လူများ အားလုံးကမူ ဒဘတ်ချောင်းဘက်ဆီသို့ ခြေဦးတည်လိုက်ကြပြီးဖြစ်သည်ကို အလိုလိုသိလိုက်၏။

(၄)

"ဒီသောက်မိုးကလည်း အားကြီးလိုက်တာကွာ။ တကယ်ပါပဲ။ ရပ်ပဲ မရပ်နိုင်တော့ဘူး"

"အခုထက်ထိတော့ ငါတို့ဆီကို ဘယ်သူမှ ရောက်မလာသေးဘူးကော ဆရာကြီး။ မိုးက ဒီလောက်ကောင်းနေတဲ့ဟာကော။ လှေကတော့ ဝါရဲဂျာတို့ညီအစ်ကိုတွေ ထင်းခြောက်ဆယ်ဖို့ ခဏယူသွားလေရဲ့။ ဒဘတ်ချောင်းထဲမှာ ရှိကြမှာပါ။ လာ...လာ...ထိုင်ကြဦး။ ဖခါးရည်ပူပူကလေး သောက်ကြဦးပါ။ ဒီလောက်ချမ်းတုန်နေကြတာပါကော"

အဖိုးကြီးဦးလွမ်းခေါင်က ခရီးဦးကြိုပြုံး ညှော်ထောက်ခံရင်း သိချင်လှသည့် သတင်းတွေကိုပြောပြနေ၏။

မြေပြင် ရွှံ့စပ်စပ်ဗွက်စပ်စပ်အထက် ၄-၅ ပေအမြင့်။ ဝါးကပြင်ပေါ်၌ ဦးလွမ်းခေါင်အမယ်ကြီးက ဖခါးရည်အိုးအောက်မှ မီးစတွေကို ဆွပေးနေလေသည်။ အနွေးဓာတ်နှင့် မီးဖိုမီးအရှိန်သည် တောင်ယာတဲကုပ်ကုပ်ကလေးထဲမှာ ဝေ့လည်ခတ်နေ၏။ သိသိသာသာ ပူနွေးလှသည်။ "ဖန်ခါးရည်ကျိုက်ရင်း တစ်အောင့်တစ်ဖြုတ် နားလိုက်ကြဦးမှထင်ပါရဲ့"။

"လာ..ဝင်ကြလေ။ ဖန်ခါးရည်သောက်ကြဦးဆို။ မှန်း..အဲ..နေ့ပဲမနည်းကြီးရှိနေပါကော။ မနက်စောမှစားကြရသေးရဲ့လား။ စားရတဲ့ပုံလည်း မမြင်။ ဆရာကြီးတို့မလည်း မိုးကြီးလေကြီးထဲ ဒုက္ခကြီးလှပါသကောလေ။ လာ..လာ၊ ဝင်လှည့်ကြ။ ပြောင်းဖူးပြုတ်ထားတာတွေ ရှိသေးတယ်။ ကန်စွန်းဥတွေလည်း မနေ့ကမှ ဖော်ထားတာ။ မီးဖုတ်ပြီး စားကြဦး"

ဦးလွမ်းခေါင်ကြီးက ညှော်ဝတ်ကျော့လှသည်။ ကွမ်းချိုးတွေဖြင့် မည်းချိတ်နေသည့် သူ့သွားမည်းမည်းတွေ အကုန်လိုက်ပေါ်အောင် အားရပါးရကြီးပြုံးလျက် တကယ့်တူသားနောင်ရင်းတွေလို ဖိတ်ခေါ်နေလေ၏။

ကျွန်တော်တွင်မက ကျွန်တော့်နောက်တော်ပါ တပည့်ကျော်ခမျာတွေလည်း ခိုက်ခိုက်တုန်ချမ်းနေကြရှာပြီ။ တုတ်တုတ်ကျ ရွှဲစိုနေသည့် မိုးရေမိုးစက်များနှင့်အတူ တုတ်ကွေးမိထားသော ငှက်သင်းတအိုကြီးတွေလို ကုပ်ကိုင်းကိုင်းခြေဒရွတ်ဆွဲ ဖတ်သီကျနေကြလေပြီ။

"ကျေးဇူးပဲ ဦးလွမ်းခေါင်ရေ။ ကျုပ်တပည့်များ စားဖို့ ထင်းတစ်

www.burmeseclassic.com

စုံထောက်ရသ

အိုးနဲ့ ကြက်သားဟင်းတစ်အိုးတော့ တောချက်ကလေး ခပ်မြန်မြန်လုပ်ပေးစမ်းပါဦး။ လောလောဆယ် ဖခါးရည်သောက်ရင်း ခဏနားလိုက်ကြဦးမယ်။ ကျုပ်လူတွေလည်း သိပ်ပင်ပန်းနေကြပြီ။ ဒီဂရိုကွင်းကြီးကိုဖြတ်ပြီး ခင်ဗျားတဲဆီအထိ ရှုန်းခဲ့ကြရတာဟာ တယ်မချောင်လှဘူးဗျို့။ ကဲ... လာကြတော့''

သည်တောကြီးကမ်းကြီးထဲမှာ ဒဘတ်ချောင်းပြင်ကျယ်ကြီးကိုဖြတ်၍ ဟိုဘက်ကမ်းကို ရောက်ဖို့က ဦးလွမ်းခေါင်ကြီး၏ သစ်လုံးထွင်း လှေကလေးတစ်စင်းပဲကူးတို့ရှိသည်။ သည်လှေကလေးသာ အငှားပါသွားပြီး မအားမလပ်ခဲ့လျှင် အတိုးကြီးတဲမှာပဲ နေကုန်နေခန်းညအိပ်ညဥ့်နေ စောင့်ပေရော့။ ဟိုဘက်ကမ်းမှ ဒဘတ်ယန်ရွာကြီးတို့ မြစ်ကြီးနား–ဗန်းမော် ကားလမ်းတို့ဆီ ဘယ်လိုနည်းနှင့်မျှ မရောက်နိုင်။ လှေကလေး ပြန်ရောက်လာသည် အထိစောင့်။ ဤသည်ပင်လျှင် အခြေအနေပေးဦးမှ၊ ဒဘတ်ချောင်းကို အချိန်မီ သောရန်ကင်းကင်း ကူးဖြတ်၍ရကြလိမ့်မည်။ ညကြီးစုပ်စုပ် အချိန်မတော်ဆိုခဲ့လျှင်၊ သို့မဟုတ် ဒဘတ်ချောင်း ရေကြီးရေလျှံပြီး ဒိုက်သရောတွေ၊ သစ်ပင်သစ်လုံးတွေ တစ်ပြုံတစ်မကြီး ချောင်းရေထဲ ဝဲခတ်မျောပါနေပြီဆိုလျှင် မည်သူမျှ အရဲကိုး၍ ချောင်းရေထဲ မဆင်းရဲကြ။ ပြန်လမ်းမရှိ ဖြစ်သွားနိုင်သည်။

ထိုအခါမျိုးများ၌ ဦးလွမ်းခေါင်ကြီးတို့ လင်မယားကအိပ်စရာ နေစရာပေးမည်။ စားစရာကျွေးမည်။ လှေစောင့်ရင်း၊ ဒဘတ်ချောင်း၏ ရေသာ...ကိုစောင့်ရင်း ယာယီတည်းခိုကြ။ ...အတွက် စားစရိတ်၊ တည်းစရိတ် ...အသင့်အတင့်ကိုဖြင့် နားလည်မှုရှိစွာ အတွဲ့အပြန် သိတတ်ကြ။ ဤသို့ဖြင့် ဦးလွမ်းခေါင်ကြီး၏ တဲကုပ်ကုပ်ကြီးသည်ဤကွင်းကြီးထဲတွင် လှေဆိပ်သာမက မိုတယ်အဖြစ်၊ အင်းအဖြစ်၊ ယာယီတည်းအိမ်အဖြစ်လည်း ပြောင်းချင်ပြောင်းသွားတတ်သေးသည်။ ဦးလွမ်းခေါင်ကြီး၏ အသွားကြီးခတ်ချိုသူ ရှမ်းအမယ်ကြီးကလည်း အချက်အပြုတ်ကောင်းမှကောင်း။ သူ့တဲက ခတ်ချိုဆန်ထမင်းပေါင်းနှင့် ကြက်သားကချင်ချက်၊ ငရုတ်သီးစိမ်း–ပန်းဥထောင်းကနာမည်ကြီးလှ၏။ဘာပဲဖြစ်ဖြစ် သည်ကနေ့တော့ စားရက်ကြုံရပြန်ပြီ။

''ဦးလွမ်းခေါင်ကြီး...၊ မနေ့ညပိုင်းကတည်းကနေ ဒီကနေ့မနက်အထိ ခင်ဗျားတို့တဲကို ဘယ်လူစိမ်းမှမရောက်လာခဲ့သေးတာတော့ သေချာပါတယ်နော်''

''အိုး... ဆရာကြီးကို လိမ်ပြောစရာလား။ ဒီလောက် မိုးပြိုမတတ်ဝါးလုံးထိုး ရွာချနေတဲ့ မိုးလေကြီးထဲဘယ်သူက ထွက်ရဲပမတုန်း ဆရာကြီး။ တောင်ကျချောင်းတွေက လက်ယှက်ထိုး၊ ချောင်းရေက ပေါင်းလန်ရေစီးကသန်။ တောထဲက အကောင်ပလောင်တွေ၊ တောကျွဲတောနွားတွေတောင်မှပဲ ချောင်ကောင်းကောင်းမှာ ဝင်ခိုနေကြမှာပ။ စိတ်ချ... ဆရာကြီး။ ကျုပ်တဲတွင် မကဘူး၊ ဒီအနီးအနားကတောင်ယာ တဲတွေအထိ ဘယ်သူ့သည်မှ ရောက်မလာတာသေချာပါတယ်။ လူစိမ်းဝင်ရင် အသံပြုနေကျ။ မီးလက်ပြီး အချက်ပေးနေကျ။ ထူးခဲ့ရင်လည်း ဝါးပိုးခေါက်ကြမှာပ''

''အေးပါဗျာ... သေချာအောင်သာ မေးကြည့်ရတာပါ။ ဦးလွမ်းခေါင်ကြီးပြောရင် စိတ်ချပြီးသားပါ။ ဩော်...ဒါနဲ့၊ လှေပြန်ရောက်လာရင်သာ ကျုပ်တို့မသိဘဲ ထပ်ပြီးမငှားလိုက်ပါနဲ့နော်... ဟုတ်လား''

''ဟုတ်ပ ... ဟုတ်ပ''

နောက်ပြန် လှည့်မကြည့်၊ ပါးစပ်က''ဟုတ်ပ''နေရင်း ဝါးခြင်းထဲမှ ခပ်ရှယ်ရှယ်ကြက်တစ်ကောင်ကို ဆွဲထုတ်နေလေသည်။ ဟင်းစားအတွက် ကြက်ကိုင်တော့မည်။ ဦးလွမ်းခေါင်ကို ထားရစ်ခဲ့ကြပြီး ရွှံ့ဗွက်တွေဖြင့် ချောကျိုနေသည့် ခြေထောက်များအား တဲကုပ်တံ စက်ကြောင်း၌ဆေးကြော၍ ဝါးဘိုးလှေကားကို မနည်းကြီး ကုပ်ကပ်ကြိုးစားတက်လာခဲ့ကြသည်။ မီးဖိုမီးက နွေးလှ၏။ အငွေ့တခြောင်းခြောင်း ထွက်နေသည့် ဖန်ခါးရည်ညိုညစ်ညစ်ရနံ့ကလည်း မွှေးတေးမွှေးတေး။ မြေအိုးကြီးထဲမှာ ပြောင်းဖူးပြုတ်တွေ။ လက်တစ်ကမ်းသာသာမှာ တောင်ယာထွက် ကန်စွန်းဥသန်သန်ကြီးတွေက ဝါးဆန်ကာတစ်လုံးအပြည့်။

''ကိုင်းဟေ့...၊ထမင်းချက်တာစောင့်ရင်း မီးလှုံရင်းခဏနားလိုက်ကြဦးစို့။ လှေဆိပ်ကိုမှ ရောက်မလာခဲ့ဘူးဆိုရင် ဒီကောင်ကလေး ဝေးဝေးရောက် မသွားနိုင်သေးပါဘူး။ ဒီအနားပတ်ချာလည်က တောင်ယာတဲတစ်ခုခုမှာခိုနေ အောင်းနေမှာပဲ။မိုးစဲမှ ထွက်ချင်ထွက်လာလိမ့်မယ်''

မိုးသံတဝေါဝေါက အတန်အားပျော့ချင်ပြီ။ ကချင်မိုးတို့ ထုံးစံအတိုင်း တိခနဲ ရပ်ချင်ရပ်။ သို့မဟုတ်လျှင် ခပ်ဖွဲဖွဲ ခပ်မှုန်မှုန်။ ပြီးတော့ မိုးစင်စင်စဲသွားလိမ့်မည်။

မိုးစဲသည့်အချိန်ထိ သည်အတိုင်းထိုင်စောင့်နေကြရုံမှတစ်ပါး အခြားမရှိ

(၅)

''ဟော.. ဆရာထောင်မှူးကြီးလူ့.. လူသံကြားတယ်''

ခပ်ချို ဆန်စေးစေးတွေးတွေး...

www.burmeseclassic.com



ကြွက်သား ပိန်းဥကချင်ချက်၊ ဖင်ပြွန်သီးထောင်းတို့ဖြင့် စားမြိန်စာကောင်းကောင်းကို ခေါင်းမဖော်စတမ်း ငုံ့လွေးနေရာမှ တပ်သားစိုးပိုင်က မုဆိုးနောက်တော်ပါ ၊ တောလိုက်ခွေးတစ်ကောင်လို နားရွက်ကိုပေ၍ စွင့်လျက်ပြောသည်။ သူပြောလိုက်တော့မှပင် ထမင်းဝိုင်းသည် ဖြုတ်ချည်းတန့်ရပ်သွား၏။ ပြောသံကြားဖြင့် ဟုတ်နိုးနိုးဟိုကြည့်သည်ကြည့်။

မိုးက တိတ်သလောက်ရှိပြီ။ မိုးမျှင် မိုးဖွဲကလေးတွေသာပဲ ခပ်မှုန်မှုန်လွင့်လျက်ရှိ၏။ တစ်မိုးလုံးပြိုတော့မယောင် အုံ့ဆင်းထားသည့် အခင်းအကျင်းသည်လည်း အောက်ခြေရှင်းလျက် လင်းလင်းကျင်းကျင်း ရှိချင်လာသည်။ မိုးရေဆွတ်၍ညွတ်ကိုင်းအိတွဲနေခဲ့သော တောတစ်ခွင်သည်ပင် ရွက်ညွန့်ဖားဖားတွေဖြင့် စိမ်းရောင်လွှင်လွှင် စိမ်းသစ်လန်းဆတ်လျက်ရှိ၏။

ဟိုးခပ်ဝေးဝေးက လူသံသဲ့သဲ့ကြားရသည်။ ခပ်အုပ်အုပ်တောတိုးသံတွေနှင့်အတူ ခွေးသုံးလေးကောင်တို့၏ဟောင်သံ တဝုတ်ဝုတ်တို့က အမှတ်ထင်ထင်။

မည်သူမျှ ထမင်းဆက်၍ စားမနေနိုင်ကြတော့။ အရေးအကြောင်းကြီးငယ်ရှိလျှင် အသင့်ဖြစ်နေကြဖို့စားလက်စ ထမင်းဝိုင်းကို တန်းလန်းနှင့်ရပ်ပစ်လိုက်ကြပြီး ကိုယ်စီကိုယ်စီထရပ်လိုက်ကြ၏။ ကောင်ကလေးယောနသန်ကိုယ်တိုင် မဟုတ်တောင်၊ သင်း၏သတင်းစကားကိုဖြင့် ကြားရနိုင်ကောင်းသည်ဟု စိတ်တွေကို ဖွင့်၍တလှုပ်လှုပ်တရွရွ။

''တဲအပြင်ကို မထွက်ကြနဲ့။တဲထဲမှာပဲ လူခွဲပြီးနေရာယူထားကြ''

အသံခပ်တိုးတိုးဖြင့်သာ လိုရမယ်ရ ပြောထားလိုက်ရ၏။ ယခုပဲ နေ့ထက်ပိုင်း ကျိုးခဲ့ပြီ။ မနေ့ညဦးပိုင်းကတည်းက ထွက်ပြေးနေခဲ့သော ရဲဘက်ပြေးတစ်ယောက်အဖို့ ယခုလိုမိုးရှင်းရှင်း အတိတ်မှာ ဒဘတ်ချောင်းကိုကျော်နိုင်အောင် ကြိုးပမ်းရလိမ့်မည်။ မလွဲမသွေ ဟောသည်လှေဆိပ်ကို ဦးတိုက်ပြီး အရောက်ပြေးလာရလိမ့်မည်။ သည့်ထက်ပိုပြီး နောက်ကျနေခဲ့လျှင် ဒဘတ်ချောင်းပြင်ကျယ်ကြီး ကိုကူးဖို့ အခြေအနေမပေးနိုင်။ ကြားနေရသည့် တောတိုးသံတွေနှင့်အတူ ရဲဘက်ပြေးယောနသန် ရောက်လာလေမလား တထိတ်ထိတ်။

''အရှေ့ဘက် ချောင်းဦးဆီကလာကြတာဆိုတော့ အောင်ရမ်တို့ ဖော်ဘောင်တို့ တဲစုဆီကများလား မသိထောင်မှူးကြီးရေ။ ဒီမိုးဒီလေကြီးထဲဆင်းလာကြပုံထောက်တော့ အတော်အရေးကြီးလာကြသကော။ တန်ရုံလောက်နဲ့ ဒီကွင်းထဲက တောင်ကျချောင်းတွေကို ဘယ်သူမှဖြတ်မကူးချင်ကြဘူး။ အရမ်းအန္တရာယ်များတယ်။ ဒီလိုအထဲက ဒီအရောက် ဖွတ်လာနေကြပုံ ထောက်ရင် ဒါသေရေးရှင်ရေးပဲပ ... နော''

အသံတွေကြားရာဆီ မျှော်ကြည့်ရင်း အဘိုးကြီးဦးလွမ်းခေါင်က လှမ်းပြောနေသည်။ သူ့တဲအိုကုပ်ကုပ်ကြီး၏ ရှေ့တလင်းပြောင်ကလေးထဲမှာ ထွက်ရပ်ကြည့်နေရင်းက ဖြစ်၏။ ဂကျီကွင်းကျယ်ကြီးနှင့် နွေပေါက်သည့်တိုင် ရေမပြတ်တတ်သော အင်းပြင်ကျယ်ကြီး၊ အင်ကြင်းတောတမျှော် တခေါ်ကြီးကို ဒဘတ်ချောင်း ဟိုတစ်ဖက်ကမ်းမှ လူ့လောက လူ့အစုအဝေးတွေနှင့် ဆက်သွယ်ပေးရာ သူ့လှေဆိပ်၊ သူ့တဲအိုအိုကြီးဆီကို လူအမျိုးမျိုး၊ အကြောင်းအထွေထွေနှင့် ဝင်ခဲ့ကြထွက်ခဲ့ကြပေါင်း များလှပြီဖြစ်ရာ သူ့ကွင်းနှင့် သူ့အထာကို သူ့ဘာသာနောကျေနေပုံရသည်။ သို့ဖြစ်၍လည်း အသံတွေ ကြားနေရသည့် တောတိုးလူများအတွက် အဘိုးကြီး စိတ်စောနေလေဟန် လည်တဆန့်ဆန့်ဖြင့် ငုံ့လင့်နေခြင်း ဖြစ်မည်။

လှေဆိပ်တဲအိုကြီးသည် မှိုင်းညို့ရီမှောင်နေသည့် ခဲသားပြင်ကြီးထဲမှာ အထီးတည်း ခြောက်ကပ်တိတ်ဆိတ်လျက်။ မီးဖိုဆီမှ ထင်းခြောက်မီးစွဲသံတဖြောက်ဖြောက်တွေနှင့် တဲအိုအမိုးပေါ်သို့ မိုးမှုန်တွေ ကြွေသံစက်စက်တောက်တောက်မှလွဲ၍ ဘာသံမျှ မကြားရ။ အာရုံအားလုံးကို တောတိုးလာသံတွေကသာ လုံးဝ စုပ်မျိုးထားလိုက်တော့သည်။

''ဟုတ်ပါပြီ ... ဟုတ်ပါပြီ။ လူနာပါပဲ ...။ နားထောင်ကြည့်ပါလား လူညည်းသံကြီးကို။ အင်း ... မိုးကြီးလေကြီးထဲမှာ ဒုက္ခများလှပကောလေ''

အဘိုးကြီးသည် တစ်ကိုယ်တည်းညည်းနေလေသည်။ တဖြည်းဖြည်းဖြင့် ဝါးရုံပင်နှင့် ကိုင်းပင်ဖျိုက်ပင်များအကြားမှ ခပ်ကျဉ်းကျဉ်း လူသွားလမ်းယောင်ကလေးကို တိုး၍လာနေကြသည်မှန်း သိသာစေသည့် ကိုင်းပင်ရွက်ဖျားတွေ တရိပ်ရိပ် ယိမ်းခါနေခြင်းကနီး၍နီး၍လာနေ၏။ အလို ... မိန်းမသားတစ်ဦး၏ မချိမဆန့် တအီအီ ညည်းသံပါကလား။

''ဟယ် ... ယိမ်းဘောင်တို့ပါကော။ အိုး မပြောကောင်းမဆိုကောင်းဒင့်မယား ဒွဲဘူ မွေးရဖွားရခက်နေပြီထင်ပ။ အင်း.. ဒုက္ခ.. ဒုက္ခ.. ဒုက္ခအဘွားကြီးရေ ဝါရဲဂျာတို့တွေဆီ ပြေးချေဦးနော့။ လှေကိုအခုချက်ချင်း [illegible]ချင်လိုလာလိမ့်မယ်''

သူ့အမယ်ကြီးဆီ ဇီဒနိ လှမ်းအော်လိုက်ပြီး သူကိုယ်တိုင်တဲအိုကြီး[illegible]


www.burmeseclassic.com

www.burmeseclassic.com



အမောတကော ပြေးလာနေသည့် ခွေးတစ်အုပ်ရှိရာသို့ ပူပန်ကြီးစွာအပြေးတပိုင်းဖြင့် ထွက်သွားတော့၏။ ဟောဟိုမှာ လူတစ်စုကို မြင်ရပြီ။ စောင်ပုခက်ဖြင့် လူတစ်ဦးကို လွယ်ပိုးတင်ဆောင်လျက် ဝါးတံပိုးလျှို၍ထမ်းလာနေကြသည့် လူနှစ်ယောက်။ လူနာသည် မိန်းမသားတစ်ဦးဖြစ်ပေလိမ့်မည်။ ညည်းသံသည် မိန်းမသံ။

ဝေးတော့ ဝေးသေး၏။ လူလုံးမကွဲလှသေး။ စစ်အင်္ကျီ အဟောင်းလက်ပြတ်နှင့် ဘောင်းဘီတို ပွပွမည်းမည်းကြီးကို ဝတ်ထားသည့်ရှေ့ကလူမှာ ဒေသခံကချင်တိုင်းရင်းသား ကိုယ်ပေါက်ကိုယ်ရောက်နှင့် စုတ်ဖွားဖွားဆံပင်ရှည်ဖွာလန်ကျဲ၊ သူ့ခြေလှမ်း လှမ်းပုံအရွေ့အလှုပ်များ၊ ပုတိုက်တိုက် ဂင်တိုတိုကိုယ်နေဟန်ထား။ သေချာသည် လီဆူးလား၊ မရူလား တစ်ခုခုပဲ။ ပိန်ကိုင်းကိုင်း ပါးပါးလျားလျားနှင့် နောက်ကအထမ်းသမားလူသည်...။

"ဟင်... ယောနသန်... ယောနသန်ပဲ ထောင်မှူးကြီး"

ဘယ်သူ့အသံမှန်းလည်း မသိ။ တအံ့တသြကြီး ရေရွတ်လိုက်သံက မဆုံးလိုက်ရ။ တဲအတွင်းမှ ဝုန်းခနဲ ပြေးထွက်လာကြသည့် ခြေသံများသည် ခပ်ဝေးဝေးက လူတစ်သိုက်ထံသို့ ကဆုန်စိုင်း လွှင့်စဉ်ထွက်သွားကြတော့၏။ မြားတံတွေ တစ်ပြိုင်ကြီးကို တစ်ပြိုင်နက် ပစ်လွှတ်လိုက်သလို။

"ယောနသန်... ယောနသန်။ ထွက်မပြေးနဲ့တော့... မင်းကို ငါတို့ ဝိုင်းထားပြီးပြီ"

(၆)

"ငါ့ရဲဘက်စခန်းက ထွက်ပြေးချင်လို့ မဟုတ်ပေမဲ့ ပြေးတော့ပြေးရမှာပဲ ဆရာထောင်မှူးကြီး။ ငါ့မိန်းမက အသည်းအသန်ဖျားနေတယ်။ ငါ့သမီးကလေးကလည်း နေမကောင်းဘူးတဲ့။ ရွာက လူကြုံနဲ့ ဖုံးခေါ်ကို လာပြောသွားခဲ့တာ။ ငါ ရင်ထဲနေလို့ မကောင်းဘူး။ ငါ့တို့ မိသားစုက ဒီသုံးယောက်တည်းပဲရှိတာ။ နင်တို့ ဖမ်းချင်လည်းဖမ်း၊ သတ်ချင်သတ်။ ငါကတော့ပြေးရမှာပဲ။ ငါ့စိတ်ထဲမှာ ငါ့မိန်းမနဲ့ ငါ့သမီးကလေးပဲရှိတယ်။ ဒီအချိန် သူတို့ငါ့ကို မျှော်နေကြမှာ"

သူ့နဖူးပြင်ပေါ်က မိုးစက်မိုးမှုန်များနှင့် ချွေးဥ ချွေးပြောက်တွေကိုပင် မသုတ်အားသေး။ ဂျီကွင်းကြီး၏ ဟိုးအရှေ့ဘက် တောစပ်အစွန်မှသည် အဘိုးကြီးဦးလွမ်းခေါင်တို့ လေ့ဆိပ်တဲအိုကြီးဆီထိ အရောက်သုံးလေမိုင်ခရီးကို သူနှင့်ယိမ်းဘောင် နှစ်ယောက်တည်း ယိမ်းဘောင်မိန်းမ ကိုယ်ဝန်သည်အား စောင်ပုခက်ဖြင့် ထမ်းပိုးပြီး မိုးထဲရေထဲ ခြေကုန်ရုန်း၍ သယ်လာခဲ့ကြရသဖြင့် အားအင်တွေ ကုန်လုခမန်း ပန်းဟိုက်နေသည်ကိုပင် အမောမဖြေနိုင်။ တဲကြီးအတွင်းရှိ ဝါးကွပ်ပျစ်ကြီးပေါ်သို့ ယိမ်းဘောင်မိန်းမ ဒွဲဘူကိုချထားပြီးပြီးချင်း ယောနသန်က သူပြောချင်ရာတွေကို ပြောချနေတော့သည်။

လောလောဆယ် သူ့စကားကို မည်သူမျှ အာရုံမဝင်နိုင်။ နဂိုမူလ ပါးပါးလျားလျား ကိုယ်ခန္ဓာနှင့် မလိုက်ဖက်လောက်အောင် ပူတင်းနေသည့် ကိုယ်ဝန်ဆောင်ဗိုက်၊ ငါးအသေကောင်ပုပ်လို ဝါထိန်ထိန် ညစ်ထေးထေး နာတာရှည် လူမမာရုပ်သွင်၊ မိုးရေတွေ ရွှံ့စက်ရွှံ့ဖတ်တွေ ရွှဲစိုပေလူးနေသည့် မြင်မကောင်း ရှုမကောင်း အနေအထား၊ မချိမဆန့် တအင်အင် အော်သည်းနေသည့် လူအိုသံနှင့်အချိန်မီ တက်ကျွမ်းနားလည်သော ဆေးသမားနှင့်သာ မဆုံဖြစ်ခဲ့ပါက သည်ပုံကြီးအတိုင်း အတောသိကံအကျိုး နည်းရရှာတော့မည့် လူအသက်တစ်ချောင်း။ အဲ... သူ့ဗိုက်ထဲက ကလေးကိုပါထည့်သွင်းလျှင် လူ့အသက်နှစ်ချောင်းဖြစ်ကောင်းဖြစ်မည်။ တဒင်္ဂအတွင်း ဤအရေးကိစ္စကြီးအတွက် "ဘာကိုဘယ်လို လုပ်ကြမလဲ"အတွေးများကသာ လူတိုင်းကို စီးမိုးထား၏။ ဘာလုပ်ကြမလဲ... ဘာလုပ်ကြမလဲ။

မနေ့ကည တစ်ညလုံးနှင့် သည်နေ့နံနက်တစ်ပိုင်းလုံး အာရုံကိုဖျစ်ညှစ်ဆုပ်နယ်ထားခဲ့သည့် ရဲဘက်ပြေးဖမ်းဖို့ အရေးသည် ဘယ်လိုကဘယ်လို ကြက်ပျောက်ငှက်ပျောက်ပျောက်သွားလေသလဲမသိ။ ကိုယ့်မျက်စိရှေ့ကလေးတွင် ကျွန်တော်တို့ ဆရာတပည့်တစ်သိုက်ကို အပူတွေ၊ သောကတွေဖြင့် ဗလောင်ဝေစေခဲ့သည့် ဒုက္ခကောင် ယောနသန်အား အရှင်လတ်လတ်ကြီးတွေ့နေရသည့်တိုင် စိတ်လှုပ်ရှားရကောင်းမှန်း မသိနိုင်ကြတော့ဘဲ သေရေးရှင်ရေးအတွက် အသက်လုရုန်းကန်နေရရှာသည့် လူမမာသည် ဒွဲဘူအတွက်ပဲ ဇောကပ်နေမိကြ၏။

လူနာရှင် ယိမ်းဘောင်ခမျာလည်း သူ့ဗျာပါဒများကို ကူမျှထမ်းပိုးပေးနိုင်ကြမည့်(ကူရာကယ်ရာ ရလိမ့်မည်ဟု သူထင်ထားသည့်)လူတစ်စုထံသို့ မယားကို ဒုတ်ဒုတ်ထိ သယ်လာနိုင်ခဲ့ပြီးဖြစ်၍ သောကငွေ့တွေ လုံးလုံးမစင်သေးသော်မှ များစွာသက်သာရာရသွားဟန်ဖြင့် တဲတံစက်မြိတ် တိုင်ခြေရင်း၌ ခြေဆင်းလဲလူ ခြေပစ်လက်ပစ် ထိုင်နေတော့သည်။ ဘာပဲဖြစ်ဖြစ်သူ့မယား ဒွဲဘူတစ်ယောက် သေတံမရောက်နိုင်တော့ဟု တုံးတုံးချထားသည့်ပုံ။

"ယိမ်းဘောင်ရယ်... တောင်



www.burmeseclassic.com

www.burmeseclassic.com

ကလေးက နေ့လားညလား မသိနိုင်တဲ့ ကိုယ်ဝန်နေ့စေ့လစေ့ကြီးနဲ့ဟာကို ဘယ်လို ပစ်စလက်ခတ် ပစ်ထားခဲ့လို့များ ဒီပုံမျိုးဖြစ်လာရတာတုန်း။ ဒီကွင်းကြီးထဲမှာ နေလာတာလည်း ဖင်မွေးရှည်နေပြီ။ မိုးလေကျရင် ဘယ်လောက်သွားရ လာရခက်သလဲဆိုတာ မင်းလည်း အသိပဲဟာ။ အရင်သုံးလေးရက် နေသာနေတုန်းက ဒဘတ်ယန်က သားဖွားဆရာမ ဒေါ်မေရီတို့ဆေးခန်းကို ပို့ထားခဲ့ရမှာ။ မင်းဟာ တယ်နနော်နမ့်နိုင်တဲ့ ယောကျ်ားပဲ..ဖွီး"

ဦးလွှမ်းခေါင်ကြီးက ယိမ်းဘောင်ကိုပဲ ဖိကြိမ်းနေ၏။ လူမမာသည် ဒွဲဘူခမျာလည်း "အပါးရေ..အမားရေ" တစာစာတရင်း အလူးလူး အလှိမ့်လှိမ့်။ "ဒုက္ခပါပဲ၊ အချိန်မီ ဟိုဘက်ကမ်းကို မရောက်ခဲ့ရင် ရေတိမ်နစ်ရချေရဲ့"။ မည်သူမျှ စိတ်မအေးနိုင်ကြ။ ရင်တွေပူနေကြသည်။

"ကျုပ်တစ်ယောက်တည်းနဲ့ ဒွဲဘူကို ဘယ်လိုသယ်နိုင်မှာလဲဗျာ။ မနေ့မနက်ပိုင်း မိုးတွေညို့ပြီး မည်းလာကတည်းက ဒဘတ်ယန်ကိုပို့ဖို့ စိတ်ကူးထားခဲ့သား။ ပစ္စည်းတွေတောင် သိမ်းထားပြီးပြီ။ အထမ်းသမား လူကူခေါ်ဖို့ ထွက်မယ်လုပ်နေတုန်း မိုးက ဝုန်းခနဲ ရွာချလာတော့တာ။ တိတ်မှ မတိတ်တော့ပဲ။ ကောင်းကင်ကို အပေါက်ဖောက်ပြီး သွန်ချနေတဲ့အတိုင်းပဲ။ ကြီးလိုက်သည်းလိုက်တဲ့မိုး။ ဖွတ်ထွက်လာခဲ့ပြန်ရင်လည်း တောင်ကျချောင်းတွေ ရေလျှံလို့ ပြန်လမ်းခက်ရင် ပိုပြီးဒုက္ခများရဦးမယ်။ အဲဒါကြောင့် မိုးကြီးထဲမှာ ငုတ်တုတ် မိုးလင်းခဲ့ရတာ။ အခုတောင်..ဟောဒီ ညီလေးရောက်လာလို့"

စကားစတန်းလန်းဖြင့် ယောနသန်ကို ကျေးဇူးတတင် လှမ်းကြည့်ရင်း ရှင်းပြနေသည်။ သူနှင့်လက်လှမ်းတမီမှာ ယောနသန်ရပ်နေ၏။ ယောနသန့်ဘေးမှာ သူ့တပည့်တွေ။ သူ့ဘာသာသူ ပန်းဟိုက်နေပြီဖြစ်သည့် ရဲဘက်ပြေးကို ပတ်ပတ်ရံ၍ ရပ်နေကြ၏။

"အင်း..အင်း..ဘာပဲဖြစ်ဖြစ်၊ ချောင်းကူးပြီး ဒဘတ်ယန်ဘက်ကိုပို့မှပဲ။ ကမ်းပြည့်ကမ်းလျှံ ရေပေါင်းလန်နေလို့ အန္တရာယ်ကြီးပေမဲ့လည်း ပို့မှကို ဖြစ်တော့မှာ။ လှေရောက်ပြီလားမသိ၊ အမယ်ကြီး..ဝေ.. အမယ်ကြီး"

လှေသိမ်းဖို့သွားပြောနေသည့် ဦးလွှမ်းခေါင် အမယ်ကြီး၏ အရိပ်အယောင်ကိုမမြင်။ ချောင်းရိုးအတိုင်း အတော်လှမ်းလှမ်းကို သွားနေပုံပေါ်သည်။ နေသာလျှင် အကြောင်းမဟုတ်သော်လည်း မိုးဖျက်လေဖျက်ဆိုပါက ရွှံ့ တွေ ဗွက်တွေ တင်းကျမ်းနှင့်မို့ လမ်းကသွားရခဲ၏။ စိတ်ရှိတိုင်း ခရီးမတွင်ချင်။

"လှေနဲ့ကကူးလို့ အလုပ်မဖြစ်လောက်ဘူး။ လူနာနဲ့ လှေထိုးသားက တစ်ယောက်၊ ဒိုက်ပုံတွေ မျောထင်းတွေကို တွန်းဖယ်ဖို့ လူကူကတစ်ယောက်၊ ပေါင်းသုံးယောက်ပဲဆိုဦး။ ဒီမိုးနဲ့ ဒီချောင်း ရေလျှံနေပုံမျိုးနဲ့ဆိုရင် လှေဝမ်းနဲ့ချောင်းရေပြင် ဖလတ်တိုက်ဖြစ်နေတော့မှာ။ လှေလူးမှာ၊ လှိုင်းဆော့ဦးမှာနဲ့ဆိုရင် ရေတွေဝင်ပြီး လှေမြုပ်မှာ သေချာပေါက်ပဲ၊ ချောင်းဟိုဘက်ကမ်းကို ရောက်လိုက်မှာတောင်မဟုတ်ဘူး။ ဒုက္ခရောက်ကြမှာပဲ"

ယောနသန်က အေးစက်စက်ပြော၏။ သူတွက်တာ မှန်နိုင်သည်။ အတော်ဝေးဝေးက ဆိုသည့်တိုင် လူတိုင်းကြားနေကြသည့် ဒဘတ်ချောင်း ရေစီးသံ ဟပါဟာကြီးသည် ကျောစိမ့်ချင်စရာကောင်းအောင် ကျယ်လောင်လွန်းလှသည်။ ယောနသံပြောတော့မှပင် သည်အန္တရာယ်ကြီးက စိတ်ထဲ ဖွတ်တိုးဝင်လာပြီး သူတို့ကိုပဲ တမင် ဖြဲခြောက်နေသလိုလို။

အလူးလူး အလှိမ့်လှိမ့်ဖြင့် ဝေဒနာကို ကြိတ်မှိတ်ရုန်းကန်နေရရှာသော လူမမာ မိန်းကလေးလည်း အသံပျော့ချင်လာပြီ။ မီးစာကုန် ဆီခန်းဖို့အရေး မဝေးလှတော့။ တစ်ခုခုကို ချက်ချင်း လုပ်ကြမှဖြစ်မည်။

"အဘိုးကြီးရေ..ဝါရဲဂျာတို့က ထင်းဆယ်ရင်းနဲ့ ဟိုဘက်ကမ်းဖက်ကို ကူးပြီး ဆန်နဲ့ ဟင်းစားသွားဝယ်ကြသတဲ့။ လှေပြန်ရောက်ဖို့ကကြာဦးမယ်"

အမောတကောဖြင့် ဦးလွှမ်းခေါင် အမယ်ကြီး ပြန်ရောက်လာ၏။ ရွှံ့ရေ ဗွက်ရေတွေဖြင့် ရွှဲရွှဲစို။ "လောလောဆယ် လှေမရနိုင်"ဟူသည့် သတင်းဆိုးကိုသာ သယ်၍ပြန်လာသည်။"ဟူး ခက်လိုက်ပုံများနော။ ဘယ်လိုလုပ်ကြရပ"စိတ်ကူးတွေ ဘောင်ဘင်ခတ်ကြရပြန်ပြီ။ အထူးသဖြင့် လူနာရှင်ဖြစ်သည့် ယိမ်းဘောင်ခမျာ မျက်စေ့သူငယ်နားသူငယ်ဖြစ်၍ မျက်နှာကလေးအိုနေရှာ၏။ ဒွဲဘူမှာမှိန်း၍ ငြိမ်နေသည်။ ညည်းညူ ရလွန်းသဖြင့်လည်း သူ့ကလေး၏ အသံတွေ ခန်းသွားပြီထင်သည်။

"အရေးဟဲ့ဆို လုပ်ပြီကောလေ ဟော ဒီဝါရဲဂျာဆိုတဲ့အကောင်အိုလေးဟာ။ သေချာပြောလိုက်ရက်သားနဲ့ မငှားဘူးဆိုပြန်ရင်လည်း စိတ်ကွက်ကြဦးမယ်။ ငှားလိုက်မိပြန်တော့ ထင်သလို စိတ်တိုင်းကျ လုပ်ကြပြန်ရော ပြောမပြောလိုက်ချင်ဘူး။ တကယ့်အကောင်တွေ"

ဦးလွှမ်းခေါင်ကြီးက တစ်ဖျစ်တောက်တောက်။ သည်အခြေအနေကြီးထဲမှာ ကျွန်တော် ဘာလုပ်ပေးနိုင်မလဲ တွေးကြည့်မိသည်။ ဘာအတွေး


www.burmeseclassic.com

www.burmeseclassic.com



မှု ပေါ်မလာ။ တပည့်ကျော် တစ်သိုက်လည်း ကြိုနေရသည့် မအီမလည် ပူစပ်ပူလောင် အခြေအနေကြီးကို တွန်းလှန်ဖို့ လမ်းမမြင်ကြပုံဖြင့် ခေါင်းကြီးတွေ ငိုက်ဆိုက်ကျ၍ နေကြ၏။

''ငါ၊ စိတ်ကူးထားတာတော့ရှိတယ်။ အလုပ်ဖြစ်ဖို့ များပေမယ့် အရဲစွန့်ရမယ်။ သတ္တိရှိရှိ ရဲရဲဝံ့ဝံ့နဲ့ လုပ်ရဲကိုင်ရဲပြီး ကျွမ်းကျင်တဲ့လူလည်းလိုတယ်။ တို့အင်မိုင်ခ ချောင်းဖျားတွေမှာ မိုးတွင်းခါ ရေကြီးချိန်ဆိုရင် ချောင်းညာကနေ ချောင်းအောက်ကို ဒီအတိုင်း စုန်နေကျပဲ။ ဒီနားမှာ တောငှက်ပျောပင့်အုပ်တွေလည်း ပေါ်သားပဲဟာ''

ယောနသန်က ဦးလွမ်းခေါင်ကြီးတို့ တဲအိုကုပ်ကုပ်ကြီး နောက်ဘက်ဝါးနှစ်ရိုက်ခန့်အကွာတွင် တစ်ရုံနှင့်တစ်ရုံ သီးသန့်မခြားတော့ဘဲ ရုံချင်းဆက်၍ ပူးပူးကပ်ကပ် ပေါက်နေကြပြီး သန်စွမ်းစိမ်းမှောင်နေသော တောငှက်ပျောပင့်အုပ် တသီတတန်းကြီးကို အကြည့်ဝေ့လျက် ခပ်ဆဆ ပြောနေသည်။

သူဘာပြောချင်သလဲ ရုတ်တရက် မသိ။ သူ့ဆီမှာ ခိုင်မာသည့် အကြံတစ်ခုခုတော့ အသေအချာ ရှိနေပြီ။ သူ့ရဲ့ဘက်စခန်းက ထွက်ပြေးတုန်းကတည်းကပင် ဒဘတ်ချောင်းကြီးကို မမြစ်မနေ ဖြတ်ကူးရမည့်မို့သူ့တွင်ကြိုတင်စိတ်ကူးထားပြီးသား အစီအစဉ်ကို ရှိရမည်။

''ဘာလဲကောင်လေး..။ငှက်ပျောတုံးတွေကို ဖောင်ဖွဲ့ပြီး ကူးဖို့ပဲဟုတ်လား''

''ဟုတ်တယ်၊ အဲဒီ တစ်နည်းပဲရှိတယ်''

''ရေက ဒီလောက်တောင် ပေါင်းသန်နေတာကွာ။ ဖြစ်နိုင်ပါ့မလား။ လူမမာလည်း ပါဦးမယ်။ ပြီးတော့ ဖောင်ကို စုန်ဖို့ ထိုးဝါးကိုင်မဲ့လူ အနည်းဆုံး ရှေ့တစ်ယောက်၊ နောက်တစ်ယောက် လိုလိမ့်မယ်။ ဖြစ်နိုင်ရင် ဒီလို မိုးကြီးပြီး သစ်ပင်ဝါးပင်တွေ တရကြမ်း မျောပါနေကြတဲ့အချိန်မျိုးမှာ ချောင်းရေနဲ့ ရောပါလာမယ့် အဲဒီရေမျောသစ်ပင်တွေကို ပိုင်းကူပြီး တွန်းဖယ်ပေးမယ့်လူတစ်ယောက် အပိုပါနိုင်ရန် ပိုအဆင်ပြေမှာ။ ငါက လိုက်ကူချင်ပေမယ့် အိုလှပါပြီကွာ''

''ဖောင်ကို လိုရမယ်ရ နှစ်ထပ်လောက် :လုပ်လိုက်ရင်ဖြစ်တာပဲဗျာ။ လူနာကို လိမ့်ကျမသွားအောင် ဝက်ခြံရိုက်ပြီး ထည့်သွားမယ်။ ပြီးတော့ အပေါ်က တာလပတ်ဖြစ်ဖြစ်၊ ပလတ်စတစ်ဖြစ်ဖြစ် အမိုးမိုးပေးထားလိုက်မယ်။ ချောင်းအထက်ပိုင်း ကိုက်တစ်ထောင်လောက်အထိ ဖောင်ကိုဆွဲသွားရမှာကတော့ နည်းနည်းကြာချင်ကြာမှာ။ ချောင်းပြင်ကို ဖြတ်ရမှာက ခဏပဲ။ ဒီလိုရေကြီးပုံမျိုးဆိုရင် ခဏနဲ့ဟိုဘက်ကမ်းကို လှေဦးပြေးကပ်မှာပဲ။ တစ်ခုတော့ရှိတယ်။ ဖောင်ကို ချောင်းညာဆီဆွဲဖို့ကျတော့ လူလိုတယ်။ ဝိုင်းကူကြမှ ဖြစ်လိမ့်မယ်''

ကောင်ကလေးက ယတိပြတ်ဆုံးဖြတ်ပြီးပုံဖြင့် အားတက်သရောပြောနေ၏။ သူ့ကိုယ်သူ အကျဉ်းကျခံနေရသူတစ်ဦးဖြစ်မှန်း မေ့နေပြီထင်သည်။ သို့မဟုတ် သူ့အနီး သူ့ဝန်းကျင် ပတ်ခြာလည်က ယူနီဖောင်းဝတ်လူစုကို သူ့အား လက်ရဖမ်းဆီးရန်အတွက် တမနက်လုံး မိုးကြီးလေကြီးထဲ ဒုက္ခကြီးခံ၍ တောတိုးနေခဲ့ကြသည့် ထောင်အရာရှိ၊ ထောင်ဝန်ထမ်းတွေအဖြစ် သူ့မျက်စိထဲ မဝင်တော့သည်လား။

''မင်း လိုက်သွားလို့တော့ မဖြစ်ဘူးနော် ယောနသန်။ အခုအချိန်အထိ မင်းကို ငါစောင့်ရှောက်ပေးနိုင်သေးတယ်။ မင်း ငါတို့နဲ့ ပြန်လိုက်ခဲ့ရုံပဲ။ မင်းကို ရဲဘက်ပြေးမှုနဲ့ အမှုဖွင့်မထားရသေးဘူး။ မင်းမိသားစု အခက်အခဲကိုလည်း ဒီသောကြာနေ့ ငါ ထောင်ကို ~~ပြ~~ဖြစ်တဲ့အချိန်မှာ အိမ်တိုင်ယာရောက် သွားကြည့်ပြီး လိုအပ်တာတွေကိုကြည့်လုပ်ပေးလိုက်မယ်။ ငါ ကတိပေးတယ်။ အခုတော့ မင်းငါတို့နဲ့ ပြန်လိုက်ခဲ့ရမယ်။ မင်းဘယ်လိုမှ ငြင်းလို့မရဘူး''

ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်သွားတော့သည်။ မိုးမရွာဘဲ မိုးကောင်းကင်ကြီးကတဖြည်းဖြည်း အိုပြိုကျလာသလို မှိုင်းညို့မှောင်ဝေနေ၏။ အခြေအနေသည် ထင်မထားပါဘဲလျက် ရုတ်တရက်ကြီး တင်းမာလာရပြီ။ ''ဒင်းကြောင့်..ရဲဘက်ပြေး ကောင်ကလေးယောနသန်ကြောင့်'' အချင်းချင်း လက်မတို့လိုက်ရဘဲ သတိအနေအထားတွေဖြင့် တောင့်တောင့်ခိုင်ခိုင်ကြီးတွေ ဖြစ်သွားကြသည့် ကျွန်တော်ဝန်ထမ်းများ၏ မျက်ဝန်းတွေ အကြည့်တွေသည်ပင် ချက်ချင်း စူးရဲခက်ထန်လာကြ၏။

''မဟုတ်သေးဘူးလေ ဆရာထောင်မှူးကြီး။ အဲဒီလို ကိုယ့်ကိစ္စတစ်ခုတည်း ကွက်ကြည့်လို့မဖြစ်ဘူးလေ။ ဟောဒီမှာ သေမလိုဖြစ်နေတဲ့လူနာကို ကြည့်ကြစမ်းပါဦး။ နောက်နာရီဝက်တစ်နာရီနေလို့မှ ဟိုဘက်ကမ်းကို ရောက်အောင် မပို့နိုင်ရင် လူကြီးရော ကလေးရော သေမှာပဲ။ ဘုရားသခင်တောင်မှ မကယ်နိုင်ဘူး။ အဲဒါကြောင့် သူတို့နဲ့ ငါလိုက်လာခဲ့တာ။ ဒီလို လိုက်လာလို့ပဲ ငါပြန်အဖမ်းခံရတာ။ ငါ့ အတွက် ငါသာတွေးခဲ့ရင် ငါလွတ်သွားတာကြာပြီ။ ဒီမြေ ဒီရေ ဒီလမ်း ဒီခရီးထဲမှာ ငါကြီးလာခဲ့ရတာ။ ငါ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ဘာအခက်အခဲမှ မရှိဘူးရယ်။ ဒီလူနာကို သေမှာစိုးလို့ ပစ်မထားရက်တာနဲ့ အခုလို လိုက်ပို့ခဲ့တာ။ လူ့အသက်နော်‥ လူ့အသက်။ တစ်သက် မဟုတ်ဘူး။ နှစ်သက်ကြီးများတောင်။ ဒီအချိန်မှာ ဒါပဲအရေးကြီးတယ်… ငါကတော့ ငါလုပ်စရာရှိတာ လုပ်ရမှာပဲ။ ငှက်ပျောဖောင်ဖွဲ့တာကို ငါပဲကျွမ်းကျင်တယ်။ ဒီထက်ကြမ်းတဲ့ အင်မိုင်ခကိုတောင် ဒီနည်းနဲ့ ငါကူးလာခဲ့တာ အခေါက်ပေါင်း မနည်းတော့ဘူး။ ဒီလူနာအသက်ကယ်ဖို့ ငါလုပ်မယ်။ ပြီးရင် ငါ့မိန်းမနဲ့ ငါ့သမီးလေး။ ဒီအချိန်မှာ သူတို့ကို ငါ့မျက်နှာကလေးလောက်တော့ ငါပြမှဖြစ်မယ်။ ငါ့ကို သတ်ချင်လည်းသတ်။ ကြိုက်သလိုလုပ်ကြ။ ငါကတော့ နင်တို့နဲ့ပြန်မလိုက်ဘူး။ ငါလုပ်သင့်တာ လုပ်မှာပဲ''

ဗုဒ္ဓေါ‥ ရေ။ ထင်ထားသည်ထက် အများကြီး ပိုဆိုးနေတော့သည်။ သည်လိုပုံဖြင့် အပျက်အပျက်နှင့် နာခေါင်းသွေး ထွက်ပေတော့မည်။ ယောနသံကောင်ကလေးက ကြောင်အဖြစ်မှ ကျားနာတစ်ကောင်လို ရုတ်တရက် ဘဝပြောင်းသွားလျက် နာနာကျင်ကျင်ကြီး ပြောနေပါပြီကော။ လူပုံက ပိန်ပါးပါး၊ အရပ်ကလန်ကလားနှင့် ခါးချိချိ ခါချဉ်တစ်ကောင်လိုပေမင့်၊ သူပြောသည့်အတိုင်း ဖြစ်ချင်ရာဖြစ် ဖွတ်တွန်းလုပ်တော့မည့် သူ့သဘောမှာ ထင်းနေတော့သည်။

''အား ‥ အင်း‥ အင်း ‥ အမားရေ ‥ အပါးရေ။ ကယ်ပါဦး။ အား ‥ အီး ‥ အီး ‥ အင်း''

ဒွဲဘူ၏ညည်းသံ။ မျက်နှာက ရှုံ့မဲ့တွန့်လိမ်နေပြီး ဝေဒနာကို အဆုံးစွန်အထိ တင်းခံနိုင်တော့ဟန်မတူ။ တစ်စစသွေးဆုတ်လာနေပုံက သိသာလွန်း၏။ ယခုချက်ချင်းပင် တစ်စုံခုမလုပ်နိုင်ပါက သည်အသက်နှစ်ချောင်းကို လုယူနိုင်ဖို့မလွယ်။

ဘာပဲပြောပြော အဆုံးအဖြတ်သည် ကျွန်တော့်အပေါ်မှာပဲ တည်နေတော့သည်။ အေးစက်တင်းမာသော တိတ်ဆိတ်ခြင်းများသည် ကျွန်တော့်ပြောမည့်စကားကို ငံ့လင့်နေလေဟန်။ လူတွေအားလုံး၏ မျက်ဝန်းအစုံများသည်လည်း ကျွန်တော့်ဆီမှာပဲ စုပြုံလျက်။ လူနာ့ရှင် ယိမ်းဘောင်၏ မျက်ရည်ငွေ့တွေ ပါးပါးဖုံးစပြုလာသော မျက်ဝန်း၊ မှိုင်းညို့နေသည့် မျက်နှာခပ်အိုအိုကို အတိုင်းသားမြင်နေရ၏။ ''ခက်သားပဲလေ၊ ဒီလောက် ကျဉ်းထဲကျပ်ထဲကြီးမှာ အဆင်အပြေဆုံးဖြစ်အောင် ဘယ်လိုလုပ်ရပ့်''။ ကွန်ပျူတာစနစ်တစ်ခုလို ဦးနှောက်တွေ တစစ်စစ်ကိုက်ခဲ နာကျင်လာသည်အထိ တရစပ် ဖျစ်ညှစ်စဉ်းစား။ ဘာလုပ်ရမလဲ။ ဘာလုပ်သင့်သလဲ။ ဘာလုပ်နိုင်သလဲ။ တွေး‥ တွေး‥ တွေး။

''ကဲကွာ … ငါခဏ စဉ်းစားကြည့်လိုက်ဦးမယ်။ အခုတော့ မင်းရယ် ယိမ်းဘောင်ရယ် ဦးစီးပြီး မင်းပြောတဲ့ ငှက်ပျောဖောင်ဆိုတာကို အမြန်ဆုံးဆင်၊ ချောင်းစပ်ကိုချနိုင်ဖို့ စလုပ်ပေတော့။ ငါ့တပည့်တွေက မင်းတို့ကို ဝိုင်းကူကြလိမ့်မယ်။

ဝင်းခနဲ လင်းလက်သွားသည့် မျက်နှာများကို မြင်သည်။ အဘိုးကြီးဦးလွမ်းခေါင်၏ အော်ကျယ်၊ အော်ကျယ် အသံစာစာ၊ ယောနသံ၊ ယိမ်းဘောင်နှင့် ကျွန်တော့်တပည့်တစ်သိုက်တို့၏ တောငှက်ပျော်ပင်များကို ခုတ်ပိုင်းသံ၊ ဒွဲဘူ၏ညည်းသံ၊ ရှမ်းအမယ်ကြီး၏ ချော့မော့ဖျောင်းဖျသံ အသံပေါင်းစုံသည် ကျွန်တော့်ရင်ကို တဒိန်းဒိန်းထုနေတော့၏။ ဘယ်လိုလုပ်ရင် အကောင်းဆုံးဖြစ်မလဲ။

(၇)

ဒဘတ်ချောင်းသည် ရေစီးသံတ… ဟဲဟဲဖြင့် အစွမ်းကုန်ကြမ်း၍ ရမ်း၍… နေတော့၏။ ပတ်ပတ်လည် ကချ… တောင်တန်းများဆီမှ ဝါးလုံးထိုး ထို… ကျလာသည့် တောင်ကျဟုန်းရေများ… သည် သစ်ပင်ဝါးပင်ကြီးများကိုပင် အ… မြစ်အရင်းမှ တိုက်စားဖြိုချပစ်ပြီး တိုက်… စားသယ်ဆောင်လာလျက် အသွယ်… သွယ် အစင်းစင်းသော လျှို… များ… မြောင်များ၊ ချောင်းမြာများမှတစ်ဆင့် ချောင်းမကြီးအထဲသို့ ပေါင်းရုံးစီးဝင်လျက် ရှိလေရာ ချောင်းရေက လျော့… ကျသွားသည်မရှိ။ ဖူးဖူးရောင်ထလာသည့် အိုင်းအနာပြင်ကြီးနှယ် စုံစုံမို့… တက်လျက် ကမ်းပြည့်ကမ်းလျှံ ရေ… တွေ ပေါင်းလန်နေလေသည်။

ချောင်းပြင်သည် ရွှံ့နစ်ရောင် ပေါက်လျက်ရှိပြီး သဲနုများ၊ ရွှံ့ရေများ… ဖြင့် ဗွက်လည်လျက် ရေဝဲဂယက်များ… ပွက်ပွက်ထလျက်ရှိသည်။ ချောင်းရေ… က လျှံပြီး ရေစီးကလည်း အဆမတန်… ကြမ်းလျက်ရှိရာ ချောင်းပြင်ပေါ်၌ လှိုင်း… မည်ကာမတ္တတွေမဟုတ်၊ တဖြုန်းဖြုန်း… တဖြုန်းဖြုန်း မျက်နှာချင်းဆိုင်ရိုက်မိ… ကာ ဝုန်းခနဲ ဝုန်းခနဲ အသံပေးလျက် ရှိသည့် ရောမလှိုင်းကြမ်းကြီးတွေက… သာ မင်းမူလျက်ရှိ၏။

သစ်ကိုင်းသစ်ခက်များ၊ ချုံနွယ်… ဒိုက်သရောများ၊ အမြစ်အရင်းက… လန်လျက် ပင်လုံးကျွတ် ဖင်ထောင်… မျောပါလျက် ရှိလေရာ ဘယ်ဆီကို… ကြည့်ကြည့် စိတ်သက်သာရနိုင်ဖွယ်… မမြင်။ လေးလံနောက်ကျိစရာချည်း… တွေ့နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နံနက်ခင်းလုံး အသည်းအသန် ရွာသွန်းခဲ့သော မိုးကား သဲသဲဖွဲဖွဲ ကလေးမျှပင် မကျတော့ဘဲ တန့်နေသည့်တိုင် မိုးလုံးပြည့် မှောင်မှိုင်းနေလေအောင် ဆင်ထားသည့် ကောင်းကင်သည် နောက်တစ်ကြိမ် သွန်ချပစ်ဖို့ အားယူပြင်ဆင်နေသယောင်ပင်။

ဟိုးအထက်ပိုင်း မြစ်ညာဆီမှာ မိုးတွေ ညိုနေအောင် ရွာနေလေပြီ။ ဝါရှောင်ဆည်ကြီး၏ အထက်ပိုင်းလောက်မှာ ဖြစ်မည်။ ကောင်းကင်မည်းမည်းကြီးမှ ပြိုကျလာနေသည့် မိုးရေတန်းတွေက ဖြူဖြူဖွေးဖွေး ရေတံတိုင်းကြီးပမာ ကချင်တောင်တန်းများကို ကာထားလိုက်ပြီ။ ချောင်းရေတွေ တိုးသည်ထက်တိုး၍ ဒဘတ်ချောင်းရေကပို၍ ကြီးပေဦးတော့မည်။

ကျွန်တော်တို့လူစုသည် ဒဘတ်ချောင်းမကြီး၏ ကမ်းနဖူးရှိ မြေနီကုန်းရိုးကလေးပေါ်မှသည် ခပ်ဝေးဝေးမှာ မြင်နေရသည့် မြစ်လယ်ကို စူးစိုက်ကြည့်နေမိကြ၏။ မြစ်လယ်ဆီမှာ ငှက်ပျောတုံး ဖောင်ကလေးကို မှုန်ပျပျ ခပ်ရေးရေးမျှမြင်နေရသည်။ ချောင်းပြင်နှင့် လှိုင်းကြားမှာ နိမ့်တုံမြင့်တုံ။

ဒွဲဘူနှင့် ယိမ်းဘောင်တို့ကို တင်၍ လှေဆိပ်အထက်ကိုက်တစ်ထောင်ခန့် မှသည် ရေစီးအတိုင်း မျှောချလာသည့် သူတို့ ငှက်ပျောဟုံး ဖောင်ကလေးသည် ရေစီးအတိုင်း ဝဲလည် ဝဲလည်မျောပါလျက်ရှိဆဲ။ ချောင်းရေမျက်နှာပြင်နှင့် လွတ်အောင် တောငှက်ပျောတုံးများကို နှစ်ထပ်ဖွဲ့ချည်ထားသည့်တိုင် ဖောင်နံဘေးကို တဝုန်းဝုန်း ရိုက်ခတ်လျက်ရှိသည့် လှိုင်းခေါင်းများကြောင့် ရေမွှာရေပန်းဖြူဖြူတွေ တဖြန်းဖြန်း ပေါက်ကွဲစဉ်ထွက်လျက် ရှိသည်ကိုလည်း အတိုင်းသားမြင်နေကြရသည်။

လူ့ကံနှင့် သဘာဝတရားတို့၏ တိုက်ပွဲကို ရင်တမမဖြင့် ကြည့်နေကြရုံမှအပ ကျွန်တော်တို့လည်း ဘာမျှ မတတ်နိုင်။

ဖောင်ပေါ်မှာ ဝါးစိမ်းလုံးထိုးဝါးကို ကိုင်လျက် ရေစီးအတိုင်းမျောပါလာနေသည့် ဒိုက်သရောတွေ၊ သစ်ပင်သစ်တုံးတွေကိုထိန်း၍ ဖယ်ရှားပစ်နေသူမှာ ကောင်ကလေး ယောနသန်ဖြစ်လိမ့်မည်။ ဖောင်၏ အခြားတစ်ဖက်မှာချောင်း ရေစီးကို ကန့်လန့်တိုက်လျက် ဖောင်ကလေးကို ကမ်းဟိုးတစ်ဖက်တွင် အမြန်ဆုံးကပ်နိုင်ဖို့အရေးအားကြိုးခန္ဓဲ့ ပဲ့ကိုင်ပေးလျက် ရှိသူသည်လည်း ကျွန်တော့တပည့်ကျော် တပ်သားကျော်မြတ်သူပဲ ဖြစ်မည်ထင်သည်။ မှုန်ပျပျမို့ လူလုံးမသဲကွဲ၊ လှိုင်းတွေ ရေပန်းတွေ ဒိုက်သရောတွေကြောင့် မြင်ကွင်းမှ ပေါ်ချီပျောက်ချီ။ ဖောင်ကလေးသည် ယခုအချိန်အထိတော့ အန္တရာယ်ကင်းစွာ ရေစီးအတိုင်း မျောပါလျက်ရှိနေဆဲပင်။ အန္တရာယ်ကင်း ဘေးကင်းစွာဖြင့် ချောချောမောမော ကမ်းကပ်နိုင်လိမ့်မည်ဟု အားလုံးက ကိုယ့်စိတ်အလိုအတိုင်း ထင်နေကြဆဲ။

"ယောနသန်ရေ ...၊ ဆရာပြောတာကို ခဏနားထောင်စမ်း။ လောလောဆယ် ဟောဒီ လူနာရဲ့အသက်ကို ကယ်နိုင်ဖို့က အရေးအကြီးဆုံးဆိုတာကို လက်ခံတယ်။ ပြီးတော့ မင်းလည်းမင်းမိသားစုအတွက် ဘာပဲလုပ်ရလုပ်ရ ဖွတ်လုပ်တော့မယ်ဆိုတာကို သိတယ်။ ဒါပေမဲ့ ဒီလို စိတ်အလိုလိုက်ပြီး ထင်တိုင်းလုပ်လို့ မဖြစ်ဘူး။ လုပ်သင့်တာ၊ လုပ်နိုင်တာကိုပဲ တို့လုပ်ကြရလိမ့်မယ်။ ဥပဒေဆိုတာ ကျော်ချင်လို့မရဘူး။ ဥပဒေစည်းကမ်းအတွင်းကနေပဲ လုပ်ကြရမှာ။ ဒီတော့ ဒီလိုလုပ် ... မင်းကို အသွားခရီးရော အပြန်ခရီးအတွက်ပါ ခွင့်သုံးရက်ပေးလိုက်မယ်။ မင်းနဲ့အတူ ဟောဒီဆရာကျော်မြတ်သူကိုပါ တစ်ပါတည်း ထည့်ပေးလိုက်မယ်။ ယိမ်းဘောင်တို့ လင်မယားကို ဒဘတ်ယန်ရွာဘက်အထိရောက်အောင် သေသေချာချာ ပို့ပြီးကြရင် မင်းရဲ့ရွာဆီကို တန်းပြီးသာ ပြန်ကြပေတော့။ မင်းလုပ်စရာရှိတာတွေလုပ်။ ပြီးရင်တော့ ဒီကိုပဲ အရောက်ပြန်လာခဲ့ကြ။ ဟုတ်ပြီလား"

ဤစကားကို ပြောနိုင်ဖို့ ကျွန်တော်မနည်းကြီး စဉ်းစားခဲ့ရပါသည်။

(ဂ)

တစ်ခါတစ်ရံ ဘဝက လူကိုတကယ့်ကျဉ်းထဲကျပ်ထဲ ထောင့်ကျဉ်းကလေးထဲ တွန်းပို့ပြီး ကျီစားတတ်သည်။ ထိုသည့် ထောင့်ကျဉ်းကလေးထဲက ဘယ်လို ရုန်းထွက်မလဲ ဟို့နှယ်ဒီ့နှယ် ဉာဏ်ကစားရသည်ကပဲ ဘဝကိုပို၍ လှစေ၊ ရှင်သန်ဝေစည်စေသည်ဟု ကျွန်တော်တော့ထင်သည်။

ဟိုးလွန်ခဲ့သော နှစ်နှစ်ဆယ့်ကျော်က အဖြစ်အပျက်သည် မနေ့တနေ့ကလိုပင်။

ဇေယျမင်းသျှင်



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ (၄၉) Cover Story မှ စာဆက်

"ဦးတင်စိုးက စရိုက်တော့ကြမ်းတယ်ဗျ။ သူ့ဆီက အတိုးနဲ့ငွေချေးတဲ့သူတွေ မဆပ်နိုင်တဲ့အခါ လက်ဖြတ်ပစ်မယ်။ ခြေဖြတ်ပစ်မယ်နဲ့ စားကြိမ်းကြိမ်းတာ ကြားဖူးတယ်ဗျ"

ဟု ဦးတင်စိုး၏ ကြိမ်းဝါးပြောဆိုမှုကို ကြားသိထားသူတစ်ဦးကလည်း အထက်ပါစကားဖြင့် ဖွင့်ဟပြသည်။

ဦးတင်စိုးနှင့် ဒေါ်မိမိလေးတို့မှာ လင်မယားနှစ်ဦးသာရှိသည်။ ခင်မင်ရင်းနှီးသူများက နေအိမ်သို့ ဝင်ထွက်သွားလာလေ့ရှိပြီး အိမ်မှုကိစ္စအချို့ကို ဝိုင်းဝန်းကူညီပေးလေ့ရှိသည်။ အချို့ဆိုလျှင် မိသားစုသဖွယ် တရင်းတနှီးရှိကြောင်း စုံထောက်စံထူးမှ လေ့လာသိရှိထားသည်။ မိသားစုသဖွယ်ရှိနေသူများသည် ဦးတင်စိုး၏ နေအိမ်အတွင်းရေးနှင့် အသုံးအဆောင်ပစ္စည်းများကို ကောင်းစွာတွေ့မြင်သိရှိနိုင်သည်။ ထို့ကြောင့် စုံထောက်စံထူးက ဦးတင်စိုးနေအိမ်၏ အတွင်းရေးကို သိရှိသူတစ်ဦးအား လူသူမသိအောင် လျှို့ဝှက်တစ်နေရာသို့ ခေါ်ယူလိုက်သည်။ ထိုသူကို "အတွင်းသိ"ဟု အမည်ပြုချင်ပါသည်။ မျက်စိရှေ့သို့ ရောက်ရှိနေသူအတွင်းသိကို စုံထောက်စံထူးက ..

'ဟောဒီ ကွန်ပျူတာလက်တော့ပ်ထဲမှာ ဖွင့်ပြမယ့် အသုံးအဆောင်ပစ္စည်းအချို့ကို သေသေချာချာကြည့်ပေးပါ။ အဲဒီပစ္စည်းအချို့ဟာ ဦးတင်စိုးအိမ်မှာ 'တွေ့ဖူးမြင်ဖူးတာ ရှိ/မရှိ မှန်မှန်ကန်ကန်ပြောပြပေးပါ"

ဟု တည်ငြိမ်သော အသွင်၊ ချိုသာလေးသွဲ့သော သံစဉ်ဖြင့် ဆိုပါသည်။ ထို့နောက် စုံထောက်စံထူးက လက်တော့ပ်အတွင်း ရိုက်ကူးထည့်သွင်းထားသော သက်သေခံနှင့် သဲလွန်စပစ္စည်းများအနက် အခင်းဖြစ်အရပ်တွင် ကျကျန်ခဲ့သော တရုတ်နိုင်ငံလုပ်၊ အမည်းနှင့်အနီစင်းကြားအရောင်အားသွင်းဓာတ်မီးဓာတ်ပုံကို ဖွင့်ပြသည်။ ဖန်သားပြင်ပေါ်ရှိ သက်သေခံဓာတ်မီးကို စူးစိုက်ကြည့်နေသော အတွင်းသိက ..

"ဒီဓာတ်မီးဟာ ဦးတင်စိုးနေအိမ်ရဲ့ တီဗွီဘေးမှာထားရှိတဲ့ ဓာတ်မီးနဲ့ အရောင်အသွေး အရွယ်အစား အတူတူပါပဲ"

ဟု အတည်ပြုပေးသည်။ ထို့နောက် သက်သေခံပစ္စည်း စွပ်ကျယ်စ ခြေသုတ်ခုံတို့ကို ဖွင့်ပြသည်။ ခြေသုတ်ခုံကိုကြည့်လျှက် အတွင်းသိက အရောင်အသွေးတူ ထိုခြေသုတ်ခုံမျိုးမှာ ဦးတင်စိုးအိမ်တွင် နှစ်ခုရှိကြောင်း၊ တစ်ခုမှာ နေအိမ်ညှော်ခန်းအဝင်တွင်ဖြစ်၍၊ တစ်ခုမှာ ဦးတင်စိုး၏ အိပ်ခန်းအဝင်တွင်ထားရှိသည်ကို မြင်ဖူးကြောင်း ဖွင့်ဆိုပါသည်။ နောက်တစ်ဆင့်တက်၍ နှုတ်ခမ်းအနားတွင် ပန်းနုရောင်အကွပ်ဖြင့် သွေးများစွန်းပေနေသော သက်သေခံခေါင်းအုံးစွပ်ပုံကို ဖွင့်ပြသည်။ ထိုခေါင်းအုံးစွပ်မျိုးမှာ ဦးတင်စိုးနေအိမ်တွင် နှစ်လုံးရှိကြောင်း၊ တစ်လုံးကို မသန်းထွေးအိပ်သည့် ခေါင်းအုံးတွင် စွပ်ထားသည်ကို မြင်တွေ့ဖူးကြောင်း ထင်မြင်မှုပြုပါသည်။

"ဦးတင်စိုးက ခြေညှပ်ဖိနပ်စီးတဲ့အခါ ဘယ်လိုခြေညှပ်ဖိနပ်မျိုးကို စီးလေ့ရှိသလဲ"

စုံထောက်စံထူး၏ အမေးကို အတွင်းသိက ..

"အိမ်မှာနေရင်တော့ သားရေပြောင် ခြေညှပ်ဖိနပ်စီးပါတယ်။ အပြင်ထွက်ရင်တော့ အောကတ္တိပါစီးလေ့ရှိပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဗျာ။ ကျွန်တော်နဲ့ခင်ဗျားနဲ့ တွေ့ဆုံတဲ့ကိစ္စကို ခင်ဗျားကလွဲလို့ ခင်ဗျားမိသားစုကိုတောင် အသိမပေးပါနဲ့။ မေးလာမြန်းလာရင်လည်း တခြားအကြောင်း လွှဲပြောင်းပြောပါ"

"ဟုတ်ကဲ့ စိတ်ချပါ"

အတွင်းသိပြန်သွားပြီးနောက် စုံထောက်စံထူး၏ လက်ကိုင်ဖုန်းသို့ ဖုန်းဝင်လာသည်။ လက်ကိုင်ဖုံး၏ ဖန်သားပြင်တွင် ထင်ဟတ်နေသော ဖုန်းနံပါတ်မှာ ဦးတင်စိုးကို အနီးကပ်ဆုံး ဝှက်စောင့်ကြည့်နေသော စုံထောက်



www.burmeseclassic.com

www.burmeseclassic.com



အရာရှိတစ်ဦး၏ ဖုန်းနံပါတ်။ ဟန်းဆက်၏ဖုန်းကို ဖွင့်ပြီး စုံထောက်စံထူးက ..

"စောင့်ကြည့်ရေး .. ပြော၊ ဘာထူးလဲ"

"မနက်ဖြန် နေ့လယ်ကို ပစ်မှတ်အိမ်က ခရီးထွက်မယ်လို့ သတင်းရပါတယ်"

"တစ်ယောက်တည်းလား၊ နှစ်ယောက်လုံးလား"

"အဲဒါတော့ အတိအကျမသိရသေးဘူး ခင်ဗျ"

"နှစ်ယောက်လုံး ခရီးထွက်ရင် ပစ်မှတ်ကို ဆွဲစေ။ ပစ်မှတ်မပါဘူး ဇနီးတစ်ယောက်တည်းဆိုရင် ပစ်မှတ်ကို စောင့်ကြည့်ထား။ မနက်ဖြန် ၂၁း၀၀ မှာ ပစ်မှတ်ကိုပစ်မယ်"

## အခန်း(၁၀)

"ကျွန်တော် .. စီအိုင်ဒီက စုံထောက်စံထူးပါ။ မသန်းထွေးသေဆုံးမှုနဲ့ပတ်သက်ပြီး ဦးတင်စိုးကို စစ်မေးဖို့ ရှိပါတယ်။ ပြီးတော့ နေအိမ်ကိုလည်း ရှာဖွေကြည့်ရှုပါမယ်။ ပြီးရင် ဦးတင်စိုးလည်း ကျွန်တော်တို့နဲ့အတူ လိုက်ခဲ့ရပါမယ်"

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်၊ ည ၉ နာရီအချိန်တွင်ဖြစ်သည်။ အမှုစစ်အရာရှိ စုံထောက်စံထူးနှင့် အဖွဲ့သည် တောကျွဲအင်းရှိ ဦးတင်စိုး နေအိမ်သို့ ရောက်ရှိခဲ့သည်။ နေအိမ်တွင် ဦးတင်စိုးတစ်ဦးတည်းသာရှိ၍ ဇနီးဖြစ်သူ ဒေါ်မိမိလေးမှာ ရန်ကုန်မြို့သို့ထွက်သွားသည်။ နေအိမ်တွင်အသင့်တွေ့သော ဦးတင်စိုးကို စုံထောက်စံထူးက အထက်ပါစကားဖြင့် ဖွင့်ဆိုပြသည်။ စုံထောက်စံထူး၏ စကားအဆုံးတွင် အတူပါစုံထောက်အရာရှိတစ်ဦးက ဦးတင်စိုး၏ လက်နှစ်ဖက်အား လက်ထိတ်ခတ်၍ ထိန်းချုပ်ထားလိုက်သည်။

စုံထောက်စံထူးက ဦးတင်စိုး၏ နေအိမ်အတွင်းအား မျက်စိကစား၍ စူးစမ်းလေ့လာကြည့်သည်။ အိပ်ခန်းအဝင်ဝတွင် စွပ်ကျယ်စ ခြေသုတ်ခုံတစ်ခုကို တွေ့သည်။ ထိုခြေသုတ်ခုံ၏ အရောင်အသွေးမှာ သေဆုံးသူ၏ ဦးခေါင်းပြတ်ထည့်ထားသောအိတ်အတွင်းမှ တွေ့ရှိရသည့် ခြေသုတ်ခုံနှင့် တစ်ထပ်တည်းကျသည်။ စုံထောက်စံထူး၏ မျက်လုံးအစုံက ဧည့်ခန်းအဝင်ကြမ်းခင်းသို့ ကြည့်ရှုမိသည်။ ဧည့်ခန်းအဝင် ကြမ်းခင်းတွင် ခြေသုတ်ခုံက မရှိ။ အိမ်အတွင်းခန်းတွင် တစ်ပေကျော်ခန့် ဓားနှစ်ချောင်း၊ ဆန် ၃ တင်းဝင် ပီနန်အိတ်အလွတ်(၁)လုံး၊ စိမ်းပြာရောင်ခြင်ထောင်ဇာကြိုး(၃)ပိုင်းတို့ကို တွေ့သည်။ အိပ်ခန်းအတွင်းသို့ ဝင်ရောက်ကြည့်ရှုရာ ပန်းနုရောင်အနားကွပ်ဖြင့် အဖြူရောင်ခေါင်းအုံးစွပ်တစ်လုံးကို တွေ့သည်။ ထို့နောက် နေအိမ်အဝင်ဝတွင်ရှိနေသော ဦးတင်စိုးပိုင် ဆိုင်ကယ်ကို စစ်ဆေးကြည့်သည်။ ဆိုင်ကယ်မှာ အဖြူရောင်ဂျဲလမက် အမျိုးအစားဖြစ်သည်။ ထိုဆိုင်ကယ်၏ နောက်ကြည့်မှန်တစ်စုံကို ထင်သာမြင်သာသော အလင်းရောင်ဖြင့် အသေးစိတ်စစ်ဆေးကြည့်သည်။ မူရင်း ဂျဲလမက်ဆိုင်ကယ်၏ နောက်ကြည့်မှန်နှစ်ဖက်မဟုတ်ဘဲ လော်ဂျာဆိုင်ကယ်အမျိုးအစားမှ နောက်ကြည့်မှန်များဖြစ်နေသည်။

သက်သေခံပစ္စည်းဖွယ်ဖြစ်သော သက်သေခံပစ္စည်းနှင့် တူညီတိုက်ဆိုင်မှုရှိသောပစ္စည်းများကို စနစ်တကျ သိမ်းယူပါသည်။ ဒါကို မြင်တွေ့နေသူ ဦးတင်စိုးမှာ အာစေးမိနေသလို ဆောက်တည်ရာမရဖြစ်နေသည်ကို စုံထောက်စံထူးက အကဲခတ်မိသည်။ ခံစားနေရသော ဝေဒနာကို မအောင့်မထားနိုင်ဖြစ်နေသူ ဦးတင်စိုးက ..

"ဆရာ .. ကျွန်တော် မစင်တွေထွက်ကျတော့မယ်။ အိမ်သာကို ပို့ပေးပါလားဗျာ"

ဟု တောင်းဆိုပါသည်။ ကြောက်ချေးထွက်ကျတော့မည့် ဦးတင်စိုးကို လုံခြုံမှုအပြည့်ဖြင့် စည်းစနစ်ကျစွာ ရေအိမ်သို့ ပို့ပေးပါသည်။ လွယ်ထားရသော အန္တရာယ်ကို စွန့်ပစ်ပြီးနောက် ဦးတင်စိုးလည်း စုံထောက်စံထူးရှေ့မှောက်သို့ ရောက်ရှိလာခဲ့သည်။ စုံထောက်စံထူးက ဦးတင်စိုးအား စူးစိုက်၍ အကဲခတ်ကြည့်သော်လည်း ဦးတင်စိုးက မျက်နှာချင်းမဆိုင်ဝံ့ရှိနေသည်။ ဒါကိုကြည့်လျှင် ဦးတင်စိုးသည် တစ်စုံတစ်ရာသော အကြောင်းခြင်းရာဖြစ်ကြောင်း သိနိုင်ပေသည်။ အသိထက် အရှိဖြစ်ဖို့လိုပါသည်။ ငွေသည် အရာခပ်သိမ်းကို ပြီးမြောက်စေကြောင်း သိကြသည်။ သို့သော် ငွေမရှိလျှင် မအောင်မြင်နိုင်ပါ။ ထို့ကြောင့် ငွေရှိဖို့လိုအပ်ပါသည်။ ယခုအမှုတွင် ဦးတင်စိုးအပေါ် သိနေသည်ထက် အရှိဖြစ်ဖို့အတွက် ..

"ဦးတင်စိုး .. ခင်ဗျားကျွန်



www.burmeseclassic.com

www.burmeseclassic.com



**“ စစ်ကြောရေးကြိုးဝိုင်းမှာ စကားစစ်မထိုးခင်တော့ စစ်မေးသူက တစ်ဖက်သားကို ရသင့်ရထိုက်၊ ပေးသင့်ပေးထိုက်တာကိုတော့ တရားသဖြင့် ပြုပေးရမှာပေါ့။ အင်း . . . စစ်ကြောရေးကြိုးဝိုင်းထဲရောက်ပြီဆိုရင်တော့ တစ်ဖက်သူက အရှုံးပေးရင်ပေး၊ မပေးရင်တော့ စုံထောက်စံထူးက အလဲထိုးရတော့တာပဲ ”**

ရေးအတွက် နေ့စဉ်သောက်သုံးနေကျ ဆေးဝါးရှိရင် တစ်ခါတည်း ယူခဲ့ပါ။ ပြီးတော့ လိုအပ်တဲ့ အဝတ်အထည်လေးငါးစုံလောက်လည်း ထည့်ခဲ့ပါ”

ဟု ပြောဆိုပါသည်။ အချိန်ပြည့် စစ်ဆေးမေးမြန်းခံရမည့်သူ။ ဒါမှမဟုတ် အချုပ်အနှောင်ဖြင့် စစ်မေးခံရမည့်သူအတွက် ကျန်းမာရေးကိုလည်း စုံထောက်စံထူးက အလေးထားပါသည်။ ထို့ပြင် နေအိမ်ကိုလည်း လုံခြုံစွာထားရှိရန်နှင့် စိတ်ချရသောလူယုံကို မှာကြားအပ်နှံရန် ပြောဆိုပါသည်။ အမှုစစ်နှင့် သက်ာမကောင်းသူတို့၏ လုပ်ငန်းကိစ္စအဝဝတို့ ပြီးဆုံးပြီးနောက် တောကျွဲအင်းမှ အင်းစိန်(စီအိုင်ဒီ)သို့ ထွက်လာခဲ့ကြသည်။

နောက်တစ်နေ့နံနက်အာရုဏ်တက်ချိန်တွင် အင်းစိန်(စီအိုင်ဒီ)ရုံးသို့ ရောက်ရှိကြသည်။ အသင့်စီစဉ်ထားသော လုံခြုံရေးအဖွဲ့ထံသို့ သက်ာမကောင်းသူ ဦးတင်စိုးအား အပ်နှံပါသည်။ ထို့နောက် စုံထောက်စံထူးက ..

“ခင်ဗျားလည်း စိတ်ပန်းလူပန်းဖြစ်နေတော့ ဒီစစ်ကြောရေးခန်းမှာပဲ ခဏနားနေလိုက်ပါဦး။ မနက်လင်းမှပဲ လုပ်စရာရှိတာ ဆက်လုပ်ကြတာပေါ့”

ဟု သက်ာမကောင်းသူ ဦးတင်စိုးအား ကိုယ်ချင်းစာနာစိတ်ဖြင့် နားနေခွင့်ပြုခဲ့ပါသည်။ စစ်မေးသူတစ်ယောက်အနေဖြင့် အစစ်ခံမည့်သက်ာမကောင်းသူကို နားနေခွင့်ပေးခြင်းအပေါ် စာရေးသူက ..

“တို့စီအိုင်ဒီက အိုင်အိုတွေဟာ စစ်မေးခံရမယ့်သူတွေအပေါ်မှာ ကိုယ်ချင်းစာနာစိတ်ရှိတာကတော့ အတုယူစရာပါပဲ”

ဟု ညွှန်းဆိုစကားကို စုံထောက်စံထူးက ..

“ဟုတ်ပါတယ် အစ်ကို၊ စစ်မေးသူနဲ့ အစစ်ခံမယ့်သူဟာ စစ်ကြောရေးကြိုးဝိုင်းမှာ စကားစစ်မထိုးခင်တော့ စစ်မေးသူက တစ်ဖက်သားကို ရသင့်ရထိုက်၊ ပေးသင့်ပေးထိုက်တာကိုတော့ တရားသဖြင့် ပြုပေးရမှာပေါ့။ အင်း ..စစ်ကြောရေးကြိုးဝိုင်းထဲရောက်ပြီဆိုရင်တော့ တစ်ဖက်သူက အရှုံးပေးရင်ပေး၊ မပေးရင်တော့ စုံထောက်စံထူးက အလဲထိုးရတော့တာပဲ”

“မှန်တာပေါ့ဗျာ။ စစ်မေးသူနဲ့ အစစ်ခံတဲ့သူဆိုတာဟာ စစ်ကြောရေးကြိုးဝိုင်းထဲမှာ Game of wit လို့ဆိုတဲ့ ဉာဏ်ရည်ပြိုင်ပွဲလုပ်ကြတာပဲ”

ထိုသို့ ဉာဏ်ရည်ပြိုင် စကားစစ်ထိုးပွဲတွင် စစ်မေးသည့် စုံထောက်အရာရှိသည် Stamina (သက်လုံ)ကြံ့ခိုင်ဖို့ အထူးလိုအပ်ပါသည်။ ဤသို့မှမဟုတ်လျှင် တစ်ဖက်စစ်မေးခံသူ၏ အလဲထိုးခြင်းကို ခံရတတ်သည်။ ထို့ကြောင့် စီအိုင်ဒီမှ အမှုစစ်အရာရှိစုံထောက်များသည် သက်လုံ(Stamina) ကောင်းမွန်ကြောင်း စာရေးသူမှ ကြေညာမောင်းခတ်ပြသည်။ စာရေးသူ၏ ကြော်ငြာဝင်မှုကို နှစ်သက်ရယ်ရွှင်စွာဖြင့် စုံထောက်စံထူးက ..

“ကြော်ငြာဝင်တုန်း . မနက်စာတစ်ခုခုစားကြရအောင်ပါ။ ဘာစီစဉ်ပေးရမလဲ။ ဘာစားချင်လဲ”

အခန်း(၁၁)

“အဆင်ပြေတာ တစ်ခုခုဆို ရပါပြီ”

မနက် ၈ နာရီခန့်တွင် .. စုံထောက်စံထူးသည် ဦးတင်စိုးရှိရာ စစ်ကြောရေးခန်းသို့ ရောက်လာခဲ့သည်။ စစ်ကြောရေးကြိုးဝိုင်းအတွင်း စကားစစ်မထိုးမီ အမှုစစ်အရာရှိ စုံထောက်စံထူးက သက်ာမကောင်းသူ ဦးတင်စိုးအား မနက်စာ (Breakfast) အတွက် စားသုံးလိုသော အစားအစာကိုမေးသည်။ ဒါကလည်း အမှုစစ်



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်အရာရှိတစ်ဦး၏ လူသားချင်း ကိုယ်ချင်းစာနာမှုတစ်ရပ် ဖြစ်သည်။ ဒီတော့ ဦးတင်စိုးက စုံထောက်စံထူးအား အထက်ပါစကားဖြင့် အဖြေပေးသည်။

''ဟုတ်သေးဘူးလေဗျာ၊ ပေးရကျွေးရမယ့်အတူတူ ခင်ဗျားနှစ်သက်တာကိုကျွေးရတော့ ကျွန်တော်ရော ခင်ဗျားပါ အဆင်ပြေတာပေါ့''

''ဒါဆိုရင်လည်း ကျွန်တော့်အတွက် လက်ဘက်ရည်နဲ့ အီကြာကွေး ဆိုရင် ရပါပြီ''

''ကောင်းပြီလေ။ ကျွန်တော်မှာထားပေးမယ်။ အခုလောလောဆယ်တော့ ခင်ဗျား လုံခြုံရေးအဖွဲ့နဲ့ ကိုယ်လက်သန့်စင်ပြီး ရေမိုးသွားချိုးလိုက်ပါဦး''

လုံခြုံရေးတပ်ဖွဲ့များက ဦးတင်စိုးအား ရေမိုးချိုးရန် သန့်စင်ခန်းသို့ ခေါ်ဆောင်သွား၏။ စုံထောက်စံထူးကလည်း ရုံးအကူ တပည့်တစ်ဦးကို ဦးတင်စိုးအတွက် နံနက်စာ စီစဉ်ခိုင်းရ၏။ ခဏအကြာ ကိုယ်လက်သန့်စင်ပြီးသော ဦးတင်စိုးလည်း စစ်ကြောရေးအခန်းသို့ သန့်ရှင်းသပ်ယပ်စွာပြန်ရောက်လာသည်။ ထို့နောက် ဦးတင်စိုးအတွက် လက်ဘက်ရည်၊ အီကြာကွေးနှင့် ရေနွေးကြမ်းတစ်အိုးလည်း ရောက်ရှိလာသည်။ စစ်ကြောရေးအခန်းအတွင်း စားပွဲပေါ်ရှိ အစားအသောက်များနှင့် ဦးတင်စိုးကိုကြည့်၍ စုံထောက်စံထူးက ..

''သုံးဆောင်လိုက်ပါဦးဗျာ။ စားရင်းသောက်ရင်း ခင်ဗျားနဲ့ကျွန်တော် စကားစမြည်လေး ပြောကြတာပေါ့''

''ဆရာကော မစားတော့ဘူးလား''

''ကျွန်တော် စားသောက်ခဲ့ပြီးပါပြီ''

ဦးတင်စိုးသည် အီကြာကွေးကို လက်ဘက်ရည်တွင် တို့စိမ်၍ စားသောက်နေ၏။ ဦးတင်စိုးကို စူးစိုက်ကြည့်ရင်း စုံထောက်စံထူးက ..

''ခင်ဗျားဇနီး ဒေါ်မိမိလေးက သုဝဏ္ဏကို ဘာလာလုပ်တာလဲ''

''ဗျာ''

ဇနီးဖြစ်သူမှာ သုဝဏ္ဏသို့ သွားရောက်သည်ကိုပင် စုံထောက်စံထူးမှ သိရှိနေခြင်းအတွက် ဦးတင်စိုးမှ အံ့သြနေခြင်းဖြစ်သည်။ ဒါကလည်း အဆန်းမဟုတ်ပါ။ ထိုနေ့က မီးရထားပေါ်တွင် ဒေါ်မိမိလေးနှင့် မလှမ်းမကမ်း၌ စုံထောက်တစ်ဦးက မသိမသာလိုက်ပါသွားခဲ့ပါသည်။ ထိုနေ့ ညနေပိုင်းတွင် ဦးတင်စိုး၏ဇနီး ဒေါ်မိမိလေးသည် တိုးကြောင်ကလေးဘူတာ၌ ဆင်းသက်ခဲ့သည်။ ထိုဘူတာမှတဆင့် ဒေါ်မိမိလေးသည် သုဝဏ္ဏ(၂၉)ရပ်ကွက်ရှိ စုပေါင်းအိမ်ရာတိုက်ခန်းတစ်ခုသို့ သွားရောက်ခဲ့သည်။ ဒါကို အပ်ကျမတ်ကျသိရှိထားသည့်အတွက် ဦးတင်စိုးလည်း မအံ့သြဘဲ မနေနိုင်။ ဒါကြောင့် ဦးတင်စိုးက ..

''ကွယ်လွန်သွားတဲ့ သူ့အဖေရဲ့ နှစ်ပတ်လည် ဆွမ်းကျွေးလုပ်ဖို့ ညီအစ်ကိုမောင်နှမတွေရှိတဲ့ သုဝဏ္ဏကို သွားခဲ့တာပါ''

ဟု ဆိုပါသည်။

ထို့နောက် မနက်စာစားသောက်ပြီးသော ဦးတင်စိုးအား အချုပ်ရမန်ရယူရန် လုံခြုံရေးအဖွဲ့နှင့်အတူ အင်းစိန်မြို့နယ်တရားရုံးသို့ ပို့အပ်ရသည်။ အချုပ်ရမန်သွားယူနေစဉ်အတွင်း စုံထောက်စံထူးက ယမန်နေ့ညမှစ၍ ယနေ့မနက် ရမန်ယူသည်အထိ အမှုအခြေအနေ ပြည့်ပြည့်စုံစုံကို မှုခင်း ရဲတပ်ဖွဲ့မှူးထံ ဆက်သွယ်သတင်းပို့သည်။ ဒါကလည်း အောက်ခြေ၏ လုပ်ဆောင်မှုကို အထက်ဌာန အကြီးအကဲအနေဖြင့် သိရှိထားပြီး လိုအပ်ပါက လမ်းညွှန်မှုကို ခံယူနိုင်ရန် ဖြစ်ပါသည်။ အမှုစစ်အရာရှိ စုံထောက်စံထူး၏ အရည်အချင်းကို သိထားပြီးဖြစ်သော တပ်ဖွဲ့မှူးက ..

''စစ်ကြောတဲ့ အရုပ်နဲ့အသံဖိုင်ပါ ပို့ပေးပါလား''

''ဟုတ်ကဲ့ပါ တပ်ဖွဲ့မှူး။ ကျွန်တော် အချိန်မီပို့ပေးပါ့မယ်''

စစ်ကြောမှုအတွက် အရုပ်နှင့် အသံရရှိဖို့ စီစဉ်ရပါသည်။ အမှုစစ်ဆေးရန်အသင့်ဖြစ်ပြီးနောက် ခဏအကြာတွင် တရားရုံးမှ အချုပ်ရမန်ယူခဲ့ပြီးသော သင်္ကာမကင်းသူ ဦးတင်စိုးနှင့် လုံခြုံရေးအဖွဲ့လည်း စုံထောက်စံထူးရှိရာ စစ်ကြောရေးခန်းသို့ ရောက်ရှိလာပြီဖြစ်သည်။

''ထိုင်ဗျာ ဦးတင်စိုး''

စုံထောက်စံထူးက သူ၏ စစ်ကြောရေးစားပွဲရှေ့ရှိ ထိုင်ခုံတွင် ထိုင်ခိုင်းသည်။ ထို့နောက် စုံထောက်စံထူးက လုံခြုံရေးတာဝန်ကျအရာရှိအား မှုခင်းသိပ္ပံဌာနမှ ခြေပုံစံကျွမ်းကျင်သူနှင့် ရူပဓာတုဌာနမှ ကျွမ်းကျင်သူတို့အား စစ်ကြောရေးအခန်းသို့ ခေါ်ဆိုပေးရန် မှာကြားပါသည်။ ခဏ



www.burmeseclassic.com

www.burmeseclassic.com



အကြားတွင် ခြေပုံစံကျွမ်းကျင်သူအရာရှိနှင့် ရူပ/ဓာတုပညာရှင်တို့မှာ စစ်ကြောရေးခန်းသို့ ရောက်ရှိလာကြသည်။ ထိုစဉ် စုံထောက်စံထူးက ..

"ဖြူးရဲစခန်းက လူသတ်မှုနဲ့ သင်္ကာမကင်းလို့ ဖမ်းဆီးခဲ့တဲ့ ဟောဒီ ဦးတင်စိုးရဲ့ ဘယ်ဘက်ခြေဖဝါးခြေပုံစံကို ယူပေးပါ။ ပြီးရင် အခင်းဖြစ်အရပ်မှာ ကျန်ရစ်ခဲ့တဲ့ ဟောဒီသက်သေခံ ကတ္တီပါဖိနပ် ဘယ်ဘက်ပေါ်က ခြေပုံစံရာနဲ့ တူ၊ မတူ တိုက်ဆိုင်စစ်ဆေးပေးပါ"

ဟု ဆိုပါသည်။ ထို့နောက် ရူပ/ဓာတုကျွမ်းကျင်သူ အရာရှိကိုလည်း အခင်းဖြစ်အရပ်မှ ကောက်ယူရရှိခဲ့သော သက်သေခံစိမ်းပြာရောင်နိုင်လွန်ဇာကွက်ကြိုးနှင့် ဦးတင်စိုးနေအိမ်မှ သိမ်းယူရရှိခဲ့သော စိမ်းပြာရောင် နိုင်လွန်ဇာကွက်ကြိုးတို့ကို ရူပ/ဓာတုနည်းဖြင့် တိုက်ဆိုင်စစ်ဆေးပေးရန် အပ်ပေးပါသည်။ သဲလွန်စနှင့် သက်သေခံပစ္စည်းများကို လက်ခံရယူပြီးနောက် ရူပ/ဓာတုပညာရှင်လည်း မှုခင်းသိပ္ပံဌာနသို့ ထွက်ခွာသွားခဲ့ပါသည်။

ခြေပုံစံပညာရှင်သည် ဦးတင်စိုး၏ ဘယ်ဘက်ခြေဖဝါးကို ကိုင်တွယ်၍ မှင်သုတ်လိမ်းထားသော ရိုလာဖြင့် လိမ့်နှိပ်၏။ ထိုစဉ် ဦးတင်စိုး၏ ခြေဖဝါးမှာတဆတ်ဆတ်တုန်နေသည်။ ဒါကို စုံထောက်စံထူးနှင့် ခြေပုံစံပညာရှင်တို့က ရိပ်စားမိ၏။ ကိုယ့်အလှည့်ကျမလာသေးသဖြင့် စုံထောက်စံထူးက နှုတ်ပိတ်နေ၏။ ထို့နောက် ခြေပုံစံပညာရှင်က ဦးတင်စိုး၏ ဘယ်ဘက်ခြေဖဝါးကို မာကျောပြန့်ပြူးသော အခင်းပေါ်တွင်တင်ထားသည့် စက္ကူဖြူပေါ်၌ ဖိနှိပ်ကာ ခြေပုံစံကိုရယူပါသည်။ စိတ်ကျေနပ်သော ခြေပုံစံကို ရယူပြီးနောက် သက်သေခံကတ္တီပါဖိနပ်ကိုပါ ယူဆောင်၍ ပညာရှင်လည်း သိပ္ပံဌာနသို့ ထွက်သွားခဲ့ပါသည်။

စစ်ကြောရေးခန်းတွင် အမှုစစ်အရာရှိ စုံထောက်စံထူးနှင့် ဦးတင်စိုးတို့နှစ်ဦးသာရှိသည်။ ထိုစဉ် စုံထောက်စံထူးက ..

"ဦးတင်စိုးရဲ့ဇနီး ဒေါ်မိမိလေးက အခု သုဝဏ္ဏအိမ်မှာပဲလား။ ဘယ်နေ့လောက် တောကျွဲအင်းကို ပြန်လာမှာလဲ"

ဒီမေးခွန်းက အကြောင်းရှိပါသည်။ ငါ့မယုံ ငါ့မယားမေးဆိုတာလို တစ်ခါတစ်ရံ လင်ကိုမယုံ၍ မယားကိုမေးလျှင် အမှန်ကိုရတတ်ပါသည်။ ဒါကိုမသိရှာသူ ဦးတင်စိုးက ..

"မပြန်သေးပါဘူးဗျ။ သူ့အဖေရဲ့နှစ်လည်က ၁၅ ရက်နေ့မှ လုပ်မှာဆိုတော့ ၁၉/၂၀ရက်လောက်တော့ တောကျွဲအင်းကို ပြန်ဖြစ်မှာပါ"

ထို့နောက် စုံထောက်စံထူးက စားပွဲပေါ်ရှိ ကွန်ပျူတာလက်တော့(ပ်)ကိုဖွင့်သည်။ အခင်းဖြစ်အရပ်မှ သိမ်းဆည်းရမိခဲ့သော သက်သေခံပစ္စည်းများကို တစ်ခုချင်းစီဖွင့်ပြ၍ ဦးတင်စိုးအား ကြည့်ရှုစေသည်။ သိမ်းယူရရှိခဲ့သော သက်သေခံပစ္စည်းများအား ပြသကြည့်ရှုပြီးသောအခါ စုံထောက်စံထူးက ..

"အဲဒီသက်သေခံပစ္စည်းတွေထဲက သေဆုံးသူ မသန်းထွေးရဲ့ ထဘီနဲ့ အင်္ကျီကလွဲရင် ကျန်တဲ့ပစ္စည်းတွေဟာ ဦးတင်စိုးရဲ့အိမ်က ဦးတင်စိုးနဲ့ သ ဆိုင်တဲ့ ပစ္စည်းတွေပါလို့ ကျွန်တော်က အတတ်ပြောရင် ခင်ဗျား ဘာပြော ချင်သလဲ"

## အခန်း(၁၂)

"တခြားပစ္စည်းတွေကတော့ သတိမထားမိလို့ မသိပါဘူး။ အားသွင်း လက်နှိပ်ဓာတ်မီး၊ ခြေသုတ်ခုံနဲ့ ခေါင်း ဦးစွပ်တွေက အိမ်ကပစ္စည်းတွေပါ။ ပျောက်နေတာ တစ်နှစ်လောက်ရှိပါပြီ"

သေဆုံးသူ မသန်းထွေး၏ အလောင်းနှင့် အနီးပတ်ဝန်းကျင်တို့မှ ကောက်ယူရရှိခဲ့သော သက်သေခံ ပစ္စည်းများနှင့်ပတ်သက်၍ ဦးတင်စိုးမှ လုံးဝငြင်းကွယ်ပါသည်။ ဒီတော့ ဦးတင်စိုးအား ဖမ်းဆီးခေါ်ဆောင်လာသည်ကို မသိသေးသော ရန်ကုန်မြို့ သုဝဏ္ဏတွင်ရောက်ရှိနေသူ ဒေါ်မိမိလေးအား စီအိုင်ဒီရုံးသို့ ခေါ်ယူခဲ့သည်။ မသန်းထွေးအသတ်ခံရမှုနှင့် သက်သေခံပစ္စည်းများ တွေ့ရှိမှုကို ရှင်းပြပြီး ကွန် ပျူတာလက်တော့ပ်အတွင်းရှိ သက်သေခံ ပစ္စည်းဓာတ်ပုံများကို ဖွင့်ပြသည်။ သက်သေခံပစ္စည်းဓာတ်ပုံများကိုကြည့်ကာ ဦးတင်စိုး၏ဇနီး ဒေါ်မိမိလေးက အထက်ပါစကားဖြင့် အဖြေပေးပါသည်။ လင်ဖြစ်သူက ငြင်းကွယ်ခဲ့သော်လည်း မယားဖြစ်သူ အိမ်ရှင်မက အိမ်တွင်းပစ္စည်းများကို ကောင်းကောင်းအမှတ်ရသည်။ ဤသည်မှာ မိန်းမသားဖြစ်သူ အိမ်ရှင်မတို့၏ ဝတ္တရားပင်ဖြစ်သည်။

"မသန်းထွေးသေဆုံးတဲ့နေရာမှာ ကျွန်မအိမ်ကပစ္စည်းတွေက ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုလုပ်ရောက်နေရတာလဲ''

ဒေါ်မိမိလေး၏ အမေးကို စုံထောက်စံထူးက ..

''ဦးတင်စိုးနဲ့တွေ့တဲ့အခါ အစ်မကြီးမေးကြည့်ပါ။ ခုလောလောဆယ်တော့ ကျွန်တော်သိချင်တာလေးတွေကို အစ်မကြီးဖြေပေးပါ''

''ဟုတ်ကဲ့ မေးပါ။ ကျွန်မသိသရွေ့ ပြောပါမယ်''

''ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်က အစ်မကြီးရဲ့အဖေ နှစ်ပတ်လည် ဆွမ်းကျွေးကို သွားဖြစ်ခဲ့လား။ သွားဖြစ်တယ်ဆိုရင် ဘယ်ရက်မှာ သွားတယ်။ ဘယ်ရက်မှာ ပြန်ရောက်တယ်။ အိမ်ပြန်ရောက်တော့ မသန်းထွေးရှိနေတယ်။ မရှိဘူး စတဲ့ အစ်မကြီးကြားသိသရွေ့ပေါ့''

ဒေါ်မိမိလေးသည် ၁၀-၂-၂၀၁၃ ရက်နေ့တွင် ဖခင်ဖြစ်သူ၏ နှစ်ပတ်လည်ဆွမ်းကျွေးအတွက် ရန်ကုန်၊ သုဝဏ္ဏသို့ ထွက်လာခဲ့သည်။ ၁၅-၂-၂၀၁၃ ရက်နေ့တွင် ဖခင်၏ နှစ်ပတ်လည်ဆွမ်းကျွေးပြုလုပ်ပြီး ၂၀-၂-၂၀၁၃ ရက်နေ့တွင် တောကျွဲအင်းသို့ ပြန်ရောက်ပါသည်။ နေအိမ်တွင် မသန်းထွေးအဝင်အထွက် မတွေ့၍ ဦးတင်စိုးအား မေးမြန်းကြည့်သည်။ ဒီတော့ ခင်ပွန်းဖြစ်သူ ဦးတင်စိုးမှ တစ်ကြိမ်တွင် ခရီးထွက်သွားကြောင်း ပြောဆိုပြီး၊ နောက်တစ်ကြိမ်တွင် လင်နောက်လိုက်သွားသည်ဟု ပြောဆို ကြားသိပုံကို ဒေါ်မိမိလေးမှ ပြောဆိုပြပါသည်။

မသန်းထွေးကိုသတ်သူမှာ ဦးတင်စိုးမှတစ်ပါး အခြားမရှိပြီ။ သို့သော် ရုပ်အလောင်းကိုစွန့်ပစ်ရာတွင် ဦးတင်စိုးတစ်ဦးတည်းမဖြစ်နိုင်။ စိတ်ချယုံကြည်ရသူ အမျိုးသားလူယုံတစ်ဦးတစ်ယောက်တော့ ပါရှိနိုင်သည်။ ထိုသူကို ရမိလျှင် ငြင်းကွယ်နေသော ဦးတင်စိုး အချိုး ပြောင်းသွားနိုင်ဖွယ်ရှိကြောင်း စုံထောက်စံထူးမှ တွေးဆမိသည်။ ဒါကြောင့် စုံထောက်စံထူးက ..

''ဦးတင်စိုးနဲ့ ညီရင်းအစ်ကိုလို၊ ဆရာတပည့်လို၊ ဆွေမျိုးသားချင်းလို တရင်းတနှီး တွဲသွားတွဲလာနေဖူးတဲ့ သူရှိလား''

''ကျွန်မယောက်ျား ဦးတင်စိုးနဲ့ တိုင်တိုင်ပင်ပင်တွဲသွားတွဲလာရှိပြီး နေအိမ်ကိုလည်း အမြဲဝင်ထွက်သွားလာတတ်တဲ့သူတစ်ယောက်တော့ ရှိပါတယ်''

''သူက ဘယ်သူလဲ''

+++

''ကျွန်တော်က ဝင်းလှိုင်ပါ။ ဦးတင်စိုးနဲ့ ဆရာတပည့်လို ခင်မင်ပြီး ဆရာဦးတင်စိုးရဲ့ နေအိမ်ကိုလည်း အမြဲတမ်းလိုလို ဝင်ထွက်သွားလာ နေထိုင်ပါတယ်''

ဝင်းလှိုင်(ခ)ကိုလှိုင်သည်အသက် (၄၃)နှစ်ရှိသူဖြစ်ပြီး တောကျွဲအင်းမြို့ရှိ ရှမ်းကျောင်းကြီးဘုန်းကြီးကျောင်းတွင် ဦးတင်စိုးနှင့်အတူ ရဟန်းဝတ်ရာမှ စတင်သိကျွမ်းခဲ့ပြီး ခင်မင်ရင်းနှီးခဲ့ကြသည်။ ထို့နောက် ဝင်းလှိုင်သည် ဦးတင်စိုး၏နေအိမ်သို့ သွားရောက်လည်ပတ်ခြင်း၊ မိသားစုကဲ့သို့ အတူနေထိုင်ခြင်းများလည်း ရှိခဲ့သည်။

အခင်းဖြစ်ပွားခဲ့သောနေ့ရက်နှင့် နီးစပ်သော ရက်စွဲများတွင် ဦးတင်စိုးနှင့် သေဆုံးသူမသန်းထွေးတို့၏ လှုပ်ရှားသွားလာမှုကို မေးကြည့်သည်။ ကိုယ်တိုင်တွေ့မြင်ခဲ့သူ ကိုဝင်းလှိုင်က ၁၀-၂-၂၀၁၃ ရက်နေ့တွင် မသန်းထွေးကို ဦးတင်စိုးနေအိမ်၌ ရှိနေသည်ကို တွေ့မြင်ကြောင်း။ ၁၂-၂-၂၀၁၃ ရက်နေ့ ညနေပိုင်းတွင် ဝင်းလှိုင်သည် ဦးတင်စိုး၏ နေအိမ်ရှေ့တွင် ဦးတင်စိုးနှင့်စကားပြောနေစဉ် မသန်းထွေးသည် ဦးတင်စိုး၏ နေအိမ်နောက်ဖေးခန်းမှ ထွက်လာသည်ကို မြင်တွေ့ခဲ့ရကြောင်း ထွက်ဆိုပြသည်။ နောက်တစ်နေ့ ၁၃-၂-၂၀၁၃ ရက်နေ့ နေ့ခင်းပိုင်းတွင် ဝင်းလှိုင်သည် ဦးတင်စိုး၏နေအိမ်မှ ဦးတင်စိုးနှင့်အတူ နေ့လယ်စာထမင်းစား သောက်နေသည်။ ထိုစဉ် ဦးတင်စိုးက ..

''ည ၈ နာရီ ၉ နာရီလောက် မင်းအိမ်ကစောင့်နေကွာ။ ငါလာခေါ်မယ်''

ဟု ချိန်းဆိုပြောကြားခဲ့ကြောင်း ဝင်းလှိုင်မှ ပြောပြသည်။ ထိုစဉ် အမှုစစ်အရာရှိ စုံထောက်စံထူးက ..

''အဲဒီလိုပြောတဲ့အချိန်မှာ မသန်းထွေးကော ဦးတင်စိုးအိမ်မှာရှိသလား''

''ကျွန်တော်တို့နှစ်ယောက် ထမင်းစားပြီး အိမ်ပြန်သွားတဲ့အချိန်ထိ ဦးတင်စိုးအိမ်မှာ မသန်းထွေးကို မတွေ့မမြင်မိဘူး''

ထိုနေ့ညတွင် ဝင်းလှိုင်သည် သူ၏နေအိမ်၌ ဦးတင်စိုးအလာကို စောင့်နေသည်။ ည ၈ နာရီခန့်တွင် ဦးတင်စိုးသည် သူ၏ ဆိုင်ကယ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းလှိုင်အိမ်သို့ ရောက်လာသည်။ နေအိမ်သို့ရောက်ရှိလာသော ဦးတင်စိုးမှာ ခြေညှပ်ဖိနပ်လုံးဝမပါဘဲ ဆိုင်ကယ်၏ ဘယ်ဘက်နောက်ကြည့်မှန် တစ်ချပ်မှာလည်း မရှိသည်ကို တွေ့မြင်ရသည်။ ထို့ကြောင့် ဝင်းလှိုင်က မေးမြန်းကြည့်ရာ ဦးတင်စိုးက ဆိုင်ကယ်မှောက်လဲခဲ့ကြောင်း ပြောပြ၍ သိရသည်။ ထို့နောက် ဦးတင်စိုးက သူ၏နေအိမ်တွင် အတူညအိပ်ရန် ခေါ်သဖြင့် ဦးတင်စိုးနေအိမ်သို့လိုက်သွားပြီး အတူညအိပ်ခဲ့ကြောင်း ဝင်းလှိုင် (ခ)ကိုလှိုင်မှ ထွက်ဆိုပြသည်။

"အရင်တုန်းကကော ဦးတင်စိုးအိမ်မှာ အဲဒီလို ညအိပ်ညနေအတူသွားအိပ်ဖူးသလား"

"မအိပ်ဖူးပါဘူး ခင်ဗျ။ ဒီတစ်ခါပဲ အိပ်ဖူးတာပါ"

"အဲဒီညက မသန်းထွေးကော ဦးတင်စိုးအိမ်မှာ လာမအိပ်ဘူးလား"

"မတွေ့ပါဘူး ခင်ဗျ။ ကျွန်တော်နဲ့ဦးတင်စိုး နှစ်ယောက်တည်းပါ"

"ဘယ်တွေ့တော့မှာလဲ။ အဲဒီအချိန်မှာ မသန်းထွေးဟာ ဦးတင်စိုးရဲ့ လက်ချက်နဲ့ ခေါင်းတခြား ကိုယ်တခြားဖြစ်ပြီး ကားလမ်းဘေးမှာရောက်နေပြီလေ"

## အခန်း(၁၃)

"ဟုတ်ပါတယ်"

သေဆုံးသူ၏ရုပ်အလောင်းနှင့် အတူတည်ရှိနေသော အသုံးအဆောင်ပစ္စည်းများကို အိမ်ရှင်မဖြစ်သူက အတည်ပြုပေးသည်။ သေဆုံးသူပျောက်ကွယ်နေပြီးနောက် ဦးတင်စိုး၏ အခြေအနေကို မျက်မြင်ကိုယ်တွေ့ဖြစ်သူ သားတပည့်က ထွက်ဆိုပြသည်။ ထိုသူနှစ်ဦး၏ အရုပ်နှင့်အသံလှိုင်းများက CCTV ကင်မရာမှတဆင့် ဦးတင်စိုး၏ စစ်ကြောရေးအခန်းတွင်းရှိ တီဗွီဖန်သားပြင်ပေါ်တွင် အထင်းသားမြင်တွေ့ကြားသိနေရသည်။ ဇနီးသည် ဒေါ်မိမိလေးနှင့် တပည့်ဝင်းလှိုင်(ခ)ကိုလှိုင်တို့၏ ရုပ်သံကိုဖြတ်တောက်ပြီးနောက် မသန်းထွေးသေဆုံးမှုမှာ ဦးတင်စိုး၏ လက်ချက်ဖြစ်ကြောင်း စုံထောက်စံထူးက တိတိပပပင် ပြောဆိုလိုက်သည်။ မည်သို့မျှ ရုန်းထွက်မရတော့သော အခြေတွင် ဦးတင်စိုးက ဟုတ်မှန်ကြောင်း အထက်ပါစကားဖြင့် ဝန်ခံခဲ့ပါသည်။ ထို့နောက် စုံထောက်စံထူးက ..

"ဦးတင်စိုးအနေနဲ့ မသန်းထွေးအပေါ်မှာ ဘယ်လိုမျိုး နာကျည်းချက်တွေကြောင့် အဲဒီလောက် ရက်ရက်စက်စက်လုပ်လိုက်တာလဲ"

ဟု အမေးကို ပြစ်မှုကျူးလွန်သူ ဦးတင်စိုးက အောက်ပါအတိုင်း ရင်ဖွင့်ပြခဲ့ပါသည်။

မသန်းထွေးသည် ဦးတင်စိုးနှင့် ဇနီးသည်ဒေါ်မိမိလေးတို့နေအိမ်တွင် ညအိပ်ညနေ စားသောက်နေထိုင်လေ့ရှိသည်။ ထိုသို့နေထိုင်စဉ် ဇနီးသည် ဒေါ်မိမိလေးမရှိသည့်အချိန်များတွင် ဦးတင်စိုးနှင့်မသန်းထွေးတို့မှာ လူမှုရေးငြိစွန်းမှုများ ရှိခဲ့ကြသည်။ ဇနီးသည်မရှိသည့် ၁၂-၂-၂၀၁၃ ရက်နေ့ ည ၈ နာရီခွဲခန့်တွင် မသန်းထွေးသည် ဦးတင်စိုးနေအိမ်သို့ ရောက်ရှိလာသည်။ မသန်းထွေးဝယ်လာခဲ့သော ခေါက်ဆွဲကြော်ဖြင့် ဦးတင်စိုးနှင့် မသန်းထွေးတို့ ညစာအတူစားခဲ့ကြသည်။ ထိုနေ့ညတွင် ဦးတင်စိုးနှင့် မသန်းထွေးတို့ တစ်အိပ်ရာတည်း နှစ်ယောက်အတူ ညအိပ်ခဲ့ကြပါသည်။ တစ်ညတာ ကြည်နူးမှုအဆုံးတွင် နောက်တစ်နေ့ ၁၃-၂-၂၀၁၃ မိုးလင်းသို့ရောက်ရှိခဲ့ရာ နှစ်ယောက်စလုံး အိပ်ရာမှ နိုးထခဲ့ကြသည်။

ထိုနေ့မနက်တွင် ဦးတင်စိုးနှင့် မသန်းထွေးတို့သည် နေအိမ်ဧည့်ခန်းရှိ စားပွဲတွင် စကားစမြည်ပြောဆိုနေကြသည်။ ထိုစဉ် မသန်းထွေးက ..

"ဦးစိုးကြီး .. ကျွန်မကို ငွေသုံးသိန်းပေးပါလား"

"ဘာလုပ်ဖို့တုန်း"

"နှစ်လုံးထိုးရှုံးထားလို့ ထပ်လောင်းချင်လို့ပါ"

"အဲဒါဆိုလည်း မင်းရဲ့ လက်ဝတ်လက်စားတွေရှိတာပဲ။ ပေါင်နှံပြီးတော့ ကစားပေါ့"

"ကျွန်မလက်ဝတ်ပစ္စည်းကတော့အထိအပါးမခံနိုင်ပါဘူး။ ဦးစိုးကြီးဆီကပဲ လိုချင်တာ"

ဦးတင်စိုးကလည်း စီးပွားရေးသမား။ မသန်းထွေးကလည်း လောင်းကစားမက်မောသူ။ နှစ်ဦးစလုံး၏ လူမှုရေးဖောက်ပြန်မှုအပေါ် မသန်းထွေးက ချူစားသည်ဟု ဦးတင်စိုးမှ ထင်မြင်ခဲ့သည်။ လောဘတက်သူနှင့် ဒေါသဖက်သူနှစ်ဦး၏ စကားသံများက မောဟဖုံးလွှမ်းနေ၍ ရင့်သီးစွာပြောဆိုခဲ့ကြပါသည်။ ထိုစဉ် ဒေါသမီးတောက်လောင်နေသူ ဦးတင်စိုးက စားပွဲအောက်တွင်အသင့်ရှိနေသော ဓားချွန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မသန်းထွေး၏လည်ပင်းအား လှမ်းခုတ်လိုက်သည်။ မသန်းထွေး၏လည်ပင်းရှိ ပြတ်ရှဒဏ်ရာက သွေးများပန်းထွက်လာပြီး ထိုင်ခုံပေါ်မှကြမ်းခင်းဖယောင်းပုဆိုးပေါ်သို့ ပြုတ်ကျသွားသည်။ လည်ပင်းမှဓားဒဏ်ရာကြောင့် တခွီးခွီးဖြင့် လေသံများထွက်နေစဉ် ဦးတင်စိုးက လက်ထဲရှိဓားဖြင့် မသန်းထွေး၏လည်ပင်းကို ဦးခေါင်းပြတ်သည်အထိ လှီးဖြတ်ခဲ့သည်။

ဒေါသမီးကြောင့် မသန်းထွေးမှာ အသက်ပျောက်ခဲ့ပြီးဖြစ်သော်လည်း ဦးတင်စိုး၏ လောဘက အတောမသတ်နိုင်သေးပါ။ သေဆုံးသူမသန်းထွေး၏ ခန္ဓာကိုယ်တွင်ဝတ်ဆင်ထားသော ရွှေလက်ကောက်(၄)ကွင်း၊ ရွှေဆွဲသီးပါ ဆွဲကြိုးတစ်ကုံး၊ နားကပ်တစ်ရံနှင့် လက်စွပ်တစ်ကွင်းတို့ကို ဦးတင်စိုးမှ ချွတ်ယူခဲ့သည်။

ထို့နောက် ခေါင်းပြတ်နေသော မသန်းထွေး၏ ခန္ဓာကိုယ်မှ အဝတ်အထည်များကိုချွတ်သည်။ အိမ်နောက်ဖေးတွင် အဝတ်လှမ်းရန် သွယ်တန်းထားသော နိုင်လွန်ကြိုးအဝါရောင်ကို ဖြုတ်ယူ၏။ မသန်းထွေး၏ ခြေထောက်အား နောက်ကျောဘက်သို့ ကွေးကောက်ကာ နိုင်လွန်ကြိုးအဝါရောင်ဖြင့် ဝက်တုတ်ချည်နှောင်သည်။ ကောက်ကွေးနေသော ခန္ဓာကိုယ်ကို အမည်းရောင်ပလတ်စတစ်အိတ် အတွင်းသို့ထည့်၏။ ထိုပလတ်စတစ်အိတ်ကို နေအိမ်ရှိ စိမ်းပြာရောင်နိုင်လွန်ဇာကြိုးဖြင့် ချည်နှောင်ခဲ့သည်။ ထိုခန္ဓာကိုယ်ပိုင်းထည့်ထားသော ပလတ်စတစ်အိတ်ကို ဆန်သုံးတင်းဝင် ပီနန်အိတ်(အကြီး)ထဲသို့ ထည့်သွင်းခဲ့ပါသည်။

ခန္ဓာကိုယ်အပိုင်းပြီး၍ ဦးခေါင်းပိုင်းကို ဆက်ပါမည်။ မသန်းထွေး၏ ဦးခေါင်းအား အမည်းရောင်ပလတ်စတစ်အိတ်ထဲသို့ ထည့်၏။ ထို့နောက် ကြမ်းခင်းဖယောင်းပုဆိုးပေါ်တွင် စီးကျနေသော သွေးအိုင်များကို နေအိမ်ရှိ စွပ်ကျယ်စခြေသုတ်ခုံ၊ ခေါင်းအုံးစွပ်၊ မသန်းထွေးဝတ်ဆင်ထားသော ထဘီ၊ အင်္ကျီတို့ဖြင့် စင်ကြယ်အောင်သုတ်သည်။ သွေးသုတ်ထားသော အဝတ်အထည်များနှင့် သွေးများစွန်းပေနေသော ပီနန်အိတ်ခွံနှစ်လုံးတို့ကို ဦးခေါင်းထည့်သော အမည်းရောင်ပလတ်စတစ်အိတ်ထဲသို့ ထည့်သည်။ ထိုပလတ်စတစ်အိတ်ကို စိမ်းပြာရောင်နိုင်လွန်ဇာကြိုးဖြင့် ချည်သည်။ ဦးခေါင်းပြတ်နှင့် အဝတ်အထည်ထည့်ထားသော ပလတ်စတစ်အိတ်ကို ပီနန်အိတ်အလွတ်တစ်လုံးထဲသို့ ထည့်သည်။

ဦးခေါင်းနှင့် ခန္ဓာကိုယ်ထုပ်ပိုးထည့်သွင်းထားသော ပီနန်အိတ်နှစ်လုံးကို အိမ်နောက်ဖေးခန်းမှ နေအိမ်အပြင်ထွက်ပေါက်တွင် ပြောင်းရွှေ့ထားရှိခဲ့သည်။ ထို့နောက် ခန္ဓာကိုယ်တွင် ပေကျံနေသော သွေးများကို ရေချိုးသန့်စင်ပြီး ဝတ်ဆင်ထားသော စွပ်ကျယ်နှင့်လုံချည်ကို လျှော်ဖွပ်ကာ သွေးများပေကျံနေသော ဓားကိုလည်း ရေဖြင့်ဆေးကြောထားရှိခဲ့ကြောင်း ဖွင့်ဆိုပြခဲ့ပါသည်။

"ခင်ဗျား ခန္ဓာကိုယ်ပေါ်မှာ ပေကျံနေတဲ့ သွေးတွေကို ရေနဲ့ဆေးကြောလို့ရပေမယ့် ခင်ဗျားရဲ့နှလုံးသားထဲမှာ စွန်းထင်းနေတဲ့ မသန်းထွေးရဲ့ သွေးစက်သွေးကွက်တွေကိုတော့ ဘယ်လိုနည်းနဲ့မှ ဖျောက်ဖျက်လို့မရနိုင်ပါဘူး"

"ဟုတ်ပါတယ် ခင်ဗျ"



ပြစ်မှုကျူးလွန်သူ တရားခံ ဦးတင်စိုးမှ အခင်းဖြစ်ပွားခဲ့ပုံအား ပြန်လည်သရုပ်ပြသနေစဉ်

## အခန်း(၁၄)

ထို့ကြောင့်ပင် ထိုနေ့က အခင်းဖြစ်ပွားပြီးနောက် ဦးတင်စိုးသည် ပအို့ဝ်ဘုန်းကြီးကျောင်းသို့သွား၍ တရားဘာဝနာပွားများနေခဲ့ပါသည်။ ပုထုဇဉ်တို့မည်သည် ကောင်းမှု မကောင်းမှုတို့ဖြင့် ဒွန်တွဲနေတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိမိပြုခဲ့ပြီးသော ကုသိုလ်တရားအတွက် ပီတိဖြစ်တတ်သလို ကျူးလွန်ခဲ့ပြီးသော အကုသိုလ်အမှုအတွက်လည်း သံဝေဂရှိတတ်ပါသည်။ ယခုအမှုတွင် ပုထုဇဉ်ဖြစ်သော ဦးတင်စိုးသည် မိမိပြုခဲ့ဖူးသော မကောင်းမှုအတွက် သံသရာဘေးကို ထိတ်လန့်ခြင်း၊ မှားကြောင်းသိ၍ သတိတရားရှိခြင်းဆိုသော သံဝေဂပင်ဖြစ်ပါပေသည်။

ထိုနေ့ညနေ ၅ နာရီခန့်တွင် ဦးတင်စိုးသည် ဘုန်းကြီးကျောင်းမှ နေအိမ်သို့ ပြန်လာခဲ့သည်။ ည ၇ နာရီခန့်တွင် နေအိမ်နောက်ဖေး၌ ရှိနေသော မသန်းထွေး၏အထုပ်ကို ရှင်းထုတ်ဖို့ စီစဉ်သည်။ ထို့ကြောင့် ခန္ဓာကိုယ်ထည့်ထားသော အထုပ်ကို ဆိုင်ကယ်၏ ရှေ့ခွကြားတွင် တင်သည်။ ဦးခေါင်းပိုင်းထည့်ထားသော အထုပ်ကို ဆိုင်ကယ်၏ ရှေ့လက်ကိုင်ညာဘက်တွင်ချိတ်ဆွဲသည်။ ထို့နောက် ဆိုင်ကယ်ကို ဘူတာလမ်းအတိုင်း မောင်းနှင်ကာ ရန်ကုန်-မန္တလေးကားလမ်းမသို့ ထွက်လာခဲ့သည်။

ရန်ကုန်-မန္တလေးကားလမ်းအတိုင်း ဖြူးမြို့ဘက်(မြောက်ဘက်)သို့ မောင်းနှင်ခဲ့သည်။ မိုင်တိုင်အမှတ် ၁၃၈/၁ အနီးအရောက် ဆိုင်ကယ်လက်ကိုင်ညာဘက်တွင် ချိတ်ဆွဲထားသော ဦးခေါင်းပြတ်ထည့်ထားသည့် အထုပ်ကို ကားလမ်း၏ ညာဘက်(အရှေ့ဘက်သို့) စွန့်ပစ်လိုက်သည်။ ထိုမှတဆင့် ဆိုင်ကယ်ကို ဆက်လက်မောင်းနှင်လာရာ မိုင်တိုင်အမှတ် ၁၃၉/၂ အရောက်တွင် ဆိုင်ကယ်ကိုလာရာလမ်းသို့ ပြန်ကွေ့ခဲ့သည်။ မိုင်တိုင်အမှတ် ၁၃၉/၂ နှင့် ၁၃၉/၁ အကြားတွင် တံတားအမှတ် ၁၄၀/၁ ဖဟားချောင်းတံတားရှိသည်။ ထိုတံတားအရောက်တွင် ဆိုင်ကယ်ကိုရပ်သည်။ ဦးတင်စိုးက ဆိုင်ကယ်ကို ခွလျက်အနေအထားဖြင့် ဆိုင်ကယ်ရှေ့ခွကြားရှိ ခန္ဓာကိုယ်ထည့်ထားသောအထုပ်အား ကားလမ်း၏ အနောက်ဘက်မြောင်းထဲသို့ စွန့်ပစ်ပါသည်။

သို့သော် ဦးခေါင်းပြတ်အထုပ်စွန့်ပစ်သကဲ့သို့ မလွယ်ကူပါ။ သေဆုံးသူ၏ ခန္ဓာကိုယ်အလေးချိန်ကြောင့် စွန့်ပစ်သူမှ အားစိုက်ရပါသည်။ ထိုသို့အားစိုက်စွန့်ပစ်စဉ် ဦးတင်စိုး၏ ခြေနှစ်ချောင်းဖြင့်ခွထားသော ခွကြားရှိ ဆိုင်ကယ်မှာ ဘယ်ဘက်သို့ တုံးလုံးလဲကျခဲ့ပါသည်။ ဦးတင်စိုးလည်း တိမ်းရှောင်လိုက်ရာ လဲကျမလိုဖြစ်ခဲ့ပါသည်။ ထိုစဉ် ဆိုင်ကယ်ရှေ့ပစ္စည်းထည့်သော ခြင်းထဲမှ လက်နှိပ်ဓာတ်မီး၊ ရေသန့်ဘူး၊ ပစ္စည်းချည်နှောင်သောကြိုး၊ ဦးတင်စိုး၏ ဘယ်ဘက်ကတ္တီပါဖိနပ်တစ်ဖက်နှင့် ဆိုင်ကယ်ဘယ်ဘက်နောက်ကြည့်မှန်တစ်ချပ်တို့ ပြုတ်ကျခဲ့ပါသည်။ လဲကျခဲ့သောဆိုင်ကယ်ကို မထူ၍ ဦးတင်စိုးလည်း နေအိမ်သို့ မောင်းထွက်ခဲ့သည်။ ခရီး(၁)မိုင်ခန့် မောင်းနှင်အပြီးတွင် ဦးတင်စိုးသည် ညာဘက်ဖိနပ်တစ်ဖက်သာပါရှိပြီး ဘယ်ဘက်ဖိနပ်တစ်ဖက်မပါရှိသည်ကို သတိထားမိလိုက်သည်။ ထို့ကြောင့် ညာဘက်ဖိနပ်တစ်ဘက်ကိုလည်း ချွတ်၍ လမ်းနံဘေးသို့ စွန့်ပစ်လိုက်သည်။

တောကျွဲအင်းသို့ရောက်သောအခါ နေအိမ်သို့မပြန်သေးဘဲ ချိန်းဆိုထားသော ဝင်းလှိုင်ဆီသို့ ဦးစွာသွားခဲ့သည်။ ဦးတင်စိုးကို မြင်တွေ့ခဲ့သူ ဝင်းလှိုင်က ..

"ဆရာစိုး ဘယ်လိုဖြစ်လာတာလဲ။ ဖိနပ်လည်းမပါ။ ဆိုင်ကယ်ဘက်မှန်တစ်ချပ်ကလည်း ကျိုးလို့ပါလား"

"အေးကွာ .. ငါ ဆိုင်ကယ်မှောက်လာလို့"

ဟု ဦးတင်စိုးက ဤသို့ဆိုပါသည်။ ထို့နောက် ဦးတင်စိုးသည် ဝင်းလှိုင်အား ဆိုင်ကယ်ပေါ်ခေါ်တင်၍ သူ၏နေအိမ်သို့ ထွက်လာခဲ့သည်။ ထိုနေ့ညက ဝင်းလှိုင်သည် ဦးတင်စိုးနေအိမ်တွင် အတူညအိပ်ခဲ့ပါသည်။

နောက်တစ်နေ့တွင် ဦးတင်စိုးသည် အလုပ်ကိစ္စဖြင့် ပဲခူးကုန်းသို့ သွားသည်။ ထိုသို့သွားစဉ် လမ်းခရီး၌ ဦးတင်စိုးက ဆိုင်ကယ်ညာဘက်နောက်ကြည့်မှန်ကိုဖြုတ်၍ လမ်းဘေးသို့ စွန့်ပစ်လိုက်သည်။

အခင်းဖြစ်ပွားပြီးနောက် နှစ်ရက်ခန့်တွင်ဖြစ်သည်။ ဦးတင်စိုးသည် ကညွတ်ကွင်းမြို့ ဈေးအပြင်ဘက်ရှိ ဆိုင်ကယ်အပိုပစ္စည်းရောင်းသော ဦးဝတုတ်ဆိုင်သို့ ရောက်ရှိခဲ့သည်။ ထိုဆိုင်တွင် ဦးတင်စိုးက မိမိ၏ ဂျဲလမတ်အမျိုးအစားဆိုင်ကယ်နောက်ကြည့်မှန်ကို ရှာဖွေကြည့်ရှုသည်။ ပစ္စည်းရှာနေသော ဦးတင်စိုးကို ဆိုင်ရှင်ဦးဝတုတ်က ..

"ဘာရှာတာလဲ ဆရာကြီး"

"ဂျဲလမတ်ဆိုင်ကယ်ဘက်ကြည့်မှန်တစ်စုံရချင်လို့"

"ဂျဲလမတ်ဘက်မှန်တော့ မရှိဘူးဗျ။ လော်ဂျားဆိုင်ကယ်ဘက်မှန်ပဲရှိတယ်"

www.burmeseclassic.com



"အဲဒါဆိုလည်း လော်ဂျားဘက်မှန်တစ်စုံပေးဗျာ။ ဘယ်လောက်ကျလဲ"

### အခန်း(၁၅)

"သုံးသောင်းကျပါတယ်"

အခင်းဖြစ်ပွားပြီးနောက် ၁၅ ရက်ကျော် ရက် ၂၀ ခန့်တွင်ဖြစ်သည်။ ဦးတင်စိုးသည် သေဆုံးသူမသန်းထွေးထံမှ ဖြုတ်ယူထားသော ရွှေဆွဲသီးပါဆွဲကြိုးတစ်ကုံး၊ ရွှေလက်ကောက်(၄)ကွင်း၊ နားကပ်(၁)ရံ၊ လက်စွပ်(၁)ကွင်းနှင့် ဇနီးသည်မှ ပြုပြင်ခိုင်းသော လက်ကောက်အကျိုးတစ်ကွင်းတို့အား ယူဆောင်၍ ရန်ကုန်မြို့သို့ ထွက်လာသည်။ ရန်ကုန်မြို့ တောင်ဥက္ကလာပရှိ ယခင်က သိကျွမ်းဖူးသော ဦးထွန်းဝေ၏ ပန်းထိမ်ဖိုသို့ ရောက်ရှိခဲ့သည်။ ထိုပန်းထိမ်ဖိုတွင် လက်ကောက်(၅)ကွင်း၊ လက်စွပ်(၁)ကွင်းနှင့် နားကပ်(၁)ရံတို့အား အရည်ကြိုခိုင်းရာ ရွှေ(၂)ကျပ်သားကျော်ခန့် ရရှိခဲ့သည်။

ထိုရွှေ(၂)ကျပ်သားကို (၃)ကွင်းလျှင်တစ်ကျပ်သားစီရှိ ပြောင်ချောလက်ကောက်(၆)ကွင်းလုပ်ခိုင်းသည်။ အရည်ကြိုရာမှ ကျန်ရှိသော ရွှေစများနှင့် မသန်းထွေး၏ ဆွဲသီးပါ ရွှေဆွဲကြိုးတစ်ကုံးတို့ကို ပန်းထိမ်ဆရာဦးထွန်းဝေအား ရောင်းချခိုင်းရာ ငွေကျပ် ၈ သိန်းရရှိခဲ့သည်။ ရွှေထည်များကို အရည်ကြို၍ ပြောင်ချောလက်ကောက်(၆)ကွင်းပြုလုပ်ပေးမှုအတွက် ကျသင့်ငွေကို မေးမြန်းရာ ပန်းထိမ်ဆရာဦးထွန်းဝေမှ ကျသင့်ငွေကို အထက်ပါစကားဖြင့် ဖြေကြားပေးသည်။

ပန်းထိမ်ဆရာဦးထွန်းဝေပြုလုပ်ပေးသော ပြောင်ချောလက်ကောက် (၆)ကွင်းအနက် (၃)ကွင်းကို သုဝဏ္ဏနေ ခယ်မဖြစ်သူအား ဝတ်ဆင်ရန် ခေတ္တပေးထားသည်။ ကျန် ပြောင်ချောလက်ကောက်(၃)ကွင်းနှင့် ရွှေထည်ရွှေစများ ရောင်းရငွေ ၈ သိန်းတို့မှာ တောကျွဲအင်းနေအိမ်ရှိ သေတ္တာထဲတွင် သိမ်းဆည်းထားကြောင်း ပြစ်မှုကျူးလွန်သူဦးတင်စိုးမှ ဝန်ခံထွက်ဆိုခဲ့ပါသည်။ အမှုစစ်အရာရှိ စုံထောက်စံထူးနှင့် ပြစ်မှုကျူးလွန်သူ ဦးတင်စိုးတို့၏ လှုပ်ရှားမှုရုပ်သံပုံရိပ်ဖိုင် မှတ်တမ်းတင်မှုကလည်း အဆုံးသတ်ခဲ့ပါတော့သည်။

"အေးဗျာ .. အခုမှပဲ ကျွန်တော့်ရင်ထဲမှာ ပေါ့ပါးသွားသလိုပဲ"

ဟု ဦးတင်စိုးက ဆိုပါသည်။ ဒီတော့ စုံထောက်စံထူးက ..

"မှန်တာပေါ့ဗျာ။ ရင်ထဲမှာ အောင့်ထားရတဲ့ အပူထုပ်ကြီးကို ထုတ်ပစ်လိုက်တော့ ခင်ဗျားရင်ထဲမှာ အေးသွားတာပေါ့"

ထို့နောက် ဦးတင်စိုးသည် မည်သူတစ်ဦးတစ်ယောက်ကမျှ သွေးဆောင် ခြိမ်းခြောက်၊ ကတိကဝတ်များ မရှိဘဲ မိမိ၏ သဘောဆန္ဒအလျောက် အင်းစိန်မြို့နယ်တရားရုံးတွင် ဖြောင့်ချက်ပေးပါသည်။ ထို့ပြင် ပြစ်မှုကျူးလွန်သူ ဦးတင်စိုးကိုယ်တိုင် အမှုမှ သက်သေခံပစ္စည်းများဖြစ်သည့် ခယ်မထံတွင်ခေတ္တပေးအပ်ထားသော ပြောင်ချောလက်ကောက်(၃)ကွင်း၊ တောကျွဲအင်းနေအိမ်တွင် သိမ်းဆည်းထားသော ပြောင်ချောလက်ကောက်(၃)ကွင်းနှင့် ငွေကျပ် ၈ သိန်းတို့ကို အမှုစစ်အရာရှိ စုံထောက်စံထူးထံသို့ ပေးအပ်ခဲ့ပါသည်။ ဒါတွင်မက မသန်းထွေးမသေဆုံးမီတွင် အတိုးအပွားရယူ၍ အပ်နှံထားသော ငွေများကိုလည်း ဦးတင်စိုးမှ အပ်နှံပေးသည်။

မှုခင်းရဲတပ်ဖွဲ့ မှုခင်းသိပ္ပံနည်းပညာဌာနခွဲ၊ ရူပ၊ ဓာတုဌာနစိတ်မှ ခြေပုံစံကျွမ်းကျင်သူပညာရှင်ကလည်း အခင်းဖြစ်အရပ်မှ ကောက်ယူရရှိခဲ့သော ဝဲဘက်ကတ္တီပါဖိနပ်ပေါ်ရှိ ခြေရာသည် နမူနာပုံစံရယူခဲ့သော ဦးတင်စိုး၏ ဝဲဘက်ခြေပုံစံရာနှင့် တစ်ထပ်တည်း တူညီနေကြောင်း တိုက်ဆိုင်စစ်ဆေးမှုကို တရားဝင်ပြန်ကြားခဲ့ပါသည်။ ထို့အတူ ရူပဗေဒပညာရှင်ကလည်း အခင်းဖြစ်အရပ်မှအလောင်းထုပ်အား ချည်နှောင်ထားသည့် စိမ်းပြာရောင်နိုင်လွန်ဇာကြိုးနှင့် ဦးတင်စိုးနေအိမ်မှ သိမ်းယူရရှိခဲ့သော စိမ်းပြာရောင်နိုင်လွန်ဇာကြိုးတို့အား နည်းပညာအထောက်အကူပစ္စည်းများဖြင့် အသေးစိတ်နှိုင်းယှဉ်စစ်ဆေးခဲ့ရာ တစ်ထပ်တည်းတူညီကြောင်း မှတ်ချက်ပြုခဲ့ပါသည်။ ဓာတုဗေဒပညာရှင်ကလည်း သက်သေခံပစ္စည်းများပေါ်တွင် လူသွေးတွေ့ရှိကြောင်း စစ်ဆေးပြန်ကြားခဲ့ပါသည်။

ဤမှုဆိုလျှင် ဦးခေါင်းဖြတ်၍ အသတ်ခံရသော မသန်းထွေး၏အမှုတွင် ပြစ်မှုကျူးလွန်သူမှာ ဦးတင်စိုး(ခ) စိုးကြီး (၅၉)နှစ်ပင်ဖြစ်ကြောင်း ထယ်ပြင်မှာ ဆင်သွားသလို အထင်အရှားရှိနေပါသည်။ သို့သော် တရားစွဲအဖွဲ့အစည်းအနေဖြင့် ခိုင်လုံသော၊ တိကျသော၊ လစ်လပ်မှုမရှိသော အထောက်အထား၊ သက်သေခံချက် စသည်တို့ကို ကုန်စင်ပြည့်စုံအောင် ဆောင်ရွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ချွင်းချက်မရှိ ပြီးပြည့်စုံသော အမှုတွဲနှင့်အတူ ပြစ်မှုကျူးလွန်သူ ဦးတင်စိုးအား တောင်ငူခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ကြောင်း အမှုစစ်အရာရှိစုံထောက်စံထူးက စာရေးသူအား ပြည့်စုံကုန်စင်စွာရှင်းလင်းပြခဲ့ပါသည်။

"အင်း . . . လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ အကုသိုလ်အကြောင်းတရားတွေဟာ ကြီးရင်ကြီးသလို အကျိုးသက်ရောက်မှုလည်း မသေးဘူးဗျ ကိုစံထူးရဲ့"

"ဟုတ်ပါတယ် အစ်ကို၊ ဒေါသကြီးထွားလာပြီဆိုရင် အမှားအမှန်ကို မမြင်တော့ဘူး။ ဒါကြောင့် ဒေါသဖြစ်မှန်းသိနေရင် ရှေ့ဆက်မကြီးထွားဖို့ ဒေါသကို ချုပ်တည်းပြီး ပျောက်ပျက်အောင် ပြုကျင့်နိုင်ရင် ပြဿနာမဖြစ်နိုင်တော့ဘူးပေါ့"

"ဘယ်သူမပြု မိမိမှုဆိုသလိုပေါ့ဗျာ။ အကြောင်းကောင်းရင် အကျိုးကောင်းမှာပဲ။ အကြောင်းဆိုးရင် အကျိုးလည်းဆိုးမှာပဲ"

"ဟုတ်ပါတယ် အစ်ကို"



ပြစ်မှုကျူးလွန်သူတရားခံ ဦးတင်စိုး(ခ)စိုးကြီး

"ဒီအမှုမှာ ပြုသူ၊ ပျက်သူတို့ အကြောင်းမကောင်းလို့ အကျိုးဆိုးခဲ့ပေမယ့် ကိုစံထူးအတွက်ကတော့ အကြောင်းကောင်းလို့ အကျိုးကောင်းခဲ့တာပေါ့ဗျာ"

"ဘာကိုဆိုလိုတာလဲ အစ်ကို"

ယခုအမှုဖြစ်စဉ်တွင် အမှုစစ်အရာရှိစုံထောက်စံထူး၏ အတွေ့အကြုံရင့်ကျက်မှု၊ စုံထောက်ပညာကြွယ်ဝမှုကြောင့် အမှုစစ်အရာရှိလျှောက်လှမ်းရမည့် ခရီးကြမ်းတွင် တံတားကြီး(၃)စင်းမှာ မပျက်စီး၊ မကျိုးပဲ့ဘဲ တည်ရှိနေခဲ့သည်။ ပထမတံတားဖြစ်သော အခင်းဖြစ်အရပ်ရှိ ညဲလွန်စများ၊ သက်သေခံပစ္စည်းများမှာ မပျက်စီး၊ မကျိုးပဲ့ဘဲ ရှိနေခဲ့သည်။ ဒါကို ကောက်ယူ၍ ဒုတိယတံတားဖြစ်သော ကြားမြင်သိရှိသူကို ထဲထဲဝင်ဝင် လျှို့ဝှက်စွာ စုံစမ်းဖော်ထုတ်ခဲ့သည်။ ထို့နောက် ဝိဇ္ဇာ၊ သိပ္ပံနည်းပညာကျွမ်းကျင်သူများ၏ စမ်းသပ်စစ်ဆေးတွေ့ရှိချက်ဖြင့် တတိယတံတားဖြစ်သော ပြစ်မှုကျူးလွန်သူနှင့် သက်သေခံပစ္စည်းများကို အောင်မြင်စွာဖော်ထုတ်နိုင်ခဲ့ပါသည်။

ပထမတံတားမှာ သက်သေခံပစ္စည်း [illegible] သည် စကားမပြောတတ်သော [illegible]လေး၊ တစ်နည်း သက်မဲ့သ[illegible]သေခံချက် (Mute Evid[illegible]) တို့ဖြစ်[illegible]သည်။ ဒုတိယတံတ[illegible]မြင်သိရှိသူများသည် စကား[illegible]ပြောတတ်သော၊ တစ်နည်း နှုတ်သ[illegible]က်သေခံချက် (Oral Evience) တို့ဖြစ်သည်။ စကားမပြောတတ်သော သက်မဲ့[illegible]သေကို ကျွမ်းကျင်သူ ပညာရှင်[illegible]က အသက်သွင်းလိုက်သော[illegible] စကားပြောတတ်လာသည်။ ထိုအမှု[illegible]စကားပြောတတ်သော သက်ရှိ[illegible]သေကို အမှုစစ်အရာရှိက စုံထောက်ပညာဖြင့် စုံစမ်းဖော်ထုတ်ခဲ့သည်။

ဤအမှုတွင် ပြစ်မှုကျူးလွန်သူမှာ ဦးတင်စိုးပင်ဖြစ်ကြောင်း စကားပြောတတ်သော သက်သေများထက် စကားမပြောတတ်သော သက်သေများ တစ်နည်း သဲလွန်စများ (Clues) က ပိုကျသေချာသော (Poitive) အဖြေစကားကို ထုတ်ဖော်ပြော[illegible]ပါသည်။ [illegible] အမှုစစ်အရာရှိ၏ အကြောင်း[illegible]၍ အကျိုးကောင်း ရရှိခဲ့ခြင်းကို ပမာပြုကာ ဤဖြစ်ရပ်မှန်မှုခင်းဇာတ်လမ်းကိုလည်း "စုံထောက်စံထူးနှင့် *Positive Clues*" ဟူ၍ သာ . . .။

စုံထောက်မောင်ရွှေ



အခင်းဖြစ်အရပ်မှ ကောက်ယူတွေ့ရှိခဲ့သော ဝဲဘက်ကတ္တီပါဖိနပ်ပေါ်မှ ခြေပုံစံနှင့် တူညီနေခဲ့သည့် ဦးတင်စိုး၏ ခြေပုံစံ



www.burmeseclassic.com